စိတ်ကူးချိုချိုအနုပညာ

A.J.CRONIN

# GRAND CANARY

# ချစ်သွေးသစ္စာ

မောင်ထွန်းသူ



**စိတ်ကူးချိုချိုအနုပညာ**

(၈၅)၊ ၁၆၄-လမ်း၊
တာမွေ၊ ရန်ကုန်။
ဖုန်း - ၇၂၆၆၂၄

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများ အား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး
- လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

စိတ်ကူးချိုချို

A.J.CRONIN
GRAND CANARY

# ချစ်သွေးသစ္စာ

မောင်ထွန်းသူ

၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလ

| | |
|---|---|
| စာမူခွင့်ပြုချက် | ၁၅၇၉/ ၂၀၀၃ (၁၁) |
| မျက်နှာဖုံးခွင့်ပြုချက် | ၁၄၅၆/ ၂၀၀၃ (၁၂) |

| | |
|---|---|
| မျက်နှာဖုံး | m.s.o |
| စာအုပ်ချုပ် | ကိုမြင့် |

| | |
|---|---|
| ပုံနှိပ်သူ | ဦးထွန်းထွန်းဦး<br>အင်ကြင်းဦးပုံနှိပ်တိုက်<br>ကျွန်းတောလမ်း၊ ရန်ကုန်။ |
| ထုတ်ဝေသူ | ဦးထွန်းထွန်းဦး<br>နှင်းဦးလွင်စာပေ<br>ကမာရွတ်၊ ရန်ကုန်။ |

| | |
|---|---|
| ပုံနှိပ်ခြင်း | ဒုတိယအကြိမ် |
| | ပထမအကြိမ်(ကောင်းကင်ပြာစာပေ/၁၉၉၅) |
| အုပ်ရေ | ၅၀၀ |
| ထုတ်ဝေသည့်ကာလ | ဖေဖော်ဝါရီလ၊ ၂၀၀၄ |
| တန်ဖိုး | ၁၀၀၀ ကျပ် |

၁၃၂

မြန်မာပြန်သူ၏
အမှာ

(၁)

ဤဝတ္ထု၏ မူရင်းအမည်သည် Grand Canary ဖြစ်သည်။ သို့သော်လည်း ဇာတ်လမ်းကို အခြေခံ၍ မြန်မာဆန်ဆန် 'ချစ်သွေးသစ္စာ'ဟု အမည်ပေးထားပါသည်။

အမှန်အတိုင်း ဝန်ခံရလျှင် 'ချစ်သွေးသစ္စာ'ဟူသော အမည်သည် စာရေးဆရာ မောင်သင်(ဒေါက်တာမောင်သင်) ၏ ဝတ္ထုတစ်ပုဒ်အမည် ဖြစ်သည်။ ထိုအမည်နှင့် ထိုဇာတ်လမ်းကိုပင် စာရေးဆရာကြီး ဦးသုခက ရုပ်ရှင်ကားတစ်ကား ရိုက်ခဲ့ဖူးသည်။ ပရိသတ်ကြိုက် ရုပ်ရှင်ကားတစ်ကား အဖြစ်လည်း မြန်မာ့ရုပ်ရှင်သမိုင်းတွင် မှတ်တမ်းတင်ခဲ့ကြရလေသည်။

(၂)

Grand Canary ကို ရေးသူမှာ ကမ္ဘာကျော် အင်္ဂလိပ်စာရေးဆရာကြီး အေ၊ဂျေ ကရိုနင် ဖြစ်သည်။ အေ၊ဂျ ကရိုနင်သည် မြန်မာစာဖတ်ပရိသတ်နှင့် စိမ်းသူမဟုတ်ပါ။ သူ၏ 'ရဲတိုက်၊ အကျဉ်းစံ၊ သစ္စာရှင်၊ နှစ်လောက၊ အစိမ်းရောင်နှစ်များ၊ တစ်ကျွန်းစံ၏ အပြန်လမ်းနှင့်အဆိပ်' အစရှိသော မြန်မာပြန်ဝတ္ထုများကို စာဖတ်ပရိသတ်များ ဖတ်ဖူးခဲ့ကြပြီ။ ဖတ်ဖူးခဲ့သမျှကိုလည်း ပရိသတ်က နှစ်သက်လက်ခံကြသည်။

အေ၊ဂျေ ကရိုနင်သည် မူလက ဆရာဝန်တစ်ဦးဖြစ်သည်။ ၁၈၉၆ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့တွင် အင်္ဂလန်နိုင်ငံ၊ စကော့တလန်ပြည်နယ် ဒန်ဘာတန်ရှိုင်းယားမြို့နယ်၊ ကက်ဒရော့စ်မြို့၌ မွေးဖွားခဲ့သည်။ ဂလက်ဇရို ဆေးတက္ကသိုလ်မှ ဆရာဝန်ဘွဲ့ရခဲ့သည်။ ရေတပ်မတော်တွင် လက်ထောက် ခွဲစိတ်ကုဆရာဝန်အဖြစ် လုပ်ခဲ့သည်။ ၁၉၂၁ မှ ၁၉၂၄ ခုအထိ ဆောက်သ်

ဝေးဒေသ သင်္ဘောတွင်းနယ်မြေ၌ ဆရာဝန်အဖြစ် တာဝန်ယူခဲ့သည်။

၁၉၂၆ ခုနှစ်တွင် လန်ဒန်မြို့တော်သို့တက်လာပြီး ကိုယ်ပိုင်ဆေးခန်း ဖွင့်သည်။ သို့သော်လည်း အောင်မြင်မှုမရခဲ့။ စာပေရဲ့ ချို့ငဲ့စွာဖြင့် ရုန်းကန်လှုပ်ရှားနေရရှာသော ဆရာဝန် အေ၊ ဂျေ ကရိုနင်သည် ၁၉၃၀ ခုနှစ်တွင် မကျန်းမမာဖြစ်လာသဖြင့် ဆေးခန်းကိုပိတ်ကာ အနားယူခဲ့သည်။

မူလကတည်းက စာရေးဝါသနာရှိခဲ့သော အေ၊ ဂျေ ကရိုနင်သည် အနားယူနေခိုက်တွင် စာအုပ်များရေးသည်။ ဤသို့ဖြင့် ၁၉၃၁ ခုနှစ်တွင် သူ၏ ပထမဆုံးလက်ရာဖြစ်သည့် 'မောဟစံအိမ်' (Hatter's Castle) ထွက်သည်။ လူကြိုက်များသော ဝတ္ထုကြီးတစ်ပုဒ်အဖြစ် ကျော်ကြားလာခဲ့သည်။ မောဟစံအိမ်သည် မာနနှင့် အာဃာတကို ရှေ့တန်းတင်လွန်းသဖြင့် မိသားစုတစ်ခုလုံး ဘဝပျက်သွားရသည့်အဖြစ်ကို ရေးဖွဲ့ထားခြင်းဖြစ်၏။

(၃)

ဤတွင် အသက် ၃၆နှစ်မျှသာရှိသေးသော အေ၊ ဂျေ ကရိုနင်သည် ဆရာဝန်အလုပ်ကို စွန့်ပစ်ကာ ကလောင်ကိုကိုင်ခဲ့သည်။ ဤသို့ဖြင့် အေ၊ ဂျေ ကရိုနင်၏ ဝတ္ထုများသည် ဆက်တိုက် ထွက်ပေါ်လာခဲ့သည်။ ယင်းတို့အနက် ရဲတိုက် (The Citdel) နှင့် သစ္စာရှင် (The Key of the Kuigdam) တို့အား အကောင်းဆုံးဝတ္ထုများဟု သတ်မှတ်ခြင်း ခံခဲ့ရသည်။ The Stars Look Down (၁၉၃၅) ဝတ္ထုကိုမူ အပြောင်မြောက်ဆုံးလက်ရာဟု သတ်မှတ်ခဲ့ကြသည်။

၁၉၃၇ခုနှစ်တွင် ထုတ်ဝေခဲ့သော 'ရဲတိုက်'ဝတ္ထုကား အထူးထင်ရှား၍ ကျော်ကြားခဲ့သော ဝတ္ထုကြီးဖြစ်၏။ ပြဇာတ်အဖြစ် စင်တင်ကပြသည့်အခါတွင်လည်း များစွာအောင်မြင်ခဲ့သည်။ အထူးသဖြင့် သူ့ဝတ္ထုအတော်များများသည် လူကြိုက်များသော ရုပ်ရှင်ကားများအဖြစ် ထင်ရှားကျော်ကြားခဲ့၏။

အင်္ဂလန်၌သာမက ဥရောပတစ်လွှား နိုင်ငံများ၊ အမေရိကအထိပါ ထင်ရှားကျော်ကြားခဲ့သော စာရေးဆရာဝန်ကြီး အေ၊ ဂျေ ကရိုနင်သည် ၁၉၈၁

ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်၊ အသက် ၈၄ နှစ်အရွယ်တွင် ဆွစ်ဇာလန်နိုင်ငံ နေအိမ်၌ ကွယ်လွန်ခဲ့ရလေသည်။

ယခု 'ချစ်သွေးသစ္စာ'သည် အေ၊ ဂျေကရိုနင်၏ အခြားအခြားသော ဝတ္ထုများလောက် အောင်မြင်ကျော်ကြားခြင်းမရှိခဲ့ပေ။ သို့သော်လည်း အေ၊ ဂျေ ကရိုနင်၏ ဝတ္ထုများ၌ တွေ့ရလေ့ရှိသည့် ထူးခြားထက်မြက်သော ပညာရှင်တစ်ဦး၏ ရုန်းကန်လှုပ်ရှားရသည့်ဘဝကိုမူ တွေ့ကြရမည်ဖြစ်သည်။ လူတို့၏ စရိုက်ဆိုးနှင့် စရိုက်ကောင်းများကိုလည်း တွေ့ကြရမည်ဖြစ်သည်။ လွမ်းမောကြေကွဲစရာများကိုလည်း ခံစားကြရလိမ့်မည် ဖြစ်ပါသည်။ ချစ်သွေးသစ္စာသည်လည်း တစ်စုံတစ်ခုသော အတိုင်းအတာအထိတော့ စာဖတ်ပရိသတ် လက်ခံနိုင်ဖွယ်ရာရှိသည်ဟု ထင်ပါသည်။

**မောင်ထွန်းသူ**

## [တစ်]

အစ္စမေးနှင့်အတူ မီးရထားအိပ်စင်တွဲပေါ်မှ ဆင်းလာခဲ့ပြီးနောက် ခရီးသည်ပစ္စည်းများဆိုင်ရာ ရုံးဘက်သို့ ရှေးရှု၍ ပလက်ဖောင်းအတိုင်း လျှောက်လာနေချိန်အထိ သူ အမူးမပြေချင်သေး။ လွန်ခဲ့သော သီတင်းပတ်သုံးပတ်အတွင်း အရက်ကို တစ်ရက်မှမနားဘဲ ဆက်တိုက်သောက်လာခဲ့သည့် ဒဏ်သည် သူ့အား ဖိစီးလျက်ပင်ရှိနေသေးသည်။ သူ့ခြေထောက်များအောက်မှ ပလက်ဖောင်းသည် တည်ငြိမ်ခြင်းမရှိ မြင့်လိုက်နိမ့်လိုက် စောင်းလိုက် နွဲ့လိုက်ဖြင့် လှုပ်ရှားလျက်ရှိ၏။ နံနက်ခင်း၏ အေးစိမ့်စိမ့်နှင်းမှုန်များသည် ဘူတာရုံအတွင်း၌ တိုးဝင်ဝေ့ဝဲလျက်ရှိကြသည်။ သူသည် ဘာကိုမှ ကောင်းစွာမမြင် အိပ်မက်ထဲထ၍ လမ်းလျှောက်နေသည့် လူတစ်ယောက်သဖွယ် ဒယီးဒယိုင်ဖြင့် လျှောက်သွားနေခြင်းဖြစ်၏။ သူသည် သူ့ကိုယ်သူ ထိန်းချုပ်ကာ ရပ်လိုက်သည်။

"သေတ္တာတစ်လုံးတည်း"

စိတ်ကူးချိုချို

ဟု ပြောလိုက်သော အစ္စမေး၏အသံကို သူကြားလိုက်သည်။

"လန်ဒန်က ညရထားနဲ့လိုက်လာတဲ့ ခရီးသည်ရဲ့ ပစ္စည်းပါ။ ခရီးသည် နာမည်က လိတ်"

စာရေးသည် သူ့နား၌ ညှပ်ထားသည့် ခဲတံကို ယူလိုက်သပြီး စာရင်းစာရွက်ပေါ် ထောက်၍ အမည်ကို ရှာသည်။

"ဩရီယိုလာသင်္ဘောကို ပို့ပေးရမယ့် ပစ္စည်းပဲ"

ဟု စာရေးက ရေးမှတ်သည်။

"စလိတ် ကိုယ်စားလှယ်ရောက်နေပြီ"

သူသည် ခေါင်းကို နောက်ပြန်မလှည့်ဘဲ အော်ခေါ်သည်။

"စလိတ်"

မျက်နှာတွင် မှည့်ခြောက်များဖြင့် ပြည့်လျက်ရှိသည့် လူတစ်ယောက် သုတ်သီးသုတ်ပြာထွက်လာသည်။ ကုန်ပစ္စည်းစာရင်းစာအုပ်သည် သူ့အပေါ် ဝတ်အင်္ကျီ ဘေးအိတ်ကပ်ထဲမှ ထိုးထိုးထောင်ထောင် ထွက်ပေါ်လာသည်။

"ဒေါက်တာလိသ်ခင်ဗျာ၊ ပစ္စည်းတွေအတွက် စိတ်မပူပါနဲ့၊ ကျွန်တော့် တာဝန်ထားပါ။ ကျွန်တော့်ပစ္စည်းနဲ့အတူ ဒေါက်တာ့ကို ပရင့်သင်္ဘောဆိပ်မှာ လာတွေ့ပါ့မယ်။ နံနက် ဆယ်နာရီတိတိ ရောက်ပါမယ်။ ဟောဒီမှာ ဒေါက်တာ့ကိုပေးရမယ့် ပြေစာ ရှိပါသေးတယ်"

သူသည် စာရွက်တစ်ရွက်ကို ဖျတ်ခနဲဆုတ်ဖြဲလိုက်ပြီး သူ့ရှေ့၌ ရပ်နေသည့် လူနှစ်ယောက်ကို ကြည့်သည်။ ထို့နောက် စာရွက်ကို အစ္စမေးအား လှမ်းပေးသည်။

"ဒီမှာ လက်မှတ်ထိုးပါ ခင်ဗျာ။ အို. . . အဲဒီမှာမဟုတ်ဘူး။ ကျွန်တော့် လက်ခံစာရွက်ပေါ်မှာ ထိုးပေးဖို့ပါ"

အစ္စမေးက ခေါင်းတစ်ချက်မျှရမ်းကာ သူ့လက်ထဲမှ စာအုပ်ကို လှမ်းပေးရန် ဟာဗေးလိသ်ဘက်သို့ လှည့်လိုက်သည်။ ထို့နောက်တော့ သူ လူကိုကြည့်ပြီး စိတ်ပြောင်းသွားသည်။ စာအုပ်ပေါ်တွင် သူကိုယ်တိုင်ပင် 'ဟာဗေးလိသ်'၏ အမည်ကို ရေးရင်း အလုပ်သမားအား လှမ်းပေးသည်။

"ခရီးသွားတဲ့လူ သိပ်များသလား"

"အခုတစ်ခေါက် ခရီးသည် ရှစ်ယောက် ရှိပါတယ်။ အိပ်ခန်းတွေက တော့ လူအပြည့်ပဲ။ စလိတ်ဘရားသား ကုမ္ပဏီအတွက်တော့ ဟန်ကျနေတာပဲ"

ဟု အလွန်ကျေနပ်အားရသောလေသံဖြင့် အဖြေပေးသည်။ သူ့ပုံပန်းသည် သူကိုယ်တိုင် ကုမ္ပဏီ၏ ပင်မ အစုရှယ်ယာဝင်တစ်ဦး ဖြစ်သဖြင့် ပျော်မြူးနေသည့်ဟန် ဖြစ်သည်။

"ပြီးတော့. . . လေဒီဖီးလ်ဒင်းနဲ့အဖွဲ့လည်း တစ်ခေါက် ခရီးထွက်လာကြတယ် ခင်ဗျ"

ဟု အလွန်ဂုဏ်ယူဝင့်ကြွားသည့် လေသံဖြင့် ပြောသည်။ တည်ငြိမ်သော မျက်နှာထားဖြင့် ဘေးမှရပ်၍ နားထောင်နေသော ဟာဗေးလိသ်၏ မိုးကာအင်္ကျီ အိတ်ကပ်ထဲ နှိုက်ထားသည့် လက်များသည် တုန်ယင်လှုပ်ရှားလျက်ရှိသည်။ မီးရထားပေါ်၌ နေခဲ့စဉ်က နွေးနွေးထွေးထွေးရှိခဲ့သော်လည်း လေတရှူးရှူးတိုက်ခတ်နေသော ပလက်ဖောင်းပေါ်ကျခါမှ အအေးဒဏ်ကို ခံနေရပြီ ဖြစ်သည်။ ညက တစ်ညလုံး အိပ်မပျော်ခဲ့သဖြင့် တစ်ခေါင်းလုံး အုံ့ခဲလျက်ရှိသည်။

"ဘုရား. . . ဘုရား၊ ကျွန်တော်တို့နှစ်ယောက် ဒီနေရာမှာ နောက်ထပ် ဘယ်လောက်ကြာကြာ ရပ်နေဦးမှာလဲ မစ္စမေးရာ"

ဟု ဟာဗေးက စိတ်မရှည်သံဖြင့် လှမ်းမေးသည်။

အစ္စမေးက ချက်ချင်းပင်လှည့်ကြည့်သည်။

"အခုပဲပြီးမှာပါ၊ အခုပဲပြီးမှာပါ"

ဟု ချော့မော့သော လေသံဖြင့် ပြန်ပြောသည်။

"ခင်ဗျားရဲ့ အတင်းအဖျင်း သတင်းတွေက အရေးမကြီးဘူး ကိုယ့်လူ၊ ကျွန်တော်တို့ ဒီလောက်ပြင်းပြင်းထန်ထန်တိုက်နေတဲ့ လေဒဏ်က မြန်မြန်လွတ်အောင် သွားဖို့က အရေးကြီးတယ်"

"သွားတော့မှာပါ ဟာဗေးရယ်။ အခုပဲသွားမှာပါ"

ဟု ပြောကာ အစ္စမေးသည် အလုပ်သမားအား သျှီလင်တစ်ပြား လှမ်းပေးပြီး စကားဖြတ်လိုက်သည်။ နှစ်ယောက်တွဲ၍ လျှောက်လာကြ

သည့်အခါ အစ္စမေးက လက်ကိုမြှောက်၍ နာရီကို ကြည့်သည်။

"ဟာ. . . ကိုးနာရီတောင် ထိုးနေပြီ။ ကျွန်တော်တို့ အေဒယ်လ်ဖီ ဟိုတယ်မှ မနက်စာ စားကြစို့"

"ခင်ဗျား မနက်စာ ဘာလုပ်ဖို့လဲ"

အစ္စမေးက ဟာဗေးအား တစ်ချက်မျှ စောင်းငဲ့ကြည့်ပြီး ပြုံးသည်။

"မနက်စာ စားပြီးတော့ ဟိုတယ်ဧည့်ခန်းမှာ တစ်နာရီလောက် အချိန်ဖြုန်းမယ်ဗျာ"

"ဟိုတယ်ဧည့်ခန်းထဲ ကျွန်တော်က ဘာလုပ်ရမှာလဲ"

အစ္စမေးက ထပ်ပြုံးသည်။ ကလေးဆိုးတစ်ယောက်အား လိုက်လျော သည့် အပြုံးမျိုး ဖြစ်သည်။ သူတို့သည် ဘူတာထဲမှထွက်ကာ လိုင်းဖ် လမ်းထဲသို့ ရောက်လာကြသည်။ ပလက်ဖောင်းပေါ် လျှောက်လာချိန်တွင် မိုးတဖွဲဖွဲကျလာသည်။ မီးခိုးငွေ့များ စွန်းထင်းနေသော အဆောက်အအုံ များနှင့် နွေးကွေးလေးလံစွာ သွားလာလှုပ်ရှားနေကြသည့် ဓာတ်ရထားများကို မြင်တွေ့နေရသည်။ သူတို့ပတ်ဝန်းကျင်တွင် အိပ်မောကျနေခဲ့ရာမှ နိုး တစ်ဝက် ဖြစ်လာသော မြို့တော်ကြီး၏ ဆင်ခြေဖုံးရပ်ကွက် လှုပ်ရှားမှုသည် တည်ရှိနေပေပြီ။

အစ္စမေးသည် ဖျတ်ခနဲ ရပ်လိုက်သည်။

"ကဲ. . . ဟာဗေး၊ ဒီလိုစောစောစီးစီးအချိန်မှာ လစ်ဗာပူးမြို့ရဲ့ ဘယ် နေရာ ဘယ်အပိုင်းမှာ ဘာတွေ့ရတတ်တယ်ဆိုတာ ကျွန်တော်လည်း မသိ ဘူး။ ပြီးတော့ မိုးကလည်း သည်းလာမယ့်လက္ခဏာမှာ ရှိနေတယ်။ ခင်ဗျားကလည်း မနက်စာ မစားချင်ဘူးတဲ့။ ဟိုတယ်ဧည့်ခန်းထဲလည်း မထိုင်ချင်ဘူးတဲ့။ သင်္ဘောကလည်း ဆယ်နာရီတိတိကျမှထွက်မှာ။ အဲဒီတော့ ခင်ဗျားဘာလုပ်ချင်တယ်ဆိုတာ ခင်ဗျားကပြောမှပဲ ဖြစ်တော့မှာ"

ဟာဗေးသည် တစ်ခဏမျှ ငိုင်၍ စဉ်းစားနေသည်။

"ကျွန်တော်သည် ဒီနေရာကို ဘာ့ကြောင့် ရောက်နေရသလဲဆိုတာသိချင် တယ်ဗျာ"

ဟု ပြောသည်။ သူ့မျက်လုံးအစုံသည် အစ္စမေး၏ သဘောကောင်းပုံရ

သည့် မျက်နှာအား လှမ်းကြည့်သည်။ ထိုအခါကျမှလည်း သူသည် ထန်ထန်မာမာပြောမိသည့်အတွက် အားတုံ့အားနာဖြစ်သွားဟန်တူ၏။

"ဆောရီးပဲ အစ္စမေး"

ဟု ပြောသည်။

"ကျွန်တော်က ဘာမှ အဆင်သင့်မဖြစ်သေးတော့၊ ဒါကို ခင်ဗျား လည်း သိပါတယ်လေ"

ထို့နောက် ချက်ချင်းပင် စိတ်တိုသွားပြန်သည်။

"ခင်ဗျား ကျွန်တော့်ကို အဲဒီပုံစံမျိုးနဲ့ မျက်လုံးပြူးပြီး ကြည့်မနေ စမ်းပါနဲ့။ သွားမယ်ဆိုရင် အခုပဲ သင်္ဘောဆိပ်ကို သွားမယ်။ အိုဗျာ. . . လျှောက်နေရရင်ပြီးရော။ ခင်ဗျား သွားချင်တဲ့နေရာကိုသာ သွားတော့"

သူတို့သည် ဆက်လျှောက်ပြန်သည်။ စိုစွတ်သောလမ်းများပေါ်တွင် အုပ်လိုက်သင်းလိုက် ကသောကမျောသွားနေကြသော စာရေးများနှင့် လက်နှိပ်စက်စာရေးများကြားမှ တိုးဝှေ့ဖြတ်သန်းလာခဲ့ကြသည်။ ဖွင့်လှစ်ထားပြီးဖြစ်သော စတိုးဆိုင်များ၊ စားသောက်ဆိုင်များနှင့် ရုံးများကို ကျော်ဖြတ်လာခဲ့ကြသည်။ သူတို့အား တကြော်ကြော်အော်ခေါ်နေသည့် အငှားကားများကို ရှောင်ကွင်းလာခဲ့ကြသည်။

အစ္စမေးသည် အရပ်ပုပု၊ ကိုယ်လုံးကိုယ်ထည် တုတ်ခိုင်ခိုင်နှင့်သပ်ရပ်ခန့်ညားစွာ ဝတ်ဆင်ထားသည်။ သူ့ဘေးမှ ဟာဗေးကတော့ အရပ်မြင့်မြင့်၊ ဝတ်စားထားပုံက မခန့်မညားမသပ်မရပ်။ ကိုယ်လုံးကိုယ်ထည် သေးသေးသွယ်သွယ်ဖြစ်၍ လှုပ်ရှားပုံသည် သွက်လက်မြန်ဆန်သည်။ မျက်နှာက ဖြူဖပ်ဖြူရော်၊ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးများ ရိတ်မထား။ တင်းမာခက်ထန်လျက်ရှိသော မျက်နှာသည် နာကြည်းဖွယ်ရာ ခံစားမှုတစ်ခု ရှိခဲ့ခြင်းကို ဖော်ပြနေသည်။ သူ့မျက်လုံးများသည်လည်း ဒဏ်ရာရထားသည့် သားကောင်တစ်ကောင်၏ မျက်လုံးသဖွယ် နာကြည်းခြင်းကို ဖော်ပြနေသည်။ မည်သို့ပင်ဖြစ်စေ သူ့စိတ်ထဲတွင်မူ အတွေးတစ်ခုတည်းသာရှိ၏။ တခြားမဟုတ်။ "ငါ ဘာကြောင့် ဒီနေရာကို ရောက်နေတာလဲ" ဟူသော အတွေး ဖြစ်သည်။ သူသည် ထိုနေရာကိုပင် ထပ်တလဲလဲတွေးသည်။

ဘာကြောင့်နည်း။ သူလိုက်လာခဲ့မိခြင်းသည် အစ္စမေးကြောင့် ဖြစ်၏။ ငါ ဘာပြုလုပ်လို့ လိုက်လာတာလဲ။ အမှန်တော့ ငါ မသွားချင်ဘူး။ လုံးဝ မသွားချင်ဘူး။ ငါ တကယ့်ကို မသွားချင်တာ။

ငါ တစ်ယောက်တည်းပဲ အေးအေးဆေးဆေးနေချင်တယ်။ အားလုံးကို ငါ မေ့ထားချင်တယ်။ ငါလိုချင်နေတာ အဲဒါပဲ။ ငါ တစ်ယောက်တည်း အထီးကျန်နေရရင် ဘယ်လောက်ကောင်းမလဲ။ တစ်ယောက်တည်း နေရလေ ကောင်းလေပေါ့။ သို့သော်လည်း သူ့မှာက တစ်ယောက်တည်းမဟုတ်။ ပြီးတော့ သူမေ့ပစ်ချင်သည့်အရာကို မေ့၍မရ။ စိတ်ဓာတ်ပျက်ပြားစရာ အကြောင်းအရာများသည် သူ့အား အတိတ်ဆီသို့ ပြန်၍ခေါ်သွားလေ့ရှိ၏။ သူကိုယ်တိုင်ကလည်း မရှောင်မတိမ်းနိုင် လိုက်ပါသွားလေ့ရှိသည်။

ထိုအခိုက် သူ့ရှေ့တည့်တည့်မှ လျှောက်သွားနေကြသော အသက်ခပ်ငယ်ငယ် အမျိုးသမီး လက်နှိပ်စက်စာရေးမနှစ်ယောက်သည် ယမန်နေ့ညက သူတို့ရရှိခဲ့သည့် အောင်မြင်မှုများအကြောင်းကို မြိန်ရေယှက်ရေ စားမြုံ့ပြန်လာနေကြသည်။ တိုးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်မျိုး ပြောလိုက်၊ ခိုးခိုးခစ်ခစ်ရယ်လိုက်။ သူတို့၏ တွတ်ထိုးသံများထဲမှ တစ်စွန်းတစ်စ သူကြားလိုက်ရသည့်အခါ လေနှင့်လိုက်ပါလာသောအပုပ်နံ့ကို ရှူလိုက်ရသည့်နှယ် ခံစားလိုက်ရသည်။ ရွံရှာစိတ်နှင့် အော့နှလုံးနာစိတ်တို့သည် တစ်ပြိုင်နက် ပေါ်လာသည်။

"ကိုယ့်အဆက်ကတော့ တကယ့်ကိုတော်တာပဲဆရာ၊ မယုံနိုင်လောက်အောင်ကို တော်တာ"

ဟု တစ်ယောက်က ပြောသည်။ ထိုအခါ သူ့အဖော်ကလည်းအားကျမခံ-

"ကိုယ့်ငနဲလည်း သဘောသိပ်ကောင်းတယ်ကွ သိလား။ မင်း သူ့ဟန်ကို မြင်စေချင်တယ်ကွာ"

ဟု ပြန်ပြောသည်။

မိန်းမနှစ်ယောက်ကိုကြည့်ကာ သူစိတ်ညစ်သွားသည်။ သူတို့၏ ဟန်ဆောင်မှုများလွန်းသော အပြုံး၊ ပေါင်ဒါမိတ်ကပ်များ ဖုံးထားသည့်

အပေါ်စားဆန်သော မျက်နှာ၊ အနှစ်သာရ လုံးဝမရှိသည့် စိတ်နေစိတ်ထား၊ မြူဆွယ်မှုကိုအလေးပေးသည့် သွယ်လျလျကိုယ်ခန္ဓာများ၊ ဤအရာအားလုံးသည် သူ့အတွက် ကြောက်စဖွယ်ကောင်းသည့် အတွေ့အကြုံများ ဖြစ်နေသည်။

ဤမိန်းမနှစ်ယောက်နှင့် ထိုမိန်းမများသည် အားလုံး အတူတူနှင့် အနူနူချည်း ဖြစ်၏။ 'ချောသည်၊ လှသည်'ဟူသော စကားများသည် အလွန်ချိုမြပြီး နှစ်လိုဖွယ်ကောင်းသော စကားလုံး ဖြစ်ပါ၏။ သို့သော်လည်း တန်ဖိုးကျတော့ တစ်ပြားသားမှမရှိ။ သူ့ရင်ထဲတွင် အော်ဟစ်ပြီး ရယ်ပစ်လိုက်ချင်စိတ်က လှိုင်းထသလို ကြွလာသည်။ မိုးရေစိုစွတ်နေသော ပလက်ဖောင်းအလယ်တည့်တည့်တွင် ရပ်၍ သူ ဦးခေါင်းကိုမော့ကာ အူလှိုက်သည်းလှိုက် ရယ်လိုက်ချင်စမ်းပါဘိသည်။

ထိုအခိုက်မှာပင် အစ္စမေးထံမှ စကားပြောသံကို ကြားရသည်။

"ဟိုမှာ မြင်လား၊ ရောက်ခါနီးပြီ"

အစ္စမေးက ပြောပြောဆိုဆို လမ်းမ၏အောက်ဘက် အနိမ့်ပိုင်းထဲရှိ အိမ်နှစ်လုံး၏ ခေါင်မိုးများကြား၌ ပေါ်နေသော မာဆီးမြစ်ရေပြင် တစ်စွန်းတစ်စကို လက်ညှိုးထိုးပြသည်။ ဟာဗေး တစ်ချက်တော့ လှမ်းကြည့်သည်။ စကားတော့ ပြန်မပြော။

သူတို့သည် တောင်ကုန်းဆင်ခြေလျှောလမ်းအတိုင်းဆင်းကာ သဘော်ကျင်း လမ်းကြားများအတိုင်း လျှောက်လာကြသည်။ ငါးမိနစ်ခန့်နှင့် ပရင့်စ်ဆိပ်ခံတံတားဆီ ဆိုက်ရောက်သွားကြသည်။ ဘူတာ၌ သူတို့တွေ့ခဲ့ရသော အလုပ်သမားသည် သူတို့အား မွေးကတည်းက ခင်မင်သိကျွမ်းလာသည့် လူများသဖွယ် ပြုံးကာရယ်ကာဖြင့် ဆီးကြိုနေသည်။

"မော်တော်တောင်ရောက်နေပြီ ခင်ဗျ"

ဟု အလုပ်သမားကပြောကာ ရေပြင်ထက်၌ နိမ့်ချည်မြင့်ချည်ဖြစ်နေသော မော်တော်ကို လက်ညှိုးထိုးပြသည်။

"ဒေါက်တာ့ပစ္စည်းကိုလည်း တင်ထားပေးပြီးပါပြီ။ အပျောက်အရှလုံးဝမရှိပါဘူး"

သူတို့သည် အလုပ်သမား ကျော်ဖြတ်ကာ မော်တော်ပေါ်တက်ခဲ့ကြသည်။ အစုလိုက်အပုံလိုက်ချထားသည့် အထုပ်အပိုးများ၊ သေတ္တာများ၊ လက်ဆွဲအိတ်များ၊ သားရေသေတ္တာများနှင့် အထုပ်အပိုးမျိုးစုံကြား ဖြတ်သန်းကျော်လွှားကာ သူတို့အား မနှစ်မြို့သည့် မျက်နှာထားဖြင့် လှမ်းကြည့်နေသည့် ခရီးသည်တစ်စုရှိရာ မော်တော်ဦးပိုင်းဆီသို့ သွားကြသည်။

မြစ်ရေပြင်သည် ငြိမ်ဆိတ်စွာ စီးဆင်းလျက်ရှိ၏။ လေမတိုက်သဖြင့် ပြင်းထန်စွာ လှုပ်ရှားခြင်းမရှိ။ ဝဲဂယက်များသည် ဟိုတစ်စု သည်တစ်စု ပေါ်လာလျက်ရှိသည်။ မြစ်လယ်တွင် အေးအေးသာသာ ကျောက်ချ၍ ရပ်နေကြသည့် ကုန်တင်သင်္ဘောကြီးများ၊ ယင်းတို့၏ တစ်ဘက်တွင် ရေစီးကြောင်းဖြင့် အလိုက်သင့် မျောပါသွားနေကြသည့် ဖောင်ကြီးများ။ ဤမြစ်ရေအလျဉ်းသည် အပြင်လောကသို့ တိုးထွက်ကာ ပင်လယ်ပြင်ဆီသို့ စဉ်ဆက်မပြတ် စီးဆင်းနေသောမြစ် ဖြစ်၏။

ငြိမ်သက်လွန်းသဖြင့် တစ်ချီတစ်ချီတွင် လှိုင်းပုတ်သံများကို ကြားရသည်။ အလှမ်းဝေးဝေး တစ်နေရာမှ တူထုသံများ၊ သံကြိုးရစ်သံများ။ ရုတ်တရက် ဖြန်းခနဲ ဆူညံသောအသံပြု၍ ဝေါခနဲထွက်သွားသည့် ကူးတို့သင်္ဘောတစ်စီး၏အသံ။ အဝေးတစ်ဖက်ကမ်းဆီသို့ လျင်မြန်စွာ သွားနေခြင်းဖြစ်သည်။ ဤအခိုက်မှာပင် သူတို့သင်္ဘောသည် ဥဩသံ တစ်ချက်နှစ်ချက်ပေးကာ ဘောတံတားမှ ခွာလာသည်။

ကမ်းမှခွာလာပြီဟူသောအသိ ဝင်လာသည့်အခါ ဟာဗေး၏စိတ်သည် တုန်လှုပ်ချောက်ချားသလို ဖြစ်သွားရပြန်သည်။ ရေပြင်နှင့် အထိအတွေ့နည်းခဲ့သူ ဖြစ်သဖြင့် ရေ၏ လွှမ်းခြုံရစ်ပတ်မှုကို ခံလိုက်ရသည့်နှယ် ခံစားလိုက်ရသည့်အခါ ရင်ထဲ၌ တစ်မျိုးဖြစ်သွားရပြန်သည်။ သူ့မျက်လုံးအကြည့်သည် မကြာမီ ထွက်ခွာတော့မည်ဟူသော အထိမ်းအမှတ်ပြ အလံလွှင့်ထူထားသည့် တန်ချိန်သုံးထောင်ခန့်ရှိ သင်္ဘောကြီးဆီသို့ ရောက်သွားသည်။ ညိုမှိုင်းမှိုင်းခေါင်းတိုင်ဆီမှ မီးခိုးငွေ့များသည် တလူလူထွက်ကာ ကောင်းကင်ဆီသို့ ထိုးတက်သွားနေကြသည်။ သင်္ဘော၏ လက်ဝဲပိုင်းသည် ဖျော့တော့တော့ အလင်းရောင်အောက်တွင် မသိမသာ ဝင်းလက်နေကြ

သည်။ သူသည် သူ့အကြည့်ကို သင်္ဘောပဲ့ပိုင်းသို့ ရွှေ့လာသည်။ 'ဩရီယိုလာ' ဟု ရေးထားသော သင်္ဘော၏အမည်ကို ပီပီပြင်ပြင်မမြင်ရ။ ဩရီယိုလာသည် သင်္ဘောအငယ်စားဖြစ်သည်။ ကုန်တင်ရန် တည်ဆောက်ထားခဲ့သော သင်္ဘောဖြစ်သည်။ သို့သော်လည်း ပိုလှသဖြင့် ချစ်စရာကောင်းသည်။ ဦးပိုင်းနှင့် ပဲ့ပိုင်းသည် အချိုးအစားကျန ပြေပြစ်သည်။ သင်္ဘောကိုယ်ထည်ကလည်း ခန့်ညားထည်ဝါပြီး ကျက်သရေရှိရုံမျှမက တောင့်တင်းခိုင်ခံ့သည်။

"ဟိုမှာတွေ့လား . . . ခင်ဗျားသင်္ဘော"

ဟု အစ္စမေးက ပြောသည်။

"ဩရီယိုလာ" တဲ့။ ဘယ်လောက်ချစ်စရာကောင်းတဲ့နာမည်လေးလဲ"

ဟာဗေးက သရော်သံဖြင့် တစ်ချက်မျှ ရယ်လိုက်သည်။

"စိတ်ဓာတ်မြှင့်တင်ရေးလုပ်ငန်းဆိုပါတော့၊ ဟုတ်လား အစ္စမေး။ ကျွန်တော့်စိတ်တွေ သန့်ရှင်းစင်ကြယ်သွားပြီး နောက်တစ်ကြိမ် ဘဝအသစ်ပြန်စနိုင်ရေးအတွက်ပေ့ါ ဟုတ်လား၊ ဟား . . . ဟား . . . "

သူသည် စကားကို မဆက်ဘဲ ရပ်ထားလိုက်သည်။ ချက်ချင်းပင် သူပြောမိသည့် စကားအတွက် စိတ်မကောင်းဖြစ်ရပြန်သည်။ သူ့စိတ်သည် မမှန်သလို ဖြစ်လျက်ရှိသည်။ အမှန်တော့ အခုလောလောဆယ် သူ့တွင် လိုအပ်နေသည်မှာ အရက်တစ်ခွက်လောက်ပေးရန်ပင် ဖြစ်သည်။ သူ့ကိုယ်သူ ထိန်းနိုင်ဖို့ရန်မှာ အရက်တစ်ခွက်လောက်ဝင်မှသာ ဖြစ်လိမ့်မည် မဟုတ်ပါလား။

မော်တော်သည် ဩရီယိုလာသင်္ဘောတွင် ဘေးချင်းယှဉ်၍ ကပ်လိုက်သည့်အခါ သူ့ရင်ထဲတွင် အေးခနဲဖြစ်သွားရပြန်သည်။ သူသည် ဘေးသို့ ဖယ်ရပ်ကာ ခရီးသည်များကို ကြည့်နေမိသည်။ သူမြင်တွေ့နေရသည်မှာ ဝိုးတဝါးဖြစ်၍ အားလုံး မော်တော်ပေါ်မှ ဆင်းသူဦးရေသည် လေးဦးဟု ထင်သည်။ အရပ်ပုပု၊ တုတ်တုတ်ခိုင်ခိုင် မိန်းမကြီးတစ်ယောက်။ နေပုံထိုင်ပုံ မသေမသပ်ရှိလွန်းလှသည့် အဘိုးအိုတစ်ယောက်။ နောက်တစ်ဦးမှာ အရပ်မြင့်မြင့် စကားအလွန်များသည့် ယောကျ်ားတစ်ယောက်နှင့် သူတို့အားလုံး၏နောက်မှာ ခပ်ငယ်ငယ်အမျိုးသမီးတစ်ယောက်။

သူသည် လှေကားမှနေ၍ သင်္ဘောကုန်းပတ်ပေါ်သို့ တက်လာခဲ့သည်။ အပေါ်သို့ရောက်သည်နှင့်တစ်ပြိုင်နက် ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်သည်။ တစ်စုံတစ်ရာကို မြင်တွေ့ရလိမ့်မည်ဟူသေသည မျှော်လင့်ချက်ဖြင့် ကြည့်ခြင်းမျိုး ဖြစ်သည်။ ဘာရယ်လို့တော့ သူ တိတိကျကျဝေခွဲ၍မသိ။ သို့သော်လည်း သူဘာကိုမှ မမြင်ရ။ လောလောဆယ် သူမြင်နေရသည်မှာ အစ္စမေးနှင့် စကားပြောနေသော သင်္ဘောသဏ္ဌာစိုးသာလျှင် ဖြစ်သည်။

သူသည် အစ္စမေးနှင့် ဘဏ္ဍာစိုးတို့နောက်မှနေ၍ ခရီးသည်အခန်းများကြား စင်္ကြံလမ်းအတိုင်း လိုက်သွားသည်။ သူအခန်းရှေ့သို့ရောက်သော် တံခါးကို တွန်းဖွင့်ပြီး ဦးခေါင်းကိုငုံ့၍ ဝင်လာခဲ့သည်။ အသင်တွေ့သည့် နှစ်ယောက်ထိုင် ဆိုဖာပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ ဆေးဖြူများသုတ်ထားသဖြင့် ဖြူဖွေးသန့်စင်နေသည့် နံရံလေးဘက်ကို ကြည့်၍ နောက်သီတင်းလေးပတ်ကြာမျှ ပိတ်လှောင်ထားခြင်းခံရမည့် အဖြစ်ကို တွေးတောဆင်ခြင်နေမိသည်။

သူသည် ဘဏ္ဍာစိုးတို့ စကားပြောနေကြသည်ကို ဝိုးတိုးဝါးတား ကြားနေရသည်။ သူတို့ထွက်သွားကြသည်ကိုလည်း မှုန်ဝါးဝါး မြင်နေရသည်။ သူတို့ ဘယ်သွားသွား ဘယ်မှာပဲနေနေ၊ သူ စိတ်ဝင်စားခြင်းမရှိ။ သို့အနေဖြင့် အစ္စမေး၏ ကြင်နာမှုကိုတော့ မစဉ်းစားဘဲမနေနိုင်။ လန်ဒန်မှနေ၍ အပင်ပန်းခံပြီး လိုက်လာခြင်းသည်လည်းကောင်း၊ သူ့အတွက် အစစအရာရာအဆင်ပြေအောင် လုပ်ကိုင်ပေးနေသည်ကိုလည်းကောင်း သူ အသိအမှတ်မပြုဘဲတော့ မနေနိုင်။ သူတို့သည် ဆေးရုံ၌ အလုပ်အတူတူ တွဲလုပ်ရင်း ရင်းနှီးခင်မင်ကြသူဖြစ်သည်။ အခု အစ္စမေး ကူညီနေပုံသည် သာမန်ခင်မင်ရင်းနှီးနေသည့် မိတ်ဆွေမျိုးထက် သာလွန်သည့်သဘောကို ဖော်ပြနေသည်။ အစ္စမေးသည် လူကောင်းတစ်ယောက် ဖြစ်သော်လည်း သူတစ်ပါးကိစ္စတွင် ဝင်၍ပါချင်တတ်သော အကျင့်ကလေးကတော့ရှိ၏။ သို့တစေလည်း ခြုံ၍ကြည့်လိုက်သောအခါ ခွင့်လွှတ်နိုင်သောအကျင့် ဖြစ်သည်ဟု ထင်သည်။ တကယ်တော့လည်း အစ္စမေးသည် အောင်မြင်မှုရနေသော ခွဲစိတ်ကုဆရာဝန်တစ်ဦးဖြစ်သည့်အားလျော်စွာ သူ့ဂုဏ်သိက္ခာနှင့်

အခွင့်အရေးကို သင့်တော်သလို အသုံးချတတ်သူတစ်ဦးဖြစ်သည် မဟုတ်ပါလော။

'အောင်မြင်မှု' ဟူသော စကားလုံးကို စဉ်းစားလိုက်မိသည့်အခါ စိတ်ထဲတွင် နာကျင်သောဝေဒနာကို ခံစားလိုက်ရပြန်သည်။ သူသည် အခန်းထဲမှ သူအိပ်ရမည့် အိပ်စင်ကို စိုက်ကြည့်နေမိသည်။ အဝတ်ဖြူလွှမ်းထားသည့် ခပ်သေးသေး ခေါင်းတစ်လုံးနှင့် တူလှချေသည်ဟု တွေးမိသည်။ ထိုအခါ သူ မြင်ဖူးသည့် အနက်ရောင် ရှည်ရှည်မျောမျော ခေါင်းသုံးလုံးကို သတိရသည်။ လူသေကောင် သုံးလောင်းထည့်ထားသည့် ခေါင်းများ။ ပြီးတော့ သူ့နားထဲ၌ ကြားလိုက်ရသည့် စူးရှကျယ်လောင်ပြီး ကျက်သရေကင်းမဲ့လှသည့် အသံတစ်သံ။

သူသည် နဖူးမှ ချွေးစများကို လက်ဖြင့်သုတ်လိုက်သည်။ အခုတော့လည်း အသံကိုမကြားရတော့။ သူ ရူးများနေသည်လား။ သို့မဟုတ် မူးများနေသလား။ ရုတ်တရက်ပေါ်လာသော အသံတစ်သံကြောင့် ဖျတ်ခနဲ မော့ကြည့်လိုက်သည်။ အခန်းထဲဝင်လာသည့် အစ္စမေး။ တံခါးကို ပြန်ပိတ်ပြီး သူ့အား စိုက်ကြည့်နေသည်။

"ကျွန်တော် သွားတော့မယ် ဟာဖေး၊ မော်တော် အခုပဲ ပြန်ထွက်တော့မယ်"

"ခင်ဗျားသွားနေတာ အတော်ကြာတာပဲ၊ ဘယ်သွားနေတာလဲ"

"ဘဏ္ဍာစိုးနဲ့ စကားပြောနေလို့ ကြာသွားတယ်။ သူ့ကို ခင်ဗျားအကြောင်း ရှင်းပြခဲ့တယ်။ ခင်ဗျား အလုပ်ပင်ပန်းလွန်းအားကြီးလို့ စိတ်ဓာတ်ကျနေတဲ့အကြောင်းပါ"

ဟာဖေးက ဘာမှပြန်မပြော။ အစ္စမေး၏ မျက်နှာကိုသာ ငေးကြည့်နေသည်။

"ခင်ဗျား ထပ်ကြိုးစားပါ ဟာဖေး"

ဟု အစ္စမေးက ပြောသည်။

'ကြိုးစားမယ်လို့ ကျွန်တော့်ကို ကတိပေးပါလား'

"ကျွန်တော် ဘာကိုကြိုးစားရမှာလဲ၊ ကျွန်တော့်ကြိုးစားမှု ဟူသမျှကို

ရပ်ထားပြီဆိုတာ ခင်ဗျားကို ပြောပြီးပြီ မဟုတ်လား။ ကြိုးစားနေရင် နောက်ထပ် နောက်ကျောကို ဓားနဲ့အထိုးခံရဦးမှာပဲ။ ကျွန်တော့်အဖို့ ကြိုးစားစရာမလိုတော့ဘူး။ ကျွန်တော့်အဖို့ ကိစ္စပြတ်သွားပြီ"

"ဒါပေမယ့် ကျွန်တော်ပြောတာ နားထောင်ပါဦး။ ဒီကိစ္စကို ဘယ်သူမှ မယုံကြပါဘူး။ အသိဉာဏ်ရှိတဲ့လူတိုင်း သိကြတာပဲဗျာ။ ကျွန်တော် ဒီစကားကို ပြောရလွန်းလို့ မောတောင်နေပြီ"

"နေစမ်းပါဦးဗျာ၊ သူတို့က ဘာသိကြတာလဲ"

ဟု ဟာဖေးက ဒေါသဖြင့် မေးသည်။

"အလကားပါ၊ တစ်ဖွဲ့လုံး အလကားပဲ" စိတ်လှုပ်ရှားခြင်းကြောင့် သူ့ပါးသည် နီရဲလာသည်။ ထို့နောက် မျက်နှာကိုမဲ့၍ လှောင်ပြောင်သော လေသံဖြင့်-

"ဒီအရောင်နဲ့ ဆေးရည်ကို တစ်နေ့ သုံးကြိမ်သောက်ပါ။ နောက် အင်္ဂါနေ့ကျရင် ထပ်လာဦးနော်။ ဆေးဖိုးက နှစ်ဂီနီကျပါတယ်။ ဟဲ့ . . . ဟဲ့ . . . သိပ်ကောင်း၊ ဝက်တွေအများစုက ဝက်တွေပဲ။ မိုက်ရိုင်းတယ်။ လောဘ ကြီးကြတယ်။ ဒီဝက်တွေဟာ ကိုယ့်မှာ ပြည့်စုံလုံလောက်နေရက်သားနဲ့ လုပ်နေကြတာ"

"ဒါပေမယ့် ဟာဖေးရာ အခုဟာက"

"အမြဲတမ်း ဒီလမ်းပေါ်မှာပဲ လျှောက်နေကြတာပါ။ မသိနားမလည် မှုအပေါ် အခြေခံပြီး လုပ်နေကြတာချည်းပဲ။ တစ်နှစ်ပြီးတစ်နှစ် ဒီအတိုင်းပဲ သွားနေကြတာပဲ။ အမှန်ကျတော့ မမြင်ဘူး။ အကန်းတွေဖြစ်နေတယ်"

"ဒါတွေကို ထားလိုက်ပါတော့ ဟာဖေးရာ"

အစ္စမေးက တောင်းပန်သောလေသံဖြင့် ပြောသည်။

"ခင်ဗျားအတွက် ခင်ဗျား မစဉ်းစားလို့မဖြစ်ဘူးဆိုတာ သိစေချင် တယ်။ ခင်ဗျားရဲ့ အနာဂတ်ကို စဉ်းစားဖို့ လိုတယ်နော"

"ဘာ အနာဂတ်လဲ"

"သိပ်ကို အလားအလာကောင်းတစ်ခုပါ ဟာဖေး"

"အဲသလို ဘယ်သူကပြောလဲ"

"ကျွန်တော်က ပြောတာပေါ့။ ပြီးတော့ ခင်ဗျားလည်း သိပါတယ်။ အဲသလိုဘဝမျိုးကို ခင်ဗျား ဖျက်မပစ်ပါနဲ့"

"ပျက်ပြီးသားပါ အစ္စမေး၊ တစ်စစီ ဖြစ်နေပါပြီ။ အဲဒီအစအနတွေကို ကျွန်တော်ကလွဲပြီး ဘယ်သူမှ မပိုင်ပါဘူး။ အဲဒါတွေကို ကျွန်တော်ကြိုက်သလိုလုပ်မှာပါ"

"ဒါဆိုရင် ခင်ဗျားအနေနဲ့ လူ့လောကရဲ့ ကောင်းကျိုး လုပ်ပါမယ်ဆိုထားခဲ့တဲ့ စကားကို ပြန်မတွေးတော့ဘူးလား"

ဟု အစ္စမေးက ပြောသည်။

"ခင်ဗျား လျှောင်ချင် ပြောင်ချင်တယ်ဆိုရင် လျှောင်နိုင် ပြောင်နိုင်ပါတယ်။ ကျွန်တော်ကတော့ ကျွန်တော်မြင်တဲ့အတိုင်း ပြောရမှာပဲ။ ခင်ဗျားဟာ ထူးခြားကြီးကျယ်တဲ့အလုပ်မျိုးလုပ်နိုင်တဲ့ လူ့အဖိုးတန် တစ်ယောက်လို့ ကျွန်တော်ကတော့ မြင်ထားတယ်။ ကျွန်တော့်စိတ်ထဲမှာ ရှိနေသလောက်ပြောရရင် ပြင်သစ်ရောဂါပိုးမွှားဆိုင်ရာပညာရှင် ပတ်စတာလို ထူးခြားတဲ့ အရည်အသွေးမျိုး ခင်ဗျားမှာရှိနေတယ်လို့တောင် ထင်ထားတယ်။ ကျွန်တော်ကတော့ အတိအကျအခိုင်အမာ ယုံကြည်ထားတာပဲ။ အဲဒီတော့ ခင်ဗျားကိုယ်ခင်ဗျား တစ်ပိုင်းစီ တစ်စစီဖြစ်သွားအောင် မလုပ်ပါနဲ့။ ဒါဆိုရင် ကြောက်စရာကောင်းလောက်အောင် ဘဝပျက်သွားပါလိမ့်မယ်"

ဟာဗေးကတော့ မလှုပ်မယှက်၊ အစ္စမေးသည် ဟာဗေးဘက်သို့ ကိုယ်ကိုကိုင်းကာ မျက်နှာကို စေ့စေ့ကြည့်သည်။

"ခင်ဗျားအနေနဲ့ လူသတ္တဝါတွေရဲ့အကျိုးဆိုတဲ့ အချက်ကို ထည့်ပြီး မစဉ်းစားနိုင်တော့ဘူးလား"

ဟု တောင်းပန်တိုးလျှိုးသော လေသံဖြင့် ထပ်ပြောသည်။

"လူသားတွေအကျိုးတဲ့၊ ဟား . . . "

ဟု ရေရွတ်ကာ ဟာဗေး အော်ရယ်သည်။ သူ့အသံမှာ ချောက်ကပ်ကပ်။

နှစ်ဦးစလုံး ငြိမ်ဆိတ်နေကြသည်။ သူတို့ခေါင်းပေါ်ရှိ ကုန်းပတ်ထက်မှ

လျှောက်သွားနေသည့် ခြေသံများကို ကြားနေရသည်။ အစ္စမေးသည် သူ့စိတ်ကို လျှော့လိုက်သည်။

“ကဲပါလေ၊ ကျွန်တော် ခင်ဗျားကို ဘာမှ ထပ်မပြောတော့ပါဘူး”

ဟု တည်ငြိမ်အေးဆေးသော လေသံဖြင့် ပြောသည်။

“ကျွန်တော်သွားတော့မယ်နော်၊ လောလောဆယ် ခင်ဗျားမှာ လိုအပ်နေတာကတော့ လေကောင်းလေသန့်ရှူနိုင်မယ့် အခုလိုနေရာမျိုးပဲ။ သုံးပတ်တည်းပါ။ သိပ်တော့မကြာပါဘူး။ ဒါပေမယ့် အချိန်ကတော့ လုံလောက်ပါတယ်။ ကျွန်တော်ကတော့ ယုံကြည်မှုအပြည့်ရှိနေဆဲပဲလေ။ ခင်ဗျားအကြောင်းကို ခင်ဗျားထက် ကျွန်တော်က ပိုပြီးသိတယ်လို့ ထင်တာပဲ”

“သြော်. . . သြော် ခင်ဗျားက ပိုသိတယ် ဟုတ်လား။ ဘုရား . . . ဘုရား”

ဟု ဟာဗေးက လှောင်သံဖြင့် ရေရွတ်သည်။

အစ္စမေးက သူ့လက်ကို ကမ်းပေးသည်။

“ကဲ. . . သွားမယ်၊ ဟာဗေး၊ ဂွတ်ဘိုင်”

“ဂွတ်ဘိုင်”

ဟု ဟာဗေးက ပြန်ပြောသည်။ ထို့နောက်. . .

“ကျေးဇူးတင်တယ်”

ဟု ထပ်ပြောသည်။

“ခင်ဗျား ဒီကိုပြန်ရောက်လာရင် သိပ်ကောင်းမှာပဲ”

ဟု အစ္စမေးက ပြောသည်။

“ခင်ဗျား ပြန်ရောက်လာပြီး အလုပ်ကို ပြန်စနိုင်ကြမယ်ဆိုရင် သိပ်ကို ကောင်းသွားမှာ”

သူသည် ဟာဗေးကို စိုက်ကြည့်ပြီး ပြုံးသည်။ ပြီးတော့ အခန်းတံခါးကို ပိတ်၍ အပြင်သို့ ထွက်သွားသည်။

“ပြန်ရောက်လာပြီး အလုပ်ကို အမြန်စနိုင်မယ်ဆိုရင် . . . ”

အစ္စမေး ထွက်သွားပြီးနောက် တစ်ယောက်တည်း ကျန်ရစ်ခဲ့သော ဟာဗေးသည် ထိုစကားကို ပြန်တွေးနေမိသည်။ သူ့အဖို့ ပြန်စဖို့ဆိုသည်မှာ ဖြစ်နိုင်တော့သည့် ကိစ္စမဟုတ်။ အကယ်၍ ပြန်စတော့ကော ဘယ်လိုထူး

လာမှာလဲ။ အားလုံး အတိတ်တွင်ကျန်ခဲ့ပြီ။ အားလုံးပြီးသွားပြီ။ ဘယ်လိုပဲဖြစ်ဖြစ် လောလောဆယ်မှာကတော့ သူ အရက်တစ်ခွက် သောက်ချင်သည်။ သောက်ချင်လွန်း၍ သူ့ပါးစပ်ရော လည်ချောင်းပါ ခြောက်သွေ့နေသည်။ အရက်သည် သူ့အား များစွာကူညီခဲ့၏။ သူ့အခြေအနေနှင့် အလွန်လိုက်ဖက်သည့် ယမာကာတစ်မျိုးဖြစ်၏။ အရက်ကိုသာ သောက်ထားလျှင် သူ့ခံစားမှုအားလုံးသည် ပျောက်သွားစမြဲ မဟုတ်ပါလား။

အမှန်တော့ သူသည် အရက်သမားမဟုတ်၊ သိပ္ပံပညာရှင်တစ်ဦးမျှသာဖြစ်၏။ အမှန်တရားကိုသာ ရှာဖွေနေသူဖြစ်၏။ သူရှာဖွေနေသော အမှန်တရားသည် မိုက်မဲမှုနှင့် ရှေးဟောင်းအစဉ်အလာ ဖက်တွယ်မှုများကိုတော့ ထိုးဖောက်နိုင်စွမ်းရှိလိမ့်မည်မဟုတ်။

သူသည် သူ့အတွေးနှင့်သူ ငြိမ်ဆိတ်နေသည်။ သို့သော်လည်း သူ၏ လှုပ်ရှားနေသောစိတ်ကြောင့် လက်ချောင်းများသည် ဂနာမငြိမ်၊ အရက်သောက်ချင်စိတ်သည် သူ့အား ပြင်းထန်စွာ ဖိစီးလျက်ရှိသည်။ သို့သော်လည်း လောလောဆယ်တော့ သူ့ကိုယ်သူ ထိန်းချုပ်ထား၍မဖြစ်၊ သဘော်ာ ထွက်ပြီဆိုမှ သောက်မည်။ ဤသို့ဖြင့် သဘော်ာအထွက်ကို ထိုင်စောင့်လျက်ရှိလေ၏။

*

## [နှစ်]

သဘော်ာကလည်း တစ်စုံတစ်ယောက်ကို စောင့်နေဟန်ရှိ၏။ သဘော်ာအင်ဂျင်ခန်းထဲတွင် အပြာရောင် ယူနီဖောင်းဝတ် သဘော်ာသားနှစ်ယောက်သည် အသင့်အနေအထားပြင်ကာ ရပ်နေကြသည်။ တရှူးရှူးတရှဲရှဲမြည်သံပေးကာ အဆက်မပြတ်ထွက်လာတော့သည့် အခိုးအငွေ့များသည် သူတို့ဘေးပတ်လည်တွင် ထောင်းထောင်းထလျက်ရှိသည်။ ဦးပိုင်း၌ ရပ်နေကြသော ပဲ့နင်းနှင့် ပါဆာခေါ် သဘော်ာအုပ်ချုပ်ရေးအရာရှိ ဟင်းဘဲလ်တို့သည်အရေးကြီးသော ခရီးသည်တစ်ဦး ရောက်အလာကို မျှော်လင့်စောင့်စားနေကြသည့်နှယ် ရှိ၏။ သူတို့မျက်နှာများသည် စိတ်ဂနာမငြိမ်ခြင်းကို ဖော်ပြကြသည်။

သဘော်ာကုန်းပတ် တံတားပေါ်၌ ရပ်နေသော ယူနီဖောင်းအပြည့်ဝတ်ထားသည့် အရပ်ပုပုလူတစ်ယောက်သည် သဘော်ာဆိပ်သို့ မျှော်ကြည့်လျက်ရှိသည်။ ရုတ်တရက် ရှည်လျားစွာ ဆွဲလိုက်သော သဘော်ာဥသြသံ

တစ်ချက် ပေါ်ထွက်လာသည်။ ထိုစက္ကန့်ပိုင်းအတွင်းမှာပင် သင်္ဘောဆိပ်ဘက်မှ မော်တော်တစ်စင်းသည် လျင်မြန်စွာ ထွက်လာပြီး ဩရီယိုလာ သင်္ဘောဆီသို့ ဦးတည်၍လာနေသည်ကို မြင်ရသည်။ နောက်သုံးမိနစ်မျှ အကြာတွင် မော်တော်သည် သင်္ဘောကြားတွင် ဆိုက်ကပ်လျက်ရှိလေ၏။

မော်တော်ပေါ်မှ ခရီးသည် သုံးဦးသည် သင်္ဘောပေါ်သို့ တက်လာကြသည်။ ရှေ့ဆုံးမှ တက်လာသူသည် အသက်ကြီးကြီး ပိန်ပိန်ပါးပါး အရပ်ရှည်ရှည် လူကြီးတစ်ယောက်ဖြစ်သည်။ မျက်လုံးတွင် တစ်ဖက်တပ်မျက်မှန် တပ်ထားသည်။ သူသည် ကုန်းပတ်ပေါ်ရောက်သည်နှင့် တစ်ပြိုင်နက် ကပျာကယာပြန်လှည့်ကာ နောက်မှပါလာသည့် အမျိုးသမီးအား ကုန်းပတ်ပေါ် တက်နိုင်အောင် ဖေးမကူညီလျက်ရှိသည်။

ထိုအခိုက်မှာပင် သင်္ဘောထွက် နောက်ကျခြင်းအတွက် ဒေါ်ပွလျက်ရှိသော ဟာဗေးသည် သူ့အိပ်ခန်းထဲမှ ထွက်လာသည်။ သူ့မျက်လုံးများသည် နောက်ထပ်ရောက်လာသည့် ခရီးသည်သုံးဦးကို မြင်သည်။ ဘဏ္ဍာစိုး အပါအဝင် သင်္ဘောအမှုထမ်းများက တလေးတစား ဆီးကြိုနေသည်ကိုလည်း သူ သတိထားမိသည်။ သူသည် ကုန်းပတ်ပေါ်အတိုင်း လျှောက်လာနေသော အမျိုးသမီးနှစ်ယောက်အား မျက်နှာထားတင်းတင်းဖြင့် ကြည့်နေသည်။

အသက်ကြီးကြီး အမျိုးသမီးသည် အရပ်မြင့်မြင့်၊ ကိုယ်လုံးကိုယ်ပေါက်တောင့်တောင့်၊ အလွန်ပင်ပန်းနွမ်းလျနေသည့် ပုံစံကို ဖော်ပြနေသည်။ သူ့အမူအရာကို မြင်ရုံမျှဖြင့် အကြောင်းမဲ့ စိတ်တိုချင်သလိုလို ခံစားရသည်။ ဤမိန်းမသည် အီလစ်ဆာဘန်ဟန်ဆိုသူ ဖြစ်နေမလား၊ အီလစ်ဆာသာဆိုပါက ဤမိန်းမသည် လင်နှစ်ဆက် ကွာရှင်းခဲ့ပြီးပြီ။ အသက်သုံးဆယ်ကျော်ခန့် ရှိနေပြီ ဖြစ်သော်လည်း အလှကတော့ မပျက်သေး။ မည်သို့ပင်ဖြစ်စေ သူ့အလှသည် မက်မောစဖွယ်ကောင်းလောက်အောင် တခမ်းတနားရှိလှသည်တော့မဟုတ်။ သူသည် အချိန်ရှိသမျှ ပြင်ပချစ်ရေးချစ်ရာ အပျော်အပါးများနှင့် အချိန်ကုန်လေ့ရှိပုံလည်း ရ၏။

သူ့မျက်နှာသည် သင်္ဘောကုန်းပတ်ပေါ်မှအရာများအပေါ် စိတ်ဝင်စား

ဟန်မပြ။ သူစိတ်ဝင်စားရလောက်အောင် အရေးကြီးသည်ဟုလည်း ထင်ပုံမရ။ သူ့မျက်နှာသည် အထင်အမြင်သေးသည့် အရိပ်လက္ခဏာများကို ဖော်ပြလျက်ရှိ၏။ သူ့ဟန်ပန် အမူအရာသည် သူ့ကိုယ်သူ တင်းထားမှန်း သိသာသည်။ မာန်မာနကိုအခြေခံ၍ ဝင့်ဝါစိတ်လည်းရှိပုံရသည်။ မျက်နှာထားကလည်း တင်းလွန်းသည်။ မည်သို့ပင်ဖြစ်စေ သူ့နည်းသူ့ဟန်နှင့် ကိုယ်ပိုင်အလှကတော့ ရှိနေသည်။ သူ့မျက်လုံးအစုံသည် ကျက်သရေရှိသည်။ ဖျူဖွေးညီညာသော သွားများသည် သူ့မျက်နှာကို ပို၍ တင့်တယ်နေအောင် ဖန်တီးပေးထားသည့်နှယ် ရှိ၏။

သူ့ဘေးမှ မိန်းမငယ်သည် အလွန်နုနယ် ငယ်ရွယ်ပုံပေါက်နေသည်။ နာမည်ကြီးနေသည့် မေရီဖီးလ်ဒင်းဆိုသူဖြစ်ဖွယ် ရှိ၏။ အရပ်မနိမ့်မမြင့်၊ ကိုယ်လုံးကိုယ်ထည် သွယ်လျလျ။ သေးသွယ်လှသည့် ခြေဆံလက်ဆံများရှိသည်။ အလှဆုံးမှာ မျက်လုံးများ ဖြစ်၏။ အသက်မှာ နှစ်ဆယ့်ငါးနှစ်ခန့်၊ နုပျိုလန်းဆန်းသော မျက်နှာသည် စိတ်အားထက်သန် တက်ကြွမှုကို ဖော်ပြနေသည်။ နက်မှောင်သော မျက်ဝန်းများအလယ်မှ ပြာလဲ့လဲ့မျက်လုံးအစုံသည် တလက်လက်တောက်ပကာ အရည်ရွှန်းနေကြသည်။ သူ့မျက်လုံးများအကြည့်တွင် တစ်ခါတစ်ရံ ထူးထူးဆန်းဆန်း တွေကွဲဝမ်းနည်းသည့် အရိပ်အငွေ့များ ယှက်သန်းလာတတ်သည်။ ဝတ်စားဆင်ယင်ထားပုံက ကပိုကရိုရှိလွန်းလှ၏။

အမျိုးသမီးနှစ်ယောက်သည် သူရပ်နေရာဆီသို့ လျှောက်လာနေကြသည်။ သူ့အနားရောက် သူ့ရှေ့မှ ဖြစ်သွားသည့်အခါတွင် ဟာဗေးသည် သူ့အကြည့်ကို အခြားတစ်ဖက်သို့ လွှဲထားလိုက်သည်။ ထိုခဏမှာပင် မေရီဖီးလ်ဒင်းသည် ဟာဗေးအား မြင်တွေ့သွားခဲ့လေပြီ။

မေရီသည် ရင်ထဲ၌ ထိတ်ခနဲဖြစ်ကာ ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်နေမိသည်။ သူ့မျက်နှာသည် ဖျော့ဖပ်ဖျော့ဖြစ်လျက်ရှိ၏။ သူ့မျက်လုံးများသည် ရွှင်လန်းသွားခြင်းနှင့် ကြောက်လန့်သွားခြင်းများကို ဖော်ပြနေကြသည်။ သူသည် တစ်ခဏ တုံ့ခနဲဖြစ်သွားကာ ရပ်နေသည်။ ဤအခိုက်မှာပင် ခေါင်းကို မော့လိုက်သော ဟာဗေးသည် မေရီ့ အကြည့်နှင့်

ဆုံမိသည်။ ဟာဖေးကတော့ မေရီ့ကို သိသည်မဟုတ်။ သူ့တစ်သက်တာတွင် တစ်ကြိမ်တစ်ခါမျှလည်း မြင်ခဲ့ဖူးသည်မဟုတ်။ သူသည် မေရီအား လုံးဝ မသိသော မျက်နှာထားဖြင့် တင်းမာစွာ ပြန်ကြည့်လျက်ရှိသည်။

ဟာဖေးက စူးစူးရဲရဲ ပြန်ကြည့်နေပြန်တော့လည်း မေရီသည် သူ့ အကြည့်ကို ပြန်လည်ရုပ်သိမ်းကာ မျက်လွှာများကို ချလိုက်သည်။ သူ့ စိတ်ထဲတွင် ကြောက်လန့်ခြင်းနှင့် ဆက်လျှောက်သွားခိုက်တွင် သူ့မျက်နှာသည် ဖြူဖပ်ဖြူရော်ဖြစ်နေဆဲ။ ဟာဖေးကတော့ မိန်းမနှစ်ယောက်၏ လှုပ်ရှား မှုများကို မျက်လုံးထောင့်ကပ်၍ ကြည့်သည်။ မိန်းမနှစ်ယောက်သည် သူ့အခန်းနှင့်ကပ်နေသော သူတို့အိပ်ခန်းများအတွင်းသို့ ဝင်ရောက်သွား သည်ကို မြင်လိုက်ရသည်။

အိပ်ခန်းတံခါးများ ပိတ်သွားသည့်အခါ ဟာဖေးသည် အားလုံးကို ချက်ချင်းပင် မေ့သွားသည်။ ကုန်းပတ်တံခါးဆီမှ ခေါင်းလောင်းတီးသံသည် တစ်ချက်ပြီးတစ်ချက် ထွက်ပေါ်လာသည်။ သင်္ဘောထဲတွင် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်ကို သူသတိထားလိုက်မိ၏။ သင်္ဘောသည် ဖြုတ်ခနဲ ခပ်ဖြည်း ဖြည်း ခပ်မှန်မှန် ရှေ့သို့ တိုးသွားသည်။ သူသည် ဘေးတစ်ဖက်သို့ တစ် ချက်မျှ ယိမ်းယိုင်သွားလေသည်။

*

## [သုံး]

ဟာဗေးသည် သူ့အခန်းထဲ ပြန်ဝင်ကာ ဆက်တီကုလားထိုင်ပေါ် ခြေပစ်လက်ပစ် ထိုင်ချလိုက်ပြီး ဘဲလ်ကို နှိပ်လိုက်သည်။ သူမျှော်လင့်နေသော်လည်း မည်သူမျှပေါ်မလာ။ နောက်တစ်ကြိမ် ဘဲလ်ကို ဒေါသတကြီးနှင့် ထပ်နှိပ်ပြန်သည်။ တစ်ခဏအတွင်း အခန်းထဲသို့ ဘဏ္ဍာစိုးသည် မောကြီးပန်းကြီးနှင့် ဝင်လာသည်။ တောင်းပန် ခယသော မျက်နှာထားဖြင့် ဟာဗေးအား လှမ်းကြည့်နေသည်။ နဖူးတွင်လည်း ချွေးသီးချွေးပေါက်ကြီးများ စို့လျက်ရှိသည်။ ဘဏ္ဍာစိုးသည် ပုပုဝဝ၊ ထိပ်ပြောင်ပြောင်၊ မျက်နှာဝိုင်းဝိုင်း၊ မျက်လုံးများသည် ပုစွန်မျက်လုံးများသဖွယ် ပြူးထွက်နေကြသည်။

"နာမည်ဘယ်လိုခေါ်သလဲ"ဟု ဟာဗေးက သံပြတ်နှင့် မေးသည်။

"ထရောက် လို့ ခေါ်ပါတယ် ခင်ဗျ"

"ဘယ်နှစ်ခါတီးမှလာမယ်လို့ မင်းက သတ်မှတ်ထားသလဲ"

"တောင်းပန်ပါတယ်ခင်ဗျာ၊ ကျွန်တော် ခရီးသည်ပစ္စည်းတွေနဲ့ အလုပ်ပိုလုပ်နေရလို့ပါ။ ဒီကြားထဲ လေဒီဖီးလ်ဒင်းကလည်း အခုပဲ သဘော်

ပေါ်ရောက်လာပါတယ်။ သူ့ယောက်ျား ဆာမိုက်ကယ်ဖီးလ်ဒင်းဆိုတဲ့ပုဂ္ဂိုလ်က နှယ်နှယ်ရရပုဂ္ဂိုလ်မဟုတ်ပါဘူး။ စလိတ်ဘရားသားကုမ္ပဏီမှာ အလွန်သြဇာကြီးတဲ့ပုဂ္ဂိုလ်ကြီးတစ်ယောက်ပါ။ ကုမ္ပဏီလုပ်ငန်းထဲမှာလည်း စိတ်ဝင်စားပြီး အစုငွေတွေ အများကြီးထည့်ဝင်ထားတဲ့လူပါ။ အဲဒီတော့ကျွန်တော်တို့ . . . ”

“ဖီးလ်ဒင်း” ဟု ဟာဗေးက ရေရွတ်သည်။ “မျက်စိတစ်လုံးတည်းကိုမျက်မှန်တပ်ထားလူကို ပြောတာလား”

ထရောက်သည် ပေါက်ပြဲနေသော သူ့ရှူးဖိနပ်ထိပ်များကို ငုံ့ကြည့်သည်။ ချွေးပြန်နေသော လက်ဖဝါးများကို သူ့သက္ကလတ်ဘောင်းဘီပြာနှင့်ပွတ်၍ သုတ်လိုက်သည်။

“ဆာမိုက်ကယ်ဖီးလ်ဒင်း ပါမလာဘူးခင်ဗျ။ ဒေါက်တောပြောတာဟို ဂုဏ်သရေရှိလူကြီးမင်း ဒိန်းစ်ဒစ်ဘ်ဒင်း ဖြစ်ပါလိမ့်မယ်။ သူက အဘိုးအိုကြီးတစ်ယောက်ပါ။ ဒါပေမယ့် သူလည်း အထက်တန်းစားထဲကပါပဲ။ သူက လေဒီဖီးလ်ဒင်းတို့၊ မစ္စစ်အီလစ်ဆာဘန်ဟန်တို့နဲ့ အဖော်ပါလာတာပါ”

ဟာဗေးက အလွန်မနှစ်မြို့သည့် မျက်နှာထားဖြင့် ထရောက်၏ထိပ်ပြောင်ကို စိုက်ကြည့်နေသည်။

“ဒီမှာ ထရောက်၊ ငါ့မှာတော့ ဆာဘွဲ့လည်းမရှိဘူး၊ ဂုဏ်သရေရှိအထက်တန်းစားပုဂ္ဂိုလ်ကြီးလည်းမဟုတ်ဘူး။ မင်းတို့ကုမ္ပဏီထဲမှာလည်းအစုရှယ်ယာ တစ်ပြားတစ်ချပ်မှ မပါဘူး။ မင်းတို့ကုမ္ပဏီပေါ်မှာလည်းသြဇာမရှိဘူး။ ဒါပေမယ့် ငါ သေလုမတတ် ရေငတ်နေတယ်။ အဲဒီတော့ ဝီစကီတစ်လုံး ယူပေးပါ။ တတ်နိုင်သမျှ မြန်မြန်ယူပေးဖို့တော့ လိုလိမ့်မယ်”

မျက်လွှာများကိုချ၍ သူ့ရှူးဖိနပ်ထိပ်ကိုသာ ငုံ့ကြည့်နေသော ဘဏ္ဍာစိုးသည် “ဟုတ်ကဲ့ပါခင်ဗျာ” ဟု ရေရွတ်သည်။ ပြီးတော့ ကပျာကယာနောက်ပြန်လှည့်ကာ အခန်းထဲမှ ထွက်သွားသည်။

ဟာဗေးမျက်နှာပေါ်မှ သရော်ချင် ပြောင်ချင်နေသည့် အရိပ်အငွေ့များ

သည် တဖြည်းဖြည်းချင်း ကွယ်ပျောက်သွားသည်။ သူသည် ဆိပ်ကမ်းဘက်သို့ မျှော်ကြည့်မိသည်။ သူလုပ်ပုံသည် ဘဏ္ဍာစိုးအားခေါ်၍ အနိုင်ကျင့်သလို ဖြစ်မနေဘူးလား။ ဘာကြောင့် အခုလိုလုပ်မိတာပါလိမ့်။ သူ့လိုလူစားသည် ဤအလုပ်မျိုး လုပ်တတ်သည်မဟုတ်။ လုပ်လေ့လုပ်ထလည်းမရှိ။ တရိပ်ရိပ်ဖြတ်သွားနေသော မြစ်ကမ်းပါးကို မျှော်ကြည့်နေသည့်ဟာဇေး၏ မျက်နှာသည် စိတ်ထိခိုက်သွားသဖြင့် မှုန်မှိုင်းလာသည်။ သူ့ဘဝသည် အခု သင်္ဘောက မြစ်ကမ်းပါးကို ကျော်လွှားဖြတ်သန်းလာသလို ကျော်လွှားဖြတ်သန်းလာခဲ့ပြီ။ အတိတ်သည် ဝေးကွာသွားခဲ့ပြီ။ ဘာတစ်ခုမှ ထင်မကျန်ခဲ့သည့် ဟင်းလင်းပြင်ကြီး ဖြစ်သွားခဲ့ပြီ။ ပြီးတော့ အဓိပ္ပာယ်လည်း ကင်းမဲ့သွားခဲ့သည်။

သူသည် ငြိမ်ငြိမ်ထိုင်မနေနိုင်၊ တလှုပ်လှုပ်ဖြစ်ကာ ဂနာမငြိမ်ဖြစ်လျက်ရှိ၏။ အံကိုကြိတ်၍ စိတ်ကို တင်းထားသည်။ ဒီကောင် ဘာပြုလို့ မလာတာလဲ။ လာကောလာဦးမှာလားဟု တွေးသည်။ သူသည် ကတုန်ကယင် ဖြစ်လွန်းအားကြီးသဖြင့် ထိုင်နေရာမှ ဝုန်းခနဲထကာ အခန်းပြင်သို့ ထွက်လာခဲ့သည်။ မြစ်ဝမှတိုက်ခတ်နေသောလေက အေးသဖြင့် ကုန်းပတ်ပေါ်တွင် လူသူကင်းမဲ့ကာ တိတ်ဆိတ်ခြောက်သွေ့လျက်ရှိသည်။ သူသည် လှေကားမှဆင်းကာ စားသောက်ခန်းမထဲသို့ ဝင်လာခဲ့သည်။

ခန်းမသည် ကျယ်ကျယ်ဝန်းဝန်းမဟုတ်သော်လည်း သန့်ရှင်းစင်ကြယ်သည်။ ကြမ်းပြင်ပေါ်တွင် တူရကီကော်ဇောကြီး ခင်းထားသည်။ ပြောင်လက်တောက်ပသော စားပွဲရှည်ကြီးချထားသည်။ စားပွဲ၏ တစ်ဖက်ထောင့်တွင် ခြေထောက်များကို ကုရှင်များပေါ် လှမ်းတင်ပြီး ထိုင်နေသည့် အသက်ခြောက်ဆယ်အရွယ်ခန့် လူကြီးတစ်ယောက်၊ အရုပ်ကဆိုးဆိုး၊ မျက်ခုံးမွေးများသည် ဖြူဖွေးနေသည်။ သူ့မျက်နှာသည် ပျော်တတ်ရွှင်တတ်သည့် လက္ခဏာကို ဖော်ပြနေသော်လည်း ဒဏ်ရာအမာရွတ်တွေနှင့် ပြည့်နေသည်။ နားရွက်တစ်ဖက်သည် ပြားကက်နေပြီး နှာခေါင်းတွင် ကျိုးထားသည့် အမာရွတ် ရှိနေသည်။ အပြာရောင်ကတ္တီပါဝတ်စုံ ဝတ်ထားသည်။ ဝတ်စုံမှာ သူ့ကိုယ်နှင့် ခပ်ကျယ်ကျယ်။ ဘောင်းဘီရှည်ကလည်း တိုနံ့နံ့။ သူ့လက်

ထဲတွင် စာအုပ်တစ်အုပ် ရှိနေသည်။ ဟာဗေးဝင်သွားသောအခါ သံမဏိကိုင်း မျက်မှန်နောက်မှ မျက်လုံးများကို ပင့်၍ကြည့်လိုက်ပြီး အိုင်းရစ်လေသံဖြင့် လှမ်းနှုတ်ဆက်သည်။

"မင်္ဂလာနံနက်ခင်းပါ"

"မင်္ဂလာနံနက်ပါ"

ဟု ဟာဗေးက ပြန်နှုတ်ဆက်ပြီး ကုလားထိုင် တစ်လုံးတွင် ဝင်ထိုင်ကာ ဘဲလ်ကို တီးသည်။ လှုပ်ရှားနေသော စိတ်ဖြင့် သူ့ဒူးနှစ်ကို လက်ချောင်းများဖြင့် ခေါက်နေသည်။ တစ်ခဏမျှအကြာတွင် စာပွဲထိုး ရောက်လာသည်။

"ငါ့အခန်းကို ဝီစကီတစ်ပုလင်းပို့ပေး၊ အခန်းနံပါတ် ၇၊ အခု ငါ့ကို ဘရန်ဒီနဲ့ဆိုဒါ လာပေးလှည့်"

ချက်ချင်းပင် စားပွဲထိုးမျက်နှာသည် တစ်မျိုးဖြစ်သွားသည်။

"အခန်း ၇ ဆိုတော့"

သူသည် တုံ့ဆိုင်းဆိုင်းဖြစ်နေသည်။

"ဒေါက်တာဟာဗေးလိသ်ပါလား ခင်ဗျား"

"ဟုတ်တယ်"

"ကျွန်တော် ဝမ်းနည်းပါတယ် ဒေါက်တာ၊ ဘားပိတ်ထားပါတယ်"

"ပိတ်ထားတယ် ဟုတ်လား"

စားပွဲထိုးသည် သူ့ကိုယ်အား ဟာဗေးဘက်သို့ကိုင်းကာ အသံကို တိုးနိုင်သမျှ တိုး၍ ပြောသည်။

"ဒေါက်တာ့အတွက် ဘားပိတ်ထားပါတယ် ခင်ဗျာ၊ ပါဆာမစ္စတာ ဟင်းဘဲလ်ကတစ်ဆင့် ကပ္ပတိန်ကိုယ်တိုင်က ကျွန်တော့်တို့ကို အမိန့်ထုတ်ထားပါတယ်"

ဒူးခေါင်းများကိုခေါက်နေသော ဟာဗေး၏ လက်များသည် ရပ်သွားသည်။ သူသည် မတုန်မလှုပ် ကျောက်ရုပ်သဖွယ် ငြိမ်ဆိတ်နေသည်။ သူလုံးဝမမျှော်လင့်သော အဖြေစကားကို ကြားလိုက်ရသဖြင့် အံ့အားသင့်ကာ ကြက်သေသေလျက်ရှိ၏။ အတန်ကြာမှ . . .

"ဩော်. . . ဟုတ်လား၊ ဒီလိုကိုး"

ဟု ရေရွတ်သည်။

အခန်းထဲရှိ လူနှစ်ယောက်က သူ့အား အကဲခတ်နေကြသည်ကို သူ သိသည်။ အခန်းထဲမှ စားပွဲထိုး ထွက်သွားသည်ကိုလည်း သူမြင်လိုက်သည်။ သို့သော်လည်း သူသည် ဂရုမစိုက်၊ ဤကိစ္စသည် အစ္စမေး၏ လက်ချက်ဖြစ်သည်မှာ သေချာသည်ဟု သူခန့်မှန်းမိသည်။ အစ္စမေးသည် မိမိနှင့် အလွန်ခင်မင်ရင်းနှီးသည်ဟူသော အချက်ကို အခြေခံကာ သူ့ဩဇာအရှိန်အဝါကိုသုံး၍ ကပ္ပတိန်နှင့်တွေ့ပြီး ဤအလုပ်ကို လုပ်သွားခြင်း ဖြစ်သည်။

ရုတ်တရက် ထောင့်ထဲ၌ထိုင်နေသော လူကြီးသည် လှုပ်ရှားလာသည်။

"အခုဆို မင်း သိပြီမဟုတ်လား"

ဟု လှမ်းပြောသည်။ အမာရွတ်တွေဖြင့် ပြည့်နေသော သူ့မျက်နှာတွင် ခင်မက်ရင်းနှီးသောအသွင် ထင်ဟပ်လာသည်။

"ဒီကောင်တွေက ရှုးတူးတူးကြောင်တောင်တောင်တွေကွ။ ဒီ ကပ္ပတိန်ဆိုတဲ့ ကောင်တွေဟာ ဒီအမျိုးအစားတွေများတယ်။ ငါသာ မင်းနေရာမှာဆိုရင် ဒီကိစ္စမျိုးမှာ ဒီအတိုင်းတော့ ငုံ့မခံဘူး"

သူသည် စကားကို ဆက်မပြောဘဲ ရပ်ထားသည်။ သူပြောနေသည့် စကားများကို ဟာဗေးက ကြားသည့်လက္ခဏာ မပြသော်လည်း စိတ်ပျက်သွားခြင်းမရှိ။ ပြောလက်စ စကားကို စိတ်ပါလက်ပါနှင့် အားတက်သရော ဆက်ပြောသည်။

"ကျုပ် မင်းကို မော်တော်ပေါ်မှာကတည်းက မြင်ခဲ့တယ်။ ကျုပ်နာမည်က ဂျင်မီကော်ကိုရန်လို့ ခေါ်တယ်။ လူအများသိတဲ့ နာမည်ပဲ။ အားလုံးက သိတယ်။ မြောက်ပိုင်းမှာ နာမည်ကြီးခဲ့တဲ့ ဟဲဗီးဝိတ်လက်ဒွေချန်ပီယံဟာ ငါပဲ။ ဂျူးကရုတီလိုလူမျိုးနဲ့ ယှဉ်နိုင်ခဲ့တဲ့လူပေါ့ကွာ။ သံဖြူဆရာ၊ စက်ချုပ်သမား၊ စစ်သား၊ သင်္ဘောသား အစုံလုပ်ဖူးတယ်။ ဘယ်တော့မှလည်း မချမ်းသာဘူး။ ဘယ်တော့မှလည်း သူခိုးမဖြစ်ဘူး။ အဲဒီကောင်ဟာ ဂျင်မီကော်ကိုရန်ဆိုတဲ့ ငါပဲပေါ့၊ သိလား။ ဒါပေမယ့်ကွာ၊ ဒုက္ခ

နဲ့ကတော့ အမြဲကြုံနေရတာပဲ”

သူသည် သက်ပြင်းတစ်ချက်ချကာ သူ့အပေါ်အင်္ကျီအိတ်ကပ်ထဲမှ နှာဘူးကိုထုတ်၍ ရှူနေသည်။ ထို့နောက် လက်ထဲမှ စာအုပ်ကို ဟာဖေးအား ထောင်ပြသည်။

“မင်း ပလေတိုစာအုပ် ဖတ်ဖူးလား။ ဒီလူက ဘယ်ဟာ ဘာဆိုတာ ကောင်းကောင်းသိတဲ့လူကွ၊ သိလား။ အခု ငါဖတ်တာ အထူးအဆန်းတွေ ချည်းပဲ သိရတယ်။ ပလေတိုဟာ အလွန်တော်တဲ့ ဆရာကြီးပဲဟေ့။ မင်း ဖတ်သင့်တယ် ငါ့လူရ၊ မင်းမှာ အလုပ်မများဘူးဆိုရင် ဖတ်စမ်းပါကွာ”

ဟာဖေးက ဘာမှပြန်မပြော။ သူ့အား စကားပြောနေမှန်း သိပုံမရ။ သူသည် ထိုင်နေရာမှထကာ အခန်းပြင်သို့ ထွက်သွားသည်။ လှေကားအတိုင်း ပြန်တက်ကာ ကုန်းပတ်ပေါ် ရောက်သွားသည်။ ကပ္ပတိန်၏ ရုံးခန်းရှေ့ အရောက်တွင် ခဏမျှရပ်ကာ အတွင်းသို့ လှမ်းကြည့်သည်။ ဖွင့်ထားသော တံခါးပေါက်မှနေ၍ သက္ကလတ်အထူစားခင်းထားသည့် စားပွဲတွင် စာရေး နေသော ကပ္ပတိန်ကို မြင်နေရ၏။ သူသည် တံခါးကို တစ်ချက်နှစ်ချက် ခေါက်၍ အသံပေးကာ အခန်းတွင်းသို့ ဝင်ခဲ့သည်။

ကပ္ပတိန် ရင်တွန်က ဟာဖေးအား ဖျတ်ခနဲ မော့ကြည့်သည်။ ကပ္ပတိန် သည် အရပ်ပုပု၊ လူလုံးလူဖန် ခပ်သေးသေး၊ အေးဆေးတည်ငြိမ်သော မျက်လုံးအစုံပိုင်ရှင်ဖြစ်သည်။ သူ၏ တိုနံ့နံ့ဆံပင်များသည် အဖြူအနက် ရောစွက်ကာ ကွက်တိကွက်ကျား ဖြစ်နေသည်။ သူဝတ်ထားသည့်သင်္ဘော သား ကိုယ်ကျပ်အင်္ကျီသည် သူ့တစ်ကိုယ်လုံး တင်းကျပ်စွာ ထုပ်ထားသည့် နှယ် ရှိသည်။ သူ့ပုံပန်းသည် ပေါ့ပါးသွက်လက်သည်။ ရွှင်ရွှင်ပျပျလည်း ရှိသည်။ သို့သော်လည်း တစ်ဖက်သားအလိုဆန္ဒကို လွယ်လွယ်နှင့် လိုက် လျောမည့် အရိပ်လက္ခဏာမရှိ။ သူ့ခေါင်းအထက် နံရံထက်တွင် နယ်လ် ဆင်၏ ပုံတူပန်းချီကား ချိတ်ထားသည်။

“ဩော် . . . လူကြီးမင်း”

ဟု ကပ္ပတိန်က ရေရွတ်လိုက်သည်။ တစ်ဆက်တည်းပင်-

“ကျွန်တော် အလုပ်လုပ်နေတာကတော့ ခင်ဗျားမြင်လိမ့်မယ် ထင်

ပါတယ်”

ဟု ပြောသည်။

“ကျွန်တော့်နာမည် ဟာဗေးလိသ်ပါ”

ဟု ဟာဗေးက ပြန်ပြောသည်။

“ကျွန်တော်အခုလာတာ ခင်ဗျားကို မေးစရာရှိလို့”

“နောင်တစ်ချိန်ကျမှ မေးပါ ဒေါက်တာဟာဗေး။ ကျွန်တော့်ကို တစ်နာရီပဲ အချိန်ပေးပါ။ သင်္ဘောထွက်ရင် ကျွန်တော် အမြဲအလုပ်များ တတ်ပါတယ်”

ဟာဗေး၏ ပါးနှစ်ဖက် နီရဲလာသည်။ အခန်းထဲမှ ပြန်ထွက်သွားမည့် အရိပ်ရောင် မမြင်ရ။

“ခင်ဗျားက ဘဏ္ဍာစိုးကို အမိန့်ပေးထားတယ်ဆို”

“ကျွန်တော်တာဝန်ယူထားတဲ့ သင်္ဘောပေါ်မှာ ကျွန်တော် ကြိုက်တဲ့ အမိန့်ပေးနိုင်တယ် ဒေါက်တာဟာဗေး”

ငြိမ်ဆိတ်သွားသည်။ လူနှစ်ယောက်သည် တစ်ယောက်ကို တစ် ယောက်ကြည့်နေကြသည်။ ဟာဗေး၏မျက်လုံးများတွင် စိတ်ထိခိုက်သည့် အရိပ်အငွေ့ တိတ်တခိုးထင်ဟပ်နေသည်။

“ကျွန်တော် ပြောချင်တာက ကျွန်တော့်ကို အရက်မသောက်ရအောင် အရက်မရောင်းရဘူးလို့လုပ်ထားတာဟာ လုံးဝအဓိပ္ပာယ်မရှိဘူးလို့ ထင်တယ်”

“မှန်ပါတယ် ဒေါက်တာ၊ ဒါပေမယ့် ကျွန်တော် ခင်ဗျားရဲ့ မိတ်ဆွေ မစ္စတာအစ္စမေးနဲ့ စကားပြောခဲ့ရပါတယ်။ မျှော်လင့်ချက်မရှိလောက်အောင် ဆိုးဝါးနေတဲ့ ခပ်ကြမ်းကြမ်း ခပ်ရမ်းရမ်း လူတွေဟာ ဆေးကြမ်း ဓာတ်ကြမ်း လိုအပ်ပါတယ်။ ခင်ဗျား ကျွန်တော့်သင်္ဘောပေါ်မှာ အရက်ကို တစ်စက်မျှ သောက်ခွင့်ရမယ် မဟုတ်ပါဘူး။ ခင်ဗျားကလည်း မသောက်ပါဘူးလို့ ဆုံးဖြတ်ထားဖို့ လိုကောင်းလိုပါလိမ့်မယ်။ ဒီကိစ္စမှာ ခင်ဗျားပြန်လာတဲ့ အခါကျတော့ ကျွန်တော့်ကို ကျေးဇူးတင်လာမှာပါ”

“ဩော်. . . ဩော်. . . ကျွန်တော်သိပြီ”

ဟု ဟာဗေးက အော်ကြီးဟစ်ကျယ် ရေရွတ်သည်။

"ကျွန်တော့်ကို ကယ်တင်ဖို့ ဆိုပါတော့။ ကျွန်တော်ပြန်လာချိန်မှာ ညဏ်အလင်းရောင်နဲ့ ပြန်လာနိုင်အောင် ဝိုင်းပြီး ကူညီစောင့်ရှောက်နေကြတာပေါ့လေ၊ ဟင်း။ အတော့်ကို ရယ်စရာကောင်းတာပါလား. . . ကွယ်တို့။ ဘုရား . . . ဘုရား၊ ဖြစ်မှဖြစ်ရလေတယ်။ လူ့လောကကြီး ထာဝရ တည်တံ့ခိုင်မြဲပါစေသော်။ အချင်းအချင်း မေတ္တာထားပါ၊ ကရုဏာထားပါ၊ ဟုတ်လားဟား . . . ဟား . . . ဟား . . . ။ သူတို့က ကျုပ်ကို သွေးတွေပြည့်နေတဲ့ တွင်းထဲကို ကန်ချလိုက်တယ်။ အခုတစ်ခါ အဲဒီသွေးတွင်းထဲက ကျုပ်ကို ပြန်ကန်ထုတ်ကြဦးမယ်ပေါ့၊ ဟုတ်လား။ ကောင်းပါတယ်၊ သိပ်ကောင်း"

ကပ္ပတိန်သည် သူ့အကြည့်ကို နံရံပေါ်မှ မြေပုံပေါ်သို့ လွှဲလိုက်သည်။ ထို့နောက် အတန်ကြာမှ ဟာဗေးဘက်သို့ ပြန်လှည့်သည်။ လက်ထဲမှ ကလောက်တံဖြင့် စားပွဲကို ညင်သာစွာ ခေါက်နေသည်။

"ခင်ဗျား အခြေအနေဆိုးတစ်ခုနဲ့ ကြုံခဲ့ရတယ်ဆိုတာကို ကျွန်တော်နားလည်ပါတယ်"

ဟု ကပ္ပတိန်က အေးဆေးသောလေသံဖြင့် ပြောသည်။

"ဒါနဲ့ ပတ်သက်လို့ကတော့ ကျွန်တော် ခင်ဗျားအပေါ် ကိုယ်ချင်းစာပါတယ်"

"ကျွန်တော် ခင်ဗျားရဲ့ ကိုယ်ချင်းစာနာမှုကို လုံးဝမလိုချင်ဘူး"

ဟု ဟာဗေးက ဒေါသတကြီး ပြောသည်။ သူ့မျက်နှာသည် တင်းမာနေသည်။ ဆိုးဆိုးဆတ်ဆတ် လှုပ်နေသည်။ သူသည် ချာခနဲလှည့်ကာ အခန်းထဲမှ ပြန်ထွက်သည်။ ချက်ချင်းပင် သူသည် ဖျားနာချင်သလိုလို ခံစားလာရသည်။ သူ့ခေါင်းသည် နာကျင်ကိုက်ခဲလျက်ရှိ၏။ နေ၏အလင်းရောင်သည် ပင်ပန်းနွမ်းနယ်နေသော မျက်လုံးများကို စူးစူးရှရှတိုးသည်။ အားအင်ကုန်ခန်းမှုသည် သူ့တစ်ကိုယ်လုံးကို လွှမ်းခြုံသွားသည်။ သူသည် သူ့ကိုယ်သူ အစွမ်းကုန်ထိန်းချုပ်ကာ အခန်းထဲပြန်ဝင်ခဲ့သည်။ သူ့အိပ်စင်ပေါ်သို့ ခြေပစ်လက်ပစ် လှဲချလိုက်သည်။ သူ့နှုတ်ခမ်းဖျားဆီမှ ငိုသံနှင့်တူသော အသံတစ်သံသည် ခပ်တိုးတိုး ထွက်ပေါ်လာလျက်ရှိ၏။

*

## [လေး]

ကပ်နေသော အခြားအခန်းထဲတွင် ယောကျ်ားတစ်ယောက်နှင့် မိန်းမတစ်ယောက်သည် နေရာကျဉ်းကျဉ်းကလေးတွင် အတူတူတွဲရပ်ကာ ဘုရားရှိခိုးလျက်ရှိကြသည်။ သူတို့သည် လက်များကိုယှက်ကာ ဦးခေါင်းကိုမော့၍ စိတ်အားထက်သန်စွာ အာရုံပြုလျက်ရှိကြလေသည်။

ယောကျ်ားမှာ အသက်သုံးဆယ်ခန့်၊ အရပ်ထောင်ထောင်မောင်းမောင်း၊ မီးခိုးရောင်ဝတ်စုံနှင့် ထည်ဝါခန့်ညားသော ဥပတိရုပ်ပိုင်ရှင်ဖြစ်၏။ လူချောလူလှတစ်ဦး ဖြစ်သည်။ ဖြူဆွတ်သော လက်များသည် နူးညံ့ပျော့ပျောင်းလှ၏။ ခပ်ကျယ်ကျယ်ရေရွတ်နေသော အသံသည် သြဇာနှင့်ပြည့်စုံကာ အောင်မြင်ခန့်ညားလှသည်။ အမေရိကန်လေသံ ပါနေသော်လည်း နားထောင်၍ ကောင်းလှပေသည်။

"အို. . . အဘဘုရားသခင်၊ တပည့်တော်တို့၏ သာသနာပြုအဖွဲ့အား မင်္ဂလာကောင်းချီး ပေးတော်မူပါ"

ဟု သူ့နှုတ်မှ ရေရွတ်သံ ထွက်ပေါ်လာသည်။

"အမှန်တရားကို မမြင်မသိဘဲ အမှောင်ထုအတွင်း၌ ရောက်နေကြရှာသော ဤကျွန်းများပေါ်သို့ အဘဘုရားသခင်က အလင်းရောင်ဖြန့်ကြက်လွှမ်းခြုံပေးတော်မူပါ။ ဤကျွန်းများပေါ်ရှိ လူအများသည် တောကြီးမျက်မည်းထဲအတွင်း၌ လှည့်လည်သွားလာကာ အမှန်တရားကိုမသိဘဲ လမ်းစပျောက်နေသူများ ဖြစ်ကြပါသည်။ အရှင်မြတ်၏ နောက်ဝယ် တပည့်သားမြေး ဖြစ်ကြသော တပည့်တော် ရောဘတ်နှင့် ဆူဆန်ထရန်းတားတို့အား အဘဘုရားသခင်၏ အထောက်အကူများအဖြစ် အသိအမှတ် ပြုတော်မူပါ။ အို. . . အဘဘုရားသခင်၊ တပည့်တော်တို့နှင့် အတူတကွ ရှိတော်မူပါ။

"အဘဘုရားသခင်၏ နောက်လိုက်ဖြစ်သော ရောဘတ်အား လူမျိုးခြား ဘာသာစကား သင်ကြားရာ၌ အပြည့်အဝတတ်မြောက်အောင် ကူညီတော်မူပါ။ ဆူဆန်ကိုလည်း သန့်စင်သော စိတ်နှင့် ခွန်အားကို ပေးတော်မူပါ။ တပည့်တော်တို့နှင့် အမြဲတစေ အတူတကွရှိကာ စောင့်ရှောက်တော်မူပါရန် အသနားခံပါ၏။ တပည့်တော်တို့အား ဇွဲ၊ သတ္တိကို ပေးတော်မူပါ။ နာဖျားမကျန်းမမာဖြစ်မှုများ၊ သွေးဆောင်ဖျက်ဆီးမှုများနှင့် မယုံကြည်သူများ၏ ပြက်ရယ်သူများကို ခံနိုင်ရည်ရှိအောင် ကြံ့ခိုင်သော စိတ်ဓာတ် ပေးတော်မူပါ"

အမျိုးသားထံမှ ဆုတောင်းမှုကို အဆုံးသတ်လိုက်သည့်အခါ အမျိုးသမီးက 'အာမင်း' ဟု ကျယ်လောင်စွာ ရေရွတ်လိုက်သည်။ ထို့နောက်-

"အို. . . ဘုရားသခင် တပည့်တော်မ၏မောင် ရောဘတ်၏ ကျန်းမာရေးကို တိုးတက်ကောင်းမွန်လာအောင် စောင့်ရှောက်ပေးတော်မူပါ၊ အာမင်း"

ဟု ဆုတောင်းသည်။

ဆူဆန်သည် သူ့မောင် ရောဘတ်လောက် အရပ်မမြင့်၊ ရောဘတ်ကဲ့သို့လည်း မချော။ ကိုယ်လုံးကိုယ်ထည်က ခပ်လုံးလုံး ခပ်တုတ်တုတ်။ အချိုးအစားက သိပ်မကျ၊ သိပ်ပြေပြေပြစ်ပြစ်မရှိ။ လက်များသည် ကြီးမားတုတ်ခိုင်သည်။ နှာခေါင်းသည် အပေါ်သို့ လန်တန်တန်ဖြစ်နေသည်။ မျက်နှာသည် ရွက်ကြမ်းရေကျိုရုပ်မျိုး ဖြစ်သည်။ အညိုရောင်မျက်လုံးများ

သည် သေးငယ်သော်လည်း ကြည်လင်တောက်ပနေသည်။ ဘုရားသခင်အား ချစ်ခြင်းနှင့် သူ့မောင် ရောဘတ်အား ချစ်ခြင်းကို အထင်အရှားဖော်ပြနေကြလေသည်။

မောင်နှမနှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက်ကြည့်၍ ပြုံးလိုက်ကြသည်။

"အခုခရီးက သိပ်မကြာပါဘူး အစ်မရယ်"

ဟု ရောဘတ်က ပြောသည်။

"ကျွန်တော့်စိတ်အထင် လတ်စ်ပါလ်မားစ်ကို ခုနစ်ရက်ဆို ရောက်မှာပါ။ နောက်တစ်ရက်ကျရင် အိုရိုတာဗာကို ရောက်မယ်။ နောက်တစ်ရက်ဆို ဆန်တာကရုဇ်ကို ရောက်မှာပဲ။ လွန်ခဲ့တဲ့ သီတင်းနှစ်ပတ်က မုန်တိုင်းအလွန်ထန်တဲ့ အတ္တလန္တိတ်သမုဒ္ဒရာကြီးကိုတောင် ဖြတ်ခဲ့ပြီးပြီပဲ။ အခုခရီးလောက်ကတော့ အစ်မလို မာကျောတဲ့ လူတစ်ယောက်အဖို့ မပြောပလောက်ပါဘူး"

ရောဘတ်သည် ဆက်တီကုလားထိုင်တွင် ဝင်ထိုင်ကာ သေတ္တာကို ဖွင့်နေသော သူ့အစ်မ ဆူဆန်အား ကြည့်နေသည်။

"အစ်မ သိမှာပါ"

ဟု သူ့စကားကို ပြန်ဆက်သည်။

"ဆန်တာကရုဇ်ရောက်ရင် ကယ်တင်ရေးလုပ်ငန်းဟာ အဆင်ပြေဖို့ များပါတယ်။ ဆရာတော်ဟီရမ်မက္ကအေတီက ကျွန်တော့်ဆီ စာရေးထားတယ်။ သူ့စာက ကျွန်တော့်ကို အားပေးထားတယ်။ သူပြောတဲ့အတိုင်းပဲ အချိန်က အချိန်ကောင်း ရောက်နေပြီ။ တော်လှန်ရေးကြောင့် အပြောင်းအလဲတွေကလည်း အကြီးအကျယ်ဖြစ်နေပြီ မဟုတ်လား။ ကျွန်တော်တို့အမိနိုင်ငံစပိန်မှာ ခေတ်ဟောင်း စနစ်ဟောင်းတွေ ဖရိုဖရဲနဲ့ ပြိုလဲကုန်ပြီ။ အဲဒီကျွန်းတွေပေါ်မှာလည်း အခြေအနေတွေက အဲသလိုဖြစ်ကုန်ပြီဆိုတော့ ကျွန်တော်တို့ရဲ့အလုပ်ဟာ အောင်မြင်မှာပါ"

ဆူဆန်သည် အလုပ်တစ်ဖက်နှင့်ဖြစ်၍ သူ့မောင်ပြောသမျှ စကားများတွင် သိပ်ပြီး အာရုံမဝင်စားနိုင်။ သို့သော်လည်း သူသည် သူ့မောင်အား

တစ်ချက်မျှ ပြုံး၍ကြည့်ကာ အလိုက်သင့်ပြန်ပြောသည်။

"အစ်မကတော့ မင်းနဲ့မခွဲမခွာဆိုရင် ဘယ်နေရာမှာပဲ အလုပ်လုပ်ရ လုပ်ရ ဝမ်းသာစွာနဲ့ လုပ်မှာပဲ။ အခုပုံအတိုင်းဆိုရင် ရာသီဥတုကလည်း မင်းကျန်းမာရေးကို အထောက်အကူပြုလိမ့်မယ်ဆိုတာ သိနေရတော့ အစ်မ သိပ်ဝမ်းသာတယ်"

ရောဘတ် ခေါင်းညိတ်သည်။

"အခက်အခဲကတော့ရှိမှာပါ အစ်မရယ်။ ကျွန်တော်တို့မှာ ဘာသာ စကား ပြဿနာတော့ ရှိမှာသေချာတယ်။ ဒီပြဿနာမျိုးက အရင်တစ်ခါ လည်း ကြုံဖူးတာပဲ။ ဒီလိုပဲ ကျော်လွှားခဲ့ကြရတာပဲမဟုတ်လား။ ဆန်တာ ကရုဇ်မှာရှိတဲ့ ဘာသာစကားက အုတ်ကီးဗီးလ်နဲ့ သိပ်ပြီးကွာလှမယ် မထင်ပါဘူး"

ရောဘတ်၏ ဝင်းလက်တောက်ပနေသော မျက်လုံးအစုံသည် သူ၏ စိတ်အားထက်သန်မှုကို ဖော်ပြနေကြသည်။ သူသည် ကွန်နက်တီးကပ် ပြည်နယ်၏ 'ဆဲဗင်းဒေးယူတီနီအဖွဲ့' မှ သာသနာပြုတစ်ဦးဖြစ်၍ ကယ် တင်ရှင် ဘုရားသခင်၏ တရားဓမ္မများကို ဆန်တာကရုဇ်ရှိ စပိန်လူမျိုးများ ကြား၌ ပျံ့နှံ့သက်ဝင်သွားအောင် အားထုတ်ရမည့်သူဖြစ်သည်။

"အခုဆိုရင် ကျွန်တော်တို့ဟာ ကြင်နာမှုနဲ့တွေ့နေရပြီ အစ်မ"

ဟု ရောဘတ်က ဆက်ပြောသည်။

"ဒါမင်္ဂလာရှိတဲ့ နိမိတ်ပဲ။ စားသောက်ခန်းမကြီးထဲမှာ ရပ်ပြီး လက် ဆွဲ ဘာဂျာနဲ့ ဘုရားသခင်ရဲ့ ဓမ္မတေးသီချင်းတွေ ကျွန်တော်တီးမယ်ဆိုရင် ကပ္ပတိန်က မကန့်ကွက်ပါဘူးလို့တောင် ပြောထားပြီးပြီမဟုတ်လား"

"အေးပေါ့ကွယ်၊ ဒါပေမယ့် အဲဒီအလုပ်ကို တနင်္ဂနွေနေ့မှာလုပ်ရင် ပိုကောင်းမယ်လို့ထင်တယ် ရောဘတ်ရဲ့"

ဟု ဆူဆန်က အကြံပြုသည်။

"ဒါပေါ့လေ၊ သင့်သလိုလုပ်ကြတာပေါ့။ ဘာပဲဖြစ်ဖြစ် အစကတော့ ကောင်းနေတာသေချာပြီ အစ်မရဲ့ သိလား"

ဟု ရောဘတ်က ပြောကာ အခန်းပတ်ဝန်းကျင်ကို လှည့်ကြည့်သည်။

“ကျွန်တော် စိတ်မကောင်းဖြစ်တာ တစ်ခုပဲရှိတယ်။ အစ်မမှာ ကိုယ်တစ်ယောက်တည်းနေဖို့ အခန်းမရတာကတော့ တော်တော်ခွကျတယ်။ သူစိမ်းတစ်ယောက်နဲ့ အတူတူတွဲနေရတာမျိုးက မကောင်းဘူးပေါ့ အစ်မရယ်”

“ကိစ္စမရှိပါဘူး ရောဘတ်ရယ်”

ဟု ဆူဆန်က ပြန်ပြောသည်။

“အရေးကြီးတာက မင်း အဆင်ပြေဖို့ပဲ”

“အစ်မ၊ သူ့ကိုကော တွေ့ပြီးပြီလား၊ နာမည်က မစ္စက်ဟဲမင်းဝေး ဆိုလား ဘာလား၊ သူတို့ပြောတာ ကျွန်တော်တို့ ကြားခဲ့ရတယ်လေ။ အင်္ဂလိပ်မလို့ ပြောတာပဲ။ သူက ဆန်တာကရုဇ်ကို ပြန်တာတဲ့။ နေတာလည်း နှစ်ပေါင်းမနည်းကြာပြီတဲ့။ တကယ်လို့ သူဟာ ခရစ်ယာန် တစ်ယောက် ဖြစ်ရင်တော့ ကျွန်တော်တို့အတွက် အကူအညီရချင်ရမယ်”

သူ့စကားအဆုံးတွင် သဘော်ခရီးသည် အခန်းတံခါးသည် ဖြုန်းခနဲ ပွင့်သွားပြီး အထဲသို့ ဘာမပြော ညာမပြောနှင့် မျက်နှာနီရဲရဲ အရပ်ပုပု ဝဝတုတ်တုတ် မိန်းမကြီးတစ်ယောက် ဝင်လာသည်။ သူသည် တွန့်ကြေခေါက်လိပ်နေသော စကပ်ကို လက်နှစ်ဖက်ဖြင့် သပ်သပ်ရပ်ရပ်ဖြစ်အောင် ဆွဲချနေသည်။ သူကား အီလီဇာဟဲမင်းဝေး ဆိုသူပေတည်း။

အီလီဇာဟဲမင်းဝေးသည် အလွန်ဝသော မိန်းမကြီးတစ်ယောက် ဖြစ်၏။ စူထွက်နေသသော ဗိုက်ကြီးသည် အခန်းကလေးထဲတွင် နေရာများစွာ ယူတော့မည့်နှယ် ရှိသည်။ မိန်းမကြီး၏ ပုံပန်းကိုကြည့်ကာ ရောဘတ်သည် နောက်သို့ ခြေတစ်လှမ်း နှစ်လှမ်းမျှ ဆုတ်လိုက်မိသည်။ အီလီဇာ၏ မျက်နှာသည် အကင်းပါးသည့် အရိပ်လက္ခဏာရှိသည်။ ပါးနှစ်ဖက်ကတော့ ဝဝဖောင်းဖောင်းနှင့် ဘေးသို့ စူထွက်နေကြပြီး နဖူးက မောက်နေသည်။ သူ့မျက်နှာသည် ဖားပြုတ်ကြီးတစ်ကောင်နှင့် တူလှချေသည်။

ရောဘတ်ထရန်းတားသည် အီလီဇာအား မယုံသင်္ကာသော မျက်နှာထားဖြင့် ကြည့်နေရာမှ. . .

“ထိုင်ပါလား ခင်ဗျာ”

ဟု ပြောကာ ကုလားထိုင်ကို လက်ညှိုးထိုးပြသည်။

အီလီဆာက နားဆွဲနှစ်ဖက် လှုပ်ရမ်းနေအောင် ခေါင်းကို တအား ခါပြီး ဘော်လီအကျႌကို အပြင်မှနေ၍ လက်ဖြင့်စမ်းကာ နေရာပြင်လိုက်သည်။ ထို့နောက် အောက်ဘက် အိပ်ခန်းဆီသို့ လျှောက်သွားကာ လှဲအိပ်လိုက်သည်။

“အမလေးတော်၊ အခုမှပဲ နေရာရတာ အသက်ရှုချောင်သွားတယ်”

ဟု အော်ကြီးဟစ်ကျယ် ရေရွတ်သည်။

ရောဘတ်သည် အီလီဇာ၏ လုပ်ပုံကိုင်ပုံကိုကြည့်ကာ စိတ်မသက်မသာ ဖြစ်နေရာမှ တတ်နိုင်သမျှ ယဉ်ကျေးသိမ်မွေ့အောင် ကြိုးစားပြီး လှမ်းပြောသည်။

“အောက်အိပ်စင်က ကျွန်တော့်အစ်မရဲ့ အိပ်စင် ဖြစ်လိမ့်မယ်ထင်ပါတယ် မဒမ်။ သူက သဘော်စီးရင်း လှိုင်းသိပ်မူးတတ်တယ်။ အပေါ်အိပ်စင်မှာသာဆိုရင် တအားလူးလိမ့်နေမှာ”

အီလီဇာက ပြုံးဖြီးဖြီးလုပ်ကာ ရောဘတ်အား ကြည့်သည်။

“ကျုပ် ဒီပေါ်မှာ မလှဲခင်တုန်းကတော့ ဘာပြုလို့မပြောတာလဲ။ အခုလို နေရာယူပြီးကာမှပြောတော့ ခွကျတာပေါ့။ မင်းပြောတာကို လေးစားတော့ လေးစားပါတယ်။ ဒါပေမယ့် အသက်ကြီးတဲ့လူက အောက်အိပ်စင်နဲ့ပဲ တော်တယ်လေ။ ကျုပ်ကတော့ အပေါ်အိပ်စင်ပေါ်က မင့်အစ်မ ငါ့အပေါ် လိမ့်မကျလာပါစေနဲ့လို့ ဆုတောင်းနေရုံကလွဲပြီး ဘာမျှမတတ်နိုင်တော့ဘူး ကွယ်။ ဟီး . . . ဟီး . . . ဟီး”

မာသာဟဲမင်းဝေး (အီလီဇာ)သည် သားရေအိတ်တစ်လုံးကို ဖွင့်ကာ သူ၏ လက်တုတ်တုတ်ကြီးဖြင့် နှိုက်နေသည်။ အညိုရောင်ဆေးပြင်းလိပ် တစ်လိပ်ကိုထုတ်၍ မီးညှိပြီး ဖွာသည်။ သူသည် နှုတ်ခမ်းများကိုစူကာ ဆေးလိပ်ငွေ့များကို ကွင်းကလေးများ ဖြစ်သွားအောင် အပေါ်သို့မော့၍ မှုတ်ထုတ်လိုက်သည်။ သူသည် ဆန်တာရုဇ်၌ နေထိုင်ခဲ့ပုံများကို ပြောပြနေသည်။

ရောဘတ်သည် မသက်မသာမျက်နှာထားဖြင့်ကြည့်၍ နားထောင်

နေရာမှ-

“ခင်ဗျားက ဆန်တာကရုဇ်မှာ နေတာလား”

“နှစ်သုံးဆယ်ရှိသွားပြီ”

ဟု မာသာဟဲမင်းဝေးက ဆေးလိပ်မီးခိုးများကို မှုတ်ထုတ်ပြီး ပြောသည်။

“ကျုပ်ယောက်ျားက ခရစ္စတိုဖာသင်္ဘောမှာ အလုပ်လုပ်တယ်။သင်္ဘောက ကမ်းရိုးတန်းသင်္ဘော၊ တန်ချိန် ငါးရာရှိတယ်။ တစ်နေ့မှာ ကျောက်ဆောင်နဲ့ တိုက်မိပြီး ပင်လယ်အောက် မြုပ်သွားတယ်။ ဒါနဲ့ပဲ ကျုပ်ဆန်တာကရုဇ်မှာ ဆက်နေလာတာပဲ”

ဟု ရောဘတ်က ပြောသည်။

“ခင်ဗျားဟာ တော်တော့်ကို ခံနိုင်ရည်ရှိတာပဲ မဒမ်”

ဟု ရောဘတ်က ပြောသည်။

“ဒါနဲ့ စကားမစပ် စပိန်လူမျိုးတွေဟာ သဘောသဘာဝ ကောင်းကြရဲ့လား”

“မင်းတွေ့လာမှာပါ”

ဟု မာသာဟဲမင်းဝေးက ပြန်ပြောသည်။

“ကျုပ်ကတော့ သူတို့ကို  သဘောကျတယ်လည်းမဟုတ်ဘူး၊ မုန်းတယ်လည်းမဟုတ်ဘူး၊ သူတို့လည်း လူသားတွေပဲ။ ကျွန်းတွေပေါ် နေကြတာက စပိန်တွေတင်မကဘူး၊ လူမျိုးစုံနေတာ၊ နီဂရိုးတွေလည်းပါတယ်။ ဟိုလေ ဟိုစကားပုံတစ်ခု ကြားဖူးကြတယ်မဟုတ်လား။ ‘ငါတို့အားလုံးဟာ အရေပြားအောက်ကျတော့ အတူတူပါပဲ’ ဆိုတဲ့ စကားပုံလေ”

“ခင်ဗျားက ဟိုမှာ စီးပွားရေးလုပ်လား၊ ဆန်တာကရုဇ်မှာ ပြောတာပါ”

ဟု ရောဘတ်က မေးသည်။

“ဟုတ်တယ် ဆီညော်၊ မြို့ထဲမှာ ဟိုလိုလိုဒီလိုလို အသေးစားအလုပ်ကလေးတစ်ခု လုပ်တယ်”

ထောင့်ထဲ၌ထိုင်နေသော ဆူဆန်သည် မိန်းမကြီးအား ငြိမ်ဆိတ်စွာ

အကဲခတ်နေရာမှ အံ့ဩသော မျက်နှာထားဖြင့် ဝင်မေးသည်။

“ဟိုလိုလိုဒီလိုလိုဆိုတာ ဘာကိုပြောတာလဲ”

မာသာဟဲမင်းဝေးသည် ဆေးပြင်းလိပ်ကို ကြမ်းပေါ် ချွေချလိုက်ပြီး ပါးစပ်ထဲ ကပ်နေသော ဆေးချေးဖတ်ကို ထွီခနဲ ထွေးထုတ်လိုက်သည်။ ဆူဆန်ဘက် လှည့်ကြည့်ပြီး ပြုံးဖြီးသည်။

“ဟိုတယ်လိုဟာမျိုးပါကွယ်၊ ရိုးရိုးလေးပါ။ အိပ်ရာပေးတယ်၊ မနက်စာကျွေးတယ်၊ အဲဒါမျိုးလေးပါ”

ထိုအခါ ငြိမ်ဆိတ်သွားသည်။ ဆူဆန်သည် အမှတ်တမဲ့နှင့် ဆေးပြင်းလိပ် မီးခိုး ရှူလိုက်မိသဖြင့် ဆေးသီးကာ ချောင်းတဟွတ်ဟွတ်ဆိုးလာသည်။ ထိုအခါကျမှပင် ရောဘတ်ထရန်းတား၏ အာရုံသည် ထောင်းထောင်းထနေသော ဆေးပြင်းလိပ်နံ့ကို သတိရလာသည်။ သူသည် ကပျာကယာ ရေတစ်ခွက်ထခပ်ကာ ဆူဆန်အား လှမ်းပေးသည်။ သူသည် ချောင်းတစ်ချက် ဟန့်လိုက်ပြီး မာသာဟဲမင်းဝေးဘက် လှည့်ကြည့်သည်။

“ဒီမယ်. . . မဒမ်၊ အခု ကျွန်တော်ပြောတဲ့စကားကို စိတ်တော့ မဆိုးပါနဲ့။ ကျွန်တော်တို့ဟာ ခရစ်ယာန်တွေပါ။ ကျွန်တော့်အစ်မနဲ့ ကျွန်တော်တို့ဟာ အမေရိကန်နိုင်ငံ ကွန်နက်တီးကပ်ပြည်နယ်ရဲ့ ဆဲဗင်းဒေးယူနိတ္ထိ သာသနာပြုအဖွဲ့က သာသနာပြုတွေပါ။ ကျွန်တော်တို့ဟာ ဆေးလိပ်မသောက်ကြပါဘူး။ အထူးသဖြင့် မိန်းမတွေဆိုရင် ဆေးလိပ်မသောက်ကြတာ များပါတယ်။ မဒမ်သိတဲ့အတိုင်းပဲ ကျွန်တော့်အစ်မက ဆေးလိပ်နံ့ကို လုံးဝမခံနိုင်ဘူး။ အဲဒီတော့ ကျွန်တော် တောင်းပန်ချင်တာက အခု ခရီးမှာ ဒီအခန်းထဲမှာ ဆေးပြင်းလိပ်မသောက်ဖို့ မေတ္တာရပ်ခံပါရစေ”

မာသာဟဲမင်းဝေးသည် ပါးစပ်ကြီးဟကာ ရောဘတ်အား မျက်လုံးကြီးပြူး၍ ကြည့်နေသည်။ ထို့နောက် ဝါးလုံးကွဲ ရယ်ချလိုက်သည်။ အားရပါးရ အော်ရယ်နေခြင်းဖြစ်၍ သူ့ဝဝတုတ်တုတ်ကိုယ်ကြီးသည် သိမ့်သိမ့်တုန်နေရုံမျှမက စူထွက်နေသော ဗိုက်ကြီးကလည်း တလှုပ်လှုပ်ဖြစ်နေသည်။

“ဒီစကားကတော့ အားကြီးရယ်စရာကောင်းတာပဲ ဆီညော်၊ ဟား . . .

ဟား . . . ၊ ဟီး . . . ဟီး . . . ဟီး . . . ဟီး . . . ၊ ကျုပ်ကတော့ တစ်လကို ဆေးပြင်းလိပ် အလိပ်တစ်ရာလောက် သောက်တဲ့ ကောင်မ ဆီညော်ရဲ့။ ဆေးပြင်းလိပ်က ကျုပ်ကိုယ်တိုင် ထုတ်လုပ်နေတာ။ ပါဖက်တိုဟဲမင်းဝေး ဆေးပြင်းလိပ်ပဲ။ လတ်စ်ပါလ်ဗားစ်မှာတင် လိပ်တဲ့ ဆေးလိပ်ပေါ့။ ဆေးပြင်းလိပ်ကတော့ မသောက်ဘဲမနေနိုင်ဘူး။ မင်းက ကယ်တင်ခြင်းတွေ ဘာတွေ လာလုပ် လည်း ကျုပ်ကတော့ မရပ်နိုင်ဘူး"

ရောဘတ်၏မျက်နှာသည် နီရဲသွားသည်။ သူ စကားပြန်ပြောရန် ဟန်ပြင်နေခိုက်တွင် ဆူဆန်က ကြားဖြတ်သည်။

"ပြောနေလို့မကောင်းဘူး ရောဘတ်၊ သူ့ဘာသာ သောက်ချင် သောက်ပါစေ၊ အစ်မ ဖြစ်အောင်ကြိုးစားပြီး နေသွားမယ်"

မာသာဟဲမင်းဝေးသည် ဆူဆန်စကားကို များစွာ သဘောကျသွား သည်။

"သူပြောတာ သိပ်ဟုတ်တယ်။ ဒီခရီးလမ်းမှာ ကျုပ်နဲ့သူနဲ့ ဆန်တာ ကရုဇ် ရောက်ရင် ငယ်ပေါင်းကြီးဖော်တွေလို ရင်းနှီးသွားကြမှာ သေချာပါ တယ်"

သူသည် စကားကို မဆက်သေးဘဲ ရောဘတ်အား စွေစောင်းပြီး ခိုးကြည့်သည်။

"မစ္စတာက လူချောလူလှပဲ"

ဟု မှတ်ချက်ချသည်။

ရောဘတ်ထရန်းတားသည် ဘာမှ ပြန်မပြောဘဲ မာသာဟဲမင်းဝေး အား ပြန်ကြည့်သည်။ ထို့နောက် ဆူဆန်ဘက်လှည့်၍. . .

"ကျွန်တော် ကိုယ့်အခန်းကိုယ်ပြန်ဦးမှ။ အစာမစားခင် တစ်နာရီ လောက် စာဖတ်လိုက်ဦးမယ်"

ဟု ပြောသည်။

ဆူဆန်က ခေါင်းညိတ်ပြသည်။ ရောဘတ်သည် ခေါင်းကိုမော့ကာ အခန်းတံခါးကိုဖွင့်၍ အပြင်သို့ ထွက်သွားသည်။

ကုန်းပတ်ထက်တွင် လေသည် အရှိန်ပြင်းစွာ တိုက်ခတ်လျက်ရှိသည်

ဖြစ်ရာ အေးစိမ့်နေသည်။ မြစ်ဝသည် နောက်ဘက်တွင် ကျန်ရစ်ခဲ့လေပြီ။

ဆိပ်ကမ်းသည်လည်း ဝေး၍ဝေး၍ ကျန်ရစ်ခဲ့ပြီဖြစ်၍ မှုန်ဝါးဝါးမျှသာ မြင်ရသည်။ အပြင်ရောက်၍ လေအေးနှင့် တွေ့လိုက်သည်နှင့် တစ်ပြိုင်နက် ရောဘတ်၏ စိတ်သည် အေးဆေးတည်ငြိမ်လာသည်။

သူသည် သင်္ဘော၏ လက်ယာဘက်ရှိ စင်္ကြံလမ်းအတိုင်း လျှောက်လာသည်။ ထိုအခိုက်တွင် အခြားတစ်ဖက်မှ မစ္စက်အီလစ်ဆာဘန်ဟန်သည် ရောဘတ်ဘက်သို့ လျှောက်လာနေသည်။ ရောဘတ်က ဦးထုပ်ကို လက်နှင့်ကိုင်ကာ ဘေးဖယ်၍ ရပ်ပေးသည်။ သူ့နံဘေးကပ်၍ ဖြတ်သွားသည့်အခါ ရောဘတ်က-

"မင်္ဂလာနံနက်ခင်းပါ"

ဟု နှုတ်ဆက်သည်။

အမှန်တော့ ယဉ်ကျေးမှုအနေဖြင့် နှုတ်ဆက်ခြင်းမျှသာ ဖြစ်၏။ သူ့စိတ်ထဲတွင် ထို့ထက်ပို၍ ထူးခြားသောဆန္ဒ မရှိပေ။

သို့သော်လည်း မစ္စက်အီလစဆာဘန်ဟန်ကတော့ သူ့အား ပြန်၍ နှုတ်ဆက်ဖို့မဆိုထားနှင့် လှည့်၍ပင်မကြည့်။ သူ့မျက်လုံးအစုံသည် ရှေ့တည့်တည့်ကိုသာ စူးစိုက်လျက်ရှိ၏။ ထောင့်အရောက်တွင် အခြားတစ်ဖက်သို့ ချိုးဝင်ကာ ပျောက်ကွယ်သွားသည်။

ရောဘတ်သည် စိတ်ထဲတွင် မတင်မကျဖြစ်နေသည်။ သူနှုတ်ဆက်သည်ကို ဟိုအမျိုးသမီး မကြားလို့ထင်ပါရဲ့။ သူသည် ခပ်ဖြည်းဖြည်း ဆက်လျှောက်လာသည်။

သူ့မျက်စိထဲတွင် အမျိုးသမီး၏ မျက်နှာကို မြင်ယောင်နေဆဲ။ သူသည် မကြည်လင် မရွှင်မပျသောစိတ်ဖြင့် သူ့အခန်းတွင်းသို့ ဝင်လာခဲ့လေသည်။

*

[၄း]

သဘော်သည် အိုင်းရစ်ပင်လယ်တွင်းသို့ ဝင်ရောက်လာခဲ့ပြီး ခရီးသည်များသည် သဘော်ကပ္ပတိန်နှင့်အတူ စားသောက်ခန်းထဲ၌ နေ့လယ်စာ စားနေကြသည်။

'ဩရီယိုလာ'သည် ကုန်တင်သဘော်ဖြစ်၏။ လူအများက ငှက်ပျောသီးတင်သဘော်ဟု သိနေကြသော်လည်း ကပ္ပတိန်ပီတာရင်တွန်အဖို့တော့ သူ့သဘော်သည် အလွန်ချစ်စရာကောင်းသောသဘော် ဖြစ်သည်။ အလွန်တောင့်တင်းခိုင်မာသောသဘော် ဖြစ်သည်။

တကယ်တော့ ကပ္ပတိန်ရင်တွန်သည် ပင်ကိုသဘာဝစိတ်က ပင်လယ်တွင် ပျော်မွေ့သူဖြစ်ပြီး ပင်လယ်ကို မြတ်နိုးသူဖြစ်သည်။ ထို့ကြောင့်လည်း ပင်လယ်အကြောင်းကို ကောင်းစွာသိသည်။

သူ့လူမျိုးများသည် ပင်လယ်ပြင်ထဲ ရွက်လွှင့်ကျက်စားခဲ့သူများဖြစ်၏။ သူတို့၏ သမိုင်းကြောင်းများကို ရင်တွန် ကောင်းစွာသိ၏။ သူတို့

ထဲမှ အခြားသူများထက် အစွမ်းထက်မြက်ပြီး ထူးခြားသော၊ ထင်ရှားသော ပုဂ္ဂိုလ်များအကြောင်းကိုလည်း သူ ကောင်းစွာသိ၏။

သူသည် သူ့ဘဝတစ်လျှောက်လုံး သင်္ဘောများနှင့် လိုက်နေသူဖြစ်၍ အမေရိကန်ပြည်ထောင်စု အနောက်တောင်ပိုင်း ရေလမ်းခရီး၏ ဆိုးဝါး ပြင်းထန်မှုများကို ကောင်းစွာသိနားလည်နေသူ ဖြစ်သည်။

သူသည် သူ့စာကြည့်တိုက်တွင် ထင်ရှားကျော်ကြားသည့် သင်္ဘော သားကြီးများအကြောင်း စာအုပ်များ စုဆောင်းသိမ်းဆည်းထားသူဖြစ်သည်။

သူအလေးစားဆုံး နယ်လ်ဆင်လို ပုဂ္ဂိုလ်မျိုးများအကြောင်း စာအုပ် များသည် သူအမြတ်နိုးဆုံး စာအုပ်များ ဖြစ်သည်။

သူစိတ်ဝင်တစားရှိလှသည့် အခါများတွင် သူသည် ထင်ရှားသော ပုဂ္ဂိုလ်ကြီးများအကြောင်းကိုသာမက သူရောက်ခဲ့သော ကျွန်းများနှင့် ထို ပုဂ္ဂိုလ်ကြီးများ မည်ကဲ့သို့ ဆက်စပ်ပတ်သက်ခဲ့သည်များကို စီကာပတ်ကုံး ပြောပြနေတတ်သည်။

စပိန်နိုင်ငံအတွက် နယ်သစ်ပယ်သစ် ရှာဖွေရင်း ထွက်လာသော ကိုလန်ဘတ်စ်က အမေရိကတိုက်ကို တွေ့ရှိသွားပုံ၊ ဒရိတ်နှင့် ဟော့စ်ကင်း တို့က လတ်စ်ပါလ်မတ်စ်ကျွန်းကို ဝင်ရောက်တိုက်ခိုက်ကြပုံ၊ ဆန်တာ ကရုဇ်၌ နယ်လီဆင်လက်တစ်ဖက် ဆုံးရှုံးရပုံ စသည် စသည်များကို ခရေ စေ့ တွင်းကျ ပြောပြတတ်လေသည်။

ကပ္ပတိန် ရင်တွန်သည် ယင်းကဲ့သို့သောလူစားမျိုး ဖြစ်၏။ သူသည် တင်းကျပ်သော အမိန့်အာဏာဖြင့် သူ့သင်္ဘောကို ထိန်းလှေ့ရှိသူဖြစ်သည်။ သူသည် သူ့စားပွဲကို အမြဲသန့်စင်နေအောင်ထားမှ ကျေနပ်သူ ဖြစ်သည်။

ထမင်းစား စားပွဲ၌ဆိုရင် လက်သုပ်ပဝါများ၌ အစွန်းအထင်းမရှိစေရ။ ဖန်ခွက်များသည် ကြည်လင်တောက်ပြောင်နေရမည်။ ဇွန်းခက်ရင်းများ သည် ဝင်းလက်နေရမည်။

စားပွဲ၌ထိုင်နေသူများ၏ မျက်စိများသည် အေးမြစေဖို့အတွက် ပန်း လှလှများ စိုက်ထားသည့် ပန်းအိုးများ ရှိနေရမည်။

သူ့အတွက် စားသောက်ခန်းသည် သင်္ဘောနောက်ပိုင်းတွင် တသီး

တခြား ရှိသော်လည်း ခရီးသည်များနှင့်အတူ ညစာစားခြင်းကို အလွန်လိုအပ်သည့် အရာတစ်ခုအဖြစ် မြင်သူ ဖြစ်သည်။

"သင်္ဘောကပ္ပတိန်တစ်ယောက်ရဲ့ ဘဝဟာ အလွန်အထီးကျန်နိုင်ပါတယ်"

ဟု သူက ပြောလေ့ရှိသည်။

"အခုလို ညစာစားရတာလေးဟာ သူ့အတွက် ရသင့်ရထိုက်တဲ့ ဆုပါ။ ပြီးတော့လည်း ဘာပဲဖြစ်ဖြစ် ကျွန်တော့်သင်္ဘောနဲ့ လိုက်ပါလာတဲ့ ခရီးသည်တွေဟာ ကျွန်တော်ဧည့်သည်တွေပဲ မဟုတ်လား"

ကပ္ပတိန်ရင်တွန်သည် သူ့ကြက်ဥကြော်ကို စားနေရင်းက စားပွဲမှ လူများကို ဝေ့ကြည့်သည်။ လေဒီဖီးလ်ဒင်းသည် သူ့ညာဘက်တွင် နေရာယူထားသည်။ လေဒီဖီးလ်ဒင်းနှင့် ကပ်လျက် ထိုင်နေရာမှာ သူ့စိတ်ထဲတွင် မြည်းတစ်ကောင်ဟုသာ မှတ်ထားသော ဒိန်းစ်ဒစ်ဘ်ဒင်း။

ထို့နောက် အလွန်လှသော်လည်း မကောင်းဆိုးဝါးမ တစ်ကောင်ဟု အသိအမှတ်ပြုထားသည့် မစ္စဘန်ဟန်၊ ပြီးတော့ သာသနာပြုဆရာ ထရန်းထား၊ ဒီလူကတော့ ခပ်ထုံထုံ ခပ်ထိုင်းထိုင်းနှင့် အပိုဆာဒါးတွေ အလွန်များသည့် လူတစ်ယောက်ဟု သူမြင်သည်။

သူကတော့ ယန်ကီးတွေကို ဘယ်တော့မှ နှစ်သက်လေ့မရှိ။ သူ့အဘိုးသည် အက်စ်အက်စ်အလာဘားမားသင်္ဘောဖြင့် ပိတ်ဆို့တိုက်ခိုက်ရန် အားထုတ်ခဲ့စဉ်က သေနတ်မှန်၍ ကျဆုံးခဲ့သည် မဟုတ်ပါလား။

သူ့ဘယ်ဘက်တွင်မူ ဆူဆန်ထရန်းတားမျက်နှာသည် ရိုးသားပွင့်လင်းမှုကို ဖော်ပြနေသည်။ ဤအချက်ကိုတော့ သူ သဘောကျသည်။

ဆူဆန်၏ ဘေးတစ်ဖက်တွင် လူမရှိသော ကုလားထိုင်။ ထို့နောက် သူ ကမ်းခြေတွင် တွေ့ခဲ့ဖူးသည့် ကော်ကိုရန်၊ ဒီလူကျတော့ သူသဘောမကျဘဲမနေနိုင်။ ထိုလူ၏ ဘေးတစ်ဖက်တွင်မူ သူ့သင်္ဘောနှင့် လိုက်ပါလာခဲ့ဖူးသူ ဝဝပြဲပြဲ မာသာဟဲမင်းဝေး။

တစ်ယောက်ချင်းစီကို လေ့လာအပြီးတွင် ကပ္ပတိန်ရင်တွန်သည် ခရီးသည်များ၏ စကားကို နားစွင့်သည်။

စကားပြောနေသူမှာ ကုလားထိုင်တွင် တောင့်တောင့်မတ်မတ်ရပ်ကာ လည်ပင်းကို ဆန့်တန်းထားသော ဒစ်ဘ်ဒင်း။

"ကပ္ပတိန်. . . ဟိုကုလားထိုင်မှာ လူမရှိဘူး။ အဲဒါ ဘယ်လိုဖြစ်တာလဲ။ ထူးဆန်းလှချည်ကလား"

"မထူးဆန်းပါဘူး"ဟု ကပ္ပတိန်က အသံပြတ်နှင့်ပြောသည်။ "ခရီးသည် တစ်ယောက်ပိုင်တဲ့ ကုလားထိုင်ပဲပေါ့"

မာသာဟဲမင်းဝေးသည် စားပွဲတစ်ဖက်ရှိ ဆူဆန်အား တစ်ချက်လှမ်းကြည့်ပြီး "သူက စပိန်တွေကို ဘာသာဝင်အဖြစ် စည်းရုံးသိမ်းသွင်းဖို့ သူ့မောင်နဲ့ လိုက်လာတာတဲ့။ သူ့မောင်က မမာဘူးတဲ့"ဟု ပြောသည်။

စားပွဲတွင် ငြိမ်ဆိတ်သွားသည်။ ထို့နောက် မစ္စက်ဘန်ဟန်က ဆူဆန်အား လှမ်းကြည့်သည်။

"ရှင့်မောင်က တကယ် မကျန်းမာတာဟုတ်ရဲ့လား။ သူ့ကြည့်တော့လည်း ကျန်းမာသန်စွမ်းနေတဲ့ လူတစ်ယောက်လိုပဲ"

ဆူဆန်သည် နှုတ်ခမ်းကို ကိုက်ထားသည်။ မျက်လုံးများကိုပင့်၍ မခံချင်သော မျက်နှာထားဖြင့် မစ္စက်ဘန်ဟန်အား ပြန်ကြည့်နေသည်။

သူသည် သူ့စိတ်ကို ထိန်းချုပ်ထားဟန်တူ၏။ "ကျွန်မမောင်ဟာ ကျန်းမာနေတဲ့ လူတစ်ယောက်မဟုတ်ဘူးဆိုတာ သိစေချင်တယ်"ဟု သံပြတ်နှင့် ပြောသည်။

ရောဘတ်ထရန်းတားက ရယ်သည်။

"ကိစ္စမရှိပါဘူး အစ်မရာ"

ဟု လေသံအေးအေးဖြင့် ပြောသည်။

"မစ္စက်ဘန်ဟန်က မေးရိုးမေးစဉ်မေးတာ ဖြစ်မှာပါ။ ဒီလောက်ပြောတာကလေးကြောင့် ဘာမှုဖြစ်စရာမလိုပါဘူး"

သူသည် အီလစ်ဆာဘန်ဟန်ဘက် လှည့်၍-

"ဒီလိုပါခင်ဗျာ၊ အခြေခံအားဖြင့် ကျွန်တော့်ကျန်းမာရေးဟာ ကောင်းပါတယ်။ ဒါပေမယ့် အလွန့်ကို သွေးအားနည်းနေပါတယ်။ ကျွန်တော်ရဲ့ ကွန်နက်တီးကပ်က ဆရာဝန်ကြီးရဲ့ အဆိုအရ ကျွန်တော့်သွေးထဲက သွေးနီ

ဥပဟာ ပုံမှန်အနေအထားမှာ မရှိပါဘူး။ ကျွန်တော့်အနေနဲ့ ဆရာဝန်ကြီးရဲ့ ကုသမှုကို ရယူနေရပါတယ်။ အခုလည်း ဒီကျွန်းတွေက နေရောင်ခြည်ကို မှန်မှန်ရသွားရင် ကျန်းမာရေးအခြေအနေ ပုံမှန်အနေအထား ပြန်ရောက်သွားလိမ့်မယ်လို့ မျှော်လင့်ထားကြပါတယ်"

မာသာဟဲမင်းဝေးက မယုံသင်္ကာဖြစ်သော မျက်နှာထားဖြင့် ရောဘတ်ထရန်းတားအား စိုက်ကြည့်နေပြီး ဟက်ခနဲ တစ်ချက်မျှ ရယ်လိုက်သည်။ ထို့နောက်-

"ကျွန်မကို ထောပတ်ပန်းကန်လေး လှမ်းလိုက်စမ်းပါ"

ဟု ပြောသည်။

ရောဘတ်ထရန်းတားက သူ့ပန်းကန်နား၌ရှိနေသော ထောပတ်ပန်းကန်ကိုယူ၍ လက်ဆင့်ကမ်းပေးသည်။

မေရီဖီးလ်ဒင်းကတော့ လူမရှိသော ကုလားထိုင်ကို ငေးကြည့်နေရာမှ ကပ္ပတိန်ရင်တွန်ဘက် လှည့်ကြည့်ပြီး ပြုံးသည်။

"လွတ်နေတဲ့ ကုလားထိုင်ကို ကြည့်ရတာ တစ်မျိုးပဲ"

ဟု မေရီဖီးလ်ဒင်းက ပခုံးများကို တွန့်၍ ပြောသည်။

"အခုလို ခရီးထွက်ချိန်မှာ ဒီလိုဖြစ်တာဟာ ကံဆိုးမဲ့ အတိတ်နိမိတ်လို့ ယူဆရင် မရနိုင်ဘူးလား"

ကပ္ပတိန်သည် လက်သုပ်ပဝါကို ဒူးပေါ် ဖြန့်ခင်းလိုက်သည်။

"ကုလားထိုင်တွေနဲ့ပတ်သက်လို့ ကျွန်တော့်မှာ အယူသည်းမှု မရှိပါဘူး၊ လေဒီဖီးလ်ဒင်း။ ကုလားထိုင်ဆိုတာ ထိုင်စရာနေရာတစ်ခုပဲ။ အဲဒီကုလားထိုင်ဟာ ကျွန်တော့်သင်္ဘောက ခရီးသည်တစ်ဦးက သူမထိုင်ချင်လို့ လာမထိုင်တဲ့ နေရာတစ်ခုပေါ့။ ဒီမှာလာပြီး သူမထိုင်နိုင်တာဟာ သူ့အကြောင်းနဲ့သူဖြစ်ဖို့ များပါတယ်။ ဒါကြောင့် ဒီကုလားထိုင်လွတ်ဟာ ကျွန်တော့်အတွက် ပြဿနာမဟုတ်ပါဘူး"

"ဒါကတော့ ကပ္ပတိန်ဟာ နှလုံးသားမရှိတဲ့လူလို ဖြစ်သွားပြီ"

ဟု မစ္စက်အီလစ်ဆာဘန်ဟန်က စိတ်မကောင်းသံဖြင့် ဝင်ပြောသည်။

"ကျွန်မတို့ သင်္ဘောပေါ်တက်လာတုန်းက သူ့ကို တွေ့ခဲ့သေးတယ်။

စကြိုလမ်းထဲရပ်နေတဲ့လူလေ။ ဝတ်စားထားတာက ဖြစ်ကတတ်ဆန်းနဲ့လူ။ မေရီကော မြင်ခဲ့တယ် မဟုတ်လား"

"ဟုတ်တယ်၊ ကျွန်မမြင်ခဲ့သားပဲ"

ဟု မေရီက ပြန်ပြောသည်။

"သူ့ကြည့်ရတာ မကျန်းမမာဖြစ်နေသလိုပဲ။ မျက်နှာကလည်း ပိန်ချုံးနေတယ်။ ကျွန်မတို့တော့ သူ့အကြောင်းကို ထပ်ကြားချင်သေးတယ်။ ကပ္ပတိန်က ပြောမပြနိုင်ဘူးလား"

ဟု အီလစ်ဆာက ထပ်ပြောသည်။

'ခင်ဗျား ကြက်ဥကြော်ကို ထပ်ယူပါဦးလား'

ဟု ကပ္ပတိန်က ပြောသည်။

"သြရီယိုလာသဘော်ာပေါ်က ဒီကြက်ဥကြော်ဟာ အထူးတလည်ကြော်ထားတဲ့ အစားအစာတစ်ခုပေါ့။ ဒီနည်းကို ပါလ်မာမှာတုန်းက စပိန်လူမျိုး ထမင်းချက်တစ်ယောက် ပြသွားတဲ့ ကြက်ဥကြော်နည်းပဲ။ ထပ်ယူဦးမယ်မဟုတ်လား"

အီလစ်ဆာက ပြုံးသည်။

"ကျွန်မတို့ပြောနေတာက ပျောက်ကွယ်နေတဲ့ ခရီးသည်အကြောင်းပါ။ သူဘယ်သူလဲ၊ ဘာလုပ်သလဲ၊ အခု ဘယ်မှာလဲ။ အဲဒါတွေကိုသာ သိချင်နေတာပါ"

တစ်ခဏမျှ ငြိမ်ဆိတ်နေသည်။ အခြေအနေသည် တစ်စုံတစ်ခုသော အတိုင်းအတာအထိ စိတ်အနှောင့်အယှက်ဖြစ်နေရသည့် အနေအထားသို့ ရောက်လာသည်။ ကပ္ပတိန်ရင်တွန်သည် အီလစ်ဆာအား စူးစူးရဲရဲကြည့်နေသည်။ ထို့နောက် သံပြတ်နှင့် အဖြေပေးသည်။

"သူ့နာမည်က လိသ်လို့ခေါ်တယ်၊ ဒေါက်တာဟာဗေး လိသ်"

ရုတ်တရက်ချက်ချင်း တစ်စားပွဲလုံး ငြိမ်ဆိတ်သွားသည်။ လူတိုင်းပင် အစားကိုရပ်ကာ ရင်တွန်အား လှမ်းကြည့်နေကြသည်။

"လိသ်၊ ဒေါက်တာလိသ်၊ ဟာဗေးလိသ်"

ဟု အီလစ်ဆာက ရေရွတ်သည်။ သူ့အကြည့်သည် ရင်တွန်ထံမှ

လွတ်နေသော ကုလားထိုင်ဆီသို့ ပြောင်းသွားသည်။

ဒစ်ဘ်က ခစ်ခနဲ တစ်ချက်မျှ ရယ်လိုက်ပြီး-

"ဒီဟာဖေးလိသ်ဆိုတဲ့ ငနဲရဲ့ နာမည်က သတင်းစားတွေထဲမှာ ဟိုးလေး တကျော်ပါခဲ့တာပဲ။ သူက ဆရာဝန်တစ်ယောက်မို့ ကျွန်တော် ပိုပြီး သတိထားခဲ့မိတာ။ ဒီလူက ဟို"

ဒစ်ဘ်အား ကြည့်နေသည့် ရင်တွန်၏ မျက်နှာထားသည် တင်းမာသွားသည်။ နောက်တစ်ကြိမ် တစ်စားပွဲလုံး ငြိမ်သက်သွားပြန်သည်။ မေရီက ရင်တွန်အား တစ်ချက် ခိုးကြည့်သည်။ ရင်တွန်၏ မျက်နှာသည် စိတ်ရှုပ်လျက်ရှိခြင်းကို ဖော်ပြနေသည်။

"ဖြစ်ပျက်ခဲ့တဲ့ ကိစ္စကတော့ အလွန့်ကို ဂုဏ်သိက္ခာကင်းမဲ့ခဲ့တဲ့ဟာ တစ်ခုပဲ"

ဟု ဒစ်ဘ်က ထပ်ပြောသည်။

"လူသတ်မှုထက် အောက်မလျော့ဘူး"

ရုတ်တရက် ဂျင်မီကော်ကိုရန်သည် လက်ထဲမှ ဓားနှင့်ခက်ရင်းကို ချလိုက်သည်။ တည်ငြိမ်သော မျက်နှာထားဖြင့် ဒစ်ဘ်အား လှမ်းကြည့်သည်။

"ခင်ဗျား အခုဘာပြောနေတယ်ဆိုတာ သတိထားမိရဲ့လား။ ခင်ဗျား က သိပ်ကို သိနေတာပဲ။ သိပ္ပံပညာက အစစအရာရာတိုင်းကို သိနေဖို့ ပြောနေတာလား"

"ဘာ. . . ဘာပြောလိုက်တယ်"

ဟု ဒစ်ဘ်က ပြန်မေးသည်။ သူ့နားတစ်ဖက်သည် သိပ်ကောင်းသည် မဟုတ်။ ဂျင်မီကော်ကိုရန် ပြောလိုက်သည့်စကားကို အသေအချာမကြား လိုက်။

"ဘာမှ မဟုတ်ဘူး"

ဂျင်မီက ပြန်ဖြေသည်။

"ကျွန်တော်က စကားသိပ်များများ ပြောတတ်တဲ့လူမဟုတ်ဘူး။ သူများပြောတာကိုပဲ နားထောင်တတ်တဲ့ကောင်။ ခုလည်း ဒီထဲရောက် ကတည်းက သူများတွေပြောသမျှ နားထောင်ခဲ့တာ၊ ခင်ဗျားက အတော့်ကို

သိတဲ့တတ်တဲ့လူနဲ့ တူပါရဲ့။ ပလေတိုတောင် ခင်ဗျားလောက် သိပုံတတ်ပုံ မပေါ်ဘူး”

ပြောပြောဆိုဆို ဂျင်မီသည် လက်ထဲမှ ပေါင်မုန့်ကို တစ်ကိုက်ကိုက် ယူကာ ဝါးနေသည်။

“ခင်ဗျား သတင်းစာတွေ ဖတ်ခဲ့တယ်မဟုတ်လား”

ဟု ဒစ်ဘ်က ပြောသည်။

“ကျုပ်ပြောနေတာ အမှန်ကိုပြောနေတာ”

ဂျင်မီက သူ့မုန့်ကို တစ်မြုံ့မြုံ့ဝါးနေရာမှ-

“ကျုပ် သတင်းစာတွေလည်း ဖတ်တယ်၊ ပလေတိုလည်းဖတ်တယ်။ အဲဒီနှစ်ခုက မတူကြတာတော့ အမှန်ပဲ”

ဟု မလိုတမာလေသံဖြင့် ပြန်ပြောသည်။

ဒစ်ဘ်၏မျက်နှာသည် နီရဲသွားသည်။

“အမှန်ကို ဖုံးကွယ်လို့ကတော့ မရဘူးဗျ”

ဟု ပြောသည်။

“သတင်းစာလောကမှာ တုန်လှုပ်သွားတဲ့သတင်းပဲ။ ဒီလူက လူမှ မဆန်တာ၊ သူလုပ်ပုံက-”

သူ့စကားမဆုံးမီ ကပ္ပတိန်ရင်တွန်၏အသံ ပေါ်လာသည်။

“ကျွန်တော်ထင်တယ်၊ ဒီအကြောင်းကို ဒီလောက်ပြောရင် တော်လောက်ပြီ။ ကျွန်တော့်သင်္ဘောပေါ်မှာ ဒါမျိုးတွေပြောတာ ကျွန်တော် လက်မခံဘူး။ ခင်ဗျားပြောတဲ့ ဒေါက်တာဟာဗေးလိသ်ရဲ့အကြောင်းဟာ ပြောလို့ဆုံးမယ်မထင်ဘူး။ အတင်းအဖျင်းစကားတွေဟာ လူတစ်ယောက်ရဲ့ ဘဝကို ပျက်သွားစေနိုင်တယ်။ ဒီစကားတွေကြောင့် သင်္ဘောတွေရဲ့ သာယာမှုဟာလည်း ပျက်ခဲ့ရတာများလှပြီ။ ကျွန်တော်ကတော့ သင်္ဘောခရီးမှာ ဒါမျိုးကို လက်မခံဘူး။ ခင်ဗျားနားလည်ဖို့က အဲဒါပဲ”

တစ်မိနစ်ခန့် ငြိမ်ဆိတ်နေသည်။ ရောဘတ်ထရန်းတားက ချောင်း တစ်ချက်ဟန့်ကာ ရင်တွန်ဘက် လှည့်ကြည့်သည်။

“ကျွန်တော်ကတော့ ကပ္ပတိန်ရဲ့ သဘောထားကို လက်ခံတယ်။

ဒါဟာ လူအချင်းချင်း ကိုယ်ချင်းစာတရားထားတဲ့စိတ်ပဲ။ ကျွန်တော်တို့ မောင်နှစ်မနှစ်ယောက် အဲဒီလူကို မော်တော်ပေါ်မှာ မြင်ခဲ့ရပါတယ်။ သူ့ ကြည့်ရတာ သနားစရာပါ။ ကိုယ်စိတ်နှစ်ပါး ဆင်းရဲနေတဲ့ပုံပဲ။ ကျွန်တော် သူ့ကို တော်တော်သနားသွားတယ်”

ဆူဆန်ထရန်းတားသည် သူ့မောင်စကားကို ကြားကာမှ ဒေါက်တာ ဟာဗေးလိသ်၏ ရုပ်လွှာကို ပြန်၍ မြင်ယောင်လာသည်။

အခုလို သူ့အကြောင်းမကြားခင်ကတည်းက ဟာဗေးလိသ်၏ စိတ်ထိခိုက်နေဟန်ရှိသည့် မျက်နှာထားကို ပြန်၍သတိရလာသည်။ ဟာဗေးလိသ်သည် ယုံကြည်မှုပျောက်နေသည့် လူတစ်ယောက်နှင့် တူလျက်ရှိသည်။

ဟာဗေးလိသ်၏ မျက်လုံးအစုံသည် ဝမ်းနည်းကြေကွဲခြင်းကိုသာမက နာကြည်းခြင်းကိုပါ ဖော်ပြနေသည့်နှယ်ရှိသည်။ သူ သည်မျှလောက်အထိ ခံစားထားခဲ့ရသည်ကို မြင်ရုံနှင့် သိသာလောက်၏။

ချက်ချင်းပင် သူ့စိတ်သည် ဟာဗေးလိသ်ဘက်သို့ ရောက်သွားသည်။ ဟာဗေးလိသ်အပေါ် အမြင်တစ်မျိုးဖြင့် ပြောနေကြသော အီလစ်ဆာနှင့် ဒစ်ဘ်တို့အပေါ် မကျေမနပ်ဖြစ်လာသည်။ သူ့ရင်တွင်းမှ ကရုဏာ ရေအလျဉ်သည် ဟာဗေးလိသ်ဘက်သို့ စီးဆင်းသွားနေသည်။

“ငါ သူ့ကို တတ်နိုင်သမျှ ကူညီမယ်”

ဟူသော အတွေးလည်း ဝင်လာသည်။

နေ့လယ်စာစားပွဲသည် ပြီးဆုံးသွားခဲ့လေပြီ။ မည်သူမျှ နောက်ထပ်ပြောစရာစကား မရှိတော့သလို ဖြစ်သွားသည်။ စကားအနည်းငယ်မျှသာ ပြောခဲ့သော မေရီဖီးလ်ဒင်းသည်လည်း လုံးဝနှုတ်ပိတ်လျက်ရှိ၏။ သူ့မျက်နှာသည် စိတ်ထိခိုက်ခြင်းကို ဖော်ပြနေသည်။ သူသည် စားပွဲ၌ ထိုင်နေရာမှ ထကာ အီလစ်ဆာနှင့်အတူ ကုန်းပတ်ပေါ် တက်ခဲ့သည်။ သူတို့ စကပ်များသည် လေတွင် တဖျတ်ဖျတ်လွင့်နေကြသည်။ ပတ်ဝန်းကျင်တွင် ရေပြင်ကိုသာ မြင်ရတော့၏။ ကုန်းမြေသည် ပျောက်ကွယ်သွားခဲ့လေပြီ။

မေရီသည် ရှေ့တည့်တည့်ကိုကြည့်ကာ တွေဝေငေးမောလျက်ရှိသည်။

သူ့စိတ်သည် အတွေးမျိုးစုံဖြင့် နောက်ကိုရှုပ်ထွေးနေသည်။ သူ့ယောက်ျား၏ မျက်နှာသည် သူ့စိတ်အာရုံတွင် ထင်ဟပ်လာသည်။ အခု သူထွက်လာခဲ့သည့်ခရီးနှင့်ပတ်သက်၍ သူ့ယောက်ျားက သိပ်ပြီး သဘောတူခဲ့သည်မဟုတ်။ သို့သော်လည်း သူက သူ့ဆန္ဒကို အခိုင်အမာ ထုတ်ဖော်ပြောခဲ့သည်။

"ကျွန်မ သွားမှဖြစ်မယ် မိုက်ကယ်၊ သင်္ဘောသေးသေးတစ်စီးနဲ့ တစ်ယောက်တည်း သွားချင်တယ်။ ဘယ်ကိုပဲဖြစ်ဖြစ် သွားကိုသွားမှဖြစ်မှာ ဒီတစ်ခါတော့ မေရီ့ကို မလွှတ်လို့မဖြစ်ဘူး"

သူ့တွင် ဘာကြောင့် ယင်းဆန္ဒမျိုး ပေါ်ခဲ့ရပါသနည်း။ ဘတ်ခ်ဒင်း၌ နေရသည်ကို မပျော်မွေ့၍လား။ အမှန်သော် ဘတ်ခ်ဒင်း၌နေရသည်မှာ ပျော်စရာကောင်းသည်။

ဝက်သစ်ချပင်များ ဝိုင်းဝိုင်းလည်နေသည့် ယင်းမြေပေါ်၌ နေရသည်မှာ စိတ်ချမ်းမြေ့စရာကောင်း၏။

တောအုပ်တွင်း၌ တစ်ယောက်တည်း မြင်းစီးရခြင်း၊ နံနက်အရုဏ်တက်ချိန်တွင် ရေကန်ထဲဆင်း၍ ရေချိုးရခြင်း၊ မယဉ်တယဉ် သမင်များအား အစာကျွေးရခြင်း စသည်များသည် သူ့အတွက် အလွန်ကြည်နူးစရာကောင်းသည့် အလုပ်များ ဖြစ်သည် မဟုတ်ပါလား။

သို့ဆိုလျှင် မိုက်ကယ်နှင့်နေရသည်ကို မပျော်၍များလား။ ပျော်သည်ဟုတော့ ပြောစရာရှိပါ၏။ သူသည် မိုက်ကယ်အား သဘောကျသည်။ ခင်မင်စိတ်လည်း ရှိသည်။

တကယ်တော့ မိုက်ကယ်သည် အလွန်သဘောကောင်းသူဖြစ်၏။ ယဉ်ကျေးသိမ်မွေ့သူလည်း ဖြစ်၏။ သူ့အပေါ် အလိုလိုက်ခြင်းလည်း ရှိ၏။ ဤအတွက်ကြောင့်လည်း သူသည် မိုက်ကယ်အား ခင်မင်တွယ်တာခဲ့ရခြင်း ဖြစ်၏။

မည်သို့ပင်ဖြစ်စေ အခုကိစ္စမှာတော့ မိုက်ကယ်က ခွင့်မပြုချင်။ သို့သော်လည်း သူ၏ အတင်းအကျပ်ပူဆာမှုကြောင့် သူ့အလိုဆန္ဒကို လိုက်လျောခဲ့ခြင်းဖြစ်သည်။ လိုက်လျောရာ၌လည်း စည်းကမ်းသတ်မှတ်ချက်

ကလေးတွေ ရှိခဲ့သည်။

မေရီနှင့်အတူ အဖေအ်ဖြစ် အီလစ်ဆာအား ခေါ်သွားရမည်။ သူတို့ကို စောင့်ရှောက်ရန် ဒစ်ဘ်ဒင်းက လိုက်သွားရမည် စသော သတ်မှတ်ချက်များ ဖြစ်သည်။

ဒစ်ဘ်ဒင်းမှာ နာမည်တစ်လုံးနှင့်နေသော်လည်း ငွေကြေးရှိသူမဟုတ်။ အခုလို အခကြေးငွေနှင့် အဖော်လိုက်ရမည်ဟု သိလိုက်ရသည့်အခါ များစွာ ဝမ်းသာရှာသည်။

ချက်ချင်းပင် အလုပ်ကို လက်ခံသည်။ အမှန်တော့လည်း သူသည် ဤအလုပ်မျိုးကို လက်ခံ၍ အသက်မွေးနေသူဖြစ်၏။

ထို့ကြောင့်လည်း ဒေးဗီးလမ်းထဲမှ သူ့အိမ်တွင် သူ့ကို တွေ့ရသည်မရှိ။

ဒစ်ဘင်းသည် သနားစရာကောင်းတော့၏။ သူသည် အပြင်ပန်းကြည့်လျှင် ယဉ်ကျေးဖွယ်ရာသည်၊ သိမ်မွေ့သည်။ အတွင်း၌ကား ဘာအနှစ်သာရမှမရှိ။ သူ့ဘဝတွင် ဘာစာအုပ်ကိုမှ မဖတ်။ ဘာအလုပ်ကိုမှလည်း တိတိပပလုပ်ခဲ့သည်မရှိ။ သူတပင်တပန်းလုပ်ခဲ့သည့် အလုပ်ဆို၍ တခြားလူများ၏ ဖိတ်ကြားချက်အရ အမဲပစ်လိုက်သည့် အလုပ်သာလျှင် ရှိခဲ့၏။

ပြန်၍စဉ်းစားလိုက်သည့်အခါ သူ ခရီးထွက်ချင်နေသည်မှာ တစ်ယောက်တည်း လွတ်လွတ်လပ်လပ်။ သို့သော်လည်း ဤမျှလောက်အထိတော့ မိုက်ကယ်က ခွင့်မပြုနိုင်။

သူ့စိတ်သည် နောက်ကျိရှုပ်ထွေးဆဲပင် ဖြစ်သည်။ ဘာကြောင့် ထိုကဲ့သို့ ဖြစ်ရပါသနည်း၊ သူစဉ်းစား၍မရ။ သူ့စိတ်အာရုံတွင် ယနေ့မနက် အမှတ်မထင် တွေ့ခဲ့ရသည့်အဖြစ်သည် ထင်ဟပ်လာနေသည်။ ထူးဆန်းလှသည်ဟုပင် သူ တွေးနေမိ၏။

ရုတ်တရက် အီလစ်ဆာ၏ လှုပ်ရှားမှုကို သူမြင်လိုက်ရသည်။

“ကိုယ်တော့ သိပ်အေးနေပြီ”

အီလစ်ဆာက ပြောသည်။

"ကိုယ့်အခန်းထဲ သွားကြရအောင်"

အခန်းထဲသို့ရောက်သည့်အခါ အီလစ်ဆာသည် လျှပ်စစ်အပူပေး ကိရိယာခလုတ်ကို ဖွင့်လိုက်သည်။

"စိတ်ပျက်စရာကောင်းတယ် မေရီ။ ဒီလောက်သေးတဲ့ သဘော်နဲ့ လာရတာ အမျိုးသမီးအခိုင်းအစေမရှိ ဘာမရှိနဲ့ သိပ်ကို ခွကျတာပဲ။ တွေ့ ရတဲ့လူတွေကလည်း မဟန်ဘူး။ မင်း ဘာပြုလို့များ ဒီသဘော်နဲ့ ဒီခရီး ကို ထွက်ချင်ရတာလဲ မေရီရယ်"

"မေရီလည်း မပြောတတ်တော့ပါဘူး။ အခုလို ခရီးထွက်ချင်တဲ့စိတ် ဖြစ်လာလို့ ထွက်လာတာပဲ။ သူ့ဘာသာသူ ဖြစ်လာတဲ့ စိတ်ကူးပဲ။ မေရီ လည်း မတတ်နိုင်ဘူး"

မှန်တော့မှန်သည်။ မေရီသည် အခုလို ထူးထူးဆန်းဆန်းစိတ်ကူးမျိုး မကြာခဏ ပေါ်တတ်သည်။

သူသည် အိပ်မက်ထဲတွင် ပန်းမျိုးစုံ ဝေဆာပွင့်ဖူးကာ မွှေးကြိုင်နေသည့် ပန်းဥယျာဉ်တစ်ခုကို အမြဲတစေ တွေ့ခဲ့ရသည်။

ထိုပန်းဥယျာဉ်သည် ဆီးနှင်းခဲများ ဖုံးအုပ်နေသည့် တောင်ထိပ်၏ အရိပ်ကို ခိုလျက် တည်ရှိနေခြင်း ဖြစ်၏။

ထိုဥယျာဉ်သည် အေးမြမြလရိပ်ကို ခိုလျက် တည်ရှိနေခြင်းဖြစ်၏။ အလှမ်းဝေးသောနေရာ၌ ပင်လယ်ရေပြင်ထက်မှ လှိုင်းပုတ်သံသဲ့သဲ့များကို လည်း သူကြားနေရ၏။

ထိုပန်းဥယျာဉ်သည် သူအိပ်ပျော်တိုင်း အိပ်မက်ထဲ၌ ပေါ်လာလေ့ရှိ သည်။ သူသည် ပန်းဥယျာဉ်ထဲ၌ ပျော်ရွှင်ကြည်နူးစွာ လျှောက်သွားနေ ရုံမျှမက ပန်းလှလှများကိုလည်း သူ့လက်များဖြင့် တယုတယကိုင်တွယ် ထိတွေ့ခဲ့သည်။

အေးမြမြလရောင်ကို မော့ကြည့်ကာ စိတ်ကြည်နူးခြင်းလည်း ခံစား ခဲ့ရ၏။ တစ်ကြိမ်တွင် သူသည် သူ့အိပ်မက်အကြောင်းကို မိုက်ကယ်အား ပြောပြဖူးခဲ့ရာ မိုက်ကယ်က ရယ်သည်။

"မင်းဟာလေ အခုအချိန်အထိ ကလေးလေးတစ်ယောက်လိုပဲ"

ဟုလည်း မှတ်ချက်ချခဲ့သည်။

သူသည် အီလစ်ဆာအား မော့ကြည့်သည်။ အီလစ်ဆာကလည်း သူ့အား စိုက်ကြည့်နေသည်။

"မင်းဟာလေ တကယ့်ကလေးတစ်ယောက်လိုပါပဲ မေရီရယ်"

ဟု ပြောသည်။

"သက်တံကိုကြည့်နေတဲ့ ကလေးတစ်ယောက်နဲ့ သိပ်ကိုတူတာပါပဲ။ ကဲပါ၊ ခတ်ပြားတစ်ချပ်လောက်ထည့်ပြီး ဖွင့်စမ်းပါ။ ကိုယ်ပျင်းလွန်းလို့ သေတော့မယ်"

*

[ခြောက်]

ဟာဖေးသည် သူ့အိပ်စင်ပေါ်မှာလှဲကာ မျက်နှာကျက်ကို မော့ကြည့်နေသည်။ တစ်ခါတစ်ရံတွင် သူ့နားထဲသို့ တူထုသံများ ဝင်လာသည်။

သူ့မျက်နှာသည် ဖြူဖပ်ဖြူရော် အိပ်မပျော်သည့် ရက်များက များသဖြင့် သူ့မျက်နှာသည် ပိန်ချုံးလျက်ရှိသည်။ သူသည် အတွေးရေယဉ်ကြောတွင် နစ်မျောလျက်ရှိ၏။

သူ့ဘဝသည် ခက်ထန်ကြမ်းတမ်းသောဘဝ ဖြစ်သည်။ သူ့အဖေသည် ကျောင်းဆရာတစ်ယောက်ဖြစ်သည်။ သူ့အဖေ ဝီလျံလိဒ်သည် ရည်မှန်းချက်ကြီးသူဖြစ်သည်။

ခေတ်ရှေ့ပြေးနေသူလည်း ဖြစ်သည်။ တကယ်တော့ သူ့ခေတ်အခါက ဓာတုဗေဒနှင့် ရူပဗေဒ ဘာသာရပ်များကို သင်ကြားရသည်မှာ လွယ်သည် မဟုတ်။

သို့သော်လည်း ဝီလျံလိဒ်အဖို့တော့ ဤဘာသာရပ်များကို သင်ကြားပေးရမည့် အလုပ်မှာ သူ့ဘဝအတွက် လိုအပ်ချက်တစ်ခု ဖြစ်သည်။

စိတ်ကူးချိုချို

ဝီလျံလိသ်၏ဇနီး ဂျူလီယာကတော့ အလိုဆန္ဒများဖြင့် တပူပူတဆာဆာ လုပ်နေတတ်သူ ဖြစ်၏။ သူ့အဖို့ အဝတ်အစား၊ ငွေ စသည်များကို ဘယ်လောက်ပဲရရ ရောင့်ရဲတင်းတိမ်နိုင်ခြင်းမရှိ။

သူသည် လင်ယောကျ်ားဖြစ်သူ ဝီလျံလိသ်အား ကိုယ်ရောစိတ်ပါ ပင်ပန်းအောင် အမြဲတစေ လုပ်နေတတ်သည်။ နောက်ဆုံးတွင် သူသည် နယ်လှည့် အရောင်းကိုယ်စားလှယ်တစ်ဦး နောက်သို့ ကောက်ကောက်ပါအောင် လိုက်သွားခြင်းအားဖြင့် သူ့ဇာတ်ကို ပြည်ဖုံးကားချ သွားခဲ့သည်။

ထို့နောက်တော့ ဝီလျံတို့သားအဖသည် ဂျူလီယာအကြောင်းကို ဘာမှ မကြားရတော့ပေ။

ဇနီးဖြစ်သူ ဂျူလီယာက သူ့အား စွန့်ပစ်သွားချိန်တွင် ဝီလျံလိသ်သည် ချောင်းဆိုးသွေးပါရောဂါဟု လူသိများနေသည့် အဆုတ်ရောဂါဝေဒနာကို ခံစားနေရလေပြီ။

အမှန်တော့ ဤရောဂါကြောင့်လည်း ဂျူလီယာသည် အရောင်းကိုယ်စားလှယ်၏ လက်တွင်းသို့ မြန်မြန်သက်ဆင်းသွားရခြင်း ဖြစ်သည်ဟု ဆိုနိုင်စရာရှိ၏။

မည်သို့ပင်ဖြစ်စေ ဂျူလီယာမရှိတော့သည့် အချိန်မှစ၍ ဝီလျံလိသ်၏ ရောဂါသည် တိုး၍လာသည်။ သူ၏ကြီးမားသော ရည်မှန်းချက်ကိုလည်း ဂရုမစိုက်နိုင်တော့။ သူ့အာရုံသည် သူ့သား ဟာဗေးလိသ်အပေါ်၌စူးစိုက်လျက်ရှိ၏။

သူ့သား၏ အသိပညာ တိုးတက်မြင့်မားရေးတစ်ခုတည်းကို မှန်းပြီး လေ့ကျင့်သင်ကြားပေးခြင်း၊ ပြုစုပျိုးထောင်ပေးခြင်း စသည်များကိုသာ ဇောက်ချ၍ လုပ်သည်။

အသက်ငယ်သေးသော်လည်း အရွယ်နှင့်မလိုက်အောင် အသိဉာဏ် တိုးတက်မြင့်မားနေသည့် ဟာဗေးသည် သိပ္ပံပညာဆိုင်ရာ သုတေသနလုပ်ငန်းခွင်၌ ထူးထူးခြားခြား စိတ်ဝင်စားသည့် မျိုးစေ့ကို ရရှိလာခဲ့သည်။

ဟာဗေးသည် သူ့မိခင်အားမချစ်၊ အသက်ငယ်ငယ်ရွယ်ရွယ်နှင့်မိန်းမများကို စက်ဆုတ်မုန်းတီးသောစိတ်ကလည်း အဆန်မတန်ကြီးမားလျက်ရှိ၏။

သူသည် အဖေနှင့်သာ တရင်းတနှီး လက်ပွန်းတတီး နေထိုင်ခဲ့ရသူ ဖြစ်သည့်အားလျော်စွာ အဖေ့ကိုတော့ အလွန်ချစ်ခင်တွယ်တာသည်။

သူ့အသက် ဆယ့်နှစ်နှစ်အရွယ်တွင် သူ့ဖခင် ဝီလျံလိသ်သည်အဆုတ် ရောဂါဝေဒနာကို အပြင်းအထန်ခံစားရပြီး ကွယ်လွန်ခဲ့ရရှာ၏။

ဤသို့ဖြင့် ဟာဗေးသည် အမြဲတစေ နားပူနားဆာလုပ်တတ်သော သူ့အဖော် အဒေါ်အပျိုကြီး၏ အုပ်ထိန်းမှုအောက်သို့ ရောက်သွားသည်။

အဒေါ်အပျိုကြီးမှာ ဆင်းရဲသည်ဖြစ်ရာ ဟာဗေးအား လက်မခံချင်လျှင် မဖြစ်၍သာ လက်ခံခဲ့ရခြင်းဖြစ်၏။ မည်သို့ပင်ဖြစ်စေ ဟာဗေးကတော့ သူ့ရည်မှန်းချက်နှင့်သူ ဖြစ်သည်။

သူသည် ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်ရုံမျှမက အစွဲအလမ်းကြီး သူလည်း ဖြစ်သည်။

ခေါင်းမာသူလည်းဖြစ်၏။ သူ၏ ကြိုးစားအားထုတ်မှုကြောင့် သူ၏ ကျောင်းသားဘဝတွင် ပညာသင်ဆု သုံးဆုအထိ ရရှိခဲ့ပြီး နယ်မြေဒေသ ဆေးကောလိပ်အထိ ရောက်သွားခဲ့ရသည်။

ဟာဗေးသည် အခါအခွင့်သင့်တိုင်း သူ့ဖခင်လက်လွှတ်ခဲ့ရသော အခွင့်အရေးကို သူ မဖြစ်မနေ ကြိုးစားအားထုတ်၍ ရယူခဲ့ခြင်းဖြစ်၏။

သူ့အနေဖြင့် ဆေးပညာသည် သူ့အား အောင်မြင်မှုကို မုချရစေရ မည်ဟု ယုံကြည်ခဲ့သည်။ ထို့အပြင်လည်း ဇီဝဗေဒဘာသာရပ်သည် သူ အလွန်နှစ်သက် စွဲလမ်းနေသောဘာသာရပ် ဖြစ်၏။

သူသည် သူ့ခေတ် သူ့အခါက ဘာမင်ဂမ်ဆေးကောလိပ်၌ အလွန် ထူးချွန်၍ ထင်ရှားသော ကျောင်းသားတစ်ဦး ဖြစ်ခဲ့သည်။

သူသည် ဆုအမျိုးမျိုးကို ရရှိသည်အထိ ထူးချွန်ခဲ့သူ ဖြစ်သည်။ ဘွဲ့ရပြီးသည့်အခါ မြို့တော်ဆေးရုံကြီးမှ ပေးအပ်သည့် အလုပ်ကို လက် မခံခဲ့။ သူ့စိတ်ကူးနှင့်သူ လန်ဒန်သို့ တက်လာခဲ့လေသည်။

လန်ဒန်သို့ တက်လာခဲ့သော်လည်း သူသည် အောင်မြင်ကျော်ကြား သော ဆရာဝန်တစ်ဦးဖြစ်ဖို့အတွက် ဆေးကုသမှုလုပ်ငန်းကို လုပ်ရန်လည်း စိတ်မဝင်စား။

အတိုင်ပင်ခံ ဆရာဝန်တစ်ဦး ဖြစ်ဖို့လည်း အားမထုတ်၊ လူနာများ အကြိုက်လိုက်ကာ ငွေများများယူပြီး ချမ်းသာကြွယ်ဝအောင်လုပ်ဖို့လည်း မကြိုးစား။ သူသည် လေးနက်လွန်းသည်နှင့်အမျှ သူ့စိတ်ကူးကလည်း မြင့်မားသည်။

သူ့တွင်ရှိနေသည့်ဆန္ဒမှာ အလွန်ထူးခြားသည်။ ရာစုနှစ်ပေါင်းများစွာ အတွင်း လူအရေအတွက် အနည်းငယ်မျှ၌သာ ရှိတတ်သည့် ဆေးပညာ သုတေသနလုပ်လိုသောဆန္ဒ ဖြစ်သည်။

ဟာဗေးတွင် ငွေကြေးပြည့်စုံခြင်းမရှိ။ သူ့အနေဖြင့် ငွေကြေးအများ အပြား ရလိုသောဆန္ဒလည်း မရှိ။ သူ့အတွက် စားဝတ်နေရေး လုံလောက် ရုံမျှသာ ငွေရလျှင် ကျေနပ်သူ ဖြစ်၏။

သူသည် ဝက်စ်မင်စတားဘက်၌ အခန်းငှား၍ နေထိုင်ကာ သူလုပ် လိုသော အလုပ်ကို အစပြုခဲ့သည်။ လန်ဒန်၌ နေစဉ်အတွင်း သူ၏ ရုန်းကန် လှုပ်ရှားမှုများလည်း ပြင်းထန်လွန်းချေသည်။

သူ၏ ဆင်းရဲဒုက္ခများမှာ အဆမတန် များပြားလှ၏။ သို့သော်လည်း သူကတော့ အနိုင်မခံ အရှုံးမပေးစိတ်ဖြင့် ကြံ့ကြံ့ခံကာ အခက်အခဲများကို ရင်ဆိုင်ကျော်လွှားနေသည်။

မည်သို့ပင်ဖြစ်စေ သူရင်ဆိုင်နေသည့် အခက်အခဲများက ကြီးမား ပြင်းထန်းလွန်းလှသည်ဖြစ်ရာ သူ့အနေနှင့် နောက်ဆုတ်ရတော့မလို ဖြစ်ခဲ့ ရ၏။

ဤအတွင်းမှာပင် နယ်မြေအတွင်းရှိ အထိုက်အလျောက် နာမည်ရှိသော ကျောင်းတစ်ကျောင်းက သူ့အား တတ်အားသရွေ့ ထောက်ပံ့လာခဲ့သည်။

ဤကြားထဲမှာပင် သူ၏ ဆင်းရဲဒုက္ခများသည် သူ၏ ရည်ရွယ်ချက်ကို အကောင်အထည် မဖော်နိုင်အောင် ဟန့်တားနှောင့်ယှက် လာခဲ့သည်။ သူကတော့ ဘုန်းကြီးတစ်ပါးလို နေထိုင်ကာ စစ်သားတစ်ယောက်လို တိုက်ပွဲဝင်လျက်ရှိ၏။

ဤသို့ဖြင့်ပင် သူသည် ဆင်ခြေဖုံးရပ်ကွက်တွင်းရှိ ဆေးရုံငယ်လေး တစ်ခုတွင် အလုပ်တစ်ခုရခဲ့သည်။

ထိုအလုပ်တွင် သုံးနှစ်မျှ တပင်တပန်းလုပ်ခဲ့ရပြီးနောက်တွင် သူသည် ဝိတိုရိယဆေးရုံ၌ ဆေးခန်း ရောဂါရှာဖွေရေး ဆရာဝန်အဖြစ် ခန့်ထားခြင်း ခံရသည်။

ဝိတိုရိယဆေးရုံမှာ ဆေးရုံငယ်တစ်ခုမျှသာဖြစ်၍ အဆောက်အအုံများကလည်း ဟောင်းနွမ်းအိုမင်းလှပြီ ဖြစ်သည်။ ကုသမှု နည်းစနစ်များကလည်း အလွန်ရှေးကျသဖြင့် ခေတ်မီတိုးတက်မှုများနှင့် အထိအတွေ့လုံးဝမရှိသော ဆေးရုံတစ်ခု ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ဤဆေးရုံ၌ လုပ်ကိုင်နေစဉ်အတွင်း သူသည် အလွန်အရေးပါအရာရောက်သော ခြေလှမ်းတစ်လှမ်းကို လှမ်းမိခဲ့သည်။

ထိုညက သူသည် ဗင်းဆင့်လမ်းထဲရှိ သူ့အခန်းသို့ ပြန်ခဲ့သည်။ အခန်းထဲရောက်သည့်အခါ သူသည် ကုလားထိုင်တွင် ထိုင်၍ သူ့စားပွဲပေါ်မှ ပတ်စတာ၏ ဓာတ်ပုံကို စိုက်ကြည့်နေမိသည်။

သူ့အဖို့တော့ ပတ်စတာသည် အလွန်ကြီးကျယ်သော ပုဂ္ဂိုလ်ကြီးဖြစ်သည် မဟုတ်ပါလား။

ဟာဗေးသည် သွေးအရည်ကြည်ဆိုင်ရာ ဆေးဝါးကုသမှု အတတ်ပညာနယ်ပယ်တွင် စူးစမ်းရှာဖွေမှု ပြုနေခဲ့သူ ဖြစ်သည်။ သူ့တွင် လက်တွေ့ စမ်းသပ်ချက် အများအပြားကို အခြေပြုထားသော အယူအဆတစ်ခု ရှိနေသည်။

ထိုအယူအဆသည် ကိုးနှင့် ဂရိတ်တို့၏ လုပ်ငန်းအပေါ် အခြေပြုထားသည့် အယူအဆ ဖြစ်၏။ သူ၏ စူးစမ်းရှာဖွေတွေ့ရှိချက်အရဆိုလျှင် သိပ္ပံနည်းကျကျ ကုသမှုတစ်ခုလုံးကို တော်လှန်ပစ်နိုင်မည့် အလားအလာကိုပင် မြင်နေရပြီ ဖြစ်သည်။

သူ့အယူအဆသည် အလွန်ကြီးကျယ်မြင့်မားသည်။ သူ့အနေဖြင့် ရောဂါတစ်ခုတည်း၏ ကုသရေးအပိုင်းတစ်ပိုင်းတည်းကိုသာ အာရုံထားခဲ့ခြင်း မဟုတ်။

ရောဂါတစ်ခုနှင့်ပတ်သက်၍ ကြိုတင်ကာကွယ်ရေးအပိုင်းနှင့် ကုသရေး အပိုင်းကိုပါ ရရှိအောင် လုပ်နိုင်ရမည် ဟူသော အယူအဆ ဖြစ်၏။

ထို့ကြောင့်လည်း သူ့အယူအဆသည် ပိုမိုကျယ်ပြန့်ပြီး လေးနက် သောသဘော ရှိနေသည်။

သူ့အယူအဆပေါ်၌ ယုံကြည်ချက် ပြင်းထန်နေသော ဟာဗေးသည် မဖြစ်မနေ သုတေသနပြုလိုစိတ်၊ မရမနေ စူးစမ်းရှာဖွေလိုစိတ် ထက်သန် ပြင်းပြလျက် ရှိသည်။

သူသည် ရှိရှိသမျှ ရောဂါများထဲမှ 'ဆဲဆယ်ရီဘရိုစပင်နယ်ဖီးဗား' ခေါ် ဦးနှောက်နှင့် ကျောရိုး အာရုံကြောရောင် အဖျားရောဂါကို လက် တွေ့ သုတေသနပြုကြရန် ရွေးချယ်ခဲ့သည်။

ထိုရောဂါကို ရွေးချယ်ခဲ့ခြင်းမှာလည်း တခြားကြောင့်မဟုတ်။ ဤ ရောဂါကြောင့် လူအသေအပျောက်များခြင်းနှင့် ကုသမှုတွင် အောင်မြင်မှု နည်းခြင်း စသည်တို့ကြောင့် ဖြစ်၏။

ဤသို့ဖြင့် သူသည် ဝိတိုရိယဆေးရုံ၌ အလုပ်ဝင်သည်နှင့် တစ်ပြိုင် နက် သူ့လုပ်ငန်းကို အစပြုခဲ့သည်။ ခြောက်လတိတိမျှ သူ၏ သွေးအရည် ကြည် စူးစမ်းလေ့လာမှုလုပ်ငန်းကို စိုက်လိုက်မတ်တတ် လုပ်လာခဲ့သည်။

ဆေးရုံမှ တာဝန်ဝတ္တရားများကို တစ်နေ့လုံး ကျေပွန်အောင်လုပ်ပြီးမှ သုတေသနကို ညပိုင်းတွင် လုပ်ခြင်းဖြစ်ရာ ကြာလာတော့ သူ၏ ကျန်းမာ ရေးကို ထိခိုက်လာသည်။

ထိုအခါ သူ့မိတ်ဆွေ အစ္စမေးက ခတ်ခွဲခန်းသုတေသနအလုပ်ကို နာရီလျှော့ပေးရန် အကြံပေးသည်။ သို့သော်လည်း ဟာဗေးက နားမထောင်။ သူ၏ပြင်းထန်သော ယုံကြည်ချက်ကြောင့် အလုပ်နာရီကို လျှော့ရမည့်အစား တိုး၍သာ လုပ်လာခဲ့သည်။

ဟာဗေး၏ အခြေအနေသည် ယခင်နှင့်မတူတော့။ ကိုယ်ခန္ဓာ ပိန် ချုံးလာသည်။ စိတ်ကလည်းတိုလာသည်။ သို့သော်လည်း သူကတော့ သူ့လုပ်ငန်းသည် တစ်နေ့ထက်တစ်နေ့ အောင်မြင်မှုနှင့် နီးကပ်လာပြီဟု အခိုင်အမာတွက်သည်။

ထို့ပြင်လည်း ဤအချိန်လောက်မှာပင် ဦးနှောင့်နှင့်ကျောရိုး အာရုံ ကြောရောင် အဖျားရောဂါသည် ဖြစ်ပွားခဲ့လေရာ လက်ရှိ ကုထုံးကုနည်း

များ၏ အကျိုးမသက်ရောက်မှု သို့မဟုတ် မထိရောက်မှုများ၏ အားနည်းချက်များကိုပါ လေ့လာခွင့်ရလာခဲ့သည်။

ဤတွင် သူသည် ဤရောဂါဖြစ်ပွားချိန်ကို သူ့အလုပ်အတွက် အချိန်ကောင်းဟု သတ်မှတ်ကာ အလုပ်ကို ပို၍ ပြင်းထန်စွာ လုပ်လာခဲ့လေ၏။

တစ်ညတွင် သူသည် ဓာတ်ခွဲခန်းထဲ၌ အချိန်များစွာ နောက်အကျခံကာ နောက်ဆုံးစမ်းသပ်မှုများကို ပြုလုပ်နေသည်။ ရရှိလာမည့် အဖြေများကို ထပ်တလဲလဲ အကြိမ်ပေါင်းများစွာ ပြန်လည်စစ်ဆေးကြည့်သည်။

အထူးပြောစရာမလိုတော့။ ကျေနပ်အားရပြီး သူသည် များစွာဝမ်းသာအားတက်လျက် ရှိ၏။

လက်ထဲမှ ဖောင်တိန်ကို လေထဲသို့ လွှင့်မြှောက်ပစ်လိုက်သည်။ သူ့လုပ်ငန်းသည် အောင်မြင်မှုရပြီဟု သိလိုက်သည်။

နောက်တစ်နေ့တွင် ဦးနှောက်အမြှေးရောင်ရောဂါဖြစ်စ လူနာသုံးဦး ဆေးရုံသို့ ရောက်လာသည်။ ဤအခွင့်အလမ်းသည် ဟာဗေးအတွက် မတော်တဆ တိုက်ဆိုင်မှုတစ်ခု ဖြစ်ချင်လည်း ဖြစ်မည်။

သို့သော်လည်း သူ့အတွက် အလွန်ကောင်းသည့် အခါအခွင့်ကြီးတစ်ခု ဖြစ်ချေသည်။ သူသည် ချက်ချင်းပင် ဆေးရုံမှ တာဝန်ရှိ အာဏာပိုင်ထံ ချဉ်းကပ်၍ သူရရှိထားသည့် သွေးအရည်ကြည်ကို အသုံးပြုရန် တင်ပြသည်။

အာဏာပိုင်များက သူ့ကမ်းလှမ်းချက်ကို ဘာအကြောင်းပြချက်မှမပေးဘဲ ပယ်ချခဲ့ကြသည်။

ဟာဗေးသည် မမျှော်လင့်သောအဖြစ်နှင့် ကြုံရခြင်းဖြစ်၍ များစွာ အံ့အားသင့်နေသည်။ သူ့အား တစ်ဖက်သတ် မုန်းတီးရွံရှာနေကြသည့် ရန်သူများရှိသည်ကို သူလုံးဝ မသိခဲ့။

အမှတ်တမဲ့နေထိုင်မှု၊ ဖြစ်ကတတ်ဆန်း ဝတ်စားဆင်ယင်မှု၊ အပြောအဆို ပြတ်သားတိုတောင်းမှုနှင့် လောကဝတ်ဟု လူများ အသိအမှတ်ပြုထားသည့် ယဉ်ကျေးဖွယ်ရာ ကင်းမဲ့ခြင်း စသည်များကြောင့် သူ့အပေါ် အလကားနေရင်း မုန်းတီးနေသူများ ရှိနေသည်ကို သူ သတိမထားမိခဲ့။ သူ၏ တိကျမှန်ကန်လွန်းလှသော ရောဂါစစ်တမ်းထုတ်မှုများကို ဝိုင်း၍

မလိုမလားဖြစ်နေကြခြင်းလည်း သူ သတိမပြုမိခဲ့။

ရှေ့ဆောင်လမ်းပြလုပ်နေသူများအား အထင်အမြင်သေးတတ်၊ ရှုံ့ချတတ်သူများ၏ မျက်စိထဲတွင် ဟာဗေးသည် အထင်ကြီးစရာလူမဟုတ်။

နောက်မှပေါ်လာသည့် ရွှေကြာပင်မျှသာဖြစ်၍ အားပေးအားမြှောက်ပြုသင့်သူမဟုတ်။ ဤလူသည် တော်တော့်ကို တော်ပါ၏။

သို့သော်လည်း ဘေးလူများအတွက် အလွန်ကြောက်စရာကောင်းသူ၊ အန္တရာယ်များသူဟုသာ မြင်ကြလေသည်။

ဟာဗေးအနေဖြင့် မထင်မှတ်ဘဲပေါ်လာသည့် အဖြစ်ကြောင့် အံ့အားသင့်မိသည်မှာ မှန်သော်လည်း လွယ်လွယ်နှင့် အရှုံးပေးတတ်သူမဟုတ်။

သူသည် အခုလို စည်းလွတ်ဝါးလွတ် အနိုင်ယူခြင်းမျိုးကို ခံတတ်သည့် လူစားမဟုတ်။

ချက်ချင်းပင် သူသည် သူ့ကိစ္စအတွက် တိုက်ပွဲဝင်သည်။ ဆေးရုံအာဏာပိုင်များထဲမှ တစ်ဦးချင်းစီ ချဉ်းကပ်၍ သူ၏ လက်တွေ့ရှာဖွေတွေ့ရှိချက်များကို တင်ပြသည်။

သူ့အယူအဆနှင့် ယုံကြည်ချက်များကို ရှင်းလင်းပြသည်။ သူ မနားမနေ အပြင်းအထန်လုပ်ထားခဲ့ရသည့် လုပ်အား၏ တန်ဖိုးကို အခုလို လွယ်လွယ်နှင့် ပစ်ပယ်လိုက်ရန် သင့်မသင့် စဉ်းစားဝေဖန်ခိုင်းသည်။

ထိုအခါ ထုံးစံအတိုင်း ပြောကြဆိုကြ ဆွေးနွေးကြ ဝေဖန်ကြသည်။ ဆေးရုံ၏ အယူဝါဒကို ကိုးကားကြသည်။ အစည်းအဝေးတစ်ခု ကျင်းပကြသည်။

ဤကဲ့သို့ ပြုလုပ်နေကြစဉ်အတွင်း အသစ်ရောက်လာသည့် လူနာများ၏ ရောဂါဝေဒနာသည် လျင်မြန်စွာ တိုးတက်လျက်ရှိ၏။

သို့တစေလည်း မည်သူမျှ ထိုအချက်ကို ဂရုမထားကြ။

ထို့နောက်တော့ ဟာဗေးအား အတိုက်အခံပြုနေကြသည့် အင်အားစုသည် တဖြည်းဖြည်း အားနည်းသွားသည်။

ထိုအခါကျမှပင် အသစ်တွေ့ရှိထားသော ကုသမှုကို စမ်းသပ်အသုံးပြုရန် ခွင့်ပြုသည်။ ဟာဗေးထံ စာနှင့်ရေး၍ ခွင့်ပြုခဲ့ခြင်းဖြစ်၏။ ဟာဗေးသည်

ရသောအခွင့်အရေးအတွက် ဝမ်းသာအားတက်ကာ လူနာဆောင်သို့ အပြေး အလွှားသွားသည်။

အမှန်တော့ များစွာနောက်ကျသွားပြီ။ ဤတစ်ချက်ကို ဟာဗေး သိသင့်ပါသည်။ လူနာတစ်ဦး ဆေးရုံရောက်ခဲ့သည်မှာ ခြောက်ရက်ရှိခဲ့ပြီ မဟုတ်ပါလော။

လူနာသုံးဦးစလုံး၏ အခြေအနေသည် ဆိုးဝါးနေပြီ။ သတိမရတစ်ချက် ရတစ်ချက် ဖြစ်နေပြီ။ အခုရလာသော အခွင့်အရေးသည် ဟာဗေး အတွက် ကောင်းဖို့လား ဆိုးဖို့လား မသိတော့။

ဘေးမှ ပွဲကြည့်ပရိသတ်သည် သရော်ချင်သောစိတ်ဖြင့် စောင့်ကြည့်နေကြသည်။

ဟာဗေးကတော့ သူရထားသည့် သွေးအရည်ကြည်ပေါ်တွင် အရှုံးအမှုံးယုံကြည်လျက်ရှိသည်။ ထက်သန်ပြင်းပြသောစိတ်ဖြင့် လူနာများအတွက် တာဝန်ယူလိုက်သည်။

လူနာသုံးဦးအား အကြောများမှနေ၍ သွေးဆေးကို ထိုးပေးသည်။ ထိုညကား တစ်ညလုံး လူနာဆောင်ထဲမှမထွက်။ နောက်ထပ် ဆေးတစ်လုံးစီ ထပ်ထိုးပေးပြန်သည်။

နောက်တစ်နေ့ မနက်စောစောတွင် လူနာသုံးဦးစလုံး သေဆုံးသွားခဲ့၏။ အမှန်တော့ ထိုလူနာသုံးဦးသည် ဘယ်လိုပဲဖြစ်ဖြစ် သေကြရတော့မည်သာဖြစ်ရာ မရှောင်သာသည့်ကိစ္စ ဖြစ်သည်။

သို့သော်လည်း ဤကိစ္စသည် ဟာဗေးအတွက်ကတော့ မကောင်းသောအရာတစ်ခု ဖြစ်လာခဲ့ရလေပြီ။ အဆိုးဆုံးကား စည်းမဲ့ကမ်းမဲ့ ပြောချင်ရာပြောတတ်သည့် လျှာများသည် ဆေးရုံပြင်ဘက်တွင် ထင်ရာမြင်ရာ ပြောနေကြလေပြီ။

ဤသို့ဖြင့် လူနာသုံးဦး သေဆုံးရသော သတင်းသည် သတင်းစာများဆီသို့ ရောက်သွားသည်။

သတင်းစာများကလည်း ရလာသော သတင်းကို ဘာသာထိုးထိုးလုပ်၍ အကျယ်တဝင့် ရေးသားဖော်ပြကြသည်။

ဤကိစ္စနှင့်ပတ်သက်၍ ဆေးရုံများအပေါ်၌သာမက ဟာဗေးအပေါ်၌ပါ ပြစ်တင်ဝေဖန်မှုများ ပြင်းထန်လာခဲ့သည်။

ဟာဗေးကတော့ သူ့ယုံကြည်ချက်နှင့်သူဖြစ်၍ မည်သူဘာပြောပြော ဂရုမစိုက်။ သို့သော်လည်း အစကတည်းက သူ့အပေါ်၌ မနာလိုဝန်တိုဖြစ်ခဲ့ကြသူများ၏ တစ်ဖက်စောင်းနင်း ပြစ်တင်ရှုတ်ချမှုများကိုကား အလေးအနက် မပြု၍ မရ။

အခုကျတော့လည်း ဟာဗေးသည် လူနာသုံးဦးကိစ္စတွင် သူဝင်ခဲ့သည်မှာ များစွာနောက်ကျခဲ့ရသည့်အဖြစ်ကို ပြန်၍ စဉ်းစားမိလာသည်။

အမှန်အတိုင်းပြောရလျှင် သိပ္ပံပညာရှင်တစ်ယောက်ဖြစ်သော ဟာဗေးအဖို့ လူနာသုံးဦးသေဆုံးခြင်းသည် တိကျပြတ်သားမှုမရှိသော လက်တွေ့စမ်းသပ်မှုတစ်ခု ရပ်ဆိုင်းသွားခြင်းမျှသာ ဖြစ်၏။

သူ့အနေဖြင့် အောင်မြင်မှုအတွက် ကျော်ကြားမှုကို လိုလားခဲ့သည် မဟုတ်။ အများက ပြစ်တင်ဝေဖန်သည့်အခါတွင်လည်း သူ ဂရုမစိုက်။ သို့သော်လည်း ဆေးရုံအဖို့ကတော့ ဂရုမစိုက်၍မဖြစ်။ ဆေးရုံအာဏာပိုင်များသည် ပြင်ပမှ ဝေဖန်ပြစ်တင်မှုများကို များစွာအသုံးပြုခဲ့သည်။

ပြင်ပမှ ဖိအားပေးမှုကြောင့် ဆေးရုံဘုတ်အဖွဲ့သည် အစည်းအဝေးကျင်းပခဲ့သည်။

ဟာဗေးအပေါ် ယုံကြည်မှုမရှိကြသည့် လူနည်းစုအင်အားကလည်း အသုံးချ၍မရ။ ထိုအစည်းအဝေးလုပ်ပြီးသည့်နောက် နောက်တစ်နေ့တွင် သူ့ခတ်ခွဲခန်းထဲသို့ ဝင်သွားသော ဟာဗေးသည် သူ့စားပွဲပေါ်၌ စာအိတ်တစ်အိတ် တင်ထားသည်ကို တွေ့ရ၏။

သူ့အား အလုပ်မှ နုတ်ထွက်သွားရန် တောင်းဆိုလိုက်သည့်စာပေတည်း။

တရားမျှတမှုမရှိသော ဆုံးဖြတ်ချက်နှင့် ရင်ဆိုင်ခဲ့ရလေပြီ။ မယုံကြည်နိုင်စရာ ကောင်းလှချေသည်။

ကျိုးကြောင်းဆီလျော်ခိုင်လုံမှု လုံးဝမရှိသည့် အရေးယူမှုတစ်ခု ဖြစ်၏။ ခတ်ခွဲခန်း နံရံလေးဘက် သူ့အပေါ် ပြိုကျလာတော့မလားဟုပင်

ထင်ရ၏။

သူ့အလုပ်သည် လေးနှစ်မျှ ကြာခဲ့သောအလုပ် ဖြစ်၏။ ထိုလေးနှစ်တာကာလအတွင်း သူသည် သိပ္ပံပညာ၏ တိုးတက်ရာ တိုးတက်ကြောင်းအတွက် အပြင်းအထန် အလုပ်လုပ်ခဲ့ရ၏။

မနားမနေ အပင်ပန်းအဆင်းရဲခံခဲ့ရ၏။ အခု သူရလာသည့် ရလဒ်သည် အားလုံး၏ ဝိုင်းပယ်ခြင်းခံရသည့်အဖြစ်၊ အလုပ်လက်မဲ့ဘဝဖြင့် လူတကာ၏ အထင်အမြင်သေးမှုကို ခံရတော့မည်အဖြစ်။

သူ့တွင် ငွေကြေးစုဆောင်းထားခြင်းလည်းမရှိ။ အခွင့်အလမ်းဟူသမျှ ပိတ်ကုန်ပြီ။ သူ့နာမည်သည် လူအများ၏ ပြစ်တင်ရှုတ်ချမှု၊ ကဲ့ရဲ့ပြစ်တင်မှုနှင့် အမနာပပြောမှုများကြားတွင် ဂုဏ်သိက္ခာကင်းမဲ့ခဲ့ရပြီ။

သူ့အနေဖြင့် မထင်မရှား ဆရာဝန်တစ်ဦး၏ ဆေးကုခန်းတွင် လက်ထောက်အဖြစ် ဝင်လုပ်နေကာ သိမ်ငယ်စွာ အချိန်ကုန်ရပေတော့မည်။

နာကြည်းသောစိတ်ကြောင့် သူ့ရင်သည် ပြင်းစွာ နာကျင်လျက်ရှိ၏။ သူသည် ထိုင်နေရာမှထကာ သူ၏ သုတေသနဆိုင်ရာ မှတ်တမ်းမှတ်စုအားလုံးကို မီးတင်ရှို့သည်။

သူရှာဖွေတွေ့ရှိချက်မျာ ထည့်သွင်းသိုလှောင်ထားသည့် ဖန်ဘူးများ၊ ဓာတ်ဘူးများကို ရိုက်ခွဲသည်။ ထို့နောက် ဓာတ်ခွဲခန်းမှ ထွက်လာခဲ့သည်။

သူသည် အခန်းသို့ ပြန်သည်။ သူ့အား သရော်ရှုတ်ချနေသည့် အခြေအနေကို ရင်ဆိုင်သည်။ သို့သော်လည်း ဖြစ်ပြီးသမျှကို သူမေ့ပစ်ချင်၏။ တတ်နိုင်လျှင် အမြန်ဆုံး မေ့ပစ်ချင်သည်။

ဘဝကို ရွံ့ရှာမုန်းတီးသောစိတ်ကလည်း သူ့အား ဖိစီးနှိပ်စက်လာသည်။ ထိုအခါ အရက်သည် သူ့အတွက် ထွက်ပေါက်တစ်ခု ဖြစ်လာသည်။

သူသည် အရက်ကို မနားတမ်းသောက်သည်။ သူ့ခေါင်းထဲသို့ မိန်းမများလည်း ရောက်မလာ။ မိတ်ဆွေအပေါင်းအသင်းကိုလည်း သတိမရ။

တကယ်တမ်းကျတော့လည်း သူ့တွင် ဂါရဲလ်အစ္စမေးအမည်ရှိ ခွဲစိတ်ကု ဆရာဝန်တစ်ဦးမှတစ်ပါး အခြား ရင်းနှီးသော မိတ်ဆွေဟူ၍ တစ်ယောက်မှ ရှိသည်မဟုတ်။ အဖြစ်အပျက်တစ်ခုလုံးကို အစမှအဆုံး မျက်မြင်

သက်သေဖြစ်နေသူမှာ အစ္စမေးတစ်ယောက်သာရှိခဲ့၏။

ကြောက်မက်ဖွယ်ကောင်းလောက်အောင် ဆိုးဝါးပြင်းထန်သည့် ကိုယ်စိတ်နှစ်ပါး ဆင်းရဲမှုဒဏ်ကို ခံစားနေရသည့် သီတင်းပတ် သုံးပတ်အတွင်း အစ္စမေးသည် သူ့အနား၌ရှိခဲ့သည်။

နေ့စဉ် သူ့ထံလာ၍ သိမ်မွေ့စွာဖြင့် ချော့မော့ဖျောင်းဖျခဲ့သည်။ နောက်ဆုံးတွင် အစ္စမေးသည် လိမ္မာပါးနပ်စွာဖြင့် သူ့အား ဤခရီးထွက်ရန် နားချခဲ့သည်၊ သွေးဆောင်ခဲ့သည်။ ဤသို့ဖြင့် သူသည် အစ္စမေး၏ ထောင်ချောက်ထဲသို့ သက်ဆင်းခဲ့ရ၏။

လူတစ်ယောက်သည် အခုလို အထီးကျန်နိုင်လှသည့် သင်္ဘောတစ်စီးပေါ်တွင် ဘာကြောင့်အရက်ကို သူကြိုက်သလောက် မသောက်နိုင်ရမည်နည်း။

ကြိုက်သလိုသာသောက်၊ ရသည်ဟု အစ္စမေးက ဆိုခဲ့သည်။ အခု သူ သင်္ဘောပေါ်ရောက်၍ ခရီးထွက်လာသည့်အခါကျတော့ အရက်ကို သောက်ခွင့်မရအောင် လုပ်သွားခဲ့၏။

အခုဆိုလျှင် တစ်ခွက်တစ်ဖလားပင် မသောက်ရ၊ အခုလို မသောက်ရသည့်အတွက် သူသည် အသက်ပင် သေရလိမ့်မည် ထင်မိ၏။

ထိုအခိုက်မှာပင် တံခါးခေါက်သံ ကြားလိုက်ရသဖြင့် ခေါင်းထောင်ပြီး ကြည့်သည်။ တံခါးလက်ကိုင်သည် လည်သွားပြီး အတွင်းသို့ ဂျင်မီကော်ကိုရန် ဝင်လာသည်။ ကော်ကိုရန်သည် ဟာဗေးအား ပြုံးဖြဲဖြဲမျက်နှာထားဖြင့် လှမ်းကြည့်နေသည်။

"ဘယ်လိုနေသေးလဲ၊ အကြောအခြင်တွေ ပုံမှန်အနေအထားကို ပြန်မရောက်သေးဘူးလား" ဟုမေးသည်။ ဟာဗေးက အဖြေမပေး။ သုန်မှုန်သောမျက်နှာထားဖြင့်သာ ပြန်ကြည့်နေသည်။

ကော်ကိုရန်က ပြုံးသည်။ တရင်းတနှီးရှိလာသောအပြုံး ဖြစ်၏။

"ဘယ်လိုလဲ၊ နေ့လည်စာလည်း မစားရသေးဘူး။ လက်ဖက်ရည်တောင်မသောက်ဘူး။ ကြည့်ရတာတော့ ညစာလည်း စားမယ့်ပုံမပေါ်ဘူး။ ငါက မင်း နေမှကောင်းရဲလားလို့ လာကြည့်တာ" ဟု ပြောသည်။

"စေတနာကရုဏာအပြည့်နဲ့ လာကူညီတဲ့ ပုဂ္ဂိုလ်ကြီး ဆိုပါတော့၊ ဟုတ်လား"

ဟု ဟာဖေးက မလိုတမာလေသံဖြင့် ရေရွတ်သည်။

"ဟုတ်ပါတယ်ကွာ၊ တကယ့်စေတနာနဲ့ပါ"

တစ်ခဏမျှ ငြိမ်ဆိတ်သွားသည်။ ဟာဖေး ခေါင်းထဲသို့ အတွေးတစ်ခု ဖျတ်ခနဲဝင်လာသည်။ သူသည် အိပ်ရာပေါ်မှ တံတောင်များထောက်၍ ထလိုက်သည်။

"သူတို့ ကျွန်တော့်အကြောင်းကို ပြောနေကြတယ် မဟုတ်လား"

"အေး . . . မှန်တယ်၊ ပြောနေကြတာပေါ့"

"မင့်အကြောင်းကို သူတို့သိထားသမျှ ပြောနေကြတာပဲ။ ဟိုလူကြီးမင်း တစ်ယောက်ကတော့ သူ သိထားသမျှ အကုန်ပြောတာပဲ။ အေး . . . အခုလောလောဆယ် မင်း ဘယ်လိုဖြစ်နေတယ်ဆိုတာကျတော့ သူတို့ မသလို့ မပြောနိုင်ကြဘူး။ ဒါပေမဲ့ ကိစ္စမရှိဘူး။ မင့်ဘာသာမင်း အေးအေး သာနေပါ"

ပြောပြောဆိုဆို ကော်ကိုရန်သည် သူ့ ဘောင်းဘီကို လက်နှစ်ဖက်ဖြင့် ဆွဲမကာ ဆက်တီကုလားထိုင်တွင် ဝင်ထိုင်သည်။

နောက်တစ်ကြိမ် တိတ်ဆိတ်နေပြန်သည်။ ဟာဖေးသည် သူ့နားထင်များကို လက်ဖြင့် နှိပ်နေရာမှ ရုတ်တရက် စိတ်တိုသွားသည့် လေသံဖြင့်-

"ခင်ဗျား ဘာပြုလို့ ဒီအခန်းထဲ ဝင်လာရတာလဲ။ ကျွန်တော့်ဘာသာ ကျွန်တော်တစ်ယောက်တည်း အေးအေးဆေးဆေး နေချင်တယ်ဆိုတာ ခင်ဗျားသိဖို့ ကောင်းတယ်ဗျာ"

ဟု ပြောသည်။

ဂျင်မီကော်ကိုရန်သည် အင်္ကျီအိတ်ထဲမှ နှာဘူးကိုထုတ်၍ နှာမှုန့်ကို လက်ခံပေါ်တင်ပြီး ရှူနေသည်။

"သူ့အလိုဆန္ဒနှင့် ရည်မှန်းချက် ပျောက်သွားသည့်အခါ သူသည် ထွက်ခွာသွားသည်။ သူ့အား နောက်ထပ် မမြင်မတွေ့ရတော့ပေ"

"ဟဲ့ . . . အဲဒါ ပလေတိုအကြောင်းရေးထားတဲ့ စာပဲ" ဟု ဂျင်မီက

ပြောသည်။ သူသည် သက်ပြင်းတစ်ချက် ချလိုက်ပြီး ဟာဖေးအား လှမ်းကြည့်သည်။

"ဟိုတုန်းက ငါလည်း ဘီယာကို အမြဲသောက်နေတာပဲ။ ဒါပေမဲ့ အရက်ဆိုတာကတော့ သိပ်သောက်ရင် သိပ်ကောင်းတယ်လို့တော့ ပြောလို့ မရဘူးပေါ့"

"ဒါကတော့ အမှန်ပြောတာပါ"

"ငါကတော့ အမြဲတမ်း အမှန်ပဲပြောတယ်။ အမှန်ပြောတဲ့သူကိုလည်း ငါကတော့ လေးစားတယ်"

သူသည် စကားကို ဆက်မပြောဘဲ ရပ်နေပြန်သည်။ ခဏမျှအကြာတွင် စကားကို ဆက်ပြောပြန်သည်။

"ယုံကြည်မှုကတော့ အရေးကြီးတယ်ကွ၊ သိလား။ ငါကိုယ်တိုင်လည်း ဒုက္ခတွင်းနက်တဲ့ဘဝထဲမှာ နေခဲ့ရတာပါပဲ။ ဘဝဆိုတာက တက်လိုက် ကျလိုက်နဲ့ သွားနေတာ မဟုတ်လား။ ငါတို့မိဘတွေက သိပ်ဆင်းရဲတာ။ ငါ ဆက်ခ်ဗီးလ်လမ်းမှာ နေတုန်းက ငါ ငယ်ငယ်ပဲရှိသေးတယ်။ ခက်ခက်ခဲခဲ ပညာသင်ခဲ့ရတာ"

သူသည် စကားကို မဆက်ဘဲ ရပ်ထားပြန်သည်။ ဟာဖေး နားထောင်မထောင် အကဲခတ်သည်။ ဟာဖေးကတော့ မျက်လုံးများကို မှိတ်ထားသည်။

"အဲဒီနောက်တော့ ငါ လက်ဝှေ့ကြိုးဝိုင်းထဲ ဝင်လာခဲ့တယ်။ အသက်ကလည်း ငယ်သေးတော့ ပွဲတိုင်းကျော်ပဲ။ ဘယ်သူမှ ယှဉ်လို့မရဘူးကွ။ ဘဲလ်ဖတ်စ်မှာ ငါ စမိုင်းလားဘာဂျ်ကို တစ်ချီတည်းနဲ့ အလဲထိုးခဲ့တယ်။ ငါ့ခြေထောက်သာ မခိုက်မိခဲ့ရင် ငါဟာ ကမ္ဘာ့ချန်ပီယံစာရင်းဝင်မှာ"

ဟု ပြောသည်။

ဟာဖေးက စိတ်ပျက်လက်ပျက်ဖြင့် တစ်ခွန်းမျှ ညည်းလိုက်သည်။

"ခင်ဗျား ဇာတ်လမ်း ပြီးဆုံးပြီလား။ ဆုံးပြီဆိုရင် ကျုပ်အခန်းထဲက ထွက်ပါတော့"

"ဘယ်ဆုံးဦးမှာလဲကွာ"

ဟု ဂျင်မီကပြောသည်။

"ယုံကြည်မှုအကြောင်းက အခုမှ စပြောမှာ။ အဲဒီနောက်တော့ ငါ ဆဒ္ဒနီမြို့မှာ ဘိလိယက်မာကာ လုပ်ခဲ့တယ်။ နောက်တော့ မက္ကဆီကို ကို ရောက်သွားတယ်။

အဲဒီမှာ တော်လှန်ရေးတွေဖြစ်လို့ သေနတ်တွေနဲ့ ပစ်ကြခတ်ကြနဲ့ တိုက်ပွဲတွေ ဖြစ်လာတယ်။ နောက်တစ်နှစ်မှာ ငါ ဘူးလ်ဂတ်ချ်ဒေသမှာ ရွှေသွားတူးတယ်။ ပြီးတော့ ဆန်ဖရန်စစ္စကိုမှာ ဘီယာဆိုင်ဖွင့်တယ်။

ဒါပေမယ့် ကြာလာတော့ တစ်နေရာမှာ အတည်တကျမနေရတဲ့အဖြစ်ကို စိတ်ပျက်လာတယ်။ ဒါနဲ့ပဲ တောင်ပိုင်းပြည်နယ်တွေဘက်ထွက်ပြီး ယာလုပ်ဖို့ ကြိုးစားတယ်။

လုပ်ခဲ့သမျှ အလုပ်တွေထဲမှာတော့ အကြိုက်ဆုံးအလုပ်ပဲ။ ဒါပေမယ့် ငါမိုက်တာ။ သတ္တုတူးမယ်ဆိုပြီး ကော်လိုရာဒိုဘက် ရောက်သွားပြန်တယ်။

အဲဒီနောက်တော့ ဆင်းနေ့ ဆပ်ကပ်အဖွဲ့နဲ့ ပါသွားပြန်ရော။ ပါမောက္ခဆင်းနေ့ဟာ လူကောင်းကြီးပါကွာ၊ သိလား။ အခု သူဆန်တာ ကရုဇ်မှာ နေတယ်။

ဆပ်ကပ်နဲ့လိုက်နေတုန်းကဆိုရင် ငါက ခြင်္သေ့လှောင်ချိုင့်ထဲ ဝင်ပြရတဲ့ လူပေါ့။ ခြင်္သေ့က အရိုင်းကွ။ အဲဒီခြင်္သေ့က အမပေါ့။

၂၆ ပွိုင့်မီနီကာလို့ နာမည်ပေးထားတယ်။ ဒီခြင်္သေ့မက လူသတ်တာ သုံးယောက်ရှိနေပြီ။ သူ့ခမျာ နောက်ဆုံးကျတော့ ငါ့လက်ထဲမှာပဲ သေသွားရှာတယ်"

ဟာဗေးသည် အိပ်စင်ပေါ်တွင် တလူးလူးတလိမ့်လိမ့်ဖြစ်နေရာမှ ဂျင်မီဘက် လှည့်ကြည့်သည်။

"ခင်ဗျား ဒီအခန်းထဲက မြန်မြန်ထွက်သွားအောင်လုပ်ပေးဖို့ ဘုရားသခင်ဆီမှာ ကျွန်တော် ဆုတောင်းနေရပြီ"

ဟု လှမ်းပြောသည်။

"ငါ သွားမှာပါကွာ"

ဟု ဂျင်မီက ပြန်အောင်သည်။

"စိတ်ချပါ ငါသွားမှာပါ။ မင်း သိပ်နေမကောင်းဘူးဆိုတာ ငါသိ

ပါတယ်။ ငါလာတာ ငါ့ကိုယ်ငါ မင်းနဲ့ မိတ်ဆက်ဖို့ရယ်၊ ပြီးတော့ မင်းကို အကူအညီပေးဖို့ရယ်၊ ဒါပါပဲ။ ငါ့ရုပ်ရည်ကိုကြည့်ပြီး မဆုံးဖြတ်ပါနဲ့။ ငါ့ကို မင်းရဲ့ ရင်းနှီးတဲ့ မိတ်ဆွေတစ်ယောက်လို သတ်မှတ်ပါ"

သူ့ပြောဟန်နှင့် လေသံတို့ကြောင့် စောစောက လုံးဝ မော့မကြည့်ခဲ့သော ဟာဗေးသည် ဖျတ်ခနဲမော့ကာ ဂျင်မီ့မျက်နှာကို ကြည့်သည်။

နွမ်းနွမ်းဖတ်ဖတ်ဝတ်စားထားသော အဘိုးအို၏ မျက်နှာသည် ခင်မင်စဖွယ်ကောင်းနေသည်ကို တွေ့ရ၏။ စိတ်တိုတိုနှင့် ပြောလိုက်ဆိုလိုက်ရန် ဟန်ပြင်ထားသော ဟာဗေးသည် မပြောရက်အောင် ဖြစ်သွားသည်။

အဘိုးအိုဂျင်မီကော်ကိုရန်သည် ပြုံးရွှင်သော မျက်နှာထားဖြင့် ထိုင်ရာမှ ထရပ်လိုက်သည်။

"တာ့တာ၊ ငါပြန်လိုက်ဦးမယ်"

ဟု ပြောသည်။

"ငါပြောခဲ့တဲ့စကားတွေကို မမေ့ပါနဲ့ကွာ။ လူတွေဟာ ဒီလိုပါပဲ"

အဘိုးအိုသည် လေကလေးတချွန်ချွန်ဖြင့် အခန်းထဲမှ ထွက်သွားသည်။ ကုန်းပတ်ပေါ်ရောက်သည့်အခါ သူသည် မာသာဟဲမင်းဝေးအား မျက်စိဖြင့် ရှာသည်။

ဟာဗေးကတော့ သူ့အခန်းထဲတွင် မျက်လုံးများကို တအားမှိတ်ကာ အိပ်စင်သံတန်းကို နဖူးနှင့် တိုက်ထားသည်။ အရုပ်ဆိုးဆိုး အမွေးအမှင်ထူထူ လူဝံနှင့်တူလှသော အိုင်းရစ်အဘိုးအိုသည် သူ့အား ခင်မင်သည့် အရိပ်လက္ခဏာများ ပြလျက်ရှိ၏။

ကြင်နာသည့်အမူအရာလည်း ဖော်ပြလျက်ရှိ၏။ အိုင်းရစ်ပီပီ စကားပြောရာ၌လည်း ရိုးသားပွင့်လင်းလှ၏။

ဤအဘိုးအိုအား သူ့မိတ်ဆွေအဖြစ် လက်ခံရမည်လော။ သူသည် အိပ်စင်ထက်တွင် ဘယ်ပြောင်းညာလူးဖြစ်လျက်ပင်ရှိသည်။ အိပ်ပျော်ချင်လှပါ၏။

အိပ်၍မရ။ နောက်ထပ် နာရီဝက်တိတိ အချိန်ကုန်သွားသော်လည်း အိပ်မပျော်။

ထို့နောက် ရေနွေးဘူးတစ်ဘူး ကိုင်၍ အခန်းထဲ ဝင်လာသူမှာ ထရောက်။ သူ့မျက်နှာသည် ထိတ်လန့်ကြောက်ရွံ့ခြင်းကို ဖော်ပြနေသည်။

သူသည် ခြေကို ခပ်ဖော့ဖော့နင်းကာ ဟာဗေးအနီးထိ လျှောက်လာပြီး ညင်သာပျော့ပျောင်းသော လေသံဖြင့် မေးသည်။

"ကျွန်တော် ဒေါက်တာ့ပစ္စည်းတွေကိုထုတ်ပြီး နေရာတကျ ထားပေးရမလား"

ဟာဗေးသည် မျက်လုံးဖွင့်မကြည့်။

"မလိုဘူး"

ဟု တစ်ခွန်းတည်းပြောသည်။

"ညစာယူပေးရမလား ခင်ဗျာ့"

"မလိုဘူး"

"ကျွန်တော်လုပ်ပေးနိုင်မယ့်ဟာ ဘာများရှိပါသလဲ ခင်ဗျာ"

ထိုအခိုက်တွင် ဓာတ်စက်မှ သီချင်းသံသည် အခန်းထဲသို့ ဝင်လာသည်။ ယနေ့ တစ်နေ့ခင်းလုံး ဖွင့်နေသည့် ဓာတ်ပြား။

"ငါ့ကို ×× မင်း အနမ်းတွေပေးပါလား ×× အချစ်ရယ်"

ဟူသော သီချင်းဓာတ်ပြား ဖြစ်သည်။ အခုတစ်ကြိမ်သည် ဆယ်ကြိမ်မြောက် ဖွင့်ခြင်းပေတည်း။ ဟာဗေးသည် သည်းမခံနိုင်လောက်အောင် ဖြစ်လာသည်။

"ငါ့ခေါင်းဟာ ကွဲထွက်တော့မလို ဖြစ်နေတယ်။ မင်းသူတို့ကို သွားပြောပေးစမ်းပါ။ ဓာတ်စက်ကို နောက်ထပ်မဖွင့်ပါနဲ့တော့လို့"

ဤအခိုက်မှာပင် တစ်ဖက်မှ ဓာတ်ပြားသီချင်းသံ ရပ်သွားသည်။

"အခန်းနံရံတွေက ပါးတယ်ခင်ဗျ။ ဒေါက်တာ့အသံကို ဟိုဘက်က ကြားသွားလို့ ဓာတ်စက်ရပ်သွားတာ"

ဟု ထရောက်က ပြောသည်။

ထို့နောက် ထရောက်သည် အခန်းထဲမှ ထွက်သွားသည်။ နောက် ငါးမိနစ်ခန့်အကြာတွင် ထရောက်ပြန်ရောက်လာသည်။ လက်သုပ်ပဝါအုပ်ထားသည့် လင်ဗန်းတစ်ချပ်ကို စားပွဲပေါ် ချလိုက်သည်။

“စွတ်ပြုတ်ရည်ပူပူလေး ယူလာပါတယ် ခင်ဗျ”

ဟု ထရောက်က ပြောသည်။

“ဆဒ္ဒနီစွတ်ပြုတ်ပါ၊ အလွန်အရသာရှိပါတယ်။ ကပ္ပတိန်ကြီးက ပို့ခိုင်းတာပါ”

“လေဒီဖီးလ်ကလည်း ဒေါက်တာ သိပ်ပြီး ခေါင်းကိုက်နေတယ်ကြားလို့ အက်စ်ပရင်သောက်လိုက်ပါလို့ ကျွန်တော့်ကို မှာလိုက်ပါတယ်”

ဟာဗေး၏ နှုတ်ခမ်းများသည် တင်းကျပ်စွာ စေ့သွားသည်။ သူသည် အော်ဟစ်ဆဲဆိုပစ်ချင်စိတ် ပေါ်လာသည်။

“ထားပစ်ခဲ့”

ဟု အံကိုကြိတ်၍ပြောသည်။

“အဲဒီအိပ်ရာဘေးက စားပွဲပေါ်မှာ တင်ထားခဲ့”

ထို့နောက် သူသည် အိပ်ရာပေါ်သို့ ခြေပစ်လက်ပစ် လှဲချလိုက်သည်။

မျက်လုံးများကို မှိတ်ကာ သင်္ဘောဆီမှ ထွက်လာနေသည့် တကျွီကျွီ မြည်သံကို နားစွင့်နေသည်။

သူ့ပတ်ပတ်လည်တွင် အသံများရှိနေ၏။ ထူးဆန်းသောအသံများ ဖြစ်သည်။

အသံအားလုံးသည် ကျယ်ကျယ်လောင်လောင်တော့ မဟုတ်။ သူ့အနားကပ်၍ ပြောနေကြသည့် တီးတိုးသံများ ဖြစ်သည်။

*

[ခုနစ်]

သူတို့ ပင်လယ်ပြင်သို့ထွက်ခဲ့ကြသည်မှာ သုံးရက်ပင်ရှိပြီ။ အနောက်တောင်လေသည် အေးအေးသာသာ တိုက်ခတ်လျက်ရှိသဖြင့် ဩရီယိုလာသင်္ဘော အေးဆေးငြိမ်သော ရေပြင်ပေါ်တွင် ဖြည်းဖြည်းသာသာ ခုတ်မောင်းသွားနေသည်။

ယခုဆိုလျှင် ဩရီယိုလာသည် ဗီနစ္စတာ အင်္ဂူဘက်သို့ နီးကပ်လာနေပေပြီ။

နံနက်ခင်းနေရောင်သည် ပင်လယ်ပြင်ထက်သို့ နွေးထွေးစွာ ကျဆင်းလျက်ရှိသည်။

ကုန်းပတ်ပေါ်မှ လျှောက်သွားနေကြသည့် ခြေသံများကို ကြားနေရသည်။ အောက်ဘက် စားသောက်ခန်းထဲတွင်မူ ရောဘတ်ထရန်းတားနှင့် သူ့အစ်မတို့သည် လက်ဆွဲဘာဂျာကြီးရှေ့တွင် ထိုင်နေကြသည်။

"တီးသွားတာ သိပ်ကောင်းတယ် ရောဘတ်"

ဟု ဆူဆန်က ပြောသည်။ ရောဘတ်ကတော့ သူ့အပေါ်ဘက် ကုန်းပတ်ပေါ်မှ ခြေသံများကို နားစွင့်နေသည်။

"ကျွန်တော်တို့ လေ့ကျင့်နေတာကို ခဏရပ်ထားပြီး အပြင်ထွက်ကြရင် ကောင်းမယ်ထင်တယ်"

ဟု အကြံပြုသည်။

"အစ်မတို့လေ့ကျင့်တာ အခုမှ အစပဲရှိသေးတယ်။ တိုင်ပင်ထားတာက တစ်နာရီတောင် လေ့ကျင့်ဖို့ မဟုတ်လား။ တကယ်တော့ အခုချိန်ဟာ တိတ်တိတ်ဆိတ်ဆိတ်သိပ်ရှိတယ်။ ဒီအောက်မှာ လူမရှိတော့ လေ့ကျင့်ရတာ အကောင်းဆုံးအချိန်ပဲ"

ကျွန်တော်သိပါတယ် ဆူဆန်ရယ်။ ဒါပေမယ့် စိတ်ကမငြိမ်ချင်ဘူး။ ကုန်းပတ်ပေါ်တက်ပြီး အညောင်းပြေလမ်းလျှောက်ချင်နေတယ်"

ဆူဆန်က ရောဘတ်၏မျက်နှာကို စူးစူးစိုက်စိုက်ကြည့်နေသည်။

"အစ်မကတော့ ဒီသင်္ဘောပေါ်မှာပါလာတဲ့ လူတွေကို သိပ်ပြီး ဂရုစိုက်စရာမလိုဘူး ထင်တာပဲ"

ဟု စကားအဆက်အစပ်မရှိဘဲ ပြောသည်။

"ဟို အီလစ်ဆာဆိုတဲ့ မိန်းမဆိုရင် အစ်မက လုံးဝကိုအရေးမလုပ်ဘူး"

"ဒီကိစ္စမှာတော့ အစ်မ လွဲနေပြီထင်တာပဲ"

ဟု ရောဘတ်က ပြန်ပြောသည်။

"ဟုတ်တယ်၊ ကျွန်တော်ကတော့ အဲသလိုပဲထင်တယ်။ သူ့ကြည့်ရတာ သဘောကောင်းပုံရပါတယ်"

"ဒီမိန်းမက တို့ကို ပြောင်ချင်သလိုလို သရော်ချင်သလိုလို လုပ်နေတာ ရောဘတ်ရဲ့။ သူက အရာရာတိုင်းကို လိုက်ပြီး သရော်နေတာ။ ဘုရားသခင်ကိုတောင် အလွတ်ပေးတာမဟုတ်ဘူး"

ရောဘတ်က ဆူဆန်၏လက်ကို သူ့လက်ဖြင့် အသာအယာဆုပ်ကိုင်လိုက်သည်။

"ဒီလိုမကောင်းတဲ့စိတ်နဲ့ပြောရင် အစ်မရဲ့ စိတ်ကောင်းလေးကို ဖျက်ဆီးပစ်သလို ဖြစ်သွားမှာပေါ့။ ကျွန်တော်တို့အနေနဲ့ သူများကို ဝေဖန်တာ

ရှုတ်ချတာ မကောင်းပါဘူး”

ဟု ပြောသည်။

“မင်း ဒီမိန်းမကို စိတ်ဝင်စားနေတယ် မဟုတ်လား”

ဟု ဆူဆန်က ပြောသည်။

“ငါ့စိတ်ထဲက အလိုလိုသိနေတယ်”

ရောဘတ်က ဆူဆန်၏ စွပ်စွဲချက်ကို မငြင်း။

“ကျွန်တော်သူ့ကို စိတ်ဝင်စားနေတယ်ဆိုတာ ဝန်ခံပါတယ်”

ဟု ဖြေသည်။

“ဒါပေမယ့် သူ့စိတ်ကိုကယ်တင်ဖို့ ဖြစ်လာနိုင်စရာရှိတယ်လို့ ယူဆနိုင်စရာရှိလို့ပါ။ ဟိုတုန်းကလည်း ကျွန်တော် အမျိုးသမီးတွေနဲ့ တရောတနှော နေခဲ့တာ အစ်မတွေ့ခဲ့ဖူးသားပဲ။ အစ်မ မသက်ာဖြစ်စရာ လုပ်ခဲ့ဖူးသလား”

သူ့စကားသည် မှန်သည်။ သူသည် မိန်းမအများအပြားနှင့် တရင်းတနှီး ဆက်ဆံခဲ့ဖူး၏။ သို့သော်လည်း မည်သည့်မိန်းမအပေါ်မှာမှ ဆန်းဆန်းပြားပြား စိတ်ဝင်စားခဲ့ဟန်မပြ။

သူ့အာရုံသည် သူ့အပေါ် ဘုရားသခင်အပေါ်နှင့် သူ့အစ်မတို့၏ အပေါ်မှတစ်ပါး တခြား ဘယ်သူ့ထံကိုမှ မရောက်။

ဘာသာတရားကို အလွန်ကိုင်းရှိုင်းသည့် မိဘများမှ ထရင်တန်မြို့၌ မွေးဖွားခဲ့သော ရောဘတ်ထရန်တားသည် ငယ်ငယ်ကတည်းက ဘုန်းကြီး လုပ်ရန် ရည်မှန်းချက်ရှိခဲ့သူ ဖြစ်သည်။

သူ့အဖေ ဂျိုစီယာထရန်းတားသည် မအောင်မြင်သော ဈေးသည် တစ်ယောက်ဖြစ်၏။

ဆဲဗင်းဒေးယူနီတီ ဘာသာရေးဂိုဏ်းတွင် ပြင်းထန်သော နောက်လိုက် တစ်ဦးလည်း ဖြစ်၏။ သူ့အမေ အင်မီလီမှာ အလွန်အေးအေးဆေးဆေး နေတတ်သူ ဖြစ်သည်။

မုန့်ဖုတ်၍ ရောင်းနေသော သူ့ယောက်ျား၏ စီးပွားရေးလုပ်ငန်း အဆင်မပြေမှုကို ပြစ်တင်ဝေဖန်ခြင်းမပြုဘဲ သည်းခံခွင့်လွှတ်၍ နေသူ ဖြစ်သည်။

သူ့အမေသည် သူ၏သာယာပျော်ရွှင်မှုကို သားသမီးများထံ၌ မြှုပ်နှံထားသူဖြစ်၏။ အထူးသဖြင့် အမေအချစ်ဆုံးသားသည် ရောဘတ်ဖြစ်သည်။

ရောဘတ်သည် မိခင်၏အချစ်ကို ကောင်းစွာတုံ့ပြန်ခဲ့သည်။ သူသည် တာဝန်သိ၍ ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်သော သားတစ်ယောက်အဖြစ် လူသိများခဲ့သူ ဖြစ်သည်။

ဧည့်သည်များ အလည်အပတ်ရောက်လာ၍ သူ့ခေါင်းကို ချစ်စနိုးပုတ်ကာ "မင်း ကြီးလာရင် ဘာလုပ်မလဲ"ဟု မေးလိုက်ပါက . . .

"ကျွန်တော် ဓမ္မတရားဟောဆရာလုပ်မယ်"

ဟု ဖြေတတ်သူ ဖြစ်သည်။

မိဘများကလည်း ရောဘတ်၏ ရည်မှန်းချက်အတိုင်း ဖြစ်မြောက်အောင် ပြုစုပျိုးထောင်ပေးခဲ့ရုံမျှမက အားပေးသမှုလည်း ပြုခဲ့ကြသည်။

ဆူဆန်သည် နူးညံ့သိမ်မွေ့သော စိတ်နေစိတ်ထားရှိသူ ဖြစ်သည်။

သူသည် သူ့မောင် ရောဘတ်အား အလွန်ချစ်သည်။ သူ့မောင် ရောဘတ် ကျမ်းစာသင်ကောလိပ် တက်သည့်အခါ ဆူဆန်သည် ဂွန်စတာလင် ဆေးရုံတွင် သူနာပြုဆရာမသင်တန်း တက်သည်။

နှစ်တွေ တစ်နှစ်ပြီးတစ်နှစ် ကုန်လွန်ကာ ရောဘတ် ရဟန်းဖြစ်သည့်နေ့သို့ ဆိုက်ရောက်လာသည်။

မုန့်သည်လင်မယားအတွက် အလွန်ဂုဏ်တက်သော နေ့တစ်နေ့ဖြစ်၏။ နှစ်ပေါင်းများစွာ ဆင်းရဲဒုက္ခခံခဲ့ရသည်များကို မေ့ပျောက်သွားသည့် နေ့တစ်နေ့လည်း ဖြစ်၏။

သူတို့လင်မယားသည် အကောင်းဆုံး အဝတ်အစားများ ဝတ်ဆင်ကာ သူ့သား ခရစ်ယာန်ဘုန်းတော်ကြီး ခံယူပွဲ အခမ်းအနားတက်ရန် မီးရထားဖြင့် ကွန်နက်တီးကပ်သို့ ခရီးထွက်ခဲ့ကြသည်။

သူတို့ လိုက်ပါလာသော မီးရထားသည် ထရင်တန်မြို့နှင့် ခြောက်မိုင်ကွာတွင် လမ်းချော်ကာ တာရိုးကို ဝင်တိုက်သည်။

အထိအခိုက် အဆုံးအရှုံးကတော့ နည်းသည်။ လူနှစ်ယောက်သာလျှင် အသက်ဆုံးခဲ့သည်။

သို့သော်လည်း ထိုနှစ်ယောက်မှာ ဂျီစီယာထရန်းတားနှင့် အင်မီလီ ထရန်းတားတို့ ဖြစ်၏။

ဤအဖြစ်တွင် စိတ်အထိခိုက်ဆုံးလူမှာ ရောဘတ်။ ယူနီတီကျောင်း ထဲမှ ခရစ်ယာန်ဘုန်းတော်ကြီးအဖြစ် ပြန်ထွက်လာသော ရောဘတ်သည် သတင်းဆိုးကို ကြားလိုက်ရသည့်အခါ များစွာ စိတ်ထိခိုက်ကြေကွဲခြင်း ဖြစ်ရရှာသည်။

ဘေးမှ မြင်ရသူအဖို့ သနား၍မဆုံးနိုင်အောင် ဖြစ်ခဲ့ကြရ၏။

ဆူဆန်ခမျာလည်း ရောဘတ်လိုပင် ပြင်းပြင်းထန်ထန် ခံစားခဲ့ရသည်။ စကားတော့ များများစားစားမပြော။ သူ့မိဘများ ဆုံးပါးသည့်လထဲတွင် ဆေးရုံ၌ အလုပ်လုပ်ရင်း နှစ်ကြိမ်မျှ စိတ်ထိခိုက်ကာ လဲကျမေ့မြောသွား ခဲ့သည်။

ဆေးရုံမှ ဆရာဝန်များက ဆူဆန်တွင် နှလုံးအားနည်းသဖြင့် တပင်တပန်းနိုင်လှသော ဆေးရုံသူနာပြုအလုပ်ကို စွန့်လွှတ်ရန် အကြံပြုခဲ့ကြလေသည်။

ဤသို့ဖြင့် ဆူဆန်သည် သူ့မောင်၏ သင်းအုပ်နယ်မြေဖြစ်သော အုတ်ကီးဗီးလ်သို့ သွားရောက်ကာ ရောဘတ်နှင့်အတူ နေထိုင်ခဲ့သည်။

သူ့မောင်အား အစစအရာရာလိုလေသေးမရှိအောင် ပြုစုသည်။ သူ့ မောင်သည် သူ့အလုပ်ပေါ်တွင် များစွာစိတ်အားထက်သန်သူဖြစ်၍ အောင် မြင်မှုလည်း ရှိခဲ့၏။

သို့သော်လည်း သူသည် စိတ်ဓာတ်ပြင်းပြသူ ဖြစ်ရုံမျှမက စိတ်ကူး ယဉ်တတ်သူဖြစ်သည့်အားလျော်စွာ တစ်နေရာတည်း၌ အခြေစိုက်၍ နေ လိုစိတ် မရှိ။

သူသည် သင်းအုပ်ဘုန်းကြီးအဖြစ် တစ်နှစ်မျှလုပ်အပြီးတွင် နိုင်ငံခြား သာသနာပြုလုပ်ငန်းတွင် ပါဝင်လုပ်ကိုင်လိုကြောင်း စာရင်းသွင်းလိုက်သည်။

သူ၏ ရိုးသားဖြူစင်မှုကို အများကသိကြသည်။ သူ့လုပ်ရည်ကိုင်ရည် နှင့် အစွမ်းသတ္တိများကိုလည်း အသိအမှတ်ပြုကြသည်။

သူ့ခြေလှမ်းကိုလည်း သဘောကျကြသည်။ အဖွဲ့အား ဦးစီးဦးဆောင် ပြုနေသော ဆရာတော် တီရမ်မက်အေတီကလည်း နိုင်ငံခြား သာသနာပြု

လုပ်ငန်းနယ်ပယ်တွင် စိတ်ဓာတ်ထက်သန် တက်ကြွသော လူငယ်လူရွယ်များနှင့် အင်အားဖြည့်တင်းလိုသည်။

ထိုအချိန်တွင် ကနေရီကျွန်းစုမှ သာသနာပြုတစ်ယောက် လွှတ်ပေးရန် တောင်းခံနေမှုကလည်း ဖိအားပေးလျက်ရှိ၏။

ဤတွင် ဆရာတော်က ရောဘတ်အား ဆန်တာကရုဇ်သို့ စေလွှတ်ရန် ဆုံးဖြတ်လိုက်သည်။

ဤတွင် ဆူဆန်သည်လည်း သူ့မောင်နှင့်အတူ အဖော်အဖြစ် လိုက်ပါလာခဲ့ခြင်း ဖြစ်၏။

ဤကား ရောဘတ်၏ နောက်ကြောင်းပေတည်း။

အခုလည်း ရောဘတ်သည် သူ့အစ်မ၏ သံသယကြောင့် ပြဿနာတက်လျက်ရှိသည်။ သူသည် သည်းခံခွင့်လွှတ်သော အကြည့်ဖြင့် ဆူဆန်၏ မျက်နှာကို စူးစူးစိုက်စိုက်ကြည့်နေသည်။

"တကယ်ပြောတာပါ ဆူဆန်၊ ယုံပါ"

ဟု ရောဘတ်က ပြောသည်။

"အီလစ်ဆာဘန်ဟန်ဟာ ကယ်တင်ရမယ့်လူတစ်ယောက် ဖြစ်လာလိမ့်မယ်လို့ ကျွန်တော်ထင်တယ်"

"သူ့လို ပေါ့ပေါ့တန်တန် နေတတ် ပြောတတ်တဲ့ လူစားတစ်ယောက်ကို ကယ်တင်နိုင်ရန် သိပ်ကိုမွန်မြတ်မှာသေချာတယ်"

"ဒါကြောင့်မို့ ကျွန်တော် သူ့ကို စိတ်ဝင်စားနေတာပါ"

ဆူဆန်သည် ရောဘတ်အား ငြိမ်ဆိတ်စွာထိုင်၍ ကြည့်နေသည်။ ရောဘတ်စိတ်ထိခိုက်သွားသည့် အရိပ်လက္ခဏာကိုကြည့်ကာ စိတ်မကောင်းဖြစ်နေသည်။

ထိုအခိုက်တွင် အပြင်ဘက် ကုန်းပတ်ပေါ်သို့ မိုးပေါက်များကျလာသံကို ကြားရသည်။

ပြီတော့ ကုန်းပတ်ပေါ်မှ ပြေးလွှားနေကြသည့် ခြေသံများနှင့် ရယ်မောသံများ၊ နောက်တစ်ခဏမျှအကြာတွင် မေရီသည်-

"မိုးရွာလာပြီ . . . မိုးရွာလာပြီ"

ဟု အော်ဟစ်ကာ စားသောက်ခန်းတံခါးပေါက်မှ အပြေးအလွှား ဝင်လာသည်။

တစ်ဆက်တည်းပင် သူ့နောက်မှ အီလစ်ဆာ၊ ဒစ်ဘ်ဒင်းနှင့် ကော်ကိုရန်တို့ သုံးယောက် ဝင်လာသည်။

ကုတ်အင်္ကျီပေါ်မှ မိုးစက်များကို ခါချနေသော အီလစ်ဆာသည် ထရန်းတားတို့မောင်နှမအား ဖျတ်ခနဲလှမ်းကြည့်သည်။

"ဘာလဲ၊ ရှင်တို့ သီချင်းဆိုနေကြတာလား"

ကျယ်ကျယ်လောင်လောင် အော်၍မေးသည်။

"ဟန်ကျတာပဲ၊ အပြင်းတော့ပြေမှာပဲ။ လက်ဆွဲဘာဂျာလည်းပါတယ်၊ ပျော်စရာပါလားဟေ့။ ရှင်တို့က ကျွန်မတို့ကို ဖြေဖျော်ကြမှာ မဟုတ်လား"

ဆူဆန်က မြူးထူးရွှင်းလန်းနေသော အီလစ်ဆာအား မနှစ်သက်သည့် မျက်နှာထားဖြင့် စိုက်ကြည့်နေသည်။

"ကျွန်မတို့ သီချင်းဆိုတာ ဘုရားသခင်အတွက်ရှင့်"

ဟု ပြောသည်။

"ဒါကို ကျွန်မတို့က ဖြေဖျော်ပွဲတစ်ခုလို့ သတ်မှတ်ထားတာမဟုတ်ဘူး"

အီလစ်ဆာက တအံ့တသြပြန်ကြည့်သည်။

"ဟင် . . . ရှင်တို့က တခြားသီချင်းလေးဘာလေး ဆိုမပြနိုင်ဘူးလား"

ဟု မေးသည်။

"တခြားသီချင်းဆိုရင်လည်း ဘုရားသခင်အတွက်ရော ကျွန်မတို့အတွက် ဖြေဖျော်သလိုပါပဲရှင်"

ဒစ်ဘ်ဒင်းက အီလစ်ဆာ၏စကားကို သဘောကျသဖြင့် အော်ရယ်သည်။

ဆူဆန်၏ မျက်လုံးအစုံသည် ဒေါသရောင်ဖြင့် တောက်ပလာသည်။ အီလစ်ဆာ၏ မျက်နှာကို စူးစူးရဲရဲကြည့်ကာ ပါးစပ်တလှုပ်လှုပ် ဖြစ်လာသည်။

ရောဘတ်က အီလစ်ဆာ၏ မျက်နှာကို စိုက်ကြည့်ပြီး-

"ကျွန်တော် ခင်ဗျားအတွက် ဆိုပေးပါ့မယ်"

ဟု ပြောသည်။

"ကျွန်တော်တို့ဟာ သူတစ်ပါးကို မကူညီချင်တဲ့လူတွေ မဟုတ်ပါဘူး။ ခင်ဗျားနားထောင်ချင်တဲ့ သီချင်းကို ကျွန်တော်ဆိုပြပါ့မယ်။ ဘုရားသခင်က လည်း အဲဒီသီချင်းနားထောင်ရလို့ ဘယ်လိုမှ ဖြစ်သွားမယ်လို့ မထင်ပါဘူး"

ရောဘတ်က ဆူဆန်အား လှည့်ကြည့်သည်။ ပထမတော့ ဆူဆန်သည် မတုန်မလှုပ် ကျောက်ရုပ်သဖွယ် ငြိမ်ဆိတ်နေသည်။

သူသည် ထိုပုံစံအတိုင်း ဆယ်စက္ကန့်မျှကြာအောင် ထိုင်နေသည်။

ထို့နောက် တောင့်မတ်သော သူ့ခန္ဓာကိုယ်သည် ပြေလျော့သွားသည်။ လက်နှစ်ဖက်သည် လက်ဆွဲဘာဂျာခလုတ်များပေါ်သို့ ရောက်သွားသည်။ ဂီတသံသည် ပေါ်လာသည်။

"တို့အားလုံး ဘုရားသခင်ရဲ့ သားသမီးတွေပါကွယ်"

ဟူသော သီချင်းတီးလုံး။ ရောဘတ်၏ သီချင်းဆိုသံသည် အခန်းထဲတွင် ပျံ့လွင့်လာသည်။

ရောဘတ်သည် အသံကောင်းသူ ဖြစ်၏။ အဆိုကလည်း ပိုင်နိုင်၏။ အကောင်းဆုံးဖြစ်အောင် အားထုတ်၍ ဆိုနေခြင်းဖြစ်သဖြင့် ပို၍နားထောင်လို့ကောင်းနေသည်။

ကော်ကိုရန်သည် ခေါင်းတဆတ်ဆတ်ညိတ်ကာ စိတ်ဝင်တစား နားထောင်လျက်ရှိ၏။

ပါးစပ်ဟောင်းလောင်းပွင့်နေသော ဒစ်ဘ်ဒင်းကတော့ သူ့နေ့လယ်စာကို စဉ်းစားလျက်ရှိသည်။ အီလစ်ဆာကတော့ ပျင်းရိငြီးငွေ့ဟန်ဖြင့် နားထောင်သည်။

မေရီကတော့ ဆက်တီပေါ်၌ထိုင်ကာ တွေဝေငေးမောလျက်ရှိ၏။ သီချင်းကို အိပ်မက်တစ်ခုထဲမှ ထိုင်၍ နားထောင်နေသည့် လူတစ်ယောက်ပုံစံမျိုး ဖြစ်သည်။

သူ့စိတ်အာရုံသည် မမြင်နိုင်စွမ်းသည့် အဝေးတစ်နေရာသို့ ရောက်

နေသည့်နှယ် ရှိသည်။

ရုတ်တရက် သီချင်းသံ ရပ်သွားသည်။ မည်သူမှ စကားမပြောကြ။ အီလစ်ဆာက ဝါးခနဲ တစ်ချက်မျှ သမ်းလိုက်သည်။

"ကျေးဇူးတင်ပါတယ်ရှင်"

နွမ်းလျလျလေသံဖြင့် ရေရွတ်သည်။

"ဒီသီချင်းကို ရိုဘီဆန်ဆိုတာ ကျွန်မ ကြားဖူးတယ် သိပ်ကိုကောင်းတာပဲ"

ထိုအခါ မေရီက . . .

"အခုလည်း ကောင်းတာပါပဲ"

ဟု ပြောသည်။

"သီချင်းရဲ့ နောက်ကွယ်မှာ အဓိပ္ပာယ်လေးနက်မှုတစ်ခု ရှိနေသလိုပဲ။ အပေါ်ယံကကြည့်လို့ မမြင်နိုင်တဲ့ အရာတစ်ခုလို့ ထင်တယ်"

"အား . . . သိပ်ဟုတ်တာပေါ့"

ဟု ကော်ကိုရန်က ထောက်ခံသည်။

"အဲဒါ ယုံကြည်မှုပဲ။ မင်းပြောတာသိပ်မှန်တယ်။ ဒါမျိုးက ရှင်းပြလို့လည်း မရနိုင်ဘူးကွယ့်"

အားလုံး ငြိမ်နေကြပြန်သည်။ မေရီသည် ဖျတ်ခနဲထကာ ဘာတစ်ခွန်းမှမပြောဘဲ အခန်းထဲမှ ထွက်သွားသည်။

ကုန်းပတ်ပေါ်တွင် မိုးတိတ်နေပေပြီ။ သူသည် သံလက်ရန်းတစ်ခုကို မှီ၍ ပင်လယ်ပြင်ဆီသို့ ငေးမောနေသည်။

ဖြည်းဖြည်းသာသာ တိုက်ခတ်နေသည့်လေ။ နိမ့်ချည်တစ်ခါ မြင့်ချည်တစ်လှည့် ဖြစ်နေသည့် ရေပြင်။

မေရီ၏စိတ်သည် ဘာကြောင့်ရယ်မသိ တင်းကျပ်နေသည်။ အဓိပ္ပာယ်ကတော့ အပေါ်ယံမျက်နှာပြင်ထက်၌ ရှာမတွေ့သည့် အရာတစ်ခုကြောင့်ဟုပင် သူမ ထင်မိ၏။

သူ၏ မိုက်မဲမှုတစ်ခုဟုလည်း တွေးမိသည်။ သူ့ဘဝသည် သူ့ကိုယ်သူ မကယ်နိုင်တော့သည့် ဘဝတစ်ခုဟုလည်း ယူဆမိ၏။

အောက်ထပ် စားသောက်ခန်းထဲတွင်လည်း လူစုကွဲသွားပြီ။ ကော်ကိုရန်နှင့် ဒစ်ဘ်တို့သည် သူတို့အခန်းထဲသို့ ရောက်သွားကြပြီ ဖြစ်၏။

ဆူဆန်သည် အခန်းအလယ်၌ရပ်ကာ လက်ဆွဲဘာဂျာဘေး၌ ထိုင်နေသည့် ရောဘတ်အား လှမ်းကြည့်သည်။

"မင်းက ဘယ်လိုလဲ၊ လိုက်မှာလား"

ဟု မေးသည်။

"မင်း ဆေးသောက်ဖို့လည်း အချိန်နီးနေပြီ"

"ကျွန်တော်လိုက်ခဲ့မယ်၊ ဆူဆန်သွားနှင့်ပါ"

"အခုတစ်ခါတည်းလိုက်ခဲ့လေ၊ ကြာရင် ဆေးသောက်ဖို့ မေ့သွားလိမ့်မယ်"

ရောဘတ်ကပြုံး၍ အလွန်ချိုသာသော လေသံဖြင့် ပြန်ပြောသည်။

"ကျွန်တော် အခုပဲလိုက်လာခဲ့မှာပါ ဆူဆန်ရယ် သွားနှင့်ပါ။ ဆေးကိုလည်း ထည့်ထားနှင့်ပါ"

ဆူဆန်သည် လက်ဆွဲဘာဂျာသေတ္တာကို တင်းကျပ်စွာ ဆုပ်ကိုင်ထားသည်။

ရောဘတ်၏စကားအပေါ် ကျေနပ်ပုံမရ။ သူသည် ချာခနဲလှည့်ကာ အခန်းထဲမှ ထွက်သွားသည်။

အီလစ်ဆာက ဆူဆန်ထွက်သွားရာဘက်သို့ လိုက်ကြည့်သည်။

"သူ့ကြည့်ရတာ မနာလိုတိုရှည် ဖြစ်နေသလိုပဲနော်"

ဟု ထင်မြင်ချက်ပေးသည်။

"ကျွန်တော်တို့မောင်နှမက တစ်ယောက်အတွက် တစ်ယောက်က အသက်ရှင်နေကြတာ"

"ပြီးတော့ ဘုရားသခင်အတွက်ဆိုပါတော့ ဟုတ်လား"

"ဟုတ်တယ်"

အီလစ်ဆာ၏ အကြည့်တွင် အထင်အမြင်သေးသည့် အရိပ်ငွေ့များ ထင်ဟပ်လာသည်။ ပြောင်ချင်လှောင်ချင်သည့်သဘောလည်း ပါလာသည်။

အီလစ်ဆာအား အကဲခတ်နေသည့် ရောဘတ်သည် သူ့စိတ်ထဲ၌

ပေါ် လာသည့် မခံချင်စိတ်ကို ချုပ်တီးမထားနိုင် ဖြစ်သွားသည်။

"ခင်ဗျား ကျွန်တော်တို့ကို ဘာပြုလို့ ဒီလောက် အထင်အမြင်သေးနေရတာလဲ။ ကျွန်တော်တို့ မောင်နှမဟာ ခင်ဗျားလို အဆင့်မြင့်မြင့်မျိုးရိုးက မွေးဖွားလာတာ မဟုတ်ပါဘူး။

"ခင်ဗျားလို ပေါင်းသင်းဆက်ဆံရေးနယ်ပယ်မှာ အဆင့်မြင့်မြင့်လည်း မဟုတ်ပါဘူး"

"ဒါပေမယ့် ကျွန်တော်တို့နှစ်ယောက်စလုံး လူသားတွေပါ။ ရိုးသားဖြောင့်မတ်ဖို့နဲ့ စိတ်ကောင်းရှိဖို့ ကြိုးစားအားထုတ်နေကြတဲ့သူတွေပါ"

အီလစ်ဆာကတော့ ရောဘတ်၏စကားတွင် စိတ်ဝင်စားသည့် လက္ခဏာ လုံးဝမပြ။

စီးကရက်တစ်လိပ်ထုတ်၍ မီးညှိပြီး ဖွာနေသည်။ ရောဘတ်ဆီသို့ လျှောက်လာပြီး ဘေးနားတွင် ဝင်ထိုင်သည်။

"ကျွန်တော် ခင်ဗျားကို စကားပြောခွင့်ရချင်နေတာ ကြာပါပြီ"

ဟု ရောဘတ်ကပြောသည်။

"ဒီကိစ္စမှာ ကျွန်တော် ပွင့်ပွင့်လင်းလင်းပဲ ပြောချင်ပါတယ်။

"ကျွန်တော်တို့ မောင်နှမကို ခင်ဗျားက လူလိမ်လူညာတွေလို့ ထင်နေတယ် မဟုတ်လား"

"ကျွန်တော်တို့ အီဗန်ဂျီလစ်ဘာသာတွေကို ခဲနဲ့ပေါက်တာတွေလည်း ရှိခဲ့တယ် မဟုတ်လား။ ကျွန်တော်တို့ကို ပြောင်လှောင်ရှုတ်ချပြီး ရေးထားတဲ့ စာအုပ်တွေလည်း အများကြီးပဲ။

"ကျွန်တော်တို့ရဲ့ ပြောပုံဆိုပုံ၊ ဝတ်ပုံစားပုံတွေကိုပါ သရော်ကြတာပါပဲ။ ကျွန်တော်တို့နဲ့ ပတ်သက်သမျှ အရာရာတိုင်းကို သရော်ကြ ပြစ်တင်ကြနဲ့ ရစရာမရှိအောင် ဝေဖန်ခဲ့ကြတာပါ"

"မှန်ပါတယ်"

"ကျွန်တော်တို့ ဘာသာဝင်တွေထဲမှာ သမ္မာကျမ်းစာကို အလွဲသုံးစား ပြုနေကြတဲ့ လူတွေ အများကြီးရှိပါတယ်"

"ဒါပေမယ့် မှန်ကန်တဲ့ ယုံကြည်မှုနဲ့ ရိုးသားဖြူစင်စွာ လုပ်ကိုင်နေကြတဲ့

လူတွေလည်း ရာပေါင်းများစွာရှိတာကို မေ့ပစ်လို့ မရပါဘူး”

“ခင်ဗျားအနေနဲ့ ကျွန်တော်တို့ရဲ့ ယုံကြည်မှုအပေါ်မှာ တန်ဖိုးမထားချင်နေပါ။ ကျွန်တော်တို့ရဲ့ ရိုးသားဖြူစင်မှုကိုတော့ ခင်ဗျား အသိအမှတ်ပြုသင့်ပါတယ်”

အီလစ်ဆာက ရောဘတ်အား အထင်အမြင်သေးသည့် မျက်နှာထားဖြင့် ကြည့်သည်။

“ပြောနေလိုက်တာ စကားကြောက အတော်ရှည်တာပဲ။ ဘာအဓိပ္ပာယ်နဲ့ ပြောနေတာလဲ။

“ဘာနဲ့ ဘယ်လိုများ ဆက်စပ်ပတ်သက်နေလို့ ဒါတွေပြောနေတာလဲ”

ဟု အထက်စီးလေသံဖြင့် မေးသည်။

“ဆက်စပ်ပတ်သက်မှုရှိလို့ ပြောနေတာပါ မဒမ်”

“ဘာအဓိပ္ပာယ်ဆိုတာလည်း ခင်ဗျားသိပါတယ်။ ကျွန်တော်ပြောတာယုံပါ။

“ကျွန်တော့်အနေနဲ့ ခင်ဗျားလို ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်ပြီး အင်မတန်ချောတဲ့လှတဲ့ မိန်းမတစ်ယောက်ဟာ ဘဝရဲ့ အဓိပ္ပာယ်ကို မသိမမြင် ဖြစ်နေတဲ့အတွက် အများကြီး စိတ်ထိခိုက်နေရပါတယ်”

“ခင်ဗျားအနေနဲ့ သာယာပျော်ရွှင်မှုအတွက် အရာရာတိုင်းကိုရအောင် ကြိုးစားနေပါတယ်။ ဒါပေမယ့် ဘာအနှစ်သာရကိုမှ မခံစားရဘူး ဖြစ်နေပါတယ်”

“ကျွန်မက ဘာအနှစ်သာရကိုမှ မခံစားရဘူးတဲ့၊ ဟုတ်မှ ဟုတ်ရဲ့လားရှင့်”

ဟု အီလစ်ဆာက မျက်ခုံးများကိုပင့်၍ ပြောသည်။

“ဟုတ်တယ်”

“ခင်ဗျားမှာ ဘာအနှစ်သာရကိုမှ မခံစားရပါဘူး။ ဘုရားသခင်ကို မတွေ့မချင်း ခင်ဗျား စိတ်ချမ်းသာမှု လုံးဝရမှာ မဟုတ်ဘူးလို့ ကျွန်တော် ပြောရဲပါတယ်”

“အဲဒီအခါကျမှ ဘဝရဲ့ သာယာချမ်းမြေ့မှုကို ခင်ဗျားရမှာပါ”

အီလစ်ဆာသည် စီးကရက်ကို တအားဖွာရှိုက်လိုက်ပြီး မီးခိုးငွေ့များကို ဖြည်းဖြည်းချင်း မှုတ်ထုတ်နေသည်။

သူ၏ ရိုးသားဖြောင့်မတ်မှုကိုတော့ အီလစ်ဆာ ဝန်မခံဘဲမနေနိုင်။ သို့သော်လည်း ခပ်ကြောင်ကြောင်အတွေးကတော့ သူ့ရင်ထဲ၌ ရှိနေဆဲ။

ရောဘတ်သည် လူချောတစ်ယောက်၊ ကိုယ်လုံးကိုယ်ထည်ကလည်း တောင့်တောင့်လှလှ၊ ဘယ်လိုပဲဖြစ်ဖြစ် လူပုံပန်းကတော့ စိတ်ပျက်စရာ ညည်းငွေ့စရာကောင်းလိမ့်မည်ဟုပင် ထင်မိသည်။

"ရှင်ပြောပုံဆိုရင် ရှင့်မှာကတော့ ရှင်လိုချင်တဲ့ သာယာချမ်းမြေ့မှု အားလုံးကို ရနေသလိုပဲ"

"ရှင်တကယ်ပဲ ရနေပြီလား"

"ကျွန်တော် ပျော်ရွှင်ကြည်နူးနေတာ ခင်ဗျား မမြင်ဘူးလား"

"အဲဒါ အမှန်အတိုင်းပြောပြနေတာပါ။ ဒဲဒါကို ခင်ဗျားမြင်စေချင် တယ်၊ နားလည်စေချင်တယ်။ ကယ်တင်ခံရခြင်းဟာ သာယာချမ်းမြေ့မှုကို ရစေနိုင်တာပဲ"

"ရှင် ဆိုလိုချင်နေတာက ကျွန်မကို ရှင် သိပ်ပြီး ကယ်တင်ချင်နေ တယ်ပေါ့ ဟုတ်လား"

ဟု အီလစ်ဆာက သရော်သံဖြင့် မေးသည်။

"ကျွန်တော်တို့အလုပ်က လူတွေကို ကယ်တင်ဖို့ပဲ"

ဟု ရောဘတ်က ဖြေသည်။ ကိုယ်ကို အီလစ်ဆာဘက်သို့ ကိုင်း လိုက်သည်။

ခင်ဗျား ကြိုးစားမကြည့်ချင်ဘူးလား၊ ဘုရားသခင်ဆီကို ခင်ဗျား မရောက်ချင်ဘူးလား။ ခင်ဗျားလို အမျိုးသမီးတစ်ယောက် အခုလို လမ်းစ ပျောက်နေတာဟာ အလွန်နှမြောဖို့ကောင်းပါတယ်။ ကျွန်တော် ခင်ဗျားကို ကူညီစမ်းပါရစေ၊ ကူညီခွင့်ပေးပါလား"

အီလစ်ဆာသည် မလှုပ်မယှက်ထိုင်နေသည်။

သူ့ရင်ထဲတွင် မထေမဲ့မြင်ပြုလိုစိတ် ပြန်ဝင်လာသည်။ တဖြည်းဖြည်း နှင့် ချုပ်တီး၍မရ ဖြစ်လာသည်။ ဟက်ဟက်ပက်ပက် ရယ်ချလိုက်သည်။

သူ့ရယ်သံနှင့်အတူ အချက်ပေးခရာသံပါ ထွက်ပေါ်လာသည်။ နေ့လယ်စာ စားရန် အချက်ပေးလိုက်ခြင်း ဖြစ်သည်။

နောက်ဆုံးတွင် အီလစ်ဆာသည် ရောဘတ်လက်သို့ လှည့်ကြည့်သည်။

"ကျွန်မ တစ်ခု စဉ်းစားမိတယ်"

ဟု ထစ်တီးထစ်ငေါ့ဖြင့် ပြောသည်။

"ရှင့်အနေနဲ့၊ ရှင့်အနေနဲ့က ရှင် အသည်းဆေး မသောက်ရသေးဘူး"

*

## [ရှစ်]

သဘော်စထွက်ကတည်းက ပင်လယ်ပြင်တွင်းသို့ ဝင်လာချိန်အထိ အခန်းအောင်းနေခဲ့သော ဟာဗေးလိသ်သည် ထိုနေ့မှာပင် ပထမဆုံးအကြိမ် အပြင်သို့ ထွက်လာခဲ့သည်။

အခန်းများကြားရှိ လမ်းများအတိုင်း လျှောက်ကာ အပြင်သို့ ထွက်လာခဲ့သည်။ ဟာဗေးသည် ဝင်းလက်တောက်ပသော နေရောင်၏ဒဏ်ကို မခံနိုင်သဖြင့် မျက်စိများကို မှိတ်ထားလိုက်ရသည်။

သူ့ပါးများသည် ပိန်ချုံးကာ ဖြူဖပ်ဖြူရော်တော့ရှိသည်။ သူသည် အားနည်းလျက်ရှိသော်လည်း သူ့ကိုယ်သူ ယခင်ရက်များထက် ပိုမိုကောင်းမွန်လာပြီဟု ယုံကြည်လျက်ရှိသည်။

ထရောက်က သူ့အား မုတ်ဆိတ်မွေးများ ရိတ်ပေးခဲ့ပြီး မီးခိုးရောင် ဝတ်စုံတစ်စုံကို ထုတ်၍ ဝတ်ဆင်ပေးခဲ့သည်။

အခုလည်း ထရောက်သည် အခန်းဝမှနေ၍ ဟာဗေးအား လှမ်းမျှော်ကြည့်ကာ ဝမ်းသာအားရရှိနေသည်။

ဤဘဏ္ဍာစိုး ထရောက်သည် ဟာဖေးအား များစွာစောင့်ကြည့် ကူညီခဲ့သည်။ သူ့အပြင် ဟာဖေးအပေါ် စိတ်ဝင်စားအဖော်ပြု၍ အားပေး ခဲ့သူမှာ ကော်ကိုရန် ဖြစ်သည်။ သူသည်လည်း သုံးရက်မျှ ကာလအတွင်း ဟာဖေးထံ မကြာခဏ ရောက်လာကာ သူသိထားသမျှ ဒဿနိကအမြင်များ ပြောပြ၍ အားပေးသမှုပြုခဲ့သည်။

ဟာဖေးသည် သံတန်းမျာကို အားပြုကာ သင်္ဘောကုန်းပတ်ပေါ်တွင် သတိထား၍ လျှောက်လာသည်။

ကုန်းပတ်၏ လက်ဝဲဘက် တစ်နေရာ၌ အဝတ်တစ်ထည်ခြုံ၍ ထိုင် နေသူမှာ မာသာဟဲမင်းဝေး။

သူသည် ဘာမှမလုပ်ဘဲ ငြိမ်ဆိတ်စွာ ထိုင်နေခြင်း ဖြစ်၏။

သို့သော်လည်း ဟာဖေးကို မြင်လိုက်သည့်အခါ သူ၏ မှုန်မှိုင်းရီ ဝေနေသော မျက်လုံးများသည် ပြုံးကျယ်တောက်ပလာသည်။

"အား. . . ဘယ်လိုလဲ၊ အပြင်ကို ထွက်လာပြီလား"

ဟု မာသာဟဲမင်းဝေးက နှုတ်ဆက်သည်။ ဟာဖေးက ပြန်၍နှုတ် ဆက်သော်လည်း စကားတော့ များများပြန်မပြော။

"ရှင် နေကောင်းသွားပြီလား"

ဟု မာသာဟဲမင်းဝေးက မေးသည်။

"အရက်ကလေး ဘာလေး သောက်ချင်ရင်တော့ ကျွန်မ ကူညီပံ့ပါမယ်"

"မလိုပါဘူး၊ ကျေးဇူးတင်ပါတယ်"

ဟု ဟာဖေးက တိုတိုတောင်းတောင်း ပြန်ပြောပြီး ဆက်လျှောက် သွားရန် ဟန်ပြင်သည်။

"အား . . . နေပါဦးလေ"

ဟု မာသာဟဲမင်းဝေးက တားသည်။

"ခဏထိုင်ပြီး စကားလေးဘာလေး ပြောပါဦးလား။ ဆန်တာကရုဇ်ကို ရောက်တဲ့အခါ ရှင် ကျွန်မရဲ့ ဆိုင်ဘက်ကို အလည်လာခဲ့ပါလား"

"ကျွန်မဆိုင်မှာ အစားအသောက်ကောင်းကောင်းရတယ်"

ဂျာမန်ဝိုင် ကောင်းကောင်းလည်း ရတယ်ရှင့်"

“ခင်ဗျား ကျွန်တော့်အပေါ် သဘောကောင်းတာ အတော့်ကိုလွန်ကဲနေပါတယ်”

ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် ခင်ဗျားဆိုင်ကို ကျွန်တော် လာနိုင်မယ် မထင်ပါဘူး”

“ဒါနဲ့ မေးရဦးမယ်။ ရှင့်မိတ်ဆွေ ကော်ကိုရန်က ဆန်တာကရုဇ်ကို ဘာပြုလို့လာတာလဲ”

ဟာဗေးက ခေါင်းခါသည်။

“ကျွန်တော်မသိဘူး”

ဟု ပြောကာ မာသာဟဲမင်းဝေးအနီးမှ ခပ်သုတ်သုတ် ထွက်ခွာသွားသည်။

သူသည် သင်္ဘော၏ လက်ယာဘက်ပိုင်းသို့ လျှောက်သွားသည်။ ကုလားထိုင်များထဲမှ နှစ်လုံးတွင် လူနှစ်ယောက် ထိုင်နေသည်ကို မြင်သည်။

သူသည် မည်သူ့ကိုမှ ဂရုမစိုက်ဘဲ လွတ်နေသည့် ကုလားထိုင်တစ်လုံးတွင် ထိုင်နေသည်။

နေရောင်သည် နွေးထွေးလှ၏။ သူသည် မျက်လုံးအစုံကို မှိတ်၍ ငြိမ်ဆိတ်နေသည်။

အခုလောလောဆယ်မှာတော့ဖြင့် သူ့စိတ်ဒဏ်ရာ နာကျင်မှုကို သူ မေ့နေသည်။

သာသာညင်းညင်းတိုက်ခတ်နေသည့်လေ၊ ဖြည်းဖြည်းသာသာကလေး လှုပ်ရှားနေသည့် ရေပြင်၊ သင်္ဘောသည် တောင်စူးစူးသို့ ရှေးရှု၍ လွင့်နေသည်။

သူ့အား တစ်စုံတစ်ဦးက စိုက်ကြည့်နေသည်ဟူသော ခံစားမှုဝင်လာသဖြင့် ဟာဗေးသည် မျက်လုံးများကို ဖျတ်ခနဲ ဖွင့်လိုက်သည်။

သူ့အား စိုက်ကြည့်နေသော ဆူဆန်ထရန်းတားသည် သူ့အကြည့်ကို ဘေးတစ်ဖက်သို့ လွှဲလိုက်သည်။

သူ့ပါးနှစ်ဘက်သည် နီရဲချက်ရှိ၏။ ဆူဆန်သည် ဟာဗေး၏ဘေး မနီးမဝေးရှိ ကုလားထိုင်တွင် ထိုင်နေခြင်း ဖြစ်သည်။

မှတ်စုစာအုပ်တစ်အုပ်နှင့် ခဲတံတစ်ချောင်းကို သူ့ဒူးခေါင်းပေါ်၌ တင်ထားသည်။

သူ့အကြည့်ကို လျင်မြန်စွာ လွှဲလိုက်ခြင်းဖြစ်၍ သူ့ဒူးခေါင်းပေါ်မှ စာအုပ်သည် ဘေးတစ်ဖက်သို့ လွင့်ကျသွားသည်။

သူ့အနီးသို့ကျလာသော စာအုပ်ကို ဟာဖေးက ကုန်း၍ကောက်လိုက်သည်။

နေ့စဉ် မှတ်တမ်းစာအုပ်ဖြစ်၏။ သူ့လက်ထဲရောက်လာသော စာအုပ်သည် ပွင့်သွားသည်။

လန်သွားသော စာရွက်ပေါ်တွင် ရေးထားသည်မှာ သူ့နာမည်၊ ပြီးတော့ . . .

"သူ့ဇာတ်လမ်းကို ကြားရသမျှ ကျွန်မတော့ မယုံကြည်ဘူး။ သူ့မျက်နှာက အင်မတန် သိမ်မွေ့မြင့်မြတ်တဲ့ မျက်နှာပါ"

ဟု ဆက်ရေးသည်။ မတော်တဆဖြစ်ပြီး အမှတ်တမဲ့ မြင်လိုက်ရခြင်းဖြစ်၏။

လက်ထဲမှ စာအုပ်သည် ပိတ်သွားပြီ။ သူသည် စာအုပ်ကို ဆူဆန်အား လှမ်းပေးသည်။

ဆူဆန်က စာအုပ်ကို ဆီးယူပြီး သူ့ရင်ခွင်ထဲ၌ ထည့်ထားလိုက်သည်။

သူမသည် ရုတ်တရက် ဘာစကားမှ မပြောနိုင်။ ရှက်စိတ်က လွှမ်းနေသဖြင့် စကားပြောချင်ပါလျက်နှင့် ပြောမထွက်။ နောက်ဆုံးတွင် သူသည် အရဲစွန့်ကာ စကားတစ်ခွန်း ပြောသည်။

"ရှင် အတော်ကြီးနေကောင်းသွားပြီထင်တယ်"

ဟာဖေးက မျက်နှာကို တစ်ဖက်ဆီသို့ လွှဲထားသည်။

အမှတ်တမဲ့ ဖတ်လိုက်ရသော စာတန်းကြောင့် သူ့စိတ်ထဲတွင် ဘဝင်မကျ ဖြစ်လျက်ရှိ၏။ သူ့အား သနားကရုဏာသက်သည့်လူဆိုလျှင် သူမုန်းတီးတတ်သည်။ ဤအကျင့်ကြောင့်လည်း သူသည် ဆူဆန်အပေါ် ရွံ့ရှာသလို ဖြစ်နေမိသည်။ သို့သော်လည်း ဆူဆန်၏ အပြုအမူသဘောထားနှင့် လေသံတို့ကြောင့် ဆူဆန်၏ မေးခွန်းကို မဖြေဘဲ မနေနိုင်။

"ဟုတ်တယ်၊ ကောင်းသွားပြီ"

"တော်သေးတာပေါ့"

ဟု ဆူဆန်က ထပ်ပြောသည်။

"လတ်စ်ပါလ်မတ်စ်ကို စနေနေ့ကျရင်ရောက်မယ်။ အခုလို နေကောင်းနေရင်တော့ ကမ်းပေါ်တက်ချင်စိတ် ရှိလာမှာပါ။ တောင်ထိပ်တွေပေါ် တက်ချင်ရင်လည်း တက်လို့ရတယ်"

ဟာဗေးသည် ဆူဆန်အား လှည့်မကြည့်။ ရှေ့တည့်တည့်ကိုသာ စိုက်ကြည့်နေသည်။

"ကျွန်တော် ကမ်းပေါ်တက်ပြီး အရက်သောက်ချင်သောက်မယ်"

ဟု ပြောသည်။

"အပျော်သောက်မဟုတ်ဘူး။ မူးရူးသွားအောင် သောက်မှာ။ လောကကြီးကို မေ့သွားအောင် သောက်မှာ"

"အရက်မသောက်ပါနဲ့လား"

ဟု ပြောလိုက်ချင်စိတ်သည် ဆူဆန့်ရင်ထဲ၌ ပေါ်လာသည်။ သို့သော်လည်း သူ့ကိုယ်သူ ချုပ်တီးထားသည်။

"ကျွန်မတို့မောင်နှမက ရှင့်ကို သိပ်ကူညီချင်ကြတယ်။ အထူးသဖြင့် ရှင်အခုလို နေမကောင်းဘူးဆိုတာ သိရတော့ ပိုပြီးကူညီချင်တဲ့စိတ် ဖြစ်မိကြတယ်"

"ရောဘတ်က ရှင့်အခန်းကို သွားမယ်လုပ်နေတာ ကျွန်မက ရှင့်ဘာသာ တစ်ယောက်တည်း အေးအေးဆေးဆေးနေချင်မှာပဲလို့ ထင်တာနဲ့ တားထားလို့"

"ဟုတ်တယ်၊ သိပ်မှန်တယ်။ တစ်ယောက်တည်းပဲနေချင်တယ်"

ဟာဗေး၏ စကားကြောင့် ဆူဆန် နှုတ်ဆိတ်သွားသည်။ နောက်ထပ် စကားပြော၍ မဖြစ်တော့သည့် အနေအထားသို့ ဆိုက်ရောက်သွားသည်။

သို့သော်လည်း ဆူဆန်မနေနိုင်။ သူသည် အတန်ကြာမျှ တိတ်ဆိတ်နေရာမှ စကားပြန်စသည်။

"ကျွန်မပြောလိုက်မိတဲ့စကားက သူတစ်ပါးကိစ္စမှာ မဆီမဆိုင် ဝင်စွက်သလို ဖြစ်သွားတယ်"

ဟု ပြောသည်။

"ကျွန်မဆိုလိုတာက ကျွန်မမှာ သူနာပြုအတတ်ပညာနဲ့ ပတ်သက်ပြီး အတွေ့အကြုံရှိနေလို့ပါ။

"ဂျွန်စတာလင်းဆေးရုံမှာ ကျွန်မ သုံးနှစ် အလုပ်လုပ်ခဲ့ဖူးပါတယ်။ ရောဘတ်ရဲ့ သာသနာပြုလုပ်ငန်းမှာလည်း ကျွန်မ အများကြီး အကူအညီပေးနိုင်ခဲ့ပါတယ်"

သို့သော်လည်း ဟာဗေးကတော့ နားမထောင်။ ဆူဆန်ပြောနေခိုက်တွင် ဟာဗေး၏ မျက်လုံးများသည် ဂနာမငြိမ်။ သူနှင့် လေးကိုက်ခန့် အကွာရှိ ကုလားထိုင်ပေါ်၌ ကလေးတစ်ယောက်သဖွယ် အိပ်မောကျနေသော အမျိုးသမီးငယ်အား စိတ်ဝင်တစားကြည့်နေသည်။

အမျိုးသမီး၏ဗိုက်သည် ပိန်ချည်တစ်ခါ ဖောင်းချည်တစ်လှည့်၊ လက်များသည် ဘေးတစ်ဖက်တစ်ချက်တွင် တွဲလောင်း။

သူ့မျက်တောင်မွေးများ၏ အရိပ်များသည် မျက်နှာပေါ်တွင်ကျလျက် သူ့ကုတ်အကျႌ၏ လည်ပင်းကြယ်သီးသည် ပြုတ်လျက်ရှိရာ အတွင်းမှ ဖြူဝင်းသောအသားနှင့် လည်ဆွဲပုလဲလုံးများကို လှစ်ပြထားသည့်နှယ် ရှိသည်။

ချစ်စရာကောင်းလှသောအလှသည် ပီပီပြင်ပြင် ပေါ်လွင်လျက်ရှိသည်။

သူနေသည့် စကားတွင် စိတ်ဝင်စားဟန်လုံးဝမပြသဖြင့် ဆူဆန်သည် နောက်တစ်ကြိမ် နှုတ်ဆိတ်သွားပြန်သည်။

သို့သော်လည်း သူသည် ဟာဗေးအား မျက်ခြည်မပြတ်ကြည့်နေသည်ဖြစ်ရာ . . .

ရှေ့တည့်တည့်မှ အိပ်မောကျနေသူအား စိတ်ဝင်စားသလိုဖြစ်နေသည့် ဟာဗေး၏ အပြုအမူကို သတိထားမိလာသည်။

အမျိုးသမီး၏ အဝါရောင် ပိုးသားဂါဝန်သည် ဒူးခေါင်းလောက်ထိ လန်တက်နေသည်ကိုလည်း မြင်သည်။

ထိုအခါကျတော့လည်း သူသည် နောက်ထပ် စကားမပြောဘဲ မနေနိုင် ဖြစ်ရပြန်သည်။

"အဲဒါ. . . လေဒီဖီးလ်ဒင်ပေါ့"

"သူ့ခမျာ အသက်က သိပ်ငယ်သေးတယ်"

ဆူဆန်က ပြောသည်။

"ပြီးတော့ လှလည်း သိပ်လှတယ်"

"ထူးခြားတဲ့ ဂုဏ်အင်္ဂါနှစ်ခုပေါ့"

ဟု ဟာဗေးက ပြောပြန်သည်။

သူ့လေသံသည် ငေါ်တော့တော့ဖြစ်သည်။ ပြောပြီးခါမှ စိတ်မကောင်းဖြစ်ရပြန်သည်။

တကယ်တော့ သူ့စိတ်ထဲတွင် ဤအမျိုးသမီး၏ ထူးခြားသော အရည်အသွေး နှစ်ရပ်ကို အသိအမှတ်မပြုဘဲ မနေနိုင်။

"ဒီပုလဲတွေက သိပ်ကို အဖိုးတန်တယ်"

ဆူဆန်ကပြောသည်။

"သူ့ပုလဲတစ်လုံးရဲ့ တန်ဖိုးဟာ ငတ်ပြတ်နေတဲ့ မိသားစုတစ်စုအတွက် တစ်နှစ်တိတိ မကြောင့်မကြနေနိုင်တယ်"

"ရင်နာဖို့မကောင်းဘူးလား၊ ဒေါက်တာဟာဗေးရယ်"

"စဉ်းစားကြည့်စမ်းပါ၊ ဆင်းရဲသား ရပ်ကွက်တွေမှာ ဆင်းရဲသားတွေက ငတ်ပြတ်ပြီး သေမလောက် ခံစားနေကြရတယ်။ ဒီပစ္စည်းတွေကို သူတို့ဝတ်ထားတာဟာ ဘာမှ အဓိပ္ပာယ်မရှိပါဘူး"

"ကျွန်တော် ဆင်းရဲတဲ့မိသားစုတွေကို စိတ်မဝင်စားဘူး"

ဟု ဟာဗေးက မလိုတမာသံဖြင့် ခတ်ဆတ်ဆတ်ပြောသည်။

"သေလုမတတ် ငတ်နေတယ်ဆိုတာကလည်း လူမျိုးကို တိုးတက်စေတယ်။ ဒါဟာ လိုအပ်တဲ့ အချက်တစ်ချက်ပဲ။ ကျွန်တော်ဆိုရင် ဒီသင်္ဘောပေါ်ကို တက်မလာခင်က အပြစ်မဲ့တဲ့ လူသုံးယောက်ကို သတ်လာခဲ့တာ။ အလွန်ကောင်းတဲ့ ဘဝအစတစ်ခုပေ့ါဗျာ"

ဆူဆန်သည် စိတ်မကောင်းဖြစ်သွားသည်။ ဟာဗေး၏ စိတ်တွင်

မည်မျှလောက်အထိ ထိခိုက်နာကျင်နေသည်ကို သူနားလည်လိုက်မိသဖြင့် သနားစိတ်ဝင်သည်။

သူ့မျက်နှာသည် သူခံစားနေသည့် စိတ်ဝေဒနာကို သိသာထင်ရှားစွာ ဖော်ပြနေသည် မဟုတ်ပါလား။

"သူ့ယောက်ျား ဆာမိုက်ကယ်ဖီးလ်ဒင်းက အရမ်းကို ချမ်းသာတာပဲ"

ဟု ဆူဆန်က ဆက်ပြောပြန်သည်။

"ကျွန်းတွေပေါ်မှာစိုက်ပျိုးခြံကြီးတွေရှိတယ်တဲ့။ အဲဒါတွေကလည်း အပိုလုပ်ငန်းတွေဖြစ်ဖို့ များပါတယ်။ သူကတော့ တကယ့်ကို ထင်ရှားကျော်ကြားတဲ့ လူတစ်ယောက်ပဲ။ သူက သူ့မိန်းမထက် အသက်ကြီးတယ်။ ထူးဆန်းနေတာတစ်ခုက သူ့ယောက်ျားမပါဘဲ သူတစ်ယောက်တည်း ခရီးထွက်လာတဲ့ကိစ္စပဲ။ ဘာကြောင့်ပါလိမ့်လို့ ကျွန်မ တွေးနေမိတယ်"

"ခင်ဗျား သူ့ကို သွားမေးကြည့်ပေါ့"

ဟု ဟာဗေးက ပြောသည်။

"ကျွန်တော်ကတော့ အတင်းအဖျင်းသတင်းတွေကို မကြိုက်ဘူး"

ဆူဆန်သည် ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်နေသည်။

"ကျွန်မ စိတ်မကောင်းပါဘူး"

ဟု ခပ်တိုတိုပြောသည်။

"ဟုတ်ပါတယ်၊ ကျွန်မ မပြောသင့်တဲ့ စကားတွေပါ"

ထိုအခိုက် ခရာသံ ထွက်ပေါ်လာသည်။ လက်ဖက်ရည်သောက်ရမည့် အချိန်ပေတည်း။

ကုလားထိုင်ပေါ်၌အိပ်နေသော မေရီဖီးလ်ဒင်း နိုးလာသည်ကို မြင်ရသည်။ ဆူဆန်သည် သူ့လက်ဆွဲအိတ်ကိုယူကာ ထိုင်နေရာမှ ထသည်။

"ရှင် လက်ဖက်ရည်လိုက်သောက်မလား။ သင်္ဘောပေါ်မှာတိုက်တဲ့ လက်ဖက်ရည်ကတော့ ခပ်ကျကျ ခပ်ခါးခါးပဲ"

ဟု လှမ်းပြောသည်။

ဟာဗေးက အဖြေမပေး။ မျက်နှာကို အခြားတစ်ဖက်သို့ လွှဲထားသည်။ ဆူဆန်၏ စကားကို မကြားဟန်ပြုနေသည်။

သူလက်ဖက်ရည်မသောက်ချင်။ ဆူဆန်၏ မျက်လုံးအစုံတွင် မျက်ရည်များဖြင့် ပြည့်နေသည်။

ဟာဗေးကတော့ ယင်းကဲ့သို့သော သနားကြင်နာမှုမျိုးကုလည်း မလိုလား။

နောက်တစ်ခဏမျှအကြာတွင် ဆူဆန်သည် ဟာဗေး၏ အနားမှ တိတ်တိတ်ဆိတ်ဆိတ်ပင် ထွက်ခွာသွားသည်။

ဟာဗေးသည် သူ့ရှေ့၌ကျန်နေသည့် မိန်းမတစ်ယောက် ထွက်အသွားကို စောင့်မျှော်နေသည်။

သို့သော်လည်း အမျိုးသမီးက ထွက်မသွား။ မကြာခင် ထရောက်သည် လက်ဖက်ရည်လင်ပန်းတစ်ချပ် ကိုင်ကာ ကုန်းပတ်ပေါ်သို့ ရောက်လာသည်။

လင်ပန်းကို မေရီဖီးလ်ဒင်းရှေ့ လာချပေးသည်။

"အခုလို နေသာနေတဲ့အချိန်ဆိုရင် ကျွန်မက ကုန်းပတ်ပေါ်မှာ အခုလိုထိုင်ပြီး လက်ဖက်ရည်သောက်ရတာကို ကြိုက်တယ်"

ဟု မေရီက ပြောသည်။ သူပြောနေပုံမှာ သူ့ပတ်ဝန်းကျင်ရှိ လူတစ်ဦးတစ်ယောက်အား ရည်စူး၍ ပြောနေသည့်ပုံမျိုး ဖြစ်၏။ သူသည် ပါးစပ်ကပြောနေသော်လည်း လူကို မကြည့်။

"ဘယ်နှယ့်လဲ၊ ရှင်ကော ဒီအပေါ်မှာ လက်ဖက်ရည်သောက်မလား။ မသောက်ချင်ဘူးဆိုရင်လည်း မသောက်ချင်ဘူးလို့သာ ပြောပါ၊ ရပါတယ်"

ဟုဆက်ပြောသည်။

မေရီ၏ အသံသည် သွက်လက်ပေ့ါပါးသည်။ နှစ်လိုဖွယ်ရာလည်းကောင်းသည်။ သို့သော်လည်း ဟာဗေးကတော့ ဒါတွေကို ဂရုမစိုက်။ မနှစ်မြို့သည့်စိတ်သာ ပေါ်ပေါက်လျက်ရှိ၏။

သူသည် ထိုင်နေရာမှထ၍ အဝေးသို့ ထွက်သွားချင်စိတ် ပြင်းပြလျက်ရှိသည်။

မေရီ၏ ဖိတ်ခေါ်ချက်ကို ငြင်းပယ်ရန် ပြောတော့မည်ဟု ပြင်ကာမှ ဘဏ္ဍာစိုး ထရောက် နောက်တစ်ခေါက် ပြန်ရောက်လာသည်။

သူ ယူလာသည့် လက်ဖက်ရည်ပန်းကန်ကို လင်ပန်းထဲက ချပေးပြီး

ကုပ်ကုပ်ရုပ်ရုပ်ကလေး ပြန်ထွက်သွားသည်။

"ကျွန်မကတော့ ထရောက်ကို သိပ်သဘောကျတယ်"

ဟု မေရီက ပြောသည်။

"သူက အိမ်ထောင်နဲ့ရှင့်၊ သိလား။ သူတို့မှာ သားသမီး ခြောက်ယောက်တောင် ရှိတယ်။ သူတို့ကိုသာ အပျော်ခရီးသွား သင်္ဘောတစ်စီး ပေါ်တင်လိုက်ရင် ဘယ်လောက်ပျော်စရာကောင်းမလဲနော်။ တစ်နေ့ကျမှ ကျွန်မ မိုက်ကယ်ကိုပြောပြီး သူတို့မိသားစုကို သင်္ဘောပေါ်တင်လာဦးမယ်"

ရေပြင်ကို ငေးကြည့်နေသော ဟာဗေးသည် မေရီအား တစ်ချက် လှမ်းကြည့်သည်။

မေရီသည် လက်ဖက်ရည်ပန်းကန်ကို သူ့အား လှမ်းပေးလျက်ရှိသည်။

မေရီ၏လက်သည် တုန်ယင်လှုပ်ရှားလျက်ရှိသဖြင့် အောက်ခံ ပန်းကန် ပြားထဲမှ ဇွန်းသည် တဆတ်ဆတ်ခါလျက်ရှိ၏။

ဟာဗေး၏အပြုအမူကို အကဲခတ်နေသော မေရီသည် ဟာဗေး ဘာ တွေးနေသည်ကို ရိပ်မိလိုက်သည်။

"ကျွန်မလက်တွေက အဲသလိုပဲ တစ်ခါတလေ တုန်နေတတ်တယ်။ ကျွန်မတို့ ဘတ်ဒင်းဂေဟာမှာ ပါတီပွဲတွေလုပ်တဲ့အခါမှာလည်း အဲသလိုပဲ ဖြစ်တတ်တယ်"

ဟု ပြောသည်။

ဟာဗေးသည် မေရီ၏ လှပသေးသွယ်သော လက်ချောင်းများကို စိုက်ကြည့်နေသည်။ ဘာကြောင့်ရယ်မသိ၊ လက်ချောင်းကလေးများသည် မသိမသာလေး တုန်လျက်ရှိ၏။

"ရှင်ကတော့ သိချင်မှ သိမယ်"

ဟု မေရီက ပြောသည်။

"တစ်ခါတစ်ရံမှာ ကျွန်မစိတ်ထဲမှာ လူတွေနဲ့ ဝေးရာကို သွားနေချင်တဲ့စိတ် ဖြစ်မိတယ်။

"အို. . . ငါသွားမှဖြစ်မယ်၊ လူတိုင်းနဲ့ဝေးရာကို သွားနေမှဖြစ်မယ်

လို့ စိတ်ထဲမှာ ပြင်းပြင်းထန်ထန်ကြီးကို ဖြစ်တာ။ ရှင် အဲဒီလိုစိတ်မျိုး ဖြစ်ခဲ့ဘူးသလားဟင်"

"ဖြစ်ဖူးတယ်"

ဟု ဟာဗေးက ပြောသည်။

"ဒါပေမဲ့ လက်တွေ့ကျတော့ မအောင်မြင်ဘူး"

မေရီက သူ့စကားကို သဘောကျသဖြင့် ပြုံးသည်။

"ရှင်ပြောတာ မှန်တယ်"

ဟု ပြန်ပြောသည်။

"ကျွန်မကတော့ စကားသိပ်မပြောတတ်ဘူး။ ကိုယ်ပြောချင်တဲ့စကား ကို လိပ်ပတ်လည်အောင် မပြောတတ်ဘူး"

'ကျွန်မက ဒီလိုသာနေရရင် သိပ်ကြိုက်တာပဲ။

"ဩော် . . . ရှင်လက်ဖက်ရည် ထပ်ပါယူဦးလား။ လက်ဖက်ရည်ထဲမှာ လိမ္မော်ရည်အရသာလေး ပါနေတယ် ရှင် အဲဒါကို သိရဲ့လား"

"မသိဘူး"

ဟု ဟာဗေးက သံပြတ်နှင့်ပြောသည်။

"ကျွန်တော် အရသာမခံတတ်ဘူး။ သိပ်ဈေးကြီးတဲ့ လက်ဖက်ရည် မျိုးလည်း မသောက်ဖူးဘူး။ သောက်လေ့သောက်ထလည်းမရှိဘူး။

"လွန်ခဲ့တဲ့ သီတင်းသုံးပတ်စလုံး ကျွန်တော်က အရက်ချည်း မနား တမ်း သောက်လာခဲ့တဲ့ကောင်။ ဒါကြောင့်မို့ ကျွန်တော့်လျှာတွေ ထူ ပြီး ဘာကိုမှ အရသာခံလို့ မရတော့ဘူး"

မေရီသည် တိုတိုပြတ်ပြတ်နှင့် ခပ်ရိုင်းရိုင်းပြောနေသော ဟာဗေး၏ လေသံနှင့် ပြောဟန်ဆိုဟန်များကို ဂရုမစိုက်။

သူသည် ကုလားထိုင်ကိုမှီ၍ ထိုင်လိုက်ကာ ကောင်းကင်နှင့် ရေ ပြင်ကိုတစ်လှည့်စီ ကြည့်နေသည်။

ဘာကြောင့်မှန်း အတိအကျမသိဘဲနဲ့ ရှင် ပျော်ရွှင်တဲ့စိတ် ဖြစ်ခဲ့ဖူး သလား"

ဟု မေးသည်။

"အကြောင်းရှာမရဘဲနဲ့ စိတ်ထဲက ပျော်နေတာမျိုးကို ပြောတာပါ"

"အကြောင်းကောရှိလို့လား"

"မရှိပါဘူး"

ဟု ဟာဗေးက ဖြေသည်။

"ပျော်ရွှင်မှုဆိုတာကိုက အကျိုးအကြောင်း ဆင်ခြင်လို့မရတဲ့ အခြေအနေတစ်ရပ်ပဲ။ အကြောင်းလဲရှာရော ပျော်ရွှင်မှုဆိုတာ ပျောက်သွားတာပဲ"

"ရှင်က အကြောင်းရှာမကြည့်ချင်ဘူးဆိုပါတော့၊ ဟုတ်လား"

ဟု မေရီက ရေရွတ်လိုက်ပြီး ဟာဗေး၏ မျက်နှာကို စိုက်ကြည့်နေသည်။

"ကဲ. . . ကျွန်မပြောမယ်"

"အခုလောလောဆယ် ဘာပြုလို့မှန်းမသိဘူး ကျွန်မပျော်နေတယ်။"

"ကျွန်မစိတ်ထဲက ပျော်နေမှန်းသိနေပေမယ့် ဘာကြောင်း ပျော်နေတာလဲ ဆိုတာကျတော့ မရှင်းပြတတ်ဘူး"

မေရီသည် အလွန်အလေးအနက်ထား၍ ပြောနေခြင်းဖြစ်၏။ သူ့မျက်နှာထား၊ လေသံနှင့် အမူအရာများသည် ရိုးသားဖြူစင်မှုကို အပီအပြင်ဖော်ပြလျက်ရှိသည်။

"သိပ်အံ့ဩစရာကောင်းတယ်"

ဟု မေရီက စကားဆက်သည်။

"ကျွန်မ ရှင့်ကို မြင်မြင်ချင်းပဲ စိတ်ထဲမှာ ဟိုအရင်ကတည်းက သိခဲ့သလိုလို ခံစားရတယ်။

"တွေ့ခဲ့ဖူးသလိုလို၊ မြင်ခဲ့ဖူးသလိုလိုပဲ။ ရှင် နားလည်မလားတော့ မပြောတတ်ဘူး။ အဲသလိုခံစားမှုမျိုးကို ရှင်ကိုယ်တိုင်ကော ခံစားခဲ့ရဖူးသလားဟင်။

"ကျွန်မပြောတဲ့သဘောက ကြုံခဲ့ရတဲ့အဖြစ်က ကြာလှပြီ။ ဟို. . . လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကတည်းက ကြုံခဲ့ရတာ။ အခုလို အေးဆေးငြိမ်ဆိတ်ပြီး နေသာတဲ့ နေ့တစ်နေ့မှာ ထိုင်ပြီး နားနေတုန်း ဖြုန်းခနဲပြန်ပေါ်

လာတဲ့ သဘောပါ။

"ရုတ်တရက် ပြန်ပြီး သတိရလာတာမျိုးပေ့ါ။ အို. . . ရှင်နားလည်သွားအောင် ကျွန်မ ရှင်းမပြတတ်ဘူး"

"သဘောက လုံးဝလှုပ်ရှားမရှိဘဲ ထိုင်ပြီး နားစွင့်နေတုန်း ဝင်လာတဲ့ ခံစားမျိုးပဲ သိပ်ကိုထူးဆန်းတာပဲ"

ဟာဖေးသည် သွက်လက်စွာဖြင့် အားပါးတရပြောနေသော မေရီအားကြည့်နေမိသည်။

မေရီ့အလှသည် သူ့အတွက် ညို့ဓာတ်အပြည့်ရှိနေသည်။ ရုတ်တရက် သူ့ရင်ထဲ၌ သံသယဝင်လာသည်။

ထိုအလှအပေါ် အခြေခံသည့် သံသယဖြစ်၏။ ဤအလှတွင် ရိုးသားဖြူစင်မှုမှ ရှိပါ့မလား ဟူသော သံသယ ဖြစ်၏။

သူသည် ဟက်ခနဲတစ်ချက်မျှ ရယ်လိုက်မိသည်။

သူ့စိတ်ထဲတွင် မေရီ့စိတ်ကို ထိခိုက်နာကြည်းသွားအောင် လုပ်ပစ်လိုက်လိုသော ဆန္ဒသည် ပြင်းပြလာသည်။

တကယ်တော့ သူသည် ဘဝတစ်လျှောက်လုံး အလှကိုကွင်းရှောင်ခဲ့သူဖြစ်၏။ သူသည် တောမှီရသေ့တစ်ပါးလို ကျင့်ကြံနေထိုင်ခဲ့သူ ဖြစ်၏။

သူ့အလုပ်မှတစ်ပါး အခြားဘာကိုမှ သိအောင်မကြိုးစား၊ နားလည်အောင်လည်းမလုပ်။ အခုတော့လည်း မေရီ၏ ကြော့ရှင်းသော ခန္ဓာကိုယ်၊ နေရောင်တွင် လက်နေသော ဆံပင်နှင့် ချစ်စရာကောင်းသည့် မျက်နှာတို့သည် သူ့အား ညို့ယူဖမ်းစားလျက် ရှိနေသည်။

"ကျွန်တော် ဝမ်းနည်းပါတယ်"

ဟု ဟာဖေးက ပြောသည်။

"ခင်ဗျားပြောနေတဲ့ စိတ်ကူးမျိုး၊ အတွေးမျိုးတွေက ကျွန်တော်လက်လှမ်းမမီနိုင်လောက်အောင် ဝေးကွာနေပါတယ်"

"ကျွန်တော်က ဘဝရဲ့ လက်တွေ့ပိုင်းကိုသာ ကြည့်တဲ့လူပါ"

"ကျွန်တော်ဟာ ဇီဝဗေဒပညာရှင်တစ်ယောက်ပါ"

"ခက်ခဲနက်နဲပြီး ရှုပ်ထွေးတဲ့ အတွေးအခေါ်တွေနဲ့ ရှုးကြောင်ကြောင်

စိတ်ကူးမျိုးတွေကို လက်ခံစဉ်းစားဖို့ အချိန်မရှိပါဘူး။

“ကျွန်တော် အသေအချာသိနေတာ တစ်ချက်တော့ ရှိတယ်။

“ကျွန်တော်တို့နှစ်ယောက် ဘယ်တုန်းကမှ လူချင်းမတွေ့ဘူးပါဘူး”

ထူးဆန်းသော ဝမ်းနည်းကြေကွဲမှု အရိပ်အငွေ့သည် မေရီ၏ မျက်နှာတွင် ထင်ဟပ်လာသည်။

သူသည် တစ်ခဏမျှ ငြိမ်ဆိတ်နေသည်။

ထို့နောက် သူ့စိတ်သူ တင်း၍ ဟာဗေးအား မော့ကြည့်သည်။

“ရှင်မသိပါဘူး၊ ဟုတ်ပါတယ်။ ကျွန်မ အခုပြောမယ့် ငန်းတို့ပျော်ရာ အိမ်ဂေဟာကိုလည်း ရှင်သိမှာ မဟုတ်ပါဘူး”

“ပန်းအလှမျိုးစုံ ပွင့်ဖူးနေတဲ့ ဥယျာဉ်ကြီးကိုရော ရှင်သိလား။ အို. . . ကျွန်မ ရှင့်ကို ရူးကြောင်ကြောင်အတွေးနဲ့ မေးနေတာ မဟုတ်ပါဘူး”

“တကယ်ပြောတာပါ၊ ကျွန်မ သိချင်လွန်းလို့ကို မေးတာပါရှင်”

မေရီ အလေးအနက်ထား၍ ပြောနေသည်ကို ကြည့်ကာ ဟာဗေး အံ့သြလျက်ရှိသည်။

အစဉ်းစားရခက်နေသည်။ သူသည် ခေါင်းကို ခါလိုက်ပြီး-

“ခင်ဗျားပြောနေတာ ကျွန်တော် တစ်ခုမှ နားမလည်ဘူး”

ဟု ပြောသည်။

“ကျွန်မကတော့ ထင်တယ်”

ဟု မေရီက ပြောသည်။

“ရှင်သိမှာပဲလို့ ကျွန်မကတော့ ထင်တာပဲလေ။ ရှင်က အဲဒီအထဲကို ဝင်သွားတယ်။

“ပြီးတော့ တိုက်ဝါဝါကလေးတစ်လုံးရှေ့က ဖြတ်သွားတယ်”

“ခြံဝင်းကြီးရဲ့ထောင့်မှာ သစ်ပင်အိုကြီး တစ်ပင်တည်း ရှိတယ်။ ရှင် သိမှာပါ။ အဲဒီနေရာကို ရှင်ရောက်ခဲ့ပါတယ်”

“လုံးဝမသိဘူး”

အချိန်အတော်ကြာမျှ ငြိမ်ဆိတ်နေသည်။ မေရီ၏ ရင်သည် လှိုင်းထကာ နိမ့်ချည်တစ်ခါ မြင့်ချည်တလှည့်ဖြစ်နေသည်။

"ကျွန်မကတော့ ရှင်သိတယ်လို့ ထင်နေတာပဲ"

ဟု မေရီက ထပ်ပြောပြန်သည်။

မေရီ၏ မျက်လုံးအစုံတွင် မျက်ရည်များဖြင့် ပြည့်နေသည်ကို မြင်လိုက်ရသော ဟာဗေးသည် များစွာအံ့အားသင့်လျက်ရှိ၏။

"ခင်ဗျား အခုပြောနေတဲ့ ငန်းတို့ပျော်ရာ အိမ်ဂေဟာဆိုတာက ဘယ်နေရာမှာလဲ"

ဟု မေးသည်။

မေရီသည် လှုပ်ရှားနေသော ပင်လယ်ပြင်ဆီသို့ ငေးကြည့်နေသည်။

"အဲဒီနေရာကို ကျွန်မကိုယ်တိုင်လည်း တစ်ခါတလေ ရောက်ဖူးတယ်"

ဟု လေသံတိုးတိုးဖြင့် ပြောသည်။

"ပြီးတော့လည်း တစ်ခါတလေကျရင် ကျွန်မနဲ့အတူ တစ်ယောက်ပါလာတယ်လို့ စိတ်ထဲက သိနေတယ်"

"ဒါပေမယ့် ပြောရတာခက်တယ်။ ကျွန်မ မှားနေပြီလို့ ထင်တဲ့အခါ ထင်မိတယ်။ အဓိပ္ပာယ်မရှိတဲ့ဟာတစ်ခုအတွက် ကိုယ့်ကိုယ်ကို အရူးလုပ်နေသလိုပဲ"

"အို. . . ရှင်နားလည်မှာ မဟုတ်ပါဘူး"

အခုလိုဆိုပြန်တော့လည်း ဟာဗေးသည် စိတ်လှုပ်ရှားရပြန်၏။ သူသည် မေရီဘက်သို့ ကိုယ်ကို ညွတ်လိုက်ပြီး စကားတစ်ခွန်းပြောရန် ဟန်ပြင်သည်။

ထိုအခိုက်မှာပင် အောက်ထပ်မှ ခြေသံများ ကြားလိုက်ရသဖြင့် လန့်သွားသည်။

စားသောက်ခန်းထဲမှ လက်ဖက်ရည်သောက်ပြီး၍ ကုန်းပတ်ပေါ်သို့ သံလှေကားမှ တက်လာနေကြသူများ။

"ကုန်းပတ်ပေါ်မှာ အားလုံးအတွက် နေရာအလုံအလောက်ရှိနေပါတယ်"

ဟု အော်ပြောလိုက်သည့် ရောဘတ်ထရန်းတား၏ အသံ။

တက်လာသူများသည် ဟာဗေးကို မြင်သောအခါ တန့်သွားကြသည်။

ဒစ်ဘ်ဒင်း၏ တစ်ဖက်တပ် မျက်မှန်နောက်မှ မျက်လုံးများသည် ပြူးခနဲဖြစ်သွားသည်။ အီလစ်ဆာသည် အထူးအဆန်းတစ်ခုကို မြင်ရသည့်နှယ် ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်နေသည်။

ရောဘတ်ထရန်းတားကတော့ ကျေနပ်အားရသော မျက်နှာထားဖြင့် လက်နှစ်ဖက်ကိုပွတ်ကာ ဟာဗေးအား လှမ်းကြည့်သည်။

"အခုလို အပြင်မှာမြင်ရတာ သိပ်ဝမ်းသာပါတယ် မိတ်ဆွေရယ်"

ဟု လှမ်းပြောသည်။

"တကယ့်ကို ဝမ်းသာတာပါ။ ကျွန်တော် ခင်ဗျားဆီလာဖို့ စောစောကတည်းက စိတ်ကူးရခဲ့ပါတယ်။ ဒါပေမယ့် ဆူဆန်က မသွားပါနဲ့ဆိုလို့ မလာတာ"

"အခုလို အပြင်ထွက်ပြီး အေးအေးဆေးဆေးထိုင်နေတာ တွေ့ရတော့ ကျွန်တော် အများကြီးစိတ်ချမ်းသာသွားတယ်"

"သူက ကျွန်မနဲ့ကျတော့ မထိုင်ဘူး"

ဟု မာသာဟဲမင်းဝေးက မကျေနပ်သံဖြင့် ဝင်ပြောသည်။

ရောဘတ်ထရန်းတားက အော်ပြီးရယ်သည်။ သူသည် ဟာဗေးထံ လျှောက်သွားပြီး လက်တစ်ဖက်ကို ဟာဗေး၏ ပခုံးပေါ် တင်လိုက်သည်။

"အခုလိုအချိန်ကစပြီး ကျွန်တော့်ကို မိတ်ဆွေအရင်းတစ်ယောက်လို သဘောထားပါ"

ဟု ပြောသည်။

"ကျွန်တော်က အခု ဒီမှာ ခင်ဗျားနဲ့ထိုင်နေတဲ့ အမျိုးသမီးလောက်တော့ အဆင့်အတန်းမမြင့်ပါဘူး။ ဒါပေမယ့် ခင်ဗျားက အတူတူတွဲပြီး ထိုင်စေချင်တယ်ဆိုရင် အချိန်မရွေး ထိုင်ဖို့ အသင့်ပါပဲ"

"ကဲပါ. . . အခုလောလောဆယ်ဆယ် ကျွန်တော် ခင်ဗျားအတွက် ဘာလုပ်ပေးရမလဲ၊ ကျွန်တော်လုပ်ပေးနိုင်မယ့်ဟာရှိရင် ပြောသာပြော"

ရောဘတ်၏အကြည့်သည် အီလစ်ဆာထံ ရောက်သွားသည်။

"ကျွန်တော်ပြောတာယုံပါ၊ ကျွန်တော်တို့ ခရစ်ယာန်ဘာသာဝင်တွေရဲ့

ထုံးစံအရ တစ်ဦးက တစ်ဦးကို မကူညီနိုင်ကြဘူးဆိုရင်. . . ”

ကုလားထိုင်၌ ထိုင်နေသော ဟာဗေးကိုယ်သည် တောင့်တင်းလျက်ရှိသည်။ အရာရာကို လက်လွှတ်ဆုံးရှုံးခဲ့ရသော ဟာဗေးအဖို့ အခုလိုပြောဆိုနေသည့် လေသံနှင့် ဟန်ပန်အမူအရာများသည် ရွံရှာစက်ဆုပ်ဖို့ကောင်းလှချေသည်။

သူသည် ရောဘတ်အပေါ် သီးမခံနိုင်အောင် ဖြစ်လာသဖြင့် ထိုင်နေရာမှ ဝုန်းခနဲ ထရပ်လိုက်သည်။ ဘေးမှ လူအားလုံးသည် သူ့အား ပြူးတူးပြဲတဲ ဝိုင်းကြည့်နေကြသည်။

မေရီတစ်ယောက်ကတော့ ပင်လယ်ပြင်ကိုသာ လှမ်းမျှော်ကြည့်နေသည်။ ဟာဗေးလှုပ်ရှားမှုကို တစ်ချက်ကလေးပင် လှည့်ကြည့်ဖော်မရ။

“ခင်ဗျား ကျုပ်ကိုလာပြီး ဖြီးဖြန်းမနေနဲ့ ကိုယ့်လူ”

ဟု ဟာဗေးက ဒေါသတကြီး ပြောသည်။

“ကျုပ်ဟာ ခင်ဗျားစိတ်ဝင်စားနေလောက်အောင် တန်ဖိုးရှိတဲ့ကောင်မဟုတ်ဘူး”

“ကိစ္စမရှိပါဘူး မိတ်ဆွေကြီးရယ်၊ ကျွန်တောက် ဘာပြုလို့. . . ”

“ခင်ဗျားပါးစပ်ကို ပိတ်ထားစမ်းပါဗျာ”

ဟု ဟာဗေးက ကြမ်းတမ်းရိုင်းစိုင်းစွာ အော်သည်။

“ခင်ဗျား ကျုပ်ကို ဘာမှ လာပြောမနေနဲ့”

ရောဘတ်၏မျက်နှာသည် နီရဲလာသည်။

“ဘာပြုလို့လဲဗျာ”

ဟု ထစ်ထစ်ငေါ့ငေါ့ ရေရွတ်သည်။

“ကျွန်တော်က ဘုရားသခင်ရဲ့ သားမြေး သင်းအုပ်ဆရာတစ်ဦးအနေနဲ့ ခင်ဗျားကို ကရုဏာထားပြီး လက်ကမ်းတာပါ”

“ဘာ ဘုရားသခင်လဲ၊ မဆိုင်တဲ့ကိစ္စမှာ ဝင်ပြီးရှုပ်ခိုင်းတဲ့ ဘုရားသခင်ဟာ အတော်ထူးဆန်းတဲ့ ပုဂ္ဂိုလ်ပဲ”

ထိုခဏမှာပင် မြေပုံခန်းထဲမှ ကပ္ပတိန်ရင်တွန် ထွက်လာသည်။

သူ့ရှေ့မှောက် အခြေအနေကို စိတ်ဝင်စားသည့်ဟန် ဖော်ပြခြင်း

မရှိ။

သူ့မျက်နှာထားသည် တစ်စုံတစ်ခုအတွက် စိတ်ရှုပ်နေဟန်ရှိသည်။ သူ့လက်ထဲ၌ ကိုင်ထားသည်မှာ ရေဒီယိုကြေးနန်း စာရွက်။

ထူးခြားသည့် သတင်းတစ်ခု ပြောလိမ့်မည်ဟု အထင်ရောက်သွားသော အီလစ်ဆာက လှမ်းမေးသည်။

"ဘယ်လိုလဲ ကပ္ပတိန်ကြီးရယ်၊ ကျွန်မကို အပျင်းပြေသွားအောင် သတင်းထူးပေးမလို့ လာတာလား"

ရင်တွန်က အီလစ်ဆာအား လှမ်းကြည့်သည်။ ပြီးတော့ ကျန်လူစုအား လှည့်ကြည့်သည်။

"ဘာသတင်းမှ ပေးစရာမရှိပါဘူး"

ဟု ရေရွတ်သည်။

"တကယ်ပါ လုံးဝ ဘာမှမရှိပါဘူး"

ဟာဗေးက သူတို့ဘာတွေပြောနေကြသည်ကို ရပ်၍ နားထောင်ခြင်း မပြု။ ခြေလှမ်းကို ခပ်ကျဲကျဲလှမ်းကာ လှေကားဆီသို့ လျှောက်သွားသည်။

ခြေသံခပ်ပြင်းပြင်းထား၍ နင်းကာ အောက်ထပ်သို့ ဆင်းသွားပြီး အထီးကျန်နိုင်လှသည့် သူ့အိပ်ခန်းထဲသို့ ပြန်ဝင်သွားသည်။

*

## [ကိုး]

သူတို့သင်္ဘောသည် စနေနေ့တွင် လတ်စ်ပါလ်မတ်စ်သို့ ဆိုက်ရောက်သည်။ လေငြိမ်သည့် နံနက်ခင်း ဖြစ်၏။

သင်္ဘောဆိပ်သည် အိပ်မောကျနေဆဲ။ ဆိုက်ကပ်ထားသည့် သင်္ဘောအားလုံး တိတ်ဆိတ်လျက်ရှိကြသည်။

ဩရီယိုလာသည် သင်္ဘောဆိပ်တွင် ဖြည်းဖြည်းသာသာပင် ဝင်၍ ဆိုက်ကပ်ကာ ကျောက်ချ၍ ရပ်နားသည်။

နောက်ဆုံး သုံးနာရီခန့်အကြာတွင် သင်္ဘောပေါ်မှ လှုပ်ရှားသံများကြောင့် ဟာဗေး အိပ်ရာမှ နိုးလာသည်။

သူအိပ်မပျော်ဖြစ်ခဲ့သည်မှာ ညပေါင်းများစွာ ကြာခဲ့ပြီ။ ပထမဆုံးအကြိမ် အိပ်ရေးဝဝ အိပ်ပျော်ခဲ့ခြင်းဖြစ်၍ တစ်ကိုယ်လုံး ပေ့ါပါးလန်းဆန်းသလို ဖြစ်နေသည်။

စိတ်မှာလည်း ယခင်ကလို လေးလံထိုင်းမှိုင်းခြင်းမရှိ။ ကြည်လင်သွက်လက်နေသည်။ ခေါင်းလောင်းတီးသံများ အဆက်မပြတ် ထွက်ပေါ်လာ

သည်ကို ကြားနေရသည့်အခါ သဘော်ာဆိပ်ကမ်းဝင်ပြီဟု စိတ်ထဲက သိလိုက်၏။

သူသည် အိပ်ရာပေါ်မှ ကပျာကယာ လူးလဲထကာ ဝတ်လုံးအကျႌကြီးကို ယူဝတ်သည်။ ပြီးတော့ အပြင်သို့ထွက်ကာ ကုန်းပတ်ပေါ်သို့ တက်လာခဲ့လေ၏။

နံနက်ခင်း၏ သန့်စင်လတ်ဆတ်သော လေသည် သူ့အား ဆီးကြို နှုတ်ဆက်၏။

ပြာသောကောင်းကင်၊ ဖြည်းညင်းစွာ တိုက်ခတ်နေသည့်လေ၊ တောင်တန်းများအထက်သို့ ထိုးထွက်နေသည့် နေရောင်။

ကြံုတောင့်ကြံုခဲအနေအထားမျိုးဖြစ်၍ သူ့စိတ်သည် ကြည်နူးခြင်း ဖြစ်ရသည်။

သူ့မျက်စိရှေ့တွင် လှိုင်းထနေသည့် ပင်လယ်အော်သည် တည်ငြိမ်စွာ လဲလျောင်းလျက်ရှိ၏။ ကမ်းခြေ၏ တစ်ဖက်တွင်မူ အဝါရောင်သန်းနေသည့် တောင်ကုန်းများဆီသို့ နိမ့်ချည်တစ်ခါ မြင့်ချည်တစ်လှည့် အဆင့်ဆင့်မြင့်တက်သွားနေသောမြို့ ရှိသည်။ မြို့သည် အပူပိုင်းဒေသ၏ အလှကိုပီပြင်စွာ ဖော်ပြနေသည်။

အချွန်အတက်တွေဖြင့် ပြည့်နေသည့် တောင်ကုန်းထိပ်များ၏ နောက်ဘက် အလွန်အလှမ်းဝေးကွာသောနေရာတွင် ဆီးနှင်းများ ဖုံးအုပ်နေသည့် တောင်ထွတ်ကြီးတစ်ခု။

တောင်ထွတ်ကြီး၏ ထိပ်ပေါ်တွင် နို့နှစ်ရောင်သန်းနေသည့် တိမ်ဖြူဖြူလွလွများက ဖုံးအုပ်လျက်ရှိ၏။

ဟာဗေးသည် တောင်ထွတ်ကြီးဆီသို့ တအံ့နတသြ ငေးကြည့်နေမိသည်။

သူသည် သူရောက်သည့်နေရာတွင် မလှုပ်မယှက် ရပ်၍ကြည့်နေခြင်းဖြစ်၏။ သူမြင်တွေ့နေရသော ရှုခင်းသည် သူ့အဖို့ကတော့ အလွန်အံ့ဖွယ်ကောင်းသည့် ထူးဆန်းမှုတစ်ခု ဖြစ်နေရုံမျှမက ချစ်မြတ်နိုးစရာကောင်းသည့် ရှုခင်းတစ်ခုလည်း ဖြစ်နေပေသည်။

သူသည် သင်္ဘောတစ်ဖက်သို့ လျှောက်သွားကာ ခြောက်သယောင်းပြီး ဖုန်ထူလွန်းလှသော တာတမံဆီသို့ လှမ်းမျှော်ကြည့်သည်။

အလုပ်သမားနှစ်ဆယ်ခန့်သည် သင်္ဘောတစ်စီးပေါ်မှ ဂျုံအိတ်များကို ထမ်းချနေသည်။

အလုပ်သမားအားလုံး ဖိနပ်မပါကြ။ သရက်ထည်စ ဘောင်းဘီရှည်များ ဝတ်ထားကြသည်။

လုပ်ကိုင်နေကြသည်မှာ ရေးကြီးသုတ်ပြာမဟုတ်။ သူတို့ချင်း စကားပြောလိုက်၊ ဆေးလိပ်သောက်လိုက်၊ တံတွေးထွေးလိုက်နှင့် အေးအေးဆေးဆေး လုပ်ကိုင်နေခြင်း ဖြစ်၏။

သူတို့ထဲမှ တစ်ဦးသည် စပိန်သီချင်းတစ်ပုဒ်ကို အသံကုန်ဟစ်၍ သီဆိုလျက်ရှိသည်။

ဟာဗေးသည် သီချင်းသံကို စိတ်ဝင်တစား နားစွင့်မိ၏။

စပိန်ဘာသာစကားကို တီးခေါက်မိသော ဟာဗေးသည် သီချင်းစာသား၏ အဓိပ္ပာယ်ကို ကောင်းစွာနားလည်သည်။

အချစ်ဟူသည် ချိုမြ၏။ အချစ်ကို တန်ဖိုးမထားသူသည် အရူး တစ်ယောက်။

သူသည် မျက်နှာကို တစ်ဖက်သို့ လွှဲလိုက်သည်။

သင်္ဘောဆိပ် တာရိုးပေါ်မှ လားများကိုမြင်သည်။

လားများသည် အစာရေစာ ဝဝလင်လင် မစားရသည့်နှယ် ပိန်လှချေသည်။

သူတို့သည် ကုန်တင်လှည်းများကို ဆွဲနေကြခြင်းပေတည်း။ သူသည် လားများ၏ အဖြစ်ကို တာရှည်မကြည့်ရက်သဖြင့် ချက်ချင်းပင် အကြည့်ကို တခြားတစ်နေရာသို့ ပြောင်းပစ်လိုက်သည်။

လှပသော ကျွန်း၏ကမ်းခြေ၊ ဟိုအဝေးဆီမှ မြင့်မားသော တောင်ထိပ်။ ပျင်းရိငြီးငွေ့ဖွယ်ကောင်းလှသည့် တာရိုးပေါ်မှ လူတို့၏ လှုပ်ရှားမှုများ။

ဟာဗေးသည် ထိုနေရာတွင် ခေါက်တုံ့ခေါက်ပြန် လမ်းသလားကာ သူ၏ စိတ်လှုပ်ရှားမှုကို ငြိမ်ဆိတ်အောင် အားထုတ်လျက်ရှိသည်။

သူသည် လက်မှနာရီကို ကြည့်သည်။ မနက်ကိုးနာရီပင် ထိုးနေပြီ။

အချိန်က အတော်နောက်ကျနေပြီ။ သူဘာလုပ်ရလျှင် ကောင်းပါမည်နည်း။

အခုဆိုလျှင် သူသည် သင်္ဘောဆိပ်သို့ ရောက်နေပြီ မဟုတ်လော။

အဓိပ္ပာယ်ကင်းမဲ့သည့် ချုပ်တီးမှုများနှင့် စောင့်ကြည့်မှုများမှ လွတ်မြောက်ခဲ့ပြီ မဟုတ်ပါလား။

သူ့အား ဒေါပွစေသည့် လူ့အဖွဲ့အစည်းတစ်ခု၏ ဝေဖန်ပြစ်တင်မှုမှလည်း လွတ်မြောက်လာခဲ့ပြီ မဟုတ်လော။

သူ အလွန်စက်ဆုပ်မုန်းတီးနေသော ဤသင်္ဘောပေါ်မှ ဆင်းကာ ကမ်းပေါ်သို့ တက်နိုင်ပြီ။

သူ့စိတ်ကို အမြဲတစေ ချောက်လှန့်နေသည့် အတိတ်က ဖြစ်ရပ်များကို မေ့ပျောက်သွားရန်အတွက် သူလုပ်ချင်တာ လုပ်နိုင်ပြီ ဖြစ်၏။

သူ့နှုတ်ခမ်းများသည် တင်းကျပ်စွာစေ့လျက်ရှိသည်။

သူ့မေးကြောများသည် တောင့်တင်းလျက်ရှိ၏။ သူသွားမှဖြစ်မည်။ အစကတည်းက သင်္ဘောဆိုက်လျှင်ဆိုက်ချင်း ဆင်းမည်ဟု သူဆုံးဖြတ်ထားခဲ့သည် မဟုတ်လော။

သူ့အား မည်သူကမျှ မသွားရဟု တားမြစ်ပိုင်ခွင့်မရှိ။ သူသွားချင်ရာ သွား၍ သူလုပ်ချင်ရာ လုပ်မည်။ မည်သည့်အရာကမှ သူ့အား ပိတ်ပင်တားဆီးပိုင်ခွင့် မရှိ။

သို့တစေလည်း သူမသွားဖြစ်သေး။ ယောင်တိယောင်တောင်ဖြစ်ကာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေဆဲ။

ပူနွေးသော နေရောင်ခြည်သည် သူ့ပခုံးပေါ် သက်ဆင်းထိတွေ့နေသည်ကို သူသိနေသည်။

သူ့နောက်တွင် လှပသော တောင်ထွတ်ကြီး ရှိနေသည်ကိုလည်း သူသိနေသည်။

သူသည် တောင်ထွတ်ကို နောက်တစ်ကြိမ် ထပ်ကြည့်လိုစိတ် ဖြစ်လာသဖြင့် နောက်သို့ ပြန်လှည့်ကြည့်လိုက်သည်။

ဤအခိုက်မှာပင် သူ့ဘေးမှ ကပ္ပတိန်ရင်တွန်၏ စကားပြောသံကို ကြားရသည်။

"သိပ်လှတဲ့ ရှုခင်းပါ ဒေါက်တာဟာဗေး။ ပီကိုဒီတေးဒီးလို့ ခေါ်ပါတယ်။ ဒီတောင်တန်းဟာ အနောက်ဘက်တည့်တည့်ကို အဆင့်ဆင့် သွားတယ်။ ခုနစ်ဆယ့်သုံးမိုင်အထိ ရောက်တယ်။

"ဒီကျွန်းတွေကို အုပ်မိုးထားတဲ့ တောင်တန်းကြီးပဲ"

"ဆန်တာကရုဇ်ရောက်ရင် ဒီထက်ပိုပြီး နီးနီးကပ်ကပ်မြင်ရလိမ့်မယ်"

သူတို့သည် ဘေးချင်းယှဉ်ရပ်ကာ တောင်တန်း၏ အလှကို ကြည့်နေကြသည်။ ထို့နောက် ဟာဗေးက-

"ဟုတ်တယ်၊ သိပ်လှတဲ့ ရှုခင်းပါ"

ဟု ပြောသည်။

ပြီးတော့ ချက်ချင်းပင် သူ့ခံစားမှုကို ပြန်၍သရော်သည့်လေသံဖြင့်-

"နတ်ဘုံနတ်နန်းတမျှ လှပတဲ့မြင်ကွင်းလို့ ဆိုရပေမပေါ့"

ဟု ခပ်ငေါ့ငေါ့ပြောသည်။

"ဒါပေါ့၊ ရံဖန်ရံခါ အပြစ်အနာအဆာ ချွတ်ယွင်းချက်တွေ ရှိလာတတ်တဲ့ နတ်ဘုံနတ်နန်းတစ်ခုပေါ့"

ဟု ရင်တွင်က ခတ်ဆတ်ဆတ်လေသံဖြင့် ပြန်ပြောသည်။ သူသည် နောက်ထပ် စကားဆက်မပြောတော့ဘဲ ငြိမ်နေရာမှ ဟာဗေးအား လှမ်းကြည့်သည်။

ထို့နောက်-

"ဆန်တာကရုဇ်နောက်ဘက်က တောင်ကုန်းပေါ်မှာ မလိုလားအပ်တဲ့ ပြဿနာတစ်ခု ပေါ်နေတယ်"

ဟု ပြောသည်။

"မနေ့က ကျွန်တော့်ဆီကို ကြိုးမဲ့ကြေးနန်းသတင်းတစ်ခု ရောက်လာတယ်။ အဲဒီဘက်မှာ အသားဝါရောဂါ ဖြစ်နေသတဲ့"

ရုတ်တရက်ချက်ချင်း ငြိမ်ဆိတ်သွားသည်။

"အသားဝါရောဂါတဲ့လား"

ဟု ဟာဇေးက ရေရွတ်သည်။

"ဟုတ်တယ်"

"လာဂူနာမြို့ အပြင်ဘက်နားက ဟာမိုဆာဆိုတဲ့ ရွာမှာ ရုတ်တရက် ဖြစ်လာတာလို့ ပြောတယ်။ ကံအားလျော်စွာပဲ ရောဂါက အဲဒီရွာထဲမှာပဲ ဖြစ်နေတယ်။ အပြင်ကို ကူးစက်မလာဘူးတဲ့"

နောက်တစ်ကြိမ် ငြိမ်ဆိတ်နေခြင်း ဖြစ်သည်။

"ဒီသတင်းက ခင်ဗျားတစ်ယောက်တည်းပဲ သိပါစေ"

ဟု ရင်တွန်က တီးတိုးလေသံဖြင့် ပြောသည်။

"ခင်ဗျားကတော့ ဆရာဝန်တစ်ယောက် မဟုတ်လား။ ဒါကြောင့် အသိပေးတာပါ။ တခြားလူတွေသိသွားရင် အလကားမလိုအပ်ဘဲနဲ့ ကြောက်လန့်ကုန်မှာ စိုးရိမ်ရတယ်"

"ခင်ဗျား တခြားလူတွေကို အသိမပေးဘူးပေါ့"

"အသိမပေးဘူး။ ဖွင့်ပြောသင့်တဲ့အချိန်အထိ ကျွန်တော့်လျှာကို ထိန်းချုပ်ထားနိုင်မယ်လို့ ကျွန်တော် ယုံကြည်ထားတာပဲ"

"အခုအချိန်ထိတော့ အပြင်ကို ကူးစက်မသွားသေးဘူးလို့ဘဲ သိထားရတယ်လေ"

"အသားဝါရောဂါကို မကူးစက်အောင် ထိန်းချုပ်ဖို့ဆိုတာကတော့ အပြောလွယ်သလောက် လက်တွေ့မှာ မလွယ်ဘူး"

ဟု ဟာဇေးက ပြောသည်။

"ဒီရောဂါက ခြင်ဆီကလာတဲ့ ရောဂါပိုးကြောင့်ဖြစ်တယ်။ အလွန်ကြောက်စရာကောင်းတယ်။ ကူးစက်တတ်တာကလည်းမြန်တော့-

ကပ္ပတိန်ရင်တွန်သည် ရှုံ့ရှုံ့ရှားရှားဖြစ်လာသည်။ သူသည် စကားကို ဆန့်ကျင်လာလျှင် ကြိုက်သူမဟုတ်။

"ခင်ဗျား ကျွန်တော်တို့အလုပ်မှာ ဆရာဝန်လုပ်ဖို့တော့ အားထုတ်လိမ့်မယ် မထင်ပါဘူး ဒေါက်တာ"

ဟု တင်းမာသောလေသံဖြင့် ပြောသည်။

"ခင်ဗျားက ကျွန်တော်တို့ ခရီးသည်တွေကို ကြက်တွေ၊ ငှက်တွေ

လျှောင်သလို လျှောင်ထားစေချင်သလား။ အဓိပ္ပာယ်မရှိ ထိတ်လန့်ကုန်အောင် ဘာကြောင့်လုပ်ရမှာလဲ"

"ကျွန်တော်စောင့်ကြည့်ပြီး လုပ်သင့်တာ လုပ်ပါတယ်လို့ ခင်ဗျားကို ပြောပြီးပြီ မဟုတ်လား"

"ကျွန်တော့်အနေနဲ့ ကျွန်တော်တို့ကုမ္ပဏီရဲ့ ကိုယ်စားလှယ် မစ္စတာ ကားဆီက သတင်းအပြည့်အစုံကို ရထားပြီးပြီ။ သူကလည်း ကျွန်တော့် ဆုံးဖြတ်ချက်ကို သဘောတူတယ်၊ လက်ခံတယ်"

"တစ်ခါတစ်ရံမှာ သတင်းပို့တာက နှေးကွေးတယ်၊ ကူးစက်ရောဂါ ပို့တာက အလွန်မြန်တတ်တယ်"

"ကူးစက်တဲ့အဆင့်ကို မရောက်သေးဘူးဗျ"

သူ့ကို ရင်တွန်က စိတ်ဆိုးမာန်ဆိုးပြောသည်။

"ကျွန်တော် ခင်ဗျားကို ပြောမိတာ မှားသွားပြီ။ ခင်ဗျားက သိပ်ကို ချဲ့ကားနေပြီ။ အကြီးအကျယ်ကူးစက်တဲ့အဆင့် မရောက်သေးဘူး"

"ရောက်လာမယ့် အခြေအနေလည်း လုံးဝမရှိဘူး"

ရင်တွန်၏ အမူအရာသည် တိုက်ကြက်ဖတစ်ကောင်မျိုး ဖြစ်လာသည်။ သူ့အား ဆန့်ကျင်မည့် စကားများကို ခုခံတိုက်ခိုက်ရန် အသင့် ပြင်ထားဟန် ပေါက်လာသည်။ ဟာဗေးကတော့ လေသံအေးအေးဖြင့်-

"ဒီလိုဆိုလည်း ကောင်းတာပေ့ါ"

ဟုသာ ဖြေသည်။

ရင်တွန်က ဟာဗေးအား မယုံသင်္ကာဖြစ်သော မျက်နှာထားဖြင့် ကြည့်နေသည်။

သို့သော်လည်း ဟာဗေး၏ မျက်နှာကို အကဲခတ်၍မရ။ သူသည် တစ်ခဏမျှ ငြိမ်၍ ရပ်နေသည်။

ထို့နောက် စိတ်ရှုပ်သော အမူအရာဖြင့် ဟာဗေးအား ခေါင်းတစ်ချက် ဆတ်၍ နှုတ်ဆက်ကာ မြေပုံခန်းသို့ ဝင်သွားသည်။

ဟာဗေးသည် သင်္ဘောလက်ရန်းအနီးမှ ရပ်၍ ကျန်ရစ်ခဲ့သည်။

"အသားဝါရောဂါတဲ့"

ကြောက်စရာကောင်းတဲ့ ကြောက်စရာကောင်းသော အခြေအနေ တစ်ရပ်ဟု သူထင်၏။ ရောဂါဖြစ်သူသည် ဤနေရာမှ မိုင်ခြောက်ဆယ် အကွာ၌ ဖြစ်ချင်ဖြစ်ပေမည်။ တကယ်တော့ နီးနီးဝေးဝေး သူနှင့် ဘာ ပတ်သက်စရာ ရှိပါသနည်း။

ဘာတွေပဲဖြစ်နေဖြစ်နေ သူကတော့ ဂရုမစိုက်။ အခုလိုအချိန်ကာလ မျိုးတွင် သူနှင့် ဆက်စပ်ပတ်သက်သောအရာဟူ၍ ဘာဆိုဘာမျှမရှိ။

သူသည် သူ့အခန်းသို့ ပြန်မည်ဟူသော စိတ်ကူးမျိုးဖြင့် နောက်သို့ ချာခနဲလှည့်လိုက်သည်။ သို့သော်လည်း ချက်ချင်းပင် တန့်ခနဲဖြစ်သွားကာ သူ့နေရာတွင် ဆက်လက်၍ ရပ်နေသည်။

ကုန်းပတ်အနိမ့်ပိုင်းဘက်တွင် မေရီနှင့် အီလစ်ဆာတို့သည် ခပ်ချော ချော လူရွယ်တစ်ဦးနှင့် စကားပြောနေကြသည်ကို မြင်လိုက်ခြင်းကြောင့် ဖြစ်၏။

လူရွယ်သည် မကြာသေးခင်ကမှ သင်္ဘောပေါ်သို့ တက်လာပုံရသည်။ အသားရောင်က နီရဲရဲ၊ မုတ်ဆိတ်မွေးတိုနံ့နံ့၊ လည်ပင်းက တုတ်ခိုင်ခိုင် နှင့် ကြံ့ခိုင်တောင့်တင်းသော ကိုယ်ကာယပိုင်ရှင် ဖြစ်သည်။

လူရွယ်သည် ခြေထောက်များကို ကား၍ ရပ်ကာ ခေါင်းကိုမော့၍ အားပါးတရ ရယ်မောလျက်ရှိလေသည်။

ဟာဗေး၏ရင်ထဲတွင် အတွေးတစ်ခု ဖျတ်ခနဲပေါ်လာသည်။ သူ့ ချစ်သူများလား၊ သို့သော်လည်း ဘယ်သူ၏ချစ်သူ ဖြစ်နိုင်မည်ကို သူ ခွဲ ခြား၍ မရ။

သူသည် မေရီအား တစ်ချက် ခိုး၍ကြည့်သည်။ မေရီ့မျက်နှာတွင် တရင်းတနှီး အရိပ်လက္ခဏာရှိလေသလား၊ ဖြူဖွေးသောအသားနှင့် မေရီ၏ ဂါဝန်အဖြူရောင်သည် လိုက်ဖက်ညီလှပေ၏။

သူရပ်ကြည့်နေခိုက်မှာပင် သူ့နောက်မှ သူ့အား လှမ်း၍နှုတ်ဆက် လိုက်သည့်အသံကို ကြားလိုက်ရသဖြင့် လှည့်ကြည့်မိသည်။

သူ့နောက်၌ရပ်နေသူမှာ ဆူဆန်ထရန်းတားနှင့် သူ့မောင် ရောဘတ်၊ ကမ်းပေါ်တက်ရန် အဝတ်အစားအသစ်များ ဝတ်ဆင်ကြသည်။

ဆူဆန်က ဟာဗေးအား လှမ်းကြည့်ပြီး ထပ်မေးပြန်သည်။

"ရှင်ကော ဒီနေ့အပြင်သွားဖို့ အစီအစဉ်မရှိဘူးလား"

"အစီအစဉ်"

ဟု ဟာဗေးက ရေရွတ်သည်။

သူ့အား စိုက်ကြည့်နေသော ဆူဆန်အား ပြန်ကြည့်သည်။

ဆူဆန်၏ လက်များတွင် လက်အိတ်များ စွပ်ထားသည်။ ကောက်ရိုး ဦးထုပ်မှ အရိပ်များသည် သူ့မျက်နှာပေါ် ထိုးကျလျက်ရှိ၏။

"ဒီနေ့ ရှင်အချိန်ဖြုန်းဖို့ ဘာမှ စီစဉ်မထားဘူးလားလို့ ကျွန်မက မေးတာပါ"

"မရှိပါ"

တိုတောင်းလွန်းလှသော ဖြေသံကြောင့် ဆူဆန်သည် မျက်လွှာများကို ချလိုက်သည်။ ထို့နောက် ချက်ချင်းပင် ပြန်မော့ကြည့်သည်။

"ရောဘတ်နဲ့ ကျွန်မတို့ ဖိတ်စာတစ်စောင်ရတယ်"

ဟု ဆူဆန်က ပြောသည်။

"အေရှူကပ်စ်မှာ ကျွန်မတို့အမေရိကန်မိတ်ဆွေတွေ ရှိတယ်။ သူတို့က သင်္ဘောသိပ်ကောင်းကြတာ။ သူတို့ရဲ့အိမ်က သိပ်သာယာတာပဲ၊ ရှင်လိုက်ခဲ့ပါလား"

ဟာဗေးက ခေါင်းကို ဖြည်းညင်းစွာ ရမ်းသည်။

"ဟင့်အင်း၊ မလိုက်ဘူး"

ဟု ပြောသည်။

"ရှင်လိုက်မယ်ဆိုရင် သိပ်ကောင်းမှာပဲ။ ရှုခင်းတွေကလည်း သိပ်ကို သာယာတယ်။ လူတွေကလည်း ခရစ်ယာန်ဘာသာဝင်တွေ၊ သဘောက သိပ်ကောင်းတယ်"

"ရှင့်ကို သူတို့က လှိုက်လှိုက်လှဲလှဲ ကြိုဆိုကြမှာပါ"

ကုန်းပတ်အနိမ့်ပိုင်းတွင်ရပ်၍ စကားလက်ဆုံကျနေသည့် လူသုံးဦးအပေါ် စိတ်ဝင်စားနေသော ရောဘတ်သည် ခေါင်းညိတ်ပြသည်။

"နေစမ်းပါဦး၊ ကျွန်တော်က ဘာကြောင့်လိုက်ရမှာလဲ"

ဟာဗေးက ခပ်ဆတ်ဆတ်လေသံဖြင့် မေးသည်။

"ကျွန်တော် ခရစ်ယာန်မဟုတ်ဘူး။ ဘာသာရေးလိုက်စားတဲ့လူစားလည်း မဟုတ်ဘူး။ ခင်ဗျားတို့မိတ်ဆွေ အမေရိကန်တွေလည်း ကျွန်တော့်ကို မုန်းကြမှာပဲ"

"ကျွန်တော်ကလည်း သူတို့ကို မုန်းသင့်တာပဲ။ ပြီးတော့ ကုန်းပေါ်တက်ပြီး အရက်မူးအောင် သောက်မှာလို့ ခင်ဗျားကို ပြောခဲ့ဖူးတယ်လေ"

ဆူဆန်သည် ခေါင်းကိုငုံ့ကာ ငြိမ်ဆိတ်နေသည်။

"ကျွန်မ တောင်းပန်ပါတယ်"

ဟု စိတ်ထိခိုက်သံဖြင့် ပြောသည်။

"ကဲ. . . ရောဘတ်၊ တို့သွားကြစို့။ အပေါ်ရောက်ရင် ကားငှားလို့မရမှာ စိုးရတယ်"

သူတို့လည်း ကုန်းပတ်အနိမ့်ပိုင်းဆီသို့ ဆင်းသွားကြသည်။ အောက်သို့ ရောက်သွားသည့်အခါ ဆူဆန်သည် အီလစ်ဆာနှင့် အမှတ်တမဲ့ မျက်နှာချင်း ဆိုင်နေမိသည်။

ဆက်လျှောက်သွားသည့်အခါတွင်မူ ရောဘတ်သည် အရဲစွန့်ကာ ဆူဆန်အား စကားတစ်ခွန်းပြောသည်။

"ကျွန်တော်တို့ နေ့ခင်းပိုင်းကျရင် သွားကြရင် မကောင်းဘူးလား"

"ဘာ. . . ဘာကြောင့် နေ့ခင်းပိုင်းကျမှ သွားရမှာလဲ"

ဟု ဆူဆန်က ပြန်မေးသည်။

"တို့ကို နေ့လယ်စာစားဖို့ ဖိတ်ထားတယ်"

"ကျွန်တော်သိပါတယ်"

"ဒါပေမယ့် ဟိုမှာ ကျွန်တော်တို့ တစ်နေကုန်နေဖို့ မလိုတာ"

ဆူဆန်သည် ဖျတ်ခနဲရပ်လိုက်ပြီး ရောဘတ်နဲ့ မျက်နှာချင်းဆိုင်လိုက်၏။

"တို့ဟိုကိုသွားဖို့ကိစ္စဟာ အရေးကြီးတယ်ဆိုတာ မင်း သိထားတယ်။ ဒီကြားထဲကပဲ ဘာပြုလို့ အခုလို မသွားဖို့ ပြောနေရတာလဲ"

"မင်းက ဘာဖြစ်နေတာလဲ"

ဟု ပြန်မေးသည်။

မျက်လုံးများတွင် မျက်ရည်များဖြင့် ပြည့်လာသည်။

"ဟာ. . . မဟုတ်ပါဘူး"

"ဒီလိုပါ ဆူဆန်ရယ်၊ ဒီမနက်ပိုင်းမှာ ဟိုကိုသွားမယ့်အစား အီလစ်ဆာနဲ့ လတ်စ်ကင်တာရပ်စ်ကိုသွားရင် ကောင်းမလားလို့ပါ"

ကျွန်တော်တို့ သူနဲ့အတူ ကမ်းခြေသွားတဲ့အခါ အဖော်လိုက်ပေးပါလို့ ပြောထားတယ်။ ကျွန်တော်တို့ ရေကူးကြရတာပေ့ါ။

"နေကသိပ်ပူတယ်မဟုတ်လား ဆူဆန်ရယ်။ ပြီးတော့ ဆူဆန်လည်း ရေကူးရတာ ကြိုက်တယ်မဟုတ်လား"

"သြော် . . . ဒီလိုကိုး"

ဟု ဆူဆန်က အော်ကြီးဟစ်ကျယ် ပြောသည်။

"မင်းဟာ ရေကူးတာကို ဝါသနာလုံးဝမရှိခဲ့တဲ့လူဆိုတာ မင်းလည်းသိ၊ ငါလည်းသိတယ်ဆိုတာ မေ့သွားပြီလား"

"အခုဟာက သူကဖိတ်လို့ မင်းက အခုလောက်ထိ ဖြစ်နေတာကိုး။ ဒီမိန်းမဟာ မိန်းမကောင်းမဟုတ်ဘူး။ သူက မင်းကို အရူးလုပ်တာ"

ရောဘတ်၏မျက်နှာသည် နီရဲလာသည်။

"ဟာ. . . ဆူဆန် အထင်မှားနေပြီ။ အဲသလိုမဟုတ်ပါဘူး"

သူငြင်းသည်။

"ဒီမိန်းမဟာ မိန်းမကောင်းမဟုတ်ဘူး"

"ဒီလိုမပြောနဲ့ ဆူဆန်"

"တော်ပြီ၊ ဘာမှထပ်မပြောနဲ့၊ မင်း ငါ့ကို အရူးလုပ်လို့မရဘူး။ ငါတို့ အခု အေးရူးကပ်စ်ကိုသွားမယ်။ ဟိုမှာ တစ်နေ့လုံးနေမယ်၊ ဒါပဲ"

ဆူဆန်၏ စကားကို လွန်ဆန်၍မရတော့သည့်အခါ ရောဘတ်သည် သူ့ဂုဏ်သိက္ခာကို သူ့နည်းသူ့ဟန်ဖြင့် ပြန်ဆယ်သည်။

"ဒီလိုဆိုရင်လည်း ကောင်းပြီ၊ ကျွန်တော်လိုက်ခဲ့မယ်။ ဒါပေမယ့် ဒီကိုရောက်ရင်တော့ ကျွန်တော် အီလစ်ဆာနဲ့ စကားပြောမှာပဲ။ ဒါကိုတော့ အခုကတည်းက ပွင့်ပွင့်လင်းလင်းပဲ အသိပေးထားတာ"

သူမကျေမနပ်လေသံဖြင့် ပြောကာ ရှေ့မှလျှောက်သွားသည်။ ဆူဆန်က မသာယာသော မျက်နှာထားဖြင့် နောက်မှလိုက်သွားလေသည်။

ဆူဆန်တို့ ထွက်သွားချိန်တွင် ဟာဗေးသည် သူ့အခန်းထဲ၌ ပြန်ရောက်နေပြီ။ ထရောက်လာပို့ပေးထားသည့် နံနက်စာထဲမှ လိမ္မော်သီးတစ်လုံးကို စားလျက်ရှိသည်။

သူသည် ဆူဆန်နှင့် ကြုံတွေ့ခဲ့ရသည့်အဖြစ်ကို ပြန်တွေးနေမိသည်။

သူသည် ဆူဆန်အား လေသံမာမာဖြင့် ပြောဆိုမိခဲ့၏။ စိတ်စေတနာအရကတော့ ထိုကဲ့သို့သော လေသံဖြင့် ပြောမည်ဟု ရည်ရွယ်ချက်မရှိ။ သို့သော်လည်း အကျင့်ကပါနေသဖြင့် အမှတ်တမဲ့ ပြောလိုက်မိခြင်းဖြစ်၏။

အခုကျတော့လည်း သူစိတ်မကောင်း ဖြစ်နေမိသည်။ ဆူဆန်သည် ရိုးသားပုံရသည်ဖြစ်ရာ သူ့အပေါ်တွင် အမှန်တကယ် ကူညီလိုသောစိတ်ဖြင့် ပြောခြင်းဖြစ်လိမ့်မည်ဟု ယူဆမိသည်။

ယင်းအတွေး ဝင်လာသည့်အခါ ဟာဗေးသည် သူ့ကိုယ်သူ ဒေါသဖြစ်လာမိ၏။ သူသည် ထိုင်နေရာမှ ထသွားပြီး အဝတ်လဲသည်။

သူသည် ဘဝ၏ ဖိစီးနှိပ်စက်မှုဒဏ်ကို ခံထားရသူဖြစ်ရာ မာန်ဖီနေသည့် ခွေးတစ်ကောင်နှင့် တူနေသည်။

မြင်မြင်ရာကို ဟိန်းချင်ကိုက်ချင်နေသည်။ ဆင်ခြင်တုံတရားကင်းမဲ့စွာဖြင့် ပတ်ဝန်းကျင်ကို တွန်းလှန်ရန်ပြုလိုစိတ်ကလည်း ကြီးမားလျက်ရှိ၏။

သူသည် သက်ပြင်းတစ်ချက်ချကာ မှန်ရှေ့မှ ခွာလာခဲ့သည်။

သူ့မျက်နှာသည် ယခင်ကလို ဖြူရော်ရော် ဖျော့တော့တော့ မဟုတ်တော့။ သွေးရောင်သန်းကာ နီမြန်းလျက်ရှိသည်။

သူ မုတ်ဆိတ်ရိတ်နေစဉ်က သူ့လက်များ တုန်ယင်လှုပ်ရှားခြင်း မဖြစ်တော့သည်ကိုလည်း သတိထားမိခဲ့၏။ သူ့မျက်လုံးအစုံသည်လည်း ကြည်လက်တောက်ပနေကြပြီ။ သူ့ခန္ဓာကိုယ်သည်လည်း ယခင်ကလို အားအင်ချည့်နဲ့ခြင်း မဖြစ်တော့။

တံခါးခေါက်သံတစ်ချက် ကြားလိုက်ရသဖြင့် ခေါင်းထောင်ကြည့်မိသည်။

အခုမှပင် သဘော်ာပေါ်၌ အခြားခရီးသည်တွေ ရှိနေသေးသည်ကို ပြန်၍ သတိထားမိလာသည်။

"ဝင်ခဲ့လေ"

ဟု လှမ်းအော်လိုက်သည်။

ဝင်လာသူမှာ ဂျင်မီကော်ကိုရန်။

ဂျင်မီသည် သူ့အကျင့်အတိုင်း ပြုံးဖြီးဖြီးမျက်နှာထားဖြင့် ဟာဗေးအား နှုတ်ဆက်သည်။

ဟာဗေးကလည်း သစ်လွင်တောက်ပစွာ ဝတ်စားဆင်ယင်ထားသည့် ဂျင်မီအား ဂရုတစိုက်မကြည့်ဘဲမနေနိုင်။ သူသည် မှန်ရှေ့သို့ ပြန်လျှောက်သွားကာ ဆံပင်ကို ဖြီးနေသည်။

"ခင်ဗျား ကျွန်တော့်ကို အမြင်မကပ်ဘူးလား"

ဟု ဟာဗေးက မေးသည်။

"လူချင်းစတွေ့ကတည်းက ကျွန်တော် ခင်ဗျားကို ယဉ်ယဉ်ကျေးကျေး ဆက်ဆံခဲ့တာ မဟုတ်ဘူး"

"ဟာကွာ၊ ကိစ္စမရှိပါဘူး"

ဟု ဂျင်မီက ဖြေသည်။

"ငါကလည်း ယဉ်ကျေးတာတို့၊ သိမ်မွေ့တာတို့ကို သိပ်ပြီး တလိုတလား မရှိပါဘူး။ ငါကိုယ်တိုင်က ငါ့ကျောကို ဟောသလို လက်သီးနဲ့ထုပြီး ဟေ့ကောင်အရူးလို့ နှုတ်ဆက်တာမျိုးကို ကြိုက်တဲ့ကောင်ပါ"

ပြောပြောဆိုဆို ဂျင်မီက သူ့လက်ဝါးတစ်ဖက်ဖြင့် ဟာဗေး၏ပခုံးကို လှမ်းပုတ်ပြသည်။ သူသည် မှန်ရှေ့သို့သွားရပ်ကာ သူ့မျက်နှာကို ကြည့်သည်။

နက်ကတိုင်ကို ပြန်စည်းသည်။ ထို့နောက် သီချင်းတစ်ပုဒ်ကို ခပ်တိုးတိုး ပြန်ညည်းသည်။

"ဒီမနက် ခင်ဗျားကိုကြည့်ရတာ ကိုယ့်ကိုယ်ကို သိပ်ပြီးသဘောကျ၊ သိပ်ပြီးအားရကျေနပ်နေပုံပေါ်တယ်"

"ဟာ. . . သိပ်သေချာတာပေ့ါ၊ ငါ့ကိုယ်ငါ အမြဲသဘောကျတဲ့ကောင်

ကွ။ ဘာကြောင့် သဘောမကျရမှာလဲ။ လူဆိုတာ ကိုယ့်ကိုကိုယ် သဘောကျရမှာပေါ့။

"စမိုင်းလားဘာ့ဂျ်လိုလူကို လက်ဝှေ့ကြိုးဝိုင်းထဲမှာ အလဲထိုးနိုင်ခဲ့တာ ဘယ်သူလဲ"

"ငါပဲပေါ့ကွ၊ လူဆိုတာ ကိုယ့်ကိုယ်ကို အထင်ကြီးရမှာပဲ"

"ငါတို့မြို့က ထွက်လာတဲ့ လူတွေထဲမှာ ငါဟာ အတော်ဆုံး တစ်ယောက်လို့လည်း ငါကတော့ ထင်ထားတာပဲ"

သူသည် ဆိုလက်စသီချင်းကို ဆက်ဆိုနေရာမှ ဟာဗေးဘက် လှည့်၍-

"ဟေ့. . . ငါတို့ ပင်လယ်သဲသောင်ယံကို သွားဖို့စီစဉ်ထားတယ်။ မင်းနဲ့ငါနဲ့ ဒီမနက်တော့ ကုန်းပေါ်တက်ကြရအောင်ကွာ"

ဟု ပြောသည်။

"တကယ်သွားမှာလား"

"ဟာ. . . သွားမှာပေါ့ကွ၊ ငါတို့က ကင်တာရပ်စ်ပင်လယ်ကွေ့ကို သွားမယ်။ ငါအခုပဲ ကပ္ပတိန်ကို ပြောခဲ့ပြီးပြီ။ ဟိုကျရင် အစားကောင်းလေး စားကြမယ်၊ ရေကူးမယ်။ သောင်ပြင်ကို မင်းတွေ့ရင် သိပ်သဘောကျမှာ သေချာတယ်"

"ကောင်းပြီလေ၊ သွားကြတာပေါ့"

"အေးကွာ. . . ဒီလိုမှပေါ့"

"မင်းမလိုက်ဘူးလို့ငြင်းရင် ဒီတစ်ခါတော့ ငါ မင်းကို သတ်မိတော့မှာပဲ"

"ဒီနေ့ နေ့ခင်းပိုင်းမှာ အရေးကြီးတဲ့ ကိုယ်ရေးကိုယ်တာကိစ္စတစ်ခု ရှိနေတယ်။ မနက်ပိုင်းတော့ မင်းနဲ့ငါတွဲပြီး အချိန်ကောင်းကောင်းဖြုန်းလို့ရတယ်"

သူတို့သည် ကုန်းပေါ်သို့ တက်ခဲ့ကြသည်။

ဂျင်မီကော်ကိုရန်သည် ကျွန်းသားများ၏ ပျင်းရိမှုကို ကဲ့ရဲ့ရှုတ်ချသည်။ အမျိုးသမီးများအား ဝေဖန်ခိုင်းပြီး ကြည့်သည်။

အဘွားအိုတစ်ဦးထံမှ ပန်းများဝယ်ပြီး သူ့ရင်ဘတ်တွင် ထိုးသည်။

သူတောင်းစားတစ်ယောက်အား ဒါနပြုသည်။

နောက်ဆုံးတွင် မြင်းတစ်ကောင်တပ် 'တာတားနား'မြင်းရထားတစ်စီး ရှေ့သို့ သွားရပ်သည်။

"လက်စ်ကင်းတားရပ်စ်ကို သွားမယ်။ ဘယ်လောက်ပေးရမလဲ"

ဟု ရထားသမားသည် ပခုံးများကို တွန့်လိုက်ပြီး လက်ချောင်းလေးချောင်း ထောင်ပြသည်။

"အင်္ဂလိပ်ငွေ လေးသျှီလင်ကျတယ် ဆီညော်"

"ဟာ. . လေးသျှီလင်ဆို သိပ်များတယ်ကွာ၊ ငါ မင်းကို ပက်ဆီတာ နှစ်ပြားနဲ့ နှာဘူးတစ်ဘူးပေးမယ်"

"မရဘူးဆီညော်၊ ကျုပ်ရဲ့ တာတားနားက သိပ်လှတယ်။ မြန်လည်း မြန်တယ်"

"ဟာ. . . ငါ့ခြေထောက်တွေလည်း မြန်တာပါပဲကွ"

ရထားသမားသည် စပိန်ဘာသာဖြင့် ကရားရေလွှတ် တတွတ်တွတ် ပြောနေသည်။ မျက်နှာကလည်း စိတ်ထိခိုက်ဟန်ပြသည်။

ဤမျှလောက် များများပြောလာသည့်အခါ ဂျင်မီသည် နားမလည် တော့ချေ။ သူသည် ခေါင်းကို တစ်ချက်မျှကုတ်ကာ ဟာဗေးဘက် လှည့် ကြည့်သည်။

"ဒီကောင် ဘာတွေပြောနေတာလဲ"

ဟု မေးသည်။

"သူကပြောတယ်၊ ခင်ဗျားကို သူ ကောင်းကောင်းကြီးသိတယ်တဲ့။ ခင်ဗျားဟာ အလွန်ဆိုးတဲ့ လူလိမ်လူညာကြီးတဲ့။ စမိုင်းလားဘာ့ဂျ်ကသာ ခင်ဗျားကို တစ်ချက်တည်းနဲ့ သေလုမျောပါးဖြစ်အောင် ထိုးသွားတာတဲ့။

"ပြီးတော့ သူက ခင်ဗျားဟာ အရုပ်ကလည်းဆိုး၊ အသက်ကလည်း ကြီး၊ ဒီကြားထဲ လိမ်တာကလည်းအလွန်ပဲတဲ့။ နောက်ပြီးတော့ ထပ်ပြော တာက အိမ်မှာ သူ့မိန်းမနဲ့ သားသမီးဆယ်ယောက်ဟာ ငတ်ပြတ်ပြီး

သေလုမျောပါး ဖြစ်နေကြပါတယ်တဲ့။

"ခင်ဗျားကသာ ရထားခ လေးသျှီလင်မပေးရင် သူကိုယ်တိုင်တောင်မှ စိတ်နှလုံးထိခိုက်ပြီး သေရပါလိမ့်မယ်တဲ့"

"ဂျင်မီသည် သူ့ကက်ဦးထုပ်ကို နောက်သို့ လှန်လိုက်သည်။

"ဒါဆိုရင်လည်း တို့က သူ့ကို နှစ်သျှီလင်တော့ ပေးလိုက်ကြတာပေါ့"

ဟု ပြောသည်။ ရထားသမားဘက်လှည့်၍-

"ဟေ့ . . . အင်္ဂလိပ်ငွေ နှစ်သျှီလင်ပေးမယ် ရမလား"

ဟု မေးသည်

ရထားသမား၏မျက်နှာသည် ကြည်လင်လင်းလက်ကာ ပြုံးဖြဲဖြဲဖြစ်လာသည်။ ရထားတံခါးကို ကပျာကယာဖွင့်ပေးသည်။

သူကိုယ်တိုင်ကလည်း ထိုင်ခုံထက်သို့ ခုန်တက်လိုက်သည်။ အင်္ဂလိပ်ငွေ နှစ်သျှီလင်သည် အမှန်ကျသင့်ငွေ ရထားခထက် ငါးဆမျှ ပို၍ရနေပြီ မဟုတ်ပါလော။

"ဒီရထားသမားတွေကို ဒီလိုကိုင်တွယ်တတ်မှ ဖြစ်တာကွ"

ဟု ဂျင်မီကော်ကိုရန်က ပြောသည်။

"လာဘ်ဆိုတာ အဲသလိုမြင်တတ်ရတယ်။ တကယ်လို့သာ မင်းဘက်က သတိမရှိရင် ဒီကောင်တွေက မင်းဆီမှာ ရှိသမျှကို ပြောင်အောင်ယူသွားမှာ"

ထို့နောက် သူသည် ရထားထိုင်ခုံကို မှီထိုင်လိုက်သည်။ မြင်းရထားသည် ချိုင့်များ ခွက်များဖြင့် ပြည့်နေသည့် လမ်းပေါ်တွင် တဂျုံးဂျုံး တဂျိုင်းဂျိုင်းမြည်ကာ ပြေးသွားလျက်ရှိလေ၏။

*

## [တစ်ဆယ်]

မေရီဖီးလ်ဒင်းသည် လူသိနည်းသော ဤပလာယာဒီလပ်စ်ကင်းတားရပ်စ် ကမ်းခြေ၏အလှကို ကပ္ပတိန်ရင်တွန်ထံမှ ကြားသိခဲ့ရခြင်း ဖြစ်သည်။

အခုတော့ဖြင့် သူဤကမ်းခြေသို့ ရောက်နေခဲ့ပြီ။ သူသည် အစိမ်းရောင် ရေကူးဝတ်စုံဖြင့် ကမ်းစပ်သဲသောင်ပြင်ပေါ်တွင် အလျားမှောက်ကာ နွေးထွေးသော နေရောင်ခြည်နှင့် နူးညံ့သော သဲပြင်တို့၏ ထိတွေ့မှုကို အပြည့်အဝ ရယူခံစားလျက်ရှိသည်။

ပင်လယ်ကမ်းစပ်မှ လှိုင်းဂယက်များသည် တစ်ချီတစ်ချီတွင် ကမ်းပေါ်သို့ တက်လာပြီး သူ့ခြေထောက်များကြားသို့ ပြေးဝင်ကြသည်။

တစ်ခါတစ်ရံတွင်မူ လှိုင်းလုံးများသည် သူ့ခန္ဓာကိုယ်ပေါ်သို့ လာရောက် လွှမ်းခြုံသွားတတ်ကြသည်။

သူသည် မျက်လုံးများကို စုံမှိတ်ကာ စိတ်လွတ်ကိုယ်လွတ် နားနေခြင်း ဖြစ်သည်။

စိတ်ကူးချိုချို

အဝါရောင် သဲသောင်ပြင်နှင့် အပြာရောင် ပင်လယ်ပြင်တို့သည် ပြာသောကောင်းကင်နှင့် လိုက်ဖက်ညီလှ၏။

ကျောက်ဆောင်များဆီသို့ ရိုက်ပုတ်နေကြသည့် လှိုင်းသံသဲ့သဲ့များ၊ အလှမ်းဝေးကွာလှသည့်နေရာမှ တောင်ထွတ်များ၊ သူ ဤနေရာသို့ လာခဲ့မိခြင်းအတွက် ဝမ်းသာ၍မဆုံး။

ဤနေရာတွင် သူသည် လွတ်လွတ်လပ်လပ် သန့်စင်လတ်ဆတ်သော လေကို တစ်ဝကြီး ရှူနိုင်သည်။

မြေပြင်ကို စိတ်တိုင်းကျ ထိတွေ့နိုင်သည်။ ပျော်ရွှင်မှုတည်းဟူသော လှိုင်းသည် သူ့ရင်ထဲတွင် ထကြွလှုပ်ရှားလျက်ရှိ၏။

ဘတ်စ်ဒင်းဂေဟာ၌ နေထိုင်ရသည့်နှင့်ကတော့ ကွာခြားပါဘိခြင်း။

ဘတ်စ်ဒင်းမှာကတော့ လေးဖက်လေးတန် ကာရံထားသည့် အုတ်နံရံကြီးများကြား၌ နေရခြင်းဖြစ်၏။

အထက်တန်းစားဆိုသည့် လူ့အဖွဲ့အစည်း၏ ဆက်ဆံပေါင်းသင်းရေး နယ်ပယ်ကလည်း အသက်ရှူ၍ မဝနိုင်လောက်အောင် ပိတ်ဆို့ မွန်းကျပ်လျက်ရှိသည်။

သူ့အနေဖြင့် အဖိအနှိပ် အချုပ်အချယ်များကြား၌ အသက်ရှင်နေရသည့် အဖြစ်ဟု ထင်မြင်လာသည်အထိ ခံစားခဲ့ရ၏။

အခုကျတော့လည်း သူ့ဘဝသည် လွတ်လပ်လှပါဘိခြင်း။

သူသည် ခေါင်းကိုထောင်၍ ထီးကြီးတစ်လက်၏ အရိပ်တွင် ကျောချင်းကပ် ထိုင်နေကြသော အီလစ်ဆာနှင့် ဒစ်ဘ်ဒင်းတို့အား လှမ်းမျှော်ကြည့်သည်။

အီလစ်ဆာသည် အဝတ်များကို ချွတ်မထား၊ သူ့အရေပြားသည် ပင်လယ်ရေနှင့်မတည့်။ ဒစ်ဘ်ဒင်းကတော့ အဝတ်ဟူ၍ ဘောင်းဘီတို တစ်ထည်သာ ရှိသည်။

ပိန်လှီလှသော သူ့ခန္ဓာကိုယ်သည် မံမီခေါ် ရုပ်အလောင်းကောင်နှင့် တူသလိုလိုရှိနေသည်။

မေရီသည် သဲပြင်ပေါ်တွင် တံတောင်နှင့်ဖက်ထောက်ကာ ခေါင်းကို

မော့၍ အီလစ်ဆာတို့၏ စကားပြောသံများကို နားစွင့်နေမိသည်။

“ဒီနေရာကိုလာရတာ မင်းမပျင်းဘူးလား အီလစ်ဆာ”

ဟု ဒစ်ဘ်ဒင်းက မေးနေသည်။

အီလစ်ဆာက ချက်ချင်းအဖြေမပေး။ သူ့နှာခေါင်းကို ပေါင်ဒါဖို့နေသဖြင့် နှစ်မိနစ်ခန့်မျှ ကြာသည်။

ယခုတစ်ကြိမ် ပေါင်ဒါဖို့ခြင်းသည် တစ်နာရီခန့်မျှအတွင်း လေးကြိမ်မြောက် ဖို့ခြင်းဖြစ်သည်။

“ရှင်လည်းသိသားပဲ။ ကျွန်မက အမြဲတမ်း ပျင်းနေတယ်။ ဒီမှာက ယောကျာ်းတွေလည်းမရှိဘူး မဟုတ်လား”

“ယောကျာ်းမရှိဘူးတဲ့”

ဟု ဒစ်ဘ်ဒင်းက ရေရွတ်ပြီး ရယ်သည်။

“ငါကျတော့ ဘယ်သွားထားမလဲ၊ ငါယောကျာ်းမဟုတ်ဘူးလား”

တစ်ခဏမျှ ငြိမ်နေသည်။

“စီးကရက်တစ်လိပ် မီးညှိပေးစမ်းပါ”

ဟု အီလစ်ဆာက ခိုင်းသည်။

“ဖင်ကို တံတွေးတွေ မစိုစေနဲ့နော်”

ဟု ထပ်ပြောကာ ငြိမ်၍ စဉ်းစားနေပြန်သည်။

“ကျွန်မ ရှင့်ကိုပေးဖို့ နာမည်အသစ်တစ်ခု စဉ်းစားထားမိတယ်။ ဒီနေ့ကစပြီး ကျွန်မ ရှင့်ကို ‘အချစ်တုံးကြီး’လို့ ခေါ်တော့မယ်”

ဒစ်ဘ်ဒင်းသည် သူ့လက်ဆွဲအိတ်ထဲမှ စီးကရက်ဘူးကို ထုတ်ယူပြီး မီးညှိသည်။ အီလစ်ဆာ၏ ပခုံးကို လက်နှင့်တို့၍ စီးကရက်ကို ပေးသည်။

“ဒီအတိုင်းပဲလှမ်းပေးပါ။ ကျွန်မ နောက်ကို မလှည့်ပါရစေနဲ့တော့။ ရှင့်အသားအရေကိုမြင်ရင် စိတ်ကုန်လွန်းလို့ပါ”

“ငါ့အသားအရေကိုလား”

ဟု ဒစ်ဘ်ဒင်းက ရေရွတ်သည်။ သူ့အသားကို လက်ဖြင့်စမ်းကြည့်နေသည်။

“အင်မတန်နူးညံ့ချောမွတ်တဲ့အသားပါ။ ငါ့အသားအရေကို ချစ်တဲ့

ကောင်မတွေ ရာနဲ့ချီပြီး ရှိပါတယ်”

“အဲဒါက ဟိုတုန်းကပါ။ အချစ်တုံးကြီးရယ်”

ဒစ်ဘ်ဒင်းသည် ရှုးရှုးရှားရှားဖြစ်သွားသည်။

“မင်းဟာ အတော်မိုက်တဲ့မိန်းမပဲ အီလစ်ဆာ”

ဟု စိတ်ဆိုးမာန်ဆိုးဖြင့် ပြောသည်။

“မင်း ဘယ်လိုဖြစ်သွားတာလဲ၊ ငါတော့ မသိတော့ဘူး။ ဟိုရောဘတ် ထရန်းတားဆိုတဲ့ကောင် မင်းနောက်လိုက်မှန်းသိလို့ အခုလိုဖြစ်သွားတာ လား”

“ဟုတ်တယ်လေ၊ အဲဒါဘာဖြစ်လဲ။ သူက ကျွန်မကို ကယ်တင်ဖို့ ကြိုးစားနေတာပဲ”

“ဒါပေမယ့် ဒီကောင်က မင်းကိုကြိုက်နေတာ ငါသိတယ်ကွာ”

“ဒါတွေ သူမသိပါဘူး”

ဟု အီလစ်ဆာက ပြန်ပြောကာ စီးကရက်ကို တအားဖွာလိုက်သည်။

“သူက အလွန်ငြီးငွေ့စရာကောင်းတဲ့ လူစားပါ။ သူဟာ အဲသလို မဟုတ်ရင် ကျွန်မ သူ့ကို သဘောကျချင်ကျမိမှာ။ အခုဟာကတော့ တစ်ခါ လောက်ပါ၊ အပျော်သဘောပေါ့။ ဝမ်းနည်းပါတယ် အချစ်တုံးကြီးရယ်”

ဒစ်ဘ်ဒင်း၏ အရိုးငေါငေါထနေသော ကျောပြင်သည် ဆတ်ခနဲ တောင့်သွားသည်။

“မင်းဟာ မလွန်ဘူးလား အီလစ်ဆာရယ်။ သိပ်ကိုကဲလွန်းတယ်။ နောက်လာမယ့် လူငယ်မျိုးဆက်သစ်တွေခေတ်ကျရင် ဘယ်လိုဖြစ်မယ် မပြောတတ်တော့ဘူး”

“တို့မှာ ဒီကိစ္စမျိုးတွေ ရှိခဲ့ပါတယ်။ ဒါပေမယ့် ဂုဏ်သိက္ခာစောင့်စည်းမှု ဆိုတာ ရှိပါသေးတယ်။ ပြီးတော့ ယဉ်ကျေးမှုလည်း ရှိပါတယ်”

“ဟုတ်ပါတယ်၊ ရှင်က ခွင့်ပြုချက်တောင်းပြီးမှ . . . ”

“မင်းဟာ အကျင့်စာရိတ္တပိုင်းမှာတော့ တောတော့ကို ပျက်ပြားနေတဲ့ မိန်းမပါလားကွာ”

“ကျွန်မကတော့ ချစ်သူတစ်ဦးနဲ့ ဆိုဖာပေါ်မှာ အိပ်ရတာကို ကိုယ်

ကျင့်တရား ပျက်ပြားတယ်လို့ မယူဆဘူး ဒစ်ဘ်ဒင်း"

ကြားလိုက်ရသော စကားအတွက် မေရီသည် စိတ်မကောင်းဖြစ်သွားသည်။

"ဒီစကားမျိုးပြောတာ မကောင်းပါဘူး အီလစ်ဆာရယ်"

ဟု မေရီက လှမ်းပြောသည်။

"တော်တော်ကို ကြောက်စရာကောင်းတဲ့စကားပဲ။ သာယာမှုအားလုံးကို ဖျက်ဆီးပစ်လိုက်တဲ့ စကားပဲ"

"ကိုယ်က ဖျက်ဆီးပစ်သတဲ့လား"

ဟု အီလစ်ဆာက ပြောသည်။

"ဒီလောက် စိတ်ပျက်စရာကောင်းတဲ့နေရာကို ခေါ်လာတာ ဘယ်သူလဲ မေရီ။ မစ္စတာကားက ကွင်းနေ စားသောက်ဆိုင်မှာ စားဖို့သောက်ဖို့ ဖိတ်ထားတာကို ငြင်းခဲ့ပြီး နေ့လယ်စာစားဖို့ ကိုယ်တို့ကို ဇွတ်ခေါ်လာတာကော ဘယ်သူလဲ"

အီလစ်ဆာက ပြောပြောဆိုဆိုပင် သူ့လက်ထဲမှ စီးကရက်တိုကို သဲပြင်ထက်သို့ ဆောင့်ကြီးအောင့်ကြီး ထိုးချေလိုက်သည်။

"မေရီကတော့ နာမည်ကြီး စားသောက်ဆိုင်တွေကို မုန်းတယ်"

ဟု မေရီက ပြန်ပြောသည်။

"ဒါကြောင့်မို့ ဒီနေရာကို လာခဲ့တာပါ။ ဒီနေရာဟာ လှလည်းလှ ချစ်စရာလည်းကောင်း၊ ဘယ်လောက်သာယာသလဲ။ မစ္စတာကားကလည်း ဘယ်လိုမှ ထင်မှာ မဟုတ်ပါဘူး။ တကယ်လို့ သူဒီကို လိုက်မလာချင်လည်း လာဖို့ မလိုပါဘူး"

"သူလာမှာပါ"

ဟု အီလစ်ဆာက ပြောသည်။

"သူ မင်းကိုကြည့်တဲ့အခါ လျှာကြီးထွက်ထွက်လာတယ်လေ"

မေရီ၏ရင်တွင် မနှစ်မြို့သည့်စိတ် ဝင်လာသည်။ သူသည် ခေါင်းကို ဖြည်းညင်းစွာ ရမ်းသည်။

"မေရီ ရေ ထပ်ကူလိုက်ဦးမယ်"

ဟု ပြောကာ လှိုင်းထနေသည့် ရေပြင်ဆီသို့ ပြေးသွားသည်။ သူသည် ပင်ပန်းမောဟိုက်သွားသည်အထိ မရပ်မနား ရေကူးပစ်လိုက်ခြင်းအားဖြင့် သူ့ရင်ထဲ၌ ရှိနေသည့် မကျေနပ်ချက်များကို မေ့ပျောက်သွားရန် ကြိုးစား၏။

ထိုအခိုက်မှာပင် သူ့အနီးသို့ ဖောင်တစ်ခု ကပ်လာနေသည်ကို မြင်လိုက်ရသဖြင့် ဝမ်းသာအားရ အော်လိုက်မိသည်။

ဖောင်သည် ငုပ်ချည်ပေါ်ချည်ဖြစ်ကာ သူ့အပါးသို့ ရောက်လာသည်။

သူသည် ဖောင်ကိုလှမ်းဆွဲကာ အပေါ်သို့ ဖက်တွယ်ပြီးတက်လိုက်၏။

အီလစ်ဆာ၏ စည်းကမ်းမဲ့လွန်းသောလျှာနှင့် ဝေးရာသို့ ရောက်သွားပြီဟူသော ခံစားမှုသည်လည်း ဝင်လာသည်။

နောက် တစ်ခဏမျှအကြာတွင် ဖောင်ပေါ်၌ သူတစ်ယောက်တည်း မဟုတ်သည်ကို သတိထားမိသည်။

သူသည် ဖျတ်ခနဲ လှည့်ကြည့်လိုက်၏။ ဖောင်၏ တစ်ဖက်စွန်း၌ လဲှနေသူမှာ ဒေါက်တာဟာဗေးလိသ်။

သူတို့သည် အံ့အားသင့်ကာ တစ်ယောက်မျက်နှာတစ်ယောက် စိုက်ကြည့်နေမိကြသည်။

အခုလိုကျတော့လည်း ဟာဗေး၏ လှပတောင့်တင်းသော ကိုယ်လုံးကိုယ်ထည်ကို သတိမပြုမိဘဲမနေနိုင်။

ရင်အုပ်က ကျယ်ကျယ်၊ ခါးကသေးသေး၊ မေရီသည် မျက်လွှာကို ချလိုက်သည်။

"ကျွန်မ. . . ကျွန်မ လုံးဝမထင်ဘူး"

ဟု မေရီက ပြောသည်။

"ရှင် ဒီကိုလာလိမ့်မယ်ဆိုတာ လုံးဝမမျှော်လင့်ခဲ့မိဘူး"

ဟု ဟာဗေးကို ပြောသည်။

"ဒါပေမယ့် ကိုယ် ဒီကို အခုရောက်နေတယ်"

"ကျွန်မလည်း ဒီကိုရောက်နေတယ်"

ဟု မေရီက ရယ်၍ပြောသည်။

"ကျွန်မတို့နှစ်ယောက် နောက်သင်္ဘောတစ်စီးနဲ့ ရေထဲမှာ မျောနေရပြန်ပြီ။ ရယ်စရာမကောင်းဘူးလား"

ဤစကားပြောအပြီးတွင်မူ မေရီသည် နှုတ်ဆိတ်သွားသည်။ သူ့ရင်သည် လှုပ်ရှားရပြန်လေပြီ။

သူနှင့်တွေ့တိုင်း ဖြစ်ပေါ်လာလေ့ရှိသော ခံစားမှု ဖြစ်ပါ၏။ သူ့အဖို့ အလွန်ထူးဆန်းသည့် အရာတစ်ခု ဖြစ်နေသည်။

အရင့်အရင်က ဤခံစားမှုမျိုး သူမကြုံဖူးခဲ့။ ဘယ်လိုဖြစ်ရတာပါလိမ့်။ သူ့ကိုယ်သူ နားမလည်နိုင်အောင် ဖြစ်ရသည်။

သူသည် ဖောင်ပေါ်တွင် ခင်းထားသည့် ဖိုက်ဘာပြားကို လက်သည်းနှင့် ခြစ်နေသည်။

ဟာဗေးအား ကြည့်ရသည့်သတ္တိသည် သူ့တွင် မရှိတော့သည့်နှယ် ဖြစ်သွားခဲ့ရလေသည်။

နောက်ဆုံးတွင် မေရီ့ထံမှ အသံထွက်လာသည်။

"ဒီနေရာက အတော်ချစ်စရာကောင်းတဲ့နေရာပဲ"

ဟု ပြောသည်။

"ပယ်လယ်ရယ်၊ နေရယ်၊ ဆီးနှင်းတွေအုပ်နေတဲ့ တောင်ထွတ်ရယ်၊ သိပ်ကိုလှတာပဲ"

ဟာဗေးက ဘာမှပြန်မပြော။ မေရီကိုသာ စိတ်ဝင်တစား ကြည့်နေသည်။ သူ့စိတ်သည် မေရီ၏ အလှတွင် နစ်မျောနေသည့်နှယ် ရှိ၏။

မေရီပြောလိုက်သည့် 'အတော်ချစ်စရာကောင်းတာပဲ"ဟူသော စကားကို သတိရသည်။ သူ့ရင်သည် တဒိတ်ဒိတ်ခုန်လာသည်။

တကယ်တော့ သူသည် အသိ၏ လျှို့ဝှက်နက်နဲမှုကို ရှာဖွေခဲ့ဖူးသူ မဟုတ်။

သူ့ဘဝသည် ကျောက်တုံးကျောက်ခဲသဖွယ်မာကြောသော ဘဝတစ်ခု ဖြစ်ခဲ့သည်။ ပြီးတော့ သူရှာဖွေခဲ့သည့် သိပ္ပံပညာမှ ဆိုထားသည့် အမှန်တရား။

ထိုရှာဖွေမှုမှတစ်ပါး အခြား ဘာရှာဖွေမှုကိုမှ ပြုခဲ့သူမဟုတ်။ အခု

ကျတော့လည်း သူ့ ဘယ်တုန်းကမှ မရှာဖွေခဲ့သော အရာတစ်ခုကို အမှတ်မထင် တွေ့မြင်နေရလေပြီ။

"သူတို့က ဒီကျွန်းကို 'ဂရင်းကနေရီယာ'လို့ ခေါ်ခဲ့ကြတယ်"

ဟု မေရီက တိတ်ဆိတ်ခြင်းကို ဖြိုခွင်းလိုက်သည်။

"ဂရင်းကနေရီကျွန်းပေ့ါ။ ကျွန်မကတော့ အဲဒီနာမည်ထဲမှာ အရောင်ရော လှုပ်ရှားမှုရော ရှိနေတယ်လို့ ထင်တာပဲ။ ကျွန်မအဖို့ကတော့ ဂရင်းကနေရီဆိုတဲ့ နာမည်မှာ ရင်ဖိုစရာအသံပါနေတယ်"

ဟာဗေးကတော့ မတုန်မလှုပ်။ မေရီ၏ စကားများသည် သူ့အတွက် အဓိပ္ပာယ်ရှိသော စကားများ ဖြစ်နေသည့်နှယ် ရှိသည်။ အတန်ကြာ ငြိမ်ဆိတ်ရာမှ-

"မနက်ဖြန်ကျရင် သင်္ဘောက ဆင်းတော့မယ်လို့ကြားတယ်၊ ဟုတ်လား"

ဟု မေးသည်။

"ဟုတ်ပါတယ်၊ ကျွန်မတို့ သြရိုတာဗာမှာ နေကြမှာ"

ထူးဆန်းသော မရှောင်လွှဲနိုင်မှု တစ်ခုကို သူတွေးမိသည်။ ယနေ့ည သြရီယိုလာသင်္ဘောသည် ခရီးဆက်လိမ့်မည်။

အမှောင်ထုကို ဖြတ်သန်းကာ နောက်တစ်ကျွန်းဆီသို့ ကူးလိမ့်မည်။ မနက်ဖြန်မနက်ဆိုလျှင် မေရီ သင်္ဘောပေါ်၌ ရှိတော့မည် မဟုတ်။

"သြရီယိုလာကျွန်းက အလွန်အေးချမ်းငြိမ်သက်တယ်"

ဟု မေရီက ဆက်ပြောသည်။

"နေရာက ခပ်သေးသေးပါ။ ကျွန်မတို့ နေရေးထိုင်ရေးအတွက် မစ္စတာကားက ဟိုတယ်မှာ စီစဉ်ထားတယ်။ ဟိုတယ်နာမည်က ဆန်ဂျော်ဂျီတဲ့။ မစ္စတားက ကျွန်မယောကျ်ားရဲ့ ကိုယ်စားလှယ်ပေ့ါ"

"ဟုတ်လား"

ဟု ဟာဗေးက ရေရွတ်သည်။ စောစောကရထားသော အလင်းရောင်သည် ပျောက်ကွယ်သွားသည်။

စောစောကတော့ အရာတစ်ခုသည် တည်ရှိလာခဲ့၏။ အခုတော့လည်း

ထိုအရာကို ပြန်ယူသွားခြင်း ခံရလေပြီ။ သူသည် သူ့စိတ်ကို ပြန်၍ တည်ငြိမ်အောင် ကြိုးစားသည်။ ပြီးတော့ မေရီအား တစ်ချက်လှမ်းကြည့်သည်။

"မင်းအဖို့တော့ ပျော်စရာကောင်းမှာပါ"

"ရှင်ကတော့ သင်္ဘောနဲ့ ခရီးဆက်ရဦးမှာလား"

ဟု မေရီက မေးသည်။

"ဆက်ရမယ်၊ ပြီးတော့မှ ပြန်လာမယ်"

နှစ်ဦးစလုံး ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်ဆိတ်နေကြပြန်သည်။ ရုတ်တရက် မေရီသည် ဝမ်းသာအားရ လှုပ်ရှားလာသည်။

"ဒီနေ့ ရှင် ကျွန်မတို့နဲ့ နေ့လယ်စာ စားမလား၊ အို. . . မငြင်းပါနဲ့နော်။ နေ့လယ်စာ ကျွန်မတို့နဲ့ စားလှည့်ပါ။ နေရာက တဲသာသာကလေးဆိုပေမဲ့ အစားအစာကျတော့ သိပ်ကောင်းတယ်"

"မစ္စတာကားလည်း လာလိမ့်မယ်။ ကျွန်မကတော့ ရှင့်ကို လာစေချင်တာပဲ"

အခါအခွင့်သင့်နေ၍ မေရီက ဝမ်းသာရွှင်မြူးစွာဖြင့် ဖိတ်ခေါ်နေခြင်း ဖြစ်၏။

သို့သော်လည်း သူ့စိတ်ထဲမှာကတော့ ဟာဗေးဘက်မှ လက်မခံဘဲ ခါးခါးသီးသီး ငြင်းဆန်လိုက်မည်ကို စိုးရိမ်နေသည်။

"ဒီကိုလာတာ ကိုယ်တစ်ယောက်တည်းမဟုတ်ဘူး"

ဟု ဟာဗေးက ဖြေသည်။

"ဂျင်မီကော်ကိုရန်ကခေါ်လို့ ကိုယ်ပါလာတာ"

ဟာဗေးက ပြောပြောဆိုဆို ပင်လယ်ပြင်တစ်နေရာဆီသို့ လက်ညှိုး ထိုးပြသည်။ ဖျံအိုကြီးတစ်ကောင်သဖွယ် လှိုင်းလုံးများစီးကာ ပျော်မြူးနေသည့် ဂျင်မီ၏ ရုပ်လွှာကို ခပ်ဝါးဝါးမြင်တွေ့နေရသည်။

"သူ့ကိုလည်း ဖိတ်မှာပေါ့"

ဟု မေရီက လျင်မြန်စွာ ပြန်ပြောသည်။

"ရှင်တို့နှစ်ယောက်စလုံး လာရမှာပဲ"

"သူ မြို့ထဲကို အလုပ်ကိစ္စတစ်ခုနဲ့ သွားစရာရှိတယ်လို့ ပြောတယ်"

"အို. . . ရှင့်မှာတော့ မရှိဘူးမဟုတ်လား"

ဟာဖေးအနေဖြင့် ငြင်းရန်ခက်ခဲလျက်ရှိသည် သဘော်ပေါ်မှာတုန်းက သူ၏ ရိုင်းပြသော ဆက်ဆံမှုများကို ပြန်၍ သတိရလာသည်။

သူငြင်းလိုက်မည် ဟူသော စိတ်ကူးသည် သူ့နှုတ်ခမ်းများကြားတွင် ပျောက်ကွယ်သွားသည်။

"သိပ်ကိုကောင်းတာပဲ"

ဟု မေရီက ကလေးတစ်ယောက်သဖွယ် အော်သည်။

"ရှင် လာမယ် ဟုတ်လား။ ကျွန်မနဲ့ နေ့လယ်စာစားမယ်နော် ဟုတ်လား"

မေရီ၏အဖြစ်ကိုကြည့်ကာ ဟာဖေး မပြုံးဘဲမနေနိုင်။ မသိမသာလေး ပြုံးမိသည်။ ထိုအပြုံးကို မြင်တွေ့လိုက်ရသော မေရီသည် အရှုးအမူး ဖြစ်သွားသည်။

သူမသည် ထိုင်နေရာမှထကာ လက်နှစ်ဖက်ကို မြှောက်၍ ပင်လယ်ရေပြင်ဆီသို့ ဒိုင်ဗင်ထိုးချလိုက်သည်။ မေရီ၏ လှုပ်ရှားမှုအရှိန်ကြောင့် ဖောင်သည် ချာခနဲ လည်ထွက်သွားသည်။

အမှတ်တမဲ့ ထိုင်နေသော ဟာဖေးသည် ဖောင်ပေါ်မှနေ၍ လှိုင်းလုံးများကြားသို့ ဝုန်းခနဲထိုးကျသွားသည်။

ရေအောက်သို့ ရောက်သွားသည့်အခါ သူ့အနီးမှ ဖြတ်ထွက်သွားသော မေရီအား မြင်လိုက်ရ၏။

သူသည် ရေမျက်နှာပြင်ထက်သို့ ပြန်ပေါ်လာသည်နှင့် တစ်ပြိုင်နက် လေကို အားပါးတရရှူလိုက်သည်။ ရေထဲကို ကူးခတ်နေသော မေရီနောက်သို့ လိုက်သွားရန် ဆန္ဒရှိပါ၏။

သို့သော်လည်း သူမလိုက်ဖြစ်။ ချက်ချင်း နောက်ပြန်လှည့်သွားကာ ကမ်းစပ်ဘက်သို့ ကူးလာခဲ့သည်။

သူသည် အဝတ်လဲခန်းထဲသို့ဝင်ကာ အဝတ်အစားများကို ပြန်ဝတ်သည်။ သူ့အသားရောင်သည် ပန်းရောင်သန်းနေသည်။

ယခင်ကနှင့်မတူသော ပြောင်းလဲမှုတစ်ခု၊ ဤပြောင်းလဲမှုကို ကြည့်ပြီး

သူ့ကိုယ်သူ မယုံကြည်နိုင်အောင် ဖြစ်နေမိ၏။

အခန်းထဲသို့ ဂျင်မီ ရောက်လာသောအခါ ဟာဗေးက မေရီ၏ ဖိတ်ကြားမှုအကြောင်း ပြောပြသည်။

တစ်ကိုယ်လုံးတွင် စိုရွှဲနေသည့် ရေများကို မျက်နှာသုတ်ပဝါဖြင့် ပွတ်တိုက်နေသော ဂျင်မီသည် ဟာဗေးအား ဖျတ်ခနဲလှမ်းကြည့်သည်။

ဟာဗေး၏ ပြောပြချက်ကို တစ်ခဏမျှအချိန်ယူ၍ စဉ်းစားနေသည်။

"မင်း ဂုဏ်ယူထိုက်တဲ့ဟာ တစ်ခုပဲကွ"

ဟု ဂျင်မီက ပြောပြသည်။

"ငါ့မှာ လုပ်စရာရှိနေတာနာသကွာ"

"အလုပ်သာမရှိရင် မင်းတို့နဲ့လိုက်ပြီ၊ တပျော်တပါးနေရမှာ။ ဒါပေမယ့် ငါမြို့ထဲမသွားခင် အချိန်ရသလောက်တော့ မင်းနဲ့လိုက်ခဲ့ဦးမယ်"

"မင်းတို့ ဆုံမိကြပုံကလေးကို ငါကြည့်ချင်သေးတယ်"

နောက်ဆယ်မိနစ်ခန့်အကြာတွင် ဟာဗေးနှင့် ဂျင်မီတို့သည် အတူတူတွဲကာ စားသောက်ဆိုင်ကလေးအတွင်းသို့ ဝင်ရောက်သွားကြသည်။

မေရီ့စကား မှန်သည်ဟု ဆိုရမည်။ ဆိုင်ငယ်လေးတစ်ခုမျှ ဖြစ်သော်လည်း အလွန်သန့်ရှင်းသည်။

ခင်းကျင်းပြင်ဆင်ထားပုံများမှာလည်း ခေတ်မီရုံမျှမက ခံ့ညားလှပေသည်။

မျက်နှာစာသည် ပင်လယ်ပြင်ဘက်သို့ လှည့်ထားသည်ဖြစ်ရာ ပြာသော ရေပြင်၊ ပြာသောမိုးကောင်းကင်နှင့် တောင်ထွတ်ဖြူဖြူဖွေးဖွေးကို လှမ်းမြင်နေရ၏။

ကောင်တာ၏ နောက်ဘက်တွင် အစီအရီတန်း၍တင်ထားသည့်အရက်ပုလင်းမျိုးစုံကို ဟာဗေး မြင်နေရသည်။

ဘာကြောင့်ရယ်တော့မသိ၊ ဟာဗေးအနေဖြင့် သူတစ်ချိန်က အငမ်းမရ ဖြစ်ခဲ့သော အရက်ကို သောက်ချင်စိတ်မရှိ။ ကောင်တာနောက်ဘက် ခွေးခြေရှည်ကြီးပေါ်၌ အရက်သမားသည် ပျင်းရိစွာ ထိုင်နေသည်။

ဆိုင်၏ ထောင့်တစ်ထောင့်တွင်မူ သီချင်းစက်တစ်လုံးချထားသည်။

ဂျင်မီသည် စက်ကိုမြင်သည့်အခါ ချက်ချင်းထသွားပြီး ငွေတစ်ပြားကို ထည့်လိုက်သည်။ ပတ်ဝန်းကျင်တွင် သီချင်းသံလွှမ်းသွားပြီဖြစ်ရာ ဆိုင်ထဲတွင် အသက်ဝင်လှုပ်ရှားသလို ဖြစ်သွားသည်။

ဂျင်မီသည် ပခုံးများကိုတွန့်၍ လက်များကိုယမ်း၍ တစ်ကိုယ်လုံးလှုပ်၍ ကခုန်မြူးတူးလျက်ရှိ၏။

ကောင်တာ၏ နောက်တွင် ထိုင်နေသည့် အရက်သမားစားပွဲထိုးသည် ချက်ချင်း သွားများဖြီးလာသည်။ ကောင်တာ၌ထိုင်၍ အရက်တစ်ခွက်တစ်ဖလားဝင်မော့နေသော လူငယ်က ဂျင်မီအား ကြည့်ပြီး ပြုံးသည်။

ထောင့်တစ်ထောင့်၌ထိုင်နေသော စပိန်မိသားစုကလည်း ပြုံးနေကြသည်။ သူတို့အားလုံး နားလည်ကြသည်။

မည်သူမဆို ပျော်ရွှင်သော သာယာမှုကို အရသာခံစားနိုင်ကြသည်။ မဟုတ်ပါလား။

စားပွဲထိုးသည် လက်ဝါးဖြင့် သူ့ပေါင်ကိုပုတ်၍ စည်းလိုက်သည်။ ကောင်တာမှ လူငယ်သည် ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်နေရာမှ သီချင်းလိုက်ဆိုလာသည်။

စပိန်မိသားစုထဲမှ ဝဝတုတ်တုတ်မိခင်သည် ခေါင်းတညိတ်ညိတ်လုပ်လျက်ရှိ၏။

ဤအခိုက်မှာပင် မေရီသည် အခန်းတွင်းသို့ ဝင်လာသည်။ သူ့နောက်လိုက်ပါလာသူမှာ အီလစ်ဆာ၊ ဒစ်ဘ်ဒင်းနှင့် ကားတို့ ဖြစ်ကြသည်။

အားလုံးငြိမ်သွားသည်။ ဂျင်မီသည် အကရပ်သွားသည်။ သီချင်းလိုက်ဆိုနေသော လူငယ်၏ ပါးစပ်သည် ပိတ်သွားသည်။

စားပွဲထိုးသည် ခွေးခြေပေါ်မှဆင်းကာ သီချင်းစက်ကို သွားပိတ်လိုက်သည်။

မေရီကတော့ အားလုံးကို တစ်ချက်မျှ ဝေ့ကြည့်လိုက်ပြီး အားပါးတရရယ်သည်။

"သိပ်ကိုကောင်းတာပဲ"

ဟု လက်ခုပ်တီး၍ ပြောသည်။

စိတ်ကူးချိုချို

"သိပ်ကိုနားထောင်လို့ကောင်းတဲ့ သီချင်းပဲ"

"ထပ်ဖွင့်ပါဦး"

ဝစ်သ်ဖရက်ကား တစ်ယောက်ကတော့ ရယ်ခြင်းပြုံးခြင်းမရှိ။ သူသည် တံခါးဝမှရပ်ကာ အခန်းထဲသို့ကြည့်နေသည်။

သူသည် အခုလိုနေရာမျိုးကို ဘယ်တော့မှ သွားခဲ့သူမဟုတ်။ အခုလို ကျဉ်းကျပ်သေးငယ်သော လှောင်ချိုင့်နှင့်တူသည့်နေရာမျိုးတွင် မည်သည့်လူကြီးလူကောင်းမှ နေ့လယ်စာ စားမည်မဟုတ်။

ဟိုမိန်းမချောလေးကျ ဘာကြောင့်များ ဤနေရာကိုလာ၍ နေ့လယ်စာ စားချင်ပါလိမ့်။

ခပ်ညံ့ညံ့ဝတ်စုံကို မသပ်မရပ် ဝတ်ဆင်ထားသော ဟာဗေးကို မြင်လိုက်သည့်အခါတွင်မူကား တစ်ကိုယ်လုံး တောင့်တင်းသွားသည်။

ပို၍ဆိုးသည်ကား ဟာဗေး၏အဖော် အရုပ်ဆိုးဆိုး အိုင်းရစ်အဘိုးအို ဂျင်မီကို မြင်တွေ့လိုက်ရခြင်း ဖြစ်၏။

သူတို့နှင့် မိတ်ဆက်ပေးသည့်အခါတွင်လည်း ကားသည် ယဉ်ကျေးဖွယ်ရာကိုမျှ မပြနိုင်။

အဘိုးအိုဂျင်မီ အခန်းထဲမှ ထွက်သွားရန် တံခါးဆီသို့ လျှောက်သွားရန် လာသည့်အခါ ဘေးသို့ ဖယ်၍ရပ်သည်။

"အားလုံးပဲ ကျုပ်ကို ခွင့်လွှတ်ကြပါဗျာ"

ဟု ဂျင်မီကပြောသည်။

"ကျုပ်မသွားချင်ပေမယ့် အလုပ်တစ်ခုရှိနေလို့ သွားရမှာပါ။ ကြေးနန်းတစ်စောင်ရောက်လာလို့ အလုပ်က သိပ်အရေးကြီးတဲ့အလုပ် ဖြစ်နေပါတယ်။"

ပြောပြောဆိုဆိုပင် ဂျင်မီသည် ဆိုင်ထဲမှ ထွက်သွားသည်။

"ဒီလူက ဘယ်သူလဲ"

ဟု ကားက နှာခေါင်းကိုရှုံ့၍ အလွန်အထင်အမြင်သေးသည့် မျက်နှာထားဖြင့်မေးသည်။

"သူဟာ ကျွန်တော့်ရဲ့ အရင်းနှီးဆုံး မိတ်ဆွေပဲ"

ဟု ဟာဇေးက ဝင်ဖြေသည်။

ကားနှင့် ဟာဇေးသည် တစ်ယောက်မျက်နှာ တစ်ယောက် စူးစူးရဲရဲ ကြည့်နေသည်။

"ဩော် . . . ဟုတ်လား"

ဟု ကားက ပမာမခန့်လေသံဖြင့် ပြောသည်။

"သဘာဝတော့ကျသားပဲ၊ ဟုတ်မှာပါ"

သူတို့သည် နေ့လယ်စာ စားပွဲတွင် ဝိုင်းထိုင်ကြသည်။ စားပွဲထိုးသည် လျင်မြန်သွက်လက်စွာ လှုပ်ရှားလျက်ရှိ၏။

အခုလို အင်္ဂလိပ်လူမျိုး၊ အထက်တန်းစားများသည် သူတို့ဆိုင်သို့ လာခဲပါဘိခြင်း။ အခါအခွင့်သင့်တုန်း သူ့အစွမ်းနှင့် အရည်အသွေးကို ပြနိုင်ရန် အားထုတ်လျက်ရှိသည်။

စားပွဲပေါ်၌ ပြင်ဆင်ထားပုံ ခမ်းနားသည်နှင့်အမျှ ချထားသည့် အစားအသောက်များကလည်း စုံလင်လှပေသည်။

မေရီကတော့ ကလေးတစ်ယောက်သဖွယ် ရွှင်မြူးနေသည်။

သူသည် ပြောစရာရှိလျှင် အော်ကြီးဟစ်ကျယ်ပြော၍ ရယ်စရာရှိလာလျှင်လည်း ခွက်ထိုးခွက်လန် ရယ်သည်။

"ကျွန်မကတော့ ဒီတစ်ခါ ကြက်သွန်ဖြူစားမှဖြစ်မယ်။ ကြက်သွန်ဖြူ မှာပေးဦးနော်"

ဟု မေရီက ပြောလိုက်သည်ကို ကားက နှစ်သက်ပုံမရ။

ကားသည် သူ့ဦးခေါင်းကို မေရီဘက်သို့ တိုးကပ်လိုက်ပြီး နှစ်ကိုယ်ကြား လေသံဖြင့်-

"မေရီ့အတွက် လိုအပ်တာမှန်သမျှကို ကိုယ့်ကို စီစဉ်လုပ်ကိုင်ပေးခွင့် ပြုထားစေချင်တယ်"

ဟု ပြောသည်။

"နေ့လယ်စာကို ဂေါက်ကလပ်မှာစားရင် ပိုကောင်းမှာ။ ဒီဆိုင်ထက် အများကြီးသာတယ်၊ အဆင့်မြင့်တယ်။ ပြီးတော့ ဂေါက်လည်း ရိုက်လို့ရတယ်။ ကိုယ်တို့ ဂေါက်ကွင်းက သိပ်ကို အဆင့်မြင့်တာ"

"ဟာ. . . ဒါပေမဲ့ ကျွန်မ ဒီကိုလာတာက ဂေါက်ရိုက်ဖို့လာတာမှ မဟုတ်ဘဲ"

"အေးပါ၊ ဟုတ်ပါတယ်။ ဒီတစ်ခါတော့ထားပေါ့။ ဩရီယိုလာကို ရောက်ရင်တော့ မေရီ့အတွက် ကိုယ်ပဲ စီစဉ်ပေးမယ်"

ဟု ကားက တရင်းတနှီးလေသံဖြင့် ထပ်ပြောသည်။

"နောက်နှစ်ရက်လောက်အတွင်းမှာ ကိုယ်အလုပ်ကိစ္စနဲ့ ဆန်တာကရုဇ် ကို သွားရလိမ့်မယ်။ အားလုံး ကိုယ်စီစဉ်ပေးခဲ့မှာပါ"

ကား၏အမူအရာသည် ပိုင်စိုးပိုင်နင်းရှိနေသည့်အသွင် ဆောင်နေ သည်။ သူ၏ အရေးတယူပြုမှုအပေါ် မေရီက မတုံ့ပြန်ဘဲမနေဟူသော တွက်ကိန်းကို အပိုင်အနိုင်ရယူထားပုံပေါ်သည်။

ဝစ်သ်ဖရက်ကားသည် သူ့ကိုယ်သူ ဆွဲဆောင်မှုအပြည့်ရှိနေသည့် ယောကျ်ားတစ်ယောက်ဟု သတ်မှတ်ထားသူဖြစ်ရာ ဘယ်အမျိုးသမီးမှ သူ့အလိုဆန္ဒကို ငြင်းဆန်မည်မဟုတ်ဟု ယုံကြည်နေသူဖြစ်၏။

ကားသည် ဆွဲဆောင်မှုအပြည့်ရှိနေသော ယောကျ်ားတစ်ယောက် ဖြစ်ကောင်းဖြစ်လိမ့်မည်။ သူ့တွင် အရည်အသွေးတွေအများရှိသည်။ အက တွင် အများက မယှဉ်နိုင်လောက်အောင် အကကောင်းသူဖြစ်၏။

ဂေါက်ရိုက်ရာ၌လည်းကောင်း၊ တင်းနစ်ရိုက်ရာ၌လည်းကောင်း အလွန်တော်သူဖြစ်၏။ မြင်းစီးရာ၌လည်း အများက လက်ဖျားခါရလောက် အောင် ကျွမ်းကျင်သူဖြစ်၏။

သူသည် တောင်ပိုင်းဒေသမှ သင်းအုပ်ဘုန်းကြီးတစ်ပါး၏ သား ဖြစ်သည်။ ငွေကြေးများစွာ အကုန်အကျခံ၍ ပညာသင်ခွင့်ရခဲ့သဖြင့် သူ့ အပြုအမူများထဲတွင် ကောင်းပေ့ဆိုသည့် အရာအားလုံးသည် ရှိနေသည်။ သို့သော်လည်း သူ့ခေါင်းထဲတွင်မူကား ဘာမှမရှိသေး။ ဤကြားထဲမှာပင် သူသည် သူ့ကိုယ်သူ တိုးတက်အောင် ပျိုးထောင်လိုသော စိတ်ကတော့ ရှိသည်။

မည်သို့ပင်ဖြစ်စေ အင်္ဂလန်မှာတော့ဖြင့် သူသည် ယဉ်ကျေး သိမ်မွေ့သော အထက်တန်းစား လူ့အဖွဲ့အစည်းတွင် ထိပ်တန်း၌ပါသူ

ဖြစ်၏။

ပြီးတော့ သူသည် ကျွန်းပေါ်ရှိ လူ့အဖွဲ့အစည်းတွင်လည်း အလွန် ထင်ရှားကျော်ကြားနေသူ ဖြစ်၏။

သူသည် မေရီဖီးလ်ဒင်းအား အင်္ဂလန်၌ မကြာခဏ တွေ့ခဲ့ဖူးသည်။ ခပ်ဝေးဝေးမှ လှမ်း၍မြင်ခဲ့ရခြင်း ဖြစ်သော်လည်း မေရီ၏ အလှကို မအံ့သြဘဲ မချီးကျူးဘဲ မနေနိုင်ခဲ့။

အခုတော့ဖြင့် သူ့စိတ်ထဲမှ ကြိတ်၍ သဘောကျနေခဲ့သော မေရီသည် သူရှိရာနေရာသို့ ရောက်ခဲ့လေပြီ။

အသက်ကလည်းငယ်ငယ်၊ ကိုယ်လုံးကိုယ်ပေါက်ကလည်း လှလှ။ သို့တစေလည်း ဟာဖေးလို လူစားတစ်ယောက်ကို ဖိတ်ခေါ်ခဲ့ခြင်းနှင့် ဤကဲ့သို့သော အပေါစား စားသောက်ဆိုင်မျိုး၌ နေ့လည်စာ စားခြင်း တို့အပေါ်မှာတော့ သူ နားမလည်နိုင်အောင် ဖြစ်နေမိသည်။

မေရီသည် ရိုးသားဖြူစင်သောစိတ် ရှိသူအဖြစ် လူသိများသူ ဖြစ်သည်။

သူ့အပြုအမူများသည် အလွန်ထူးခြားလှသည်ဟုလည်း ထင်ရှား ကျော်ကြားသူ ဖြစ်သည်။

တချို့က သူ့အား 'အံ့သြဖွယ်မြေပေါ်မှ အဲလစ်' ဟုပင် အမည်ပေး ခဲ့ဖူးကြသည် မဟုတ်ပါလော။

သူသည် မေရီဘက်သို့ နောက်တစ်ကြိမ် ခေါင်းကိုငဲ့၍-

"တကယ်လို့သာ မင်းကိုယ်မင်း ကိုယ့်လက်ထဲအပ်ထားမယ်ဆိုရင် အချိန်တိုင်း ပျော်စရာကောင်းနေအောင် စီစဉ်ပေးမှာပေ့ါ။ မင်း ခုဆိုရင် ငှက်ပျောသီးတင်ထားတဲ့ သဘော်လေးပေါ်မှာ သိပ်ကို ပျင်းလာတယ် မဟုတ်လား"

ဟု ပြောသည်။

မေရီကတော့ ကား၏မျက်နှာကို အထူးအဆန်းတစ်ခုသဖွယ် ပြန် ကြည့်သည်။

"သိပ်ပျင်းမလာခဲ့ပါဘူး။ ရှင်ပြောသလောက်တော့လည်း မဟုတ်ပါ ဘူး"

ဟု ပြန်ပြောသည်။

ကားက ရယ်သည်။

"ကပါလေ ထားပါတော့။ လူအများစုက ကိုယ်တို့ကျွန်းပေါ်က လူတွေကို ရှေးခေတ် လူရိုင်းအဖွဲ့အစည်းဝင်တွေလို့ ထင်ကြတယ် မေရီရဲ့။ ဒါပေမဲ့ အဲဒီအမျိုးအစားတော့ မဟုတ်ပါဘူး။ ကိုယ်တို့ဆီမှာလည်း ပျော်စရာ ရွှင်စရာ နှစ်ခြိုက်စရာတွေ အများကြီးရှိပါတယ်။ တကယ်တော့ စိတ်ကူးယဉ်ကမ္ဘာလောကကလေးတစ်ခုပါ။ လူတိုင်း သာယာပျော်ရွှင်နေကြတာပါ။ လူရော တိရစ္ဆာန်ပါ ပျော်ရွှင်စရာကိုယ်စီနဲ့ နေကြတာပါ"

ဟု ပြောသည်။

ဟာဖေး၏ရင်ထဲတွင် မကျေနပ်မှုသည် ကြီးထွားလာသည်။ တဖြည်းဖြည်းနှင့် ဒေါသစိတ်သည် သူ့အား ဖိစီးလာသည်။

သူသည် ကားဘက်သို့ လှည့်၍ မျက်နှာချင်းဆိုင်လိုက်သည်။

"ဒီနေ့မနက် ဆိပ်ကမ်းတာရိုးပေါ်မှာ လားတွေကို ကျွန်တော် မြင်ခဲ့ရတယ်။ အစာရေစာမဝတဲ့ ပုံမျိုးတွေချည်းပဲ။ သူတို့ကြည့်ရတာကတော့ ပျော်ရွှင်ကြည်နူးနေတဲ့လက္ခဏာ မရှိပါဘူး"

ကားသည် သူ့ကုလားထိုင်တွင် တောင့်တောင့်မတ်မတ် ထိုင်လိုက်ပြီး ဟာဖေးအား မျက်မှောင်ကုပ်၍ ကြည့်သည်။

"လားတွေ ဘာမှမဖြစ်ဘူး"

ဟု သံပြတ်နှင့်ပြောသည်။

"သူတို့ကို ဘယ်သူမှလည်း ဂရုစိုက်မနေဘူး"

"ဒါဆိုရင် ခြင်တွေကိုကော"

ဟု ဟာဖေးက ထပ်ပြောသည်။

"သူတို့ကိုလည်း ဂရုစိုက်မယ့်လူ ဘယ်သူမှ မရှိဘူးပေါ့၊ ဟုတ်လား။ ကျွန်တော်ကတော့ အဲသလိုပဲ နားလည်ထားတယ်"

"ဟုတ်တယ်၊ အဘွားအိုတွေနဲ့ အောက်တန်းခပ်ကျကျ ကမ္ဘာလှည့်ခရီးသည်တွေကလွဲပြီး ဘယ်သူမှ ဂရုမစိုက်ဘူး"

"ကောင်းတာပေါ့၊ ခြင်တွေတောင်မှ သူတို့ဘာသာသူတို့ ပျော်စရာ

ရှာပြီး နေနိုင်ကြတာကိုး။ သူတို့အတွက် ဘာမှစိုးရိမ်စရာမရှိဘူးပေါ့။ အဲ. . . ရောဂါမရှိဘူး၊ ဘာမှမဖြစ်ဘူးဆိုရင်တော့ ဝမ်းသာစရာပဲပေါ့"

ကား၏မျက်နှာတွင် ရိပ်မိ သိရှိသွားသည့် အရိပ်အငွေ့ ထင်ဟပ်လာသည်။ လှောင်သံပြောင်သံဖြင့် တစ်ချက်မျှ ရယ်လိုက်သည်။

"ဩော်. . . ဒါကို ပြောနေတာလား။ ခင်ဗျားက ကြောက်စရာ လန့်စရာ သတင်းတွေကို နားထောင်ခဲ့တာကိုး"

ဒစ်ဘ်ဒင်းသည် အလွန်စိတ်ရှုပ်သွားသည့် မျက်နှာထားဖြင့် သူ့လက်ထဲမှ ခက်ရင်းကို လွှတ်ချလိုက်သည်။

"ဒီမှာ ကိုယ့်လူတို့၊ မင်းတို့ ဘာတွေပြောနေကြတာလဲ။ မင်းတို့ အခု ပြောနေတာ ဘာအကြောင်းလဲ။ ငါတော့ ဘာမှနားမလည်ဘူး"

"ဘာမှမဟုတ်ပါဘူး၊ လုံးဝ ဘာမှ မဟုတ်ဘူး"

ဟု ကားက ပြောသည်။

"အခုတလော ကျွန်းပေါ်မှာ ရောဂါတစ်ခုဖြစ်နေသလိုလို ပြောဆိုနေကြတယ်။ လိမ္မာပါးနပ်ပြီး အသိဉာဏ်အမြော်အမြင်ရှိတဲ့ လူတွေကတော့ ဒီကိစ္စအပေါ်မှာ နည်းနည်းကလေးမှ စိတ်မဝင်စားကြပါဘူး။ ဒါမျိုးနဲ့ ပတ်သက်လာရင် ကျွန်းပေါ်မှာနေကြတဲ့ တိုင်းရင်းသားတွေကြားမှာတော့ ညည်းညူနေကြတဲ့လူတွေရှိမှာပဲ။ ကျွန်တော်တို့လို လူတွေကတော့ ကြောက်ရွံ့ထိတ်လန့်ပြီး ညည်းညူနေကြမှာ မဟုတ်ပါဘူး။ တကယ်လို့ ညည်းညူနေကြရင်လည်း ကျွန်တော်တို့ဟာ ဗြိတိသျှလူမျိုး မဟုတ်တော့ဘူး"

ကား၏အသံသည် တကယ့်မျိုးချစ်စိတ်အပြည့်ရှိနေသည့် သူရဲကောင်းကြီးတစ်ယောက် လေသံမျိုး ဖြစ်သည်။

"အင်း. . . အလွန့်ကို သန့်ရှင်းစင်ကြယ်တဲ့ အင်္ဂလိပ်အမျိုးသားကြီး စကားပြောနေပါတယ်ရှင်"

ဟု အီလစ်ဆာက မျက်နှာကို ရှုံ့မဲ့ပြီး ပြောသည်။

"ဒါပေမယ့် တာဝန်ရှိတဲ့ လူတစ်ယောက်ကတော့ ကျွန်မတို့ကို ဒီကိစ္စအသိပေးထားသင့်တာပေါ့။ ကျွန်မကတော့ အခုအချိန်ကစပြီး ခြင်ကောင်တိုင်းကို ကြောက်စရာသတ္တဝါအဖြစ် သတ်မှတ်လိုက်ပြီ"

"ဒီမနက် ကျွန်မတို့ ဆိပ်ကမ်းမှာ အစားတွေ အများကြီး စားလာကြတယ်"

ဟု မေရီက ဝင်ပြောသည်။

"စိတ်မပူပါနဲ့ မေရီရာ"

ဟု ကားက ချော့မော့သောလေသံဖြင့်ပြောကာ မေရီ၏ လက်မောင်းကို လှမ်းပုတ်သည်။

"အဓိပ္ပာယ် လုံးဝမရှိတဲ့ကိစ္စပါ"

မေရီသည် သူ့လက်မောင်းကို ကားနှင့် ဝေးကွာသွားအောင် ဖယ်လိုက်သည်။

သူ့မျက်လုံးအစုံသည် အရောတဝင် မလုပ်လိုသည့် အရိပ်အငွေ့များ ယှက်သန်းနေသည်။

ဟာဗေးသည် နှုတ်ဆိတ်လျက်ရှိသော်လည်း သူ့ရင်ထဲတွင် ပူလောင်လျက် ရှိ၏။

ဆရာဝန်လည်းဖြစ်၊ သုတေသနသမားလည်းဖြစ်သော ဟာဗေးအဖို့တော့ အသားဝါရောဂါကို ပေါ့ပေါ့တန်တန်သဘောမထားနိုင်။ တစ်ချိန်က သူသည် လန်ဒန်ဆိပ်ကမ်းရှိ ထိုရောဂါဖြစ်ပွားနေသော သင်္ဘောသားတစ်ယောက်ကို တွေ့ဖူးခဲ့သည်။

ကြောက်မက်ဖွယ်ကောင်းသည့် ရောဂါတစ်ခုဟု ထိုစဉ်ကတည်းက အသိအမှတ်ပြုခဲ့သည်။

အမှန်တော့ ဤရောဂါသည် ကာလဝမ်းရောဂါလို ဆိုးဝါးပြီး ပုလိပ်ရောဂါလို အန္တရာယ်ကြီးသော ရောဂါတစ်ခုလိုပင် ဖြစ်၏။ သို့ပါလျက် ဤရောဂါအား -

"အလကားပါ၊ ဘာမှ မပြောလောက်ပါဘူး"

ဟု ပြောနေသူနှင့် ကြုံနေရ၏။ မသိနားမလည်မှုကြောင့် ပေါ်လာခဲ့သည့် ရှုးမိုက်မှုတစ်ခုပေတည်း။

သူသည် ကားဘက်လှည့်ကာ အေးစက်မာကြောသော မျက်နှာထားဖြင့် ကြည့်သည်။ စကားပြောရန် ဟန်ပြင်သည်။ ထိုအခိုက်မှာပင် မေရီ

သည် ထိုင်နေရာမှ ဖျတ်ခနဲထရပ်လိုက်ပြီး -

"ကော်ဖီကိုတော့ အပြင်ဘက် ဝရန်တာမှာ သောက်ကြတာပေါ့"

ဟု ပြောသည်။ စားပွဲမှ လူအားလုံး အပြင်သို့ ထွက်ခဲ့ကြသည်။ သစ်သားခင်း ဝရန်တာတွင် ချထားသည့် စားပွဲ၌ ထိုင်ကာ စားပွဲထိုး လာချပေးသည့် ကော်ဖီကို ငြိမ်ဆိတ်စွာ သောက်နေကြသည်။

"အိပ်ချင်လိုက်တာ"

ဟု အီလစ်ဆာက မျက်စိများကိုမှိတ်၍ ပြောသည်။ မည်သူမှ စကား မပြော။ ဟာဗေးသည် လက်နှစ်ဖက်ကို အင်္ကျီအိတ်ထဲနှိုက်ကာ ငြိမ်နေသည်။

ဒစ်ဘ်ဒင်းသည် ပါးစပ်အဟောင်းသားဖြင့် ငေးမောနေသည်။ သူသည် ကားအား အတော်ညံ့သည့် ငနဲဟု တွေးနေသည်။

မေရီ့မျက်နှာသည် ဝမ်းနည်းသည့်အသွင် ဆောင်လျက်ရှိ၏။ တစ်ကြိမ်တွင် သူသည် ဟာဗေးဘက်လှည့်၍ -

"ဖောင်ပေါ်မှာလေ၊ ရှင်မှတ်မိသေးလား"

ဟု ပြောသည်။

"အခုအချိန်ထိ ကျွန်မစိတ်ထဲက ကျွန်မကိုယ်ကျွန်မ ဖောင်ပေါ်မှာပဲ လို့ ထင်နေတုန်းပဲ"

ကော်ဖီပန်းကန်ကိုကိုင်၍ တခန့်တညား ဟန်အမူအရာဖြင့် လမ်းသလားနေသော ကားသည် ဝရန်တာပေါ်တက်လာသည့် ပုတ်သင်ညိုတစ်ကောင်ကို ခြေနှင့်ကန်ထုတ်လိုက်သည်။

သူသည် နောက်မှနေ၍ မေရီ၏ ဖြူဖွေးသေးသွယ်သော လည်တိုင်ကြော့ကြော့ကို ခိုးခိုးကြည့်သည်။

သူ့အပေါ် မေရီ ဆက်ဆံပုံသည် ဟက်ဟက်ပက်ပက်မရှိ။ ဘာကြောင့်နည်း။ နောက်ဆုံးတွင် သူသည် တစ်ချက်မျှပြုံးလိုက်သည်။

သူသည် ကုလားထိုင်ကို ဆွဲယူကာ မေရီဘေးနား၌ ကပ်ထိုင်ရန် ဟန်ပြင်သည်။ သို့သော်လည်း မေရီထံမှ -

"ကျွန်မတော့ သဘော်ကို ပြန်ချင်ပြီ"

ဟူသော စကားထွက်လာသဖြင့် တန့်သွားသည်။

သူသည် မေရီဘက်သို့ တိုး၍ -

“အချိန်စောပါသေးတယ်”

ဟု ပြောသည်။ ဩရီယိုလာသင်္ဘောမှာ ရှစ်နာရီမထိုးခင် ထွက်ဦးမည် မဟုတ်သဖြင့် သူ့မော်တော်နှင့် ပတ်ဝန်းကျင်တစ်ဝိုက်ကို လှည့်လည်ကြည့် ရှုသင့်ကြောင်း ဂေါက်ကလပ်တွင် ဝင်၍ လက်ဖက်ရည်သောက်ရန်လည်း စီစဉ်ထားကြောင်း တီးတိုးနားချသည်။

သို့သော်လည်း မေရီက ထိုင်ရာမှ ထသည်။ အဝေးတစ်နေရာဆီသို့ မျှော်ငေးနေသည့် အရိပ်အငွေ့များသည် မေရီ၏ မျက်လုံးအစုံတွင် ပြန် လည်ဝင်ရောက်လာကြသည်။

အခြားသူတွေ နေချင်နေခဲ့ပါ။ သူကတော့ သင်္ဘောကို မပြန်လျှင် မဖြစ်ဟု ပြောသည်။

တခြားသူတွေကလည်း နေခဲ့ချင်စိတ်မရှိကြ။ ဤသို့ဖြင့် နေ့လယ်စာ အတွက် ကျသင့်ငွေများ ရှင်းအပြီးတွင် အားလုံး ဆိုင်ထဲမှ ထွက်လာခဲ့ကြ သည်။ ကား၏ မော်တော်သည် သူ့တာဝန်ကို ထမ်းဆောင်ရန် စောင့်စား လျက်ရှိ၏။ သို့တစေလည်း ဤတစ်ကြိမ်တွင် အလည်အပတ်ခရီး သွား လိုသူ တစ်ဦးမျှမရှိ။ အားလုံးကို သင်္ဘောဆီသို့ ပြန်ပို့ပေးရန်သာရှိတော့၏။

ကားသည် မေရီ၏လက်ကို ကိုင်ဆွဲကာ မော်တော်ပေါ်မှ ဆင်းစေ သည်။ ပြီးတော့ မေရီ့နားတွင် ကပ်ထိုင်သည်။ သူ့ပေါင်နှင့် မေရီ့ပေါင်ကို ထိထားသည်။

အတွေ့က နူးညံ့လှပါဘိသည်။ သူ့အနေဖြင့် ဤမျှလောက်နှင့် မကျေနပ်နိုင်သေး။ တစ်ဆင့်တိုးကြည့်ရန် စိတ်ကူးသည်။ မိန်းမဆိုသော သတ္တဝါများသည် ထူးဆန်းသည်။ ဘယ်တော့မှ အတိအကျ မှန်းဆတွက် ချက်၍ မရ။

နောက် ငါးမိနစ်ခန့်အကြာတွင် မော်တော်သည် ဩရီယိုလာသင်္ဘော ဘေး၌ ဆိုက်သည်။ ကားသည် မေရီအား ပွေ့ချီပြီး လှေကားဆီသို့ ပို့ ပေးရန် ဟန်ပြင်သည်။

သို့သော်လည်း သူ၏လက်နှစ်ဖက် မေရီ့ဆီသို့ လှမ်းလိုက်သည့်အခိုက်

မှာပင် သူ့နောက်မှ လူတစ်ဦးက သူ့အား ခပ်ကြမ်းကြမ်း တွန်းဖယ်ပစ်လိုက်ခြင်းကို ခံရသည်။

“ကျုပ်လုပ်ပေးမယ်၊ ခင်ဗျားဖယ်”

ဟု ဟာဖေးက ပြောသည်။

“ကျုပ်ပြောတာ ကြားရဲ့လား”

“ဘာ . . . ဗျ”

ဟု ကားက ရေရွတ်သည်။

“ခင်ဗျား ရှေ့က ဖယ်ရင်ဖယ်၊ မဖယ်ရင် ရေထဲ ကန်ချလိုက်မယ်”

ဟု ဟာဖေးက ပြန်ပြောသည်။

ကားသည် များစွာအံ့အားသင့်ကာ ကြောင်၍ရပ်နေသည်။ သို့သော်လည်း ဟာဖေး၏ ကြောက်မက်ဖွယ်ကောင်းသည့် မျက်လုံးများ၏ စူးစူးရဲရဲအကြည့်ကြောင့် ဖျတ်ခနဲ ဘေးသို့ဖယ်လိုက်သည်။ သူ့ဒေါသကို ပြန်၍ချုပ်တီးနိုင်ချိန်တွင် လူအားလုံး သင်္ဘောပေါ် ရောက်သွားကြလေပြီ။

“အတော်လူပါးဝတဲ့ကောင်ပဲ”

ဟု သူတွေးသည်။

“ဘာပြုလို့ ငါ သူ့ကို လက်သီးစာ မကျွေးမိတာပါလိမ့်”

သူသည် တစ်ချက်မျှ မဲ့ပြုံးပြုံးလိုက်သည်။

သူ့ခေါင်းမှ ဦးထုပ်ကိုချွတ်ကာ သင်္ဘောဆီသို့ ဝှေ့ယမ်းပြပြီး အော်ပြောလိုက်သည်။

“မေ့မပစ်နဲ့၊ ငါတို့ နောက်တစ်ပတ်ကျရင် တွေ့ကြဦးမှာကွ”

*

## [တစ်ဆယ့်တစ်]

ထိုနေ့ညနေ ခြောက်နာရီတွင် နေသည် ဆန်တာအန်နာတောင်ထွတ် တောင်စွယ်များနောက်တွင် မေးတင်စပြုသည်။ ပတ်ဝန်းကျင်တစ်ခွင်လုံး နှင်းဆီရောင်သမ်းလျက်ရှိ၏။ ထိုအချိန်ကြခါမှပင် ဆူဆန်နှင့် ရောဘတ်တို့ မောင်နှမ သင်္ဘောကို ပြန်ရောက်လာကြသည်။

မြို့ထဲသို့ ကိစ္စတစ်ခုနှင့်သွားခဲ့သော ဂျင်မီကော်ကိုရန်ကတော့ ပြန်ရောက်နေသည်မှာ ကြာပြီ။ ဆူဆန်တို့၏ ဖိနပ်များတွင် ဖုန်များ အလိမ်းလိမ်း ကပ်နေသည်။ သူတို့ပြန်လာသည့်အခါ ဆူဆန်သည် ကုပ်ကုပ်ရုပ်ရုပ် ဖြစ်နေသည်။

ရောဘတ်ကတော့ သာယာပျော်ရွှင်မှုဟူ၍ ဘာတစ်ခုမျှ မတွေ့ခဲ့ရသည့် မျက်နှာနှင့် ဖြစ်သည်။

နှစ်ဦးသား သင်္ဘောကုန်းပေါင်ပေါ်သို့ တိတ်တိတ်ဆိတ်ဆိတ် တက်လာကြသည်။ တစ်ယောက်ကိုတစ်ယောက် စကားတစ်ခွန်းမှ မပြော။

ထို့နောက် ကုန်းပတ်ပေါ်ရောက်၍ ခေါက်တုံ့ခေါက်ပြန် လမ်းသလားနေသော ဟာဖေးကို မြင်လိုက်သည့်အခါ ဆူဆန်၏မျက်နှာသည် ညှို့မှိုင်းနေရာမှ ချက်ချင်းပင်ကြည်လင်ဝင်းလက်သွားသည်။

သူခံစားနေရသည့် ပင်ပန်းနွမ်းနယ်မှုများသည် ချက်ချင်းပျောက်ကွယ်သွားသည်။

သူ့နှလုံးသားထဲတွင် "သူနေကောင်းသွားပြီ၊ သူနေကောင်းသွားပြီ" ဟူသော စကားတစ်ခွန်းသည် ပဲ့တင်ထပ်နေသည်။

"သင်္ဘောပေါ်ပြန်ရောက်မှပဲ စိတ်အေးရတော့တယ်နော် ရောဘတ်"

ဟု ဆူဆန်က စကားမရှိ စကားရှာပြောသည်။

"ဒီနေ့ အားလုံးပြောဆိုပြီးသွားလို့ တော်ပါသေးရဲ့။ သိပ်တော့လည်း မပင်ပန်းပါဘူး"

ရောဘတ်ကတော့ ဘာတစ်ခွန်းမျှ ပြန်မပြော။

"ဆူဆန်ကတော့ ခဏတဖြုတ် လှဲလိုက်ဦးမှဖြစ်မယ်၊ ခေါင်းကိုက်လွန်း . . . လို့"

ဟု ဆူဆန်က ထပ်ပြောသည်။ ရောဘတ်သည် ခေါင်းကို ခပ်မော့မော့လုပ်ကာ သူ့အခန်းထဲသို့ ဝင်သွားသည်။ အထဲရောက်သည့်အခါ မှန်ရှေ့တွင် သူ့မျက်နှာကို ငုံ့ကြည့်နေသည်။

ထို့နောက် ဆက်တီကုလားထိုင်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ သူ့လက်ဖဝါးကို ငုံ့ကြည့်နေသည်။

အေရှားကပ်စ်သို့သွားခဲ့ရသည့်ကိစ္စသည် သူ့အလုပ် အောင်မြင်ရေးအတွက် ဖြစ်သည်။

သို့သော်လည်း ဆွေးနွေးပြောဆိုနေကြသည့် စကားဝိုင်းတွင် စိတ်မဝင်စား။ ဘာသာရေး ဟောပြောပို့ချချက်များကို စပိန်ဘာသာဖြင့် ပုံနှိပ်ဝေငှရေးဟူသော အကြောင်းအရာမျိုးကိုပင် သူ ပါဝင်ဆွေးနွေးခြင်းမပြုခဲ့။ လာရှုးနားရှိ မစ္စတာရိုရဂျာထံ ရေးပေးထားသည့် မိတ်ဆက်စာကိုပင် သူ ယူရန် မေ့လုနီးပါး ဖြစ်ခဲ့ရသေး၏။

တစ်နေ့လုံးလိုလိုပင် သူ့အတွေးထဲ၌ အီလစ်ဆာ တစ်ယောက်တည်း

သာလျှင် ရှိခဲ့သည်။ ဤနာမည်သည် သူ့အား လွှမ်းမိုးနေခဲ့လေပြီ။ ဘာကြောင့်ပါလိမ့်။

အီလစ်ဆာသည် သူ့မျက်စိထဲတွင် အလွန်လှနေသည်။ အလှပေါ် မက်မောတွယ်တာမိခြင်းသည် ရှက်စရာလား။ တကယ်တော့ အလှသည် ဘုရားသခင်က ပေးအပ်ထားသည့် လက်ဆောင်မဟုတ်ပါလော။

အကယ်၍ အီလစ်ဆာသည် ဒုစရိုက်သားကောင်တစ်ကောင် ဖြစ်ခဲ့သည်ဆိုငြားအံ့၊ သူ့အနေဖြင့် အီလစ်ဆာအား အပြစ်ဆိုရမည်လော၊ ရှုတ်ချရမည်လော၊ ပစ်ပယ်ရမည်လော။ သူကတော့ လုံးဝမဖြစ်နိုင်သောကိစ္စဟုပင် ထင်၏။

အမှန်တော့ သူသည် အီလစ်ဆာနှင့် စတွေ့ကတည်းက ကူညီစောင့်ရှောက် ကယ်တင်ပါမည်ဟု ပြောထားခဲ့သည် မဟုတ်ပါလော။

တကယ်တော့လည်း ချစ်စရာကောင်းလောက်အောင် ချောမောလှပသည့် အီလစ်ဆာလို မိန်းမတစ်ယောက်အား မကောင်းမှုများဘက်သို့ ယိမ်းယိုင်သည်ထက် ယိမ်းယိုင်သွားအောင် မလုပ်သင့်ဟုပင် ယုံကြည်သည်။ ထိုယုံကြည်ချက်ကြောင့်လည်း ထိုစကားကို သူပြောခဲ့ခြင်း ဖြစ်၏။

မည်သို့ပင်ဖြစ်စေ ယနေ့တော့ဖြင့် သူသည် အီလစ်ဆာနှင့် ဝေးရာသို့ သွားနေခဲ့ရသည်။ ခွဲခွာနေခဲ့ရသည့် သုံးနာရီကြာ ကာလအတွင်း သူသည် များစွာ စိတ်ထိခိုက်ခဲ့ရ၏။

အီလစ်ဆာနှင့် နီးနီးကပ်ကပ်နေချင်သော ဆန္ဒသည် များစွာပြင်းထန်ခဲ့ရ၏။ အခုလည်း သူသည် အီလစ်ဆာနှင့် စကားပြောလိုသသော ဆန္ဒပြင်းပြနေပြန်လေပြီ။

သူသည် အချိန်အတော်ကြာကြာ ငြိမ်ဆိတ်စွာထိုင်နေရာမှ ထလိုက်သည်။ လက်များကိုဆေး၍ မျက်နှာသစ်သည်။ ရှပ်အင်္ကျီအသစ်တစ်ထည် ထုတ်ဝတ်ပြီး အခန်းထဲသို့ ထွက်ခဲ့သည်။ ချက်ချင်းပင် ကုန်းပတ်ပေါ်သို့ တက်လာခဲ့လေ၏။

သူသည် အီလစ်ဆာနှင့် တွေ့လိမ့်မည်ဟု မျှော်လင့်ချက်ကြီးစွာထားနေသော်လည်း တွေ့မှ တွေ့ပါ့မလားဟူသော သံသယက ရှိနေသည်။ သို့

သော်လည်း ကုန်းပတ်တစ်နေရာ၌ ပျင်းရိငြီးငွေ့ဟန်ဖြင့်ထိုင်နေသောအီလစ်ဆာအား မြင်လိုက်ရသည့်အခါ သူ့နှလုံးခုန်သံသည် အလွန်မြန်လာသည်။

အီလစ်ဆာနှင့် ကိုက်အနည်းငယ်ခန့်အကွာရှိ ကုလားထိုင်တွင်မူ မာသာဟဲမင်းဝေး။ သူသည် ယနေ့တစ်နေ့လုံး သင်္ဘောပေါ်မှ ဘယ်ကိုမှ မသွား။ ရောဘတ်သည် မာသာဟဲမင်းဝေးကိုမမြင်။ သူသည် အီလစ်ဆာထံသို့ လျှောက်သွားသည်။

အီလစ်ဆာက သူ့အား မော့ကြည့်သည်။

"ခင်ဗျားနဲ့ သိပ်တွေ့ချင်လို့ လာခဲ့တာ"

ဟု ရောဘတ်က ပြောသည်။

"ဒီနေ့တစ်နေ့လုံး ကျွန်တော့်စိတ်ဟာ ခင်ဗျားဆီကိုပဲ ရောက်နေတယ်"

အီလစ်ဆာက တစ်ချက်မျှ အားရပါးရ သမ်းလိုက်သည်။

"ကျွန်မကတော့ ဒီနေ့တစ်နေ့လုံး ပျင်းလိုက်တာ အလွန်ပဲ။ ဘာမှ စိတ်ဝင်စားစရာ မတွေ့ခဲ့ရဘူး"

ဟု ညည်းညည်းညူညူပြောသည်။

"မထူးပါဘူး၊ ကျွန်တော်လည်း အီလစ်ဆာလိုပါပဲ။ တစ်နေ့လုံး ပျင်းနေတာပါပဲ"

ဟု ရောဘတ်က ပြောသည်။ သူသည် သင်္ဘောလက်တန်းပေါ် တံတောင်နှင့် ထောက်၍ ရပ်ကာ အီလစ်ဆာ၏ မျက်လုံးများကို ပြုံးပြီး ကြည့်နေသည်။

"ဒါပေမယ့် တာဝန်ကြီးတစ်ခုကတော့ ပြီးသွားပြီပေါ့လေ။ အေရှူးကပ်စ်ကို သွားလိုက်တဲ့အတွက် အသီးတွေသီးလာဖို့ ရှိလာတာတော့ အမှန်ပဲ။ ဟိုမှာ ရှိနေကြတဲ့ လူတွေက ကျွန်တော်တို့ကို ငွေကြေးထောက်ပံ့သွားမယ်လို့ ကတိပြုကြတယ်။ လာရှူးနားက သြဇာရှိတဲ့ စိုက်ပျိုးခြံပိုင်ရှင်ကြီးတစ်ယောက်ဆီကိုလည်း မိတ်ဆက်စာတစ်စောင် ရေးပေးလိုက်ကြတယ်။ ကျွန်တော့်အဖို့တော့ ရှေ့ဆက်ရမယ့် ခရီးလမ်းက ဖြောင့်ဖြူးနေပါပြီ။ ဒီကိစ္စက ကျွန်တော့်အတွက် သိပ်ကိုအရေးကြီးတဲ့ ကိစ္စတစ်ခု ဖြစ်နေတယ်

လေ။ အခုဆိုရင် ရှေ့ရေးအတွက် အလားအလာကောင်းတွေ ရှိနေပြီလို့ ပြောရတော့မှာပါ။ ဒီအလုပ်က ကျွန်တော့်အတွက် သေရေးရှင်ရေးတမျှ အရေးကြီးပါတယ်”

“ဘာကြောင့်လဲ”

“ကျွန်တော့်ဘဝတစ်လျှောက်လုံး ဒီအလုပ်ကိုလုပ်ဖို့ သိပ်ပြီး မျှော်လင့်ချက် ထားခဲ့တာပါ။ ကျွန်တော်ဟာ ငယ်ငယ်ကတည်းက သိပ်ဆင်းရဲပါတယ်။ ကျမ်းစာသင်ကျောင်းမှာ ပညာပြည့်စုံအောင် သင်နိုင်ဖို့တောင်မှ အတော်ကို ရုန်းကန်ခဲ့ရတဲ့သူပါ”

အီလစ်ဆာက မယုံကြည်နိုင်သော မျက်လုံးများဖြင့် ရောဘတ်အား ပြန်ကြည့်နေသည်။

“ရှင့်ဘဝဇာတ်လမ်းကို ပြောပြနေတာလား”

ဟု ပြောသည်။

“အို. . . မဟုတ်ပါဘူး”

ဟု ရောဘတ်က ပြန်ပြောသည်။

“ကျွန်တော့်စိတ်ထဲမှာရှိနေသမျှ ခင်ဗျားကို အသိပေးချင်စိတ် ရှိနေလို့ပါ။ ကျွန်တော့်အကြောင်းရော ကျွန်တော့်ဘဝအတွက် အရေးကြီးတဲ့ဟာတွေရော အားလုံး ခင်ဗျားသိစေချင်လို့ပါ”

တစ်ခဏမျှ ငြိမ်ဆိတ်နေသည်။ အီလစ်ဆာအဖို့ ရောဘတ်၏ စကားများသည် အထူးအဆန်းဖြစ်နေသည်။

သူသည် မျက်ခုံးများကို ပင့်လိုက်ပြီး ရောဘတ်အား ကြည့်၍-

“ရှင့်ကြည့်ရတာ မိန်းမတွေနဲ့ အထိအတွေ့ အဆက်အစပ် လုံးဝမရှိခဲ့ဘူး ထင်တယ်”

ဟု ပြောသည်။

“လုံးဝမရှိခဲ့ဖူးပါဘူး”

“တစ်ခါမျှ မရှိခဲ့ဘူးလား”

ရောဘတ်က အီလစ်ဆာအား မျက်လုံးပြူး၍ကြည့်ကာ ခေါင်းရမ်းသည်။

သူကြည့်နေပုံသည် သူ့သခင်မအား စိုက်ကြည့်နေသည့် ခွေး တစ်ကောင်နှင့် တူလျက်ရှိ၏။

"ကိုယ်က မင်းကို ဂျိုးဇက်လို့ ခေါ်ရတော့မှာပဲ"

ဟု အီလစ်ဆာက ရေရွတ်သည်။

ရောဘတ်၏မျက်နှာသည် နီရဲလျက်ရှိသည်။ အီလစ်ဆာ၏ စကားကို သူလုံးဝနားမလည်။ ဂျိုးဇက်ဟု သံယောင်လိုက်၍ ရေရွတ်သည်။

"ဒါပေမယ့် ကျွန်တော့်နာမည်က ရောဘတ်ပါ"

"ကိုယ်ကတော့ မင်းကို အမြဲတမ်း ဂျိုးဇက်လို့ပဲ တွေးမှာ။ ကိုယ့်အတွက်ကတော့ မင်းဟာ ဂျိုးဇက်ဆိုတဲ့နာမည်နဲ့ ပြန်လည်မွေးဖွားလာတဲ့ လူပါပဲ။ ဒါပေမယ့် ကိုယ်အတိအကျတော့ မဆုံးဖြတ်ရသေးဘူး"

အီလစ်ဆာ၏ အမူအရာသည် အလေးအနက်ထားသည့် လက္ခဏာတော့ရှိပါ၏။ သို့သော်လည်း ရောဘတ်က သံသယမကင်း။ ယုံကြည်စိတ်ချခြင်းမရှိ။ သူ့အား ကစားစရာအရုပ်တစ်ရုပ်လို သဘောထားပြီး အပျော်အပြက်လုပ်နေသည်ဟု ထင်နေသည်။

"ခင်ဗျားနဲ့တွေ့ရတာ ကျွန်တော့်အဖို့ သိပ်ကြီးမားတဲ့ အတွေ့အကြုံကြီးတစ်ခုပါ အီလစ်ဆာရယ်"

ဟု တခဏတယလေသံဖြင့် ပြောသည်။

"ဒါကြောင့်မို့ ခင်ဗျားကို ကျွန်တော့်ဘဝထဲက ပြန်ပြီး ထွက်မသွားစေချင်တော့ပါဘူး"

ပြောရင်းနှင့် အလွန်စိတ်အားထက်သန်လာသော ရောဘတ်သည် အီလစ်ဆာ၏ လက်တစ်ဖက်ကို သူ့လက်ဖြင့် တယုတယ အုပ်ကိုင်လိုက်သည်။

"ညအမှောင်ထုကြီးထဲမှာ မီးမပါဘဲဖြတ်သွားနေတဲ့ သင်္ဘောတစ်စီးလို အဖြစ်မျိုး အဖြစ်စေချင်ဘူး။ ဒါဆိုရင် ခင်ဗျားရဲ့ ဘဝဟာ ရည်မှန်းချက်နဲ့ ကင်းမဲ့သလို ဖြစ်ရတော့မှာ"

"ခင်ဗျားရဲ့ဘဝ လွတ်မြောက်ရေးအတွက် ကျွန်တော်ကမ်းတဲ့ ညာလက်ဟာ ခင်ဗျားအတွက် အားပြုစရာ ကိရိယာတစ်ခု ဖြစ်စေချင်ပါတယ်"

ရောဘတ်၏အသံသည် ထစ်တီးထစ်ငေါ့ဖြစ်ကာ တိမ်ဝင်သွားသည်။ သူ့လက်သည် အီလစ်ဆာ၏လက်ကို တိုး၍ တင်းကျပ်စွာ ဆုပ်ကိုင်လာသည်။

"ကျွန်တော် ခင်ဗျားကို တစ်ခုပေးချင်ပါတယ်။ ခင်ဗျားအပေါ်မှာ ထားနေတဲ့ ကျွန်တော့်ရဲ့ စိတ်ခံစားမှုကို ပေးချင်လွန်းလို့ပါ။ တခြားတော့ မဟုတ်ပါဘူး။ ကျွန်တော့်အမေက ကျွန်တော့်ကိုပေးခဲ့တဲ့ စာအုပ်ကလေး တစ်အုပ်ပါ"

"အနှစ်နှစ်ဆယ်အတွင်း ကျွန်တော်သွားလေရာကို ယူသွားတဲ့ စာအုပ်ပါ။ ခင်ဗျား . . . ခင်ဗျား . . . လက်ခံ. . . လက်ခံမယ်မဟုတ်လားဟင်"

အီလစ်ဆာက ဖျတ်ခနဲမော့ကြည့်ပြီး ဖျတ်ခနဲပင် မျက်နှာကို လွှဲလိုက်သည်။

"ဟိုထောင့်မှာထိုင်နေတဲ့ မိန်းမဆိုးမိန်းမညစ်ကြီးက မင်းကိုကြည့်နေလိုက်တာ မျက်လုံးကြီးတွေ ကျွတ်ထွက်မလား ထင်နေရပြီ။ ကိုယ်ကတော့ သူ့လို မိန်းမကြီးတွေကို လုံးဝဂရုမစိုက်ဘူး။ ဒါပေမယ့် မင်းအဖို့ကတော့ . . . "

ရောဘတ်က လှည့်ကြည့်သည်။ မာသာဟဲမင်းဝေး၏ မျက်လုံးပြူးကြီးများနှင့် ရင်ဆိုင်ရသည်။

"ကိစ္စမရှိပါဘူး၊ ကျွန်တော် ဂရုမစိုက်ပါဘူး"

ဟု ပြောသော်လည်း တစ်ကိုယ်လုံး အေးစက်သွားသော ရောဘတ်သည် အီလစ်ဆာ၏လက်ကို လွှတ်လိုက်သည်။

"စာအုပ်ကို ညစာစားပြီးမှပေးပါ။ မှောင်သွားလို့ ဆိပ်ကမ်းက သင်္ဘောထွက်တဲ့အချိန်ကျမှပဲပေးပေ့ါ။ အဲဒါဆို ပိုကောင်းမယ်"

ရောဘတ်သည် မယုံသင်္ကာဖြစ်နေသော မျက်နှာထားဖြင့် အီလစ်ဆာအား စိုက်ကြည့်နေသည်။ သူတို့နောက်ဘက်ရှိ မာသာဟဲမင်းဝေးသည် သူမြင်တွေ့လိုသည့်အရာများကို မြင်ခဲ့ရပြီဖြစ်၍ အလွန်ကျေနပ်အားရသော အမူအရာဖြင့် ထိုင်နေရာမှ ထ၍ ထွက်သွားသည်။

သူသည် အဘိဇ္ဈာစိတ်ဖြင့် များစွာရွှင်မြူးလျက်ရှိ၏။

သူသည် ချက်ချင်းပင် သူ့အခန်းထဲပြန်ဝင်သည်။ သူမျှော်လင့်ထားသည့်အတိုင်းပင် အိပ်စင်ပေါ်၌လှဲနေသော ဆူဆန်အား တွေ့သည်။

"ဟဲလို . . . ဟဲလို"

ဟု အော်ကြီးဟစ်ကျယ်အသံပေး၍ နှုတ်ဆက်သည်။

"မင်းက ဒီမှာလာပြီး မျက်လုံးပိတ်ထားသကိုး။ ကုန်းပတ်ပေါ်မှာ မင်းရဲ့မောင် ဘာတွေလုပ်နေတယ်ဆိုတာ သိရဲ့လား"

ဆူဆန်က မျက်လုံးဖွင့်ကြည့်သည်။

"ကျွန်မမောင်က ဘာတွေလုပ်နေလို့လဲ"

ဟု မေးသည်။

မာသာဟဲမင်းဝေးက တအားအော်ရယ်သည်။

"ဟား . . . ဟား . . . ဟား သူကုန်းပတ်ပေါ်မှာ၊ ငါ သူ့ကို အပြစ်မတင်ချင်ပါဘူး။ ဒါ ယောကျ်ားသဘာဝပဲ မဟုတ်လား"

ဆူဆန်က သူ့ခေါင်းအုံးပေါ် ပြန်လှဲကာ မျက်လုံးများကို ပြန်မှိတ်ထားသည်။

"ခဏတစ်ဖြုတ် နားအေးပါးအေးနေပါရစေ၊ ကျွန်မခေါင်းကိုက်လွန်းလို့ပါ"

ဟု ပြောသည်။

သို့သော်လည်း မာသာဟဲမင်းဝေးသည် နှုတ်ပိတ်မသွား။

"ခေါင်းကိုက်တာ ဆန်းသလားဟယ်။ တို့လည်း ကိုက်တဲ့အခါ ကိုက်တာပါပဲ။ မင်းရဲ့မောင်ကတော့ ကုန်းပတ်ပေါ်မှာ အီလစ်ဆာဆိုတဲ့ ကောင်မနဲ့ အကြည်ဆိုက်နေကြပြီဟေ့၊ သိလား။ တစ်ယောက်လက် တစ်ယောက်ကိုင်ပြီး ဟဲ . . . ဟဲ . . . ဟဲ"

ဆူဆန်သည် လှဲနေရာမှ ဖျတ်ခနဲထထိုင်လိုက်ပြီး မာသာဟဲမင်းဝေးအား ပြူးတူးပြဲတဲကြည့်နေသည်။ ထို့နောက် အခန်းထဲမှ ထွက်သွားသည်။ ကုန်းပတ်ပေါ်တွင် ရောဘတ်ကို မတွေ့ရသော်လည်း အီလစ်ဆာကိုတော့ မြင်သည်။ သူသည် နှုတ်ခမ်းကိုကိုက်ကာ အီလစ်ဆာအား စူးစူးဝါးဝါးကြည့်နေသည်။ သူသည် အီလစ်ဆာ၏အနီးသို့ ရောက်သည်အထိ လျှောက်

သွားသည်။

"ရှင် ဘာပြုလို့ ရောဘတ်ကို အနှောင့်အယှက်ပေးနေရတာလဲ"

ဟု ရေရွတ်သည်။

အီလစ်ဆာက မော့ကြည့်လိုက်ပြီး ချက်ချင်းမျက်နှာကို လွှဲလိုက်သည်။

"အိပ်ခန်းထဲမှာ အတင်းအဖျင်းပြောခဲ့ကြပြီထင်တယ်"

ဟု ရေရွတ်သည်။

"ရှင့်မိတ်ဆွေ စပိန်မကြီးနဲ့ ခရစ်ယာန်ဘာသာတရားတွေ ဆွေးနွေးခဲ့ကြပြီးပြီ ဆိုပါတော့၊ ဟုတ်လား"

"ရှင်ကျွန်မကို ဒီစကားမျိုးတွေပြောပြီး ရှောင်ဖို့ မကြိုးစားပါနဲ့။ ကျွန်မမောင် ရှင့်ကို တစ်ဖက်သတ်ကြိုက်ပြီး အရူးအမူးဖြစ်နေတာ ကျွန်မသိတယ်"

"ဒီလိုဆို သူ့ကိုသွားပြောပေါ့။ သူ့ကိုကျတော့ ဘာပြုလို့ မပြောလဲ"

"ကျွန်မ ပြောပြီးပြီ။ သူနားမဝင်ဘူး၊ သဘောမပေါက်ဘူး။ သူ့အနေနဲ့ ဒါမျိုးကို အရင်က ကြုံခဲ့ဖူးတာမဟုတ်တော့ မှွန်နေတယ်"

အီလစ်ဆာသည် သူ့နှာခေါင်းကို ပေါင်ဒါဖို့နေသည်။

"ရှင်ပြောချင်တာကို ကျွန်မ သဘောပေါက်တယ်။ သူ့ကို လက်လွှတ်လိုက်ရမှာ ရှင် သိပ်ကြောက်နေပါတယ်လို့ ပြောချင်နေတာပါ။ ရှင် သူ့ကို တယုတယ ပြုစုပျိုးထောင်လာခဲ့တာ နှစ်ပေါင်းအများကြီး ကြာခဲ့ပြီ။ အခုကျမှ ပထမဆုံးအကြိမ် အခြားမိန်းကလေးတစ်ယောက်ကို သူစိတ်ဝင်စားသွားတယ်။ ဒါပဲမဟုတ်လား"

ဆူဆန်သည် လက်သီးများကို ကျစ်ကျစ်ပါအောင် ဆုပ်ထားသည်။ သူ့ပါးနှစ်ဖက်သည် သွေးဆုတ်သွားသည့်နှယ် ဖြူရော်ရော်ဖြစ်လာသည်။

"ရှင် မဟုတ်တာတွေ မပြောနဲ့"

ဟု တုန်ယင်လှုပ်ရှားသော အသံဖြင့် အော်ပြောသည်။

"ကျွန်မအနေနဲ့ ရောဘတ် စိတ်ချမ်းသာတာကိုပဲ လိုလားတဲ့သူ။ ကျွန်မ သူ့ကိုချစ်တာဟာ တစ်ကိုယ်ကောင်းဆန်တဲ့အချစ် မဟုတ်ဘူး။ တကယ်လို့ ရောဘတ်အနေနဲ့ မိန်းမကောင်းတစ်ယောက်နဲ့သာ မေတ္တာ

မျှမယ်ဆိုရင် ကျွန်မလောက် ဝမ်းသာတဲ့လူ တစ်ယောက်မှ ရှိမှာမဟုတ်ဘူး"

"ဘုရား . . . ဘုရား ဒုက္ခပါပဲလား"

ဟု အီလစ်ဆာက ညည်းညူသည်။ လက်ထဲမှ ပေါင်ဒါဘူးကို ပြန်ပိတ်လိုက်ရင်းမှ -

"ဒီကိစ္စမျိုးတွေပြီးခဲ့တာ နှစ်ပေါင်းကြာခဲ့ပြီ။ အခုလို အပြောမျိုးကို ကျွန်မ သီးမခံနိုင်တော့ဘူး"

ဟု ပြောသည်။

"ဝမ်းနည်းပါတယ်၊ ဒါပေမယ့် ရှင် ဒီစကားမျိုးနဲ့ ရင်ဆိုင်နေရဦးမှာပဲ"

"ရှင်သွားပါတော့"

ဟု အီလစ်ဆာက တောင်းပန်သည်။

"သွားပါတော့၊ ကျွန်မပင်ပန်းလွန်းလို့ နားနေတာပါ။ ရှင့်ကိုကြည့်ရတာ ဟိုးရှေးခေတ်တုန်းက ခြသေ့်စာအကျွေးခံရတဲ့ ခရစ်ယာန် မိန်းမတစ်ယောက်နဲ့ တူလွန်းလို့ပါ။ မြင်ရတွေ့ရတာ တကယ့်ကို စိတ်ဆင်းရဲစရာကောင်းပါတယ်။ သွားပါတော့"

"အခုလို ပြောင်ချော်ချော်လုပ်နေတာ မကောင်းဘူး။ ရှင် ကျွန်မကို အခုချက်ချင်း ကတိပေးပါ၊ ကျွန်မလိုချင်တာ အဲဒါပဲ"

ပင်ပန်းနွမ်းလျသည့် အရိပ်လက္ခဏာသည် အီလစ်ဆာထံမှ ချက်ချင်း ကွာကျသွားသည်။ သူသည် ခေါင်းကိုမော့ကာ ဆူဆန်အား မခန့်လေးစား အမူအရာဖြင့် ကြည့်သည်။

"ရှင်ဟာ ကျွန်မကို အကြောင်းမဲ့လာပြီး နှောင့်ယှက်နေတဲ့ အရူးမပဲ။ သာသနာပြုနေတဲ့ မိန်းမတစ်ယောက်အနေနဲ့ ဘာပြုလို့ တခြားလူတွေကို လိုက်ပြီး အနှောင့်အယှက်ပေးနေရတာလဲ။ ရှင်က လူတိုင်းကို ရှင့်လို လူမျိုးချည်း ဖြစ်စေချင်နေတာကိုး။ အလွန်ကြီးမားဆိုးဝါးတဲ့ အတ္တဝါဒ သမားပါလား"

"ရှင်က တယ်ပြီး ပိုင်စိုးပိုင်နင်း လုပ်ချင်နေတာကိုး။ ရှင် ရောဘတ်ကို မူပိုင်လုပ်ထားချင်လို့ ရမတဲ့လား။ ရှင်က သူ့ကို ဘုရားသခင်ရဲ့ ကိုယ်ပွားအဖြစ်နဲ့ မူပိုင်လုပ်ထားချင်နေတာကိုး။ အဲဒါက ရှင့်ကိစ္စပါ။ ကျွန်မနဲ့

ဘာမှမဆိုင်ပါဘူး။ ဒါပေမယ့် ကျွန်မဘာသာကျွန်မ အိပ်ချင်တဲ့လူနဲ့ အိပ်နေတာကို လိုက်ပြောနေရင်တော့ ကျွန်မနဲ့ပတ်သက်ပြီး ဘာကြောင့် ရှင် အဲဒီကိစ္စမှာ ဝင်ပါချင်ရတာလဲ”

“ရှင် အဲသလောက် ရိုင်းရိုင်းစိုင်းစိုင်းမပြောပါနဲ့။ ဒီအပြောမျိုးဟာ အလွန်ဆိုးတယ်”

အီလစ်ဆာက မလိုတမာသံဖြင့် ရယ်လိုက်ပြီး ဖြုန်းခနဲထရပ်လိုက်သည်။

“ဒီစကားမျိုးတွေပြောရတာ သိပ်ပျော်စရာကောင်းတယ်ရှင့်၊ သိလား”

ဟု အလွန်ကြမ်းတမ်းသည့် လေသံဖြင့် ပြန်ပြောသည်။

“ဒါပေမယ့် တော်လောက်ပါပြီ၊ ကျွန်မ ထပ်မပြောတော့ပါဘူး။ ကျွန်မ သွားတော့မယ်”

ပြောပြောဆိုဆိုပင် သူသည် အောက်ထပ်သို့ ဆင်းသွားသည်။

ဆူဆန်သည် မလှုပ်မယှက် ရပ်၍ ကျန်ခဲ့သည်။ သူ့ဒူးများသည် တဆတ်ဆတ်တုန်နေကြသည်။ သူ့တစ်ကိုယ်လုံးသည် ပူလောင်လျက်ရှိ၏။ မည်သို့ပင်ဖြစ်စေ သူပြောလိုသည့် စကားကိုတော့ ပြောခဲ့ပြီးပြီ။

ဤအတွက်ကြောင့် စိတ်အေးသလိုလိုတော့ ဖြစ်ရသည်။ သူသည် မိုးကောင်းကင်ဆီသို့ မော့ကြည့်သည်။ ဘုရားသခင်ကို သတိရသည်။ သူ ဆုတောင်းလိုက ဆုတောင်းနိုင်ပါသေး၏။ သူ့နှုတ်ခမ်းများသည် တလှုပ်လှုပ်။

ရုတ်တရက် ခေါင်းလောင်းတီးသံ သုံးချက် ကြားလိုက်ရသည်။ သင်္ဘောတွင်းမှ လှုပ်ရှားသံများ ပေါ်လာသည်။ ရေထဲသို့ ကြိုးများကျသွားသံ။ ပန်ကာလည်သံနှင့် အော်ဟစ်သံများ။ ထို့နောက် သင်္ဘော၏ ရွေ့လျားမှု၊ ဩရီယိုလာသင်္ဘောသည် ပင်လယ်ပြင်သို့ နောက်တစ်ကြိမ် ထွက်လာခဲ့ပြန်လေပြီ။

*

## [တစ်ဆယ့်နှစ်]

ညစာစားပြီးသွားလေပြီ။ ညစာစားပွဲသည် ရှင်မြူးတက်ကြွမှုမရှိ။ အားလုံးပင် ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်ဆိတ်စွာ စားသောက်ပြီး အဆုံးသတ်သွားခဲ့ခြင်းဖြစ်၏။ ကပ္ပတိန်ကတော့ ထုံးစံအတိုင်း စကားစမြည်ပြောသည်။ များများစားစားတော့မဟုတ်။

သူကိုယ်တိုင်မှာလည်း စိတ်ထဲတွင် ပြဿနာတစ်ခုခုရှိနေသည့်အရိပ်အငွေ့ ဖော်ပြနေသည်။ သူ့အနေဖြင့် သူတလေးတစားထားနေရသောခရီးသည်တစ်ဦး သဘော်ာမှဆင်းတော့မည့် ကိစ္စအတွက် တွေးနေသလားမသိ။ သူ့မျက်လုံးများသည် မေရီ့ထံ မကြာခဏ ကျက်စားလျက်ရှိ၏။

"ခင်ဗျား ဩရီတားဗားမှာပဲ တောက်လျှောက်နေမှာလား"

ဟု သူက မေးသည်။ မေရီက ခေါင်းညိတ်သည့်အခါ -

"အင်း . . . နေရာကလေးက သာယာပါတယ်။ သန့်ရှင်းလည်း သန့်ရှင်းတယ်။ ကျန်းမာရေးအတွက်ကတော့ နားဖို့သိပ်ကောင်းတဲ့နေရာပဲ။ လေကလည်း သိပ်ကောင်းတယ်"

ဟု ပြောသည်။

ဟာဗေးကတော့ ကုန်းပတ်ပေါ်ရောက်နေပြီ။ သူသည် စားသောက်ခန်းထဲမှ အပူအငွေ့ကို မခံနိုင်၍ ကုန်းပတ်ပေါ်တက်လာပြီး ည၏ အေးမြသာယာမှုကို ရယူခံစားနေခြင်း ဖြစ်၏။

လရောင်မှုန်ဝါးဝါးသည် ပင်လယ်ပြင်ထက်သို့ သက်ဆင်းလျက်ရှိပြီ။ ကောင်းကင်ထက်မှ ကြယ်များသည် တလက်လက်။ သင်္ဘောဆိပ်သည် မြင်ကွင်းအတွင်းမှ ဖြည်းဖြည်းချင်း ပျောက်ကွယ်သွားနေပြီ။ သင်္ဘောပတ်ပတ်လည်မှ လှိုင်းသံသဲ့သဲ့ကို ကြားနေရ၏။

ဟာဗေးသည် သံလက်ရန်းများပေါ်မှ ကျော်ကာ အခြားတစ်ဖက်ရှိ ပင်လယ်ပြင်၊ မြေပြင်နှင့် ကောင်းကင်ပြင်တို့ကို မျှော်ကြည့်နေမိသည်။ ဤပတ်ဝန်းကျင်သည် အေးချမ်းလှပါဘိသည်။ သို့သော်လည်း သူ့နှလုံးသားမှာကတော့ အေးမြခြင်းမရှိ။

ရုတ်တရက် သူ့နောက်မှ လျှောက်နေသည့် ခြေသံ။ သူ့ပခုံးပေါ်တင်လာသည့် လက်တစ်ဖက်။ ဟာဗေးကတော့ လှုပ်ရှားခြင်းမရှိ။ လှည့်၍ပင် မကြည့်။

“ဘယ့်နှယ့်လဲ ဂျင်မီ၊ ခင်ဗျားအလုပ်ကိစ္စ ပြီးသွားပြီလား”

“ပြီးသွားပြီ”

ဟု ဂျင်မီက ပြောသည်။

“ဆန်တာကရုဇ်ကို ကြေးနန်းရိုက်ခဲ့ပြီးပြီ။ ကြေးနန်းရရင်တော့ ဟိုကောင်ကြီး ဝမ်းသာလွန်းလို့ ကနေမှာပဲ။ မင်းကို ငါပြောခဲ့ပြီးပြီပဲ။ ငါ့အလုပ်က ကြီးတယ်ကွ”

“ခင်ဗျားက သိပ်လျှို့ဝှက်တာကိုး”

ဟု ဟာဗေးက ရေရွတ်သည်။

“ခင်ဗျားလုပ်ငန်း ဘာဆိုတာတောင် အသိမပေးဘူး”

“ဟာ. . . ပြောသင့်တဲ့စကား ပြောဖို့အတွက် အချိန်နဲ့နေရာကို မရွေးလို့ မဖြစ်ဘူးကွ၊ သိလား။ ဒါပေမယ့် မင်းကတော့ မိတ်ဆွေတစ်ယောက် ဖြစ်သွားပြီဆိုတော့ ငါ ဘာလုပ်နေတယ်ဆိုတာ ပြောပြဖို့ ဝန်မလေးပါဘူး”

"နောက်မှ ပြောပါတော့ဗျာ"

ဟု ဟာဖေးက ကပျာကယာတားသည်။

"အတွင်းကျကျ စကားမျိုးတွေ နားထောင်နိုင်တဲ့ အနေအထားက ကျွန်တော့်မှာ မရှိသေးလို့ပါ"

"အေးပါကွာ၊ အေးပါ၊ ဒါပေမယ့် တစ်ခုကတော့ ပြောထားချင်တယ်။ အန်တာကရုဇ်ကျရင် မင်း ငါနဲ့ လိုက်လည်ရမယ်နော်"

ငြိမ်ဆိတ်နေကြပြန်သည်။ ဂျင်မီသည် တစ်စုံတစ်ခုကို ကြားလိုက်ရသည့်နှယ် နားစွင့်နေသည်။

"ဟေ့ ကြားလား၊ ရောဘတ်ထရန်းတားဆိုတဲ့ငနဲ သီချင်းဆိုနေတာ"

ဟာဖေးက နားစွင့်သည်။

မှန်၏။

ရောဘတ်ထရန်းတား၏ သီချင်းဆိုသံကို သူပါကြားနေရသည်။

"ဒီအကောင် တော်တော်ပျော်နေပုံပေါက်တယ်။ အင်း . . . ဒါပေ့ါလေ၊ မကောင်းမှုဆိုတာ သင်ကြားနေစရာမလိုတဲ့ အရာတစ်ခုလို့ ပလေတိုက ပြောထားခဲ့တယ် မဟုတ်လား"

ဂျင်မီသည် တစ်ချက်မျှ အားပါးတရ သမ်းလိုက်သည်။ ထို့နောက် ဟာဖေး၏ ပခုံးကို ပုတ်လိုက်၍ -

"ငါ အခန်းကို ပြန်လိုက်ဦးမယ်။ မာသာဟဲမင်းဝေးနဲ့ စကားသွားပြောလိုက်ဦးမယ်။ အပျင်းပြေသဘောပေ့ါကွာ။ မင်းလည်းနားလည်မှာပါ။ ကဲ . . . သွားမယ်"

ဟာဖေးသည် ပင်လယ်ပြင်၏ ငြိမ်ဆိတ်မှုနှင့် ည၏ တိတ်ဆိတ်မှုများတွင် ပြန်လည်ငေးမောနေသည်။

မကြာမီ အနှောင့်အယှက်တစ်ခု ပေါ်လာပြန်သည်။ သူ့ဘေး၌ လာရပ်သည့် ရောဘတ်။

"သိပ်ကိုသာယာတဲ့ ညတစ်ညပဲ ဒေါက်တာ၊ ကြယ်တွေကလည်း လှလိုက်တာလွန်ပဲ။ လေကောင်းလေသန့်ကလည်း ရတယ်။ တခြားခရီးသည်တွေတောင်မှ အခုလိုအချိန်မှာ ကုန်းပတ်ပေါ်တက်သင့်တယ်"

"အခြားခရီးသည်တွေအနေနဲ့ သူတို့ကြိုက်သလို နေသင့်တယ်လို့ ကျွန်တော်ကတော့ ထင်တယ်"

ဟု ဟာဗေးက စိတ်တိုသံဖြင့် ပြန်ပြောသည်။

ရောဘတ်က ရယ်သည်။

"ဟား . . . ဟား . . . ဟား"

"ဟုတ်တာပေါ့လေ၊ ဒါပေမယ့် အခုလို အေးဆေးငြိမ်ဆိတ်တဲ့ ညမျိုးဆိုရင် အမျိုးသမီးတွေ ကုန်းပတ်ပေါ်မှာရှိသင့်တယ်လို့ ကျွန်တော်က ထင်လို့ပါ။ အခုကျတော့ သူတို့လူစု ဘယ်ရောက်နေကြမှန်းမသိဘူး"

ဟာဗေးက နောက်သို့ လှည့်ကြည့်လိုက်ပြီး -

"အီလစ်ဆာကတော့ ညစာစားပြီးကတည်းက သူ့အခန်းကို ပြန်သွားပြီ။ ပင်ပန်းလွန်းလို့ အိပ်တော့မယ်လို့ ပြောသံကြားလိုက်တယ်"

ဟု ပြောကာ ရောဘတ်အနားမှ ထွက်သွားသည်။

ရောဘတ်သည် ကြောင်တက်တက်ဖြစ်ကာ ကျန်ရစ်ခဲ့သည်။ ညစာစားပြီးလျှင် လူချင်းတွေ့မည်ဟု ကတိပေးခဲ့ပြီးကာမှ ဘာကြောင့် သူ့အခန်း ပြန်သွားရပါသနည်း။ အလွန်ရက်စက်သည့် ထိုးနှက်ချက်တစ်ခုဟု ထင်၏။ သူပေးမည်ဟု ရည်ရွယ်ထားသော အိပ်ကပ်ထဲမှ စာအုပ်ကို စမ်းကြည့်သည်။

သူသည် တစ်ခဏမျှ ငေးငိုင်ပြီး ရပ်နေသည်။ ထို့နောက် ဦးခေါင်းကို ငိုက်ချကာ ခေါက်တုံ့ခေါက်ပြန်လမ်းလျှောက်နေသည်။ သူ့နှုတ်မှ သီချင်းသံထွက်လာခြင်းမရှိ။

အောက်ထပ်တွင် ဟာဗေးသည် စင်္ကြံလမ်းအဝ၌ရပ်ကာ အခန်းထဲဝင်ရန် သင့်မသင့် စဉ်းစားနေသည်။ ဘာကြောင့်ရယ်မသိ သူ့စိတ်သည် ပင်ပန်းနွမ်းနယ်လျက်ရှိ၏။ ရောဘတ်ထရန်းတား၏ မျက်နှာကို မြင်ယောင်လာသည့်အခါ စိတ်ထဲတွင် မကျေနပ်သလို ခံစားလာခဲ့ရသည်။

အချစ်နှင့်ပတ်သက်၍ သူ့ယုံကြည်မှုသည် ပြတ်သားခဲ့၏။ သူ့အနေဖြင့် သတ္တဗေဒသဘောအရ သွေးသားလိုအပ်ချက်တစ်ခုဟုသာ မြင်ခဲ့၏။ အချစ်ကို ထိုထက်ပို၍ တန်ဖိုးခဲ့ပေ။ ထို့ကြောင့်လည်း အချစ်နှင့်ပတ်သက်

လာလျှင် သူသည် လုံးဝအလေးအနက်ထား၍ မတွေးခဲ့။ အခုကျတော့လည်း သူသည် စဉ်းစားရခက်နေလေပြီ။

သူသည် သင်္ဘောဦးပိုင်းဘက်သို့ လျှောက်လာခဲ့သည်။ သင်္ဘောသည် တည်ငြိမ်တိတ်ဆိတ်နေသော အမှောင်ထုကို အေးဆေးတည်ငြိမ်စွာ ဖြတ်သန်းနေသည်။ သူဦးပိုင်းသို့ ရောက်သွားသည့်အခါ သူတွေ့လိုသည့် ရုပ်လွှာကို မြင်ရသည်။ သူ့ရင်သည် ဒိတ်ဒိတ်ခုန်လာသည်။ သူ့နှလုံးသားခုန်နှုန်းသည် လျင်မြန်လာသည်။ နောက်တစ်ခဏအတွင်းမှာပင် သူသည် ထိုရုပ်လွှာ၏ဘေးသို့ ဆိုက်ရောက်သွားသည်။

"ရှင်လာလိမ့်မယ်လို့ ကျွန်မစိတ်ထဲက သိနေတယ်"

ဟု မေရီက ပြောသည်။ မေရီသည် ထိုစကားကို ပြောလိုက်သော်လည်း ဟာဗေး၏မျက်နှာကို မော့မကြည့်။

"အခုကျတော့လည်း မေရီ့ရင်ထဲမှာ ဝမ်းနည်းကြေကွဲမှုဆိုတာ မရှိတော့ပြန်ဘူး"

သူ့အသံသည် ခပ်တိုးတိုး။

"ဒီနေ့ခံစားနေရတာ သိပ်ကိုထူးဆန်းနေတာပဲ"

ဟု မေရီက ဆက်ပြောသည်။

"မေရီ့ စိတ်ဟာ သိပ်ကိုဆင်းရဲရတယ်။ မနက်ဖြန် မေရီ သင်္ဘောက ဆင်းသွားရတော့မည် မဟုတ်လား"

"မင်းစိတ်က မသွားချင်ဘူးလား"

ဟု ဟာဗေးက မေးသည်။

"ဟုတ်တယ်၊ မသွားချင်ဘူး။ ဒီလိုသင်္ဘောအငယ်စားလေးကို မေရီ မခွဲချင်ဘူး။ သိပ်ကိုချစ်တယ်။ လုံးခြုံမှုလည်းရှိတယ်လို့ ထင်တယ်။ ဒါပေမယ့် မေရီသွားမှာပါ"

ဟာဗေးက ဘာမှပြန်မပြော။

"ရှင့်အနေနဲ့ တစ်စုံတစ်ခုသော အရာတစ်ခုထဲမှာ ဖမ်းမိခံရသလိုဖြစ်ပြီး အချိန်ရှိသမျှ ရှေ့ကိုရောက်သွားအောင် ကြိုးတွေအများကြီးက ဆွဲယူသွားတာ ခံနေရသလို ဖြစ်မနေဘူးလား"

ဟု မေရီက ဆက်ပြောသည်။

ဟာဗေးက နှုတ်ဆိတ်လျက်ရှိသည်။

"မေရီ့ ဘဝတစ်လျှောက်လုံး အဲသလိုဖြစ်နေရသလိုပဲ။ အခုဆိုရင် ဒီသင်္ဘောလေးက မေရီ့ကို ရှေ့ရောက်အောင်ဆွဲခေါ်သွားတာ ခံစားနေရတယ်။ တစ်စုံတစ်ခုသောအရာဆီသို့ ခေါ်သွားနေတာလို့ ထင်နေတယ်။ ဘယ်နေရာက ဘာဆိုတာကိုတော့ မေရီမပြောတတ်ဘူး ဒါပေမယ့် အဲသလို ဖြစ်နေတဲ့ ကြားကပဲ မေရီ့စိတ်ထဲက သိသလိုလိုဖြစ်နေရပြန်တယ်"

"မင်းပြောနေတာတွေဟာ ကျိုးကြောင်းဆီလျော်မှုမရှိလို့ အဓိပ္ပာယ် မရှိဘူးလို့ ပြောရမှာပဲ"

ဟု ဟာဗေးက တီးတိုးလေသံဖြင့် ပြန်ပြောသည်။

"အို. . . အဓိပ္ပာယ်ကင်းမဲ့တယ်ဆိုတာကတော့ မေရီလည်း သိပါတယ်။ ဒါပေမယ့် အဲဒီဟာကတော့ မေရီ့စိတ်ထဲမှာရှိနေတာပဲ။ မေရီ အိပ်မက် အကြောင်း ပြောပြတုန်းက ရှင်က ရယ်ခဲ့တယ် မဟုတ်လား။ ရှင့်အနေနဲ့ မေရီကို ရူးနေတယ်လို့ ထင်မှာပါ။ ဒါပေမယ့် မေရီ မတတ်နိုင်ဘူး။ မေရီ့ စိတ်ကို တစ်ခုခုက ချောက်လှန့်နေတာတော့ အမှန်ပဲ။ ငှက်ကြီးတစ်ကောင်က မေရီ့အနားမှာ လှည့်ပတ်ပြီး ပျံဝဲနေသလိုပဲ။ မေရီ့မှာ အေးအေးဆေးဆေးကို မနေရပါဘူး။ မေရီဟာ ဒီကျွန်းစုတွေကို အရင်တစ်ခေါက်မှ မရောက်ခဲ့ဖူး ဘူး။ စိတ်ထဲမှာတော့ ကိုယ့်အရပ် ကိုယ့်ဒေသကို ပြန်လာနေသလို ခံစား နေရတယ်။ ပြီးတော့ မေရီ ရှင့်မျက်နှာကို အရင်တစ်ခါကမှ မြင်ဖူးခဲ့တာ မဟုတ်ပါဘူး။ ဒါပေမယ့် အို. . . ခက်ပါတယ်လေ။ မေရီ ရှင့်ကို အရင်တစ်ခါ ကလည်း ပြောခဲ့ဖူးပါပြီ။ ရှင်ကြိုက်သလိုသာတွေးပါတော့။ ဒီနေ့ ဖောင် ပေါ်မှာ ဆုံမိတော့လည်း စိတ်ထဲမှာ ခံစားရတာဟာ သိပ်ကို အံ့ဩဖို့ကောင်း ပါတယ်။ မေရီ ရှင့်ကို ကောင်းကောင်းကြီးသိသလိုပဲ"

"ပင်လယ်ပြင်ပေါ်ရောက်ရင် ထူးဆန်းတဲ့ စိတ်ကူးတွေဟာ ပေါ်လာ တတ်တယ်"

ဟု ဟာဗေးက အလိုက်သင့်သဘောဖြင့် ပြန်ပြောသည်။

"အဲဒီစိတ်ကူးတွေဟာ တကယ်တမ်းကျတော့ လက်တွေ့ဘဝနဲ့

အဆက်အစပ်မရှိပါဘူး။ နောက်သီတင်းခြောက်ပတ်လောက်ဆိုရင် မင်းက အင်္ဂလန်ကို ပြန်ရောက်မှာပါ။ အဲဒီအချိန်ကျတော့ အားလုံးကို မေ့သွားမှာပါ။ မင်းကို ရစ်ပတ်ဖွဲ့နှောင်ထားတဲ့ ကြိုးတွေက မင်းကို ထိပ်သီးစားသောက်ဆိုင်တွေ၊ ကဇာတ်ရုံတွေနဲ့ ပါတီပွဲတွေကို ဆွဲခေါ်သွားမှာပါ"

မေရီသည် ပထမဆုံးအကြိမ် ဟာဗေးဘက်သို့ လှည့်ကာ မျက်နှာကို မော့ကြည့်သည်။ ဖြူဖွေးနေသော မျက်နှာ။ မျက်လုံးအစုံသည် မှိုင်းရီဝေကာ ဝမ်းနည်းကြေကွဲခြင်းကို ဖော်ပြနေကြ၏။

"အဲဒါတွေက အပေါ်ယံကြောတွေပါ"

ဟု မေရီက စိတ်ထိခိုက်စွာ ပြောသည်။

"မေရီကတော့ အဲဒါတွေကို လုံးဝသဘောမကျဘူး။ ဟိုတုန်းကလည်း မကြိုက်ခဲ့ဘူး။ အခုလည်းမကြိုက်ဘူး။ နောင်အခါမှာလည်း ကြိုက်မှာမဟုတ်ဘူး။ မေရီဟာ နေရာလွဲပြီး ရောက်နေတာပါ။ ဘယ်လိုပဲဖြစ်ဖြစ် ပေါ့လေ မေရီနဲ့ အံဝင်ခွင်ကျမဖြစ်တာကတော့ သေချာတယ်"

မေရီ့အသံတွင် နာကျင်ခြင်းနှင့် နာကြည်းခြင်းများ ယှက်သန်းလာသည်။

"ရှင်က မေရီကို မရင့်ကျက်သေးဘူးလို့ ထင်နေတယ်။ ဘဝအကြောင်း ဘာမှမသိဘူး၊ နားမလည်ဘူးလို့ပဲ ထင်နေတယ်"

ဟု မေရီက ဆက်ပြောသည်။

"ဒါပေမယ့် မေရီ သိပါတယ်။ နားလည်းလည်ပါတယ်။ ဒါကြောင့်မို့လည်း တစ်ခါတစ်ရံမှာ မေရီဟာ ဘဝနဲ့ ဝေးရာကို ထွက်ပြေးချင်စိတ်ဖြစ်နေတာပါ။ ဘဝထဲမှာရှိနေသမျှ အားလုံးဟာ အကျိုးရှိတာ မတွေ့ဘူး။ အားလုံး အချည်းနှီးပဲ။ ဆူဆူညံညံလှုပ်လှုပ်ရှားရှားနဲ့ နားအေးပါးအေး နေရတယ်လို့ကို မရှိဘူး။ ငြိမ်ငြိမ်အေးအေးနေတဲ့ လူဆိုလို့လည်း တစ်ယောက်မှ မရှိတော့ဘူး။ လူတွေအားလုံးဟာ ပါတီပွဲတွေ၊ ကပွဲတွေ၊ ရုပ်ရှင်တွေနဲ့ အချိန်ကုန်နေကြရတယ်။ အဲဒါတွေအတွက် အပြေးအလွှား သွားကြလာကြတာနဲ့ မရပ်မနားလှုပ်ရှားနေကြတယ်။ ဂျက်စ်တေးဂီတတွေကြားမှာ နစ်မျောကြရတာနဲ့ပဲ အချိန်ကုန်နေကြတယ်။

"အီလစ်ဆာကိုပဲကြည့်၊ သူ့ဓာတ်စက်နဲ့ အချိန်ဖြုန်းနေတာပဲ။ ဓာတ်စက်မရှိရင် သေမှာပဲ။ သူတို့မှာ ဒိတ်ကူးတစ်ခုပဲ ဖက်တွယ်ပြီး နေကြသလိုပဲ။ မေရီဘယ်လိုလုပ်ပြီး ပျော်နိုင်မှာလဲ"

"ရှင်ကတော့ ယုံချင်မှ ယုံမယ်။ မေရီတို့မှာ စဉ်းစားတွေးတောဖို့ တောင်မှ အချိန်မရှိတော့ဘူး။ ရှင့်စိတ်ကတော့ မေရီ့ကို အရူးတစ်ယောက်လို တွေးချင်လည်း တွေးမိလိမ့်မယ်။ ဒါပေမယ့် မေရီကတော့ ဘဝထဲမှာလေ မေရီမြှုပ်နှံထားတာကို မေရီပြန်ရနိုင်တယ်လို့ ယုံကြည်တယ်။ လူအများကတော့ အချိန်ရှိသမျှ ယူနေကြတာပဲ။ အပေါ်ယံမှာတော့ တဝင်းဝင်းတလက်လက်နဲ့ တောက်ပနေကြပေမယ့် အတွင်းမှာတော့ စစ်မှန်တာဆိုလို့ ဘာမှမရှိဘူး။ အနှစ်သာရဆိုလို့ ဘာမှမရှိဘူး။ အဲဒီသဘောကို နားလည်တဲ့လူ တစ်ယောက်မှမရှိဘူး"

မေရီသည် သူ့စကားအဆုံးတွင် နာကြည်းဟန်ပေါက်နေသည့် မျက်နှာကို ပင်လယ်ရေပြင်ဆီသို့ လွှဲလိုက်သည်။

ဟာဖေးသည် စကားတစ်ခွန်းမှမပြောဘဲအချိန်အတော်ကြာမျှ ငြိမ်နေသည်။ ထို့နောက် လေသံတိုးတိုးဖြင့် -

"မင်း အိမ်ထောင်နဲ့ မဟုတ်လား"

ဟု မေးသည်။

"ဟုတ်တယ်၊ မိုက်ကယ်ဟာ မေရီ့အပေါ် အလွန်ကောင်းရှာပါတယ်။ မေရီ့ကိုလည်း ချစ်ပါတယ်။ မေရီကလည်း သူ့ကို သိပ်ချစ်ပါတယ်"

ဟာဖေးသည် သူ့အတွင်းစိတ်၌ ဖျတ်ခနဲဖြစ်ပေါ်လာသော ပဋိပက္ခကို ထိန်းချုပ်နိုင်စွမ်းမရှိ ဖြစ်သွားသည်။ သူ့ခံစားမှုသည် စကားလုံးများအဖြစ် အသွင်ပြောင်းကာ အပြင်သို့ အံထွက်လာသည်။

"ဒါဆိုရင် မင်းဘဝမှာ စိတ်ပျက်စရာ၊ ငြီးငွေ့စရာ ဘာလိုလဲ။ မင်းယောကျ်ားကလည်း မင်းကိုချစ်တယ်။ မင်းကလည်း သူ့ကိုချစ်တယ်။ ဘာများလိုသေးလို့လဲ"

ပတ်ဝန်းကျင်ရှိ အရာရာတိုင်းသည် ဖြုန်းခနဲပျောက်သွားသည့်နှယ် ဖြစ်သွားသည်။ သဘော်၊ ပင်လယ်ပြင်နှင့် ညဥ့်၊ အားလုံး ဖြုန်းခနဲ တိတ်ဆိတ်

ငြိမ်သက်သွားသည်။ မေရီသည် လက်နှစ်ဖက်ကို တင်းကျပ်စွာ ဆုပ်ကိုင်ထားသည်။ သူ့နှုတ်မှ ထွက်လာသည့်အသံသည် တိုးတိုးညင်းညင်း။

"မေရီ့အနေနဲ့ ဒီစကားမျိုး ပြောနေရတဲ့အတွက် မေရီ့ကိုယ်မေရီ မုန်းမိတယ်။ ရွံရှာစက်ဆုပ်မိတယ်။ ဒါပေမယ့် ရှင်က မေးလာတော့လည်း မေရီ့ဘဝတစ်လျှောက်လုံး ဘယ်တုန်းကမှ မချစ်ခဲ့ဖူးပါဘူး၊ ချစ်ဖို့ကြိုးစားခဲ့ပေမယ့် ချစ်စိတ်မရှိခဲ့ပါဘူး၊ မေရီ့ဆီက အချစ်ဆိုတဲ့အရာကို လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကတည်းက လုယူသွားတာ ခံထားရသလိုပါပဲ"

မိနစ်ပေါင်းများစွာ ကုန်လွန်သွားသည်။ နှစ်ဦးသား စကားတစ်ခွန်းမှမပြော။ သင်္ဘောသည် သူ့လမ်းကြောင်းအတိုင်း တလှုပ်လှုပ်ရွေ့လျားနေ၏။ ပင်လယ်ပြင်သည် နိမ့်ချည်တစ်ခါမြင့်ချည်တစ်လှည့် ရေသံများသည် ပေါ်လာလိုက် ပျောက်သွားလိုက်။ ကောင်းကင်ထက်မှ ကြယ်များသည် လင်းချည်တစ်လှည့် မိုက်ချည်တစ်ခါ။ သူတို့သည် အမှောင်ထုထဲတွင် မလှုပ်မယှက် ရပ်နေကြသည်။

အချိန် တရွေ့ရွေ့ ကုန်ဆုံးနေသည်။ လျှို့ဝှက်နက်နဲသော ရင်းနှီးမှုတစ်ခုသည် သူတို့နှစ်ဦးအား ပေါင်းစည်းပေးထားသည်။

သင်္ဘောသည် သူတို့အတွက် သင်္ဘောတစ်စီးမဟုတ်တော့။ သူတို့၏ စိတ်ချမ်းသာမှုအတွက် သူတို့နှစ်ဦးအား နီးစပ်ခွင့် ထိတွေ့ခွင့် ရသွားအောင် ဆောင်ကြဉ်းပေးနေသည့် ယာဉ်ကြီးတစ်ခုသဖွယ် ဖြစ်သွားသည်။

သူတို့သည် မသိနားမလည်သော တွန်းအားတစ်ခု၏ အရှိန်ဖြင့် တစ်ဦးပေါ်တစ်ဦး ရစ်ပတ်ဖွဲ့နှောင်မှုကို ခံနေရသည်။ သူ့နှလုံးသားသည် ပြင်းစွာ ခုန်လျက်ရှိသည်။

မေရီက သူ့အား ချစ်ပါသည်ဟူသော စကားတစ်ခွန်းမျှလောက်တော့ သိချင် ကြားချင်လှပါ၏။ သို့တစေလည်း -

ထိုအခိုက်မှာပင် သူတို့နောက်ဘက်မှ ခေါင်းလောင်းသံတစ်ချက် ကြားလိုက်ရသည်။ မေရီသည် သက်ပြင်းချလိုက်သည်။

"မေရီ သွားတော့မှဖြစ်မယ်၊ ဟုတ်တယ် မေရီသွားမှ"

သူတို့သည် ငြိမ်သက်စွာ လျှောက်လာခဲ့ကြသည်။ အဝင်စင်္ကြံလမ်းထဲ

အရောက်တွင် တစ်ခဏမျှ ရပ်နေမိကြသည်။

တစ်ယောက်မျက်နှာ တစ်ယောက်မကြည့်။ ဟာဗေးအနေဖြင့် ကြည့်ချင်ပါသော်လည်း မကြည့်ဝံ့။ တစ်ယောက်ကို တစ်ယောက် မင်္ဂလာပါဟူသော စကားကိုပင် မဆိုမိကြ။

သင်္ဘောကုန်းပတ်ပေါ်တွင်မူ သွက်လက်စွာ လျှောက်သွားနေသော ခြေသံများသည် ညတိတ်ဆိတ်ခြင်းကို ဖြိုခွင်းနေဆဲ။ တခြားလူမဟုတ်၊ ရောဘတ်ထရန်းတား။ သူသည် သူ့အိပ်ခန်းထဲပြန်ရောက်သွားပြီးကာမှ နောက်တစ်ကြိမ် ပြန်ထွက်လာခြင်း ဖြစ်၏။

သူ့အဖို့ အခန်းထဲ၌ နေရသည်မှာ ပူလောင်မွန်းကျပ်နေသည်။ အသက်ပင် ရှူမဝ။ လေအေးအေးကလေးရှူဦးမှဟူသော စိတ်ကူးဖြင့် ပြန်ထွက်လာခဲ့ခြင်း ဖြစ်၏။

ကုန်းပတ်ပေါ်တွင် တစ်ညလုံး အခုလို တလျှောက်လျှောက်လုပ်နေလို့ကတော့ မဖြစ်။ ညစာစားပြီးကတည်းက အီလစ်ဆာနှင့် တွေ့လိုသော ဆန္ဒသည် ပျက်ပြယ်မသွားသေး။

အီလစ်ဆာသည် ကတိပေးပြီးကာမှ ဘာကြောင့် ဖျက်ရသနည်း။ သူပေးမည့် လက်ဆောင်စာအုပ်ကို လက်ခံပါမည်ဟု သူပြောသွားခဲ့သည် မဟုတ်လော။

အီလစ်ဆာအနေဖြင့် ဤစာအုပ်ကိုလာပေးဖို့ အခန်းထဲလာခဲ့ပါဟု ခေါ်လေမလား၊ ခေါ်လည်းခေါ်သင့်သည်မှာ အမှန်။ အခုဆိုရင် ဆယ်နာရီထိုးလောက်သာ ရှိဦးမယ်။ သူသွားတွေ့လိုက်ရလျှင် ကောင်းလေမလား။ မနက်ဖြန်ဆို အီလစ်ဆာသည် သင်္ဘောမှ ဆင်းပေတော့မည်။

ရောဘတ်၏စိတ်သည် ပူလောင်လာသည်။ အီလစ်ဆာကို ဒီအတိုင်း လွှတ်လိုက်လို့ကတော့ ဘယ်နည်းနှင့်မှမဖြစ်။ အကယ်၍ သူသာ သွားမတွေ့လျှင် သူ့ဘက်က မေ့သွားပြီဟု ထင်မှတ်မှားဖွယ်ရာရှိနေ၏။

သူသည် ချက်ချင်းပင် နောက်သို့လှည့်ကာ သံလှေကားမှ ဆင်းလာခဲ့သည်။ အီလစ်ဆာ၏ အခန်းတံခါးကို အသာအယာခေါက်ကာ တွန်းလိုက်သည်။ တံခါးပွင့်သွားသည်။

အီလစ်ဆာသည် အိပ်စင်ပေါ်၌မရှိ။ အဝတ်မလုံ့တလုံ့ဖြင့် ဆက်တီဆိုဖာပေါ် ရောက်နေသည်။ သူ့ကိုမြင်လိုက်ရသောအခါ . . .

"ဒီကိုလာဖို့အချိန်တွေ အကြာကြီး စဉ်းစားနေရတယ် ထင်တယ်"

ဟု ရေရွတ်သည်။

ရောဘတ်က ဘာမှပြန်မပြော။ အီလစ်ဆာကိုသာ စူးစူးရဲရဲစိုက်ကြည့်နေသည်။ အီလစ်ဆာ၏ ဆံပင်၊ သူ့ကိုယ်ခန္ဓာ၊ သူ့အသားအရောင်။ သူ့လည်ချောင်းသည် ချောက်သွေ့လာသည်။ အရာရာတိုင်းကို သူမေ့သွားသည်။ သူသည် ဒယီးဒယိုင်ဖြင့် အခန်းထဲသို့ ဝင်သည်။ ထို့နောက်တံခါးကို အတွင်းမှနေ၍ ပိတ်လိုက်သည်။

*

## [ တစ်ဆယ့်သုံး ]

ညသည် ဖြည်းဖြည်းချင်း အိမ်းရင့်ရော်ကာ ကုန်ဆုံးခြင်းသို့ ရောက်သည်။ အမှောင်ထုသည် ပင်လယ်ရေပြင်အောက်သို့ ငုပ်လျှိုးဝင်ရောက်ကာ ပျောက်ကွယ်သွားသည်။

အေးမြသော နံနက်ခင်းသည် အသစ်တစ်ဖန် ဝင်ရောက်လာပြန်လေ၏။ သြရီယိုလာသည် သြရီရိုတာဆာဆိပ်ကမ်းနှင့် မလှမ်းမကမ်းသို့ ရောက်ရှိနေခဲ့ပြီ။ မြူများသည် ဆိပ်ကမ်းနှင့် မြို့ပေါ်တွင်လည်း လွှမ်းခြုံနေဆဲ။ သင်္ဘောပတ်ပတ်လည်မှ အော်ဟစ်မြူးတူးနေသည့် ငှက်သံများသည် သောသောညံလျက်ရှိ၏။

ဂျင်မီကော်ကိုရန်သည် သင်္ဘောကုန်းပတ်ပေါ်တွင် မာသာဟဲမင်းဝေး နှင့် ယှဉ်၍ ရပ်ကာ ဆိပ်ကမ်းဆီသို့ မျှော်ကြည့်လျက်ရှိသည်။ သူ့ဘေးမှ မာသာဟဲမင်းဝေးသည် ပါးစပ်တွင် ခဲထားသည့် ဆေးပြင်းလိပ်ကို တစ်ဖက်မှ တစ်ဖက်သို့ ပြောင်းကိုက်လိုက်ပြီး...

"နောက်နာရီဝက်ဆိုရင် ရောက်တော့မှာ"

ဟု ပြောသည်။

"ငါးနာရီဆိုရင် ဆန်တာကရုဇ်ကို ရောက်ပြီ။ အဲဒီအချိန်ကျတော့ မာသာဟဲမင်းဝေးကို သင်္ဘောပေါ်မှာ ဘယ်သူမှ တွေ့ရတော့မှာ မဟုတ်တော့ဘူး။ သူ့ဆိုင်ကလေးထဲမှာ ထိုင်ပြီး သူ့အလုပ်ကို သူလုပ်နေပြီ"

သူသည် စကားကိုဆက်မပြောဘဲ ရပ်ထားရာမှ ဂျင်မီအား မျက်လုံးထောင့်ကပ်၍ ကြည့်သည်။

"ဒါနဲ့ နေစမ်းပါဦး၊ ဆန်တာကရုဇ်မှာ ရှင်က ဘာလုပ်မယ်လို့ စိတ်ကူးထားသလဲ"

ဟု မေးသည်။

"အလုပ်တစ်ခုလုပ်ဖို့ လာတာပဲဗျာ၊ အလုပ်လုပ်မှာပေါ့"

ဟု ဂျင်မီက ဖြေသည်။

"လုပ်ငန်းက ကောင်းမယ့်လက္ခဏာရှိပါတယ်"

မာသာဟဲမင်းဝေးက ဂျင်မီ၏ စကားကို မယုံကြည်ဟန်ဖြင့် ခိုးခိုးခစ်ခစ် မြည်သံပေးကာ လှောင်ရယ်ရယ်သည်။

"ကျွန်မကို လာဖြီးမနေပါနဲ့၊ ရှင့်လုပ်ငန်းက ဘာလုပ်ငန်းလဲ။ စီးပွားရေးလုပ်ငန်း လုပ်ရအောင် ရှင်က ရော့ခ်ဖဲလားမှ မဟုတ်တာ"

ဂျင်မီက လှည့်ကြည့်သည်။

"ခင်ဗျား ဘာတွေပြောနေတာလဲ။ ကျုပ် သင်္ဘောပေါ်က ဆင်းတာနဲ့ တစ်ပြိုင်နက် အလုပ်လုပ်ရမှာ။ ကျုပ်ကို အလုပ်က အဆင်သင့်စောင့်နေတာဗျ၊ နားလည်လား။ ပါမောက္ခဆင်းနော့က ကျုပ်ကို ဆီးကြိုနေမှာ။ သူက ကျုပ်နဲ့ အလုပ်လုပ်မှာ။ ဘာမှမသိဘဲနဲ့ ပေါက်ကရတွေ လာပြောမနေနဲ့"

မာသာဟဲမင်းဝေးသည် ပထမတော့ အံ့အားသင့်နေဟန်ဖြင့် ဂျင်မီ၏မျက်နှာကို စိုက်ကြည့်နေသည်။ ထို့နောက် ဖြုန်းခနဲ ဟက်ဟက်ပက်ပက် ရယ်ချလိုက်၏။ သင်္ဘောလက်ရန်းကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ကာ တအားအော်၍ ရယ်နေခြင်းဖြစ်၏။

"ဆင်းနော့တဲ့၊ ဟား...ဟား...ဟား၊ ဆင်းနော့ကို ကျွန်မ မသိဘူး ထင်နေသလား။ ကျွန်မ ကောင်းကောင်းသိတယ်။ သူ ပါမောက္ခမဟုတ်ဘူး။ ဘာကောင်မှလည်း မဟုတ်ဘူး။ ပျက်စီးနေတဲ့ ငနဲကြီး။ အမယ်လေးဟဲ့လေး၊ ဆင်းနော့က သူ့ကို အလုပ်စပ်တူလုပ်ဖို့ ခေါ်သတဲ့။ ဘုရား...ဘုရား"

"ခင်ဗျား ဘယ်လိုဟာမကြီးလဲ။ ပေါက်ကရတွေပြောပြီး အော်ရယ် မနေနဲ့။ ကျုပ်နဲ့ ဆင်းနော့ဟာ ကော်လိုရာဒိုပြည်နယ်မှာကတည်းက သူငယ်ချင်းတွေဗျ။ သူကိုယ်တိုင် ကျုပ်ကို စားရေးပြီးခေါ်ထားတာ"

မာသာဟဲမင်းဝေးသည် ရယ်ရလွန်း၍ ထွက်လာနေသည့် မျက်ရည်များကို လက်ဖြင့် သုတ်လိုက်ရင်း ဆေးပြင်းလိပ်ကို ပြင်၍ ခဲလိုက်သည်။

"ဟီး...ဟီး...ဟီး စောင့်ကြည့်ဦးပေါ့လေ။ ဆင်းနော့ဆိုတဲ့ ကောင် အိုကြီးက ကြွေးတွေ ပတ်လည်ဝိုင်းနေတဲ့ လူကြီး။ ဘယ်လိုလုပ်ပြီး ရှင့် ကို အလုပ်ပေးနိုင်မှာလဲ။ ဟဲ...ဟဲ...ဟဲ"

ငြိမ်ဆိတ်သွားသည်။

အတန်ကြာမှ ဂျင်မီထံမှ လေသံပျော့ပျော့နှင့် စကားတစ်ခွန်းထွက် လာသည်။

"ခင်ဗျားပြောနေတာတွေအားလုံး အမှားတွေချည်းပဲ"

မာသာဟဲမင်းဝေးကတော့ ခေါင်းတဆတ်ဆတ်ညိတ်နေသည်။

"ကျွန်မပြောလိုက်မယ် ဂျင်မီ၊ မှားနေတာက ကျွန်မ မဟုတ်ဘူး၊ ရှင်ပဲ။ ရှင် ဟိုရောက်ရင် ဒုက္ခတွေ့မှာပဲ။ အဲဒီကျတော့မှ ရှင် ကျွန်မဆီလာပြီး မဒမ်ရယ်၊ ကျွန်တော့်ကို ကူညီပါဦးလို့ ပြောရမှာ သေချာတယ်။ ကျွန်မ ကလည်း ရှင်ငတ်နေရင် ကြည့်မနေပါဘူး။ ကျွန်မက အရုပ်ဆိုးပေမယ့် နှလုံးသားက ရွှေနှလုံးသားပိုင်ရှင်ပါ။ လိပ်စာပြောလိုက်မယ်။ နံပါတ် ဆယ့်ခြောက်၊ ကာလီဒီလာတူးနားဆိုရင် ရောက်တယ်။ လူတိုင်းသိတဲ့ နေရာပဲ။ လိပ်စာမေ့သွားရင်လည်း မာသာဟဲမင်းဝေးရဲ့နေရာလို့သာ ပြော လိုက်။ ရဲသားတွေ့လည်း ရဲသားကိုမေး၊ ပို့ပေးလိမ့်မယ်"

မာသာဟဲမင်းဝေးသည် ဂျင်မီအား ကြည်နေပြန်သည်။ ထို့နောက် တစီစီ ရယ်သံထွက်လာပြန်သည်။

"ရှင် ဟိုမိန်းမကြီးကို မြင်ရဲ့မဟုတ်လား။ သူလမ်းလျှောက်နေပုံက နွားနို့တစ်ဝတစ်ပြဲ သောက်ထားရတဲ့ ကြောင်မတစ်ကောင်ကျနေတာပဲ။ ဆူဆန်ကတော့ ဘုရားရှိခိုးနေတယ်။ ဟို ရောဘတ်ဆိုတဲ့ ကောင်ကိုတော့ ဒီမနက် မတွေ့ရသေးဘူး။ အိပ်ရာက မနိုးသေးဘူးနဲ့တူတယ်။ အင်းပေါ့လေ၊ အိပ်ရာထ နောက်ကျပေမပေါ့။ ဟီး...ဟီး...ဟီး..."

ဂျင်မီက မာသာဟဲမင်းဝေးအား မနှစ်မြို့သည့် မျက်နှာထားဖြင့် စိုက်ကြည့်နေသည်။

"သူတို့ဘာသာသူတို့ နေကြပါစေလားဗျာ"

ဟု ပြောသည်။

"ခင်ဗျားသာ သူတစ်ပါးအပေါ် မကောင်းမြင်ပြီး မကောင်းတာချည်းပဲ ပြောနေတာပဲ"

"မကောင်းတာချည်း ပြောနေတာပဲတဲ့။ ဟား...ဟား...ဟား ကျွန်မက'

သူသည် စကားကိုမဆက်ဘဲ ရပ်ထားလိုက်သည်။ သူ့မျက်လုံးအစုံသည် အခြားတစ်ဖက်မှ လျှောက်လာနေသော ဆူဆန်ကို မြင်လိုက်ရခြင်းကြောင့်ပင်တည်း။

"ရှင်တို့ ဒေါက်တာဟာဖေးလိသ်ကို မမြင်လိုက်ကြဘူးလား"

ဟု ဆူဆန်က မေးသည်။

"မမြင်မိဘူးကွယ့်"

ဟု မာသာဟဲမင်းဝေးက ဖြေသည်။

"တို့ ဒီမှာရပ်ပြီး ရာသီဥတုအကြောင်းနဲ့ ပန်းတွေအကြောင်း၊ ပြောနေကြတာ။ နှင်းဆီပန်းလုလုတွေဟာ နွေဦးပေါက်ရာသီမှာသာ ပွင့်တာကွယ့်။ ဟောဒီက သူဌေးကြီး ရော့ဖဲလားကို မေးကြည့်ပါလား။ ဒါပေမဲ့ ဆရာဝန်ကိုတော့ လုံးဝမမြင်မိဘူး။ သူ့အခန်းထဲမှာ ရှိနေမှာပေါ့။ မင်းက ဘာကိစ္စရှိလို့ သူ့ကို တွေ့ချင်နေရတာလဲ"

"အို...အရေးကြီးတဲ့ကိစ္စမရှိပါဘူး"

ဟု ဆူဆန်ကပြန်ဖြေသည်။ မာသာဟဲမင်းဝေးကတော့မကျေနပ်သေး။

"မင်းမောင်တော့ ဘာမှမဖြစ်ဘူးထင်တယ်"

ဟု ထပ်ပြောသည်။

"နေတော့ကောင်းတယ်မဟုတ်လား။ အင်း… မနေ့ညက ပြဿနာရှိခဲ့ဟန်တူတယ်"

ငြိမ်ဆိတ်သွားသည်။ ထိုအခိုက်တွင် ဆိပ်ကမ်းတစ်ဖက်မှ လှော်တက်သမား ရှစ်ယောက်ပါသည့် လှေရှည်ကြီးတစ်စင်းသည် သင်္ဘောဆီသို့ လာနေသည်ကို မြင်ကြရသည်။

"ဩရိုတားဗားကိုဆင်းမယ့် ခရီးသည်သုံးယောက်ကို လာခေါ်တာဖြစ်မယ်"

ဟု ဂျင်မီက ရေရွတ်သည်။

"ပျော်စရာကြီးပါပဲ"

ဟု မာသာဟဲမင်းဝေးက သူ့ဆေးပြင်းလိပ်ကို ရေထဲပစ်ချပြီး ပြောသည်။

"သူတို့သွားတော့မယ်လို့ မနက်စာစားတုန်းက နှုတ်ဆက်တယ်။ တို့ကတော့ ဝမ်းမနည်းပေါင်။ သူတို့ထဲမှာ ဟိုမိန်းကလေးတစ်ယောက်တည်းပဲ ခင်တယ်။ သူ့နာမည်က ဘာတဲ့၊ ဩော်…မေရီတဲ့"

သူတို့သုံးယောက်သည် လှေသို့ ငြိမ်ဆိတ်စွာ ကြည့်နေကြသည်။ အောက်ဘက်ရှိ ကုန်းပတ်ပေါ်တွင်လည်း အခန်းပြတင်းပေါက်မှနေ၍ လှေကို မျှော်ကြည့်နေသူမှာ ဒေါက်တာဟာဗေးလိသ်။ လှေသည် သင်္ဘောဘက်သို့ နီးကပ်လာသည်။ နောက်ဆုံးတွင် လှေကြီးသည် သင်္ဘောနှင့်ဘေးချင်းယှဉ်၍ ဆိုက်ကပ်သည်။

ဟာဗေး၏ နားထဲသို့ စကားပြောသံများနှင့် ခြေသံများ ဝင်လာသည်။ သူကတော့ မတုန်မလှုပ် ကျောက်ရုပ်သဖွယ် ရပ်နေဆဲ။ သူ့အနီးသို့ရောက်လာသည့်ခြေသံ။ ဟာဗေး မော့ကြည့်သည်။ မေရီသည် အဝတ်အစားများလဲထား၏။ သူ့မျက်လုံးအစုံသည် ဟာဗေးအပေါ်သို့ စူးစိုက်လျက်ရှိလေသည်။

"မေရီသွားတော့မယ်"

ဟာဖေးက မေရီ၏မျက်နှာကို ကြည့်သည်။

"ကျွန်မ မနက်စာစားတုန်းကလည်း နှုတ်ဆက်ခဲ့ပြီးပြီ။ နောက်ထပ် နှုတ်ဆက်ဖို့ မလိုတော့ဘူးဆိုတာ သိပါတယ်။ ဒါပေမဲ့ မေရီ ရှင့်ကိုလာပြီး နှုတ်မဆက်ဘဲ မနေနိုင်လို့၊ လှေကလည်း ရောက်နေပြီ"

ဟာဖေးက ခေါင်းညိတ်သည်။

"ဟုတ်တယ်၊ လှေရောက်နေတာကို မြင်တယ်"

သူတို့သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်နေကြသည်။

"မင်း ကမ်းပေါ်ရောက်သွားရင် အားလုံးအဆင်ပြေသွားမှာပါ"

ဟု ဟာဖေးက ပြောသည်။

"သင်္ဘောကဆင်းခါနီးဆိုတော့လည်း စိတ်ထိခိုက်ချင်ထိခိုက်မှာပေါ့။ နောက်တော့လည်း မေ့သွားမှာပေါ့"

မေရီက ပြုံးဖို့အားထုတ်သည် မရ။ သူသည် သက်ပြင်းတစ်ချက် ချလိုက်၏။ မျက်လုံးတစ်ဖက်မှ မျက်ရည်ပေါက်တစ်ပေါက် ပါးပြင်ထက်သို့ ဖြည်းဖြည်းချင်း ဆင်းလာလျက်ရှိသည်။

"မင်း နေကောင်းပါတယ်နော်"

"ကောင်းပါတယ်၊ မေရီ့အတွက် မစိုးရိမ်ပါနဲ့"

မေရီက လက်တစ်ဖက် ကမ်းပေးသည်။ ဟာဖေးက ဆီး၍ဆုပ်ကိုင်ထားသည်။ နွေးထွေးပြီး သေးငယ်လှပသည့်လက်။

"ကိုယ် လှေဆီကို မလာတော့ဘူး"

"မလာပါနဲ့"

"တခြားသူတွေရော"

"လှေပေါ်မှာ၊ ကဲ...မေရီသွားမယ်"

မေရီသည် သူ့ရှေ့တွင် မရှိတော့။ ဟာဖေးသည် ဆက်တီကုလားထိုင်တွင် ခေါင်းငိုက်စိုက်ချ၍ ထိုင်နေသည်။ သူ့ခေါင်း၏ အပေါ်ဘက်ရှိ ကုန်းပတ်ပေါ်မှ ခြေသံများ၊ အော်ဟစ်အမိန့်ပေးသံများ ထွက်ပေါ်လာနေသော်လည်း သူမကြား။ ဝမ်းနည်းကြေကွဲခြင်းဖြင့် ပြည့်လျှမ်းနေသော မျက်လုံးသည် သူ့ရှေ့တည့်တည့်ကိုသာ စူးစိုက်လျက်။

မိုးပေါက်သံများ ကြားရသည်။ လေသည် ခပ်ဖြည်းဖြည်းတိုက်ခတ်လာသည်။ ပင်လယ်ငှက်အော်သံများသည် ဆူဆူညံညံထွက်ပေါ်လာပြန်သည်။ သဘော်ာတွင် ဝဲပုံပြီး စူးစူးရှရှအော်ဟစ်နေကြခြင်း ဖြစ်၏။ အပယ်ခံဘဝနှင့် အထီးကျန်ဘဝသည် လွှမ်းခြုံလျက်ရှိသည်။

မနက်ဖြန်ဆိုလျှင် နေမင်းသည် အသစ်တစ်ဖန် ပြန်လည်ထွက်ပေါ်ကာ ကမ္ဘာမြေကြီးအား လင်းလက်တောက်ပသည့် ရောင်ခြည်များဖြင့် လွှမ်းခြုံပေးပေလိမ့်ဦးမည်။ အေးမြသာယာ တိုက်ခတ်နေပေလိမ့်ဦးမည်။ မည်သို့ပင်ဖြစ်စေ သြရီယိုလာသဘော်ာ ကျောက်ဆူးနုတ်ပြီး ပင်လယ်ပြင်သို့ ခရီးဆက်ထွက်မည့် အခုချိန်တွင်မူ ဝမ်းနည်းကြေကွဲမှုတစ်ခုတည်းသာလျှင် မင်းမူလျက်ရှိပေသည်။

*

## [တစ်ဆယ့်လေး]

ချက်ချင်းပင် မိုးသည် သင်္ဘော၏နောက်တွင် ကျန်ရစ်ခဲ့သည်။ အလှမ်းမဝေးလှသည့် ဆန်တာကရုဇ်၏ ခရီးသည် မကြာမီ ပြီးဆုံးသွားပြီဖြစ်ရာ ဩရီယိုလာသင်္ဘောသည် ကမ်းတွင် ကျောက်ချကာ ရပ်နားလျက်ရှိလေပြီ။

တောင်ကြောပေါ်၌ တည်ရှိနေသောမြို့ကို မြင်လိုက်သည့် ဆူဆန်သည် ရောဘတ်၏အခန်းဆီသို့ အပြေးအလွှားရောက်လာသည်။ သင်္ဘောပေါ်မှ အီလစ်ဆာ ဆင်းသွားကတည်းက ဝမ်းသာရွှင်မြူးလျက်ရှိသော ဆူဆန်သည် အခုလို သူတို့၏ ခရီးလမ်းဆုံးသို့ ဆိုက်ရောက်လာသည့်အခါ များစွာ စိတ်လှုပ်ရှားလျက်ရှိသည်။ သို့သော်လည်း အခန်းထဲရောက်လာသည့်အခါ သူ့အား ကျောပေးပြီး သေတ္တာထဲ မွှေနှောက်ရှာဖွေနေသည့် ရောဘတ်ကို မြင်လိုက်ရသဖြင့် များစွာအံ့အားသင့်နေသည်။

“ဘာရှာနေတာလဲ”

“ဟောဒီ ခါးပတ်ခေါင်းပါ”

ရောဘတ်သည် ကျောပေး၍ ထိုင်နေရာမှထလာပြီး ဆူဆန်နှင့်

မျက်နှာချင်းဆိုင်တွင် လာရပ်သည်။

"နေလို့ကော ကောင်းသွားပြီလား ရောဘတ်"

"ကောင်းသွားပါပြီ"

"အစ်မက စိတ်ပူနေတာ၊ ဒေါက်တာဟာဗေးကိုတောင် သွားခေါ်တော့မလို့"

"ဟာ...မခေါ်နဲ့၊ ကျွန်တော် သူနဲ့မတွေ့ချင်ဘူး"

"ဘာဖြစ်လို့လဲ"

"ဟာ...ဘာမှမဖြစ်ဘူး"

"ကဲ...ရောဘတ်၊ ကုန်းပတ်ပေါ်ကနေပြီး ကျွန်းကိုကြည့်ကြရအောင်"

ဟု ဆူဆန်က ခေါ်သည်။

"မင်းသဘောကျမှာပါ။ လာဂူနားကတော့ ဟိုတောင်တန်းတွေရဲ့ တစ်ဖက်မှာ။ နေရာကကျယ်လည်းကျယ်၊ လှလည်းလှတယ်။ စိမ်းလန်းစိုပြည်တဲ့ တောင်ကြားတွေနဲ့ တောအုပ်ကြီးတွေလည်းရှိတယ်။ တို့အတွက်တော့ သိပ်ကို အဆင်ပြေမယ့်နေရာလို့ ထင်တာပဲ။ သင်္ဘောပေါ်က ခရီးသည်တချို့ ကမ်းပေါ်တက်သွားကုန်ပြီ"

"ဟို...ဟဲမင်းဝေးဆိုတဲ့ မိန်းမကြီးဆိုရင် အရင်ဆုံးတက်သွားတာ။ ဆိပ်ခံတံတားပေါ်ကနေပြီး သူ့ကို စောင့်ကြိုနေတဲ့ ကောင်မလေးနှစ်ယောက်က သူ့ကို ဝိုင်းဖက်ထားကြတယ်။ မစ္စတာဂျင်မီကော်ကိုရန်လည်း ကမ်းပေါ်ရောက်သွားပြီ။ အရေးကြီးကိစ္စရှိနေလို့လားမသိဘူး။ သူ့ခများ ဘယ်သူ့ကိုမှ နှုတ်ဆက်မသွားနိုင်ဘူး ရောဘတ်ရဲ့ သိရဲ့လား။ တို့လည်း ခပ်သုတ်သုတ်ပဲသွားကြရအောင်"

"မစ္စတာရိဂျာက ဘယ်တော့ရောက်လာမှာလဲ"

ဟု ရောဘတ်က မေးသည်။

"အရှေ့ကပ်စ်မှာတုန်းက သူတို့ပြောလိုက်တဲ့အတိုင်းဆိုရင် သင်္ဘောဆိုက်ဆိုက်ချင်း မစ္စတာရိဂျာရောက်လာမှာပဲ။ ကဲ...လာ၊ ကပ္ပတိန်ရင်တွန်ကို သွားပြီး နှုတ်ဆက်ကြရအောင်"

"ရင်တွန်ဟာ တို့အပေါ် သဘောကောင်းပါတယ်။ တွေ့စတုန်းက

တစ်မျိုးပဲ။ သာသနာပြုတွေကို ကျွန်တော် သိပ်ပြီး ဆက်ဆံလေ့မရှိဘူး လို့တောင် ပြောခဲ့တယ်မဟုတ်လား။ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် ကိုယ်တို့ဟာ သူထင်နေသလို မဟုတ်ဘူးဆိုတာတော့ ပြကြရမှာပဲ”

‘ဒီမယ် ဆူဆန်၊ ကျွန်တော်ဘာဖြစ်နေတယ်ဆိုတာကော သတိထားမိရဲ့လား’

ဟု ရောဘတ်က မေးသည်။

‘ဘာ...ဘယ်လို’

ဟု ဆူဆန်က တအံ့တသြရေရွတ်ပြီး ရောဘတ်၏မျက်နှာကို မြင်လိုက်ရသည့်အခါ ဆူဆန် စိတ်မကောင်းဖြစ်ရ၏။

‘ကိုယ်နားလည်ပါတယ် ရောဘတ်ရယ်’

ဟု ဆူဆန်က ပြောသည်။

‘ဒီဟာအတွက် ကိုယ် မင်းကို သိပ်ပြီး လေးစားမိပါတယ်’

‘လေးစားတယ် ဟုတ်လား၊ လေးစားစရာဘာရှိလို့လဲ’

‘ဘာကြောင့်မရှိရမှာလဲ ရောဘတ်ရယ်။ မင်းမပျော်မရွှင်ဖြစ်နေတာကို မြင်နေရတာပဲ။ ဒီကိစ္စကို အစအဆုံး ကိုယ်တိုင်မြင်တွေ့ခဲ့ရတာဆိုတော့ ကိုယ်ပါရောပြီး စိတ်မကောင်းဖြစ်ခဲ့ရပါတယ်။ ဒါပေမဲ့ မင်းစိတ်နိုင်အောင် တိုက်ရမှာပဲ။ နိုင်ပြီဆိုရင်လည်း ဒီအနိုင်ရမှုဟာ မင်းအတွက် အလွန်ကြီးမားတဲ့ အောင်ပွဲကြီးတစ်ခု ဖြစ်လာမှာပါ’

‘ဒါပေမဲ့ ဆူဆန်ရယ်’

‘မင်း ဘယ်လောက်ခံစားနေရတယ်ဆိုတာ ကိုယ်သိပါတယ်ကွယ်’

ဟု ဆူဆန်က စိတ်ထိခိုက်သံဖြင့် ပြောသည်။

‘ဒါမျိုး မင်းအရင်က တစ်ကြိမ်တစ်ခါမှ ကြုံခဲ့ဖူးတာမဟုတ်တော့ သိပ်ကို ပြင်းပြင်းထန်ထန် ခံစားရလိမ့်မယ်ဆိုတာ ကိုယ်သိပါတယ်။ သူဟာ မိန်းမချောတစ်ယောက်ဆိုတာလည်း ကိုယ်သိပါတယ်။ ဒါပေမဲ့ အကျင့်စာရိတ္တက ဆိုးတယ်။ ဆိုးတာမှ သိပ်ကိုဆိုးတာ။ သူ့လက်ထဲ ရောက်သွားရင် မင်းဘဝတစ်ခုလုံး ပျက်သွားမှာ။ အခုလောက်နဲ့ ကိစ္စပြတ်သွားတာကိုပဲ ဝမ်းသာကြရမှာ’

ရောဘတ်သည် တစ်စုံတစ်ရာ ပြန်ပြောရန် အားယူလျက်ရှိ၏။ ထို အခိုက်မှာပင် အပြင်မှ တံခါးခေါက်သံတစ်ချက် ထွက်ပေါ်လာပြီး လူစိမ်း တစ်ယောက် ဝင်လာသည်ကို တွေ့လိုက်ရသည်။ ဝင်လာသူသည် အရပ် မြင့်မြင့် မျက်မှန်နှင့် ဆူဆန်တို့အား တလေးတစားနှုတ်ဆက်သည်။ သူ က မြင်းရထား အသင့်ရှိနေပါသည်ဟုလည်း ပြောသည်။

'မစ္စတာရိုဂျာထင်ပါရဲ့'

ဟု ဆူဆန်က မေးသည်။ လူစိမ်းက ခေါင်းညိတ်သည်။

'ကျွန်တော့်နာမည်က အေရွန်ရိုဂျာလို့ခေါ်ပါတယ်။ ဂိုန်းစ်မြစ်ဘက် က ခြံပိုင်ရှင်ပါ။ ဒီကျွန်းကိုရောက်နေတာ သုံးနှစ်ရှိသွားပါပြီ။ ငှက်ပျောခြံနဲ့ ရောက် စိုက်ပျိုးရေးလုပ်ငန်းပါ။ ခင်ဗျားတို့နေသားတကျမဖြစ်ခင် ကျွန်တော် က တာဝန်ယူပြီး စောင့်ရှောက်သွားရမှာမို့ ဝမ်းသာပါတယ်'

ရိုဂျာက ရောဘတ်အား ဖြတ်ခနဲလှမ်းကြည့်သည်။

'ဒီကလူတွေကတော့ သိပ်ကို နိမ့်ကျကြတယ်'

ဟု ပြောသည်။

'ဘုရားမရှိ၊ တရားမရှိ၊ အသိပညာဗဟုသုတလည်း မရှိကြဘူး'

'ဟုတ်ကဲ့ခင်ဗျား'

ဟု ရောဘတ်က အလိုက်သင့် ပြန်ပြောသည်။

'ခင်ဗျားနဲ့တွေ့ရတာ ဝမ်းသာပါတယ်'

'ခင်ဗျားတို့ရောက်လာတာ အချိန်ကောင်းလို့ ပြောရမယ်'

ဟု ရိုဂျာက ပြောသည်။

'တကယ်လို့ သူတို့ကို ကောင်းကင်ဘုံရောက်အောင် ဟောပြောလို့ မရတော့လည်း ငရဲပြည်ရောက်အောင် ပစ်ထားလိုက်တာပေါ့ဗျာ'

ဟု ပြောပြီး ရယ်သည်။

'ပြဿနာတစ်ခုကတော့ ရှိနေတယ်။ အခု ခင်ဗျားတို့ရောက်လာ ချိန်မှာ နှစ်စဉ်ဖြစ်နေကျ အသားဝါရောဂါ ဖြစ်နေတယ်။ အခြေအနေက အတော်ကလေးတော့ ဆိုးနေတယ်။ အများကတော့ အာဖရိကဘက်က လာတဲ့ လစ်ဗျားသင်္ဘောတစ်စီးနဲ့ ပါလာတာတဲ့'

'ကျွန်မတို့လည်း တစ်စွန်းတစ်စတော့ ကြားခဲ့ပါတယ်။ ဒါပေမဲ့ နည်းနည်းပါးပါးလောက်ပဲလို့ နားလည်ခဲ့ရတာပါ'

'နည်းနည်းပါးပါးဆိုတာကတော့ မဟုတ်ဘူး'

ဟု ရိဂျာက ပြောသည်။

'အခြေအနေ အတော်ကလေးဆိုးတယ်'

'လာရူးနားဘက်မှာရော အခြေအနေဘယ်လိုရှိပါသလဲရှင်'

'အင်း...မြစ်ရဲ့အထက်ပိုင်း တစ်လျှောက်လုံးမှာတော့ ပျံ့နှံ့နေပြီ။ ဆန်တာကရုဇ်ကို ကူးမလာအောင် ဝိုင်းပြီး အားထုတ်နေကြတာပဲ။ ရောဂါပိုးက အနောက်ဘက်ကို ကူးသွားနေတယ်။ တခြားကျွန်းတွေပေါ်ကိုလည်း ရောက်သွားပြီ။ လတ်စ်ဟာလ်မတ်စ်ကိုတောင်မှ လွန်ခဲ့တဲ့သီတင်းပတ်က စပြီး ဝင်နေပြီလို့ သတင်းရတယ်။ လာဂူးနားက အလယ်ဗဟိုပဲ။ မြို့ခြေက ကက်ဆာဒီလော့စ်ဆစ္စနက်ခြံမှာလည်း ရောဂါစနေပြီ။ ခြံပိုင်ရှင်က စပိန် အမျိုးသမီးတစ်ယောက်ပေါ့။ သူ့ခြံက အလုပ်သမားတစ်ဝက်လောက်တော့ ရောဂါထဲပါသွားပြီ။ သုသာန်မှာလည်း အလောင်းတွေနဲ့ ပြည့်နေပြီ'

ထိတ်လန့်ဖွယ်ကောင်းသည့် စကားများကြောင့် တိတ်ဆိတ်သွားသည်။ ရောဘတ်သည် သက်ပြင်းတစ်ချက်ချကာ ငြိမ်ဆိတ်နေသည်။ အတန်ကြာမှ...

'ဒီလိုဆိုရင်တော့ ကျွန်တော်တို့မှာ လုပ်စရာ အလုပ်တွေ အများကြီး ရှိနေမှာပဲ'

ဟု ပြောသည်။

'ဘာပဲဖြစ်ဖြစ်လေ၊ လုပ်စရာရှိလာရင် လုပ်ရမှာပေါ့'

'ကဲ...လာကြတော့ ကျွန်တော်တို့ သွားကြစို့'

ဟု ရိဂျာကပြောကာ ရှေ့ဆုံးမှနေ၍ ထွက်သွားသည်။ ရောဘတ်သည် စောစောကနှင့်မတူတော့။ မပြတ်မသားဖြစ်နေသောစိတ်သည် လွင့်စင်ပျောက်ပြယ်သွားခဲ့ပြီး ထက်သန်သော စေတနာသည် ပြန်လည်ပေါ်ပေါက်လာသည်။ သူသည် ဆူဆန်အား တွန်းဖယ်ကာ ပစ္စည်းများကို ယူသည်။

ဆူဆန်သည် အခန်းထဲမှထွက်၍ ကုန်းပတ်ပေါ်တက်ခဲ့သည်။ သူ

မျှော်လင့်ထားသည့်အတိုင်း ကပ္ပတိန်ရင်တွန်နှင့် ဆုံမိသည်။

'ကျွန်မ ကပ္ပတိန်ကို နှုတ်ဆက်ဖို့ လာတာပါရှင်'

ဟု ဆူဆန်က ပြောတော့မည့်ဆဲဆဲမှာပင် ကပ္ပတိန်ရင်တွန်က စပြောသည်။

'ကျွန်တော် ခင်ဗျားတို့ကို လိုက်ရှာနေတယ်။ အသားဝါရောဂါအကြောင်း အသိပေးချင်လို့။ ရောဂါအခြေအနေက ကျွန်တော်တို့သိထားတာထက် ပိုဆိုးနေတယ်။ လာဂူးနားမှာ အခြေအနေ သိပ်ဆိုးနေတယ်လို့ ကြားရတယ်။ အဲဒီတော့ ခင်ဗျားတို့ လာဂူးနားကို တန်းမသွားပါနဲ့။ ဆန်တာကရုဇ်မှာ ခဏခိုကြပါ။ ရောဂါရှင်းပြီဆိုမှ ခရီးဆက်ကြစေချင်တယ်။ တကယ်လို့ သင်္ဘောပေါ်မှာ နောက်ထပ် တစ်ရက်လောက် နေချင်တယ်ဆိုရင်လည်း နေနိုင်ပါတယ်။ မြို့ပေါ်မှာ နေစရာရှာလို့ရပြီဆိုမှ ဆင်းပါ။ သင်္ဘောက မနက်ဖြန်အထိတော့ ထွက်ဖို့ အစီအစဉ်မရှိသေးပါဘူး'

လျော့ရဲရဲအပြုံးရိပ်သည် ဆူဆန်၏နှုတ်ခမ်းတွင် ထင်ဟပ်လာသည်။

'ကျွန်မ မကြောက်ပါဘူး ကပ္ပတိန်'

ဟု ပြောသည်။

'ရောဂါက ဆန်တာကရုဇ်မှာရော လတ်စ်ပါးလ်မတ်စ်မှာရော ဖြစ်နေတာပါ။ မစ္စတာရိဂျာက ပြောပြလို့ အခုပဲ ကျွန်မတို့ သိထားရပါတယ်'

ရင်တွန်၏မျက်နှာသည် နီရဲလာသည်။

'ကျွန်တော်လည်း သင်္ဘောကိုယ်စားလှယ်ဆီက တစ်ဆင့်ခံကြားရတာပါ။ ရောဂါအခြေအနေက သူပြောထားတာထက် ပိုဆိုးနေတယ်ဆိုတာ အခုမှပဲ သိရတာပါ။ အခု ရထားတဲ့သတင်းက ပိုပြီး ခိုင်လုံတိကျပါတယ်။ အဲဒီတော့ ကျွန်တော့်စကားကို နားထောင်ကြစေချင်ပါတယ်။ ကျွန်တော်ပေးတဲ့အကြံဟာ ခင်ဗျားတို့အတွက် အကောင်းဆုံးဖြစ်ဖို့ ရှိပါတယ်။ လောလောဆယ် ဒီမှာနေတာဟာ အသင့်တော်ဆုံးဖြစ်ဖို့ ရှိနေပါတယ်'

ဆူဆန်က ခေါင်းရမ်းသည်။

'ဒါဆိုရင် ခင်ဗျားတို့ သွားမှာပဲလား'

'ဟုတ်ကဲ့'

ရင်တွန်သည် ဆူဆန်၏မျက်နှာကို အသေအချာထပ်ကြည့်သည်။ မျက်နှာကတော့ မကောင်း။ နောက်ဆုံးတွင် သူသည် လက်တစ်ဖက် ကမ်းပေးသည်။

'ကံကောင်းကြပါစေ'

ဟု ပြောသည်။

နောက်ဆုံးတွင် သူသည် လက်တစ်ဖက်ကမ်းပေးသည်။

ညဘက်မှာ လေအတိုက်မခံပါနဲ့။ ကြောက်စိတ်လည်း မဝင်ပါစေနဲ့'

'ကျွန်မ မကြောက်တတ်ပါဘူးရှင်'

ဟု ဆူဆန်က ပြုံး၍ပြောသည်။ သူသည် သင်္ဘောအောက်ထပ်သို့ ဆင်းလာခဲ့သည်။ ဤအခိုက်မှာပင် သူ့ရင်သည် တဒိတ်ဒိတ်ခုန်လာသည်။ သူနှင့် မျက်နှာချင်းဆိုင်မှ သူ့ဘက်သို့ လျှောက်လာနေသည့် ဒေါက်တာ ဟာဖေးလိသ်။ သူတို့သည် လမ်းအလယ်တွင် ရင်ဆိုင်မိကြသည်။ ဆူဆန်က ဖယ်မပေးသဖြင့် ဟာဖေးသည် ရပ်လိုက်သည်။ ဆယ်စက္ကန့်နီးပါးမျှ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ငြိမ်ဆိတ်နေကြသည်။

'ကျွန်မတို့ သွားတော့မယ်၊ အခုပဲ ကပ္ပတိန်ကို နှုတ်ဆက်ပြီး ပြန်လာခဲ့တာ'

ဟာဖေးသည် မတုန်မလှုပ် ကျောက်ရုပ်သဖွယ် ရပ်ကာ ဆူဆန်အား ကြည့်နေသည်။ သူ့မျက်နှာသည် အသက်မရှိသလို ဖြစ်နေသည်။ သူ့မျက်လုံးအစုံသည် အေးစက်မာကြောနေသည်။ နောက်ဆုံးတွင် သူ့နှုတ်မှ 'ဂွတ်ဘိုင်'ဟူသော နှုတ်ဆက်စကားသံ ထွက်လာသည်။

ချက်ချင်းပင် ဆူဆန်၏မျက်နှာသည် ကြက်သွေးရောင် သန်းလာသည်။ ဟာဖေး၏အမူအရာနှင့် လေသံသည် သူ့နှလုံးသားအား ဒဏ်ရာရအောင် လုပ်လိုက်သည့်နှယ် ခံစားရသည်။ ထို့ပြင်လည်း ဟာဖေးနှင့်သူ အခုချက်ချင်း ခွဲခွာရတော့မည့်အဖြစ်နှင့် နောက်ထပ် လူချင်းတွေ့ချင်မှ တွေ့ရတော့မည့်အဖြစ်ကို တွေးပြီး စိတ်ထိခိုက်ခြင်း ဖြစ်ရ၏။

'ကဲ...ကျွန်တော်ဆက်ပြီး သွားနိုင်အောင် လမ်းဖယ်ပေးပါ'

ဟု ဟာဖေးက ပြောသည်။

ကျွန်တော်တို့နှစ်ယောက် အတူတွဲပြီး ခမ္မတေးသီချင်းတစ်ပုဒ်လောက် ဆိုကြရဦးမှာလား'

'နေပါဦးရှင်'

ဆူဆန်က ကသောကမြောတားသည်။

'မသွားပါနဲ့ဦး၊ ရှင်မသွားပါနဲ့ဦး'

ဟာဖေးအား သူ့အနားမှ ရုတ်တရက် ထွက်ခွာမသွားစေချင်သော ဆန္ဒသည် ကြီးမားလှချေသည်။ ထိုဆန္ဒကို မထိန်းချုပ်နိုင်ရှာသော ဆူဆန်သည် ဟာဖေး၏ လက်မောင်းကို ကယောင်ကတမ်းဖြစ်ကာ လှမ်းကိုင်သည်။

'ရှင် ကျွန်မကို ကတိတစ်ခုပေးပါလား။ ကျွန်နဲ့ ခွဲမသွားခင် ဒီကတိလေးတစ်ခုတော့ ပေးစေချင်ပါတယ်'

ဟု ပြောသည်။ ဟာဖေး၏လက်မောင်းကို ဆုပ်ကိုင်ထားမိသည့်အတွက် သူ့တစ်ကိုယ်လုံး တုန်ယင်လှုပ်ရှားလာရုံမျှမက ရှက်စိတ်ကြောက်စိတ်ကြောင့် တစ်ကိုယ်လုံးထူပူကာ မျက်နှာတွင် သွေးရောင်လျှမ်းလာသည်။

'နေပါဦး၊ ကျွန်တော်က ဘာကတိပေးရမှာလဲ။ ကျွန်တော်က ခင်ဗျားကို ကတိပေးစရာအကြောင်းကော ဘာများရှိလို့လဲ'

'ကျွန်မကို မဟုတ်ပါဘူးရှင်'

ဟု ဆူဆန်က ပြောသည်။

'ရှင့်ကိုယ်ရှင်ပေးရမယ့် ကတိပါ။ အို…ကျွန်မလေ ကျွန်မ ရှင့်အကြောင်းကလွဲပြီး တခြားဘယ်သူ့အကြောင်းကိုမှ မတွေးမိတော့သလိုဖြစ်နေရပါပြီရှင်'

ဟာဖေးသည် အလွန်အံ့အားသင့်နေသည့် မျက်နှာထားဖြင့် ဆူဆန်အား ငေးကြည့်နေသည်။ ဆူဆန်၏စိတ်ထိခိုက်နေသော မျက်နှာသည် သူ့အတွက် ဘဝင်မကျစရာ ဖြစ်နေရလေပြီ။

'ကျွန်မမှာ သိပ်ပြီး စိတ်ထိခိုက်ခဲ့ရပါတယ်'

ဟု ဆူဆန်က ပြောသည်။

'ရှင့်ကိုယ်ရှင် လုံးဝဂရုမစိုက်ဘဲ ပစ်ထားတာကို မြင်ရတဲ့အတွက် ကျွန်မ သိပ်ကို ယူကျုံးမရ ဖြစ်နေရပါတယ်။ ဒီနေ့ဆိုရင် ရှင်စားသောက်

ခန်းထဲလာတာ မတွေ့ရပါဘူး။ ရှင် ဘာမှမစားဘဲနေတယ်ဆိုတာ သိသာပါနေတယ်။ ရှင့်ကိုယ်ရှင် လုံးဝဂရုမစိုက်တော့ပါဘူး။ ဒါတွေကိုမြင်ရ သိရတော့ ကျွန်မလေ'

ဆူဆန်သည် ရုတ်တရက်ချက်ချင်း စကားကို မဆက်နိုင်။ ရှက်စိတ် ကြောက်စိတ်များ ဝင်လာသဖြင့် စကားကိုဖြတ်ကာ ရပ်ထားသည်။ သို့သော်လည်း သူ့ကိုယ်သူ ချက်ချင်း ပြန်၍ ရဲဆေးတင်ကာ စကားကို ဆက်သည်။

'ကျွန်မ သိပါတယ်။ ကျွန်မအဖြစ်က ကိုယ့်ကိုယ်ကို အရှုးဖြစ်အောင် လုပ်နေသလို ဖြစ်နေပါတယ်။ ဒါပေမဲ့ ကျွန်မ ဒါတွေကို ဂရုမစိုက်တော့ပါဘူး။ အို...ရှက်လည်းမရှက်တော့ပါဘူး။ ရှင် ကျွန်မကို မုန်းတယ်ဆိုတာလည်း ကျွန်မသိပါတယ်။ ဒါပေမဲ့ ရှင်ဘယ်လောက်ပဲမုန်းမုန်း ကျွန်မကတော့ အို...ကျွန်မစိတ်ကို မချုပ်တီးနိုင်ပါဘူး။ ကျွန်မလေ ရှင့်ကိုသနားတယ်။ ကူညီချင်တယ်။ ရှင်ဟာ အလွန်ကြီးကျယ်တဲ့ အလုပ်မျိုးတွေကို လုပ်နိုင်တဲ့ လူတစ်ယောက်လို့ ကျွန်မစိတ်ထဲက ယုံကြည်နေမိတယ်။ ရှင်ဟာ စိတ်ဆင်းရဲမှုဒဏ်ကို အဆမတန်ခံလာခဲ့ရတဲ့ လူတစ်ယောက်ပါ။ ရှင့်ကို နောက်ထပ် မခံစားစေချင်တော့ပါဘူး။ ရှင် ကိုယ်စိတ်နှစ်ပါး ဆင်းရဲနေတာကို ကျွန်မ မကြည့်ချင် မမြင်ချင်တော့ပါဘူး။ ရှင့်ကိုယ်ရှင် ဂရုတစိုက် ထိန်းသိမ်းစောင့်ရှောက်နေပြီဆိုတဲ့ အသိကိုပဲ ကျွန်မ ပိုင်ဆိုင်ချင်ပါတယ်။ ဒီအသိကိုသာရရင် ကျွန်မ ပျော်ပျော်ရွှင်ရွှင်နဲ့ ခွဲသွားနိုင်မှာပါ'

ဟာဖေး လက်မောင်းကို ဆုပ်ကိုင်ထားသော လက်သည် အောက်သို့ လျှောဆင်းလာပြီး ဟာဖေး၏ လက်ဖဝါးကို ဆုပ်ကိုင်ထားသည်။

"မသင့်တော်ဘူးလို့ ထင်ပါတယ်"

ဟု ဟာဖေးကပြောကာ သူ့လက်ကို ဖျတ်ခနဲ ရုပ်လိုက်သည်။

"ကျွန်မ သိပါတယ်"

ဟု ဆူဆန်က မနာလိုဝန်တိုသံဖြင့် ပြောသည်။

"ရှင် သူ့ကို ချစ်နေတယ်ဆိုတာ ကျွန်မ ကောင်းကောင်းသိပါတယ်။ ကျွန်မ ရှင်တို့ကို မမြင်မတွေ့ဘူးလို့ မထင်ပါနဲ့။ အဲသလို မြင်လျက်

သိလျက်နဲ့တောင်မှ ကျွန်မစိတ်ကို ထိန်းချုပ်လို့မရပါဘူး။ သူကတော့ ရှင့်အပေါ်မှာ ကျွန်မစိတ်ထားသလို ထားနိုင်မယ်လို့ ကျွန်မကတော့ မထင်မိပါဘူး။ အခုဆိုရင် သူမရှိတော့ဘူး၊ သွားပြီ။ ကျွန်မလည်း မကြာခင် သွားတော့မှာပါ။ ဒါပေမယ့် ကျွန်မစိတ်ထဲမှာကတော့ မေ့သွားမှာ မဟုတ်ပါဘူး။ တကယ်တော့ ဒါတွေဟာ ရှင်လွတ်အောင်ရုန်းနိုင်တဲ့ဟာတွေ မဟုတ်ပါဘူး။ ကျွန်မကတော့ ရှင့်အတွက် အမြဲဆုတောင်းသွားမှာပါ"

'ခင်ဗျားဟာ ကိုယ့်ကိုယ်ကို ဒုက္ခရှာနေသလို ဖြစ်နေပါတယ်'

ဟု ဟာဗေးက စိတ်ထိခိုက်သည့် လေသံဖြင့် ဖျောင်းဖျစကားပြောသည်။

'ဘာမှမည်မည်ရရ အကျိုးမရှိတာတွေအတွက် ဒုက္ခမရှာစေချင်ဘူး'

ထိုအခိုက်မှာပင် ဆူဆန်၏နောက်မှ . . .

'ကျွန်တော်တို့အားလုံး အဆင်သင့်ဖြစ်နေကြပြီ။ ခင်ဗျားကို စောင့်နေကြတယ်'

ဟု ပြောလိုက်သော မစ္စတာရီဂျာ၏အသံကို ကြားရသည်။ ဆူဆန်က နောက်လှည့်ကြည့်သည်။ မစ္စတာရီဂျာဘေး၌ ရပ်နေသူမှာ ရောဘတ်။ ဆူဆန်သည် ဟာဗေးအား တစ်ချက်မျှ စူးစိုက်ကြည့်ပြီး နောက်သို့ ချာခနဲလှည့်ကာ ကုန်းပတ်ပေါ်မှ ဆင်းသွားသည်။ ရောဘတ်ကတော့ ဟာဗေး၏ လက်ကို ဆွဲခါပြီး နှုတ်ဆက်သည်။ ရီဂျာကတော့ ဘာတစ်ခွန်းမှ ဝင်မပြော။

ဟာဗေးသည် မလှုပ်မယှက် ရပ်နေသည်။ သူ့မျက်နှာသည် တည်ငြိမ် တင်းမာလျက်ရှိ၏။ ဆူဆန်နှင့် ရောဘတ်တို့ ရီဂျာနှင့်အတူ သင်္ဘောပေါ်မှ ဆင်းသွားသည်ကိုလည်းကောင်း၊ ဆိပ်ကမ်းဘက်မှ မြင်းလှည်းပေါ် တက်သွားသည်ကိုလည်းကောင်း မျက်ခြည်မပြတ် လိုက်ကြည့်နေသည်။ ဆူဆန်တို့လိုက်ပါသွားသည့် မြင်းလှည်းသည် လာဂူးနားဘက်သို့ ဦးတည်၍ ထွက်ခွာသွားလေပြီ။ မှန်ပါ၏။ အသားဝါရောဂါ ပျံ့နှံ့ကူးစက်နေသည့် လာဂူးနားသို့ ဦးတည်၍ သွားနေခြင်း။

*

## [တစ်ဆယ့်ငါး]

သဘော်ပေါ်တွင် ဟာဖေးတစ်ဦးတည်းသာလျှင် ကျန်ခဲ့၏။ ခရီးသည်အားလုံး ဆင်းသွားကြပြီဖြစ်၍ အလွန်အမင်း တိတ်ဆိတ်ငြိမ်သက်နေသည်။ လူသူကင်းမဲ့နေသည့် အိမ်တစ်လုံး၏ တိတ်ဆိတ်ခြင်းမျိုး ဖြစ်သည်။ 'တစ်ဦးတည်း' ဟူသော စကားသည် ကြောက်ဖွယ်ကောင်းသော စကားတစ်လုံးဖြစ်၏။ အထီးကျန်နေရခြင်းကို တမ်းတခံ့မင်သော ဟာဖေးသည်ပင်လျှင် ယခုအခါ အထီးကျန်နိုင်ခြင်း၏ ဒုက္ခဝေဒနာကို ခံစားနေရလေပြီ။

'ရော့...ဒါကိုယူပါ'

ဟု ဟာဖေးက ပြောသည်။

'ကျေးဇူးမသိတတ်တဲ့ ဝက်တစ်ကောင်ကို ပြုစုစောင့်ရှောက်နေရတဲ့ အတွက် ပေးတာ'

ထရောက်၏မျက်နှာတွင် စိတ်ထိခိုက်သွားသည့် အရိပ်အငွေ့ ထင်ဟပ်လာသည်။

'ကျွန်တော်မယူပါဘူးခင်ဗျာ၊ တကယ်ပါ။ ကျွန်တော် စေတနာနဲ့ ကူညီနေတာပါ'

'ယူစမ်းပါ'

ဟု ဟာဇေးက ဒေါသတကြီး ပြောသည်။

ထရောက်က ငွေစက္ကူကို လှမ်းယူသည်။ တစ်ခဏမျှ ကြောင်တက်တက်ဖြစ်ကာ ရပ်နေသည်။ ထို့နောက် သူ့နှုတ်မှ ကျေးဇူးတင်စကား ထွက်ပေါ်လာသည်။

သူ ဘာကြောင့် ဒီလိုလုပ်မိတာပါလိမ့်ဟု ဟာဇေး တွေးသည်။ စိတ်ထဲမှ ကြိတ်၍ ထရောက်အား ကျိန်ဆဲမိပြန်၏။ ရုတ်တရက်ဖြစ်ပေါ်လာသော စိတ်အလိုကိုလိုက်၍ ပေးလိုက်မိခြင်း ဖြစ်၏။ သူပေးလိုက်သည့်ငွေမှာ နည်းနည်းနောနောမဟုတ်။ တစ်ထောင်တိတိဖြစ်ရာ လွန်လွန်းသည်ဟု တွေးစရာဖြစ်နေ၏။ သူ့မျက်လုံးများသည် ခုံတစ်လုံးပေါ်၌ တင်ထားသည့် ခွက်များကို လှမ်းမြင်သည်။

ထိုအခါ သူတစ်ယောက်တည်း အခန်းထဲ၌ ညစာစားရမည့်အဖြစ်ကို တွေးမိသည်။ သဘော်ဆိုက်ကပ်ထားချိန်တိုင်း ကပ္ပတိန်ရင်တွန်သည် ညစာကို သူ့အခန်းထဲ၌ သူ့ဘာသာသူ တစ်ယောက်တည်း စားလေ့ရှိသည် မဟုတ်ပါလော။ ပြီးတော့ သူ့မိတ်ဆွေကြီး ကော်ကိုရန်ကလည်း သူ့အား စွန့်ခွာသွားပြီ မဟုတ်ပါလော။

ဟိုတစ်ချိန်တုန်းကတော့ သူသည် သူ့ကိုယ်သူ အလွန်ယုံကြည်စိတ်ချခဲ့၏။ စိတ်ပိုင်းဆိုင်ရာ ခံစားမှုဟူသမျှကို အပြင်းအထန် ဝေဖန်ခြင်း၊ သရော်ခြင်း စသည်များကို နောက်မတွန့်ဘဲ ပြုလုပ်လေ့ရှိသူလည်း ဖြစ်သည်။ သူ့အသိ သူ့အယူဆများသည် အလွန်ခိုင်မာသည်ဟုလည်း ထင်မြင်ခဲ့၏။ အခုကျတော့လည်း သူ့အသိနှင့် သူ့အယူအဆများသည် ယိမ်းယိုင်လာပြီဟု နားလည်သဘောပေါက်စပြုနေခဲ့လေပြီ။

သူဘာကြောင့် ထိုကဲ့သို့ နားလည်လာရပါလိမ့်။ 'အချစ်'ဟူသော စိတ်ကြောင့်လေလား။ လွန်ခဲ့သော ခြောက်လခန့်ကသာဆိုလျှင်တော့ ထိုစကားလုံးသည် ဟက်ဟက်ပက်ပက် ရယ်မောလှောင်ပြောင်ဖွယ်ရာ

ရှိပါ၏။ သို့သော်လည်း အခုအခါကျတော့ ဟားတိုက်ပြီး ရယ်ဖို့မဆိုထားနှင့် လှောင်ပင်မလှောင်ဝံ့။ သူသည် မေရီအား သတိရမိသည်။ သူနှင့် မေရီ နောက်တစ်ကြိမ် ထပ်၍မှ တွေ့နိုင်ပါတော့မည်လား။ မေရီ့မျက်နှာကို မြင်လိုသောဆန္ဒသည် သူ့ရင်ထဲ၌ ပြင်းပြလျက်ရှိ၏။ မေရီတော့ သူ့အား ဘဝဆိုသည်မှာ ကျိုးကြောင်းဆင်ခြင်တွေးတောမှုက လက်လှမ်းမမီနိုင်သည့် အလွန်ထူးဆန်းသော သိမ်မွေ့နူးညံ့လွန်းလှသော အရာများ၏ လွှမ်းမိုးချယ်လှယ်မှုကို ခံနေရပါသည်ဟု ပြောခဲ့ဖူး၏။ ထိုစကားကို သတိရသည့်အခါ သူ့စိတ်ထဲတွင် ကံစီမံဖန်တီးမှုဖြင့် လူချင်း ပြန်တွေ့ရလိမ့်ဦးမည်ဟူသော မျှော်လင့်ချက်ရောင်ခြည်ကလေး ဝင်လာသည်။ တစ်ချိန်တုန်းကတော့ မည်သည့်ကိစ္စ၌မဆို လက်တွေ့ကျကျကိုသာ လက်ခံခဲ့သူ ဖြစ်သော်လည်း အခုကျတော့ ကျိုးကြောင်းဆင်ခြင်မှုကင်းမဲ့သော အတွေးမျိုး ဝင်လာခဲ့ရလေပြီ။

သူသည် သက်ပြင်းတစ်ချက်ချကာ ထိုင်ရာမှ ထသွားပြီး ပြတင်းပေါက်မှနေ၍ အပြင်သို့ မျှော်ကြည့်သည်။

ဆိပ်ကမ်းတစ်လျှောက်လုံးတွင် အလုပ်များ ရပ်ဆိုင်းနေသဖြင့် တိတ်ဆိတ်လျက်ရှိ၏။ ပီပြင်ပြတ်သားစွာ မြင်နေရသော မြို့၏ အမြင့်ပိုင်းများသည် ငြိမ်သက်လှပါဘိခြင်း။ ရှုခင်းသည် သူ့အား လက်ယပ်ခေါ်နေသည့်နှယ် ရှိသည်။ ဒီပုံအတိုင်း သင်္ဘောပေါ်မှာပဲနေလို့ကတော့ မဖြစ်နိုင်သေးဘူး ထင်တယ်ဟု သူတွေးမိသည်။ ချက်ချင်းပင် သင်္ဘောပေါ်မှ ဆင်းရန် ဆုံးဖြတ်သည်။ ဦးထုပ်ကို သွားယူပြီး အခန်းထဲမှ ထွက်ခဲ့သည်။ ထို့နောက် ဆိပ်ကမ်းသို့ ဆင်းလာခဲ့လေ၏။

လေသည် အေးမြလှ၏။ ခပ်သုတ်သုတ်လျှောက်သွားသော သူ့ခြေသံများသည် ပတ်ဝန်းကျင်ရှိ တိတ်ဆိတ်မှုကို ဖောက်ထွင်းထွက်ပေါ်လာနေသည်။ သူသည် အကောက်ရုံး အဆောက်အအုံများ၏ တစ်ဖက်ရှိလမ်းမကြီးကို ဖြတ်ကူးလာခဲ့ပြီး ပန်းခြံအတွင်းသို့ဝင်ရောက်ကာ ခဏမျှ ရပ်နေသည်။

ဆိုင်အားလုံး ပိတ်ထားသည်။ သူ့ပတ်ပတ်လည်တွင် လူစိမ်းတွေ

ဝိုင်းရံလျက်ရှိ၏။ သူဘာလုပ်ဖို့ ဤနေရာသို့ ရောက်လာရပါသနည်း။ လူစိမ်းတွေကတော့ သူ့ဘေးနားမှ ဖြတ်သွားဖြတ်လာလုပ်လျက်ရှိကြသည်။ ယောကျ်ားများနှင့် မိန်းမများသည် တစ်သီးတခြားစီ လျှောက်နေကြခြင်း ဖြစ်၏။ အားလုံးသည် ညနေခင်း လေညင်း၏ လန်းဆန်းအေးမြမှုကို အရသာခံနေကြခြင်းဖြစ်၍ ငြိမ်ငြိမ်ဆိတ်ဆိတ် အေးအေးချမ်းချမ်းရှိကြ၏။

မြို့တွင်း၌ဖြစ်ပွားနေသည့် ကူးစက်ရောဂါနှင့်ပတ်သက်၍ စိုးရိမ်ကြောင့်ကျနေကြသည့် အရိပ်လက္ခဏာများကို မမြင်ရ။ မြို့၏ဘဝသည် မည်သည့်ဒုက္ခမျှမရှိသည့်နှယ် ခရီးဆက်လျက်ပင်ရှိ၏။ လူအများအဖို့ ယနေ့သည် ပစ္စုပ္ပန်မျက်မှောက်၌ တည်ရှိနေပြီး အနာဂတ်ဖြစ်သော မနက်ဖြန်သည် ဆက်လက်၍ တည်ရှိသွားလိမ့်မည်သာ ဖြစ်၏။

ဟာဖေးသည် လူအများ၏လှုပ်ရှားမှုကို အတန်ကြာမျှ စိတ်ဝင်တစား ကြည့်နေမိသည်။ ထို့နောက် ချာခနဲလှည့်ကာ အခြားတစ်ဖက်သို့ ဆက်လျှောက်သည်။ သူ့စိတ်သည် ဆူဝေလှုပ်ရှားနေဆဲ။

သူသည် ဘယ်ဘက်မှ လမ်းအတိုင်းလျှောက်ကာ မီးရောင်များနှင့် ဝေးရာသို့ ရှောင်ကွင်းလာခဲ့သည်။ သူ့ရှေ့တည့်တည့်တွင် မြင်နေရသည့် ရှေးဟောင်းအဆောက်အအုံတစ်လုံးရှိရာသို့ လမ်းကြိုလမ်းကြားများမှ ဖြတ်ကာ လျှောက်လာခဲ့သည်။ ဘုရားရှိခိုးကျောင်းကြီးတစ်ကျောင်းပေတည်း။ သူသည် ဖြတ်ခနဲပေါ်လာသည့်ဆန္ဒကြောင့် ဘုရားရှိကျောင်းအတွင်းသို့ ဝင်လာခဲ့သည်။

ဘုရားဝတ်တက်ပြီးသည်မှာ ကြာသေးဟန်မတူ။ ဖယောင်းနံ့များနှင့် အမွှေးတိုင်နံ့များသည် လေထဲတွင် လွင့်မျောနေဆဲ။ အမျိုးသမီးအချို့သည် စင်၏ အလယ်တည့်တည့်ရှိ လက်ဝါးကပ်တိုင်ရှေ့၌ မျက်စိများကို စုံမှိတ်ကာ ဦးခေါင်းပိုင်းကို ငုံ့၍ ဒူးထောက်နိုင်နေကြဆဲ။ သူသည် အတွင်းဖက် တစ်နေရာမှ တစ်နေရာသို့ လျှောက်သွားကာ တွေ့မြင်သမျှ အရာအားလုံးကို ကြည့်သည်။ ပန်းအိုးများ၊ ရုပ်ကြွင်းရုပ်တုများ၊ ပုပ်ရဟန်းမင်းကြီး၏ အရိုးများနှင့် အထိမ်းအမှတ်အလံများ။

သူသည် ဘုရားရှိခိုးကျောင်းထဲမှ ပြန်ထွက်လာခဲ့ပြီး ကမ်းနားလမ်း

အတိုင်း လျှောက်လာခဲ့သည်။ အထီးကျန်နိုင်ခြင်းသည် သူ့အား ဖိစီး နှိပ်စက်နေဆဲ။ ထိုအထီးကျန်နိုင်မှုက ထွက်ပြေးလွတ်မြောက်လိုသော ဆန္ဒသည် ပြင်းပြလျက်ရှိ၏။ သူသည် ကျောက်သားလမ်းတစ်လမ်းကို ဖြတ်ကာ စားသောက်ဆိုင် တစ်ဆိုင်ထဲသို့ ဝင်ခဲ့မိသည်။

ဆိုင်မှာ ခပ်စုတ်စုတ် ခပ်ချာချာ ဖြစ်သည်။ သာမာန်အရက်ဆိုင်မျိုး တစ်ဆိုင်သာဖြစ်၏။ ကြမ်းပြင်သည် သမံတလင်း၊ စားပွဲများသည် ပေါ်လစ် သုတ်မထား၊ ဆိုင်အလယ်မျက်နှာကျက်တွင် မီးအိမ်တစ်လုံး ချိတ်ဆွဲထား သည်။ ဘားနောက်တွင်ရပ်၍ ညလယ်စာ စားနေသူမှာ စပိန်လူငယ်တစ်ဦး၊ ယဉ်ကျေးပျူငှာသော မျက်နှာထားဖြင့် သူ့အားမကြာမကြာ လှမ်းကြည့်နေ သည်။ သစ်သားခုံတန်းလျားများပေါ်၌ ထိုင်နေကြသူများမှာ ဆိပ်ကမ်း တစ်ဝိုက်မှ လူများ ဖြစ်ဟန်တူ၏။ စားပွဲတစ်လုံးတွင် ဝင်ထိုင်လိုက်သော ဟာဗေးအား အထူးအဆန်းသဖွယ် ဝိုင်းကြည့်နေကြသည်။ ဟာဗေးကလည်း သူတို့အား စိတ်ဝင်တစားပင် ပြန်ကြည့်နေမိသည်။

ကောင်တာနောက်မှ လူငယ်သည် ဝိုင်ဖန်ခွက်ကိုင်ကာ သူ့ထံရောက် လာသည်။ ညစ်ထေးထေး အဝတ်စတစ်စဖြင့် စားပွဲကိုသုတ်ပြီးမှ ဝိုင်ဖန်ခွက် ကို သူ့ရှေ့၌ချပေးသည်။ သူထုတ်ပေးသော ဝိုင်ဖိုးငွေကိုယူကာ ကောင်တာ ဆီဘက်သို့ ပြန်သွားသည်။

ဟာဗေးသည် ညိုရောင်သမ်းနေသော ဝိုင်ကို တစ်ခဏမျှ ငေးကြည့်နေ သည်။ ထို့နောက် ဖန်ခွက်ကိုယူ၍ တစ်ကြိုက်တည်း မော့ချလိုက်သည်။ ဤနည်းသည် သူ၏ အထီးကျန်နိုင်မှုကို ဖြေဖျောက်ခဲ့သည့် အတိတ်က နည်းလမ်း ဖြစ်၏။ ထိုနည်းလမ်းသည် အခုချိန်တွင် မှန်ပါသေး၏လော။ သူ့အခြေအနေသည် ယခင်ကနှင့် တူတော့သည်မဟုတ်။ သူသည် သက်ပြင်း တစ်ချက်ချကာ မျက်လုံးများကို ပင့်ကြည့်သည်။ သူ့မျက်လုံးအစုံသည် မျှော်လင့်သော လူတစ်ဦးကို မြင်သည်၊ ဆိုင်ထဲသို့ ဝင်လာသူဖြစ်၏။ ကော်ကိုရန်ပေတည်း။

ကော်ကိုရန်ကလည်း ဟာဗေးအား ချက်ချင်းမြင်သည်။ သူတို့သည် တစ်ဦးကိုတစ်ဦး တအံ့တသြကြည့်နေကြသည်။ ထို့နောက်တွင်မူ ကော်ကိုရန်

သည် စားပွဲဆီသို့ လျှောက်လာပြီး ခြေပစ်လက်ပစ် ဝင်ထိုင်လိုက်သည်။ နဖူးမှ ချွေးများကို သုတ်သည်။ မျက်နှာထားသည် ရွှင်ရွှင်လန်းလန်းမရှိ။ သူသည် ဟာဖေးအား စကားတစ်ခွန်းမှ မပြောသေးဘဲ ဝိုင်တစ်ခွက် လှမ်းမှာသည်။ ကုလားထိုင်ကို ဆိုင်အဝင်တံခါးဘက်သို့ လှည့်ထိုင်ပြီး ဝိုင်ကို တစ်ကျိုက် တည်းကုန်အောင် မော့လိုက်သည်။ နှုတ်ခမ်းများကို လက်ခုံနှင့်သုတ်ကာ နောက်တစ်ခွက်ထပ်မှာပြီး ထပ်မော့သည်။ ပြီးကာမှပင် ဟာဖေးအား ကြည့်၍ ပြုံးသည်။ သူ့အပြုံးမှာ ယခင်ကလိုတော့ အသက်ဝင်ခြင်း မရှိ။

'တွေ့ရတာတော့ ကောင်းပါရဲ့'

ဟု ကော်ကိုရန်က ရေရွတ်သည်။

'ဒါပေမဲ့ ငါ ကံမကောင်းဘူး'

'ဘာဖြစ်လို့လဲ'

'အလုပ်က မဖြစ်ဘူး'

ဟု ကော်ကိုရန်က စိတ်ပျက်သံဖြင့် ပြန်ပြောသည်။

'ဘော့ဆင်းနော့ရဲ့အပြစ်ပဲ။ အမှန်တော့ အဲသလိုပြောဖို့လည်း မကောင်းဘူး။ သူက သေသွားတာကိုး'

ဟာဖေးသည် ကော်ကိုရန်အား စိုက်ကြည့်နေသည်။

'ခင်ဗျား အခုပြောနေတဲ့လူက ပါမောက္ခကြီးလို့ ခင်ဗျားပြောနေတဲ့ လူလား'

'ဟုတ်တယ်၊ သူပဲ။ သူက စာရေးလို့ ငါ ဒီကိုလိုက်လာခဲ့တာ။ အခုတော့ ခွကျကုန်တာပေါ့။ အလိမ်ခံရသလို ဖြစ်နေပြီ။ ဒီလူ ငါ့ကို ဒုက္ခပေးသွားတာလို့ မတွေးဘဲမနေနိုင်တော့ဘူး'

'ဘာကြောင့်လဲ'

'ဟာကွာ၊ သူ ငါ့ဆီ စာရေးပြီးခေါ်တုန်းက လက်ထဲမှာ ငွေရှိပုံမပေါ်ဘူး။ ငါရောက်လာရင် ဘယ်လိုလုပ်မယ်ဆိုတာပြောပြီး ငွေတွေချေးထားဟန်တူတယ်။ အခုတော့ အားလုံး ခက်ကုန်တာပေါ့'

'ခင်ဗျားက သူ့လုပ်ငန်းမှာ ရှယ်ယာထည့်မယ်လို့ ကတိပေးမထားခဲ့ဘူး မဟုတ်လား'

ကော်ကိုရန်သည် ချောင်းတဟွတ်ဟွတ်ဆိုးလာသဖြင့် ဟာဖေး၏ အမေးကို ရုတ်တရက် မဖြေနိုင်။ ချောင်းဆိုးရပ်သွားခါမှ ဟာဖေးအား မော့်ကြည့်ပြီး...

'ဘာတွေပြောနေတာလဲ'

ဟု ပြန်မေးသည်။

'ထားလိုက်ပါတော့လေ၊ ကျွန်တော် သိပါပြီ'

ဟု ဟာဖေးက သရော်သံဖြင့်ပြောသည်။

'တကယ်လို့ ခင်ဗျားလူ သေသွားတော့လည်း ကိစ္စပြတ်သွားတာပဲ ပေါ့'

'သူသေတာက မြို့ထဲမှာဖြစ်နေတဲ့ ရောဂါကြောင့် သေတာ'

ဟု ကော်ကိုရန်က ပြောသည်။

'သူသေပေမယ့် ကိစ္စပြတ်မသွားပါဘူး။ အားလုံးရှုပ်နေတယ်။ အခု သူသေတာက ငါဒီကိုမရောက်ခင် တစ်ရက်ကမှ သေတာ။ သူယူသွားတဲ့ ကြွေးတွေက ရှုပ်ပြီး ကျန်ခဲ့တယ်'

'အလွန်ကြီးမားသည့် ဖက်စပ်လုပ်ငန်းကြီးတစ်ခု'ဟု ကော်ကိုရန် က ပြောခဲ့သည့်စကားကို ဟာဖေး သတိရမိသည့်အခါ စိတ်ထဲက ကြိတ်၍ ပြုံးမိသည်။

'ခင်ဗျား ဒီအတိုင်းဆိုရင် သင်္ဘောပေါ်ကို ကျွန်တော်နဲ့ ပြန်လိုက်ရ တော့မှာပေါ့။ ဒီအတွက် စိတ်ပူနေသလား'

ဟု ဟာဖေးက ပြောသည်။

'ဟာ... ငါက စိတ်ပူတဲ့ကောင်မျိုးမဟုတ်ပါဘူးကွာ။ နည်းနည်း စိတ်ရှုပ်နေတာက အခုလိုဖြစ်ရတဲ့ ကိစ္စအတွက်ပါ။ ငါပြောခဲ့တဲ့အတိုင်းပဲ၊ ဆင်းနော့မှာ ကြွေးကျန်ခဲ့တယ်။ ငါအခု သူနေတဲ့နေရာကို ရောက်သွား တော့ ကြွေးရှင်တွေက ငါ့ကိုစောင့်ပြီး ကြွေးတောင်းနေကြတယ်။ ဆင်းနော့ ချေးသွားတဲ့ငွေအတွက် ငါ့မှာတာဝန်ရှိတယ်လို့ ပြောနေကြတယ်။ ငါ့အဖြစ် က ခွေးတွေအဝိုင်းခံနေတဲ့လူနဲ့တူတယ်။ သူတို့လက်ထဲက လွတ်အောင် မနည်းပြေးလာခဲ့ရတယ်'

ဆိုင်တံခါးဝ၌ရပ်နေသော လူသုံးဦး ဆိုင်တွင်းသို့ဝင်လာပြီး တံခါးပေါက်အနီးမှ စားပွဲတွင် နေရာယူကြသည်။ ကော်ကိုရန်ထံမှ ညည်းသံတစ်ချက် ကြားလိုက်ရသဖြင့် ဟာဗေးက လှည့်ကြည့်သည်။ သုံးဦးစလုံး လူတေလူပေများ ဖြစ်ပုံရ၏။ အရပ်ပုပု ကိုယ်လုံးတုတ်ခိုင်ခိုင်နှင့်လူသည် ဟာဗေးအား ပြန်ကြည့်ကာ စီးကရက်တစ်လိပ်ကို မီးညှိပြီး ဖွာသည်။

ကောင်တာနောက်မှ စားပွဲထိုးသည် ဝိုင်တစ်လုံးကိုယူပြီး လူသုံးယောက်၏ စားပွဲပေါ်၌ ချပေးသည်။ ဖန်ခွက်များကို သူ့ခါးစည်းအဝတ်ဖြင့် သုတ်ကာ ဝိုင်ထည့်ပေးသည်။ တုတ်ခိုင်ခိုင်လူက သူ့အား အော်ကြီးဟစ်ကျယ် စကားပြောလျက်ရှိရာ စားပွဲထိုးသည် ခေါင်းကိုငုံ့၍ တရိုတသေ နားထောင်လျက်ရှိသည်။ နောက်ဆုံးတွင် သူသည် ကော်ကိုရန်ဆီသို့ လျှောက်လာသည်။ ကော်ကိုရန်အား မကြည့်ဘဲ...

'အယ်လ်ဘရာဗိုကပြောတယ်၊ သူတို့သောက်တဲ့ အရက်ဖိုးကို ခင်ဗျား ပေးလိမ့်မယ်တဲ့'

ဟု ပြောသည်။

'ငါက အရက်ဖိုးပေးရမယ် ဟုတ်လား'

စားပွဲထိုးက လူသုံးယောက်အား ပြန်လှည့်ကြည့်သည်။

သုံးဦးစလုံးက ခေါင်းညိတ်ပြကြသည့်အခါ ကော်ကိုရန်ဘက်လှည့်၍...

'ဟုတ်တယ်၊ အယ်လ်ဘရာဗိုက သူတို့သောက်တဲ့ဝိုင်ဖိုးကို ခင်ဗျား ပေးရမယ်တဲ့'

ဟု ထပ်ပြောပြသည်။

ကော်ကိုရန်သည် ထိုင်နေရာမှ ရင်ကိုကော့လိုက်ပြီး လူသုံးဦးဆီသို့ ဒေါသတကြီး လှမ်းကြည့်သည်။

သူတို့က ငါ့ကို ဘာကောင်လို့ ထင်နေကြသလဲ'

ဟု အော်ပြောသည်။ 'တစ်ပြားမှ မပေးဘူးလို့ သွားပြောလိုက်'

ဟာဗေးက ကြားမှဝင်၍ ဖျောင်းဖျသည်။ ဆိုင်ထဲရှိ လူအားလုံးသည် သူတို့အား ဝိုင်းကြည့်နေကြလေပြီ။

'ခင်ဗျား မကြောင်စမ်းပါနဲ့၊ ဆိုင်ထဲမှာ ရန်ဖြစ်လို့ ဘယ်ကောင်းမလဲ'

ဟု ဟာဗေးက ပြောသည်။

ကော်ကိုရန်ကတော့ နားမဝင်၊ စားပွဲထိုးအား မော့ကြည့်လိုက်ပြီး…

'ဟေ့ကောင်၊ မင်းရဲ့ဆရာဆိုတဲ့ ခွေးကောင်ကို သွားပြော၊ ငါ သူ့မျက်နှာကို မကြည့်ချင်ဘူး။ ငါ့ဆီကလည်း ခြူးတစ်ပြားမှ ရလိမ့်မယ် မထင်နဲ့လို့'

ဟု ပြောသည်။

စားပွဲထိုးက ပခုံးများကို တွန့်လိုက်သည်။

အယ်လ်ဘရာဇိုက ပြောတယ်။ ခင်ဗျားဆီမှာ သူ့အကြွေးတွေ ရှိတယ်တဲ့။ အယ်လ်ဘရာဇိုက နွားရိုင်းတိုက်ပွဲသမားဗျ။ သူသတ်ခဲ့တဲ့ နွားသိုးရိုင်းတွေ အများကြီးပဲ'

'ဘာလဲကွ၊ သူက နောက်ထပ် သတ်ချင်သေးသတဲ့လား'

'ဟုတ်တယ်၊ သူက နောက်ထပ် သတ်ချင်နေတယ်'

ထိုအချိန်မှာပင် အရပ်ပုပုလူသည် ထိုင်နေရာမှ ထလာကာ သူ့အပေါင်း အသင်းများနှင့်အတူ ကော်ကိုရန်ထံ လျှောက်လာသည်။

'ကဲ…ဘယ်လိုလဲ'

ဟု အယ်လ်ဘရာဇိုက နှာခေါင်းရှုတ်၍ သရော်သံဖြင့် စကားစသည်။

'ခင်ဗျားရဲ့မိတ်ဆွေကြီးယူထားတဲ့ ငွေကို ခင်ဗျားက ပေးမယ်မဟုတ်လား။ သူယူထားတဲ့ငွေအားလုံး ပီသီတာတစ်ရာရှိတယ်။ ပေးမလားမပေးဘူးလား'

တင်းမာမှုသည် တည်ရှိလာသည်။ ဟာဗေးသည် ထိုင်နေရာမှ ထရပ်သည်။ ကော်ကိုရန်ကလည်း ထရပ်သည်။

'မင်း ထွက်သွားနော်၊ မသွားရင် ငါလုပ်မိလိမ့်မယ်'

ရုတ်တရက် အယ်လ်ဘရာဇိုသည် လှုပ်ရှားလာသည်။ သို့သော်လည်း လျင်မြန်သွက်လက်သော ကော်ကိုရန်က လက်ဦးသည်။ ကော်ကိုရန်၏ လက်သီးသည် အယ်လ်ဘရာဇို၏ မေးရိုးပေါ်သို့ ပြင်းထန်စွာကျသည်။ လက်သီးသံသည် အခန်းထဲရှိ လူအားလုံး ကြားလိုက်ရသည်။ အယ်လ်ဘရာဇို

သည် ကြမ်းပြင်ပေါ်သို့ ဘိုင်းခနဲ လဲကျသွားသည်။

မလဲကျမီ တဒင်္ဂအချိန်ကလေးတွင် အယ်လ်ဘရာဗိုဧ၏ မျက်လုံးများသည် အံ့အားသင့်ခြင်းကို ဖော်ပြသည်။ သံမံတလင်းပေါ် အရှိန်ပြင်းစွာ လဲကျခြင်းဖြစ်၍ အယ်လ်ဘရာဗိုသည် သတိမေ့သွားသည်။ ရုတ်တရက် ပေါ်ထွက်လာသည့် ဆူညံသံများ၊ အော်ဟစ်ဆဲဆိုသံများ။ စားပွဲထိုးသည် ဘားကောင်တာနောက်သို့ လွှားခနဲခုန်ဝင်သွားသည်။ တစ်စုံတစ်ဦးက ပစ်ပေါက်လိုက်သည့် ပုလင်းတစ်လုံးသည် ကော်ကိုရန်ဆီသို့ ပျံဝဲလာသည်။ ဟာဗေးသည် ကော်ကိုရန်၏ လက်မောင်းကို ဆွဲကာ ဆိုင်တံခါးပေါက်ဆီသို့ ပြေးသည်။

တံခါးဆီသို့မရောက်မီ လမ်းခုလတ်တွင် အယ်လ်ဘရာဗို၏ အဖော် အရပ်ရှည်ရှည်လူ ပစ်ပေါက်လိုက်သည့် ဓားမြှောင်သည် ကော်ကိုရန်၏ လက်မောင်းတွင် ဝင်စိုက်သည်။ ဟာဗေးက စိုးရိမ်တကြီးဖြင့် ကော်ကိုရန်အား ဘေးသို့ တွန်းလိုက်သည်။ ဤအခိုက်မှာပင် တစ်စုံတစ်ဦးက ကုလားထိုင် တစ်လုံးဖြင့် သူ့ခေါင်းကို ရိုက်သည်။ သူ့ပတ်ဝန်းကျင်သည် အမှောင်ထုကျလာသည့်နှယ် ဖြစ်သွား၏။

ပြေးလွှားသံများ၊ အော်သံများ၊ သူတို့အား ဝိုင်းထားကြသည့်လူများ။ ကော်ကိုရန်သည် လူများကြားမှ သူ့အား ဒရွတ်တိုက်ဆွဲသွားနေသည်။ အပြင်မှ အေးမြသောလေနှင့် ထိတွေ့မှု။ ကော်ကိုရန်သည် သူ့အား တွဲ၍ လမ်းပေါ်တိုင်း ဆွဲခေါ်သွားနေသည်ကို သူ သတိထားမိ၏။ ထို့နောက်တော့ အရာရာတိုင်းသည် မှောင်ကြီးကျသွားလေသည်။

*

## [တစ်ဆယ့်ခြောက်]

ဟာဇေး၏မျက်လုံးများသည် ပွင့်လာသည်။ သူ အခန်းကလေး တစ်ခန်းအတွင်းရှိ ဆိုဖာတစ်လုံးပေါ် ရောက်နေသည်ကို သတိထားမိသည်။ ကော်ဖီနံ့၊ ကြက်သွန်နံ့နှင့် ဆေးပြင်းလိပ်နံ့များကို ရှူနေရသည်။ သူ့လည်ပင်း နာကျင်နေသည်ကိုလည်းကောင်း၊ သူ့ခေါင်းတစ်ခုလုံး ကိုက်ခဲနေသည်ကို လည်းကောင်း သိနေသည်။ လဲလျောင်းနေရင်းမှာပင် အခန်းတွင်းမှ အရာ ဝတ္ထုများကို တစေ့တစောင်းကြည့်သည်။

ဆောင်းမီးဖိုဝင်ပေါက်မှ နာရီတစ်လုံး၊ ဆေးပြင်းလိပ်တစ်ထုပ်၊ ခွေး ရုပ် နှစ်ရုပ်။ နံရံတွင်ချိတ်ထားသည့် မုတ်ဆိတ်မွေးရှည်ရှည်နှင့် ရေကြောင်း အရာရှိဝတ်စုံ ဝတ်ထားသော လူတစ်ယောက်၏ ဆီဆေးပန်းချီကား တစ် ကား၊ ဝတ်လစ်စလစ်မိန်းမတစ်ပုံ။ ဟာဇေးသည် အကြည့်ကိုရပ်လိုက်သည်။ သူ အိပ်မက်မက်နေတာများလား။

သို့သော်လည်း အိပ်မက်နေခြင်းမဟုတ်၊ ပိတ်ထားသည့် ပြတင်း ပေါက်မှ နေရောင်သည် အခန်းထဲသို့ တိုးဝင်နေသည်။ နံနက်ခင်းဖြစ်၏။

သူသည် ဦးခေါင်းကို အသာအယာထူကြည့်သည်။ စားပွဲပေါ်၌ပြင်ထားသည့် နံနက်စာစားပြီး ကုလားထိုင်တစ်လုံးပေါ်တွင် ခြေနှစ်ဖက်ချိတ်၍ ထိုင်ကာ ဆေးပြင်းလိပ်ကိုခဲ၍ သတင်းစာဖတ်နေသည့် မာသာဟဲမင်းဝေး။

ဟာဇေးက မာသာဟဲမင်းဝေးအား လှမ်းကြည့်သည်။

'ကျွန်တော် ဒီကို ဘယ်လိုရောက်လာတာလဲ'

ဟု မေးသည်။

မာသာဟဲမင်းဝေးက သူ့ဘက်သို့ လှည့်မကြည့်။ သတင်းစာကို နောက်တစ်ရွက်သို့ လှန်လိုက်ပြီး...

'အိပ်ရေးဝရဲ့လား၊ နေလို့ကောင်းရဲ့လား၊ ရှင် မသက်သာဘူးဆိုရင်တော့ ကျွန်မတို့က သက်ဆိုင်ရာကို တိုင်ရလိမ့်မယ်'

ဟု ပြောသည်။

ဟာဇေးသည် လက်တစ်ဖက်ဖြင့် သူ့ခေါင်းကို စမ်းကြည့်သည်။ ထိုအခါကျမှ မာသာဟဲမင်းဝေးက သူ့ဘက်သို့ လှည့်ကြည့်သည်။

'ခေါင်းက နာနေတုန်းပဲလား၊ တော်တော်ရက်စက်တဲ့လူပဲ။ ခေါင်းကိုမှ ရိုက်တယ်။ လူတွေဟာ ဘာကြောင့် ဒီလောက်မိုက်ရိုင်းရတာလဲ။ ရှင့်လို လူကြီးလူကောင်းတစ်ယောက်ကို အခုလိုလုပ်တာဟာ ဘယ်ကောင်းမလဲ'

ဟု ရေရွတ်သည်။

'ကျွန်တော် ဒီကို ဘယ်လိုရောက်လာတာလဲ'

ဟု ဟာဇေးက ထပ်မေးသည်။

'ရှင့်ကို ကော်ကိုရန်က တွဲပြီးခေါ်လာလို့ ရှင် ဒီရောက်လာတာ။ ရှင်တို့ ဆိုင်ထဲမှာ ရန်ဖြစ်ခဲ့ကြတယ်။ ဘယ်သဘော်ာဆိပ်မှာမဆို အရက်ဆိုင်ထဲရောက်ရင် ရန်ဖြစ်ကြတာပဲ။ ဒဏ်ရာကြီးကြီးကျယ်ကျယ်မရလို့ တော်သေးတာပေါ့။ ကဲ...လာ၊ စားပွဲမှာထိုင်၊ မနက်စာစား'

ဟု မာသာဟဲမင်းဝေးက ပြောသည်။

"အခု ကော်ကိုရန် ဘယ်မှာလဲ"

ဟု ဟာဇေးက ထပ်မေးသည်။

'ဒီလူကြီး ဘာမှမဖြစ်ပါဘူး၊ အောက်ထပ်မှာ အိပ်နေတယ်။ သူ့

လက်မောင်းမှာ ဒဏ်ရာတော့ ရထားတယ်။ ခြစ်မိရုံလောက်ပါ။ သူမနက်စာ စားပြီးသွားပြီ။ အစားကတော့ ကြီးသလားမမေးနဲ့၊ သူတစ်ယောက်တည်း ဝက်ပေါင်ခြောက် တစ်ပေါင်လောက်ကုန်တယ်'

ဟာဗေးသည် ထိုင်ရာမှထ၍ ပြတင်းပေါက်ဆီသို့သွားကာ အပြင်သို့ မျှော်ကြည့်သည်။ အောက်ဘက်ရှိ လမ်းမသည် တိတ်ဆိတ်လျက်ရှိ၏။ ဆိပ်ကမ်းနှင့်ကပ်နေသော လမ်းမသည် တိတ်ဆိတ်လျက်ရှိ၏။ ဆိပ်ကမ်းနှင့် ပင်လယ်ရေပြင်ဆီမှ ကောင်းကင်သို့ လွင့်တက်နေသော မီးခိုးငွေ့များကို မြင်နေရသည်။ သင်္ဘောတစ်စင်း၏ ခေါင်းတိုင်ဆီမှ ထွက်လာနေသော မီးခိုးများ ဖြစ်ဟန်တူ၏။ သြော်...ဩရီယိုလာသင်္ဘောဆီမှ မီးခိုးများ ဖြစ်လေမလား။ သူအတိအကျတော့မသိ။ သင်္ဘောထွက်သွားပြီဟူသော အချက်ကိုတော့ သူသိနေ၏။

သူသည် မာသာဟဲမင်းဝေးအား လှည့်ကြည့်သည်။

'ခင်ဗျား သူတို့ဆီကို ဘာဖြစ်လို့အကြောင်းမကြားတာလဲ။ တကယ် ဆိုရင် ကပ္ပတိန်ရင်တွန်ဆီကိုတော့ အကြောင်းကြားပေးဖို့ ကောင်းတယ်။ အခုတော့ အားလုံး ခွကျကုန်ပြီ'

'ရှင် ကော်ကိုရန်ကို မေးကြည့်ပေါ့၊ ရှင့်မှာ ဒဏ်ရာရထားတယ်။ သိပ်ပြီးပင်ပန်းနေတာကိုလည်း မြင်တယ်။ ဒါကြောင့်မို့ အားရှိအောင် အိပ်ပါစေတော့ဆိုပြီး ထားလိုက်တယ်။ ကဲပါ၊ မနက်စာ လာစားလှည့်၊ သိပ်ပြီး စိတ်ပျက်မနေပါနဲ့'

ပထမတော့ ဟာဗေးသည် မာသာဟဲမင်းဝေးအား မကျေနပ်သော မျက်နှာထားဖြင့် မျက်မှောင်ကြုတ်၍ ကြည့်နေသည်။ ထို့နောက် စားပွဲဆီသို့ လျှောက်သွားပြီး ကုလားထိုင်တစ်လုံးကို ဆွဲထိုင်သည်။

မာသာဟဲမင်းဝေးက အစားအစာများကို ဟာဗေးရှေ့သို့ တွန်းပို့ပေး သည်။ ဟာဗေးက ကျေးဇူးတင်စကားပြောသည်။ ဟာဗေး နံနက်စာစားနေ ခိုက်တွင် မာသာဟဲမင်းဝေးသည် ခေါင်းလောင်းကြိုးကို တစ်ချက်ဆွဲလိုက် သည်။ ချက်ချင်းပင် စပိန်မိန်းမပျိုတစ်ယောက် ဝင်လာသည်။ မိန်းမပျိုသည် ဟာဗေးအား ချိုမြသော အပြုံးဖြင့် တစ်ချက်လှမ်းကြည့်သည်။

'ဟေး...ကူကား၊ ကော်ဖီထပ်ယူခဲ့ဦး'

'ဟုတ်ကဲ့၊ ဆီညော်ရာ'

'ပြုံးစစလေးလုပ်မနေနဲ့ ကူကာ၊ ဒီမှာထိုင်နေတဲ့ ဆီညော်က ဒါမျိုး စိတ်မဝင်စားဘူး'

ကူကာသည် ပြုံး၍ အခန်းထဲမှ ထွက်သွားသည်။ အခန်းထဲသို့ ကော်ဖီအိုးတစ်လုံးနှင့် ပြန်ဝင်လာသည်။ ထိုအခါတွင်လည်း ပြုံးနေဆဲ။ သို့သော်လည်း သူ့အပြုံးသည် မြူဆွယ်သည့်အပြုံး မဟုတ်တော့။

'ကူကာက သိပ်သဘောကောင်းတယ်'

ဟု မာသာဟဲမင်းဝေးက ကူကာပြန်ထွက်သွားသည့်အခါ ပြောသည်။ သူသည် ဟာဗေး၏ ပန်းကန်ထဲသို့ ကော်ဖီထည့်ပေးသည်။

'သူနဲ့အတူတူနေလာတာ ငါးနှစ်ရှိသွားပြီ။ အလွန်ပျော်ပျော်နေတတ်တယ်။ သိမ်လည်းသိမ်မွေ့တယ်။ သူဒီရောက်စက အခုလို စိုစိုပြည်ပြည် လှလှပပ မဟုတ်ဘူး။ ပိန်ခြောက်ခြောက်နဲ့။ အခုလို ဘယ်ဟုတ်မလဲ။ ကျွန်မပြောတာကို ရှင် ယုံမှာတောင်မဟုတ်ဘူး'

ဝက်အူချောင်းကို ပေါင်မုန့်ပေါ်တင်နေသော ဟာဗေးက ဘာထင်မြင်ချက်မှျမပေး။

'ဒါပေါ့လေ၊ ကျွန်မပြောတဲ့စကားကို ရှင်ကတော့ ဘယ်ယုံမလဲ'ဟု ထပ်ပြောသည်။

'ကျွန်မဆီရောက်နေတဲ့ မိန်းကလေးတွေအားလုံးကို ကျွန်မ ကောင်းကောင်းပြုစုထားတာပဲ။ ကျွန်မဆီမှာ တနင်္ဂနွေဘာသာရေးသင်တန်းတော့ မရှိဘူး။ ဒါအမှန်အတိုင်းပြောတာပဲ။ ဒါပေမဲ့ ကျွန်မ အားလုံးကိုမျှမျှတတ ဆက်ဆံတယ်။ ဘယ်သူ့ကိုမှ ပိုပြီးမျက်နှာသာမပေးဘူး'

ဟာဗေးသည် စောစောကတည်းက မာသာဟဲမင်းဝေး၏ လုပ်ငန်းအပေါ်တွင် သံသယရှိခဲ့၏။ အခုကျတော့ ထိုသံသယသည် အတည်ဖြစ်သွားခဲ့လေပြီ။ မည်သို့ပင်ဖြစ်စေ လုပ်ငန်းအကြောင်းကို သိလိုက်ရသည့်အတွက်ကြောင့် ရွံရှာစက်ဆုတ်ခြင်း၊ ကဲ့ရဲ့ရှုတ်ချခြင်းမဖြစ်။ ယင်းကဲ့သို့ ဖြစ်ရမည့်အစား သူ့စိတ်ထဲတွင် ခွင့်လွှတ်သည့်သဘောထားသည် ဝင်လာသည်။

ဘဝကို အရှိအတိုင်းသာ လက်ခံရပေလိမ့်မည်။ ပြစ်တင်ကဲ့ရဲ့နေ၍မဖြစ်။ သူ့အပေါ် ကျရောက်လာခဲ့ဖူးသည့် မကောင်းသော ကံကြမ္မာများသည် သူ့အား ကိုယ်ချင်းစာနာတတ်သောစိတ်ကို မွေးမြူစေခိုင်းစေနိုင်ခဲ့ပြီ မဟုတ်ပါလား။

'ကော်ဖီက တော်တော့်ကိုကောင်းတာပဲ'

ဟု ဟာဇေးက မာသာဟဲမင်းဝေးအား လှမ်းကြည့်ပြီး ပြောသည်။

'မုန့်ကလည်း သိပ်ကိုအရသာရှိတယ်။ သဘော်ာမဓိလိုက်လို့သာ ဒီလောက်အရသာထူးတဲ့ မနက်စာကို စားရတာ။ ကျွန်တော် ကံကောင်းတယ်လို့ ပြောရမှာပဲ'

ဟာဇေးထံမှ သူမမျှော်လင့်ထားသော စကားများကို ကြားလိုက်ရသည့်အတွက် မာသာဟဲမင်းဝေးသည် အံ့အားသင့်လျက်ရှိ၏။ မယုံသင်္ကာဖြစ်သော မျက်နှာထားဖြင့် စူးစူးစိုက်စိုက်ကြည့်၍ အကဲခတ်သည်။

'အား…ဘယ်လိုဖြစ်တာလဲ ဆရာကြီးရယ်။ ကျွန်မကိုတော့ ပြောင်လား လှောင်လား မလုပ်ပါနဲ့'

'ကျွန်တော် ပြောင်တာမဟုတ်ပါဘူး။ ခင်ဗျားရဲ့ သဘောကောင်းမှုနဲ့ ဧည့်ဝတ်ကျေမှုကို အမှန်တကယ် ကျေးဇူးတင်လွန်းလို့ ပြောတာပါ'

မာသာဟဲမင်းဝေးက စိတ်မကောင်းသည့် မျက်နှာထားဖြင့် ခေါင်းတစ်ခါခါလုပ်သည်။

'ရှင်က လူတစ်မျိုးပဲ။ ခွတီးခွကျသိပ်နိုင်တယ်။ ရှင့်ကို ဒုက္ခပေးနေတာ အဲဒီစိတ်ပဲ။ ရှင်က ရှင့်ကိုယ်ရှင် အရာရာတိုင်းကို သိနေတယ်လို့ ထင်နေတဲ့လူ။ ရှင့်ကိုယ်ရှင် ရာဇပလ္လင်ပေါ်ရောက်နေတယ်လို့ ထင်နေတဲ့လူ။ ဒါပေမဲ့ လောကကြီးမှာ ရှင်မသိတာတွေ အများကြီးရှိသေးတယ်။ ရှင်လေ့လာစရာတွေ တစ်ပုံတစ်ပင်ကြီးရှိသေးတယ်ဆိုတာ သတိထားပါ။ ကျွန်မက ရှင့်ကို မိတ်ဆွေကောင်းရဲ့ ဝတ္တရားအတိုင်း စေတနာနဲ့ ကျွေးမွေးတာပါ။ အဲဒါကို ရှင်က ကျေးဇူးမတင်ဘဲ မျက်နှာကို တံတွေးနဲ့ထွေးသလို လုပ်တယ်။ စိတ်သဘောထားကြီးကြီးထားမှပေါ့။ စာအုပ်ထဲက မရနိုင်တဲ့ လက်တွေ့ဘဝအတွေ့အကြုံတွေကိုလည်း လေ့လာနိုင်အောင်

ကြိုးစားမှပေါ့'

ဟု ပြောသည်။ ထို့နောက် သတင်းစာကို ဆက်ဖတ်နေသည်။

ဟာဖေးသည် မာသာဟဲမင်းဝေး၏ မျက်နှာကို အတန်ကြာ စူးစိုက်၍ ကြည့်နေသည်။

'ကျွန်တော့်အနေနဲ့ ခင်ဗျားထင်ထားတာထက် ပိုပြီး အတွေ့အကြုံကို လေ့လာလိုက်စားချင် လိုက်စားနေမှာပေါ့။ ခင်ဗျားမသိလို့ ဖြစ်ချင်ဖြစ်မှာပါ။ လွန်ခဲ့တဲ့ ရက်အနည်းငယ်အတွင်းမှာ ကျွန်တော်ဟာ အတွေးအခေါ် ပြောင်းလဲလာတယ်ဆိုရင်ကော'

မာသာဟဲမင်းဝေးက သံသယမျက်လုံးများဖြင့် ဟာဖေးအား စိုက်ကြည့်နေသည်။ ပြီးတော့ သတင်းစာကို ပြန်ဖတ်နေသည်။

'ဒါပေါ့လေ၊ ရှင့်အနေနဲ့ ဆန်တာကရုဇ်မှာသွားပြီး လုပ်သင့်လုပ်ထိုက်တာတွေ လုပ်မယ်လို့ တွေးချင်လည်း တွေးမှာပေါ့'

'ခင်ဗျားအနေနဲ့ ကျွန်တော် ဘာလုပ်သင့်တယ်ဆိုတာ အကြံပေးဖို့များ ရှိနေသလား။ ရှိနေတယ်ဆိုရင်လည်း ကျွန်တော့်ကို ပြောပြနိုင်ပါတယ်'

'ကျွန်မကတော့ ရှင် ဒီမှာ ဆက်နေမယ်ဆိုရင်လည်း လက်ခံထားဖို့အသင့်ပါ။ ကျွန်မဟာ ရှင်ထင်ထားသလောက် မဆိုးဘူးဆိုတာ တွေ့ရပါလိမ့်မယ်။ ရှင်က လူတိုင်းကို မကောင်းဘူးလို့ ထင်နေတဲ့လူပဲ။ တကယ်လို့ ရှင်အမှန်အတိုင်းသိချင်တယ်ဆိုရင် ရှင်ထင်သလို ဩရီယိုလာသင်္ဘော ထွက်တာ မနက်ပိုင်းက မဟုတ်ဘူး။ ဒီနေ့မွန်းလွဲပိုင်းအချိန်ကမှ ထွက်တာ။ ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ ကျွန်မကတော့ ရှင့်ကို အန္တရာယ်မဖြစ်စေချင်ပါဘူး။ ရှင်နေချင်တယ်ဆိုရင် ဒီမှာနေပါ'

ဟာဖေးသည် စကားတစ်ခွန်းမှ ပြန်မပြောဘဲ အချိန်အတော်ကြာမျှ ငြိမ်ဆိတ်နေသည်။ မာသာဟဲမင်းဝေးက ဟာဖေးအား မော့ကြည့်သည်။

'ရှင် အလုပ်လုပ်ချင်တယ်ဆိုရင်တော့ လာဂူးနားကိုသွားပါလား။ ရှင် ဆရာဝန်တစ်ယောက် မဟုတ်လား။ လာဂူးနားမှာ ကူးစက်ရောဂါတစ်ခု အကြီးအကျယ်ဖြစ်နေတယ်။ အဲဒီမှာ အကူအညီလိုနေတာကတော့ အမှန်ပဲ။ ရှင်ဘာပြုလို့ အဲဒီကိုမသွားတာလဲ'

အတန်ကြာမျှ ငြိမ်ဆိတ်နေသည်။

'ဟုတ်တာပေါ့၊ ကျွန်တော် အဲဒီကို ဘာပြုလို့ မသွားချင်ရတာလဲ။ တကယ်သွားသင့်တာပေါ့'

ဟု ရေရွတ်သည်။ သူသည် သူ၏ လက်ရှိအခြေအနေကို စဉ်းစား နေသည်။ မာသာဟဲမင်းဝေး၏ အကြံပြုချက်သည် စဉ်းစားစရာကောင်း သည်ဟု ယူဆသည်။

သူလာဂုနားသို့သွားမည်။ ဘာကြောင့် စောစောက မစဉ်းစားမိတာ ပါလိမ့်။ သူ့အတွက် အလွန်ကောင်းသည့် အခွင့်အရေးတစ်ရပ် မဟုတ်ပါ လော။

'ရှင်သွားမယ်ဆိုရင် ပထမဆုံး ဟာမိုဆာရွာကို သွားရမယ်။

ဟု မာသာဟဲမင်းဝေးက ဆက်ပြောသည်။

'ကာဆာဒီလော့စ်ဆစ္စမလ်မြစ်ကြောင်းအတိုင်း လိုက်သွားရင် ရောက် တယ်။ ဆင်းရဲပင်ပန်းမှုကတော့ သေချာတယ်။ အေးအေးဆေးဆေး အချိန်မှာတောင် အဲဒီဘက်ကို သွားချင်တဲ့လူမရှိဘူး။ နေရာက အလွန်ခေါင် တယ်'

'ငါသွားမယ်'ဟု ဟာဗေးက တွေးသည်။ ဟုတ်တယ်၊ ငါ သွားကို သွားမှဖြစ်မယ်'

ရုတ်တရက် ဖြစ်ပေါ်လာသော ဆန္ဒသည် ဟာဗေး၏စိတ်ကို တွန်းအား ပေးလျက်ရှိသည်။ စိတ်လှုပ်ရှားနေဟန်ရှိသည့် ဟာဗေး၏မျက်နှာကို မာသာ ဟဲမင်းဝေး အထူးအဆန်းတစ်ခုသဖွယ် အံ့အားသင့်ပြီး ကြည့်နေသည်။

'ကျွန်မက ရှင့်ကို အကြံပြုတဲ့သဘောပါ။ အတင်းတိုက်တွန်းနေတာ မဟုတ်ပါဘူး။ ရှင့်ကို ကောင်းစေလိုတဲ့ စေတနာနဲ့ ပြောတာပါ။ တကယ် လို့ ရှင်သွားမယ်ဆိုရင်တော့ သိပ်ပင်ပန်းသေချာတယ်'

ဟာဗေးသည် ကုလားထိုင်ကို တွန်းဖယ်လိုက်ပြီး ထိုင်ရာမှထကာ တံခါးဆီသို့ လျှောက်သွားသည်။

'ရှင်...ဘယ်လိုဖြစ်တာလဲ၊ အခုချက်ချင်းသွားတော့မလို့လား။ ရှင့်မှာ အနားယူဖို့လိုနေသေးတယ်။ မုတ်ဆိတ်မွေး နှုတ်ခမ်းမွေးတွေကို ရိတ်ပြီး

သန့်သန့်စင်စင်ဖြစ်အောင် လုပ်ဦးမှပေါ့'

ဟု မာသာဟဲမင်းဝေးက အလန့်တကြားတားသည်။

'ကျွန်တော် အခုမသွားသေးပါဘူး'

ဟု ဟာဗေးက ပြန်ပြောသည်။

'ကော်ကိုရန်ဆီသွားပြီး သူ့လက်မောင်းက ဒဏ်ရာကို ကြည့်ဦးမှ ဖြစ်မယ်'

'ရှင်တစ်ယောက်တည်း ဘယ်သွားလို့ဖြစ်မလဲ။ ကျွန်မပါလိုက်မှ ဖြစ်မှာပေါ့'

မာသာဟဲမင်းဝေးကပြောကာ လက်ထဲမှ ဆေးပြင်းလိပ်တိုကို ဆေးလိပ်ခွက်ထဲသို့ ထိုးချေလိုက်သည်။ သူသည် ဟာဗေး၏ရှေ့မှ လျှောက်သွားကာ သစ်သားလှေကားအတိုင်း အောက်ထပ်သို့ ဆင်းသည်။ အောက်ထပ်မှ အိုးသံ ခွက်သံများ၊ ပန်းကန်သံများ၊ ရယ်သံများနှင့် အမျိုးသမီးတစ်စု၏ အငြင်းအခုန်ဖြစ်နေသံများကို ကြားနေရသည်။

အောက်ထပ်သို့ ရောက်သည့်အခါ မာသာဟဲမင်းဝေးသည် ညစ်ပတ်ပေရေနေသော အိပ်ခန်းကြီးတစ်ခန်း၏ တံခါးကို ဖွင့်၍ ရှေ့မှ ဝင်သွားသည်။ အခန်းအလယ်တွင် ခုတင်တစ်လုံးရှိ၍ ထိုခုတင်ပေါ်တွင် လဲလျောင်းနေသူမှာ ကော်ကိုရန်။ သူ့လက်မောင်းတွင် ပတ်တီးစည်းထားသည်။ မျက်မှန်ကို အကျအနတပ်ကာ ပလေတို၏စာအုပ်ကို ဖတ်နေသည်။ သူ့နှုတ်ခမ်းများသည် တလှုပ်လှုပ်။ ဟာဗေးတို့ ဝင်လာသံကို သူမကြား။

'ဘွားဘွားကြီးရေ အိပ်ရာကထဦး၊ ရှင့်မိတ်ဆွေက ရှင်နဲ့ တွေ့ချင်လို့'

ဟု မာသာဟဲမင်းဝေးက ပြောင်နောက်နောက်လေသံဖြင့် အော်ပြောသည်။

ကော်ကိုရန်က ခေါင်းထောင်၍ကြည့်သည်။ အလွန်ရွှင်မြူးသည့် ဟန်အမူအရာဖြင့် ဆီး၍ နှုတ်ဆက်သည်။

'တော်သေးတာပေါ့'

ဟု ရေရွတ်သည်။

'မင်းက ငါ့ကိုတောင် နှုတ်မဆက်ဘဲ လစ်သွားပြီလို့ ထင်နေတာ။

ကဲ...ပြောစမ်းပါဦး။ မင်းဘာပြုလို့ သဘော်နဲ့လိုက်မသွားတာလဲ'

'သဘော်က ထွက်သွားပြီ၊ ကျွန်တော်မမီတော့ဘူး'

'အေးကွာ၊ အဲဒါဆိုရင်တော့ ကံဆိုးတာပေါ့'

'တော်စမ်းပါ၊ သဘော်ထွက်လိမ့်မယ်ဆိုတာ သိရဲ့သားနဲ့ ကျွန်တော့်ကို မနိူးတော့ ခင်ဗျားမကောင်းလို့ဘဲ'

'ကဲ...ကြားတယ်မဟုတ်လား၊ ငါကတော့ သူ့ကို တွဲခေါ်လာခဲ့ရတယ်။ သူကတော့ ငါ့ကို အကောင်းမထင်ဘူး'

မာသာဟဲမင်းဝေးဘက်လှည့်၍ ပြောသည်။ ထို့နောက် ဟာဗေးအား လှည့်ကြည့်သည်။

'ဒါလည်း တစ်မျိုးကောင်းပါတယ်ကွာ၊ မင်းနဲ့ငါ အတူတူနေရတာပေါ့'

ဟာဗေးသည် ကော်ကိုရန်၏ လက်မောင်းမှ ပတ်တီးကို ဖြည်၍...

'ဒဏ်ရာက ဘယ်လိုနေသေးလဲ'

မေးသည်။ ဒဏ်ရာမှာ အပေါ်ယံ ရှပ်ထိသွားခြင်းဖြစ်၍ စိုးရိမ်စရာတော့မရှိ။

'ဒဏ်ရာက နာတောင်မတော့ပါဘူးကွာ၊ ကော်ကိုရန်ဆိုတဲ့ အကောင်က ဒီလောက်တော့ အပျော့ပေါ့။ အပ်ကလေးတစ်ချောင်း စူးတာလောက်ပဲ ရှိပါတယ်'

'ရက်နည်းနည်းလောက် နားလိုက်ရင် ဒဏ်ရာက သက်သာသွားမှာပါ'

ဟု ဟာဗေးက ပြောကာ ပတ်တီးကို ပြန်စည်းပေးသည်။ ထို့နောက် တည်ငြိမ်အေးဆေးသောလေသံဖြင့်...

'အခုလောလောဆယ် ကျွန်တော် လာဂူးနားကို သွားမယ်။ ဟိုမှာဖြစ်နေတဲ့ ကူးစက်ရောဂါအခြေအနေကို သွားပြီးကြည့်လိုက်ဦးမယ်'

ဟု ပြောသည်။

ကော်ကိုရန်သည် တစ်ခဏမျှ နှုတ်ဆိတ်သွားသည်။ ထို့နောက် သက်ပြင်းတစ်ချက်ချကာ...

'အေး...ဒါလည်းကောင်းတာပဲ'

ဟု ပြောသည်။

'ဒါပေမဲ့ ငါဘာလုပ်ရမလဲ၊ အခုလောလောဆယ် ငါ့မှာ ဘာအလုပ်မှ မရှိဘူး။ ငါ မင်းနဲ့လိုက်ခဲ့ရင် ကောင်းမလား'

'ကျွန်တော်နဲ့လိုက်လို့ ဘာမှအခိပ္ပာယ်မရှိပါဘူး။ ခင်ဗျားမှာ ဒဏ်ရာ ရထားတယ်။ နှစ်ရက် သုံးရက်လောက်တော့ နားနေဦးမှဖြစ်မဟာ'

'ဒီလိုဆိုရင်လည်း တစ်ရက် နှစ်ရက်နေတော့ ငါလိုက်ခဲ့မယ်။ မင်း ငါ့ကို အလွယ်တကူနဲ့ ခွာချခဲ့လို့ ဘယ်ရမလဲ'

'ဘာပြုလို့ လိုက်ချင်ရတာလဲဗျာ'

ဟု ဟာဖေးက ပြောသည်။

'ကျွန်တော်ကတော့ ခင်ဗျားကို ခေါ်မသွားချင်ဘူး'

'မင်းမခေါ်ချင်လည်း ငါကတော့ လိုက်မှာပဲ'

ဟု ကော်ကိုရန်က ပြုံးဖြဲဖြဲလုပ်၍ ပြောသည်။

*

## [ တစ်ဆယ့်ခုနစ် ]

အနောက်ဘက်တောင်ထိပ်ဆီသို့ နေလုံး မေးတင်စပြုချိန်တွင် ဟာဖေးသည် ဟာမိုဆာရွာဆီသို့ ခြေကျင်ခရီး ထွက်ခဲ့သည်။ ဟာမိုဆာရွာသည် လာဂူးနား၏ အောက်ဘက်တွင် တည်ရှိသည်။ အတော်ဝေးသောခရီးဖြစ်၍ တစ်ခုသော တောင်ပေါ်လမ်းခရီးသည် မတ်စောက်လွန်းလှချေသည်။ သို့သော်လည်း ဆုံးဖြတ်ချက်တစ်ခုကို ချပြီးသည့်အတိုင်း ခေါင်းမာစွာဖြင့် လုပ်တတ်သော ဟာဖေးသည် မည်မျှပင် ပင်ပန်းစေကာမူ ခြေကျင်သွားမည်ဟု ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။ အမြင့်ပိုင်းသို့ ရောက်လာသည့်အခါ လေသည် တိုး၍ ထန်လာသည်။ သူ့ရှူးဖိနပ်များတွင်လည်း ဖုန်အလိမ်းလိမ်းကပ်ကာ ညစ်ပတ်ပေရေလာသည်။ နဖူးတွင်လည်း ချွေးသီးချွေးပေါက်များ စို့လာသည်။ မည်သို့ပင်ဖြစ်စေ သူ့စိတ်ကတော့ ယခင်ကထက် အေးဆေးတည်ငြိမ်လာသည်။

သူသည် နေဝင်ရာဘက်သို့ ဦးတည်၍ လျှောက်သည်။ တယ်လ်ဒီတောင်တန်း၏ ပတ်ပတ်လည်တွင် ချော်ခဲများလွှမ်းလျက်ရှိသည်။ မီးတောင်

၏ နှုတ်ခမ်းဝပေါ်တွင် တိမ်တစ်လိပ်သည် ရွေ့လျားလျက်ရှိသည်။ ပတ်ဝန်းကျင်တွင် စိမ်းစိုသော ငှက်ပျောပင်များ လေတိုက်တိုင်း လှုပ်ရှားလျက်ရှိကြ၏။ မြစ်ရေပြင်သည် တလက်လက်တောက်ပနေဆဲ။

ရေကန်လေးပတ်ဝန်းကျင်တွင် တောင်ဆိတ်သုံးကောင်သည် ရေသောက်လျက်ရှိကြသည်။ သူသည် အမြင့်ပိုင်းသို့ ရောက်လာသည့်အခါ ယူကလစ်ပင်များ အများအပြားကို တွေ့ရသည်။ အောက်ဘက်ရှိ ပင်လယ်ကွေ့သည် အေးဆေးငြိမ်သက်လျက်ရှိ၏။ ဆိုက်ကပ်ထားသည့် သင်္ဘောများနှင့် ရွေ့လျားနေကြသည့် ရေယာဉ်များသည် ကလေးကစားစရာ အရုပ်ကလေးများနှင့် တူနေသည်။ မြို့သည် ပင်လယ်ကွေ့၏ပတ်ပတ်လည် ကမ်းခြေပေါ်၌ တည်ထားခြင်း ဖြစ်သည်။ သူသည် မြို့ဆီသို့ သက်ဆင်းရာ လမ်းမကြီးကို ပြက်ပြက်ထင်ထင် မြင်နေရပြီဖြစ်၏။ အချို့သောအိမ်များ၏ လသာဆောင်များသည် ပင်လယ်ပြင်ဘက်သို့ မျက်နှာပြုထားကြသည်။ အချို့အိမ်များမှာမူ နိမ့်ချည်တစ်ခါ မြင့်ချည်တစ်လှည့် ဖြစ်နေသော တောင်ကုန်းများ၏ နောက်တွင် ပုန်းကွယ်နေကြ၏။

သူလျှောက်လာခဲ့သည်မှာ တစ်နာရီခန့်ရှိခဲ့ပြီ။ နောက်တစ်ခဏမျှအကြာတွင် သူသည် လာတူယက်စတာ ရွက်ငယ်တဲကလေးထဲမှ ဖြတ်လာရသည်။ အိမ်ခြေအနည်းငယ်မျှသာရှိသောရွာဖြစ်၏။ ဆေးဖြူသုတ်ထားသော ဘုရားရှိခိုးကျောင်းသည် သပ်ရပ်ခံ့ညားလှ၏။ ရွာငယ်သည် လူသူကင်းမဲ့နေသည့်နှယ် တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။ သူ ရွာထဲမှ ထွက်လာသည့်ခါ ပို၍မြင့်မားသောအပိုင်းသို့ ရောက်လာသည်။ သူလျှောက်နေရသော လမ်းသည် လမ်းကျဉ်းကလေးဖြစ်၏။ နောက်တစ်မိုင်ခန့်လျှောက်မိ၍ လမ်းကွေ့တစ်ခုသို့ အရောက်တွင် သူ့ရှေ့မှ ရေအိုးတစ်လုံးရွက်၍ လျှောက်သွားနေသော မိန်းကလေးတစ်ယောက်ကို မြင်သည်။ သူသည် ခြေလှမ်းများကို သွက်သွက်လှမ်းကာ မိန်းကလေးကို မီအောင်လိုက်သည်။ အနီးသို့ရောက်သည်နှင့်တစ်ပြိုင်နက် စပိန်ဘာသာစကားဖြင့် . . .

'ဆီညော်ရီတာ၊ ဒီလမ်းဟာ ဟာမိုဆာရွာကို သွားတဲ့လမ်းလား။ လာဂူး နားမြို့ရဲ့ အောက်ဘက်က ရွာကို ပြောတာ'

ဟု လှမ်းမေးသည်။

မိန်းကလေးသည် သူ့အား လှည့်ကြည့်ပြီး စေ့စေ့စပ်စပ်ကြည့်၍ အကဲခတ်သည်။ သူ့အကျႌသည် စုတ်ပြဲကာ ညစ်ပတ်ပေရေလျက်ရှိ၏။ အသက်ဆယ့်ငါးနှစ်ထက် ပိုဦးမည်မထင်။

'လာ လာဂူးနားလား'

'ဟုတ်တယ်၊ ငါအခုရောက်နေတာ လာဂူနားကိုသွားတဲ့လမ်း ဟုတ်ရဲ့လား'

'ဒီလမ်းကို ဘုရင်လမ်းလို့ခေါ်တယ်'

ဟု မိန်းကလေးက ပြောသည်။ ဟာဖေးသိထားခဲ့ရသည့်အတိုင်း ဆိုပါက ဤလမ်းသည် လမ်းဟောင်းဖြစ်သည်။ လာဂူးနားကို သွားရာလမ်းလည်း ဖြစ်၏။ သို့သော်လည်း ပို၍သေချာစေရန်အတွက် ဟာဖေးက…

'ဒီလမ်းဟာ လာဂူးနားကိုသွားတဲ့လမ်းလား'

ဟု ထပ်မေးသည်။

မိန်းကလေးက မဖြေ။ မိန်းကလေးသည် သူ့ကိုပင် သတိမရတော့သည့်နှယ် သူ့လမ်း သူဆက်လျှောက်သွားသည်။ နှစ်ဦးစလုံး ငြိမ်ဆိတ်စွာ ဆက်လျှောက်လာကြသည်။

သစ်ပင်တစ်အုပ်ကို ကျော်ဖြတ်မိသည့်အခါ မိန်းကလေးက ရပ်လိုက်ပြီး သူ့လက်ထဲရှိ အဝါရောင်ပန်းဖြင့် တစ်နေရာသို့ ထိုးပြသည်။

ဟာဖေးက လှမ်းကြည့်သည်။ ခံတပ်ဟောင်းကြီးတစ်ခု၏ မျှော်စင်များကို မြင်ရသည်။

'ဒီဟာ လာဂူးနား'

ဟု မိန်းကလေးက ထပ်ပြောသည်။

'ဆန်ခရစ္စတိုဘယ်လ်ရီလာဂူးနား'

'အဲဒီမြို့ထဲမှာ ကူးစက်ရောဂါ ဖြစ်နေတယ်ဆိုတာ ဟုတ်သလား'

ဟု ဟာဖေးက မေးသည်။

'ဟုတ်တယ် ဆီညော်'

ဟု ပြောကာ မိန်းကလေးက ခေါင်းညိတ်သည်။

'ငါ မိုဆာရွာကို ရောက်အောင်သွားချင်တယ်။ အဲဒီရွာ ဘယ်မှာရှိတယ်ဆိုတာ မင်းပြောပြနိုင်မလား'

မိန်းကလေးသည် ဟာဖေး၏စကားကို စဉ်းစားနေသည့်နှယ် ငြိမ်ဆိတ်နေသည်။

အတန်ကြာမှ...

'အဲဒီဘက်မှာ ရောဂါအများကြီး ဖြစ်နေတယ်။ လာဂူးနားမြို့မှာတော့ နည်းနည်းသက်သာသွားပြီလို့ ကြားတယ်။ ဟာမိုဆာရွာမှာတော့ ရောဂါက သိပ်ဆိုးနေတုန်းပဲ'ဟု အဖြေပေးသည်။

'ငါ ဟာမိုဆာကို သွားချင်တယ်'

'အဲဒီရွာမှာ ရောဂါဖြစ်နေတယ်၊ သွားလို့မရဘူး'

ဟာဖေးက ဘာမှပြန်မပြော။ နှစ်ဦးသား တိတ်ဆိတ်စွာ ဆက်၍ လျှောက်ကြပြန်သည်။ နောက်ထပ်တစ်နေရာသို့ ရောက်သည့်အခါ မိန်းကလေးက လမ်းမကြီးမှ ခွဲထွက်သွားသောလမ်းတစ်လမ်းကို ညွှန်ပြသည်။

'ဆီညော်မသွားလို့ မဖြစ်ဘူးဆိုရင် အဲဒီလမ်းအတိုင်း လိုက်သွားပါ။ ရွာကို ရောက်လိမ့်မယ်'

ဟု ပြောသည်။

ဟာဖေးက မိန်းကလေးအား ကျေးဇူးတင်စကားပြောကာ သူညွှန်လိုက်သည့် လမ်းအတိုင်း ဆက်လျှောက်သည်။ ထင်းရှူးပင်များ၏ အရိပ်ကိုခို၍ လျှောက်နေရခြင်း ဖြစ်၏။ မိန်းကလေးက သူ့အား ရပ်ကြည့်နေသည်ဟု စိတ်ထဲက ထင်မိသဖြင့် နောက်သို့ ဖြတ်ခနဲပြန်လှည့်ကြည့်သည်။ သူထင်ထားသည့်အတိုင်းပင်ဖြစ်သည်။ မိန်းကလေးသည် လမ်းမပေါ်ရပ်ကာ သူ့အား စောင့်ကြည့်နေသည်။

ဟာဖေးက ပြန်လှည့်ကြည့်လိုက်သည့်အခါ သူသည် သူ့နဖူးနှင့် ပခုံးနှစ်ဖက်ကို လက်ဖြင့်ထိ၍ လက်ဝါးကပ်တိုင်ပုံသဏ္ဌာန်ပြုလိုက်ပြီး လှည့်ထွက်သွားသည်။ ထိုအချိန်တွင် နေလုံးသည် ကွယ်ပျောက်သွားခဲ့လေပြီ။ လေသည် စောစောကထက် ပို၍ ပို၍ အေးလာသည်။

တောအုပ်သည် မှောင်မည်းလျက်ရှိသည်။ လမ်းကလည်း ကျဉ်းမြောင်းလှချေသည်။ ညီညာချောမွေ့ခြင်းလည်းမရှိ။ ချိုင့်တွေ ကျဉ်းတွေ ခဲလုံးတွေနှင့် ပြည့်နေသည်။ မကြာခဏ ခလုတ်တိုက်ကာ လဲမလိုဖြစ်ရ၏။ သူတိုက်မိသော ခဲလုံးတစ်လုံးသည် လမ်းဘေးတစ်ဖက်ရှိ ချောက်ထဲသို့ လိမ့်ဆင်းသွားသံကြားလိုက်ရ၏။ သစ်ပင်များကြားမှ အရှိန်ဖြင့် ဝင်လာနေသော လေသည် အသံအမျိုးမျိုးပေးကာ အော်မြည်လျက်ရှိကြပါသည်။

ခြေလှမ်းတစ်ရာခန့် လျှောက်မိသောအခါ သစ်ပင်များသည် ကျိုးတိုးကျဲတဲဖြစ်လာသည်။ သစ်သားတံတားတစ်ခု ကျော်ဖြတ်မိသည့်အခါ ကွင်းပြင်တစ်ခုကို တွေ့ရသည်။

ကွင်းပြင်၏ အလယ်တွင် အိမ်တစ်လုံး။ စိုက်ပျိုးခြံတစ်ခြံ ဖြစ်ဟန်တူ၏။ မည်သို့ပင်ဖြစ်စေ သူရှာဖွေနေသောနေရာသည် ဤနေရာပင် ဖြစ်လိမ့်မည်ဟု သူယူဆသည်။

မြေသြဇာအလွန်ကောင်းပုံလည်းရ၏။ စိုက်ပျိုးထားသည့် ဟင်းသီးဟင်းရွက်ခင်းများမှာ သန်စွမ်းလှချေသည်။

သူသည် ဝင်းတံခါးမှရပ်ခါ အတွင်းဘက် မျှော်ကြည့်သည်။ ဖူးပွင့်နေကြသည့် ရောင်မျိုးစုံပန်းများကို မြင်တွေ့နေရသည်။ အပြာ၊ အဝါ၊ အနီနှင့် ပန်းရောင်၊ အရောင်မျိုးစုံ ဖြစ်သည်။

သူသည် ဂိတ်တံခါးကို ပခုံးနှင့်တွန်း၍ ဖွင့်သည်။ ဖွင့်၍မရ။ အတွင်းမှနေ၍ သော့ခတ်ထားခြင်းပေတည်း။ သို့သော်လည်း သူစိတ်ပူစရာမလို။ ခြံစည်းရိုးပတ်ပတ်လည် အပေါက်တွေ ဗရပွနှင့် ဖြစ်သည်။ တကယ်တော့ ဤအိမ်သည် ကာဆာဒီလော့စ်ဆစ္စနက်ဟုခေါ်သော ငန်းတို့ပျော်ရာအိမ်ဂေဟာဟု အမည်ပေးထားသော အိမ်ပေတည်း။

သူသည် အချိန်အတန်ကြာမျှ ရပ်ကာ အတွင်းဘက်သို့ မျှော်ကြည့်နေသည်။ အံ့သြခြင်းနှင့် ထူးဆန်းသော စိတ်လှုပ်ရှားမှုကို ခံစားနေရ၏။ ဤအိမ်၏အမည်သည် ‘ငန်းတို့ပျော်ရာ အိမ်ဂေဟာ’ဟု ဖြစ်၏။ တိုက်ဆိုင်မှုတစ်ခုပေလား။

သူသည် ညာဘက်ထောင့်သို့ လျှောက်သွားကာ ခြံစည်းရိုးပေါက်မှ

တိုး၍ အတွင်းသို့ ဝင်လိုက်သည်။ ပထမဆုံး တွေ့လိုက်ရသည့် အိမ်ငယ် နှစ်လုံးသည် ဘေးချင်းယှဉ်လျက်ရှိ၏။ သူသည် အိမ်တစ်လုံး၏တံခါးကို ပြင်းပြင်းခေါက်လိုက်သည်။ အတွင်းမှ ဘာသံမှမကြားရ။ တံခါးကို သော့ ခတ်ထားသည်။ ပြတင်းပေါက်များလည်း ပိတ်ထားသည်။ အိမ်ရှင်များ၏ စွန့်ပစ်မှုကို ခံခဲ့ရသည်မှာ အချိန်အတော်ကြာပြီဟု ယူဆရသည်။

သူသည် ဘေးတစ်ဖက်မှ အိမ်ဆီသို့ လျှောက်သွားသည်။ အိမ်ရှေ့ တံခါးသည် ပွင့်လျက်ရှိ၏။ အတွင်းဘက်မှ အခန်းတစ်ခန်းကို မှုန်ဝါးဝါး မြင်ရသည်။ လူရှိပုံမရ။ သို့သော်လည်း မြေပေါ်တွင်ခင်းထားသည့် စောင် တစ်ထည်ပေါ်၌ လူသေလောင်းတစ်လောင်းရှိနေသည်။ လူသေ၏ မျက်လုံး များသည် ပွင့်လျက်ရှိပြီး ပါးစပ်သည် ဟလျက်ရှိ၏။ အနီးရှိ စင်ပေါ်တွင်မူ ဖယောင်းတိုင် နှစ်တိုင် ထွန်းထားသည်။ ဖယောင်းတိုင်မှ အလင်းရောင်သည် လူသေ၏မျက်နှာပေါ်သို့ ကျလျက်ရှိ၏။

သူ့ဘာမှလုပ်ပေးနိုင်သည့် အခြေအနေမဟုတ်။ ဟာဗေးသည် အိမ်ထဲမှ ပြန်ထွက်ကာ တံခါးကို ပိတ်လိုက်သည်။ သူသည် ကုန်းမြင့်ပေါ်သို့တက် သည့် လမ်းအတိုင်း တက်လာခဲ့သည်။ ကြီးကျယ်ခမ်းနားစွာ ဆောက်လုပ် ထားသည့် အိမ်ကြီးတစ်လုံးဆီသို့ ရောက်သွားသည်။ အိမ်သည် ဖရိုဖရဲ ဖြစ်လျက်ရှိ၏။ ဆင်ဝင်သည် အောက်ဘက်သို့ နိမ့်ဆင်းလျက်ရှိသည်။ နံရံအားလုံးသည် စိုစွတ်ကာ ညစ်ပတ်ပေရေလျက်ရှိသည်။ အိမ်ရှေ့တံခါး ၏ ဘေးတစ်ဖက်တစ်ချက်၌ တင်ထားသော ပန်းအိုးနှစ်လုံးသည် လဲကျ လျက်ရှိကြသည်။

သူသည် အိမ်ရှေ့လှေကားမှတက်သွားပြီး အိမ်ရှေ့တံခါးဝရှိ ခေါင်း လောင်းကြိုးကို ဆွဲသည်။ မိနစ်အနည်းငယ်မျှသွားသော်လည်း အတွင်း ဘက်မှ ဘာသံမှ မကြားရ။ သူသည် ခေါင်းလောင်းကြိုးကို နောက်တစ်ကြိမ် ထပ်ဆွဲပြန်သည်။ ထိုအခါကျမှပင် အသက်လေးဆယ်ကျော် ငါးဆယ် အတွင်းအရွယ် အိမ်စေမိန်းမကြီးတစ်ယောက် တံခါးလာဖွင့်ပေးသည်။ မိန်းမကြီးသည် သူ့အား အလွန်အံ့သြသည့် မျက်နှာထားဖြင့် ကြည့်နေသည်။

'ကျွန်တော် အိမ်ရှင်နဲ့ တွေ့ချင်လို့ပါ'

မိန်းမကြီးမျက်နှာတွင် ထိတ်လန့်ကြောက်ရွံ့သည့် အရိပ်အငွေ့များ ထင်ဟပ်လာသည်။

'အချိန်သိပ်နောက်ကျနေပြီ ဆီညော်၊ မိုးချုပ်သွားပြီ'

ဟု ပြောသည်။

'သိပ်ပြီး မိုးမချုပ်သေးပါဘူး'

'မနက်ဖြန်မှလာရင် ပိုကောင်းပါလိမ့်မယ်'

ဟာဗေးက ခေါင်းခါသည်။

'ကျွန်တော် ခင်ဗျားသခင်မနဲ့ မတွေ့လို့မဖြစ်ဘူး'

'မြို့စားကတော်ကြီးက အသက်ကြီးလှပြီ။ သူ့မှာ ရောဂါလည်းရှိတယ်။ အတွေ့ခံမယ်မထင်ဘူး'

ဟာဗေးသည် အိမ်ထဲသို့ ခြေနှစ်လှမ်းမျှ လှမ်း၍ ဝင်လိုက်သည်။ မိန်းမကြီးက နောက်ဆုတ်သွားသည်။

'ကျွန်တော်ရောက်နေတယ်လို့ သူ့ကိုသွားပြောပါ'

အိမ်စေမကြီးသည် ဟာဗေး၏မျက်နှာကို စူးစူးရဲရဲကြည့်သည်။ သူ့လက်နှစ်ဖက်သည် သူ့ခါးစည်းအဝတ်ကို ဆုတ်လိုက် ချေလိုက် လုပ်နေသည်။ ထို့နောက် မကျေမနပ်လေသံဖြင့် ပါးစပ်မှ ရေရွတ်ကာ နောက်သို့ ချာခနဲလှည့်ပြီး လှေကားမှနေ၍ အပေါ်ထပ်သို့ တက်သွားသည်။

ဟာဗေးသည် သူရောက်နေသည့် ပတ်ဝန်းကျင်ကို တစေ့တစောင်း အကဲခတ်သည်။ ကြီးမားကျယ်ဝန်းသော ခန်းမကြီးဖြစ်၏။ ပြင်ဆင်ထားပုံမှာလည်း တခမ်းတနားရှိလှ၏။ နံရံများပေါ်တွင် တံဆိပ်အမျိုးမျိုး ချိတ်ဆွဲထားသည်ကိုလည်း မြင်ရသည်။ စစ်သူရဲကောင်းကြေးရုပ်များကိုလည်း မြင်နေရ၏။ 'ငါလျှောက်လာရတာ အဝေးကြီးပဲ။ အတော့ကို ပင်ပန်းနေပြီ'ဟု တွေးနေမိသည်။

ရုတ်တရက် လှေကားမှ ဆင်းလာသည့် ခြေသံကို ကြားလိုက်ရသဖြင့် သူသည် ဖျတ်ခနဲမော့ကြည့်လိုက်၏။ အဘွားအိုတစ်ယောက် ဆင်းလာနေသည်ကို မြင်ရသည်။ သူဆင်းလာနေပုံသည် နှေးကွေးလေးလံလှ၏။ သူ့မျက်နှာကတော့ တည်ငြိမ်ခံ့ညားလှသည်။ တစ်ကိုယ်လုံးတွင် အနက်

ရောင် အဝတ်များ ဝတ်ထားသည်။ အလွန်ရှေးကျသော အဝတ်အစားများ ဖြစ်၏။

အဘွားအို သူ့အနီးသို့ ရောက်လာသည့်အခါကျမှပင် ဟာဗေးသည် အဘွားအို၏ အိုမင်းရင့်ရော်မှုများကို ပြက်ပြက်ထင်ထင်မြင်ရသည်။ အဘွားအို၏ အသားသည် အဝါရောင်သန်းနေပြီး ပါးရေနားရေများသည် အလွန်အမင်းတွန့်လျက်ရှိကြ၏။ သူ့လက်တွင် လက်ကောက်များနှင့် ရှေးဟောင်း လက်စွပ်များ ဝတ်ဆင်ထားသည်။

ဟာဗေးက အဘွားအိုအားဆီးကြိုပြီး အရိုအသေပေးကာ သူ့အကြောင်းကို ကပျာကယာရှင်းပြသည်။

'ကျွန်တော်ဟာ အင်္ဂလိပ်လူမျိုး ဆရာဝန်တစ်ယောက်ပါ ခင်ဗျာ'

ဟု ပြောသည်။

'ကျွန်တော့်နာမည်က ဟာဗေးလိဒ်လို့ခေါ်ပါတယ်။ ကျွန်တော့်အနေနဲ့ ခင်ဗျားရဲ့နယ်မြေနဲ့ ဒီအနားကရွာမှာ ကူးစက်ရောဂါတစ်ခု ဖြစ်နေတယ်လို့ သိထားခဲ့ရပါတယ်။ ရောဂါက အလွန်ဆိုးတဲ့ရောဂါပါ။ ကျွန်တော် အခုလာတာဟာ ဒီရောဂါအတွက် ခင်ဗျားလက်ခံမယ်ဆိုရင် ကူညီဖို့လာတာပါ'

အဘွားအိုသည် ကြည်လင်တောက်ပဆဲဖြစ်သော မျက်လုံးတို့ဖြင့် ဟာဗေးအား ပြန်ကြည့်နေသည်။ နောက်ဆုံးကျမှ...

'ဒီကို ဘယ်သူမှ မလာကြဘူးကွဲ့'

ဟု ပြောသည်။

'အခုအချိန်မျိုးမှာတော့ မြို့စားကတော်ကြီး မာကွီဆာဒီလူယီဂိုဆီကို ဘယ်သူမှ မလာကြတော့ဘူးပေါ့လေ။ သူက အိုလှပြီမဟုတ်လား။ သူ့ခမြာ တစ်နေကုန်တစ်နေခန်း သူ့အခန်းထဲမှာပဲ ထိုင်နေရတာ။ ခေါ်မှပဲ အောက်ကိုဆင်းရတာ။ သူ့မှာ ဘာမှလည်း လုပ်စရာမရှိဘူး။ ဘုရားရှိခိုးဖို့ပွဲရှိတယ်။ ဘုရားမှန်မှန်ရှိခိုးနေတာ အကောင်းဆုံး အမြင့်မြတ်ဆုံးအလုပ်ပဲလို့ ဒွန်ဘာလ်သာဆာက ပြောတယ်။ အခုတော့ သူလည်းသေသွားပြီ။ အစ္စဘယ်လ်ဒီလူယီရိုကတော့ အခုချိန်ထိ မသေသေးဘူး။ သူကတော့ သူ့

အခန်းထဲက ထိုင်ပြီး သေမယ့်ရက်ကို စောင့်မျှော်နေတုန်းပဲရှိသေးတယ်။ အေးပေါ့ကွယ်၊ မင်းက သူ့ဆီလာလည်တော့လည်း ဒါဟာ သနားကြင်နာမှု ဆိုတဲ့ ကရုဏာတရားကို ပြရာရောက်ပါတယ်။

အဘွားကြီး၏စကားကြောင့် ဟာဗေးသည် များစွာစိတ်ထိခိုက်ခြင်း ဖြစ်ရ၏။

'ကျွန်တော် ဆန်တာကရုဇ်ကိုရောက်လာတော့ ဒီဘက်မှာ ရောဂါ ဖြစ်နေတယ်လို့ ကြားရပါတယ်။ ပြီးတော့ ဟာမိုဆာရွာမှာလည်း ဒီရောဂါ ဖြစ်နေတယ်လို့ သိရပါတယ်။ ကျွန်တော့်မှာ လုပ်စရာအလုပ်ကလည်း ဘာတစ်ခုမှမရှိတော့ ဒီကိုရောက်လာတာပါ။ ကရုဏာတရားဆိုတာ ရှိနေ လို့တော့ မဟုတ်ပါဘူး ခင်ဗျာ'

ဟု ရှင်းပြသည်။

'ဘာပဲဖြစ်ဖြစ် အင်မတန်မြင့်မြတ်တဲ့ စေတနာနဲ့မေတ္တာကို ဖော်ပြတဲ့ လုပ်ရပ်တစ်ခုပါ ဆီညော်။ ဒါပေမဲ့ အစားတစ်ခုခုတော့ စားမှဖြစ်မယ်။ လူအိုတွေဆီက အကြံကောင်း ဉာဏ်ကောင်း ရတတ်တယ်ဆိုတဲ့စကား ကြားဖူးတယ် မဟုတ်လား။ မင်း အစာတော့စားမှဖြစ်မယ်'

'မလိုပါဘူးခင်ဗျာ'

ဟု ဟာဗေးက ပြောသည်။

'ရောဂါရှိတဲ့နေရာကိုသာ ကျွန်တော် အရင်ဆုံးသွားပြီး ကြည့်ပါရစေ'

'ရောဂါက ရွာထဲမှာဖြစ်နေတာ၊ လူတွေအများကြီးဖြစ်နေပြီ။ အခု ဆိုရင် သေကုန်တာတွေလည်း မနည်းတော့ဘူး။ ဒီမြေပေါ်မှာလည်း အားလုံး လိုလိုပဲ သေကုန်ကြပြီး ကျန်တဲ့လူတချို့က ထွက်ပြေးကုန်တယ်။ အားလုံး ပါပဲ။ ငါနဲ့ မာနူလီယာ နှစ်ယောက်ပဲ ကျန်ခဲ့တာ။ ဂိတ်စောင့် ပက်ဘလို ဟာ နောက်ဆုံးလူပဲ။ သူသေတာ ဒီနေ့မွန်းတည့်ချိန်က သေတာ'

အဘွားအိုသည် သူ့နောက်နား၌ ရပ်နေသော အိမ်စေမကြီးကို လှည့် ကြည့်ပြီး . . .

'မာနူလီလာ၊ ဟောဒီဆီညော်နဲ့ ငါနဲ့ ဒီည ညစာအတူတူစားမယ်'

ဟု ပြောသည်။

အိမ်စေမကြီး မာနူလီယာ၏ မျက်နှာသည် ပို၍မကြည်မသာဖြစ်သွားသည်။ စိတ်ပျက်စိတ်ရှုတ်သွားသည့် အမူအရာကိုလည်း သိသာစွာ ဖော်ပြသည်။

'ဒါပေမဲ့ မာကွီဆာအတွက် ညစာက အဆင်သင့်ပြင်ထားပြီးနေပြီ'

ဟု အိမ်စေမကြီးက ပြောသည်။ သူ့အသံသည် တစ်ဦးတည်းအတွက်သာ ပြင်ဆင်ထားခြင်းဖြစ်သည်ဟု အသိပေးသည့်လေသံဖြစ်၏။ သို့သော်လည်း အဘွားအိုက ဂရုမစိုက်။ ဝမ်းသာရွှင်မြူးနေသည့် လေသံဖြင့် ဟာဗေးအား လှမ်းပြောသည်။

'ကဲ...ကြားတယ်မဟုတ်လား၊ ဆီညော်၊ ညစာက စားပွဲပေါ်မှာ အသင့်ဖြစ်နေပြီ ဆီညော် ရောက်လာလိမ့်မယ်လို့ သိနေကြသလိုပဲ။ ကဲ... ကဲ...ကဲ...ကြွပါ...ကြွပါ'

အဘွားအိုသည် ဟာဗေးအား ခန်းမကြီးထဲမှဖြတ်၍ အခြားတစ်ဖက်ရှိ ကျယ်ဝန်းသော အခန်းတစ်ခန်းဆီသို့ ခေါ်သွားသည်။ နံရံများထက်တွင် ချိတ်ဆွဲထားသည့် ပန်းချီကားချပ်များသည် ဖုန်အလိမ်းလိမ်း ကပ်ငြိလျက်ရှိသည်။ ကြမ်းပြင်ပေါ်တွင်မူ ဘာတစ်ခုမှ ခင်းကျင်းမထား။ မျက်နှာကြက်တွင် ရေးဆွဲထားသည့် ငန်းတစ်ကောင်ပုံကြီးမှာ ကြီးမားလှချေသည်။ အခန်းအလယ်ရှိ စားပွဲပေါ်တွင် ချထားသည့် သစ်သီး၊ ကြက်သားကြော်၊ ဒိန်ခဲနှင့် နွားနို့ စသည်တို့သည် အေးစက်နေကြလေပြီ။

မာနူလီယာသည် မကြည်မလင်မျက်နှာဖြင့် ဧည့်သည်ဟာဗေးအတွက် ကုလားထိုင်တစ်လုံး လာချပေးသည်။ ဟာဗေးအား မျက်စောင်းတစ်ချက်ထိုးကြည့်ပြီး ထွက်သွားသည်။

အဘွားအိုသည် နွားနို့ကို သူ့ရှေ့မှ ဖန်ခွက်တစ်လုံးတွင် ငှဲ့ထည့်သည်။ သစ်သီးတစ်လုံးကို ယူ၍ ဓားနှင့်ခြမ်းသည်။

'စားစရာရှိတာကို စားပါ ဆီညော်'

ဟု ဟာဗေးအား လှမ်းပြောသည်။

'ဒိန်ခဲက သိပ်ကောင်းတယ်'

ဟာဗေးသည် ဒိန်ခဲအနည်းငယ်နှင့် ပေါင်မုန့်ကြမ်းကို ယူ၍စားသည်။

သူ့ရင်ထဲတွင် လောလောဆယ် ဖြစ်ပွားနေသည့် ရောဂါအကြောင်းကို ပို၍ သိချင်စိတ် ပြင်းပြလျက်ရှိ၏။

'ဒီဒုက္ခက ဘယ်လိုက စဖြစ်တာလဲ'

ဟု ဟာဗေးက မေးသည်။

'ဒီဒုက္ခလား ဆီညော်၊ ဘ၀ဆိုတာ ဘာလဲ၊ ဒုက္ခပဲပေါ့ ဆီညော်။ ဘ၀ဆိုတာ ရွှံ့ဗွက်ကြီးထဲက ထွက်လာပြီး ရွှံ့ဗွက်ကြီးထဲကိုပဲ ပြန်ကျသွားတာပဲမဟုတ်လား။ မိသားစုဆီကို ရပ်ဝေးက ပြန်လာတဲ့ လူတစ်ယောက် ရှိတယ်။ သူ့နာမည်က ဂျီဆီတဲ့။ သင်္ဘောသားတစ်ယောက်ပေါ့။ ရောက်လာပြီး သူသေတာပဲ။ သူလည်းသေပြီးရော တခြားလူတွေပါ သူ့နောက်ကို လိုက်ကုန်ကြတာပဲ။ ဖာဒီနန်ဘုရင်မင်းမြတ်လက်ထက်က လာဂူးနားကို ပလိတ်ရောဂါကြီး ရောက်ခဲ့ဖူးတယ်။ ခုရောဂါရောက်လာပုံက အဲဒီတုန်းကအတိုင်းပါပဲ ဆီညော်။ ဟိုတောင်ကုန်းတွေပေါ်က ဂူတွေထဲမှာ လူရိုးတွေ တောင်လို ပုံနေတာကို နောင်တစ်ချိန်ကျရင် ဆီညော် မြင်ရမှာပဲ'

ကြားရသည့်စကားများအတွက် ထိတ်လန့်တကြား ဖြစ်သွားမိသော ဟာဗေးက...

'မဒမ်တို့ ဆွေစဉ်မျိုးဆက် ဒီဒေသမှာ နေထိုင်လာကြတာ ကြာပြီလား'

ဟု မေးမိသည်။

အဘွားကြီးသည် မျက်လုံးအစုံကို ပုတ်ခတ်ပုတ်ခတ်လုပ်ကာ အတိတ်ကာလဆီသို့ အာရုံရောက်နေဟန်ရှိသည်။

'ဆီညော် နားလည်မယ်မထင်ဘူး။ ဘယ်လောက်ကြာပြီလဲဆိုတော့ ကာလတွေ နှစ်တွေ မရေမတွက်နိုင်တော့ဘူး။ အလွန့်အလွန်ကြာလှပြီ'

အဘွားအိုသည် စကားကိုဖြတ်ကာ ပြတင်းပေါက်မှနေ၍ အပြင်သို့ လှမ်းကြည့်နေသည်။ အမှောင်ရိပ်များအောက်မှ အုံ့ဩဖွယ်ကောင်းလောက်အောင် ကြီးမားလှသော သစ်ပင်ကြီးတစ်ပင်ကို လက်ညှိုးထိုးပြသည်။

'ဟိုသစ်ပင်ကြီးကို မြင်တယ်မဟုတ်လား ဆီညော်၊ ဒီသစ်ပင်ကြီးဟာ အခုထက်ထိ စိုပြည်သန်စွမ်းနေတုန်းပဲ။ ဒါပေမဲ့ သူ့အသက်ဟာ နှစ်ပေါင်း

လေးရာရှိသွားပြီ။ ဒွန်တောတက်ဇ်အေလွန်ဆိုတဲ့ အေဒီလန်တာဒိုတို့ ဒီအိမ်ကြီးကို ရောက်လာကတည်းက ရှိခဲ့တာ။ သူဟာ ဒီအိမ်ကြီးမှာနေရင်းနဲ့ တိုက်လာတဲ့ စစ်ပွဲတွေ ဘယ်နည်းမှာလဲ'

အဘွားအိုသည် သက်ပြင်းရှည်ကြီးတစ်ချက်ချကာ သူ့စကားကို ဆက်ပြန်သည်။

'ဒါပေမဲ့ အခုကျတော့လည်း အားလုံးပြောင်းလဲကုန်ပြီပေါ့။ ကျုပ်ရဲ့အစ်ကို သေတာတောင် နှစ်ပေါင်းကြာလှပြီ။ ဆယ်နှစ်တောင်ရှိခဲ့ပြီ။ သူသေသွားပြီးကတည်းက ကျုပ်တို့ဆီကို မကောင်းတဲ့ကံကြမ္မာတွေပဲ လာတယ်။ ဒီအိမ်ကြီးကို ဂရုတစိုက်နဲ့ ထိန်းသိမ်းစောင့်ရှောက်ပေးမယ့်လူဆိုလို့ ဒွန်ဘာလ်လာဆာတစ်ယောက်ပဲ ကျန်တော့တယ်။ ဟော...အခု သူသေသွားပြန်ပြီ။ စိတ်မကောင်းဖြစ်ရပါတယ် ဆီညော်။ အစ္စဘိတ်လ်လို့ခေါ်တဲ့ ကျုပ်မှာ ဝမ်းနည်းခဲ့ရပါတယ်။ ကျုပ်ဟာ အိုလှပြီ။ ဒါပေမဲ့ ကျုပ်ဟာ ဘဝကိုတော့ ချစ်မြတ်နိုးတုန်းပါပဲ။ ဘဝမှာ အနေကြာလာလာလေလေ ဘဝကို ပိုပြီးတွယ်တာမြတ်နိုးလေပဲဆိုတဲ့ ဂါလီဆီယာရဲ့ စကားဟာ မှန်သားကလား။ ကဲ...ကဲ...နွားနို့ထပ်ယူပါဦး ဆီညော်'

ဟာဖေးသည် အဘွားအို၏စကားကို လိုက်နာသည်။ ဆိတ်နို့ ထပ်ထည့်ပြီး သောက်သည်။ လောကကြီးအလယ်၌ တစ်ယောက်တည်း အထီးကျန်ဖြစ်၍ ကျန်ရစ်ခဲ့ရှာသော အဘွားအိုအပေါ် ကြင်နာသနားစိတ် ဝင်နေမိ၏။ သူသည် ခေါင်းကိုငုံ့၍ သူ့ရှေ့မှ ပန်းကန်ပြားကို စိုက်ကြည့်နေသည်။

'ကျွန်တော် စိတ်မကောင်းပါဘူး ခင်ဗျာ။ မဒမ် ကံကြမ္မာဆိုးနဲ့ ရင်ဆိုင်ခဲ့ရတာဟာ ဝမ်းနည်းစရာကောင်းပါတယ်'

ဟု ဟာဖေးက ရေရွတ်သည်။

'ကျွန်တော့်ကို ခွင့်ပြုနိုင်မယ်ဆိုရင်တော့ ကျွန်တော်သွားမှ ဖြစ်ပါလိမ့်မယ်'

'ဟုတ်တာပေါ့'

ဟု အဘွားအိုက ပြန်ပြောသည်။

'ဆီညော်သွားမှ ဖြစ်တော့မပေါ့။ အင်း...ဆီညော်ဟာ အင်္ဂလိပ်

လူမျိုးတစ်ယောက်၊ ဒီကို နေဝင်ချိန်မှာ ရောက်လာတယ်။ ထူးတော့ထူးဆန်းသား။ ဟိုနှစ်ပေါင်းများစွာက အင်္ဂလိပ်တစ်ယောက် ကလော့စ်အစ္စနက်စီမှာ ခြေချခဲ့ဖူးတယ်။ အဲဒီလူဟာ ဆီညော်မဟုတ်တာကတော့ သေချာပါတယ်။ ဘယ်လိုလုပ်ပြီး ဆီညော်ဖြစ်နိုင်မလဲ။ အဲဒီအဖြစ်က ရှေးဟောင်းသမိုင်းထဲကပဲ။ ဆီညော်တို့ရဲ့ အင်္ဂလိပ်လူမျိုး နယ်လ်ဆင်ဟာ ဆန်တာကရုဇ်ကို ပင်လယ်ပြင်ကနေပြီး ဆိုက်ခဲ့တာလေ။ စပိန်ခံတပ်က တပ်သားတွေကလည်း ရဲဝံ့စွန့်စားကြတယ်။ နယ်လ်ဆင်ဟာ ဒီပွဲမှာ ရှုံးသွားတယ်။ တိုက်ပွဲပြီးသွားတဲ့နောက်ပိုင်းမှာ အင်္ဂလိပ်တစ်ယောက်ဟာ ညကြီးမင်းကြီး ဒီကိုရောက်လာတယ်။ အဲဒါကို စာအုပ်တစ်အုပ်ထဲမှာ အသေအချာရေးထားတာ၊ စာကြည့်တိုက်မှာရှိတယ်။ ကျုပ် ခဏခဏဖတ်ဖူးတယ်။ နောက် တစ်ခါဆုံမိရင် ဆီညော်ကို ပြရဦးမယ်။ သိပ်ထူးဆန်းပြီး ကြေကွဲဖို့ကောင်းတဲ့အဖြစ်ပါ။ နယ်လ်ဆင်ဟာ သူ့အချစ်ဆုံးချစ်သူဟာ အင်္ဂလိပ်ကပ္ပတိန်တစ်ယောက်ရဲ့ ညီမတဲ့။ နယ်လ်ဆင်ဟာ သူ့ချစ်သူကို ဒီမှာဂုက်ထားခဲ့တယ်။ နောက်မှ ပြန်လာချိန်မှာ သူ့ချစ်သူဟာ ဒီမှာမရှိတော့ဘူး။ ဘယ်ဆီ ဆက်သွားမှန်း မသိဘူး'

အဘွားအို၏အသံသည် စကားဆုံးခါနီးတွင် တိုးတိုးကလေးဖြစ်သွားရုံမျှမက ဝမ်းနည်းကြေကွဲသံပါ ပေါက်လာသည်။ စာပွဲပေါ်ရှိ ဖယောင်းတိုင်မီးများသည် တဖျတ်ဖျတ်ခါလျက်ရှိသည်။ ယိမ်းထိုးလှုပ်ရှားလျက်ရှိသည်။ နံရံများတွင် ထင်နေသည့် အရိပ်များ။ ဟာဖေး၏အတွေးများသည် အတိတ်မှ အရိပ်ဆီသို့ ပျံ့လွင့်ကာ မိန်းမောလျက်ရှိ၏။

သတိပြန်ဝင်လာသောအခါ ဟာဖေးသည် ချက်ချင်း ထိုင်ရာမှထရပ်သည်။

'ကျွန်တော်သွားမှဖြစ်တော့မယ်၊ ကျွန်တော့်ကို ခွင့်ပြုပါ'

ဟု ပြောသည်။

'ကောင်းပါပြီ၊ ကောင်းပါပြီ။ မသွားလို့မဖြစ်ဘူးဆိုတော့ သွားရမှာပေါ့။ ကျုပ်က ကံကြမ္မာကို ပိတ်ပင်တားဆီးနိုင်တဲ့လူမှ မဟုတ်တာဘဲ။ ရွာက မဝေးပါဘူး။ မာနူလီယာက လမ်းပြပေးပါလိမ့်မယ်'

အဘွားအိုသည် ထိုင်ရာမှထကာ အခန်းထဲမှ ခေါ်သွား၏။

'မာနူလီယာရေ၊ ဟေး...မာနူလီယာ'

ဟု ခေါ်သည်။

အိမ်စေမကြီး ဝင်လာသည့်အခါ အဘွားအိုက...

'မုန်အိမ်တစ်လုံးယူပြီး ဟောဒီက ဆီညော်ကို ရွာဘက် လိုက်ပို့ပေးလိုက်ပါ'

ဟု ခိုင်းသည်။

'မဖြစ်ဘူး...မဖြစ်ဘူး'

ဟု မာနူလီယာက ထိတ်လန့်တကြား အော်သည်။

'ရွာထဲမှာ ရောဂါတွေဖြစ်နေတယ်၊ ညဆိုရင် ရောဂါဟာ လေထဲမှာ သွားနေတာ၊ ကျွန်မ မသွားရဲဘူး'

'လမ်းကိုသာပြောပါ'

ဟု ဟာဇေးက ဝင်ပြောသည်။

'ဘယ်လိုသွားရမယ်ဆိုတာသိရရင် လုံလောက်ပါတယ်'

'ဒါဆိုရင် ပြောပြမယ်၊ လသိပ်သာနေလို့ မီးအိမ်ယူဖို့မလိုပါဘူး၊ ကျွန်မလိုက်ဖို့လည်း မလိုပါဘူး'

အဘွားအိုက သက်ပြင်းချသည်။

'မာနူလီယာက ဘယ်ကိုမှမသွားချင်ဘူး။ ခိုင်းလိုက်ရင် သူ့ဆီက ဒီအဖြေပဲကြားရတယ်။ ဒါပေမဲ့ ခက်တာက ကျုပ်အနားမှာ သူတစ်ယောက်ပဲ ရှိတော့တယ်မဟုတ်လား။ ကဲ...ကဲ...ဆီညော် နားထောင်လိုက်၊ သူက ဘယ်လိုသွားရမယ်ဆိုတာ ပြောလိမ့်မယ်။ ကိစ္စဝိစ္စပြီးရင်တော့ ဒီကိုပြန်လာခဲ့ပါ။ ဆီညော်ကိုယ်တိုင်လည်း မကောင်းတဲ့ကံကြမ္မာအကြောင်း သိခဲ့ပြီးပြီပဲ။ သိခဲ့ပြီဆိုတာ ဆီညော်ရဲ့ မျက်နှာမှာ အထင်အရှားမြင်နေရတယ်။ ချစ်ခြင်းမေတ္တာနဲ့ သောကအရိပ်အငွေ့တွေ ယှက်သန်းနေတာကို ဘယ်လိုနည်းနဲ့ ဖုံးကွယ်လို့ရမှာလဲ။ ဒါပေမဲ့ ကံကောင်းလာမယ်ဆိုတာကော ဘယ်သူက ကြိုပြီးသိမှာလဲ။ ဆီညော်အတွက်ရော၊ ကျုပ်အတွက်ပါ ကောင်းတဲ့ကံဟာ ရောက်ချင်လည်း ရောက်လာမှာပေါ့။ ကဲ...သွားပေဦးတော့

ဆီသော်’

အဘွားအိုသည် နောက်သို့လှည့်ကာ လှေကားမှ ပြန်တက်သွားသည်။ သူ့ဖိနပ်သံ တစ်ဒေါက်ဒေါက်ကို ကြားနေရ၏။ ထို့နောက် အပေါ်ထပ်ရှိ အမှောင်ထုအတွင်းသို့ ဝင်ရောက်သွားသည်။

တံခါးဝမှ သူ့အားစောင့်နေသည့် မာနူလီယာနှင့် ဆုံမိသည်။ လမ်းညွှန်စကားများကို ဂရုတစိုက်နားထောင်အပြီးတွင်မူ သူသည် အိမ်ဝင်းထဲမှ ထွက်လာခဲ့သည်။ ညသည် အေးမြသာယာလျက်ရှိ၏။ လရောင်သည် တစ်ခွင်လုံးကို လွှမ်းခြုံထားသည်။ ပန်းမျိုးစုံရနံ့များသည် သင်းပျံ့လျက် ရှိ၏။

လူသွားလမ်းသည် အရှေ့စူးစူးသို့ ဦးတည်နေသည်။ တောင်ကုန်းအတက်လမ်း ဖြစ်၏။ သူသည် လိမ္မော်ခြံ၊ ငှက်ပျောခြံများကိုလည်းကောင်း၊ တံခါးများပိတ်ထားသည့် တဲများကိုလည်းကောင်း၊ ခေါင်မိုးမရှိသည့် ပန်းပဲဖိုနှင့် ကျိုးပဲ့ပျက်စီးနေသည့် လှည်းကြီးတစ်စီးကိုလည်းကောင်း ဖြတ်သန်းလာခဲ့သည်။ နေရာတိုင်းတွင် ဘဝရှိသော်လည်း နေရာတိုင်းတွင် ဘဝသည် ပျက်စီးလျက်ရှိ၏။

နောက် သုံးမိနစ်ခန့်မျှအကြာတွင် သူသည် ရွာထဲရှိ လမ်းမပေါ် ရောက်သွားသည်။ ရွာ၏ ဆိုးဝါးသော အခြေအနေကို ချက်ချင်းပင် သတိထားမိ၏။ တစ်ရွာလုံး လူသူမရှိတော့သည့်နှယ် တိတ်ဆိတ်ခြောက်သွေ့နေသည်။ တစ်ခါတစ်ရံတွင် ပိန်ချုံးနေသည့် ခွေးတချို့မှတစ်ပါး သက်ရှိသတ္တဝါဆို၍ ဘာကိုမျှမမြင်ရ။ ထိုအခိုက်တွင် ဘုရားရှိခိုးကျောင်းတံခါးရတ်တရက်ပွင့်လာပြီး အတွင်းမှ လူတချို့ တန်းစီ၍ ထွက်လာသည်ကို မြင်လိုက်ရ၏။

လူတန်းထဲတွင် အမွေးတိုင်ခွက်ကိုင်ထားသူများနှင့် ဘုန်းကြီးတစ်ပါးသည် ရှေ့ဆုံးမှဖြစ်၍ နောက်မှလိုက်ပါလာသော ဆွေမျိုးများသည် အသုဘခေါင်းကို ဝိုင်းရံကာ ငိုယိုလိုက်ပါလာနေကြသည်။ သူ့ရှေ့မှ ဆေးဖြူသုတ်ထားသည့်အခေါင်း ဖြတ်အသွားတွင် ဟာဗေးသည် တစ်ချက်မျှ မော့ကြည့်သည်။ သူ့ကိုမြင်သူ တစ်ဦးမှ ရှိပုံမရ။ ယခုချလာသည့် အသုဘသည်

ကလေးသူငယ်တစ်ယောက် ဖြစ်လိမ့်မည်ဟု သူ ခန့်မှန်းသည်။ သူသာန် အတွင်းသို့ လူတန်းကြီး ဝင်သွားသည့်ခါ ဟာဖေး၏မျက်လုံးများသည် လတ်လတ်ဆတ်ဆတ်ဖို့ထားသည့် မြေပုံအသစ်များကို မြင်တွေ့ရလေ၏။

သူသည် ရှေ့တိုးကာ လျှောက်ဝင်လာခဲ့သည်။ မီးတိုင်ကြီးတစ်တိုင် ထွန်းညှိထားသော နေရာတစ်နေရာရှိ လှည်းကြီးတစ်စီး၏ ပတ်ပတ်လည် တွင်မူ စစ်သားတစ်စု စောင့်ကြပ်နေသည်ကို တွေ့ရ၏။ စစ်သားများ၏ ဘေးတွင် သေတ္တာငယ်ကလေးများ အစုလိုက် ချထားသည်။ သီလရှင် နှစ်ပါးသည် စစ်သားများဆီသို့ လျင်မြန်စွာ လျှောက်လာနေကြသည်ကို လည်း တွေ့နေရ၏။

'နောက်ဆုံးမှာတော့ ငါ ဒီရွာကို ရောက်လာပြီ'

ဟု ဟာဖေးက တွေးသည်။

'နောက်ဆုံးတော့လည်း တစ်စုံတစ်ခုတော့ ငါ လုပ်ပေးနိုင်တော့မှာပါ'

သူသည် အချိန်ကြာကြာရပ်၍ စောင့်မနေတော့ဘဲ ပထမဆုံးတွေ့ရ သည့် အိမ်ထဲသို့ အသင့်ပွင့်နေသည့် တံခါးမှ ဝင်လာခဲ့သည်။ သူဝင် အသွားတွင် အခန်းထောင့်တစ်ထောင့်ရှိ ခုတင်ပေါ်၌ လဲလျောင်းနေသော မိန်းမပျိုတစ်ယောက်အား ပြုစုနေသည့် မိန်းမသည် သူ့အား လှည့်ကြည့် သည်။ ထို့နောက် မိန်းမ၏ ပါးစပ်မှ အံ့ဩလွန်းသဖြင့် အာမေဋိတ်သံတစ်သံ ထွက်လာသည်။ ဟာဖေးနှင့် မျက်နှာချင်းဆိုင်ရပ်နေသူမှာ ဆူဆန်ထရန်းတား ပေတည်း။

*

## [ တစ်ဆယ့်ရှစ် ]

လွန်ခဲ့သော နှစ်ရက်က သြရိုတာဗာပင်လယ်ကွေ့အတွင်းမှ သြရီရိုလာသင်္ဘော ထွက်ခွာသွားသည်ကို မေရီဖီးလ်ဒင်းသည် တွေ့မြင်လိုက်ရသည်။ ထိုအချိန်က သူသည် ဆန်ဂျော်ဂျီဂေဟာ ဆင်ဝင်အောက်၌ ရပ်နေခိုက် ဖြစ်သည်။ လေရောမိုးပါကျနေခိုက်ဖြစ်သဖြင့် မိုးရေများသည် သူ့မျက်စိများကို ပက်လျက်ရှိသည်။ သြရီရိုလာသည် သူ့မျက်စိအောက်မှာပင် ရေပြင်ထက်၌ ပြန့်ကျဲနေသော နှင်းဖြူများအကြား ဝင်ရောက်ပျောက်ကွယ်သွားခဲ့၏။ သူနောက်ဆုံး မြင်လိုက်ရသည်မှာ ရွက်တိုင်များ ဖြစ်သည်။ သူ့မြင်ကွင်းထဲမှ ရွက်တိုင်များ ပျောက်ကွယ်သွားသည့်အခါ ရင်ထဲတွင် ဝမ်းနည်းကြေကွဲသလို ခံစားခဲ့ရသည်။ ယခုအချိန်အထိ သူ့နားထဲတွင် သင်္ဘောအင်ဂျင်စက်သံများ ကြားနေရဆဲဖြစ်သည်။ သူသည် ထိုနေရာ၌ အချိန်အတော်ကြာမျှ ငြိမ်ဆိတ်စွာရပ်၍ ပင်လယ်ပြင်ဆီသို့ တွေဝေငေးမောနေမိသည်။

**စိတ်ကူးချိုချို**

ထို့နောက် သူသည် အခန်းထဲသို့ ပြန်ဝင်လာခဲ့သည်။ အခန်းသည် နှစ်လိုဖွယ်ရာကောင်း၏။ ကျယ်ကျယ်ဝန်းဝန်းရှိရုံမျှမက သပ်ရပ်သန့်ရှင်း၏။ စားပွဲ၊ ကုလားထိုင် စသည်များ နေရာချထားပုံမှာလည်း စနစ်တကျ ရှိ၏။ သူသည် ကြိမ်ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်သည်။ သူ့ဘေးနား၌ အစုလိုက်အပြုံလိုက်ချထားသော သေတ္တာများကိုကြည့်ကာ စိတ်ပျက်သလို ဖြစ်မိ၏။ သူ့အနေဖြင့် အိမ်စေတစ်ယောက်ကိုခေါ်၍ ရှင်းခိုင်းရလျှင် ကောင်းလေမလား။ သူသည် အပေါ်ဆုံးသေတ္တာပေါ်မှ မကြာသေးခင်က ရောက်လာသည့် စာများကို လှမ်းမြင်သည်။ သူ့အနေဖြင့် အခုလို ထိုင်နေရခြင်းကို သူမကြိုက်လှ။ သူ့ရင်ထဲတွင် အားနည်းသလိုလိုလည်း ခံစားနေရ၏။ သူ့ဘေးတစ်ဖက်သည် နာကျင်လျက်ရှိ၏။ နာကျင်ပုံမှာ မခံမရပ်နိုင်အောင် ရှိလှချေသည်။

သူသည် နှုတ်ခမ်းကို ကိုက်ထားသည်။

'ရူးကြောင်ကြောင်တွေ မတွေးစမ်းပါနဲ့'

ဟု သူ့ကိုယ်သူ စိတ်ထဲမှ ကြိတ်၍ ပြောသည်။ သူသည် ထိုင်ရာမှ ထသွားပြီး ဘဲလ်ကို နှိပ်သည်။ မကြာခင် အရပ်ပုပု သေးသေးသွယ်သွယ် ကပ္ပလီကပြားမလေးတစ်ယောက် ဝင်လာသည်။ သူခိုင်းသည့်အတိုင်း သေတ္တာများကို ရှင်းသည်။ မေရီသည် ကပြားမလေး လုပ်ကိုင်နေသည်ကို တစ်ခဏမျှရပ်ကြည့်နေပြီး ပြတင်းပေါက်ဆီသို့သွားကာ အပြင်သို့ မျှော်ကြည့်သည်။

'ဒီမိုးကလည်း ဘယ်တော့မှ တိတ်မှာလဲ'

ကပြားမလေးက မေရီအား မော့ကြည့်သည်။

'ရာသီဥတုက ကောင်းလာတော့မှာပါ။ ရာသီဥတု သာယာတော့ မယ်ဆိုရင် အခုလိုပဲဖြစ်တတ်တယ်လို့ ရှိစီတာက ပြောပါရစေ'

ဟု ပြောပြီး ရယ်သည်။ ကပြားမလေး၏ အသံသည် ရယ်စရာကောင်းလှ၏။ ခါတိုင်းအချိန်ဆိုလျှင် မေရီ မရယ်ဘဲနေနိုင်မည်မဟုတ်။ အခုကျတော့လည်း သူသည် ပြုံးပင်မပြုံးနိုင်။

'ရာသီဥတုက မကြာခင် ကောင်းလာမှာ သေချာရဲ့လား'

'ဟုတ်ပါတယ် မဒမ်၊ မနက်ဖြန်ဆိုရင် ကောင်းသွားမှာပါ'

ဟု ကပြားမလေး ရိစီတာက ထပ်၍ပြောသည်။

မနက်ဖြန်ဟူသော စကားများကို သူကြားခဲ့ရပေါင်းများလှပြီ။ မနက်ဖြန် ရောက်ပြန်တော့လည်း နောက်တစ်ရက်ဟု ဆိုကြပြန်၏။ စိတ်ပျက်စရာကောင်းလှပါဘိခြင်း။ သူ့မျက်လုံးအစုံတွင် မျက်ရည်စများဖြင့် ပြည့်လာသည်။ သူသည် သက်ပြင်းတစ်ချက်ကို ချလိုက်မိ၏။

ကပြားမလေးသည် သူ့သေတ္တာတို့ကို ရှင်းပြီးသွားခဲ့လေပြီ။ သူသည် မေရီအား နှုတ်ဆက်၍ အခန်းထဲမှ ထွက်ခွာသွားပြီဖြစ်၏။ ထိုအခိုက်မှာပင် နေ့လယ်စာ စားတော့မည်ဟူသော အချက်ပေး မောင်းသံကို ကြားရသည်။

သူသည် စားသောက်ခန်းထဲသို့ ဆင်းလာခဲ့ပြီး အီလစ်ဆာတို့ကတော့ ရွှင်မြူးနေကြသည်။ အီလစ်ဆာသည် ခေတ်မီ ခေတ်ဆန်သော ဤနေရာကို များစွာသဘောကျနေသည် မဟုတ်ပါလား။ သို့သော်လည်း သူတို့နှစ်ယောက်၏ ရယ်သံများသည် မေရီ့အတွက် အနှောင့်အယှက်တစ်ခု ဖြစ်နေသည်။

အရာရာတိုင်းသည် ကြည်နူးစရာချည်း ဖြစ်၏။ စားပွဲထိုးပုံသည် ငြိမ်ငြိမ်အေးအေး၊ အစားအသောက်ကလည်းကောင်း၊အခန်းတွေကလည်း ကျယ်ဝန်းသန့်ပြန့်။ အားလုံး ကျေနပ်စရာတွေချည်း ဖြစ်၏။ သို့သော်လည်း မေရီ၏စိတ်သည် ရွှင်လန်းတက်ကြွခြင်းမရှိ။ အီလစ်ဆာတို့နှင့် အလိုက်သင့် ပြောလိုက်ပြုံးလိုက် လုပ်နေရသော်လည်း စိတ်ထဲကမပါ။ ဟန်ဆောင်မှုဖြင့်သာ နေရခြင်း ဖြစ်၏။ သူ့နံဘေးမှ နာကျင်သောဝေဒနာသည် သက်သာသွားခြင်းမရှိ။ သို့သော်လည်း ထိုနာကျင်မှုကို သူ အသိမပေး၊ တစ်ချိန်လုံး ဖုံးထားသည်။

နေ့လယ်စာ စားအပြီးတွင် သူတို့သည် ဧည့်ခန်းဆောင်ထဲသို့ သွားထိုင်ကြသည်။ မှုန်မှိုင်းနေသော ကောင်းကင်ထက်ဆီမှ မိုးစက်များသည် မရပ်မနား ကျဆင်းနေဆဲ။ အီလစ်ဆာကတော့ သူ့ဝသီအတိုင်း အပြင်ပြေ ဖဲကစားကြရအောင်ဟု အကြံပြုသည်။

မေရီသည် ဖဲကစားခြင်းကို မုန်းသည်။ မကစားချင်ဘူးဟု ပြောလိုက်ရန် ဟန်ပြင်ပြီးခါမှ ပါးစပ်ပြန်ပိတ်ကာ သူ့စိတ်ကို ချုပ်တီးထား

လိုက်သည်။ ဘယ်လိုပဲဖြစ်ဖြစ် ပေါင်းသင်းဆက်ဆံရေးအရ ရိုင်းရာကျ သွားမည်ကို စိုးရိမ်သည့်အားလျော်စွာ ခေါင်းညိတ်လိုက်သည်။

ကုလားထိုင်များယူလာသည်။ အားလုံးဝိုင်းထိုင်ကာ ဖဲကစားရန် တာစူကြသည်။ သူတို့နှင့်အတူ ကစားမည့်လူမှာ အသက်ကြီးကြီး၊ အရပ် ပုပု၊ နှုတ်ခမ်းမွေး သပ်သပ်ရပ်ရပ်နှင့် ဂျက်ကက်ရှည်ကြီး ဝတ်ထားသူ ဖြစ်သည်။ သူသည် မေရီတို့အား မျက်မှန်းတန်းမိနေရုံမျှမက နာမည်များ ကိုပါ သိနေသည်။ သူသည် အင်္ဂလိပ်လူမျိုး လူကြီးလူကောင်းတစ်ဦးဖြစ်၍ နာမည်မှာ ဖိဘီစပစ် ဖြစ်သည်။

ဖဲဝိုင်းသည် ပျင်းရိငြီးငွေ့စဖွယ်ကောင်းလှ၏။

မေရီသည် စိတ်ဝင်စားအောင် ကြိုးစားပါသော်လည်း မရ။ အတင်း အကျပ် ဟန်ဆောင်နေရသည်မှာ အဆမတန်ပင်ပန်းလွန်းလှချေသည်။ သူ ဘာကြောင့် ဒီစားပွဲမှာ လာထိုင်ပြီး ဒီဖဲချပ်တွေကို ကိုင်နေမိတာပါလိမ့်၊ စိတ်ထဲကျိတ်၍ သူ့ကိုယ်သူ အပြစ်တင်နေမိသည်။

မည်သို့ပင်ဖြစ်စေ ဖဲဝိုင်းသည် ညစာစားခါနီး တစ်နာရီခန့်အလိုကျမှ ပြီးသွားသည်။ အခန်းထဲ ပြန်ရောက်သည့်အခါ ရေချိုးသည်၊ အဝတ်အစား လဲသည်။ ပြီးတော့ ညစာစားဖို့ အောက်ထပ်သို့ ဆင်းရပြန်၏။ ညစာစား ပြီးခါမှပင် သူသည် အခန်းတံခါးကို အလုံပိတ်ကာ ပြတင်းပေါက်များကို ဖွင့်၍ အိပ်ရာပေါ်လှဲသည်။

မိုးတိတ်သွားလေပြီ။ တိမ်တိုက်တစ်ခု နောက်ကွယ်မှ လရောင်သည် ရန်းကန်လှုပ်ရှားကာ ထိုးထွက်လာသည်။ ညသည် မြူနှင်းများ ဆိုင်း လျက်ပင် ရှိနေသေးသော်လည်း ကြည်လင်သာယာသည်။

မိုးနံ့သင်းနေသော လေသည် ပြတင်းပေါက်မှ ခန်းဆီးများကို ဆော့ ကစားလျက်ရှိ၏။ အောက်ဘက်မှ ဖားအော်သံများကို ကြားစပြုလာသည်။ သူသည် အိပ်ရာပေါ်၌ ပက်လက်လှဲကာ အမှောင်ထုဆီသို့ ငေးမောနေသည်။ ဖားအော်သံများကတော့ ရပ်မသွားသေး။ ပြီးတော့ ဟိုတယ်ပတ်ပတ်လည်မှ အသံဗလံမျိုးစုံ။

သူဖျားနေသလား။ ရင်ထဲတွင် နေမကောင်းသလိုလိုခံစားနေရ၏။

ဘာဖြစ်လို့ပါလိမ့်။ ထိုအတွေးသည် စောစောတုန်းက မဝင်ခဲ့။ အခုမှပင် စဉ်းစားမိခြင်း ဖြစ်၏။ သူ့အသွေးထဲတွင် အဆိပ်ဝင်လေသလား။ ကူးစက်ရောဂါပိုးများ ဝင်ရောက်လာလေသလား။

ဒါတွေကျတော့ သူအတိအကျမသိ။ သူအိပ်၍မရသည့် အဖြစ်တစ်ခုကိုသာ သိ၏။ အိပ်ရာထဲလှဲနေသည်မှာ သုံးနာရီတိတိ ရှိခဲ့ပြီ။ အခုထိ အိပ်မပျော်။ နောက်ဆုံးတွင် တဖြည်းဖြည်းနှင့် မျက်ခွံတွေ လေးလာသည်။ မျက်တောင်များ စင်းလာသည်။ အိပ်ပျော်ခြင်းသို့ သက်ဆင်းသွားသည်။ ထိုအခါ အိပ်မက်မက်လေသည်။

ယခင်က မက်နေကျ အိပ်မက်မျိုးပင်ဖြစ်၏။ ယခင်ကလို ဝိုးတဝါး မဟုတ်တော့။ အခုတစ်ကြိမ်မက်သည်မှာ ပီပြင်ထင်ရှားလွန်းလှ၏။ ရေပန်းကြီးတစ်ခုရှိသော ကွင်းပြင်ကြီးတစ်ခု။ ရေပန်းကြီးသည် ကျိုးပဲ့ပျက်စီးနေပြီ။ သတ္တုဖြင့် ထုထားသော ငန်းတစ်ကောင်သည် ရေမရှိသော ကြွေခွက်ကြီးအတွင်း၌ ရေကူးတော့မည့်ဟန်ဖြင့် ဟန်ပြင်လျက်ရှိ၏။ ကြွေခွက်ကြီး၏ နှုတ်ခမ်းတစ်လျှောက်တွင် အစိမ်းရောင် ပုတ်သင်ညိုများ တွယ်ကပ်နေကြသည်။ သူအနီးသို့ ရောက်သွားသည့်အခါ ပုတ်သင်ညိုများသည် မျက်လုံးများကို ဖွင့်လိုက် ပိတ်လိုက်လုပ်ကာ သူ့အား ကြည့်နေကြသည်။

သူလျှောက်နေရသော ကျောက်ပြားများသည် နူးညံ့လှ၏။ ဖွေးပျံ့သော ပန်းရနံ့များသည် လေထဲတွင် လွင့်မျောလိုက်ပါလာနေကြသည်။ သူသည် ထိုနေရာ၌ ကြာကြာမနေ၊ ပန်းဥယျာဉ်ဘက်သို့ ပြေးသွားသည်။ သူပြေးသွားနေခိုက်တွင် သလဲပင်ကြီးနှစ်ပင်ထက်မှ ဖွေးဖွေးလှုပ်သော ဘဲငန်းကြီးနှစ်ကောင်သည် ထွက်လာကာ တောင်တန်းကြီးများဆီသို့ ပျံသန်းသွားသည်ကို မြင်လိုက်ရ၏။ သူတို့နှစ်ကောင်၏ အတောင်ပံခတ်ပုံများသည် လှပခံ့ငြားလှပါပေသည်။

သူသည် လက်ခုပ်လက်ဝါးတီးကာ လိမ္မော်ပင်အုပ်အုပ်ဆီသို့ ပြေးသည်။ ထိုအခိုက်မှာပင် သူ့ရင်တွင်းမှ ခံစားမှုတစ်ခု ဖြတ်ခနဲဝင်လာသဖြင့် ဖြတ်ခနဲရပ်လိုက်သည်။ ဤအခိုက်မှာပင် သူ့ကို မြင်တွေ့လိုက်ခြင်း ဖြစ်၏။ သူသည် ထိုနေရာ၌ ရောက်နေပြီ။ ထိုတောအုပ်ကလေးသည် မိမိ၏

ကစားကွင်းကလေးဖြစ်သည် မဟုတ်ပါလား။

ထိုနေရာ၌ သူရှိနေသည်ကို အိပ်မက်မက်တိုင်း မကြာခဏ မြင်ခဲ့ဖူးသည်။ ဟိုတုန်းကတော့ ပီပီပြင်ပြင် မြင်ရခြင်းမဟုတ်။ အခုတစ်ခါကျတော့ ပြတ်သားစွာ မြင်ရခြင်းဖြစ်၍ သူ့မျက်နှာမှန်း အတိအကျသိရသည်။ သူ့ရုပ်လွှာသည် ထိုစဉ်က မြင်ခဲ့ရသလို အရိပ်မဟုတ်တော့။ တကယ့်လူအစစ်။

မေရီ၏နှလုံးသားသည် တဆတ်ဆတ်ခုန်လာသည်။ စိတ်ထဲတွင် ပျော်လိုက်သည့်ဖြစ်ခြင်း။ သူသည် လက်နှစ်ဖက်ကို ဆန့်တန်းကာ သူ့ထံသို့ ပြေးသွားသည်။ ရယ်၍ အော်ဟစ်၍ အမောတကောပြေးသွားခြင်း၊ အရူးအမူးပြေးသွားခြင်း။ ပျော်လိုက်ပါဘိသည်။ သီချင်းပင်ဆိုလိုက်မိပါသေး၏။

မိမိဘာကြောင့် ဒီနေရာသို့ ရောက်လာရတာပါလိမ့်။ အခုမှပင် အကြောင်းကို သိရ၏။ မိမိရောက်လာခြင်းသည် သူနှင့်တွေ့ဖို့ ရောက်လာခြင်း ဖြစ်၏။ မိမိ၏ ဘဝတစ်လျှောက်လုံး တမ်းတရှာဖွေနေသူနှင့် တွေ့ဖို့ ရောက်လာရခြင်းပေတည်း။ မိမိ၏ အထီးကျန်နိုင်မှုသည် ဆက်လက် ရှင်သန်တော့မည်မဟုတ်။

သူ့မျက်နှာသည် သနားစရာကောင်းလှချေသည်။ မိမိရောက်လာပြီဟု သူသိသွားအောင် ပြောလိုက်ရလျှင် ကောင်းလေမလား။ သူ့နာမည်ကို တိုးတိုးကလေး ခေါ်ကြည့်မိသည်။ သူက မကြား။ ထပ်၍ခေါ်ပြန်သည်။ ဒီတစ်ကြိမ်မှာတော့ အော်၍ခေါ်ခြင်း။ သူ့ဆီသို့ ပြေးသွားရန် တာစူလိုက်သည်။ ဘယ်လိုဖြစ်သွားသည်ကို သူနားမလည်။ သူလှုပ်ရှား၍မရတော့။ သူ့ခြေထောက်များကိုသာမက သူ့တစ်ကိုယ်လုံးကို ကြိုးဖြင့်တုပ်နှောင်ထားခြင်းခံရသည့်နှယ် ဖြစ်လျက်ရှိသည်။ သူသည် အတင်းရုန်းကန်သည်။ ရှိုက်ကြီးတငင်ငိုသည်။ ဤအခိုက်မှာပင် အိပ်ရာမှ လန့်နိုးလာလေသည်။

မေရီ၏မျက်လုံးများသည် နေ့သစ်၏ အလင်းရောင်နှင့် ထိတွေ့သည်။ သူအခုရောက်နေသည်မှာ ပန်းဥယျာဉ်ထဲ၌မဟုတ်။ သူ့အခန်းထဲက အိပ်ရာပေါ်တွင် ဖြစ်သည်။ သူသည် အသက်ပင် မှန်မှန်မရှူနိုင်လောက်အောင်

ပင်ပန်းမောဟိုက်လျက်ရှိသည်။ ထို့နောက် တစ်ကိုယ်လုံး တုန်ယင်လာသည်။

ရိုစီတာသည် မနက်စာ လင်ပန်းကို သယ်၍ ဝင်လာသည်။ ပြတင်းပေါက် ခန်းစီးကို ဆွဲဖယ်လိုက်ပြီး မေရီအား လှည့်ကြည့်သည်။

'မြင်ပြီလား မဒမ်၊ ဒီနေ့ ရာသီဥတု သိပ်ကိုသာယာနေပြီ။ ကျွန်မ ပြောခဲ့တယ်မဟုတ်လား၊ ဒီနေ့ နေသာမှာပါလို့'

မေရီသည် ရိုစီတာအား ဘာမှမပြောဘဲ စိုက်ကြည့်နေသည်။ သူမ အိပ်မက်ထဲ၌ မြင်တွေ့ခဲ့ရသည့် ပန်းဥယျာဉ်အကြောင်းကို တွေးမိသည်။ ဖော်ပြခြင်းငှာ မစွမ်းနိုင်သော မျှော်လင့်ချက်လေးတစ်ခု ဝင်လာသဖြင့် ရိုစီတာအား မမေးဘဲမနေနိုင်။

ရိုစီတာ၊ ဒီအနားမှာ ပန်းဥယျာဉ်ရှိသလား၊ ပန်းဥယျာဉ်က အဟောင်းကြီး။ တစ်ခါတလေ နေဝင်ချိန်ကျရင် ဘဲငန်းတွေရောက်လာပြီး အိပ်တန်းတက်တဲ့ ပန်းဥယျာဉ်မျိုးပေါ့'

ရိုစီတာ စဉ်းစားနေသည်။

'မရှိဘူး မဒမ်၊ အဲသလိုပန်းဥယျာဉ်ဟောင်းကြီး ရှိတယ်လို့ ကျွန်မကြားလည်း မကြားဖူးဘူး။ သိလည်းမသိဘူး'

'သေချာရဲ့လား ရိုစီတာ'

'သေချာပါတယ် မဒမ်၊ ပန်းခြံတွေတော့ အများကြီးရှိပါတယ်။ ဒါပေမဲ့ မဒမ်ပြောတဲ့ ခြံမျိုးတော့ မရှိပါဘူး။ ကျွန်မ ဒီမှာနေလာတာ အနှစ်နှစ်ဆယ်ရှိသွားပါပြီ။ ဘဲငန်းဆိုလို့ ဒီဘက်လာတာ တစ်ခါမှ မမြင်ဖူးခဲ့ပါဘူး'

မေရီသည် နှုတ်ပိတ်လျက်ရှိ၏။ သူသည် ခုတင်ပေါ်မှဆင်းကာ အပြင်သို့ လှမ်းကြည့်သည်။ ရာသီဥတုသည် သာယာလှ၏။ နွေးနွေးထွေးထွေးလည်းရှိ၏။ သို့ခေါင်းကတော့ ဘာကြောင့်မှန်းမသိ။ ရီဝေဝေ နောက်ကျိကျိ ရှိလွန်းလှသည်။ သူ့အကြည့်သည် အောက်ဘက်ရှိ ပင်လယ်ရေပြာပြာဆီသို့ ရောက်သွားသည်။ ရေချိုးလိုက်ရလျှင် သန့်စင်လန်းဆန်းသွားလိမ့်မည် ထင်၏။ သူသည် ချက်ချင်းပင် ရေကူးဝတ်စုံလဲကာ ကျောက်လှေကားမှ

ဆင်းလာခဲ့သည်။

သောင်ယံပေါ်တွင် လူသူကင်းမဲ့ကာ တိတ်ဆိတ်လျက်ရှိသည်။ သူသည် ရေထဲဆင်းကာ အသာအယာကူးခတ်သည်။ သူ့ဘယ်ဘက်လက်သည် သွက်သွက်လက်လက် လှုပ်ရှား၍မရ။ သူ့လက်ကောက်ဝတ်ပေါ်တွင်လည်း အနီကွက်ကလေးတစ်ကွက်။ ခြင်ကိုက်ထားသည့်ဒဏ်ရာ။ လွန်ခဲ့သည့် သုံးရက်က လတ်စ်ပါလ်မား၌ ရောဂါရတတ်သည့်ခြင် ကိုက်ခံခဲ့ရခြင်းပေတည်း။ ထိုစဉ်က...

'ဖြစ်ရမယ့်ကိစ္စဟာ ဖြစ်လာရမှာပဲပေါ့'

ဟု သူမှတ်ချက်ချခဲ့သည်။

'ကျွန်မတို့ရဲ့ ဘဝလမ်းကြောင်းတွေကို ပြောင်းလဲပစ်စေတာဟာ အကြောင်းအားလျော်စွာ ပေါ်ပေါက်လာရတဲ့ အကြောင်းကြောင့် မဟုတ်ပါဘူး။ ကံကြမ္မာကြောင့်ပါ'

ဟုလည်း ပြောခဲ့ဖူး၏။ ယခုအခါတွင်မူ သူပြောခဲ့သည့် ကံကြမ္မာသည် သူ့အား လာ၍ ရင်ဆိုင်လျက်ရှိလေပြီ။

သူ့တွင် အသားဝါရောဂါ စွဲကပ်နေပေပြီ။ သူ့ခန္ဓာကိုယ်အလေးချိန် လျော့နည်းကျဆင်းလာခြင်း၊ သူ့စိတ် မကြည်မလင်ဖြစ်ခြင်း စသည်တို့သည် ထိုရောဂါ ဝင်ရောက်တိုက်ခိုက်နေသည့် လက္ခဏာရပ်များပေတည်း။

မေရီ ရေထဲမှ တက်လာခဲ့သည်။ သူ့နားနှစ်ဖက်စလုံး အူလျက်ရှိ၏။ သူ့တစ်ကိုယ်လုံးရှိ ရေများ ခြောက်သွေ့သွားအောင် ခဏမျှ နေပူခံလိုက်ပြီး ဝတ်ရုံကိုဝတ်ကာ ဟိုတယ်ဘက်သို့ ပြန်လာခဲ့သည်။ သူသည် မိနစ်အနည်းငယ်ကြာမျှ ဟိုနားသည်နား လှည့်၍ လျှောက်လိုက်သေးသည်။ နားတွေက တော့ အူနေဆဲ။ လူသွားလမ်း၏ ကွေ့တစ်ကွေ့သို့ ရောက်သောအခါတွင် ပန်းခင်းတစ်ခင်းထဲ၌ အဘိုးအိုတစ်ယောက်ကို မြင်သည်။

အဘိုးအိုသည် ကောက်ရိုးဦးထုပ်ကို ဆောင်းထားပြီး နားနှစ်ဖက်တွင် ရွှေနားကွင်းများ ဝတ်ထားသည်။ သူသည် ပေါင်းမြက်များကို စိတ်ရှည် လက်ရှည် နုတ်နေခြင်းဖြစ်၏။ မေရီကိုမြင်သည့်အခါ မဝံ့မရဲအပြုံးဖြင့် လှမ်းနှုတ်ဆက်သည်။

မေရီကလည်း အပြုံးဖြင့် တုံ့ပြန်သည်။ သူ့စိတ်ထဲတွင်မူ ကြိတ်၍ ရယ်ချင်သလိုဖြစ်နေမိ၏။ သူသည် လူထူးလူဆန်းတစ်ယောက် ဖြစ်နေပြီ။ ရူးကြောင်ကြောင်ဖြစ်နေပြီဟုလည်း ပြောမည်ဆိုက ပြောနိုင်လောက်၏။ သို့သော်လည်း သူမတတ်နိုင်။ သူ့ရင်ထဲမှဆန္ဒကို ထိန်းချုပ်နိုင်စွမ်းမရှိ။ သူ့မေးခွန်းကိုကြားလျှင် အဘိုးအိုက ရယ်လေမလား။ ရိုစီတာကတော့ ရယ်ခဲ့သည်မဟုတ်ပါလော။ ရယ်တော့ကော ဘာဂရုစိုက်စရာလိုပါသလဲ။

သို့သော်လည်း သူ့ဘွေးထင်ထားသလိုမဟုတ်။ သူက မေးသည့်အခါ အဘိုးအိုက မရယ်။ အဘိုးအိုသည် ထိုင်နေရာမှထရပ်ကာ မေရီ့မျက်နှာကို ဂရုတစိုက်ကြည့်သည်။ အတန်ကြာမျှ စကားမပြောဘဲ ငြိမ်နေသဖြင့် မေရီက သူ့မေးခွန်းကို ထပ်၍ ရှင်းပြပြန်သည်။

'ကျုပ်နားလည်ပါတယ် ဆီညော်ရာ'

ဟု အဘိုးအိုက ပြောသည်။

'ဆီညော်ပြောတဲ့နေရာကို ကျုပ် သိလိုလိုရှိနေလို့ပါ'

မေရီ့ရင်ထဲတွင် ဒိတ်ခနဲဖြစ်သွားသည်။ ပြူးကျယ်သော မျက်လုံးအစုံဖြင့် အဘိုးအိုအား စိုက်ကြည့်နေမိ၏။

'အချိန်တွေကတော့ ကြာသွားပြီ'

ဟု အဘိုးအိုက ဆက်ပြောသည်။

'ကျုပ်ဟာ ဒီလူယီရီမိသားစုဆီမှာရှိတယ်။ ငန်းကြီးတစ်ကောင် ပျံသန်းနေတဲ့ ငန်းကြီးတစ်ကောင်လေ။ ဂိတ်တံခါးဝရဲ့ အပေါ်ဘက်မှာ'

အဘိုးအိုသည် တစ်ခဏမျှ စဉ်းစားနေပြန်သည်။

'ဟုတ်တယ် ဆီညော်ရာ၊ ဟုတ်တယ်။ မိုးပေါ်ကို ထောင်ထားတဲ့ ရေပန်းကြီးပေါ်မှာ နားနေတဲ့ ငန်းကြီး။ ပြီးတော့...'

မေရီက စိတ်လှုပ်ရှားစွာဖြင့် ကြားဖြတ်ပြောသည်။

'ရေပန်းကြီးမှာ ရေမရှိဘူး၊ ရေပန်းကြီးရဲ့ပတ်ပတ်လည်အနားပေါ်မှာ အစိမ်းရောင် ပုတ်သင်ညိုတွေ တက်နေကြတယ်။ ဆင်ဝင်ရဲ့ အပြင်မှာလည်း ပန်းခင်းတစ်ခင်းရှိတယ်။ အောက်ဘက် အနိမ့်ပိုင်းထဲမှာတော့ လိမ္မော်ပင်တွေ အများကြီးရှိတယ်လေ'

အဘိုးအိုက အားပါးတရ ပြုံးလိုက်သည်။

'ဟုတ်တယ် ဆီညော်ရာ၊၊ ဆီညော်ပြောတဲ့အတိုင်း အတိအကျပဲ ဆီညော်ရာ။ အဲဒီကို ရောက်ခဲ့ဖူးတယ်မဟုတ်လား။ အဲဒီနေရာဟာ လာကာ ဆာဒီလော့စ်ဆစ္စနက်နယ်မှာ ရှိတယ်'

'လာကာဆာဒီလော့စ်ဆစ္စနက်...လာကာဆာဒီလော့စ်ဆစ္စနက်'

မေရီသည် မေ့သွားမည်ကို စိုးရိမ်နေသည့်နှယ် ထပ်တလဲလဲ ရေရွတ်နေသည်။ ထို့နောက်...

'အဲဒီနေရာသွားရင် သိပ်ဝေးသလား'

ဟု မေးသည်။

အဘိုးအိုက ခေါင်းခါသည်။

'မဝေးဘူး ဆီညော်ရာ၊ သိပ်မဝေးပါဘူး။ သွားလို့လည်း လွယ်ပါတယ်။ ပထမ ဆန်တာကရုဇ်ကိုသွားရမယ်၊ ပြီးတော့ လာရူးနားမြို့ကို ဆက်သွား၊ အဲဒီရောက်ရင် အက်စ်တန်စီယာရဲတိုက်ကို မသိတဲ့လူမရှိပါဘူး။ မေးလိုက်ရင် ရပါတယ်'

အဘိုးအို၏စကားများသည် သူ့ခေါင်းထဲတွင် ပဲ့တင်ထပ်လျက်ရှိသည်။ အဘိုးအို၏အပေါ်၌ ခင်မင်ရင်းနှီးစိတ်သည် ပြင်းထန်စွာ ဖြစ်ပေါ်လာသည်။ သူသည် ကျေးဇူးတင်စကားပြောသည်။

သူဘာလုပ်ရမည်ကို သူသိပြီ။ ဝမ်းသာကြည်နူးလိုက်သည်မှာလည်း အတိုင်းအဆပင်မသိ။ သူသည် စိတ်လှုပ်ရှားနေသော်လည်း လူကတော့ တည်ငြိမ်အေးဆေးလျက်ရှိ၏။ ဝမ်းသာခြင်း၊ အံ့သြခြင်း၊ ထိတ်လန့်ခြင်းများသည် ရောထွေးယှက်တင်ဖြစ်လျက်ရှိသည်။

သူဟိုတယ်သို့ ပြန်လာခဲ့သည်ကို ဝိုးတဝါးမျှသာ သတိထားမိသည်။ ချက်ချင်းပင် သူ့အခန်းသို့သွားကာ မျက်နှာသစ်သည်။ ဆံပင်ကို ဖြီးသည်။ လတ်စ်ပါလ်မားတွင် ဝတ်ခဲ့သည့်အဝတ်များကို ရွေး၍ဝတ်သည်။ သူ့မျက်နှာကို မှန်ထဲကြည့်လိုက်သည့်အခါ ထူးထူးခြားခြား ကြည်လင်တောက်ပနေသည့် သူ့မျက်လုံးများအဖြစ်ကို သတိထားမိသည်။ သူသည် ငွေအနည်းငယ် ယူသည်။ စာရွက်တစ်ရွက်ပေါ်တွင် အီလစ်ဆာအတွက် စာတို

လေးတစ်စောင်ရေးပြီး သူ့မှန်တင်ခုံပေါ်တွင် တင်ထားလိုက်သည်။

နောက်ဆုံးတွင် သူ အဆင်သင့်ဖြစ်သွားခဲ့လေပြီ။ အရာတစ်ခုခု၏ ညှို့ယူဖမ်းစားခြင်းခံရသဖြင့် နစ်မျောနေသည့် လူတစ်ယောက်သဖွယ် မေရီသည် အခန်းထဲမှ ခြေဖျားထောက်၍ထွက်သည်။ လှေကားမှ ခြေကို ဖွဖွနင်းကလေးနင်း၍ ဆင်းလာခဲ့သည်။ သူ့ခြေသံကို ဘယ်သူမှ မကြားစေချင်။ သူထွက်သွားသည်ကို ဘယ်သူမှ မမြင်စေချင်။ လှေကားမှ ဆင်းလာခဲ့ပြီးနောက် ဆင်ဝင်အောက် ရောက်သည့်အခါ တစ်ခဏရပ်နားသည်။

'ကာဆာဒီလော့စ်ဆစ္စနက်'

ဟူသော အမည်ကို ထပ်၍စဉ်းစားသည်။ သူ့တစ်ကိုယ်လုံး တုန်ယင်လာသည်။

'ငါ အဲဒီကိုသွားမယ်'

ဟု တွေးသည်။

'ငါ သွားမှဖြစ်မယ်'

သူသည် ဦးခေါင်းကို မော့လိုက်ပြီး သူသွားရန် ရည်ရွယ်ထားသည့် ခရီးကို ဆက်သည်။

*

[တစ်ဆယ့်ကိုး]

အိမ်ဘက်သို့ ဟာဗေး လျှောက်လာနေသည့် ညနေစောင်းအချိန်တွင် နှင်းသီးနှင်းပေါက်များသည် သစ်ရွက်များအပေါ်တွင် ခိုနားလဲလျောင်းနေကြလေပြီ။ ခပ်ဖြည်းဖြည်းလျှောက်လာနေသော ဟာဗေး၏ခါးသည် ကုန်းနေပြီး သူ့ဦးခေါင်းသည် ငိုက်စိုက်ကျလျက်ရှိ၏။ ယနေ့တစ်နေ့လုံး သူသည် ဟာမိုဆာရွာထဲ၌ မနားမနေ အလုပ်လုပ်ခဲ့ရသည် မဟုတ်ပါလား။

တကယ်တော့ ယနေ့သည် သူ့အတွက် မကောင်းသောနေ့တစ်နေ့ဖြစ်ရုံမျှမက အကျိုးအမြတ်ဟူ၍ ဘာမှမရခဲ့ရသောနေ့လည်း ဖြစ်၏။ မည်သို့ပင်ဖြစ်စေ သူ့မှာကတော့ ခြေလက်များကိုပင် မသယ်ချင်လောက်အောင် အဆမတန်ပင် ပင်ပန်းနွမ်းနယ်ခဲ့ရသည်မှာ အမှန်ပင် ဖြစ်သည်။

သူသည် ယနေ့တစ်နေ့လုံး အနံ့ဆိုးမျိုးစုံကို ရှူရှိုက်ခဲ့ရ၏။ ဗဟုသုတနည်းမှုများနှင့် မလုပ်တတ် မကိုင်တတ်မှုများကြားတွင် လှုပ်ရှားခဲ့ရသဖြင့် စိတ်ရောကိုယ်ပါ မောပန်းခဲ့ရ၏။

ရွာထဲတွင် စစ်သားများရောက်နေသည်ဖြစ်ရာ ယင်းတို့၏ တပ်မှူး

ကလည်း သူ့အပေါ် မယုံသင်္ကာဖြစ်ရုံမျှမက သူ့အပေါ် မနှစ်မြို့သည့် အရိပ်လက္ခဏာများကိုပင် ဖော်ပြခဲ့သည်။

'ကျွန်တော်တို့ ခင်ဗျားကို အကူအညီပေးပါလို့ မတောင်းခဲ့ဖူးဘူး'

ဟူသော စကားကိုပင် သုံးခဲ့၏။

ဤကူးစက်ရောဂါကို အသာစီးရဖို့မှာ လွယ်ကူလိမ့်မည်ဟု သူမထင်။ ရောဂါအခြေအနေသည် အဆိုးဆုံးအဆင့်ကိုပင် ကျော်လွန်နေပြီဟုပင် သူ့ရင်ထဲ၌ ခံစားနေရသည်။ သူရောက်လာသည်မှာ နောက်ကျလွန်းလှသဖြင့် သူ့ကိုယ်သူ အရူးတစ်ယောက်နှင့်တူသည်ဟုလည်း တွေးမိ၏။ တကယ်တော့ ထိုအတွေးသည် သူ့စိတ်ကို ဒုက္ခပေးနေသော အတွေးတစ်ခုဖြစ်ချေသည်။ သို့သော်လည်း အရှုံးမပေး လက်မြှောက်လိုသော စိတ်ကတော့မရှိ။ ယနေ့တစ်နေ့လုံး သူသည် လူမည်းကျွန်တစ်ယောက် အလုပ်လုပ်သလို များစွာ အဆင်းရဲ အပင်ပန်းခံ၍ လုပ်ခဲ့သည်။ သူ့တွင်ရှိသမျှ ကိုယ်အားနှင့် ဉာဏ်အားများကို အသုံးချ၍ အကောင်းဆုံးဖြစ်အောင် လုပ်ခဲ့ပြီးပြီဖြစ်၏။

သူသည် အိမ်ရှေ့ဝင်းတံခါးမှဝင်ပြီး ကွက်လပ်ကိုကျော်ဖြတ်အလာတွင် ရုတ်တရက် မြင်လိုက်ရသော အရာတစ်ခုကြောင့် အံ့အားသင့်သွားသည်။ ဖြတ်ခနဲရပ်လိုက်ကာ ဦးခေါင်းပိုထောင်၍ အသေအချာထပ်ကြည့်သည်။ ဟုတ်မှဟုတ်ပါလေစ ဟူသော သံသယကြောင့် မျက်စိများကိုပင် ပွတ်၍ ထပ်ကြည့်သည်။

သူမြင်နေရသော ရုပ်ပုံလွှာသည် ထိုနေရာ၌ ငြိမ်ဆိတ်စွာရပ်လျက်ပင်ရှိ၏။ လုံးဝမယုံကြည်နိုင်စရာကောင်းသည့်အဖြစ် သူ လုံးဝမမျှော်လင့်သည့်သူ။ အံ့သြလွန်းသဖြင့် ပါးစပ်မှ 'မေရီ'ဟု ရွတ်ဆိုလိုက်မိသည်။

မှန်သည်။ သူမြင်နေရသူသည် မေရီမှ မေရီအစစ်။ အိမ်ဝင်းထဲမှ မီးရောင်သည် မေရီ့မျက်နှာပေါ်သို့ကျနေသည်။ မေရီသည် သူ့ဆီသို့ မျှော်ကြည့်နေသည်။ ပြီးတော့ သူ့ဆီသို့ လျှောက်လာနေသည်။ သူ့ရင်ထဲမှ တဒိတ်ဒိတ်ခုန်လျက်ရှိ၏။ အံ့သြခြင်း၊ ဝမ်းသာခြင်း၊ မယုံကြည်နိုင်ခြင်း၊ တွေးရခက်ခြင်းများသည် သူ့စိတ်ကို လွှမ်းခြုံထားသည်။

မေရီသည် သူ့ဘေးသို့ ရောက်လာသည်။

'မင်း ဘာပြုလို့ ဒီကိုလိုက်လာတာလဲ'

ဟု ဟာဗေးက မေးသည်။ သူ့အသံသည် တုန်ယင်လှုပ်ရှားနေသည်။ မေရီ့မျက်နှာသည် ဖြူရော်ရော် ဖျော့တော့တော့။ သို့သော်လည်း မျက်လုံး အစုံကတော့ ကြည်လင်ဝင်းလဲ့ကာ ပြုံးနေကြလေသည်။

'မေရီ သိပ်ဝမ်းသာတယ်'

ဟု မေရီက တိုးတိုးသာသာပြောသည်။

'ရှင့်ကိုတွေ့လိုက်ရတော့ တအားကို ဝမ်းသာသွားတာပဲ'

ငြိမ်ဆိတ်နေသည်။ ဟာဗေး၏ရင်ထဲတွင် ပြောချင်သည့် စကားတွေက များလွန်းသဖြင့် မွန်းကြပ်နေသည်။

'မေရီ ဒီကိုလိုက်မလာသင့်ဘူးလို့ တွေးမိပါတယ်'

ဟု မေရီက ထပ်ပြောသည်။

'ရှင်နဲ့ ထပ်ပြီး တွေ့ဖို့လည်း မကြိုးစားသင့်ဘူးဆိုတာ သိပ်ပါတယ်'

'မဟုတ်သေးဘူး မေရီ'

ဟု ဟာဗေးက ပြောသည်။

'ကိုယ် မင်းလုပ်ပုံကို နားမလည်ဘူး၊ မင်း ဘာကြောင့် ဒီကိုရောက်လာရတာလဲ'

'ဒါတွေက ကိစ္စမရှိပါဘူး'

ဟု မေရီက ပြောသည်။

'အခုဆိုရင် မေရီဟာ ရှင်နဲ့အတူတူရှိနေပြီပဲ။ အဆင်ပြေသွားပြီပေါ့။ မေရီ့အဖို့တော့ ကိုယ့်အိမ်ကိုယ်ပြန်ရောက်သလို ခံစားရတယ်'

လေသည် သူတို့နှစ်ဦးကြားမှ တဝှီးဝှီးမြည်သံပေးကာ ဖြတ်သန်း တိုက်ခတ်လျက်ရှိသည်။ မေရီ၏မျက်လုံးများသည် ကြည်လင်တောက်ပ သလိုလို ရှိနေသည်မှာ မှန်သော်လည်း တစ်ချက်တစ်ချက်တွင် လေးလံ ထိုင်းမှိုင်းသည့်အသွင် ဝင်ဝင်လာနေသည်ကို ဟာဗေးသတိထားမိသည်။

'မင်း သိပ်ပြီး ပင်ပန်းလာတယ်၊ တစ်ခုခုတော့ စားလိုက်မှ အားရှိ သွားမယ်'

'မေရီ မဆာဘူး၊ ရေသိပ်ငတ်တယ်။ ဟုတ်တယ်၊ ဘာကြောင့်မှန်း မသိဘူး၊ ရေတအားငတ်တာပဲ'

'ကဲ...လာ၊ ကိုယ် မင်းကို နို့တိုက်မယ်'

မေရီသည် သူ့နောက်မှ ငြိမ်ဆိတ်စွာလိုက်လာသည်။ အိမ်ထဲသို့ ဝင်လာခဲ့သော ဟာဖေးသည် အတွေးပေါင်းစုံဖြင့် တစ်ခေါင်းလုံး နောက်ကျိနေသည်။ သူသည် စားသောက်ခန်းထဲသို့ ဝင်ခဲ့သည်။ အခန်းထဲတွင် လူတစ်ယောက်မှမရှိ။ ညစာစားချိန်လွန်းသွားပြီ မဟုတ်ပါလော။ မြို့စားကတော် အဘွားကြီးသည်ပင်လျှင် သူ့ညစာကို စားသောက်သွားပြီးပြီဖြစ်၏။ သူသည် ဖန်ခွက်တစ်လုံးတွင် နို့အပြည့်ထည့်ကာ မေရီ့ထံ ပြန်လာသည်။ မေရီသည် ခန်းမကြီးထဲ၌ရပ်ကာ ပတ်ဝန်းကျင်ကိုကြည့်လျက်ရှိသည်။

မေရီသည် နို့တစ်ဖန်ခွက်လုံးကုန်အောင် သောက်သည်။ ပြီးတော့မှ သက်ပြင်းချသည်။

'နို့က အရသာရှိလိုက်တာ'

ဟု ပြောသည်။

'မေရီ ခေါင်းကိုက်နေတာ အခုတော့ ပျောက်သွားသလိုပဲ'

ဟာဖေးက မေရီ့လက်ထဲမှ ဖန်ခွက်ကို သတိထား၍ လှမ်းယူသည်။ သူ့လက်သည် တဆတ်ဆတ်တုန်လျက်ရှိ၏။

'မင်း အနားယူမှဖြစ်မယ် မေရီ၊ မင်းကိုကြည့်ရတာ သိပ်ပြီးပင်ပန်းနေပုံရတယ်'

မေရီသည် ခေါင်းခါသည်။

'ဟင့်အင်း၊ ဒီလောက်မပင်ပန်းပါဘူး။ မေရီ သိပ်ပျော်တာပဲ။ မေရီ ပန်းဥယျာဉ်ထဲကို နောက်တစ်ခါက် ထပ်သွားချင်တယ်'

ဟာဖေးက ပြုံးပြဖို့ ကြိုးစားသည်။ သို့သော်လည်း သူ့မျက်နှာတွင် အပြုံးရိပ်ထင်မလာ။

'အချိန်သိပ်နောက်ကျနေပြီ မေရီ'

ဟု ပြောသည်။

'ရှင့်ပါးစပ်က "မေရီ"လို့ ခေါ်လိုက်တဲ့အသံကို ကြားနေရတာသိပ်

စိတ်ချမ်းသာတာပဲ'

ဟု မေရီက ပြောသည်။

'မေရီတို့ အပြင်ခဏသွားကြရအောင်လား။ အပြင်မှာ အေးနေတာပဲ။ ပြီးတော့ ပန်းတွေကလည်း အများကြီး။ လှလည်းသိပ်လှတယ်။ လိမ္မော်ပင်တွေလည်းရှိတယ်။ မေရီ အခု အိပ်မက်ထဲမှာ တွေ့ခဲ့ရတဲ့နေရာကို တကယ်ရောက်ပြီနော်။ မေရီ သိပ်ပျော်တယ်။ အမှန်တကယ်ဆိုတာ သိရလို့ သိပ်ကို အံ့ဩမိတယ်။ နောက်ပြီးတော့ ဒီနေရာမှာ မေရီတို့နှစ်ယောက် အတူတူ ဆုံမိကြတယ်။ မေရီ အိပ်ရာက တစ်ယောက်တည်းနိုးလာပြီး ဝမ်းနည်းရတဲ့ အဖြစ်မျိုးနဲ့ ရင်ဆိုင်စရာမလိုတော့ဘူး။ ဘယ်လောက်ပျော်စရာကောင်းသလဲ'

ဟာဗေးသည် မေရီ၏စကားများကို နားထောင်ရင်း စိတ်ရှုတ်လာသည်။ အထိတ်တလန့်လည်း ဖြစ်သည်။ အပြင်ကို မထွက်ပါနဲ့တော့ဟု ပြောချင်သော်လည်း ပြောမထွက်။ သူသည် မေရီ၏ အလိုဆန္ဒများကို မလိုက်လျောဘဲနေနိုင်သည့် စွမ်းအားလည်း မရှိ။ သူသည် မေရီ့နောက်မှ တိတ်ဆိတ်စွာလိုက်လာခဲ့သည်။

ဆင်ဝင်အောက်သို့ ရောက်သည့်အခါ အတန်ကြာမျှရပ်၍ အနောက်ဘက်သို့ မျှော်ကြည့်မိကြသည်။ နေဝင်ချိန်ဖြစ်၍ တောင်ထိပ်ဖျားအထက်ရှိ ကောင်းကင်ယံတွင် တိမ်တောက်လျက်ရှိသည်။ မေရီသည် သက်ပြင်းတစ်ချက် ချ၍...

'မေရီ့အနားမှာ ရှင် အခုလိုရပ်နေတဲ့အခါဆိုရင် မေရီ သိပ်ပြီးရင်ခုန်ရပါတယ်'

ဟု ပြောသည်။

ဟာဗေးက စကားပြန်မပြော။

တိတ်ဆိတ်မှုသည် သူတို့နှစ်ဦးကြားတွင် ပေါင်းစပ်ပေးနေသည့် ကွက်လပ်ကလေးတစ်ခုလို ဖြစ်နေသည်။ နေရောင်သည် သူတို့မျက်စိအောက်မှာပင် ဖြည်းဖြည်းဆုတ်ခွာကွယ်ပျောက်သွားသည်။ ထိုအခါ မေရီသည် လှုပ်ရှားလာသည်။ ဟာဗေးအားကြည့်၍ပြုံးသည်။ လိမ္မော်ပင်အုပ်အုပ်ဆီသို့ ရှေ့

မှလျှောက်သွားပြန်သည်။ လမ်းဘေးဝဲယာတွင် ဖူးပွင့်နေကြသည့်ပန်းများ။

'အိပ်မက်ထဲမှာတုန်းကတော့ မေရီ ဒီပန်းတွေကို လက်နဲ့ကိုင်ဖို့ ကြိုးစားတိုင်း တကယ်မရှိဘူး။ အားလုံးပျောက်သွားတာပဲ'

မေရီ့စကားကြောင့် ဟာဖေးမှာ အတွေးရခက်ရပြန်၏။ ယုတ္တိဗေဒ နည်းနှင့် တွက်၍မရနိုင်သည့် အဖြစ်တစ်ခုဟု သူထင်သည်။ အမြင်အားဖြင့် သိခြင်းဟု ဆိုရလေမလား။ စဉ်းစားရခက်လှပါဘိခြင်း။ အခုပုံအတိုင်း ဆိုပါက သူခံယူထားသည့် နည်းပညာရပ်များနှင့် လက်လှမ်းမမီတော့သလို ဖြစ်နေပြီ။

'ဟိုတစ်ခါတုန်းက မင်းပြောခဲ့ဖူးတာဟာ ဒီနေရာလား။ သေချာ ကော သေချာရဲ့လား'

ဟု ဟာဖေးက မေးသည်။

'ဟုတ်တယ်၊ ဒီနေရာပဲ'

ဟု မေရီက အခိုင်အမာပြောသည်။

'သေလည်းသေချာတယ်။ ဒါကြောင့်မို့လည်း မေရီ့အိမ်ကို မေရီ ပြန်ရောက်လာသလို ခံစားရတာပေါ့။ အခု ဒီမှာတွေ့နေရသမျှအားလုံးဟာ အိပ်မက်ထဲမှာ မြင်ခဲ့ရတဲ့အတိုင်းပဲ။ အိမ်ကြီးရယ်၊ ခြံဝင်းကြီးရယ်၊ ဟို သစ်ပင်ကောက်ကောက်ကြီးရယ်၊ လိမ္မော်ပင်အုပ်အုပ်ကလေးရယ်။ အို… အားလုံး အိပ်မက်ထဲမှာ မြင်ရတဲ့အတိုင်းပဲ။ ပြီးတော့ ဟော့ဒီပန်းတွေ'

မေရီ့အသံသည် အေးမြသာယာလှသည်။

သူသည် ပင့်သက်တစ်ချက်မျှ ရှိုက်လိုက်ပြီး စကားကို ဆက်ပြော သည်။

'ပြီးတော့ ရှင်ရယ်၊ ရှင်မပါတဲ့ အိပ်မက်ဟာ အလကားပဲ။ ရှင်မရှိ တဲ့ ပန်းဥယျာဉ်ဟာ အလကားပဲ။ ဘာကြောင့်လဲဆိုတော့ မေရီတို့ နှစ် ယောက်စလုံး အရင်က ဒီနေရာကို ရောက်ခဲ့ဖူးတယ်။ အိပ်မက်တွေထက်ပိုတဲ့ ဆက်စပ်မှုဟာ ရှိနေတယ်လို့ မေရီကတော့ ယုံကြည်တယ်'

မေရီ့စကားများသည် ဟာဖေးအတွက် နားလည်ရလည်းခက်သည်။ စဉ်းစားရလည်းခက်သည်။ အကျိုးအကြောင်းဆက်စပ်၍လည်းမရ။ ရုတ်

တရက် သူ့ဦးနှောက်အတွင်းသို့ အလင်းရောင်တစ်ခု ဝင်လာသည်။ ထိုအခါ ကျတော့လည်း အခြေအနေအရပ်ရပ်ကို သူမြင်လာသည်။ သူတို့နှစ်ယောက် အခုလို ပြန်လည်ဆုံတွေ့ကြခြင်း၏ အဓိပ္ပာယ်ကို သူ ပီပီပြင်ပြင် ပြတ်ပြတ်သားသား နားလည်လာသည်။

အမှန်အတိုင်း ဝန်ခံရမည်ဆိုပါမူ သူ မေရီ့ကို ချစ်နေသည်။ ဤအချက်သည် ငြင်းပယ်၍မရသောအချက်။

သူတို့ရပ်နေသော လိမ္မော်ပင်များကြားတွင် အမှောင်သည် သိပ်သည်းလာသည်။ ကောင်းကင်မှ လရောင်သည် လိမ္မော်ပင်များထက်သို့ ဖြန့်ဆင်းလာသည်။

လိမ္မော်ပင်တစ်ပင်အောက်အရောက်တွင် မေရီသည် ရပ်လိုက်ပြီး နူးညံ့သော သစ်ကိုင်းကို ကိုင်ပြသည်။

'ကြည့်စမ်းပါဦး၊ ချစ်စရာမကောင်းဘူးလား'

ဟု ပြောသည်။

ဟာဖေးက မေရီအား ကြည့်သည်။

'မေရီ' ဟုခေါ်သည်။ သူ့မျက်လုံးများတွင် မျက်ရည်များ စို့လာသည်။

'ကိုယ့်ဘဝမှာ ဘယ်တုန်းကမှ အခုလိုမဖြစ်ခဲ့ဖူးဘူး။ မေရီ့လောက် လှတာလည်း မမြင်ဖူးဘူး။ အိုကွယ်၊ ကိုယ့်အဖြစ်နဲ့ ကိုယ့်ခံစားမှုတွေကို နားမလည်နိုင်အောင် ဖြစ်နေရပါတယ်'

ဟု ပြောသည်။

အမှန်တော့ မေရီသည် ဤတဒင်္ဂအချိန်ကလေးကို မျှော်လင့်တောင့်တနေခဲ့သည်မှာ ကြာပြီ။ သူမျှော်လင့်ထားသည့် စကားများကို ကြားလိုက်ရပြန်တော့လည်း စကားပင် ပြန်မပြောနိုင်လောက်အောင် ရင်ခုန်ပြန်၏။

'မေရီ၊ ပျော်တယ်နော်'

ဟာဖေးက မေးသည်။

'ပျော်တာပေါ့'

ဟု မေရီက ဖြေသည်။

'အခုအချိန်မှာ မေရီက ပျော်တာကလွဲပြီး တခြား ဘာမှမသိဘူး။

စိတ်ရောကိုယ်ရော ပေါ့ပါးနေရုံမကဘူး၊ လွတ်လပ်နေတယ်။ အရာရာတိုင်းရဲ့ ချုပ်နှောင်မှုတွေနဲ့ ဝေးသွားပြီလို့ ထင်တယ်'

မေရီသည် သူနှင့် နီးနီးကပ်ကပ်နေရသော ဟာဖေး၏မျက်နှာကို အမြတ်တနိုး ပြုံး၍ ကြည့်နေသည်။ နောက်ဆုံးကျတော့လည်း ငါ့ဘဝတစ်လျှောက်လုံး မတွေ့ခဲ့ရတဲ့ အချစ်ကို တွေ့ရပြီဟုလည်း တွေးသည်။

'မေရီ ဒီကိုရောက်လာတာဟာ မောင့်ကို ချစ်လွန်းလို့ပါ။ မေရီ့အချစ်ကို မောင် အခုထက်ထိ နားမလည်သေးဘူးလား။ မေရီ့ဘဝမှာ မောင်က လွဲပြီး တခြားဘာမှမရှိတော့ပါဘူး'

ဟု လှိုက်လှိုက်လှဲလှဲပြောသည်။

အကြီးအကျယ်အံ့အားသင့်လျက်ရှိနေသော ဟာဖေးသည် အံ့သြခြင်း၊ ဝမ်းသာခြင်းနှင့် ထိတ်လန့်ခြင်းတို့ဖြင့် ကြောင်တက်တက်ဖြစ်နေသည်။ သူ့မျက်နှာသည် နီမြန်းလျက်ရှိ၏။ သူ့လက်များသည် မေရီ၏ လက်နှစ်ဖက်ကို ဆွဲကိုင်သည်။

'ဟင်'

ဟာဖေး၏နှုတ်မှ အာမေဋိတ်သံ ထွက်လာသည်။

'မေရီ မင်းလက်တွေ တအားပူနေပါလား'

'ဟုတ်တယ်၊ ပူနေတယ်'

ဟု မေရီက ပြောသည်။

'ဒီလိုပဲ ပူလာလိုက် အေးသွားလိုက် ဖြစ်နေတာပဲ၊ ကိစ္စမရှိပါဘူး'

မေရီ ပြုံးနေသော်လည်း ဟာဖေးကတော့ မပြုံးနိုင်၊ စိုးရိမ်ပူပန်စွာဖြင့် မေရီ့မျက်နှာကို ကြည့်နေသည်။

'မေရီ မောင့်ကိုချစ်တယ်'

ဟု ပြောရန် မေရီ အားထုတ်သည်။ သို့သော်လည်း စကားတစ်လုံးမှ ထွက်မလာ။ သူ့တစ်ကိုယ်လုံး တုန်ယင်လာသည်။ တစ်ခေါင်းလုံးရီဝေဝေဖြစ်ကာ မူးနောက်လာသည်။

ရုတ်တရက် သူ့ခန္ဓာကိုယ်သည် ပျော့ခွေကာ ဟာဖေးဘက်သို့ စိုက်ကျလာသည်။ ဟာဖေး၏ပါးစပ်မှ အလန့်တကြား အော်လိုက်သည့်အသံ။

သူသည် မေရီအား ဆီး၍ပွေ့လိုက်ကာ ပါးချင်းအပ်ထားသည်။ မေရီ့ပါးသည် ခြစ်ခြစ်တောက်မျှ ပူလျက်ရှိ၏။

'ဘုရား…ဘုရား…သူဖျားနေတာကိုး။ ရောဂါဝင်ပြီထင်တယ်။ ငါ ဒါကို ဘာလို့ စောစောက မတွေးမိရတာလဲ'

မေရီသည် လေးလံလှသော မျက်ခွံများကို အားယူ၍မကာ ဟာဗေးအား ကြည့်သည်။ သူ့မျက်လုံးများသည် ရီဝေမှုန်မှိုင်းလျက်ရှိသည်။ ဟာဗေးသည် မေရီ၏ ပေါ့ပါးသောကိုယ်ကို ပွေ့ယူကာ အိမ်ဘက်သို့ပြေးသည်။ အိမ်ရှေ့တံခါးကို ပခုံးနှင့်တွန်းဖွင့်ပြီး ခန်းမထဲသို့ ဝင်သည်။ ပါးစပ်မှလည်း…

'မာနူလီယာ…မာနူလီယာ'

ဟု အဆက်မပြတ်အော်ကာ လှေကားမှ ပြေးတက်ပြီး သူ့အခန်းထဲသို့ ဝင်၏။

မေရီအား သူ့အိပ်ရာထက်သို့ချကာ ဘေးနားတွင် ဒူးထောက်၍ထိုင်သည်။ ပျော့ခွေနေသော ခန္ဓာကိုယ်အား ကြည့်သည်။ မျက်ရည်များဖြင့်ပြည့်နေသော မျက်လုံးများသည် မေရီအား ကောင်းစွာမမြင်ရ။ သူသည် မေရီ၏ လက်နှစ်ဖက်ကို တင်းကျပ်စွာ ဆုပ်ကိုင်ထားသည်။

ရုတ်တရက် ကြားလိုက်ရသည့် ခြေသံကြောင့် ဖြတ်ခနဲလှည့်ကြည့်သည်။ သူ့နောက်၌ရပ်နေသော မာနူလီယာ။ ဟာဗေးသည် ဒူးထောက်၍ ထိုင်နေရာမှ မထဘဲ ကသောကမျောလှမ်းပြောသည်။

'အင်္ဂလိပ်ဆီညော်ရာ ဖျားနေတယ်။ သတိမေ့နေပြီ။ ရေမြန်မြန်သွားယူခဲ့ပါ'

မာနူလီယာသည် နေရာမှမရွေ့။

'ဒီအင်္ဂလိပ်ဆီညော်ရာက ဘာကိစ္စနဲ့ ဒီအိမ်ကို ရောက်လာရတာလဲ'

ဟု မေးသည်။

'ဘာကိစ္စမှမရှိဘူး'

ဟု ဟာဗေးက ဒေါသတကြီး ပြောသည်။

'သူ အခုဖျားနေတယ်၊ ရေကရားတစ်လုံးနဲ့ ရေမြန်မြန်သွားယူခဲ့'

မာနူလီယာသည် ရှေ့သို့တိုးလာပြီး ဟာဗေးပေါ်မှ ကျော်၍ မေရီအား

ကြည့်သည်။

‘ရှင်က ဖျားနေတယ်လို့ပြောတယ်။ သူ့မျက်နှာမြင်တာနဲ့ ကျွန်မ သိတယ်။ သူ့မှာ ဟိုရောဂါဖြစ်နေတာ’

‘ပါးစပ်ပိတ်ထားစမ်း’

ဟု ဟာဗေးက ထပ်အော်သည်။

‘ကျုပ်ပြောတဲ့အတိုင်း ရေသွားယူ၊ မြန်မြန်သွားယူခဲ့။ ခင်ဗျား ကျုပ်ကို မကူညီလို့ မဖြစ်ဘူး။ နားလည်လား’

မာနူလီယာသည် ဖြတ်ခနဲ နောက်သို့ဆုတ်သွားပြီး ရပ်နေသည်။ မျက်နှာထားက ဟာဗေး၏စကားကို မနာခံလိုသည့် အရိပ်လက္ခဏာများ ဖော်ပြနေသည်။ သို့သော်လည်း ဘာမှထပ်မပြောတော့ဘဲ အခန်းထဲမှ ပြန်ထွက်သွားသည်။

ဟာဗေးသည် မေရီဘေး၌ ထိုင်နေရာမှ ထလိုက်သည်။ ဖယောင်းတိုင်တစ်တိုင်ကို ထပ်ထွန်းသည်။ သူ့လက်သည် တဆတ်ဆတ်တုန်လျက်ရှိသဖြင့် ဖယောင်းစက်များသည် လက်ချောင်းများပေါ် စီးကျလာနေကြသည်။ သူသည် ဖယောင်းတိုင်အလင်းရောင်ဖြင့် မေရီ့မျက်နှာကို အသေအချာ ထပ်ကြည့်သည်။

တစ်မျက်နှာလုံး သွေးရောင်လွှမ်းကာ နီမြန်းလျက်ရှိ၏။ မျက်ခွံများသည် မို့လျက်ရှိကြလေ၏။ နှုတ်ခမ်းများမှာ ဒဏ်ရာတစ်ခုသဖွယ် ကြက်သွေးရောင်သန်းနေကြ၏။ ဟာဗေး၏နှုတ်မှ ညည်းသံတစ်ခွန်း ထွက်လာသည်။ မေရီသည် ရိုးရိုးသာမန်ဖျားနေခြင်းမဟုတ်။ မာနူလီယာ ပြောသွားသည့်အတိုင်း အသားဝါရောဂါ ဖြစ်နေခြင်းပေတည်း။

မာနူလီယာသည် အခုထိ ပေါ်မလာသေး။ လာမှလာပါတော့မည်လား။ သူသည် လက်သီးများကို ကျစ်ကျစ်ပါအောင် ဆုပ်ထားသည်။ သူသည် ဒေါသအရှိန်ဖြင့် အခန်းထဲမှ ဝုန်းခနဲပြေးထွက်ကာ လှေကားမှ ပြေးဆင်းသည်။

‘မာနူလီယာ...မာနူလီယာ’

ဟု အသံကုန်ဟစ်၍ ခေါ်သည်။ သူ့အော်သံသည် ခန်းမကြီး စား

သောက်ခန်းနှင့် မီးဖိုခန်းများထဲတွင် ပဲ့တင်ထပ်နေသည်။ သူသည် ထပ် တလဲလဲခေါ်လျက်ပင်ရှိ၏။ သို့သော်လည်း ထူးသံမကြားရ။ မာနူလီယာ သည် ရောဂါကို ကြောက်လန့်နေသူဖြစ်ရာ ထွက်ပြေးသွားပြီဟု ထင်သည်။ ထိုအသိဝင်လာသောအခါ သူသည် ထိုနေရာတွင် ဆယ်စက္ကန့်မျှ ရပ်နေမိ သည်။ အခုဆိုလျှင် မေရီ့အနီး၌ သူတစ်ယောက်တည်းသာ ရှိပေတော့မည်။ မြို့စားကတော် အဘွားအိုသည် အိပ်မောကျနေမည်ထင်၏။ ဆောင်းမီးဖို ဆီမှ မီးပေါက်သံများကို တစ်ခါတစ်ရံ ကြားနေရသည်။ အပြင်မှ ဖား အော်သံများကိုလည်း ခပ်သဲ့သဲ့ကြားနေရ၏။ သူဘာလုပ်ရမည်နည်း။

သူ့မျက်လုံးအစုံသည် အေးစက်တင်းမာလာသည်။ သူသည် ဆုံးဖြတ် ချက်တစ်ခုကို အခိုင်အမာချလိုက်ပြီ ဖြစ်၏။ ချက်ချင်းပင် သူ့ဂျက်ကက် အင်္ကျီကို ချွတ်လိုက်သည်။ စင်ပေါ်မှ ရေအပြည့်ထည့်ထားသော ရေကရား တစ်လုံးကို လှမ်းယူကာ အိမ်အပေါ်ထပ်သို့ လျင်မြန်စွာ ပြန်တက်လာခဲ့ သည်။

မေရီသည် သူထားခဲ့သည့်အတိုင်းပင် အိပ်ရာထက်၌ ပက်လက်။ ကြက်သွေးရောင်သန်းနေသည့် နှုတ်ခမ်းများသည် ပွင့်လက်ရှိ၏။ အသက်ရှူ မမှန်သဖြင့် ရင်ပတ်သည် ပြင်းထန်စွာလှုပ်ရှားလျက်ရှိသည်။

ဟာဗေးသည် ဆုံးဖြတ်ထားသည့်အတိုင်း လုပ်စရာရှိသည်များကို တည်ငြိမ်စွာ လုပ်ကိုင်လျက်ရှိသည်။ သို့တစေလည်း နှလုံးသားကတော့ ပြင်းထန်စွာခုန်နေသည်။

သူသည် မေရီ့ကိုယ်ခန္ဓာမှ အဝတ်များကို အနီးရှိ ကုလားထိုင်ပေါ် လှမ်းတင်သည်။ ဝတ်ထားသည်မှာ များများစားစားမဟုတ်။ ပါးပါးလွှာ လွှာများသာဖြစ်၍ ချွတ်ရလွယ်သည်။ သူ့နဖူးတွင် ချွေးသီးများ စို့လျက်ရှိ၏။ တကယ်တော့ သူလုပ်ချင်သည့်အလုပ်တစ်ခုမဟုတ်။ အခြေအနေအရ မရှောင်လွှဲသာ၍လုပ်ရခြင်း ဖြစ်၏။ အရေးကြီးသည့်အချက်မှာ မေရီ အဖျား ကျသွားရန်သာ ဖြစ်သည်။

မေရီ၏ ဖြူဖွေးသော အသားသည် ပိုးသားတမျှ နူးညံ့လှပါပေ၏။ ဖယောင်းတိုင်မီးရောင်သည် မေရီကို ပီပြင်ပြတ်သားစွာ မြင်သာအောင်

ထိုးပြလျက်ရှိသည်။ ဟာဗေးသည် မေရီအား အသာအယာ ပွေ့ထူလိုက်ပြီး အိပ်ရာခင်းပေါ်သို့ချသည်။ ထိုအခိုက်တွင် မေရီ၏ လက်တစ်ဖက်သည် သူ့လည်ပင်းကို လာ၍ဖက်သည်။ မေရီ့မျက်လုံးအစုံသည် ပွင့်လာသည်။ သတိပြန်လည်လာခြင်းဖြစ်၏။

'မေရီ့ကြောင့် အနှောင့်အယှက်ဖြစ်ရတယ်'

ဟု မပီကလာပီကလာဖြင့် ရေရွတ်သည်။ ဟာဗေးက စကားပြန်ပြောရန် စိတ်ကူးနေစိတ်မှာပင် မေရီ့မျက်လုံးများသည် ချာချာလည်ကာ သတိမေ့သွားပြန်လေ၏။

ဟာဗေးသည် မေရီကို ရေပတ်တိုက်သည်။ သူ့စိတ်သည် ပြင်းထန်စွာ လှုပ်ရှားလျက်ရှိ၏။

'ငါ သူ့အသက်ကို ကယ်မှဖြစ်မယ်။ ငါ သူ့အသက်ကို ကယ်မှရမယ်။ မကယ်လို့မဖြစ်ဘူး။ တကယ်လို့ သူသေသွားရင် ဘာဖြစ်မလဲ။ ငါလည်း သေမှာပဲ။ ငါသေတာက အကြောင်းမဟုတ်ပါဘူး။ သူမသေဖို့က အရေးကြီးတယ်'

အစရှိသော အတွေးများသည် သူ့စိတ်ထဲတွင် ဆက်တိုက်ဖြစ်ပေါ်လာလျက်ရှိသည်။

သူ၏ မရပ်မနားလှုပ်ရှားနေသော လက်များအောက်မှ မေရီ၏ ကိုယ်ခန္ဓာသည် တဖြည်းဖြည်းနှင့် အေးမြလာသည်။ မေရီ အသက်ရှုပုံသည် ယခင်ကနှင့်မတူ၊ ပုံမှန်ဖြစ်လာပြီဟု သူထင်မိ၏။ မေရီ့လည်ပင်းအောက်နားတွင် လက်ချောင်းများနှင့်ကပ်၍ သွေးခုန်ပုံကို စမ်းကြည့်သည်။ စိတ်ထဲတွင်တော့ ဘဝင်မကျ။ သို့သော်လည်း ကိစ္စမရှိ။ သူ့အခြေအနေ ကောင်းမွန်သက်သာလာဖို့သာ အဓိကဖြစ်၏။

သူသည် လက်ထဲမှ မျက်နှာသုတ်ပဝါကို ပစ်ချလိုက်ပြီး မေရီအား အိပ်ရာခင်းစဖြင့် ပြန်ပတ်သည်။ ထို့နောက် အောက်ထပ်သို့ အပြေးအလွှား ဆင်းကာ မီးဖိုခန်းထဲသို့ သွားသည်။ မီးဖိုပေါ်၌ အသင့်တင်၍ နွေးထားသော စွပ်ပြုတ်ရည်တစ်ခွက် ပန်းကန်လုံးတစ်လုံးတွင်ထည့်ကာ အပေါ်ထပ်သို့ ပြန်တက်သည်။ စွပ်ပြုတ်ရည် အေးသွားသည့်အခါ မေရီ၏ ဦးခေါင်း

ကို အသာအယာထူမပြီး စွပ်ပြုတ်တိုက်သည်။ အိပ်တစ်ဝက်နိုးတစ်ဝက်ဖြစ်နေသော မေရီသည် စွပ်ပြုတ်ရည်ကို သောက်သည်။

စွပ်ပြုတ်ကို မျိုချနေသော မေရီအားကြည့်ကာ ဟာဗေး၏ ရင်ထဲတွင် များစွာ ပေါ့ပါးသွားသည်။

အားပြန်တက်လာသော ဟာဗေးသည် စွပ်ပြုတ်ပန်းကန်ကို ဘေးနား၌ချလိုက်ပြီး မေရီ့ဘေးတွင် ထိုင်သည်။ မေရီ့လက်ကို အသာဆွဲယူကာ ဆုပ်ကိုင်ထားသည်။ ဤပုံစံအတိုင်း မလှုပ်မယှက်ထိုင်နေသည်။

မိနစ်ပေါင်းများစွာ ကုန်လွန်သွားလျက်ရှိ၏။ တစ်ညလုံး မအိပ်ဘဲ ထိုင်စောင့်နေရခြင်းသည် စိတ်ထဲတွင် ထူးဆန်းသောခံစားမှုများ တစ်ခုပြီး တစ်ခု ဝင်လာလျက်ရှိ၏။ သူ့နှလုံးသားတွင် မျှော်လင့်ချက်ရောင်ခြည် ကလေးသည် ဝင်ရောက်ကပ်ငြိလာသည်။

သူ့အနေဖြင့်ကတော့ မေရီ၏အသက်ကို မရမနေကယ်တင်မည်ဟု အခိုင်အမာဆုံးဖြတ်ထားသည် မဟုတ်ပါလား။ အပြင်ဘက်မှ ဖားအော်သံများသည် အဆက်မပြတ် ထွက်ပေါ်လာနေဆဲဖြစ်၏။

ညဥ့်ငှက်တစ်ကောင်သည် ပြတင်းပေါက်မှန်တံခါးကို သူ၏ နူးညံ့သော အတောင်များဖြင့် ရိုက်ခတ်သွားသည်။ ကောင်းကင်၌ ရွှေ့လျားနေသော လရောင်သည် အခန်းထဲသို့ဝင်လာပြီး ဖြည်းဖြည်းချင်း ရွှေ့လျားနေသည်။ ထို့နောက် ပျောက်ကွယ်သွားသည်။

ဟာဗေးကတော့ လှုပ်ရှားခြင်းမရှိ။ မေရီ၏ မျက်နှာကိုသာ မျက်ခြည်မပြတ် စောင့်ကြည့်လျက်ရှိလေသည်။

*

## [နှစ်ဆယ်]

အရုဏ်တက်ပြီ။

သစ်ရွက်များသည် အိပ်မောကျနေရာမှ နိုးထလာနေကြလေပြီ။ လှော်စ်ဆစ္စနက်ဂေဟာဘက်သို့ ဦးတည်နေသော ဆူဆန်ထရန်းတားသည် တောင်ကုန်းပေါ်မှ ခပ်သွက်သွက်ဆင်းလာလျက်ရှိ၏။

သူ့အတွေးနှင့်သူလာနေသော ဆူဆန်ထရန်းတား၏ ပါးနှစ်ဖက်သည် ရှက်သွေးဖြင့် နီရဲလျက်ရှိသည်။ သူလာသည်မှာ စောများနေမလား။ အမှန်တော့ သူ ခုလိုစောစောထလာခြင်းသည် ဟာဇေးနှင့် လူချင်းလွဲသွားမည်ကို စိုးရိမ်၍ဖြစ်၏။ သူသည် လမ်းဘေးတစ်နေရာမှ ပန်းတစ်ပွင့်ကို ခူးကာ သူ့ရင်ဘတ်တွင် ထိုးလိုက်ရင်းက စောတော့ကော ဘာဖြစ်လဲဟု သူ့စိတ်သူ ဖြေသည်။

'သူနဲ့ငါ အတူတူတွဲလုပ်နေကြတာမဟုတ်လား။ သူ့ဆီလာတာ ဘာပြဿနာမှမရှိပါဘူး'

ဟု တွေးသည်။

'အခုလောက်ဆို သူ မနက်စာ စားနေရောပေါ့'

သူသည် ရောက်တတ်ရာရာတွေးရင်းမှ ဟာဗေး၏ တည်ငြိမ်အေးဆေးသော မျက်နှာကို မြင်ယောင်သည်။ သူ ငါ့ကိုတွေ့ရင် ပြုံးပြီး နှုတ်ဆက်ချင် နှုတ်ဆက်မှာ။ ပြီးတော့ ရွာဘက်ကို အတူတူသွားကြမယ်။

သူသည် အခုလို ဟာဗေးနှင့် အတူတူတွဲ၍ အလုပ်လုပ်နေရသည့်အတွက် များစွာပျော်မြူးလျက်ရှိသည်။ ရောဂါဖြစ်ပွားမှုသည် အဆိုးဆုံးအဆင့်ကို ကျော်လွန်သွားခဲ့ပြီ။ တဖြည်းဖြည်းချင်း လျော့နည်းပျောက်ကွယ်သွားတော့မည့် အနေအထားသို့ပင် ရောက်နေပြီဟုလည်း ယူဆနိုင်လောက်သည့် လက္ခဏာများကို မြင်တွေ့နေကြရပြီ။

ရောဂါအရှိန်သည် အတက်မြန်သကဲ့သို့ အကျလည်း မြန်ပုံရသည်။ ယခုအခါတွင် သက်ဆိုင်ရာ အာဏာပိုင်များကလည်း အရေးတယူဆောင်ရွက်နေကြပြီ ဖြစ်၏။

စစ်တပ်မှ ဆရာဝန်တစ်ယောက်နှင့် တပ်သားများသည် ဟာမိုဆာရွာသို့ ရောက်နေကြပြီ။ တစ်ရွာလုံးရှိ အိမ်တိုင်းလိုလို ပိုးသတ်ဆေးများဖျန်းခြင်း၊ လူသေများ၊ အလောင်းများကို ချက်ချင်းမြှုပ်နှံခြင်း၊ ယာယီဆေးရုံတစ်ခု တည်ထောင်ထားရှိခြင်းနှင့် ရောဂါသည်များအား တသီးတခြားခွဲခြားခြင်း စသော လုပ်ငန်းများကို မနားမနေဆောင်ရွက်လျက်ရှိနေကြပြီဖြစ်၏။

ယခင်ကနှင့်စာလျှင် သူလုပ်ရမည့်အလုပ်သည် များများစားစားမရှိတော့။ သို့တစေလည်း ယခုလုပ်နေရသမျှ အလုပ်များသည် မြင့်မြတ်သည်ဟု ယူဆသည်။ ထို့ပြင်လည်း ထိုမြင့်မြတ်သော အလုပ်များကို ဟာဗေးနှင့်တွဲ၍ လုပ်နေခြင်းသည် သူ့အတွက် စိတ်ပျော်ရွှင်ကြည်နူးစရာကောင်းလှချေသည်။ သူ့မောင်အတွက် ဖိဆီးခံနေရသည့် သောကများသည်ပင်လျှင် ပျောက်ကွယ်ခဲ့ရ၏။

တကယ်တော့ သူ့မောင် ရောဘတ်သည် တစ်စုံတစ်ခုဖြစ်နေပြီဟု သူထင်သည်။ ပြီးတော့ သူ့မောင်အား ဤကူးစက်ရောဂါကိစ္စတွင် ပါဝင်

မလာစေချင်။ ဤအလုပ်သည် သူ့အလုပ်မျိုးမဟုတ်ဟု ယူဆသည်။ ရောဘတ်သည် ခံနိုင်ရည်အားရှိသူမဟုတ်။ ဤကိစ္စ၌ သူဝင်လာပါက ရောဂါရရှိသွားဖို့သာများသည် မဟုတ်ပါလား။

ဆူဆန်ထရန်းတားသည် အိမ်ရှေ့ ကျောက်လှေကားမှ ကပျာကယာ တက်သွားပြီး တံခါးတွန်းလိုက်သည်။ ဟနေသော တံခါးသည် ချက်ချင်း ပွင့်သွား၏။ ခန်းမကြီးထဲတွင် မည်သူမျှမရှိ။ သူသည် စားသောက်ခန်းထဲသို့ ဝင်ခဲ့သည်။

နံနက်စာ ပြင်ဆင်တည်ခင်းထားသည်ကို မတွေ့ရ။ အခန်းထဲတွင်လည်း မည်သူမျှမရှိ။ သူသည် အံ့ဩစိတ်ဖြင့် တစ်ခဏမျှရပ်၍ စဉ်းစားနေမိ၏။ အလုပ်ပင်ပန်းလွန်း၍ အခုအချိန်ထိ သူအိပ်ရာမှ မနိုးသေးဘူး ထင်ပါရဲ့ဟူသော အတွေးကြောင့် ပြုံးလိုက်မိသည်။

သူသည် အခန်းထဲမှ ပြန်ထွက်ကာ အပေါ်ထပ်သို့ တက်ခဲ့သည်။ ဟာဗေး၏ အခန်းတံခါးကို အသာအယာခေါက်လိုက်သည်။

'ဟာဗေး ရှင် အခုထက်ထိ မထသေးဘူးလား'

ဟု သူက မေးသည်။

အတွင်းမှ ထူးဆန်းစွာတိတ်ဆိတ်လျက်ရှိသည်။ အတန်ကြာမှ ဟာဗေး၏အသံကို ကြားရသည်။ ပီပီသသမဟုတ်သဖြင့် ဘာပြောနေမှန်းမသိ။ သူသည် တံခါးရွက်တွင် နားနှင့်ကပ်၍ နားထောင်သည်။ သဲသဲကွဲကွဲ မကြားရ။ နောက်တစ်ကြိမ် တိတ်ဆိတ်နေပြန်သည်။

ထို့နောက် ဟာဗေး၏အသံ ထပ်၍ ထွက်ပေါ်လာသည်။ သူ့အား အခန်းထဲဝင်ခဲ့ဖို့ လှမ်းခေါ်နေခြင်းပေတည်း။

ဆူဆန်သည် တံခါးလက်ကိုင်ကို လှည့်ဖွင့်ကာ အတွင်းသို့ ဝင်ခဲ့သည်။ ဟာဗေး၏ ခုတင်ဆီသို့ သုံးလေးလှမ်းမျှ လျှောက်လာသည်။ သူ့မျက်နှာမှ အပြုံးရိပ်သည် ဖျတ်ခနဲ လွင့်စဉ်သွားသည်။

ပိန်ချုံးကာ မျက်တွင်းဟောက်ပက်ဖြစ်နေသော ဟာဗေး၏ မျက်နှာ။ ပြီးတော့ ခုတင်ပေါ်မှလူ။

သူ့နှုတ်မှ အလန့်တကြား ရေရွတ်သံတစ်ခွန်း ထွက်လာသည်။

'သူဖျားနေတယ်'

ဟု ဟာဗေးက ပြောသည်။

'ဟိုရောဂါကူးနေတယ်'

ဆူဆန်အဖို့တော့ ကမ္ဘာကြီးတစ်ခုလုံး ဖရိုဖရဲပြိုလဲသွားသည့်နှယ် ခံစားရသည်။ မေရီ ဘာကြောင့် ဒီကိုရောက်လာရတာလဲဟူသော မေးခွန်းကို မမေးချင်။ သူ့အဖို့ မေရီရောက်နေခြင်းသည် သူ့ဘဝတစ်ခုလုံး မျှော်လင့်ချက် ကင်းမဲ့သွားပြီဟု အသိသာ ဝင်လာသည်။

သူ့မျက်လုံးများသည် အခန်းထဲရှိ အရာများကို မြင်သည်။ ကြမ်းပေါ် ကျနေသည့် ရေစိုမျက်နှာသုတ်ပဝါ၊ မေရီ၏လက်၊ ကုလားထိုင်ပေါ်၌ ပုံထားသည့် အဝတ်များ။ နာကျင်သော ဝေဒနာသည် သူ့ရင်တွင်း၌ ပေါ် လာသည်။ သို့တစေလည်း သူ့စိတ်ကိုတင်းကာ စကားပြောသည်။

'သူ သိပ်ဖျားနေသလား'

'အင်း...ဖျားနေတယ်'

'သူ့ကိုယ်ပေါ်မှာ ဘာမှ ဝတ်မပေးထားဘူးလား။ ညဝတ်အင်္ကျီတောင် မရှိဘူးလား'

'အဝတ်ရှိတော့ကော ဘာထူးမှာလဲ'

တစ်ခဏမျှ ငြိမ်ဆိတ်သွားပြန်သည်။

'ရှင်တစ်ညလုံး သူ့အနားမှာ ထိုင်နေတာ'

'အင်း'

'ရှင် မနေ့ကလည်း တစ်နေ့ကုန် အလုပ်လုပ်လာခဲ့ရတယ်။ ညက လည်း တစ်ညလုံး မအိပ်ရဘူး။ ရှင်သိပ်ပင်ပန်းနေပြီ'

ဟာဗေးက အဖြေမပေး။ သူဆန်ကလည်း ဆက်မပြော။ ထို့နောက်မှ မနေ့ညက မေရီ ရောက်လာပုံကို ဟာဗေးက ရှင်းပြသည်။

ဆူဆန်သည် မျက်နှာကို တစ်ဖက်သို့လွှဲကာ ဟာဗေး ပြောသမျှကို နားထောင်သည်။ ထို့နောက်...

'ရှင် သူ့ကို ဒီမှာထားလို့ ဖြစ်မယ်မထင်ဘူး။ သူ့ကို ဆန်တာကရုဇ်ပို့မှ ဖြစ်မှာ။ နာမကျန်းဖြစ်နေတဲ့ သူ့လိုလူအတွက် ဒီမှာ ဘာမှမရှိဘူး။ ရှင့် မှာ

ဆေးဝါးလည်းမရှိ'

ဟု ပြောသည်။

'ကိုယ်လိုချင်တာ အကုန်ရနိုင်တယ်။ သူ့ကိုတော့ မရှွေ့နိုင်ဘူး။ အရွှေ့လည်း မခံနိုင်ဘူး'

ဆူဆန်သည် ဘာမှပြန်မပြော။ ကြမ်းပြင်ကိုသာ ငုံ့ကြည့်နေသည်။ ထို့နောက် သက်ပြင်းတစ်ချက်ချကာ လှုပ်ရှားလာသည်။ ခုတင်အနီးသို့ လျှောက်သွားပြီး ခေါင်းမှ ဦးထုပ်ကို ချွတ်သည်။ လက်အိတ်များကို ချွတ်သည်။ ပြတင်းပေါက်အနီးရှိ စားပွဲပေါ်သို့ သွားတင်သည်။

'ကဲ…ရှင်အနားယူလိုက်ဦး'

ဟု ဟာဖေးအား ပြောသည်။

'ရှင့်ကြည့်ရတာ သိပ်ပင်ပန်းနေပြီ။ ကျွန်မ သူ့ကို တစ်လှည့်စောင့်ကြည့်ပေးမယ်'

ဟာဖေးကတော့ ဆူဆန်၏စကားကို မကြားသည့်နှယ် မတုန်မလှုပ်။ သို့သော်လည်း ဆူဆန်၏ လှုပ်ရှားမှုများကိုတော့ မျက်ခြည်မပြတ် လိုက်ကြည့်နေသည်။ နောက်ဆုံးကျမှ သူ့နှုတ်မှ မေးခွန်းတစ်ခု ထွက်လာသည်။

"သူ့ကိုပြုစုဖို့ မင်းက ကူညီမှာလား"

'သူ့ကို ပြုစုပေးမယ်၊ ကျွန်မ ပြုစုပေးမယ်။ ကျွန်မမှာ ဒီအလုပ်က လွဲပြီး တခြားလုပ်စရာအလုပ် ဘာရှိလို့လဲ။ ဒီအလုပ်က ကျွန်မရဲ့တာဝန်ပဲ မဟုတ်လား'

ဟာဖေးက ဆူဆန်အား မော့ကြည့်သည်။

'ကိုယ်မမေ့ပါဘူး၊ မင်းဟာ စိတ်စေတနာကောင်းအပြည့်ရှိပါတယ်'

ဆူဆန်၏မျက်နှာသည် ရှက်စိတ်ဖြင့် နီမြန်းသွားသည်။ သူ့အမူအရာသည် စကားတစ်ခွန်းမှ ပြန်မပြောတော့ဟု ထင်ရ၏။ သို့သော်လည်း…

'ရှင် မှားနေတယ်'

ဟု ခပ်ဆတ်ဆတ်လေသံဖြင့် ပြောသည်။

'ကျွန်မ စိတ်စေတနာကောင်းလွန်းလို့ ဒီအလုပ်ကို လုပ်တာမဟုတ်ဘူး။ ရှင်ထင်တာနဲ့တခြားစီပဲ။ ကျွန်မ အခုလိုလုပ်ပေးတာဟာ စိတ်ကောင်း

ရှိလို့ မဟုတ်ဘူးဆိုတာ ပွင့်ပွင့်လင်းလင်းပဲ ပြောပါရစေ။ ကျွန်မအခုလုပ်တာဟာ မနာလိုဝန်တိုစိတ်ကြောင့်ပဲ။ ရှင် သူ့ကို ချစ်နေတယ်ဆိုတာ ကျွန်မသိတယ်။ သူ့ကို ရှင့်လက်နဲ့ ထိတာကိုင်တာ ကျွန်မ မမြင်ချင်ဘူး။ ဒါကြောင့်မို့ ကျွန်မက ရှင့်ကိုယ်စား သူ့ကိုပြုစုပေးမှာ။ ဒါမှလည်း ကျွန်မ ဒီမှာနေလို့ရမှာ။ ဒါကြောင့်...ဒါကြောင့်'

ဆူဆန်သည် စကားကိုဆုံးအောင်မပြောနိုင်။ သူ့အသံသည် တိမ်ဝင်သွားသည်။ ထို့နောက် ကျိတ်၍ငိုရှိုက်နေသည့်အသံ။

ဟာဗေးသည် ထိုင်ရာမှ ထကာ ပြတင်းပေါက်ဆီသို့ လျှောက်သွားပြီး အပြင်သို့ ကြည့်နေသည်။ မိနစ်အတော်ကြာမျှ ကုန်လွန်သွားသည်။ ထို့နောက် တည်ငြိမ်အေးဆေးသောလေသံဖြင့် ပြောလာသည့် ဆူဆန်၏ စကားပြောသံ။

'ရှင်ခဏတဖြုတ် လဲ့နေလိုက်ပါလား'

'ကိစ္စမရှိပါဘူး ရပါတယ်'

အသိဉာဏ်ကလေးတော့ သုံးစေချင်တယ်။ တကယ်လို့ အကောင်းဆုံး ဖြစ်စေချင်တယ်ဆိုရင် ပြောတာပါ။ သူ့အတွက် ရှင် နားရမယ်။ တရေးတမောအိပ်သင့်တယ်။ ရှင့်တာဝန်ကို ကျွန်မယူထားပြီမဟုတ်လား။ ကျွန်မ ရောဘတ်ဆီကို ဒီမှာ ဘာတွေဖြစ်နေတယ်ဆိုတာ စာရေးဦးမှာပါ။ ခဏပဲဖြစ်ဖြစ် အိပ်လိုက်ပါ'

ဟာဗေးသည် တစ်ခဏမျှ ငိုင်နေသည်။ ထို့နောက် ပြတင်းပေါက်အနီးမှ ပြန်လှည့်လာသည်။

'ကောင်းပြီလေ၊ ကိုယ်တစ်နာရီလောက် လဲ့နေလိုက်မယ်။ ဘာလုပ်ရမယ်ဆိုတာ မင်းသိတယ်မဟုတ်လား'

'သိပါတယ်'

'ကိုယ်တို့ သူ့ကို အဖျားကျသွားအောင်လုပ်ဖို့ သိပ်အရေးကြီးတယ်။ အဲဒါကို မင်းသိပါတယ်နော်'

ဆူဆန်က ခေါင်းညိတ်သည် စိတ်ထိခိုက်ကြေကွဲခြင်းကို ပြင်းစွာခံစားနေရသည့် မျက်လုံးအစုံဖြင့် ဟာဗေး၏မျက်နှာကို စိုက်ကြည့်နေသည်။

ဟာဖေးသည် ဆူဆန်၏ပခုံးပေါ်မှကျော်၍ မေရီ့မျက်နှာကို စိုက်ကြည့်နေသည်။ သောကအရိပ်အငွေ့များသည် မျက်နှာတွင် ထင်ဟပ်နေသည်။ ထို့နောက် နောက်သို့လှည့်ကာ အခန်းထဲမှ ထွက်သွားလေသည်။

သူသည် စင်္ကြံလမ်းကိုဖြတ်ကာ အခန်းတစ်ခန်းအတွင်းသို့ ဝင်ခဲ့သည်။ အခန်းသည် အိပ်ခန်းမဟုတ်။ ယခင်က နားနေရာအခန်း ဖြစ်ဟန်တူ၏။ မပြုမပြင် မရှင်းမလင်းဘဲ စွန့်ပစ်ထားသည်မှာ ကြာပြီထင်၏။ တစ်ခန်းလုံး ဖုန်တက်ကာ ဖရိုဖရဲဖြစ်လျက်ရှိသည်။ သူသည် ညစ်ပတ်ပေရေနေသည်ကို ဂရုမစိုက်ဘဲ ဆိုဖာတစ်လုံးပေါ်လှဲကာ မျက်လုံးများကို မှိတ်ထား လိုက်သည်။

အိပ်ဖို့ကြိုးစားပါသော်လည်း အိပ်မရ။ အခန်းထဲတွင် အနံ့အသက်များကလည်း မကောင်း။ ကြွက်များကလည်း သောင်းကျန်းလှ၏။ သူ့စိတ်အာရုံတွင် အတိတ်က ဖြစ်ရပ်များသည် ပေါ်လာလိုက် ပျောက်သွားလိုက်။ သူ့နားထဲတွင် အသံများကြားသလိုလိုလည်းရှိသည်။ ကျယ်လောင်သော တံခါးခေါက်သံ။ လူတချို့ ရောက်လာလေသလား။

သူသည် မျက်လုံးများကို ပြန်ဖွင့်လိုက်သည်။ မျက်နှာကျက်တွင် ရေးဆွဲထားသည့် ငန်းရုပ်ကြီးကို မြင်နေရ၏။ လည်ပင်းကို ဆန့်တန်းကာ အတောင်များကို ဖြန့်ထားသည့် ငန်းရုပ်ကြီးသည် သူ့ဆီသို့ ဆင်းသက်လာတော့မည့်နှယ်ရှိသည်။ သူ့တစ်ကိုယ်လုံး ချမ်းစိမ့်စိမ့်ဖြစ်လာသည်။

နောက်ဆုံးတွင် သူလှဲနေရာမှ ထထိုင်ကာ အခန်းထဲမှ ပြန်ထွက်လာခဲ့သည်။ သူ့နားများသည် အောက်ထပ်မှ ခြေသံများ ကြားနေရ၏။ လေးလံသော ခြေလှမ်းများဖြစ်၍ ထိုခြေလှမ်းသံကို သူသိသလိုလိုရှိသည်။ သူသည် ဂရုတစိုက် နားစွင့်နေသည်။ သူသည် လှေကားမှ ဆင်းလာခဲ့ကာ စားသောက်ခန်းထဲ ဝင်ခဲ့သည်။ အခုရောက်နေသည့်လူ ဘယ်သူဖြစ်သည်ကို သူသိသည်။

'ခင်ဗျား ရောက်လာပြီပေါ့လေ'

ကုလားထိုင်ပေါ်မှ ကော်ကိုရန်က ပြုံးဖြီးဖြီးမျက်နှာပေးဖြင့် ပြန်ကြည့်သည်။

'အေးလေ၊ ငါလိုက်လာမယ်လို့ မင်းကို ပြောလွှတ်လိုက်တယ် မဟုတ်လား'

'ခင်ဗျားရောက်လာတာ ကျွန်တော် ဝမ်းသာတယ်'

ကော်ကိုရန်က ဟာဖေးအား စိတ်မကောင်းဖြစ်သည့် မျက်နှာထားဖြင့် မော့ကြည့်သည်။

'အေး...ငါ ဒီရောက်မှ ဆူဆန်ပြောပြလို့ အကုန်သိခဲ့ရတယ်။ ပထမဆုံး မေရီကို မြင်လိုက်တော့ ငါ အရမ်းလန့်သွားတား ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ ငါ အခုလာတာ ငါတတ်နိုင်သလောက် မင်းကို ကူညီဖို့ပါ'

'ခင်ဗျားက ဘာလုပ်တတ်မှာမို့လဲ'

'မင်း အစားတော့ မစားလို့မဖြစ်ဘူးမဟုတ်လား။ ငါက ချက်တတ်ပြုတ်တတ်တယ်လေကွာ။ ထမင်းချက်လုပ်လာတာ အကြာကြီးပဲ။ မင်းအတွက် ထမင်းချက်တစ်ယောက် ကောင်းကောင်းရတာပေါ့'

ဟာဖေးက နားထောင်နေသည်။

'ကျွန်တော် မြို့က ပစ္စည်းတချို့လိုချင်လိုလိမ့်မယ်။ ခင်ဗျားသွားဝယ်ပေးနိုင်မလား'

ဟု ပြောသည်။

'ဟာ...လုပ်ပေးမှာပေါ့။ စောစောကပဲ ဆူဆန်ကို ပြောခဲ့သေးတယ်။ အသုံးဝင်မယ့်ကိစ္စမှန်သမျှ ခိုင်းသာခိုင်း၊ ငါလုပ်ပေးဖို့အသင့်ပဲ။ ငါကတော့ မင့်ဘက်ကပဲ။ တကယ်လို့ မင်းမှာပြဿနာရှိနေရင်လည်း ငါက မင်းဘက်ကပဲ ရပ်မှာ'

'ဘာပြဿနာရှိရမှာလဲ'

'ဒါက ဒီလိုပါ၊ ငါမြို့ထဲရောက်တုန်းက တွေ့ခဲ့တာတစ်ခုရှိလို့ပါ'

'ဘာတွေ့ခဲ့လို့လဲ'

'ဟိုနှစ်ယောက်ပေါ့ကွာ၊ ဩရီတာဗာကနေပြီး လိုက်လာတယ်။ ဒစ်ဘ်ဒင်းနဲ့ အီလစ်ဆာတို့လေ။ ဟို ကိုယ်စားလှယ် ကားလည်း မနေ့ညက ရောက်လာပြီး မိန်းကလေးကို လိုက်ရှာနေကြတယ်။ ငါက ဒီမိန်းကလေး မင်းဆီရောက်နေတဲ့အတွက် ပြဿနာတက်လိမ့်မယ်လို့ ထင်မိလို့ပါကွာ'

'ကျွန်တော်ကတော့ သူ့ကို ဒီမှာပဲထားဖို့ စိတ်ကူးထားတာပဲ'

'အေးပါ၊ ထားပါ၊ ထားရမှာပေါ့'

ထိုအခိုက်မှာပင် အိမ်ရှေ့မှ ခေါင်းလောင်းသံ ကြားလိုက်ကြရသည်။ ဟာဖေးနှင့် ကော်ကိုရန်သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်မိကြသည်။

'ငါပြောသားပဲ၊ သူတို့လိုက်လာကြပြီလို့

'ဘယ်သူတွေလဲဆိုတာ သွားကြည့်'

ကော်ကိုရန်သည် အခန်းထဲမှ ထွက်သွားသည်။ နောက်တစ်ခဏမျှအကြာတွင် လျင်မြန်စွာလျှောက်လာနေသည့် ခြေသံများ ကြားရသည်။ ထို့နောက် အခန်းထဲသို့ ဝင်လာသည့် ကား။ သူ့နောက်တွင်မူ သားရေအိတ်တစ်လုံး ဆွဲလာသည့် စပိန်လူရွယ်တစ်ယောက်။ သူတို့နောက်မှ လိုက်ပါလာသူမှာ ကော်ကိုရန်။

ကားသည် အချိန်ဖြုန်းမနေတော့ဘဲ ဟာဖေးနှင့် မျက်နှာချင်းဆိုင်သည်။ ဒေါသရှိန်ဖြင့် သူ့မျက်နှာသည် နီရဲနေသည်။

'မေရီဖီးလ်ဒင်း ဒီအိမ်ထဲမှာ ရှိနေတယ်'

ဟု ပြောသည်။

'ကျုပ် သူ့ကို ပြန်ခေါ်ဖို့လာတာ'

ဟာဖေးက စူးစူးရဲရဲပြန်ကြည့်သည်။ အချိန်အတော်ကြာမျှ အဖြေမပေးဘဲ ငြိမ်နေသည်။

'သူ ဒီမှာရှိနေတယ်လို့ ခင်ဗျားက ဘယ်လိုသိသလဲ'

'အင်္ဂါနေ့က သူ သြရိတာဗာက ထွက်သွားတယ်။ ထွက်သွားပုံက ထူးဆန်းတယ်။ နေမကောင်းဖြစ်နေတာကတော့ ထင်ရှားနေတယ်။ နောက်တစ်နေ့ မွန်းလွဲပိုင်းကျတော့ ဆန်တာကရုဇ်မှာ ရောက်နေတာကို မြင်တဲ့လူတွေက သူ လာဂူးနားသွားတဲ့လမ်းကို စုံစမ်းနေတာလည်းသိကြတယ်။ သူ လော့စ်ဆစ္စနက်ဂေဟာကို သွားတယ်ဆိုတာလည်း ကျုပ်သိခဲ့တယ်။ မနေ့ညက မာနူလီယာလို့ခေါ်တဲ့ မိန်းမကြီးတစ်ယောက် အင်္ဂလိပ်မဆီညော်ရာတစ်ယောက် နေမကောင်းဖြစ်ပြီး ဒီအိမ်ထဲမှာ ရောက်နေတယ်လို့

သတင်းပေးတယ်။ မေရီဖီးလ်ဒင်းပဲဆိုတာ ကျုပ် ချက်ချင်းသိတယ်။ ကဲ... ကိုယ့်လူ၊ ခင်ဗျားကျေနပ်ပြီလား။ ကျုပ်နဲ့အတူ ဆရာဝန်တစ်ယောက် ပါလာတယ်။ ကျုပ် မေရီဖီးလ်ဒင်းကို အခုခေါ်သွားရလိမ့်မယ်၊ ဒါပဲ'

ဟာဗေး၏ မျက်လုံးအကြည့်သည် စပိန်လူရွယ်ဆီသို့ ရောက်သွားသည်။

'ခင်ဗျားက ဆရာဝန်လား'

ဟု ဟာဗေးက ယဉ်ကျေးသိမ်မွေ့စွာဖြင့် မေးသည်။

'ဟုတ်ပါတယ် ဆီညော်'

ဟု စပိန်အမျိုးသားက ခေါင်းတစ်ချက်ညွတ်၍ အဖြေပေးသည်။

'ကျွန်တော်က ဆီးဗီးလ်ကောလိပ်က ဆေးဝါးနဲ့ ဆေးပစ္စည်းရောင်းချရေး အတတ်ပညာဘွဲ့ ရလာတဲ့သူပါ။ ဆေးကုသမှုနဲ့ပတ်သက်လို့ ကျွန်တော့်ကို ထောက်ခံနိုင်တဲ့ မိသားစုတွေ အများကြီးရှိပါတယ်'

'ကောင်းပါတယ်၊ သိပ်ကိုကောင်းပါတယ်'

ဟု ပြောကာ ကားဘက်သို့ လှည့်ကြည့်သည်။

'ခင်ဗျားက မေရီကို အခုချက်ချင်းခေါ်သွားမယ်ဆိုပါတော့'

ကား၏မျက်နှာသည် ဒေါသအရှိန်ဖြင့် နီရဲလာ၏။

'ကျုပ်ပြောပြီးပြီ။ နောက်တစ်ကြိမ် ထပ်ပြောဖို့ မလိုဘူးလို့ ထင်တယ်။ အခု မေရီဘယ်မှာလဲ။ ဘယ်အခန်းမှာထားသလဲ။ ကျုပ် အခုချက်ချင်း သွားကြည့်ချင်တယ်'

'ခင်ဗျားသွားကြည့်ဖို့ မလိုပါဘူး။ မေရီကို ခင်ဗျားခေါ်ဖို့လည်း မလိုပါဘူး'

ဟု ဟာဗေးက ပြောသည်။

'မေရီ ဒီကိုရောက်လာတာဟာ သူ့ဆန္ဒအတိုင်း သူလာချင်လို့လာတာ။ သူ အခုဖျားနေတယ်။ သူဖျားတာမှ သိပ်ကိုဖျားနေတယ်။ ခင်ဗျား ကျုပ်ပြောတာ သဘောပေါက်ရဲ့လား။ ခင်ဗျားအခုခေါ်လာတဲ့ ဆရာဝန်ဆိုတာက ဗိန္ဒောဆရာသာသာပဲရှိတယ်။ မေရီကို သူ့လက်ထဲအပ်လို့ လုံးဝမဖြစ်နိုင်ဘူး။ အဲဒီတော့ မေရီကို ဒီအိမ်ထဲမှာပဲထားပြီး ကျုပ်တာဝန်ယူဖို့ စီစဉ်

ထားတယ်’

‘ခင်ဗျားကုမယ် ဟုတ်လား’

‘ဟု ကားက သရော်သံဖြင့် နှာခေါင်းကိုရှုတ်၍ ပြောသည်။

‘ကျုပ် ခင်ဗျားအကြောင်းကို မသိဘူးလို့ ထင်သလား။ ခင်ဗျားနဲ့ စတွေ့ကတည်းက၍ ခင်ဗျားအကြောင်းကို ကျုပ် စုံစမ်းပြီးပြီ။ ခင်ဗျား ဘယ်လိုလူစား၊ ဘာတွေဖြစ်ခဲ့သလဲဆိုတာကအစ ကျုပ်သိတယ်။ ကျုပ် အနေနဲ့ပြောရရင် ခင်ဗျားလို ဆရာဝန်တစ်ယောက်ရဲ့လက်ထဲကို ခွေး တစ်ကောင်တောင် မအပ်နိုင်ဘူး။ ဒီအိမ်ကိုကြည့်ပါဦး။ ဒီလောက်ညစ်ပတ် ပေရေနေတဲ့ အိမ်မျိုးမှာ လူနာတစ်ယောက်ကို ထားဖို့သင့်မတဲ့လား။ ခင်ဗျား မှာ လူနာပြုစုဖို့ သူနာပြုဆရာမလည်းမရှိဘူး။ ဆေးဝါးနဲ့ ဆေးပစ္စည်း ကိရိယာလည်းမရှိဘူး။ ဘာမှကုစရာမရှိတဲ့ ဆရာဝန်တစ်ယောက်ရဲ့လက် ထဲကို ယုံကြည်စိတ်ချပြီး လူနာတစ်ယောက် အပ်ဖို့ဆိုတာ ဖြစ်နိုင်မတဲ့လား’

ဟာဗေးသည် အေးစက်တင်းမာသော မျက်နှာထားဖြင့် ကား၏ မျက်နှာကို စူးစူးဝါးဝါးကြည့်သည်။

‘မေရီအတွက် ကျုပ်မှာ သူနာပြုဆရာမတစ်ယောက်ရှိတယ်။ ကျုပ် ဘာလုပ်နေတယ်ဆိုတာ ကျုပ်သိတယ်။ ခင်ဗျား မေရီကို ခေါ်သွားမယ်ဆိုတာ အရူးတစ်ယောက်ရဲ့စိတ်ကူးပဲ။ အဆိုးဆုံးအခြေအနေမှာရှိတဲ့ လူနာ တစ် ယောက်ကို ရွှေ့ပြောင်းလို့မဖြစ်ဘူးဆိုတာ ခင်ဗျားနားလည်ရမယ်။ ကျုပ် စကားမှန်တယ် မမှန်ဘူးဆိုတာ ခင်ဗျားခေါ်လာတဲ့ ဆရာဝန်ကို မေးကြည့် ပေါ့’

စပိန်ဆရာဝန်သည် သူ့လက်ထဲမှ ဆေးအိတ်ကို ဘေးနားတွင် ချ ထားလိုက်ပြီးပခုံးများကို တွန့်သည်။ ဒေါသအရှိန်တက်လာနေသော ကား သည် သူ့လူ၏လုပ်ရပ်ကို လှည့်မကြည့်။ ဟာဗေးကိုသာ ပြူးတူးပြဲတဲ ကြည့်နေသည်။

‘ခင်ဗျား တော်တော်လူပါးဝတဲ့လူပဲ’

ဟု အော်ကြီးဟစ်ကျယ်ပြောသည်။

‘ကျုပ် ခင်ဗျားအကြံဉာဏ်ကို လာတောင်းနေတာမဟုတ်ဘူး။ ကျုပ်

ဘာလုပ်မယ်ဆိုတာ ခင်ဗျားကိုပြောပြီးပြီ။ ကျုပ် အချိန်မဖြုန်းနိုင်ဘူး။ မေရီ ဘယ်မှာလဲ'

ပြောပြောဆိုဆို ကားသည် ရှေ့သို့ စွတ်တိုးလာသည်။ ဟာဗေးသည် အခန်းတံခါးဝမှနေ၍ ပိတ်ရပ်ထားသည်။ ဟာဗေးမျက်နှာသည် လိုအပ်လာလျှင် အကြမ်းဖက်တော့မည့် အနေအထား၌ ရှိနေ၏။

'ခင်ဗျား ဖယ်ပေးပါ'

ဟာဗေးက ဦးခေါင်းကို ဖြည်းညင်းစွာခါပြသည်။ သူတို့သည် တစ်ယောက်မျက်နှာ တစ်ယောက် စူးစူးရဲရဲကြည့်နေကြသည်။

'ကျုပ်ကို ဘယ်အကောင်က တားမှာလဲ'

ဟု ကားက ရေရွတ်သည်။

'တားမယ့်သူကတော့ ကျုပ်ပဲ'

ဟု ဟာဗေးက လေသံအေးအေးဖြင့် ပြန်ပြောသည်။

အခြေအနေသည် တိုး၍တင်းမာလာသည်။ အံ့အားသင့်လျက်ရှိသော စပိန်ဆရာဝန်သည် နောက်သို့ ဆုတ်ခွာသွားပြီး နံရံတွင်ကပ်၍ ရပ်နေသည်။ ဟာဗေး၏အနီး၌ရပ်နေသော ကော်ကိုရန်သည် လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကာ ကား၏မျက်နှာကို စိုက်ကြည့်နေသည်။

ကား၏မျက်နှာထားသည် ပြောင်းသွားသည်။ သူသည် ကော်ကိုရန်အား ကောင်းစွာသိသူဖြစ်၏။ ကော်ကိုရန်နှင့် ရင်ဆိုင်ရမည်ဆိုပါက အန္တရာယ်မသေးလှသည့်အဖြစ်ကို နားလည်သည်။

'အဲဒီတော့'

ဟု ရေရွတ်ကာ မျက်နှာကို ရယ်လိုက်သည်။

'ကျုပ်တို့ ထိုးပွဲသတ်ပွဲလေး ကျင်းပကြမယ်ဆိုပါတော့'

ဟု ထပ်ပြောကာ ရှေ့သို့ တိုးလာသည်။

'ခင်ဗျား ကျုပ်ရှေ့က အခုချက်ချင်းဖယ်၊ မဖယ်ရင်နာလိမ့်မယ်'

ဟာဗေးကတော့ လုံးဝမဖယ်ပေး။ နောက်တစ်ကြိမ်ထပ်၍ ခေါင်းရမ်းသည်။ ကားသည် လက်သီးများကိုဆုပ်၍ လက်ဝှေ့သမားတစ်ယောက် ဟန်မျိုးဖြင့် ရှေ့သို့ တိုးလာသည်။ သူ့ညာလက်သီးသည် ဟာဗေး၏

ဦးခေါင်းပေါ်သို့ အရှိန်ပြင်းစွာကျလာသည်။ တကယ်တော့ သူသည်အတွေ့အကြုံ ရင့်ကျက်သော လက်ဝှေ့သမားတစ်ဦး ဖြစ်ခဲ့ဖူး၏။ သူသည် ဟာဗေး၏ အားနည်းချက်များကို မြင်နေရသည်။ ထို့ကြောင့်လည်း ဟာဗေးအား အလဲအကွဲထိုးရန် အားထုတ်သည်။

သူ့ဘယ်လက်သီးသည် ဟာဗေး၏ မေးရိုးဆီသို့ ပြေးဝင်သွားသည်။ သို့သော်လည်း သူ့လက်သီးသည် မေးရိုးဆီသို့မရောက်။ ဟာဗေး၏ ညာလက်သီးသည် သူ၏မျက်ခွက်ပေါ်သို့ ပြင်းထန်စွာ ကျရောက်လာသည်။ သူလုံးဝ မမျှော်လင့်သော လက်သီးချက် ဖြစ်သည်။

သူ့နှာခေါင်းသည် ပြင်းထန်သော နာကျင်မှုဝေဒနာကို ခံစားလိုက်ရသည်။ ထို့နောက် နှခေါင်းပေါက်များဆီမှ ကျလာသည့် သွေးများ။

ကားသည် ခေါင်းကို တစ်ချက်ခါလိုက်ပြီး ဟာဗေးဆီသို့ အရှိန်ဖြင့် ဒေါသတကြီး ပြေးဝင်လာသည်။ ကား တွန်းလိုက်သည့်အရှိန်ကြောင့် ဟာဗေး၏ပခုံးတစ်ဖက်သည် အခန်းတံခါးနှင့် ဝင်ဆောင့်မိသည်။

သို့သော်လည်း လျင်မြန်သွက်လက်သော ဟာဗေးက ဘေးတစ်ဖက် သို့ တိမ်းလိုက်ပြီး ကား၏မျက်ခွက်ဆီသို့ နောက်ထပ် လက်သီးတစ်ချက် ပစ်သွင်းသည်။ ကားသည် စောစောကထက် ပို၍အထိနာလာပြီဖြစ်သဖြင့် ဒေါသပိုကြီးလာသည်။ ဟာဗေးထံသို့ အတင်းပြေးဝင်ကာ ဒရကြမ်းထိုးသည်။ သူသည် လက်နှစ်စလုံးကိုသုံး၍ ဟာဗေး၏ ခေါင်းနှင့် မျက်နှာကို ထိုးနိုင်ရန် အားထုတ်သည်။

သို့သော်လည်း ဟာဗေးက ဘယ်ညာတိမ်း၍ ရှောင်နေသဖြင့် ကား၏ လက်သီးချက်များသည် လိုရာသို့မရောက်။

အမှန်တော့ ဟာဗေးသည် ကျွမ်းကျင်သော လက်ဝှေ့သမားတစ်ဦး မဟုတ်။ သို့သော်လည်း စိတ်က တည်ငြိမ်အေးဆေးသည်၊ ဒေါသကို ချုပ်တည်းနိုင်သည်။

ဤပွဲတွင် သွေးအေးအေးနှင့် ရင်ဆိုင်မှ အနိုင်ရမည်ကို သူကောင်းစွာ နားလည်သည်။ ထို့ကြောင့်လည်း ကား၏ လက်သီးချက်များကို သတိကြီးစွာထား၍ ရင်ဆိုင်နေခြင်းဖြစ်၏။

ကားသည် သူတတ်မြောက်ထားသော လက်ဝှေ့နည်းပညာများကို တော့ မသုံးပါ။ သို့သော်လည်း ဒေါသကို မထိန်းနိုင်။ သူ့မျက်နှာတွင် ချွေးသီးချွေးပေါက်များ ယိုစီးကျလျက်ရှိသည်။ သူ့လက်သီးတစ်ချက်သည် ဟာဗေး၏ လည်ကုပ်ကို ထိုးမိသည်။ ဟာဗေးသည် နောက်သို့ ယိမ်းယိုင်သွားသည်။ ကားသည် ထိုအခွင့်ကောင်းကိုယူ၍ ဟာဗေးအား ဝင်လုံးသည်။

လိမ္မာပါးနပ်သော ဟာဗေးက အလုံးမခံ။ ကား၏ လက်ထဲမှ လွတ်မြောက်ရန် ရုန်းထွက်သည်။ ဟာဗေးထံမှ ပြင်းထန်သော လက်သီး တစ်ချက်သည် ကား၏ ခေါင်းပေါ်သို့ တည့်တည့်ကြီးကျသည်။ ကားသည် သူ့ကိုယ်သူ မထိန်းနိုင်တော့ဘဲ ဒူးထောက်လျက် လဲကျသည်။

သူသည် ရုတ်တရက် ပြန်မထနိုင်။ မျက်နှာတွင်လည်း သွေးများဖြင့် နီရဲလျက်ရှိ၏။ ဤကြားထဲမှပင် အတင်းအားယူ၍ ထကာ ဟာဗေးထံသို့ ပြေးဝင်သည်။

အသင့်စောင့်နေသော ဟာဗေးက အားကုန်ထုတ်၍ ကား၏မေးရိုးကို လက်သီးဖြင့် ဆီးထိုးသည်။ အထိနာလှသော လက်သီးချက် ဖြစ်၏။ ကားသည် ကြမ်းပေါ်သို့ ခြေပစ်လက်ပစ် လဲကျသည်။ ရန်ပွဲသည် ဤလက်သီးတစ်ချက်တည်းဖြင့် ပွဲသိမ်းသွားခဲ့လေပြီ။

ဟာဗေးသည် သူ့မျက်နှာပေါ်မှ ချွေးများကို သုတ်ရင်း ကားအား စောင့်ကြည့်နေသည်။ ကားသည် လဲကျနေရာမှ ကျုံး၍ထသည်။ သူ့မျက်လုံးတစ်ဖက်သည် ပိတ်လျက်ရှိ၏။ ပါးစပ်တွင်လည်း သွေးများဖြင့် ရဲလျက်ရှိ၏။

သူသည် အနီးရှိ စကားပွဲတစ်လုံးကို အားပြုသည်။ မတ်တတ်ရပ်သည်။ ချောင်းတဟွတ်ဟွတ်ဆိုးသည်။ ဘောင်းဘီအိတ်ကပ်ထဲမှ လက်ကိုင်ပဝါကိုထုတ်၍ သူ့နှုတ်ခမ်းများကို ဖိထားသည်။

'ငါ ဘယ်တော့မှ မမေ့ဘူး'

ဟု ဟာဗေးအား ကြည့်၍ ပြောသည်။

'ဒါမျိုးဆို ငါက လွယ်လွယ်နဲ့ မေ့တတ်တဲ့ကောင်မဟုတ်ဘူး။ မင်း

ငါ့အကြောင်းသိမယ်'

'အေးပေါ့၊ မင်းခံရတဲ့ပွဲဆိုတော့ မင်းတစ်သက်မှာ ဘယ်မေ့လို့ရတော့မှာလဲကွာ'

ဟု ကော်ကိုရန်က ဝင်ပြောသည်။

'မင်းနဲ့ငါနဲ့ ပြဿနာဟာ ပြီးသွားပြီလို့ မထင်နဲ့'

ဟု ကားက ထပ်ပြောပြန်သည်။

'ငါ မင်းကို ဘယ်လိုလုပ်ရမယ်ဆိုတာ ကောင်းကောင်းသိတယ်။ မင်း သတိထား'

ဟာဗေးက ဘာမှ ပြန်မပြော။

'မင်းက မင်းကိုယ်မင်း သိပ်ဟုတ်လှပြီလို့ ထင်နေတယ်ပေါ့'

ဟု ကားက ဆက်ပြောသည်။

'ဒီကိစ္စမှာ မေရီဖီးလ်ဒင်း တစ်ခုခုဖြစ်သွားရင် မင်း တာဝန်ပဲ။ ငါ ဒီနေ့ပဲ သူ့ယောကျ်ားဆီကို ကြေနန်းရိုက်မယ်။ သူ့ဆီက ငါ့ကို လုပ်ပိုင်ခွင့်ပေးတာနဲ့ တစ်ပြိုင်နက် ငါလုပ်စရာရှိတာကို လုပ်မှာပဲ။ မင်း ခံဖို့သာ ပြင်ပေတော့'

ကားသည် အခန်းထဲမှ ဒေါသတကြီး ထွက်သွားသည်။ စပိန်ဆရာဝန်သည် ကြောင်တက်တက်နှင့်ရပ်ကာနေသည်။ ကား၏နောက်မှ လိုက်သွားရန် ဟန်ပြင်သည်။ ဟာဗေးက လက်တစ်ဖက်ဆန့်တန်းပြီး တားသည်။

'အဲဒီဆေးအိတ် ကျွန်တော့်ဆီ ခဏထားခဲ့ပါ'

'အိတ်ထဲမှာ ကျွန်တော့်ဆေးတွေနဲ့ ပစ္စည်းတွေပါနေတော့'

စပိန်ဆရာဝန်၏ စကားမဆုံးမီ ဟာဗေးက...

'မစိုးရိမ်ပါနဲ့၊ ဒီအိတ်ကို ကျွန်တော်ပြန်ပေးမှာပါ'

ဟု ပြောသည်။

'ပြန်ပေးမယ်ဆိုတာတော့ ကျွန်တော် ယုံကြည်ပါတယ် ဆီညော်။ ဒါပေမဲ့ ကျွန်တော် အမြဲသုံးနေတာဆိုတော့ အခက်အခဲဖြစ်မှာစိုးလို့ပါ။ ကျွန်တော်တို့ ဆရာဝန်တွေဆိုတာ ကိုယ့်ကိုယ်ကိုထိန်းဖို့ လိုပါတယ်။ ကိုယ်ကျင့်တရားကောင်းအောင်လည်း ကြိုးစားဖို့ လိုပါတယ်။ ပြီးတော့

အနေအထိုင်အပြုအမူကိုလည်း ပြင်ဖို့လိုပါတယ်'

ဟာဗေးက ဘာမှပြန်မပြော။ စပိန်ဆရာဝန်လက်ထဲမှ ဆေးအိတ်ကို ဆွဲယူလိုက်သည်။ စပိန်ဆရာဝန်သည် အခန်းထဲမှ ကသောကမျော ထွက်သွားသည်။ ဘေးမှရပ်ကြည့်နေသော ကော်ကိုရန်သည် ဟာဗေးဆီသို့ လျှောက်လာသည်။

'တကယ့် ပွဲကြီးပွဲကောင်းပဲဟေ့။ ဒီလိုပွဲမျိုး ငွေပေးပြီး ကြည့်လို့မရတဲ့ပွဲဗျ။ မင်းက သူ့ကို လက်သီးသုံးချက်တည်းနဲ့ အလဲထိုးခဲ့တာကိုး။ ငါကြည့်ခဲ့ရသမျှ လက်ဝှေ့ပွဲတွေမှာတော့ ဒီပွဲဟာ အကောင်းဆုံးပွဲပဲဟေ့'

ကော်ကိုရန်က အော်ကြီးဟစ်ကျယ်ပြောသည်။ သူသည် ဟာဗေး၏ လက်ဖမိုးမှ သွေးစများကို သုတ်ပေးသည်။

'တော်ပါသေးရဲ့ကွာ၊ မင်းမှာ ဒဏ်ရာကြီးကြီးမားမားမရလို့၊ အခုကော ဘယ်လိုနေသေးလဲ'

'ကျွန်တော် ဘာမှမဖြစ်ဘူး'

ဟု ဟာဗေးက ပြန်ပြောသည်။

စားပွဲဆီသို့လျှောက်သွားပြီး ဆေးအိတ်ကိုတင်၍ဖွင့်သည်။ သူ့အတွက် လောလောဆယ်အသုံးလိုနေသည့် ဆေးဝါးများနှင့် ကိရိယာတန်ဆာပလာများကို တွေ့ရ၏။ သူသည် ဆေးအိတ်ကို ပြန်ပိတ်လိုက်ပြီး လက်တစ်ဖက်နှင့် ဆွဲကာ အခန်းတံခါးဆီသို့ လျှောက်သွားသည်။ ထို့နောက် ကော်ကိုရန်ဘက်သို့ တစ်ချက်လှည့်ကြည့်သည်။

'ကျွန်တော် လူနာအခန်းကို သွားလိုက်ဦးမယ်'

ဟု ပြောသည်

'အောက်ထပ်မှာ လုပ်စရာရှိတာ ခင်ဗျားဘာသာစဉ်းစားပြီး လုပ်ထားပေတော့'

*

[နှစ်ဆယ့်တစ်]

ထိုနေ့မွန်းလွဲပိုင်းတွင် ဖြစ်သည်။ ကော်ကိုရန်သည် သူ့ဆန္ဒအလျောက် မီးဖိုချောင်ထဲသို့ဝင်၍ စားဖိုမှူးလုပ်နေသည်။ သူလုပ်တတ်သည့်အလုပ်ကို ဝင်လုပ်ပေးခြင်းအားဖြင့် တတတ်တအား ကူညီနေခြင်းဖြစ်သည်။ သို့သော်လည်း နှစ်ပေါင်းများစွာ ကြာသည်အထိ မပြုပြင်ဘဲ ပစ်ထားခဲ့သော မီးဖိုချောင်၏ မသေသပ်မှုများကြောင့် လုပ်ရကိုင်ရသည်မှာ အဆင်မပြေပါ။

သူသည် လေကလေးတချွန်ချွန်ဖြင့် သူ့အလုပ်ကို လုပ်လျက်ရှိသည်။ တစ်ချိန်က စားဖိုမှူးအလုပ်ဖြင့် အချိန်ကုန်ခဲ့ရသည့် ဘဝဟောင်းကို ပြန်ပြောင်းသတိရနေမိ၏။ ထိုအခိုက်တွင် ခြေဖွနင်းလာသော ခြေသံကို ကြားရသဖြင့် ဖြတ်ခနဲမော့ကြည့်သည်။ တံခါးဝ၌ရပ်နေသည့် မြို့စားကတော် အဘွားအိုအား မြင်ရသည်

အဘွားအိုသည် လက်နှစ်ဖက်ကိုပိုက်ကာ သူ့အား စိုက်ကြည့်နေသည်။ ကော်ကိုရန်သည် လေအချွန်ကို ရပ်လိုက်ပြီး အဘွားအိုအား တလေးတစား ပြုံး၍ နှုတ်ဆက်သည်။

'မာနူလီယာ ဘယ်သွားလဲ'

ဟု ဘွားအိုက မေးသည်။

'ခင်ဗျားရဲ့ အိမ်စေမိန်းမကို ပြောတာလား။ သူမရှိတော့ဘူး၊ ထွက်သွားပြီ။ သူအပ်သွားတာ မီးဖိုချောင်ထဲမှာ ရှုတ်ပွနေတာပဲ။ အခု ကျွန်တော် ရောက်မှ အားလုံးကို စနစ်တကျဖြစ်အောင် ပြန်လုပ်နေရတယ်'

အဘွားအိုသည် နှုတ်ခမ်းများကို ကိုက်၍ ကော်ကိုရန်အား ကြည့်နေသည်။

'ဘယ်လိုဖြစ်ကြတာလဲ။ ငါနားမလည်တော့ဘူး။ မင်းက ဧည့်သည် မဟုတ်လား။ ဘာပြုလို့ ဒီအလုပ်တွေဝင်လုပ်နေရတာလဲ'

'လုပ်မယ့်သူက တစ်ယောက်မှမရှိဘူး။ ဒါကြောင့် ကျွန်တော် ဝင်လုပ်နေတာ'

'မင်းကြည့်ရတာ ယဉ်ကျေးသိမ်မွေ့တဲ့လက္ခဏာရှိသားပဲ။ ဘယ်လို မိဘမျိုးရိုးက ဆင်းသက်လာတာလဲ။ မျိုးရိုးကောင်းပုံတော့ ပေါ်ပါတယ်'

ဟု အဘွားအိုက ပြောသည်။

'ကျွန်တော့်အဖေဘက်က အိုင်ယာလန်ဘုရင်ရဲ့သွေးပါတယ်'

အဘွားအိုသည် ကော်ကိုရန်၏ မျက်နှာကိုကြည့်၍ ခေါင်းတညိတ်ညိတ် လုပ်နေသည်။ ကော်ကိုရန်က သူ့လက်ဖဝါးနှစ်ဖက်ကို ဘောင်းဘီတွင် ပွတ်လိုက်၍ သုတ်ရင်း...

'ကျွန်တော့်အဖေသွေးက သိပ်ကောင်းတယ်။ တကယ့် အိုင်ရစ်ရှ်သွေး ပီသတယ်။ ကျွန်တော်တို့က သတ္တိမကြောင်ဘူး။ ဒီနေ့ သင်္ဘောကိုယ်စား လှယ် ကား ဆိုတဲ့ကောင်ကို ဟာဗေးလုပ်သလို လုပ်ရဲတဲ့သတ္တိ ကျွန်တော် တို့မှာ ရှိတယ်'

ဟု ပြောသည်။

'မင်းမျက်နှာတစ်ခုလုံး အမာရွတ်တွေနဲ့ပြည့်နေတာ မြင်ရုံနဲ့ ငါသိပါ တယ်။ မင်းကြည့်ရတာ လက်ဝှေ့သမား လူကြမ်းတစ်ယောက်နဲ့တူပါတယ်။ ဒါပေမဲ့ မင်းနှလုံးသားကတော့ နူးညံ့သားပဲ'

ကော်ကိုရန်သည် အဘွားအို၏စကားကို ကြားရသည့်အခါ အလွန်

သဘောကျသွားသည်။

'မြေဟာ တော်တော်ကောင်းတဲ့ မြေပဲ။ ဘာဖြစ်လို့ အခုလို ပျက်စီး ယိုယွင်းနေရတာလဲ။ စနစ်တကျလုပ်ကိုင်ပေးမယ့်သူရှိရင် ချက်ချင်းဖွံ့ဖြိုး တိုးတက်လာမှာ ခင်ဗျားကို ကူညီမယ့်သူ တစ်ဦးမှမရှိဘူးလား'

'ပါးစပ်တွေနဲ့ ကူညီတဲ့လူတွေကတော့ အများကြီးပဲ။ တကယ့်လက် တွေ့ကျတော့ ဘယ်သူမှ လာလုပ်မပေးပါဘူး။ မိန်းမတစ်ယောက်ရဲ့လက် ထဲမှာ မြေဟာ ဘယ်တော့မှ မဖွံ့ဖြိုးဘူး။ ငါ့လို သက်ကြီးရွယ်အို အဘွား ကြီးတစ်ယောက် လက်ထဲမှာဆိုတော့ ပိုဆိုးတာပေါ့'

အဘွားအိုသည် ကော်ကိုရန်အား မကြည့်ဘဲ...

'ကိုယ့်အိမ်လိုသဘောထားပြီးနေပါ။ ငါ မင်းကို လေးစားပါတယ်။ နောက်တစ်ခါထပ်တွေ့မှ စကားပြောကြသေးတာပေါ့ကွယ်'

ဟု ပြောသည်။

ထို့နောက် ကော်ကိုရန်အား နှုတ်မဆက်ဘဲ အခန်းထဲမှ ထွက်သွား သည်။ သူသည် အဘွားအိုအား မျက်စိတဆုံး လိုက်ကြည့်နေသည်။ သူ့ မြင်ကွင်းထဲမှ အဘွားအို ပျောက်သွားသည့်အခါ ဈေးအထပ်ထပ်တက်နေ သော ဒယ်အိုးတစ်လုံးကိုယူ၍ ဆေးကြောနေသည်။ ထိုအခိုက်မှာပင် အခန်းတံခါး ပွင့်ပြီး ဆူဆန်ထရန်းတား ဝင်လာသည်ကို မြင်လိုက်ရ၏။

လူနာအခြေအနေ ဘယ်လိုနေလဲ၊ သက်သာရဲ့လား'

ဟု ကော်ကိုရန်က မေးသည်။ ဆူဆန်က ခေါင်းခါသည်။ ဆူဆန်၏ မျက်နှာမှာ ဖြူရော်ဖျော့တော့လျက်ရှိ၏။ ဆူဆန်၏မျက်နှာနှင့် ကိုယ်နှုတ် အမူအရာများ အဆမတန် ပင်ပန်းနွမ်းဟိုက်နေသည့် အရိပ်လက္ခဏာများ ဖော်ပြနေသည်။ ကော်ကိုရန်သည် ကုလားထိုင်တစ်လုံးကို ကပျာကယာ ဆွဲယူပြီး ဆူဆန်အနီး၌ ချပေး၏။

'မင်းကြည့်ရတာ သိပ်ကို ပင်ပန်းနေပုံပဲ။ ခဏထိုင်ပြီး နားလိုက်ပါ လား။ စွပ်ပြုတ်လေးတစ်ခွက်လောက် သောက်လိုက်ရင် ပိုပြီး အားရှိသွား လိမ့်မယ်။ ငါထည့်ပေးမယ်။ သောက်မယ်မဟုတ်လား'

ဆူဆန်က ခေါင်းခါသည်။

'ကျွန်မပစ္စည်းတွေ ပြန်ယူလိုက်ဦးမယ်။ ကျွန်မမောင် ရောဘတ်နဲ့လည်း ခဏတဖြုတ်လောက်တော့ တွေ့ဦးမှဖြစ်မှာ။ ကိစ္စပြီးရင် ကျွန်မချက်ချင်းပြန်လာခဲ့မယ်'

''သွားစရာရှိတာလည်း သွားတာပေါ့။ ခဏတဖြုတ်လောက် နားလိုက်ပါဦး။ စွပ်ပြုတ်မသောက်ချင်ရင် ကော်ဖီတစ်ခွက်ဖျော်ပေးရမလား'

ဆူဆန်သည် အဖြေလည်းမပေး၊ ကုလားထိုင်တွင်လည်း ဝင်၍မထိုင်။ ဝမ်းနည်းကြေကွဲသော မျက်လုံးများဖြင့် ကော်ကိုရန်ကို စိုက်ကြည့်နေသည်။

'သူ မသက်သာဘူး။ အခြေအနေက ပိုဆိုးလာတယ်။ သူ့အသားဝါရောဂါက အခုမှစတာ။ အဖျားက လုံးဝမကျဘူး။ သတိလစ်ပြီး ကယောင်ကတမ်းတွေ ပြောနေတယ်'

'အေးကွယ်၊ ကြားရတာ စိတ်မကောင်းဘူး'

ကော်ကိုရန်က ရေရွတ်သည်။

'ကျွန်မကတော့ သူ့အခြေအနေ ကောင်းလာလိမ့်မယ်လို့ မထင်တော့ဘူး။ သေလိမ့်မယ်လို့ပဲထင်တယ်'

ဆူဆန်၏အသံသည် တိမ်ဝင်သွားသည်။ ကော်ကိုရန်က စိတ်မကောင်းဖြစ်သည့် မျက်နှာဖြင့် ဆူဆန်အား စိုက်ကြည့်နေသည်။

'စိတ်ကို အေးအေးထားပါကွယ်။ ဒီလောက်ကြီး စိတ်ထိခိုက်မနေပါနဲ့။ အသက်ရှိနေသေးသရွေ့တော့ မျှော်လင့်ချက်ရှိနေတာပါပဲ။ မင်းအနေနဲ့ သူ့ကို အစွမ်းကုန်ပြုစုခဲ့တာပဲမဟုတ်လား'

'ဟုတ်ပါတယ်။ ကျွန်မ ဟာဗေးနဲ့ အတူတွဲပြီး အစွမ်းကုန်ပြုစုပေးခဲ့တာပါ'

ဟု ဆူဆန်က ပြောသည်။

'ဒါပေမဲ့ ရှင်မသိတာတွေအများကြီး ရှိပါသေးတယ်။ ကျွန်မလေဟာဗေးကို သိပ်ချစ်တယ်။ ကျွန်မ မရှက်တော့ပါဘူး။ ဒါကြောင့်မို့လည်း ကျွန်မနှလုံးသားထဲမှာ မေရီအသက်ပြန်ရှင်လာတာကို ကျွန်မ မမြင်ချင်ဘူး။ လိုလည်းမလိုလားဘူး။ အင်မတန်ဆိုးရွားယုတ်မာတဲ့စိတ်ပါလား။ ကျွန်မမကောင်းမှန်း သိပါတယ်။ ဒါပေမဲ့ ဒီစိတ်ကို ဖျောက်လို့မရဘူး။ ကျွန်မ

ဘယ်လိုလုပ်ရမလဲ။ ဒီစိတ်က ကျွန်မကို သတ်နေပြီလို့ ထင်တာပါပဲလေ'

ဆူဆန်သည် ဝမ်းနည်းပက်လက် ငိုကြွေးသည်။ သူ့အဖြစ်သည် သနားစရာကောင်းလှချေသည်။ သူသည် သူ့စိတ်ကို သူပြန်တင်းကာ မျက်ရည်မကျအောင် ထိန်းသည်။

'ကျွန်မရင်ထဲမှာ ကျိတ်ပြီး ခံစားနေရတဲ့ ဝေဒနာကို ရှင်သိသွားပြီ။ ကျွန်မ ဖွင့်ပြောလိုက်ရလို့ ရင်ထဲမှာ အများကြီးပေါ့သွားရပါတယ်။ ရှင့်ကို ကျွန်မ ကျေးဇူးတင်ပါတယ်'

အခန်းထဲတွင် တိတ်ဆိတ်သွားသည်။

ကော်ကိုရန်သည် ပြောစရာစကား ရှာမရသဖြင့် တွေဝေငေးမော လျက်ရှိ၏။ သူ့စိတ်သည် ဆူဆန်၏အဖြစ်ကို အမှန်အတိုင်း သိလိုက်ရသည့် အချိန်မှစ၍ များစွာနောက်ကျိလျက်ရှိလေပြီ။

'ကျွန်မ သွားတော့မယ်။ ကျွန်မရဲ့ပစ္စည်းတွေ သွားယူမလို့ပါ'

ဟု ဆူဆန်က ထပ်ပြောသည်။

သူသည် မီးဖိုချောင်ဘေးပေါက်မှနေ၍ ထွက်သွားသည်။ ကော်ကိုရန် သည် စိတ်မကောင်းကြီးစွာဖြင့် ဆူဆန်အား ကြည့်ပြီး ကျန်ခဲ့သည်။

ဆူဆန်၏ နှလုံးသားသည် ပူလောင်နေဆဲ။ နာကျင်ခြင်းဝေဒနာနှင့် ချစ်ချင်းမေတ္တာသည် သူ့စိတ်ကို များစွာဒုက္ခပေးလျက်ရှိ၏။ အေးမြ ကြည်လင်သော လေကြောမှ ဖြတ်လျှောက်ခဲ့သော ဆူဆန်သည် သူ့စိတ်သူ ထိန်းချုပ်နိုင်ရန် ကြိုးစား၍ ရုန်းကန်နေရ၏။

သူသည် မြစ်ဘေးလမ်းအတိုင်းလျှောက်ကာ တောင်ကုန်းပေါ်သို့ နေးကွေးသော ခြေလှမ်းများဖြင့် တက်လာခဲ့သည်။ တဖြည်းဖြည်းနှင့် သူ့စိတ်သည် အေးဆေးတည်ငြိမ်လာသည်ဖြစ်ရာ သူတို့တည်းခိုရာ ရိဂျာ ဂေဟာသို့ ဆိုက်ရောက်ချိန်တွင် သူ့မျက်နှာသည် ဘာမှမဖြစ်တော့သည့် အနေအထားသို့ ဆိုက်ရောက်ခဲ့လေပြီ။

အိမ်ရှေ့ဆင်ဝင်အောက်၌ လှုပ်ကုလားထိုင်တစ်လုံးတွင် ထိုင်နေသော အေရွှန်ရိဂျာသည် အိမ်ထဲသို့ဝင်လာသည့် ဆူဆန်အား သင်္ကာမကင်းသော မျက်လုံးများဖြင့် ကြည့်နေသည်။

ဆူဆန်သည် ရောက်လျှင်ရောက်ချင်း ရိဂျာ၏ရှေ့သို့ သွားရပ်သည်။

'ကျွန်မမောင် ဘယ်သွားလဲ'

'အိမ်မှာမရှိဘူး'

ရိဂျာ၏အဖြေကို ကြားရသည့်အခါ ဆူဆန်သည် များစွာ စိတ်ပျက်သွားသည်။ သူ့အနေဖြင့် ရောဘတ်အား မတွေ့၍မဖြစ်။ ရောက်လျှင်ရောက်ချင်း တွေ့မှဖြစ်မည်ဟု တွက်ထားခဲ့ခြင်း ဖြစ်သည်။

'သူ အခုဘယ်မှာလဲ'

'ကွီနိုင်ဆေးဝယ်ဖို့ ထွက်သွားတယ်'

ဟု ရိဂျာက ဖြေသည်။

'သူ အဲဒီဆေး စွဲနေပြီဆိုတော့ အမြဲမသောက်ရရင် မရတော့ဘူးပေါ့။ မင်းရဲ့မောင်က စိတ်ညစ်ပြီဆိုရင် အဲဒါပဲသောက်နေတာပဲ။ သာသနာပြုလုပ်ငန်းနဲ့ပတ်သက်ပြီး ရောက်ကတည်းက ဘာတစ်ခုမှ မည်မည်ရရ လုပ်တာ မမြင်ရသေးဘူး။ ဟိုသွားလိုက် ဒီသွားလိုက်နဲ့ လေလွင့်နေတဲ့ပုံပဲ ရှိတယ်။ အခု သူ ဆန်တာကရုဇ်က ပြန်လာရင်တော့ သူ့ကို မပြောလို့ မဖြစ်တော့ဘူး။ သူ့ကြည့်ရတာ သုံးလို့ရတော့မယ့်ပုံမပေါ်ဘူး'

သူတို့မောင်နှမအနေဖြင့် လောလောဆယ်တွင် ရိဂျာ၏အိမ်၌ အမှီသဟဲပြု၍ နေရသည်မှာ မှန်သော်လည်း ယခုလို မချေမငံလေသံဖြင့် မဖွယ်မရာ ပြောလာသည့်အခါ ဆူဆန်၏ စိတ်ထဲတွင် မကျေမနပ် ဖြစ်မိသည်။

'ကျွန်မမောင် ကျန်းမာရေး သိပ်မကောင်းဘူးဆိုတာ ရှင်သိပါတယ်။ ပြီးတော့ အခုချိန်ထိ သူ့မှာ အခြေတကျကလည်း မဖြစ်သေးဘူး မဟုတ်လား။ အဲဒီတော့ ကျွန်မတို့ကို အချိန်ပေးဖို့တော့ သင့်ပါတယ်'

ပြောပြောဆိုဆိုနှင့်ပင် ဆူဆန်သည် သူ့အခန်းထဲသို့ ဝင်လာခဲ့သည်။ အိပ်ရာခုတင်အောက်မှ လက်ဆွဲသေတ္တာကို ဆွဲထုတ်သည်။ လှမ်းထားသည့် အဝတ်အချို့၊ မျက်နှာသုတ်ပဝါနှင့် သွားပွတ်တံများ စသည်တို့ကိုယူ၍ သေတ္တာထဲထည့်သည်။ သူ့ဆံပင်များ ပွနေသည်ကို သူသိသည်။ သူ့မျက်လုံးများသည် အိပ်ရေးပျက်ထားသဖြင့် ဟောက်ပက်ဖြစ်နေကြလိမ့်မည် ထင်၏။

မည်သို့ပင်ဖြစ်စေ သူသည် သူ့ကိုယ်သူ မှန်ကြည့်ဖို့ပင် အရေးမထားတော့။

သူသည် ရောဘတ်အတွက် စာတိုလေးတစ်စောင် ရေးထားခဲ့ရလျှင် ကောင်းလေမလားဟု စဉ်းစားသည်။

သို့သော်လည်း မကြာခင်ကပင် ထိုအစီအစဉ်များကို ပွင့်လင်းစွာ ဖော်ပြသည့် စာတစ်စောင် ရေးခဲ့ပြီးပြီ မဟုတ်ပါလော။

သူသည် လက်ဆွဲသေတ္တာကို ဆွဲ၍ လှေကားမှ ဆင်းကာ ဆင်ဝင်မှ ပြန်ဖြတ်သည်။

ရိဂျာသည် ပထမတော့ ဆူဆန်အား အရေးမထားသည့်ဟန်ဖြင့် ငြိမ်နေသော်လည်း သူ့ရှေ့မှ ဖြတ်လျှောက်ပြီး လွန်သွားသည့်အခါ နောက်မှနေ၍ အော်မေးသည်။

'ဒီမယ်၊ ဟေ့... မင်း အခုဘယ်သွားမှာလဲ'

ဆူဆန်က လှည့်ကြည့်ပြီး ရိဂျာအား တည်ငြိမ်စွာ မျက်နှာချင်းဆိုင်လိုက်သည်။

'ကျွန်မ ဘယ်သွားမယ်ဆိုတာ ရှင်သိနေတာပဲ။ ကျွန်မ အခု လော့စ်ဆစ္စနက်စ်ဂေဟာကို ပြန်သွားမှာ'

'မင်းစကားက ဘာအဓိပ္ပာယ်လဲ'

ဟု ရိဂျာက ပြန်မေးသည်။

'ဘာလဲ၊ မင်းက ဟိုလူရှုပ်လူပွေတစ်စုနဲ့ ပြန်ပြီး ရောဦးမယ်ဆိုပါတော့။ မင်း မသွားရဘူး။ အခုချက်ချင်း ပြန်လာခဲ့။ ငါပြောနေတာ မကြားဘူးလား။ ပြန်လာခဲ့...ကွ။ မင်းဘာလုပ်နေတယ်ဆိုတာ သိရဲ့လား။ ဒီလို လူစား တစ်ယောက်အပေါ် စွဲလန်းနေတာ မင်း မရှက်ဘူးလား'

'ကျွန်မ ဘာကြောင့်သွားတယ်ဆိုတာ ရှင်သိပါတယ်'

ဟု ဆူဆန်က ပြောသည်။

'ကျွန်မမောင်ပြန်လာရင် ကျွန်မသွားပြီလို့ ပြောလိုက်ပါ။ သူ့ကို ကျွန်မနောက်လိုက်မလာဖို့ မှာသွားတယ်ဆိုတာလည်း ပြောဖို့မမေ့ပါနဲ့။ ဟိုမှာက သူ့အတွက် မလုံခြုံဘူး။ ပြီးတော့ လိုက်လာဖို့လည်း မလိုပါဘူး။

ထို့နောက် ဆူဆန်သည် ချာနဲလှည့်ကာ သူ့လမ်းကို ဆက်လျှောက်သည်။ ရိဂျာက ပြန်လာဖို့ အော်နေသော်လည်း ဂရုမပြု။ သူသည် ဖြည်းဖြည်းမှန်မှန် လျှောက်သွားလျက်ရှိသည်။ သူ့ခေါင်းသည် ငိုက်ဆိုက်။ အလင်းရောင်အောက်တွင် သူ့ရုပ်လွှာသည် ပီပြင်ပြတ်သားစွာ ပေါ်လျက်ရှိသည်။ မည်သို့ပင်ဖြစ်စေ ထူးဆန်းသော အထီးကျန်နိုင်မှုတစ်ခုကတော့ သူ့အပေါ် လွှမ်းခြုံထားလေသည်။

*

[နှစ်ဆယ့်နှစ်]

ရောဘတ်ထရန်းတားသည် သူလိုက်လံရှာဖွေနေသည့် ဆေးဆိုင်သို့ တွေ့သည်နှင့် တစ်ပြိုင်နက် ဝမ်းသာသွားသည်။ သူသည် ဆိုင်ထဲသို့ ဝင်သွားပြီး ဆေးကိုမှာသည်။ စနစ်တကျ တန်းစီ၍ ချထားသော အဖြူရောင် ကုလားထိုင်များထဲမှ တစ်လုံးတွင် ဝင်ထိုင်သည်။ သူသည် လက်နှစ်ဖက်ကို ဒူးပေါ်တင်ပြီး ဆေးရောက်အလာကို စောင့်မျှော်လျက်ရှိသည်။ သူသည် လိုချင်သောအရာကို ရမည်ဖြစ်၍ ရွှင်မြူးလျက်ရှိသည်။

ဘာသာရေးသည် လူတစ်ယောက်၏ နေ့စဉ်ဘဝတွင် အမြဲတစေ ရောနှောဆက်စပ်လျက်ရှိ၏။ ထို့ကြောင့်လည်း လူတစ်ယောက်၏အနေဖြင့် ဘာသာရေးဆိုင်ရာ တားမြစ်ချက်များနှင့် ထိပ်တိုက်တွေ့နေကြရသည်က များသည် မဟုတ်ပါလား။ ထိုအတွေးဝင်လာသည့်အခါ ရောဘတ်သည် စိတ်တော့ အနည်းငယ်ရှုတ်ရသည်။

ထိုအခိုက်မှာပင် ကောင်တာနောက်မှ ဆေးရောင်းသူသည် ရောဘတ် မှာထားသည့် ဆေးထုပ်ကို လာပို့သည်။ သူသည် ကျသင့်ငွေကို ပေးချေ

ပြီး ဆိုင်ထဲမှ ထွက်လာခဲ့လေ၏။

အပြင်သို့ရောက်သည်နှင့် တစ်ပြိုင်နက် ရောဘတ်သည် စိတ်လက် ပေါ့ပါးသွားသည်။ လာဂူးနားသို့ ပြန်မည်ဆိုကလည်း ပြန်နိုင်မည်ဖြစ်၏။ သူသည် ဆိုင်ရှေ့ ပလက်ဖောင်းပေါ်၌ရပ်ကာ ပတ်ဝန်းကျင်ကို တစေ့ တစောင်း ကြည့်သည်။ မိန်းမ ယောကျ်ား လူအများသည် သွားလာလှုပ်ရှား လျက်ရှိကြသည်။ လမ်းဘေးဈေးသည်တစ်ဦး၏ အော်သံသည် ဆူညံလျက် ရှိသည်။ တစ်ဖက်သော လမ်းထောင့်တွင်မူ ရဲတစ်ယောက်သည် ခြေ နှစ် ချောင်းကို ကား၍ လက်နှစ်ဖက်ကို နောက်ပစ်ကာ ရပ်နေသည်။ သူ့မျက်လုံး များသည် သူ့ပတ်ဝန်းကျင်ကို အလစ်မပေး။

ရောဘတ်၏စိတ်သည် အနည်းငယ်မျှ လှုပ်ရှားလာသည်။ သည် အကောင် ငါ့ကိုစောင့်ကြည့်နေတာများလားဟု တွေးသည်။ သူ့ကို ဘာ ကြောင့် စောင့်ကြည့်ရမည်နည်း။ အကျိုးအကြောင်းမခိုင်လုံသော အတွေး ဟု သူယူဆသည်။ တကယ်တော့ သူ့စိတ်က မလုံခြင်းသာဖြစ်ပေလိမ့်မည်။ သူသည် လမ်းဘေးအတိုင်း လျှောက်လာသည်။ မြို့ထဲရှိ ပန်းခြံဆီသို့ လျှောက်လာခြင်းပေတည်း။

သူသည် အုန်းပင်များအောက်ရှိ ထိုင်ခုံတစ်ခုတွင် ဝင်ထိုင်သည်။ သူ့မျက်စိရှေ့တည့်တည့်တွင် 'ဟိုတယ်ဒီလာပလာဇာ'အမည်ရှိ ဟိုတယ် တစ်ခုရှိသည်။ သူ့အတွေးသည် သူ့အစ်မ ဆူဆန်ထံသို့ ရောက်သွားသည်။

ကော်ကိုရန်သည် ဆူဆန်ထံမှ စာကို မိမိအား လာပေးသွားခဲ့၏။ ထိုစဉ်က သူသည် ကော်ကိုရန်အား မေးခွန်းတစ်ခု မေးခဲ့သည်။ ကော်ကိုရန် ကလည်း သူ့မေးခွန်းကို အလွယ်တကူပင် အဖြေပေးခဲ့သည်။ ကော်ကိုရန် ထံမှ ရခဲ့သည့်အဖြေအတိုင်းဆိုလျှင် အီလစ်ဆာသည် အခု သူမြင်နေရသည့် ဟိုတယ်၌ တည်းခိုနေသည်။

'အို...အဖဘုရားသခင်၊ တပည့်တော်အား အီလစ်ဆာနှင့် တွေ့အောင် ကူညီပေးတော်မူပါ။ တပည့်တော်၏ရင်ထဲ၌ ခံစားနေရသည့် ဝေဒနာကို အဖဘုရားသခင် သိတော်မူပါသည်။ တပည့်တော်သည် အမှားများကို အမှန်ဖြစ်လာအောင် အားထုတ်နေခြင်းမျှသာ ဖြစ်သည်။

စသည်ဖြင့် စိတ်ထဲမှာ ကြိတ်၍ ဆုတောင်းနေမိသည်။ ထို့နောက် ထိုင်ရာမှ ဖြတ်ခနဲထကာ ဟိုတယ်ဘက်သို့ လျှောက်သွားသည်။ အသင့်ပွင့်နေသည့် တံခါးမှနေ၍ ဧည့်ခန်းဆောင်အတွင်းသို့ ဝင်ခဲ့သည်။ စားပွဲတစ်လုံးတွင် လူနှစ်ယောက်ထိုင်နေသည်ကို မြင်ရသည်။

ရောဘတ်သည် တန့်ခနဲဖြစ်သွားသည်။ ဤလူနှစ်ယောက်ထဲမှ တစ်ယောက်ကို သူသိနေသည် မဟုတ်ပါလား။ တစ်ယောက်သည် ဒစ်ဘ်ဒင်း ဖြစ်၍ နောက်တစ်ဦးမှာ သူမတွေ့ဖူးသည့်လူဖြစ်၏။ အမှန်တော့ ထိုလူသည် သဘော်ကိုယ်စားလှယ် ကား ဖြစ်လေသည်။

ရောဘတ်သည် စားပွဲဆီသို့ လျှောက်သွားသည်။ လူနှစ်ယောက်က သူ့အား ဆီးကြိုပုံမှာ အေးတိအေးစက်နိုင်လှသည်။ ဒစ်ဘ်ဒင်းက သူ့အား နှုတ်ဆက်သော်ကလည်း စိတ်ပါလက်ပါမဟုတ်။ ကားကတော့ သူ့အား တင်းမာသော မျက်နှာထားဖြင့် လှည့်ကြည့်သည်။ ကား၏မျက်လုံးတစ်ဖက်သည် ယောင်ကိုင်းလျက် ပိတ်ကာရှိနေသည်။

'ကျွန်တော် ပြောချင်တာလေးတစ်ခုရှိလို့ လာတာပါ'

ဟု ရောဘတ်က စကားစသည်။

မေရီဖီးလ်ဒင်းတစ်ယောက် နေမကောင်းဖြစ်နေတဲ့သတင်း ကြားရလို့ ကျွန်တော် အများကြီးဝမ်းနည်းပါတယ်။ အခုလောလောဆယ်တော့ ကျွန်တော့်အစ်မ ဆူဆန်က သွားပြီး ပြုစုပေးနေပါတယ်'

ရောဘတ်၏စကားကို ပြန်၍ အဖြေမပေးဘဲ အချိန်အတော်ကြာမျှ ငြိမ်ဆိတ်နေကြသည်။ ထို့နောက် ဒစ်ဘ်ဒင်းက...

'မင်းက ဒီကိုဘာလာလုပ်တာလဲ'

ဟု မေးသည်။

'ကျွန်တော် လာဂူးနားကလာတာပါ။ ကွီနိုင်လာဝယ်တာ။ ခင်ဗျားတို့နဲ့ တွေ့လိုတွေ့ငြား ဝင်လာခဲ့တာပါ'

ဒစ်ဘ်ဒင်းသည် ရောဘတ်အား နောက်ထပ် စကားဆက်မပြောတော့ဘဲ ကားဘက်သို့ လှည့်၍သွားသည်။

'တကယ်လို့ နောက်ကြေးနန်းရောက်လာရင် ကျုပ်တို့ ဘာလုပ်ရ

မယ်ဆိုတာ သိလာမှာပါ'

ဟု ပြောသည်။

'ဒီလူက ဘာလို့ နောက်ထပ် အသေးစိတ်မေးနေရတာလဲ။ ကျွန်တော်တော့ လုံးဝနားမလည်ဘူး။ လုပ်ရကိုင်ရတာ တော်တော်ခွကျတာပဲဗျာ'

ဟု ကားက စိတ်တိုသံဖြင့် ရေရွတ်သည်။

မိုက်ကယ်ဖီးလ်ဒင်းက လူတစ်မျိုးပဲ။ ပြဿနာတစ်ခုပေါ်လာရင် သူ့နည်းသူ့ဟန်နဲ့ သူ့ရှုထောင့်ကကြည့်ပြီး ဆုံးဖြတ်ချင်တတ်တယ်။ ဘာပဲဖြစ်ဖြစ်လေ တို့သဘောနဲ့ တို့ကော လုပ်လို့မရဘူးလား'

ကားသည် နှုတ်ဆိတ်လျက်ရှိသည်။

'ဒီကိစ္စမှာ မေရီ ထွက်သွားတာက သူ့သဘောနဲ့သူ ထွက်သွားတာ။ တို့ကိုလည်း အသိပေးသွားတာမဟုတ်ဘူး။ အဲဒီတော့ ငါ့ကို အပြစ်တင်လို့တော့ မဖြစ်ဘူးကွ'

ဒစ်ဘ်ဒင်းအနေဖြင့် ဤစကားကို ပြောခဲ့သည်မှာ အကြိမ်ပေါင်း ရာနှင့်ချီ၍ ရှိနေပြီ ဖြစ်၏။ ထို့ကြောင့်လည်း ဤစကားကြားသည့်အခါ ကားက ဒေါပွသည်။

'ခင်ဗျားပါးစပ်ကြီးကို ပိတ်ထားစမ်းပါဗျာ'

ဟု ကားက ဒေါသတကြီး ပြောသည်။

'ဒီစကားပဲ ခဏခဏပြောနေတော့ ကျုပ် စိတ်ပျက်တယ်'

သူတို့နှစ်ယောက်သည် ချက်ချင်းပင် အငြင်းအခုန် ဖြစ်ကြသည်။ ဘေးမှ ရပ်နေသော ရောဘတ်သည် ငြိမ်၍နားထောင်နေသည်။ အီလစ်ဆာကော ဘယ်မှာလဲဟု သူမေးချင်နေ၏။ သို့သော်လည်း သူမမေးရဲ။ နောက်ဆုံးတွင် သူသည် ရန်ဖြစ်နေသည့် လူနှစ်ယောက်အား နှုတ်ဆက်သည်။ သူ့အား ပြန်၍နှုတ်ဆက်လိမ့်မည်ဟူသော မျှော်လင့်ချက်ဖြင့် တစ်ခဏမျှ ရပ်နေသေးသည်။ လူနှစ်ယောက်ကတော့ သူ့အား နှုတ်ဆက်ဖို့မဆိုထားနှင့်၊ လှည့်၍ပင်မကြည့်။

ရောဘတ်သည် ရှက်စိတ်ဖြင့် စားပွဲအနီးမှ ထွက်ခွာလာခဲ့သည်။ အခုပုံအတိုင်းဆိုပါက သူတွေ့လိုသော လူကို တွေ့ခွင့်မရဘဲ ပြန်ရတော့မည်

ဖြစ်၏။ ဒီလိုတော့ဖြင့် အဖြစ်မခံနိုင်။ သူသည် သူ့အား ဘေးလူများက ဝိုင်းကြည့်နေသလားဟု တွေးမိသဖြင့် တစ်ချက်မျှအကဲခတ်သည်။ နီဂရိုး အလုပ်သမားတစ်ယောက်ကို လှမ်းမြင်ရသဖြင့် အနီးသို့ လျှောက်သွားသည်။

'အီလစ်ဆာ ဒီဟိုတယ်မှာ တည်းသလား'

နီဂရိုးအလုပ်သမားသည် ထိုင်နေရာမှ ကပျာကယာထရပ်ပြီး...

'ဟုတ်ကဲ့ခင်ဗျာ၊ အီလစ်ဆာ သူ့အခန်းထဲမှာ ရှိပါတယ်'

ဟု ပြေသည်။

'သူ့အခန်းက...'

'အခန်းနံပါတ်သုံးပါ ခင်ဗျာ။ ပထမထပ် ရှေ့ဆုံးက အခန်းပါ'

'မင်း ငါ့ကို လိုက်ပို့ပေးနိုင်မလား'

သူသည် နီဂရိုးအလုပ်သမားခေါ်ရာသို့လိုက်သွားသည်။ အခန်းရှေ့ ရောက်သည့်အခါ တံခါးကို အသာအယာခေါက်၍ အတွင်းသို့ ဝင်ခဲ့သည်။ အီလစ်ဆာနှင့်အတူ တွေ့ရပါ၏။ သို့သော်လည်း အီလစ်ဆာက သူ့အား ကြည့်နေပုံမှာ အလွန်မနှစ်မြို့သည့်လက္ခဏာ ရှိနေသည်။

'ကျွန်တော် လမ်း...လမ်းကြုံလို့ ဝင်လာတာပါ'

ဟု ထစ်ထိထစ်ငေါ့ဖြင့် ပြောသည်။

'ဒီအနားရောက်လာတော့ ဝင်တွေ့လိုက်ရင် ကောင်းမလားဆိုပြီး ဝင်လာခဲ့တာပါ'

အီလစ်ဆာကတော့ ဘာမှပြန်မပြော။ သူ့အား တင်းမာသောမျက်နှာထားဖြင့် စူးစူးရဲရဲကြည့်နေသည်။

'အီလစ်ဆာရယ်'

ဟု ရောဘတ်က တခတယလေသံဖြင့် ဆွေးဆွေးမြည့်မြည့် ရေရွတ်သည်။

'အခုလို လူချင်းပြန်ဆုံမိအောင် ဘုရားသခင်က စီမံပေးတာပါ။ ကိုယ်ကတော့ မင်းအတွက်ရော ကိုယ့်အတွက်ပါ အမြဲဆုတောင်းနေတာမို့ ကိုယ်တို့အဖြစ်ကို ဘုရားသခင် သိနေပါတယ်။ ကိုယ်လေ...ဒီကိစ္စအတွက်

ဘုရားသခင်ရှေ့မှာ အမြဲဆုတောင်းနေတာပါ'

'ဒီကိစ္စအတွက် ဘုရားသခင်ဆီ ဆုတောင်းနေသလား'

ဟု အီလစ်ဆာက ရေရွတ်သည်။

'အင်း...ဖြစ်မှဖြစ်ရပလေတယ်'

'အဲသလိုမဟုတ်ပါဘူး၊ အီလစ်ဆာရယ်'

ဟု ရောဘတ်က ပြန်ပြောသည်။

'ဒါအတွက် ဘုရားသခင်က ခွင့်လွှတ်ဖို့လည်း သူ့ရှေ့မှာ ဒူးထောက်ပြီး တောင်းပန်ထားခဲ့ပါတယ်။ သူကလည်း နားလည်ပြီး လက်ခံတဲ့သဘော ရှိပါတယ်။ သူက လက်ခံလို့သာ အခုလို ကိုယ်တို့နှစ်ယောက် ပြန်တွေ့ကြတာပေါ့ အီလစ်ဆာရယ်။ ကိုယ်တို့ တစ်ယောက်နဲ့တစ်ယောက် ချစ်နေကြပြီပဲ။ ဘုရားသခင်ကိုယ်တိုင်ကတောင် ယောကျ်ားနဲ့မိန်းမ ဖန်ဆင်းပေးခဲ့တာမဟုတ်လား။ ပြီးတော့ သူကိုယ်တိုင်ပဲ မိန်းမကို ယောကျ်ားဆီ ပို့ပေးခဲ့တယ် မဟုတ်လား'

ငြိမ်ဆိတ်နေပြန်သည်။ အတန်ကြာသည့်အခါ အီလစ်ဆာနှုတ်မှ သရော်သံ ထွက်လာသည်။

'ဘုရားသခင်က ဒီလိုပဲပြောပြီး ဒီလိုပဲလုပ်ခဲ့သလား။ တော်စမ်းပါ၊ မင်းရူးနေသလား'

'မရူးပါဘူးကွယ်၊ ကိုယ်ရူးနေတာက အီလစ်ဆာကို ချစ်လွန်းလို့ပါ။ အို...အီလစ်ဆာရယ်။ ဒုစရိုက်ကို ကိုယ်တို့နှစ်ဦးစလုံး ကျူးလွန်ခဲ့ကြပါပြီ။ အခုဆိုရင် တစ်ယောက်ကိုတစ်ယောက် ပိုင်ဆိုင်နေကြပါပြီ။ အီလစ်ဆာဟာ ကိုယ့်ရဲ့...'

'မဟုတ်ကဟုတ်ကတွေ လာပြောမနေနဲ့။ နားကြားပြင်းကပ်တယ်။ မကြားချင်ဘူး။ ကဲ...သွားတော့။ အခုချက်ချင်း အခန်းထဲက ထွက်သွား'

ရောဘတ်သည် အီလစ်ဆာရှေ့တွင် ဒူးထောက်၍ ထိုင်ချလိုက်သည်။

'ဒီလိုမပြောနဲ့ အီလစ်ဆာရယ်။ အီလစ်ဆာဟာ ကိုယ့်အပေါ်မှာ နားမလည်လို့ပါ။ ဆော်လမွန်ရဲ့တေးဟာ သိပ်ကိုလှပတဲ့တေးပါ အီလစ်ဆာ။ အီလစ်ဆာနဲ့တွေ့မှ အဲဒီသီချင်းရဲ့အလှနဲ့ အရသာတွေကို ခံစားခဲ့ရ

တော့ပါ။ အခုဆိုရင် ဒီသီချင်းဟာ ကိုယ့်နားထဲမှာ အမြဲကြားနေရပါပြီ။ ကိုယ့်ကို နမ်းခွင့်ပေးပါ။ ကိုယ် မင်းကို လက်ထပ်ပါရစေ အီလစ်ဆာရယ်’

အီလစ်ဆာသည် ရောဘတ်နှင့် အထိမခံ။ နောက်သို့ဆုတ်သွားသည်။ ပြီးတော့ ရောဘတ်အား တအံ့တကြည့်နေသည်။ ထို့နောက် ဟက်ဟက်ပက်ပက် ရယ်ချလိုက်သည်။ ပြီးတော့ တစ်ကိုယ်လုံး တုန်ယင်လာသည်။

‘ဘုရား…ဘုရား’

ဟု အီလစ်ဆာက ရေရွတ်သည်။

‘ဒုက္ခပါပဲလားဟယ်၊ အခုထွက်လာတဲ့ခရီးမှာ ငါမသေရင် ကံကောင်းပဲ။ ပြဿနာတွေ တစ်ခုပြီးတစ်ခု ပေါ်လာနေတာပဲ။ အခုပြဿနာကတော့ အဆိုးဆုံးပါပဲတော်’

‘ဒီလိုမပြောပါနဲ့ကွယ်’

ဟု ရောဘတ်က တောင်းပန်သည်။

‘မင်းဟာ ကိုယ့်အပေါ် လွှမ်းမိုးနေပြီဆိုတာ သိပါတယ်။ ဒါပေမဲ့ မင်းကိုယ်တိုင်က ပေးခဲ့တဲ့ကိစ္စပါ။ မင်းကိုယ်တိုင်ကချစ်လို့ ပုံပေးခဲ့တာ မဟုတ်လား’

‘အရူးစကားတွေ ထပ်ပြောမနေနဲ့၊ မကြားချင်ဘူး’

‘မပြောဘဲ မနေနိုင်လို့ပါ အချစ်ရယ်’

ဟု ရောဘတ် ပြောကာ အီလစ်ဆာ၏လက်ကို လှမ်းကိုင်ရန် ကြိုးစားသည်။

အီလစ်ဆာက အကိုင်မခံ။

‘ရှေ့မှာ လာပြီး ထိုင်မနေနဲ့’

ဟု အော်သည်။

‘ထစမ်း၊ သွားတော့’

‘ကိုယ် မင်းအပေါ် အရူးအမူး ချစ်နေလို့ပါကွယ်။ ကိုယ့်ဘဝ တစ်လျှောက်လုံး ဘယ်မိန်းမကိုမှ စဉ်းစားခဲ့တဲ့လူ မဟုတ်ပါဘူး အချစ်ရယ်။ အခုကျမှသာ မင်းကို ချစ်လွန်းလို့’

‘ကဲပါ၊ ထစမ်းပါ’

ဟု အီလစ်ဆာက အေးစက်မာကြောသော လေသံဖြင့် ပြောသည်။

ရောဘတ်သည် ဒူးထောက်ထိုင်နေရာမှ ထကာ ဦးခေါင်းငိုက်စိုက်ချပြီး ရပ်နေသည်။

'ဒီမယ် ငါပြောတာ သေသေချာချာနားထောင်'

ဟု အီလစ်ဆာက လေသံမာမာဖြင့် ဆက်ပြောသည်။'ငါ မင်းကို လုံးဝမချစ်ဘူး၊ နားလည်လား။ ဘုရားသခင်ဖန်ဆင်းခဲ့တဲ့လူတွေထဲမှာ မင်းဟာ ရှုးကြောင်ကြောင်အနိုင်ဆုံး လူတစ်ယောက်လို့ ငါထင်တယ်။ သင်္ဘောပေါ်မှာတုန်းကတော့ မင်းနဲ့ပျော်လိုက်ရရင် သာယာမှုရှိမလားလို့ ထင်တာနဲ့ တစ်ကြိမ်လေး အတွေ့ခံလိုက်တာ။ အထင်နဲ့အမြင်က အကြီးအကျယ် ကွာနေတယ်။ မင်းလောက် စိတ်ပျက်စရာကောင်းတဲ့ ယောကျ်ားမျိုး တစ်ခါမှ မတွေးဖူးဘူး။ သေမလောက် စိတ်ပျက်စရာကောင်းတဲ့ လူစားပဲ။

'ပြီးတော့ လူကလည်း ရှုးကြောင်ကြောင်၊ မင်းဟာ အပေါ်ယံရွှေမှုန်ကြဲ အထဲက နောက်ချေးခံတဲ့ လူစားပဲ။ မင်းဟာ အရူးမှ တကယ့်အရူး။ ကျောရိုးမရှိတဲ့ သတ္တဝါကောင်။

"တကယ်တော့ မင်းဟာ ဓမ္မတေးသီချင်းကို အာကျယ်ကျယ်နဲ့ဆိုပြီး ကိုယ့်အတွက်သာ ရှေ့တန်းတင်နေတဲ့လူ။ မင်းဟာ ယောကျ်ားတစ်ယောက် မဟုတ်ဘူး၊ အရူး။ မင်းကပြောတယ်။ မင်းဟာ အလွန်ရိုးသားဖြူစင်ပါတယ်တဲ့။ ဟား...ဟား၊ အဲဒီစကားဟာ အဆိုးဆုံးပဲ။ ကျွန်တော်ကြောင် သူတော်ပါလို့ ပြောင်ပြောင်ပြောရင် ငါ မင်းကို လေးစားချင် လေးစားဦးမယ်။ အခုတော့ သူတော်ကောင်းယောင်ဆောင်နေတဲ့ လူလိမ်လူညာမို့ ငါက သောက်မြင်ကတ်တယ်။ မင်းက မင်းကိုယ်မင်း ဘုရားသခင်ရဲ့ကယ်တင်ရှင်ကြီးလို့ ထင်နေတယ်။ တကယ်တန်းကျတော့ နာလည်းနာရော သူများကို မကယ်တင်နိုင်တော့ဘူး။

ခုကြည့်စမ်း၊ ငါဖျားလို့ ဟိုတယ်ထဲက မထွက်နိုင်ဘူး။ တစ်ပတ်လုံး သင်္ဘောကလည်းမရှိဘူး။ အဲဒါကို မင်းလာပြီး လူနာ အမဲခြောက်တောင်း သလို တောင်းနေတယ် ဘယ်လောက်စိတ်ပျက်စရာကောင်းသလဲ။ ကဲ... အခုချက်ချင်းကြွပါတော့။ ငါစိတ်ညစ်လွန်းလို့ပါ။ ပူလွန်းလို့ စိတ်ညစ်ရ

တဲ့အထဲ။ အခုလိုဒီစကားမျိုးတွေ ပြောနေရတာ သေမလောက် စိတ်ညစ်ရပါတယ်'

ရောဘတ်သည် အီလစ်ဆာအားကြည့်၍ အကြီးအကျယ် အံ့အားသင့်လျက်ရှိ၏။

'ဘယ်လိုပြောလိုက်တာလဲ အီလစ်ဆာရယ်'

ဟု ကြေကွဲသံဖြင့် ပြောသည်။

'ရက်စက်လှချည်လား အချစ်ရယ်။ ကိုယ်ဟာ ယဉ်ကျေးသိမ်မွေ့တဲ့လူပါကွယ်။ ရိုးသားဖြောင့်မတ်မှုလည်း အပြည့်ရှိပါတယ်။ သနားကြင်နာတတ်တဲ့ အသည်းနှလုံးလည်း ရှိပါတယ်။ ကိုယ် မင်းအတွက် ဘာမဆိုလုပ်ပေးဖို့အသင့်ပါ အီလစ်ဆာရယ်'

'ငါ့အတွက် ဘာမဆိုလုပ်ပေးမယ်ဆိုရင် မင်း အခုချက်ချင်း အခန်းထဲက ထွက်သွား၊ ဒါပဲ'

ဟု အီလစ်ဆာက ပြောသည်။

'ဒီလိုမနှင်ထုတ်ပါနဲ့ကွယ်၊ ဟိုညကစပြီး မင်းနဲ့ကိုယ်ဟာ တစ်ယောက်ကိုတစ်ယောက် ပိုင်ဆိုင်သွားပြီဆိုတာ သတိထားပါဦး အချစ်ရယ်'

'အခုချက်ချင်း အခန်းထဲက ထွက်သွား'

ဟု အီလစ်ဆာက အော်ပြောကာ အနီးရှိ စားပွဲပေါ်မှ စာအုပ်ကြီးတစ်အုပ်ကို ကောက်ယူပြီး ကြည့်နေသည်။

'သွား...အခုထွက်သွား'

ရောဘတ်သည် တစ်ကိုယ်လုံး တောင့်တင်းသွားသည်။ သူ့အဖြစ်သည် အရိုက်ခံထားရသည့် ခွေးတစ်ကောင်နှင့် တူလျက်ရှိ၏။ သူသည် အိပ်ကပ်ထဲမှ လက်ကိုင်ပဝါကိုထုတ်၍ နပ်တစ်ချက်ညှစ်လိုက်သည်။ သူသည် အီလစ်ဆာ၏ ရုပ်လွှာကို တမက်တမောကြည့်နေသည်။ ပါးနှစ်ဖက်သည် နီရဲလာသည်။ သူသည် နောက်သို့လှည့်ကာ တံခါးဆီသို့ လျှောက်သွားသည်။ တံခါးနားအရောက်တွင် တစ်ခဏမျှ ရပ်၍ လှည့်ကြည့်နေသည်။

'ကိုယ့်ကို လက်မထပ်ချင်လည်း ရပါတယ် အီလစ်ဆာရယ်'

ဟု ပြောသည်။ သူ့နှုတ်ခမ်းများသည် ခြောက်သွေ့လာသည်။ သူ့

မျက်လုံးများသည် အီလစ်ဆာ၏ နို့နှစ်ရောင်သန်းနေသော အသားအရေကို အငမ်းမရကြည့်နေသည်။

'မင်းအနေနဲ့ ကိုယ့်ကို တစ်ကြိမ်လောက်မှ အတွေ့မခံနိုင်တော့ဘူး လားကွယ်။ ဒီလောက်ကလေးမှ ခွင့်မပြုနိုင်တော့ဘူးလား'

'မရဘူး ထွက်သွား၊ လောလောဆယ် ဒါကို ငါစိတ်မဝင်စားဘူး'

ရောဘတ်သည် ခေါင်းကိုငုံ့ကာ ကြမ်းပြင်ကို စိုက်ကြည့်နေသည်။ ဒေါသအရှိန်သည် ဖြည်းဖြည်းချင်းတက်လာနေသည်။ သူ့တွင် အရှက် သိက္ခာဟူ၍ မရှိတော့ပြီ။ ဂုဏ်သိက္ခာ စည်းကမ်းမဲ့သွားခဲ့ပြီ။

'ဒီလိုဆိုတော့ မင်းက ငါ့ကို လုံးဝမပတ်သက်တော့ဘူးဆိုပါတော့၊ ဟုတ်လား'

ဟု မေးသည်။

'ရပါတယ်၊ ဒီလိုပဲစွန့်ပစ်လိမ့်မယ်ဆိုတာ ငါနားလည်ပါပြီ။ အေးပေါ့ လေ၊ ကိုယ့်မိတ်ဆွေတစ်ယောက်က အကြီးအကျယ်ဖျားနေတာကိုတော့ သွားမကြည့်ဘဲ ဒီအခန်းထဲမှာ ဖိမ်နဲ့ထိုင်နေတဲ့ မိန်းမစားမျိုးဟာ ဘာလဲ ဆိုတာ နားလည်ပါပြီ'

'ဟုတ်တယ်၊ ငါ မင်းကို ပြောခဲ့ပြီးပြီ။ ငါဟာ သိပ်ကို တစ်ကိုယ် ကောင်းဆန်တဲ့ မိန်းမပဲ'

'အေးပေါ့ကွာ၊ ငါ့အကြောင်း မင်းသိလာရမှာပါ။ ကျောရိုးမရှိတဲ့ ပင့်ကူတစ်ကောင် ဟုတ်မဟုတ် သိလာစေရမယ်'

သူသည် ပြောပြောဆိုဆို တံခါးကိုဖွင့်၍ ထွက်ရန် ဟန်ပြင်နေရာမှ နောက်တစ်ကြိမ် လှည့်ကြည့်ကာ...

'မင်းက ငါ့ကို အပေါ်စီးရပြီလို့ ထင်မနေနဲ့ဦးဟေ့။ ငါ့အကြောင်း မင်းသိအောင် ပြရဦးမယ်။ စောင့်ကြည့်ပေတော့'

ဟုပြောသည်။ သူ့အသံသည် ကျယ်လောင်လွန်းလှ၏။ ထို့နောက် တံခါးကို တအားဆောင့်ထွက်သွားသည်။

ရောဘတ်သည် လှေကားမှ ဒေါသတကြီးဆင်းလာသည်။ အကြောင်း ပြမည်ဟူသော စကားကို သူသုံးခဲ့သော်လည်း သူ့အနေဖြင့် ဘာကိုဘယ်လို

ပြရမှန်းမသိသေး။ သူသည် ဟိုတယ်ထဲမှ ထွက်လာခဲ့၏။ အပြင်ရောက် ချိန်အထိ သူ့တစ်ကိုယ်လုံး ထုပူနေဆဲ။ သူသည် ပန်းခြံထဲမှ ပြန်ထွက် လာခဲ့၏။ လာဂူးနားကိုတော့ သူပြန်မည်ဟု စိတ်မကူးသေး။ သူ့အနေဖြင့် သူ့အပေါ် အထင်အမြင်လွဲနေသော သံသယဝင်နေသော ရိဂျာတို့ထံ မပြန် ဝံ့သေး။

သူသည် ကယ်လီဒီလာတူနာ'ဟိုတယ်ကို သွားတည်းရလျှင် ကောင်း လေမလားဟု တွေးသည်။ ထိုဟိုတယ်အကြောင်းကို သူကောင်းကောင်း သိထား၏။ သွား၍တည်းလျှင် မသင့်ဟု ထင်သည်။ မည်သို့ပင်ဖြစ်စေ တစ်နေရာကိုတော့ ရှာမှ။ သူ့မှာ တည်းစရာနေရာမရှိ၍ မဖြစ်။

'အို... အဖဘုရားသခင်'

ဟု တိုးတိုးရေရွတ်သည်။

'တပည့်တော် မကောင်းမှုကို မပြုလိုပါဘူး။ ဟိုမိန်းမက မကောင်းမှု ပြုအောင် လုပ်နေပါတယ်။ တပည့်တော်ကို ကယ်တင်တော်မူပါဘုရား'

ရောဘတ်၏ ခြေလှမ်းများသည် သွက်လာသည်။ သူသည် သင်္ဘော ဆိပ်ဘက်သို့ ဦးတည်၍ လျှောက်နေခြင်းပေတည်း။ သူ့ပါးစပ်သည် အငြိမ် မနေ။

'တပည့်တော်အား ကူညီတော်မူပါ။ ဒုစရိုက်တွေမပြုမိအောင် ထိန်း သိမ်းရှောက်တော်မူပါ'

ဟု တတွတ်တွတ်ရေရွတ်သည်။

လမ်းထောင့်အရောက်တွင် လမ်းကြားကလေးတစ်ခုအတွင်း ချိုးဝင်ခဲ့ သည်။ အိမ်များ သေးလာသည်။ ဖရိုဖရဲနှင့် ပြိုလဲတော့မည့် အနေအထား များကို မြင်ရသည်။ သူသည် ရယ်သံနှင့် ဂီတာသံကို ကြားလိုက်ရ၏။ အိမ်တံခါးဝ၌ ရပ်နေသော မိန်းမတစ်ယောက်သည် သူ့အား မကြားတကြား လှမ်းပြောသည်။ သူဘာပြောတာပါလိမ့်။

'ငါးပက်ဆီတာ ဆီညော်'

ဟု ပြောလိုက်ခြင်းဖြစ်၏။ ရောဘတ်က တစ်ချက်မျှ ငဲ့ကြည့်သည်။ အမျိုးသမီးသည် ဝဝဖိုင့်ဖိုင့်ကြီးဖြစ်၏။ သူ့ရယ်သံသည် လမ်းကြားတွင်းသို့

ဝင်လာသော ရောဘတ်၏နောက်သို့ လိုက်လာလျက်ရှိသည်။ သူကတော့ အခုချိန်ထိ ဘုရားသခင်ထံ ဆုတောင်းနေဆဲ။ ကယ်လီဒီလာတူနာဟိုတယ် တွင်းသို့ ဝင်ရောက်သွားချိန်အထိ သူ့မျက်လုံးများသည် ပူလောင်နေဆဲ။

*

[နှစ်ဆယ့်သုံး]

နေမင်းသည် နောက်တစ်ကြိမ် တောင်ထိပ်၏ အခြားတစ်ဖက်သို့ လျှောကျပျောက်ကွယ်သွားခဲ့လေပြီ။ လောဝစ်ဆစ္စနက်ဂေဟာပေါ်သို့ အမှောင်ထုသည် လွှမ်းခြုံသွားခဲ့ပြီဖြစ်၏။ လူနာခန်းထဲတွင်လည်း အရိပ်များ ထင်ဟပ်လာခဲ့ပြန်ပြီ။ အရိပ်များသည် တစ်နေရာမှ တစ်နေရာသို့ ရွေ့လျားလျက်ရှိကြသည်။

လူနာ၏ခုတင်ဘေးတွင်မူ ဟာဗေးသည် မေးထောက်လျက်ထိုင်ကာ မေရီ၏ မျက်နှာကို တွေဝေငေးမောလျက်ရှိသည်။ သူ့မျက်နှာသည် ပိန်ချုံးလျက်ရှိ၏။ သူ့ရှေ့တွင် စားပွဲငယ်တစ်လုံးပေါ်တွင်မူ ရေဇလုံများ၊ ရေနွေးခွက်တစ်ခွက်၊ ပြဒါးတိုင်တစ်ခုနှင့် ဆေးထိုးအပ်များ၊ ဆေးပုလင်းများ တင်ထားသည်။ ဤအပြင်အဆင်မှာ ဆူဆန်၏လက်ရာ ဖြစ်၏။ ဆူဆန်သည် လွန်ခဲ့သော သုံးရက်အတွင်းက တစ်ခန်းလုံး သန့်စင်အောင် ဆေးကြောသုတ်သင်ကာ ဆေးရုံတစ်ရုံရှိ လူနာခန်းနှင့်တူအောင် ပြုလုပ်ထားခဲ့သည် မဟုတ်ပါလား။

အခန်းထဲရှိ အလင်းရောင်သည် ခပ်မှိန်မှိန်ဖြစ်သည်။ ဟာဖေး၏ ညာဘက် အမှောင်ရိပ်ထဲတွင်မူ ဆူဆန်သည် ထိုင်လျက်ရှိသည်။ သူ့ပုံပန်းသည် အလွန်ပင်ပန်းနွမ်းနယ်နေဟန်ရှိ၏။ သို့သော်လည်း သူ့မျက်လုံးအစုံကတော့ ဟာဖေး၏ မျက်လုံးများကဲ့သို့ပင် ခုတင်ပေါ်မှ လူနာဆီသို့ စူးစိုက်လျက်ရှိလေသည်။

ခုတင်ပေါ်သို့ ကျရောက်နေသော အလင်းရောင်သည် လင်းလက်နေဆဲ။ ခေါင်းအုံးထက်ရှိ မေရီ့မျက်နှာသည် သွေးရောင်မရှိ။ ဆင်စွယ်တမျှ ဖြူဆွတ်လျက်ရှိသည်။ ပိန်လွန်းလှသဖြင့် ပါးရိုးများသည် ငေါထွက်နေကြသည်။ တစ်ချိန်က ပြုံးခဲ့ရယ်ခဲ့သော ဘဝ၏ သာယာမှုတွင် နစ်မျောခဲ့သော မျက်နှာသည် အခုကျတော့လည်း သက်ဝင်လှုပ်ရှားခြင်း ကင်းမဲ့နေသည်။ ခြောက်သွေ့နေသော နှုတ်ခမ်းများတွင် အပြုံးရိပ်သည် ထိတွေ့ ထင်ဟပ်ခြင်းမရှိ။ ချိုင့်ဝင်နေသော မျက်လုံးများသည် ပျော်ရွှင်သာယာမှုကို ဖော်ပြနိုင်စွမ်းမရှိ။

ရုတ်တရက် ဆူဆန်သည် ခေါင်းထောင်ပြီး ဟာဖေးအား လှမ်းကြည့်သည်။

'ဖယောင်းတိုင်တွေ ထွန်းလိုက်ရတော့မလား'

ဟု မေးသည်။ ဟာဖေးက အဖြေမပေး။ သူသည် ဆူဆန်၏အသံကို ကြားတော့ကြားလိုက်၏။ သို့သော်လည်း ဘာပြောလိုက်မှန်းမသိ။ သူသည် သူ့အတွေးနှင့်သူ ဖြစ်သည်။ ဤနေရာ၌ ဤပုံစံအတိုင်း သူထိုင်နေသည်မှာ မည်မျှကြာခဲ့ပြီနည်း။ လူသားတစ်ယောက်၏အသက်ကို ကယ်ဆယ်နိုင်ဖို့ အသည်းအသန်ပြင်းပြသောဆန္ဒဖြင့် အားထုတ်ရသည်မှာ ကြောက်မက်ဖွယ်ကောင်းလှပါဘိခြင်း။

မေရီ ဖျားနေသည်မှာ သုံးရက်ရှိခဲ့ပြီ။ ပထမဆုံး သူနားလည်ခဲ့သည်မှာ မေရီ၏အဖျားသည် အသက်ကိုပင် ထိခိုက်နိုင်လောက်အောင် ကြီးမားသည်ဟူသောအချက် ဖြစ်၏။ သူသည် ထိုအချက်ကို ရင်နာစွာဖြင့် ရင်ဆိုင်ခဲ့သည်။ သို့သော်လည်း သူစိုးရိမ်ကြီးစွာဖြင့် မျှော်လင့်နေခဲ့သည့် အဆိုးဆုံးအခြေအနေသည် ရောက်မလာခဲ့။ အဆိုးဆုံးရောက်လာမည့်

အစား သက်သာမှုရှိသလို အရိပ်အယောင်ကလေးများ ဝင်လာခဲ့သည်။

ထို့နောက်တော့ အပူချိန်သည် တရိုန်ထိုး တက်လာခဲ့ပြန်၏။ ပြီးတော့ ရုတ်တရက်ချက်ချင်း ဖြုန်းခနဲ ပြန်ကျသွားပြန်သည်။ အဖျားတက်ခြင်းနှင့် သွေးခုန်နှုန်းကျခြင်းတို့သည် အဆိုးဆုံးအခြေအနေ မရောက်လာသည့်တိုင်အောင် မည်ကဲ့သို့ဖြစ်သွားနိုင်သည်ကို သူသိထားသည်။ ထို့ကြောင့်လည်း သူ့စိတ်သည် ဤအတွေးဖြင့် ပူလောင်သောဝေဒနာကို ပြင်းစွာခံစားနေခဲ့ရလေသည်။

ဟာဖေး၏ အရိပ်အကဲကို ကြည့်နေသော ဆူဆန်က...

'ကျွန်မ ဖယောင်းတိုင်တွေ ထွန်းလိုက်တော့မယ်'

ဟု ထပ်ပြောသည်။ ထို့နောက် ဟာဖေး၏အဖြေကို မစောင့်တော့ဘဲ ဖယောင်းတိုင်များကို တစ်တိုင်ပြီးတစ်တိုင် လိုက်ထွန်းသည်။ မီးတောက်များသည် ထိန်ထိန်ညီးညီး တောက်လောင်ကာ တစ်ခန်းလုံး ထိန်လင်းသွားသည်။

'ပြတင်းပေါက်တံခါးကိုရော ပိတ်လိုက်ရင်ကောင်းမလား'

ဟု ဆူဆန်က ပြောသည်။

'ညလေက ကောင်းပါ့မလားလို့ တွေးမိ'

ဟာဖေးက ခေါင်းထောင်ကြည့်သည်။ အခုစကားကျတော့ သူကြား၏။

'ကိုယ်သွားပိတ်လိုက်မယ်'

ဟု ပြောကာ ထိုင်ရာမှ ထသွားပြီး ပြတင်းပေါက်ကို ပိတ်သည်။

သူ၏လှုပ်ရှားမှုအားလုံးသည် နှေးကွေးလေးလံလှချေသည်။ တကယ်တော့ သူသည် အဆမတန်ပင်ပန်းလျက်ရှိနေပြီ။ သူသည် တံခါးဘောင်ကို နဖူးနှင့်မှေး၍ ရပ်ကာ အပြင်သို့ ကြည့်သည်။ အမှောင်သည် လျှင်မြန်စွာကျဆင်းလျက်ရှိလေပြီ။ အရှေ့ဘက်တစ်လွှားဆီမှ လျှပ်စီးရောင်များသည် တဝင်းဝင်းတလက်လက်။ မုန်တိုင်းကျဦးတော့မည့် အရိပ်လက္ခဏာများပေတည်း။ သူသည် နောက်သို့ ပြန်လှည့်လိုက်သည်။ ဆူဆန်၏ ဝမ်းနည်းကြေကွဲသော မျက်လုံးအစုံသည် သူ့အား စိုက်ကြည့်နေကြသည်ကို တွေ့ရ၏။

'မုန်တိုင်းကျလိမ့်မယ်'

ဟု ဆူဆန်က ပြောသည်။

'လေထဲမှာ အနံ့ပါလာနေတယ်'

'ဟုတ်တယ်၊ ဟိုတောင်တန်းတွေနောက်ဘက်က မိုးခြိမ်းသံတွေလည်း ကြားနေရတယ်'

သူသည် ဆူဆန်၏ ဖြူရော်ရော်မျက်နှာကို အမှတ်မထင်ကြည့်မိသည်။ အဆမတန်ပင်ပန်းနေသည့်မျက်နှာ ဖြစ်၏။ ဆံပင်များကလည်း ဖရိုဖရဲဖြစ်နေကြသည်။ အင်္ကျီလက်မောင်းများကိုလည်း ခေါက်တင်ထားသည်။ ပြီးတော့ ပတ်တီးစည်းထားသည့် လက်မ။ အက်ဆစ်လောင်ထားသည့် ဒဏ်ရာပေတည်း။

'မင်း အတော့်ကိုပင်ပန်းနေပြီ'

ဟု ဟာဗေးက ပြောသည်။

ဆူဆန်၏မျက်နှာသည် နီရဲသွားသည်။ သူ့နှုတ်ခမ်းတွင် အပြုံးရိပ်ဝင်လာသည်။

'မပင်ပန်းပါဘူး၊ ပင်ပန်းနေတာက ရှင်ပါ။ ရှင်က အလုပ်တွေ အများကြီး လုပ်နေတာပဲ။ ရှင်လုပ်ကိုင်နေပုံက ရှင့်ကိုယ်ရှင် သတ်နေသလိုပဲ'

ဟာဗေးသည် လက်ပတ်နာရီကို ငုံ့ကြည့်သည်။

'အောက်ထပ်ကိုဆင်းပြီး အစားတစ်ခုခု စားလိုက်ပြီးရင် အိပ်ရာဝင်ပြီး တရေးလောက်အိပ်လိုက်ပါ'

ဟု ပြောသည်။

'ဆူဆန် နားဖို့မလိုပါဘူး၊ နားရမှာက ရှင်ပါ။ ဆူဆန့်စကားကို နားထောင်စေချင်တယ်'

'ကဲပါ၊ မင်း အောက်ထပ်ကိုသွားတော့'

ဟု ဟာဗေးက ဖွတ်ထပ်ပြောသည်။

'ရှင် လုံးဝမနားရသေးဘူး။ ဒီတစ်ညတော့ ရှင် နားလိုက်ပါ'

ဟာဗေးက ဘာမှပြန်မပြောဘဲ ခုတင်ခေါင်းရင်းဆီသို့ လျှောက်သွားသည်။

'နောက်တစ်ည မရှိနိုင်တော့ဘူးဆိုတာ မင်းသိနေပါတယ်'

ဟု ပြောကာ အိပ်ရာဘေးမှ ကုလားထိုင်တွင် ပြန်ထိုင်သည်။

ဆူဆန်သည် ဟာဗေး၏ မျက်နှာကို တိတ်တခိုးကြည့်သည်။ သူ ဘယ်လောက်ပဲပြောပြော ရမည်မဟုတ်မှန်း သိသည်။ မိမိ၏ စကားများသည် သူ့အပေါ်၌ သြဇာညောင်းဖို့မလွယ်ပါတကား။ သူသည် သက်ပြင်းတစ်ချက်ချကာ တံခါးကိုဖွင့်၍ နွေးကွေးသောခြေလှမ်းများဖြင့် အောက်ထပ်သို့ ဆင်းလာခဲ့၏။

စားသောက်ခန်းထဲတွင် ညစာ အသင့်ပြင်ထားပြီး၊ ဖယောင်းတိုင်များကိုလည်း ထွန်းထားပြီး၊ ကော်ကိုရန်နှင့် မြို့စားကတော် အဘွားအိုတို့သည် စားပွဲ၌ ထိုင်နေကြပြီ။ ဆူဆန်သည် ကုလားထိုင်တွင် ဝင်ထိုင်ကာ ကော်ကိုရန်ချပေးသည့် ကော်ဖီပန်းကန်ကို ဇွန်းနှင့်မွှေသည်။ အချိန်အတော်ကုန်သည်အထိ စကားမပြောကြ။

'မုန်တိုင်းကတော့ ကျမှာ သေချာနေပြီထင်တယ်'

ဟု ကော်ကိုရန်က ပြောသည်။

'အေး ဟုတ်တယ်၊ ဒါပေမဲ့ ဒီညမကျသေးဘူး။ မနက်ဖြန်မှကျမှာ'

ဟု အဘွားအိုက ထင်မြင်ချက်ပေးသည်။

'မုန်တိုင်းအကျကိုစောင့်ရတာဟာ အလွန်စိတ်ပင်ပန်းတယ်။ စိတ်ပျက်စရာ သိပ်ကောင်းတယ်'

ဟု ကော်ကိုရန်က ပြန်ပြောသည်။

ပင်ပန်းလွန်း၍ စိတ်မောလူမောဖြစ်နေသော ဆူဆန်သည် အလကားနေရင်း စိတ်တိုလျက်ရှိသည်ဖြစ်ရာ ကော်ကိုရန်စကား ကြားသည့်အခါ စိတ်တိုလာသည်။

'မုန်တိုင်းအကြောင်းတွေးပြီး စိတ်ပျက်စရာတွေ ပြောမနေကြစမ်းပါနဲ့'

ဟု ဆူဆန်က ပြောသည်။

'မုန်တိုင်းမကျဘဲနဲ့တောင်မှ အခြေအနေတွေက ဆိုးလွန်းလို့ စိတ်ပျက်စရာ ဘယ်လောက်ကောင်းနေပြီလဲ။ အခုလို ထိုင်ပြီး ညည်းညူနေ

မယ့်အစား ဘုရားသခင်ဆီမှာ ဆုတောင်းတာမှ အကျိုးလိမ့်ဦးမယ်'

အဘွားအိုသည် မျက်နှာကျက်ကို မော့ကြည့်နေသည်။ သူသည် ဆူဆန်ကို သဘောကျသူမဟုတ်။ ဆူဆန်နှင့် စတွေ့ကတည်းက 'အမေရိကားနား'ဟုသာ သဘောပေါက်သည်။ နာမည်ကို ခေါ်လေ့မရှိ။ အမေရိကန် တစ်ဦးဖြစ်သော ရိဂျာသည် သူတူးထားသည့် ရေမြောင်းထဲမှ ရေကိုကဲ့ယူ ထားခြင်းခံရသည် မဟုတ်ပါလား။

'ဘယ်လောက်ပဲ ဘုရားသခင်ဆီ ဆုတောင်းတောင်း မုန်တိုင်းကတော့ ကျမှာပဲ'

ဟု အဘွားအိုက မလိုတမာသောအသံဖြင့် ရေရွတ်သည်။

ရုတ်တရက်သော် ဆူဆန်သည် ဒေါပွသွားသည်။ အဘွားအိုအား စိတ်ဆိုးမာန်ဆိုးဖြင့် တစ်စုံတစ်ခုပြောရန် ဟန်ပြင်လိုက်မိသည်။ သို့တစေ လည်း ချက်ချင်း သတိပြန်ဝင်ကာ သူ့စိတ်သူထိန်းသည်။

'ကျွန်မ အမှတ်တမဲ့ ပြောလိုက်မိတာ ဝမ်းနည်းပါတယ်ရှင်'

ဟု တောင်းပန်စကားဆိုသည်။

'အခု ဝမ်းမနည်းနေနဲ့ဦး၊ အမေရိကားနားရေ'

ဟု အဘွားအိုက ခေါင်းတစ်ချက်ဆတ်၍ ပြောသည်။

'မုန်တိုင်းကျတဲ့အခါကျမှသာ ဝမ်းနည်းဖို့လိုမှာ'

'ရှင့်စကားက ဘာစကားလဲ'

ဟု ဆူဆန်က အဘွားအို၏မျက်နှာကို စိုက်ကြည့်ပြီး မေးသည်။

'တချို့ဟာတွေကို စကားလုံးနဲ့ ဖော်ပြလို့မရဘူး။ အကောင်းဆုံး နည်းကတော့ အဲဒါမျိုးကြုံလာရင် စဉ်းစားတွေးတော ဆင်ခြင်သုံးသပ်ဖို့ပဲ။ အဲဒါမျိုးတွေကို ပါးစပ်က ထုတ်မပြောဘဲနေရမယ်။ အခုဆိုရင် ငါ့အိမ်ထဲမှာ ဖြစ်ခဲ့သမျှ အကြောင်းတွေကို အများကြီးပြောချင်ပြောလိမ့်မယ်။ ဒါတွေဟာ တို့လူသားတွေ နားမလည်နိုင်တဲ့ အဓိပ္ပာယ်မျိုး ဆောင်ချင်ဆောင်နေမှာ။ ငါတို့လူတွေဟာ သိပ်ပြီး ခံစားနေကြရပေမယ့် သိတာကျတော့ နည်းနည်း လေးပဲ သိကြတာ'

'အဲသလိုကြီးတော့ မပြောပါနဲ့'

ဟု ဆူဆန်က တီးတိုးသော လေသံဖြင့် ပြောသည်။

'ရှင်ပြောပုံက ကျွန်မအတွက် အထူးအဆန်းတွေချည်း ဖြစ်နေတယ်။ အို…ဒီအိမ်ဟာ ကျွန်မအဖို့ ထိတ်လန့်ကြောက်ရွံ့စရာကောင်းတဲ့အိမ် ဖြစ်နေတယ်ရှင့်'

'ဒီအိမ်ထဲမှာ အထူးအဆန်းတွေအများကြီး ဖြစ်ခဲ့ဖူးတယ်'

ဟု အဘွားအိုက ပြန်ပြောသည်။

'ပိုပြီးထူးဆန်းတာတွေလည်း ဖြစ်ချင်ဖြစ်လာနိုင်တာပဲ။ မိန်းကလေး တစ်ယောက်ဟာ သူ့ကိုယ်သူ ဘာပြုလို့ လိမ်လည်လှည့်ဖြားချင်သလဲ။ ဘေးအန္တရာယ်ကြီးကတော့ သိပ်ပြီး နီးကပ်နေတာအမှန်ပဲ။ သံသယဖြစ် စရာကို မလိုဘူး။ ငါကတော့ မြင်နေတယ်။ မှန်တိုင်းလိုပဲ လေထဲမှာ အနံ့ရှိနေတယ်။ ဒီပျက်စီးမှုကြီးဟာ ငါ့အတွက်လား။ မဟုတ်ဘူး မဟုတ် ဘူး။ ငါ့အတွက် အချိန်မကျသေးဘူး။

ဒါဆိုရင် မင်းလား၊ မင်းဟာ အသက်ငယ်သေးတယ်။ သန်မာနုပျို တယ်။ စိတ်ဓာတ်အင်အားလည်း အပြည့်ပဲ။ အဲဒီတော့ အဖြေတစ်ခုပဲ ရှိတယ်။ ဒီပျက်စီးမှုကြီးဟာ အင်္ဂလိပ်အမျိုးသမီး ဆီညော်ရာအတွက်ပဲပေါ့။ အေး…အေး အကဲဖြတ်မှုကတော့ မင်းသဘော မင်းဆန္ဒအတိုင်း လုပ်ပေ တော့'

ဆူဆန်သည် တုန်လှုပ်သွားသည်။ မျက်နှာကျက်တွင်ရော နံရံများ ပေါ်၌ပါ ငန်းရုပ်ကြီးများ ရေးဆွဲထားသည့် ဤအိမ်ကြီးသည် ကြောက်စရာ ကောင်းလှပါဘိခြင်း။ သူ့ရင်ထဲတွင် မေရီ သေလိမ့်မည်ဟု ခံစားနေရ၏။ ဟုတ်သည်။ မေရီ သေလိမ့်မည်။ အစကတည်းက ငါသိလာတာပဲ။

ကော်ကိုရန်သည် စိတ်မကောင်း၊ မချမ်းမြေ့ ဖြစ်သွားသည့်လက္ခဏာ ရှိသည်။ သူသည် ကုလားထိုင်တွင် ကဏာမငြိမ်ဖြစ်လျက်ရှိသည်။

'ဒီလိုကြီးတော့ မပြောသင့်ပါဘူး'

ဟု သူက ပြောသည်။

'ခင်ဗျားလည်း အတိအကျပြောနိုင်တာမှမဟုတ်တာ။ သူ သိပ်နေ မကောင်းဖြစ်နေတယ်ဆိုတာရတော့ ကျုပ် ဝန်ခံပါတယ်။ ဒါပေမဲ့အသက်

ရှိနေသေးသရွေ့ရတော့ မျှော်လင့်ချက်ဟာ အမြဲရှိနေတာပါ'

အဘွားအိုက ပြုံးသည်။

'စကားဆိုတာ ပြောဖို့လွယ်ပါတယ်။ ပြီးတော့ စကားဟာ မကြာခဏ နားလည်မှုလွဲတတ်ပါတယ်။ အေး...အခုအချိန်ကစပြီး ငါ့ပါးစပ်ကို ပိတ်ထားပါတော့မယ်။ ပြန်ထွက်တော့ နည်းနည်းချင်းစီပဲ ထွက်တတ်တယ်ဆိုတာတော့ သတိထားကြပေါ့လေ'

ကော်ကိုရန်သည် ကျေနပ်ပုံမရ။ ချက်ချင်းပင် အဘွားအို၏စကားကို တုံ့ပြန်သည်။

'မကောင်းတဲ့ ကံကြမ္မာလာတာ မလာတာတွေ ဘေးဖယ်ထားပါ။ လူမှာ ယုံကြည်မှုက အရေးကြီးပါတယ်။ အခုပဲ လက်တွေ့ဖြစ်တာကို ကြည့်ပါလား။ ဟို ကားဆိုတဲ့ကောင်က ဒီအခန်းထဲက ကြိမ်းမောင်းပြီး ထွက်သွားခဲ့တယ်။ ကြေးနန်းရိုက်မယ် ဘာမယ်နဲ့ ခြိမ်းခြောက်သွားတယ်။ အခုအချိန်အထိ ဘာဖြစ်လာသေးလို့လဲ။ သူတို့ရဲ့ အရိပ်အရောင်ကိုတောင်မှ အခုထက်ထိ မမြင်ရသေးဘူး'

'အို...သူတို့ဘက်က ဘာလုပ်နိုင်မှာမို့လဲ'

ဟု ဆူဆန်က ပြောသည်။

'အခုလို အခြေအနေမှာ မေရီ့ကို ရွှေ့ဖို့ဆိုတာ မဖြစ်နိုင်ဘူး။ ပြီးတော့လည်း သူ့ကိုရွှေ့ပိုင်ခွင့်က သူ့ယောကျ်ားဆီမှာပဲ ရှိတာပါပဲ'

'ဒီကိစ္စနဲ့ပတ်သက်လို့ စိတ်ထဲမှာ တစ်မျိုးပဲ။ စိတ်က မအေးသလို ဖြစ်နေတယ်။ ဟာဗေးအတွက် အဆုံးသတ်ဟာ ကောင်းပါ့မလားမသိဘူး'

'ရှင် ဘာဆိုလိုတာလဲ။ ကျွန်မကတော့ သူ့အကြောင်းသိနေတယ်။ သူလုပ်ပုံကိုင်ပုံတွေကိုလည်း မြင်နေရတယ်။ မေရီ့အသက်ကို ကယ်နိုင်မယ့် လူဟာ သူကလွဲပြီး တခြားလူ ဘယ်သူမှမရှိဘူး'

'တကယ်လို့သာ သူ အသက်မရှင်ရင်တော့ ဒုက္ခပဲ။ ဒီအတွက် ဟာဗေးမှာ တစ်နည်းနည်းနဲ့ ထိခိုက်စရာ ဖြစ်လာမလား'

ကော်ကိုရန်၏ မေးခွန်းသည် စဉ်းစားစရာတော့ရှိ၏။ အကယ်၍ မေရီဖီးလ်ဒင်း သေခဲ့သည်ရှိသော်။ အားလုံးက သူ့အား အပြစ်တင်ကြ

တော့မည်မှာမလွဲ။ ထိုတာဝန်သည် ဟာဖေးအပေါ်၌သာ ကျလာဖို့သာရှိ၏။ ဤအတွေးဝင်လာသည့်အခါ ထိတ်လန့်ခြင်း ဖြစ်ရပြန်၏။

ထိုအခိုက်မှာပင် အဘွားအိုသည် ထိုင်ရာမှထ၍...

'နည်းနည်းစားတဲ့လူဟာ မြန်မြန်ပြီးသွားတာပဲ။ ကဲ...ကဲ... စားသောက်ပြီးသွားပြီ။ အစ္စဘယ် သူ့အခန်း သူပြန်သွားဖို့ အချိန်တော်ပြီ'

ဟု ပြောသည်။ ထို့နောက် စပိန်ဘာသာဖြင့် စကားတစ်ခွန်း ထပ်ပြောသည်။

စပိန်စကားနားမလည်သော ဆူဆန်သည် ကြောက်ရံ့သော မျက်နှာထားဖြင့် ကော်ကိုရန်အား လှမ်းကြည့်သည်။

'သူ ဘာပြောသွားတာလဲ'

ဟု တိုးတိုးကပ်မေးသည်။

'စကားအဆန်းတစ်ခုပဲ'

ဟု ကော်ကိုရန်က ပြောသည်။

'မြစ်ကြီးတစ်ခုတဲ့၊ နောက်ဆုံးကူးဖြတ်ရမှာတဲ့။ သိပ်တော့ နားမလည်ပါဘူး။ ဒါပေမဲ့ သူပြောတာတွေကို သိပ်ပြီး အလေးအနက်မထားပါနဲ့။ သူက သဘောတော့ ကောင်းရှာပါတယ်'

ကော်ကိုရန်သည် ဆူဆန်အား တစ်ချက်လှမ်းကြည့်ပြီး တံခါးဆီသို့ လျှောက်သွားသည်။

'ကဲ...ကွယ်၊ ငါလည်း မီးဖိုထဲသွားပြီး လုပ်စရာရှိတာလေးတွေ လုပ်လိုက်ဦးမယ်'

အခန်းထဲတွင် ဆူဆန်တစ်ယောက်တည်း ကျန်ခဲ့သည်။ သူ့စိတ်သည် အေးအေးသာသာရှိသည်။ သူ့ရှေ့ရှိ ပန်းကန်ပြားထဲမှ သစ်သီးခွံများကို လက်နှင့် ကိုင်ထားကာ ရောက်တတ်ရာရာ စဉ်းစားလျက်ရှိ၏။ သူ့လက်မနာကျင်ကိုက်ခဲနေသည်ကို သူသတိထားမိသည်။ အဘွားအိုနှင့် အဘွားအိုပြောသောစကားများသည် ကြောက်လန့်စရာကောင်းလှသည်ဟုပင် ထင်မိသည်။

'မြစ်ကြီးတစ်ခု၊ နောက်ဆုံးဖြတ်ကူးရမည့်မြစ်'

ထိုစကားသည် မည်သည့်အဓိပ္ပာယ်ကို ဆောင်လေသနည်း။ သူသည် အချိန်ကုန်ခံ၍ တွေးသော်လည်း အဖြေမရ။ သူသည် ထိုင်ရာမှ ထရပ်ကာ ဖွာလန်ကြဲနေသော ဆံပင်များကို လက်နှင့်သပ်နေသည်။ ထို့နောက် ကုလားထိုင်ကို တွန်းဖယ်ပြီး ထွက်မည်ပြုသည်။ ထိုအခိုက်မှာပင် အခန်းတံခါး ပွင့်သွားပြီး အတွင်းသို့ ဟာဖေးဝင်လာသည်ကို တွေ့လိုက်ရသည်။

ဆူဆန်သည် အသက်ရှူရပ်သွားသလို ဖြစ်သွားသည်။ မမျှော်လင့်ဘဲနှင့် ဟာဖေးရောက်လာခြင်းသည် ကြောက်မက်ဖွယ်ကောင်းသည့် အဓိပ္ပာယ်တစ်ခု ရှိလေသလား။ သူ့နှုတ်ဖျားတွင် မေးခွန်းတစ်ခု ဝင်လာသည်။ သို့သော်လည်း မမေးဝံ့။ မျက်လုံးအစုံဖြင့်သာ ဟာဖေး၏လှုပ်ရှားမှုများကို ကြည့်နေသည်။ ဟာဖေးသည် ဆူဆန်နှင့် မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ဝင်ထိုင်လိုက်ပြီး ခေါင်းတစ်ချက် ခါပြသည်။

'ဟိုအထိတော့ မဖြစ်သေးဘူး'

'အခုထိ သူ အသက်ရှူနေတုန်းပဲလား'

'အသက်ရှူနေပေမယ့် အခြေအနေက မကောင်းပါဘူး။ အဖျားကြီးရာကနေပြီး သွေးယိုတဲ့အဆင့်ရောက်လာတော့ သိပ်ဆိုးလာတာပေါ့'

'ဒါနဲ့များ ရှင် ဘာ့ကြောင့် သူတစ်ယောက်တည်းထားခဲ့ပြီး ဆင်းလာခဲ့ရတာလဲ'

ဟာဖေးသည် ချက်ချင်းအဖြေမပေးဘဲ အတန်ကြာမျှ ငေးမောနေသည်။

'သူမျောနေပြီ။ ခံနိုင်အား လုံးဝမရှိတော့ဘူး။ တကယ်လို့ မနက်ဖြန်မနက်အထိ အသက်ရှင်နေဦးမယ်ဆိုရင်တော့ သူအသက်ရှင်နိုင်ဖို့ အခွင့်အလမ်းလေး သူ့ကိုပေးဖို့ကလည်း တစ်နည်းပဲရှိတယ်။ ဒီနည်းက အန္တရာယ်တော့ များတယ်။ ဒါပေမဲ့ ဒီနည်းတစ်နည်းပဲရှိတယ်'

'ဘယ်လိုလုပ် ပေးရမှာလဲ'

ဟု ဆူဆန်က တီးတိုးမေးသည်။

'သွေးသွင်းပေးရမယ်'

ငြိမ်ဆိတ်သွားသည်။ မမျှော်လင့်သောအခြေအနေ ဖြစ်နေသဖြင့်

စကားမပြောနိုင် ဖြစ်ရ၏။ သူ့နှလုံးသားသည် တဒိတ်ဒိတ်ခုန်လာသည်။

''အဲဒါကိုတော့ ရှင်လုပ်လို့မဖြစ်နိုင်ဘူး'

ဟု ဆူဆန်က ပြောသည်။

'ဒါမျိုးလုပ်ရတယ်လို့ ကျွန်မ မကြားဖူးခဲ့ဘူး။ သူက ဖျားနေတဲ့လူ။ ဖျားနေတုန်း သွေးသွင်းတာ မှန်ပါ့မလား။ ရှင့်လိုလူမျိုးက ဒီအကြံမျိုး စိတ်မကူးသင့်ဘူးလို့ ထင်တယ်။ ခဏတော့ စောင့်ကြည့်သင့်ပါတယ်'

'သွေးထွက်လွန်ပြီး သေသွားတာကို ဒီအတိုင်း ထိုင်ပြီး စောင့်ကြည့်နေရမှာလား'

'ဟိုဟာကတော့ ဘယ်နည်းနဲ့မှ ရှင်မလုပ်သင့်ဘူး။ မဖြစ်နိုင်တဲ့ ကိစ္စတစ်ခုဆိုတာ သိသင့်တယ်။ ရှင့်ဆီမှာ ဘာပစ္စည်းကိရိယာမှလည်း ပြည့်ပြည့်စုံစုံရှိတာမဟုတ်ဘူး'

'ကိုယ်လိုအပ်တာ ကိုယ်လိုချင်တာအားလုံးတော့ ရှိနေတာပဲ'

'ရှင်လုပ်လို့ မဖြစ်နိုင်ဘူး'

ဟု ဆူဆန်က တတိယအကြိမ် ထပ်ပြောပြန်သည်။

'သိပ်ပြီး စွန့်ရမယ့်အလုပ်မျိုး၊ ကြောက်စရာအလွန်ကောင်းတယ်။ အသက်တောင် သေချင်သေသွားနိုင်တယ်။ သူသေသွားရင် သူတို့က ရှင့်ကိုပဲ အပြစ်တင်ကြမှာ။ တကယ်လို့ ရှင်လုပ်တာ မအောင်မြင်ရင် ရှင့်အပေါ် အပြစ်ဖို့ရုံတင်မကဘူး၊ သူတို့က ရှင့်ကိုပြော...'

ဟာဗေးက ဘာမှပြန်မပြော။ သူ့နှုတ်ခမ်းများတွင် ယခင်က ရှိခဲ့ဖူးသော သရော်ပြုံးသည် ထင်ဟပ်လာသည်။

'ကျွန်မ တောင်းပန်ပါတယ်ရှင်'

ဟု ဆူဆန်က မျက်ရည်များပေါက်ပေါက်ကျကာ တားမြစ်သည်။

'အကူအညီရဖို့ ပထမ ကြိုးစားပါလို့ ကျွန်မ တိုက်တွန်းပါရစေ။ ရှင်ဟာ အင်မတန် အလုပ်လုပ်တဲ့လူပါ။ ပြီးတော့ အလုပ်ကို ကျွမ်းလည်း ကျွမ်းကျင်တာအမှန်ပါ။ ဒါပေမဲ့ အခုဟာက တာဝန်ယူရမယ့်အပိုင်းပါ။ အနားမှာ ကူညီနိုင်မယ့်လူတစ်ဦးမှ မရှိဘဲ စွန့်ပြီး လုပ်ရမယ့် အလုပ်ပါ။ တကယ်လို့သာ သူသေ သွားရင် ရှင်သတ်ပါတယ်လို့ ပြောကြမှာ သေချာ

ပါတယ် ဟာဖေးရယ်'

ဆူဆန်သည် အားမလိုအားမရဖြစ်သောစိတ်ဖြင့် ဟာဖေး၏ လက်မောင်းကို သူ့လက်တစ်ဖက်ဖြင့် လှမ်း၍ ဆုပ်ကိုင်လိုက်သည်။ ပင်ပန်းနွမ်းလျနေသည့်မျက်နှာ၊ ချိုင့်ဝင်နေသည့် မျက်လုံးများ။ မိမိက သူ့အပေါ် ထားရှိနေသည့် ချစ်ခြင်းမေတ္တာသည် ကရုဏာစိတ်နှင့် ပေါင်းစပ်ကာ ယိုဖိတ်လာသည်။ သူ့အနေဖြင့် သူ့စိတ်ခံစားမှုကို မထိန်းချုပ်နိုင်။ ဟာဖေး၏ နွမ်းလူလျ မျက်လုံးအစုံကို နမ်းလိုက်ချင်လှပါ၏။ မျက်ရည်များသည် သူ့ပါးနှစ်ဖက်တွင် စီးကျလာလျက်ရှိ၏။

ကျချင်သလောက်သာ ကျပါစေတော့။ သူ့မျက်ရည်ကို သူ ထိန်းမထားချင်တော့။ သို့သော်လည်း ဟာဖေးသည် သူ့မျက်ရည်များကို မြင်ဟန်မတူ။

'သူသေသွားလို့ကတော့ ကိုယ့်အတွက် ဘာမှဂရုစိုက်စရာမရှိတော့ပါဘူး'

ဟု ပြောသည်။

ဆူဆန်သည် ဟာဖေး၏လက်မောင်းပေါ်မှ သူ့လက်ကို ပြန်သိမ်းလိုက်သည်။ သူ့မျက်နှာထားသည် ပြောင်းသွားသည်။ စီးကျနေသော မျက်ရည်စများကို သုတ်သည်။ သူ့ကိုယ်သူ တည်ငြိမ်အောင် ပြန်ထိန်းသည်။ နောက်ဆုံးတွင် အေးဆေးသောလေသံဖြင့် စကားတစ်ခွန်းကို ပြောသည်။

'တကယ်လို့ ရှင်လုပ်မယ်ဆိုရင်ပေါ့လေ၊ ကျွန်မကို သုံးလို့ရမှာပါ။ ကျွန်မကို သွေးအလှူရှင်အဖြစ် သုံးလို့ရပါတယ်'

ဟာဖေးက ခေါင်းရမ်းသည်။

'မဖြစ်နိုင်ဘူး၊ အဲဒီနည်းကိုတော့မသုံးနိုင်ဘူး။ အခုဟာက ကိုယ့်ကိစ္စပါ။ အစအဆုံး ကိုယ့်ဘာသာတာဝန်ယူပြီး လုပ်သွားမှဖြစ်မှာ။ တကယ်လို့ အပြစ်ဖြစ်သွားရင်လည်း ကိုယ့်တာဝန်ပဲဖြစ်ရမယ်'

ဆူဆန်၏ရင်သည် မွန်းကျပ်လျက်ရှိ၏။

'မင့်အနေနဲ့ ကိုယ့်အတွက် ရေနွေးများများရအောင် လုပ်ပေးစေချင်တယ်'

ဟု သာယာအေးဆေးသောလေသံဖြင့် ပြောသည်။

'ကိုယ် မင့်ကို အပ်တွေပေးမယ်။ အပ်တွေက ပြုတ်မှဖြစ်မှာ'

ထို့နောက် သူသည် ထိုင်နေရာမှ ဖြည်းညင်းစွာထရပ်ပြီး တံခါးဆီသို့ လျှောက်သွားသည်။ ဆူဆန်၏ မျက်နှာကိုပင်မကြည့်။

မည်သို့ပင်ဖြစ်စေ ဆူဆန်သည် ထိုင်ရာမှထကာ ဟာဗေးနောက်မှ လိုက်သွားလေသည်။

*

## [နှစ်ဆယ့်လေး]

ခန်းမကြီးတစ်ဖက်စွန်းတွင် ရှေးဟောင်း တိုင်ကပ်နာရီကြီးတစ်လုံးရှိသည်။ ထိုနာရီပျက်ကြီးကို ကော်ကိုရန် ပြင်ထားသဖြင့် ယခုအခါတွင် ပုံမှန်လည်ပတ်လျက်ရှိသည်။ ထိုနာရီကြီးမှ နာရီထိုးသံ သုံးချက် ထွက်ပေါ်လာသည်။ ခန်းမကြီးထဲတွင် အမှောင်ထုသည် သိပ်သည်းလျက်ရှိ၏။ အပြင်ဘက်မှ တဝီးဝီးမြည်သံများသည် ခန်းမကြီးကိုဖြတ်၍ လူနာခန်းထဲသို့ ဝင်လာနေသည်။ ဟာဗေးသည် သူ့လက်ပတ်နာရီကိုမြှောက်၍ အချိန်ကို ကြည့်သည်။ မှန်၏။ သုံးနာရီတိတိရှိပြီ။

နာရီတီးသံကြားရပြီးသည့်နောက်တွင် တိတ်ဆိတ်မှုသည် ပို၍ပီပြင်နက်ရှိုင်းလာသည်။ ဤတိတ်ဆိတ်မှုကြားမှနေ၍ မေရီ၏အသက်ရှူသံကို တစ်ခါတစ်ရံ ကြားနေရ၏။ မေရီအနားတွင် သူတစ်ဦးတည်းသာရှိသည်။ အခြားသူများသည် အိပ်ရာဝင်လိုစိတ်မရှိကြ။ အထူးသဖြင့် ဆူဆန်သည် အိပ်ရာဝင်ရန် အကြိမ်ကြိမ်ငြင်းဆန်ခဲ့၏။ သို့သော်လည်း ဟာဗေးက လက်မခံ၊ ဇွတ်အတင်းအိပ်ဖို့ ခိုင်းခဲ့သည်။ ဤဖွဲ့ ဤသတ္တိမျိုးကို သူမလိုလား။ အားလည်းမပေးချင်။

**စိတ်ကူးချိုချို**

ထူးဆန်းသော အာရုံခံစားမှုတစ်ခုသည် ဟာဗေး၏စိတ်တွင် ကိန်းအောင်းလျက်ရှိ၏။ ပိုင်ဆိုင်ခြင်းဟူသော ခံစားမှုဖြစ်၏။ ဤခံစားမှုသည် သူ့ထံမှသွေးများ မေရီ့ကိုယ်ခန္ဓာအတွင်းသို့ စီးဝင်နေချိန်က ဖြစ်ပေါ်ရရှိလာခဲ့သည့် ခံစားမှုပေတည်း။ ထိုသွေးသွင်းမှုကို သူ့ဘဝတစ်လျှောက်လုံး ဘယ်သောအခါကာလမှ မေ့သွားလိမ့်မည်မဟုတ်။ တစ်နည်းအားဖြင့် တွက်လျှင် ဤအလုပ်သည် သက်သက်ရူးမိုက်မှုတစ်ရပ်သာဖြစ်၏။

ကျယ်ဝန်းသော ဤအခန်းကြီးအတွင်း၌ ကိရိယာတန်ဆာပလာပြည့်ပြည့်စုံစုံရှိသည်မဟုတ်။ ရသမျှနှင့်စွန့်စား၍ လုပ်ရခြင်းဖြစ်၍ စက္ကန့်တိုင်း တစ်ခုခုဖြစ်သွားမှဖြင့် ဟူသောသောက၏ ဖိဆီးမှုကို ခံခဲ့ကြရ၏။ ထိုစဉ်က သူ့တံတောင်ဆစ်ကွေးသည် ဖယောင်းတိုင်မီးရောင်များအောက်၌ ပြတ်သားစွာ မြင်နေရသော်လည်း ပတ်ပတ်လည်တစ်ဝိုက်မှာကတော့ အမှောင်ထုသည် ဖုံးလွှမ်းလျက်ရှိသည်။

အစစအရာရာ လုပ်စရာရှိသမျှကို ဘေးမှနေ၍ ကူညီလုပ်ကိုင်ပေးနေသူမှာ ဆူဆန်။ သို့သော်လည်း စိုးရိမ်သောက၏ ဖိဆီးမှုဒဏ်ကြောင့် ဆူဆန်၏မျက်နှာတွင် သွေးမရှိ။ ဖြူဖွေးနေသည်။ ကိရိယာများကို ကိုင်တွယ်နေသည့် လက်ချောင်းများကလည်း လုံးဝတည်ငြိမ်ခြင်းမရှိ။ တုန်ယင်လှုပ်ရှားနေကြသည်။ ဆေးရုံအတွေ့အကြုံကလေးကို တတ်ထားသရွေ့ အသုံးချ၍ လုပ်နေရသော်လည်း အားက မရှိ။ ထိုအချိန်က သေမင်းသည် အခန်းထောင့်တစ်ထောင့်မှ ရပ်ကာ ပြက်ရယ်ပြုကောင်း ပြုနေပေလိမ့်မည်။

တကယ်တော့ ဟာဗေး အသုံးပြုလိုက်သော ကုထုံးကုနည်းသည် မှန်ကန်ပါသည်ဟု မဆိုနိုင်။ သူ့နည်းသည် ရှေးအစဉ်အဆက်က သုံးခဲ့ကြသည့် သမားရိုးကျနည်းလမ်းမဟုတ်။

ခေတ်မီသော သပ္ပံနည်းမဟုတ်။ လွန်ခဲ့သော သတင်းပတ်ခြောက်ပတ်ကျော်ခန့်ကဆိုလျှင် သူသည် ပြက်ရယ်ပြုခြင်းလည်း ခံရဖို့ရှိ၏။ အရူးဟု အခေါ်ခံရဖို့လည်း ရှိ၏။

မည်သို့ပင်ဖြစ်စေ အခု သူလုပ်ခဲ့သည်မှာ အသက်တစ်ချောင်းကို ကယ်တင်လို၍ ဖြစ်သည်။ အသုံးပြုခဲ့သည့် ကိရိယာမှာ ဖြစ်ကတတ်ဆန်း

စီမံဖန်တီးထားသော ပစ္စည်းများဖြစ်၍ အန္တရာယ်ဖြစ်လာဖို့က များ၏။

ထိုအန္တရာယ်ကိုကြောက်၍ မလုပ်ဘဲနေမည်ဆိုပါကလည်း မေရီသည် သေဖို့သာရှိ၏။ ထို့ကြောင့်လည်း ဤအလုပ်ကို စွန့်၍ လုပ်ခဲ့မိခြင်း ဖြစ်၏။ အခုတော့လည်း ထိုအလုပ်သည် ပြီးမြောက်သွားခဲ့လေပြီ။

အခန်းထဲတွင် အဆမတန်ပူအိုက်လျက်ရှိသည်။ လုံး၀ မအိပ်ခဲ့ရသဖြင့် သူ့ဦးခေါင်းသည် မူးနောက်ရီဝေလျက်ရှိသည်။ လူနာအား သွေးထုတ်ပေးခဲ့ရသဖြင့် တစ်ကိုယ်လုံး နုံးချည့်ကာ ခြေထောက်များ လက်များကိုပင် မသယ်ချင်အောင်ဖြစ်လျက်ရှိသည်။

သူသည် ရုတ်တရက် ထသွားပြီး သေတ္တာကြီးပေါ်မှ ဖယောင်းတိုင်မီးများကို မှုတ်လိုက်သည်။ ထို့နောက် ခုတင်အနီးမှ ဖယောင်းတိုင်မီးရောင်ဖြင့် မေရီ၏ မျက်နှာကို ငုံ့ကြည့်သည်။

သူသည် သက်ပြင်းတစ်ချက်ချကာ ကုလားထိုင်ပေါ်တွင် ခြေပစ်လက်ပစ် ပြန်ထိုင်သည်။ အခုထိတော့ မေရီ့အခြေအနေသည် မပြောင်းလဲလာသေး။ အသက်ရှူပုံကလည်းမမှန်။ အဖျားလည်းမကျ။ သတိလစ်နေပြီဖြစ်သော်လည်း သွေးရောင်သန်းနေသည့် မျက်နှာသည် ပင်ကိုအလှကို ပြန်၍ဖော်ပြနေသည်။ မေရီ့နှုတ်ခမ်းများသည် ဟနေကြသည်။ မျက်လုံးအစုံသည် မပွင့်တစ်ပွင့်။

သူသည် မေရီ့နှုတ်ခမ်းများနှင့် ပူလောင်နေဆဲဖြစ်သော နဖူးကို ရေအေးဆွတ်ထားသည့် အဝတ်ဖြင့် အသာအယာပွတ်ပေးသည်။ သွေးသွင်းပေးထားသဖြင့် သွေးခုန်နှုန်းသည် ယခင်ကထက် အားကောင်းလာသည်မှာအမှန်။ ထိုအခါကျပြန်တော့လည်း သူ့နှလုံးသားထဲတွင် မျှော်လင့်ချက်သည် ရှင်သန်လာပြန်သည်။

တကယ်တော့လည်း လွန်ခဲ့သော ရက်များအတွင်း သူသည် မေရီ အသက်ရှင်ရေးအတွက် သူ့တွင်ရှိသမျှ ကိုယ်အား ဉာဏ်အားနှင့် စွမ်းအားများကို အစွမ်းကုန် အသုံးချခဲ့ပြီးပြီ မဟုတ်ပါလော။

သူသည် မေရီ့လက်ဖဝါးများကို စမ်းကြည့်သည်။ ပူလောင်နေဆဲဖြစ်၏။ သို့ဆိုပြန်တော့လည်း သူ့စိတ်သည် ပူလောင်လာပြန်၏။ မျှော်လင့်

ထားသည့်အတိုင်း ဖြစ်မှဖြစ်ပါ့မလားဟူသော သံသယသည်လည်း ပြန်လည် ဝင်ရောက်လာပြန်၏။

သူ့အတွေးသည် အတိတ်က ဖြစ်ရပ်ဆီသို့ ပြန်ရောက်သွားပြန်သည်။ ထိုစဉ်က သူလုပ်ခဲ့သော အလုပ်သည် ရည်မှန်းချက်ကြီးမားခဲ့သော်လည်း အရှုံးနှင့် ရင်ဆိုင်ခဲ့ရ၏။ ဘာကြောင့်နည်း။ အကယ်၍သာ ထိုလူနာသုံးဦး၏ အသက်များကို လူသားများအဖြစ် သတ်မှတ်ပြီး ကယ်တင်နိုင်ရန် အား ထုတ်နိုင်ခဲ့မည်ဆိုပါမူ သူအောင်မြင်ဖွယ်ရာရှိ၏။

ထိုစဉ်က သူအရေးထားခဲ့သည်မှာ လူနာများ၏ အသက်မဟုတ်။ သူလုပ်နေသည့် သုတေသနလုပ်ငန်းနှင့် သူ့ရည်မှန်းချက် အောင်မြင်ရေးကို သာ ရှေ့ရှုခဲ့ခြင်း ဖြစ်၏။ ထို့ကြောင်လည်း အရှုံးနှင့် ရင်ဆိုင်ခဲ့ရသည်ဟု ထင်သည်။

သူသည် မေရီ၏မျက်နှာကို နောက်တစ်ကြိမ်ထပ်၍ ငုံ့ကြည့်ပြန် သည်။ ထို့နောက် ထိုင်နေရာမှ ဖြတ်ခနဲထကာ အခန်းထဲတွင် ခေါက်တုံ့ ခေါက်ပြန် လမ်းသလားနေသည်။ ရုတ်တရက်ပေါ်ပေါက်လာသည့် ဆန္ဒ အရ ပြတင်းပေါက်ဆီ သွားရပ်ကာ အပြင်သို့ မျှော်ကြည့်သည်။

ကောင်းကင်တွင် လမရှိ။ ကြယ်များသည် တိမ်လွှာများ၏နောက်တွင် ပုန်းကွယ်နေကြသည်။ အရှေ့တစ်လွှားတွင်မူ အရဏ်ဦးရောင်နီသည် မသိ မသာ ထိုးဖောက်စပြုနေပြီ။ ထိုအရဏ်ဦးနှင့်အတူ ဘာတွေများ ဖြစ်လာဖို့ ရှိနေပါလိမ့်။

သူသည် ခုတင်ဆီသို့ ပြန်သွားကာ ဒူးထောက်၍ ထိုင်ချလိုက်သည်။ သွေးခုန်နှုန်းသည် ပြောင်းလဲခြင်းမရှိသေး။ သူဘာဆက်လုပ်ရလျှင် ကောင်း မည်နည်း။

နောက်ဆုံးတွင် သူသည် ဆုံးဖြတ်ချက်တစ်ခု အမြန်ချကာ ဆေးထိုး အပ်ကိုယူ၍ အကြောတွင်းသို့ ဆေးတစ်လုံးထပ်ထိုးပေးသည်။ ထို့နောက် စိတ်ရှည်လက်ရှည် စောင့်ကြည့်ပြန်သည်။ အချိန်နာရီတွေ ကုန်လာသည်။ ဘယ်လောက်ကုန်သွားသည်ကို သူမသိ။

သူသည် ဖြတ်ခနဲ ဒူးထောက်၍ထိုင်ကာ မေရီ့မျက်နှာကို ကြည့်သည်။

နှုတ်ခမ်းများနှင့် နဖူးတွင် ချွေးသီးကလေးများ စို့နေသည်ကို မြင်ရ၏။ သူ့ရင်သည် တဒိတ်ဒိတ်ခုန်လာသည်။ မယုံကြည်နိုင်အောင် ဖြစ်ရ၏။ သူ့လက်နှင့် စမ်းကြည့်သည်။ ဟုတ်သည်၊ ချွေးစို့နေသည်။ အပူရှိန်ကျကာ စိုစွတ်နေသည်ကို တွေ့နေရ၏။ သူ၏ အသက်ရှူပုံမှာလည်း အေးဆေး ငြင်သာနေသည်ကို သတိထားမိ၏။

'ဟုတ်မှဟုတ်ရဲ့လား၊ ဖြစ်မှဖြစ်နိုင်ပါ့မလား'

ဟူသော သံသယအတွေးသည် ဟာဖေးအား ချောက်လှန့်နေဆဲ။

သူသည် ပြဒါးတိုင်ကို ကပျာကယာယူ၍ မေရီ၏ ချိုင်းခြားတွင် ညှပ်ထားလိုက်သည်။ မိနစ်ဝက်သာ ထားရမည်ဖြစ်သော်လည်း သူ့စိုးရိမ် စိတ်ဖြင့် နှစ်မိနစ်ကြာမျှ ထားမိသည်။ ထို့နောက် ပြဒါးတိုင်ကို ဆွဲထုတ်ပြီး ကြည့်သည်။ သူတုန်လှုပ်ရပြန်၏။ မေရီအဖျားကျနေပါကောလား။

သူသည် ဝမ်းသာလုံးဆို့နေသည့်စိတ်ကို ပြန်ထိန်းသည်။ အဖျားကျပုံ လျင်မြန်ခြင်း၏ သဘောသဘာဝကို သူသိနေသည်ဖြစ်ရာ မေရီ့အခြေ အနေကို ခန့်မှန်းနိုင်သည်။ ဤလက္ခဏာသည် အကောင်းဘက်သို့ ရေ့ရှု နေခြင်းဖြစ်ရုံမျှမက ပြန်လည်ထူထောင်လာနိုင်မည့် အနေအထားကိုပါ ညွှန်ပြနေခြင်းဖြစ်သည်။ သို့သော်လည်း သူသည် စိတ်ချလက်ချ မယုံကြည် နိုင်ပေ။ ဟုတ်မှဟုတ်ရဲ့လားဟူသော သံသယဖြင့် စိုးရိမ်ထိတ်လန့်နေဆဲ။

နောက် နာရီဝက်ခန့်အကြာတွင် သူသည် ပြဒါးတိုင်နှင့် အဖျား တိုင်းကြည့်ပြန်သည်။ အပူချိန်ဆက်၍ကျလာသည်ကို တွေ့ရ၏။ တစ်ကိုယ် လုံးကို စမ်းကြည့်ပြန်တော့လည်း ချွေးများစို့နေသည်။ သွေးခုန်နှုန်း သည်လည်း ပို၍မှန်ကာ အားကောင်းလာနေသည်။ ပြီးတော့ အသက်ရှူလည်း မှန်လာနေသည်။

ဝမ်းသာလွန်းသဖြင့် မျက်ရည်များပင်ကျလာသည်။ သူ့ထံမှ ငိုရှိုက်သံ သည် လည်ချောင်းတွင်းမှနေ၍ အပြင်သို့ တိုးထွက်လာသည်။ ထိုအသံကို မေရီ ကြားလေသည်ထင်၏။ မျက်လုံးအစုံကို ဖြည်းဖြည်းချင်း ဖွင့်ကြည့် သည်။ ဟာဖေး၏ မျက်နှာကို စူးစူးစိုက်စိုက်ကြည့်သည်။ သူ့အကြည့်တွင် ဟာဖေးအား မှတ်မိသည့် အရိပ်အငွေ့များ ထင်ဟပ်နေသည်။

ထို့နောက် စကားပြောသံသဲ့သဲ့...

'မေရီ ဖျားနေတာလားဟင်'

'ဟုတ်တယ် မေရီ၊ ဒါပေမဲ့ အခုသက်သာသွားပြီ။ ပြန်ကောင်းလာတော့မှာပါ'

မေရီ့မျက်နှာတွင် အပြုံးရိပ်ထင်လာသည်။

'ဟုတ်တယ်၊ မေရီသိတယ်'

ဟု ပြောသည်။

နေ၏အလင်းရောင်သည် အခန်းရောက်နေပြီ။ သူသည် မေရီအား ရေတစ်ခွက်တိုက်သည်။ ပြီးတော့ စောင့်ကြည့်သည်။ မေရီ၏ မျက်လုံးအစုံပြန်၍ မှေးမှိတ်သွားသည်။ ချက်ချင်းပင် ပြန်၍အိပ်ပျော်သွားသည်။

သူသည် ထိုရာမှ ထရပ်ကာ စိတ်ချမ်းသာစွာဖြင့် မေရီ၏မျက်နှာကို အချိန်အတော်ကြာ စိုက်ကြည့်နေသည်။ သူ့ရင်ထဲတွင် ဆူဆန်နှင့် ကော်ကိုရန်ထံ အပြေးအလွှားသွားနှိုးပြီး သတင်းကောင်းပါးလိုသောဆန္ဒ ဖြစ်ပေါ်လာသည်။ သို့သော်လည်း သူမလုပ်ဖြစ်။

ထို့နောက်တော့ သူ့တစ်ကိုယ်လုံး နုံးချည့်လာသည်။ လေအေးအေးရှူရှိုက်ချင်စိတ် ပြင်းထန်လာသည်။ သူသည် အခန်းထဲမှ ခြေဖျားထောက်ကာ အပြင်သို့ ထွက်လာခဲ့သည်။ ပန်းဥယျာဉ်ထဲသို့ ရောက်သွားသည်။ လိမ္မော်ပင်များကြားမှ ဖြတ်လျှောက်သည်။ သူ့ခြေထောက်များသည် ခိုင်မာတောင့်တင်းခြင်းမရှိ။ မသယ်နိုင်လောက်အောင် နေးကွေးလေးလံနေကြသည်။ သူမအိပ်ရသည်မှာ သုံးညတိတိရှိခဲ့ပါပကောလား။

အပြင်ဘက်တွင် အေးအေးသာသာ တိုက်ခတ်နေသည့်လေမရှိ။ လေသည် ငြိမ်လျက်ရှိ၏။ နေ့သစ်ကိုကြိုဆိုမည့် ငှက်များကိုလည်း မမြင်ရ။ ပတ်ဝန်းကျင်တစ်ခွင်လုံးသည် မကြာမီ ကျရောက်တော့မည့် မုန်တိုင်းကို စောင့်မျှော်နေသည့်နှယ် ငြိမ်ဆိတ်လျက်ရှိ၏။

မုန်တိုင်းကျတော့ကော ဘာဖြစ်သလဲဟု ဟာဗေးက တွေးသည်။ အခုဆိုလျှင် မေရီနေကောင်းလာပြီ။ သေဘေးနှင့် ဝေးကွာသွားပြီ။ လောကကြီးတွင် ဘာကိုများ ကြောက်စရာရှိပါသေးသနည်း။

သူသည် ဆက်၍ လျှောက်လာခဲ့သည်။ လိမ္မော်ပင်များ၏ တစ်ဖက်ရှိ ချုံပုတ်များကြားသို့ ရောက်လာခဲ့သည်။ ကောင်းကင်ဆီမှ ထူးဆန်းသော အသံတစ်သံကို သူကြားလိုက်ရ၏။ ဘာသံပါလိမ့်။ သူမော့်ကြည့်သည်။ ဘာကိုမှ မမြင်ရ။ သူ့မျက်လုံးများကို ဖွင့်၍မရ။ သူ့ခြေထောက်များသည် ဒယီးဒယိုင်ဖြစ်လာသည်။ သူ့ကိုယ်သူ ထိန်းပါသော်လည်းမရ။ သူသည် အရုပ်ကြိုးပြတ် လဲကျသွားသည်။ ထို့နောက် ချက်ချင်းပင် အိပ်ပျော်သွားလေ၏။

*

## [နှစ်ဆယ့်ငါး]

သူ အချိန်မည်မျှလောက်ကြာကြာ အိပ်ပျော်သွားသည်ကို သူမသိ။ သူအိပ်ရာမှ နိုးလာသည့်အခါ သူ့လက်ပတ်နာရီသည် ရပ်နေသည်။ သို့သော်လည်း အချိန်များစွာ နောက်ကျနေပြီဟူ၍ကား ခန့်မှန်းမိသည်။ ကောင်းကင်တွင် အမှောင်ရိပ်များ ဖုံးလွှမ်းနေပြီ။ မိုးပေါက်ကြီးများသည် အဆက်မပြတ် ကျဆင်းလျက်ရှိ၏။ ဤမိုးစက်များ မျက်နှာကိုထိမှန်၍ သူအိပ်ပျော်နေရာမှ လန့်နိုးလာခြင်းပေတည်း။

သူသည် ချုံပုတ်ထဲတွင် လှဲအိပ်နေရာမှ ရုတ်တရက် မထသေး။ မှုန်မှိုင်းနေသော ကောင်းကင်ပြင်ကို ကြည့်နေသည်။ မိုးစက်မိုးပေါက်များသည် သူ့နဖူး၊ သူ့ပါးနှင့် သူ့မျက်လုံးများပေါ်သို့ ပက်ဖျန်းပေးလျက်ရှိ၏။ ထို့နောက် မိုးခြိမ်းသံတစ်ချက် ထွက်ပေါ်လာသည်။

သူသည် ထိုနေရာမှ ခုန်ထလိုက်ပြီး ကလေးသူငယ်တစ်ယောက်သဖွယ် အော်ဟစ်ရယ်မောကာ မိုးလုံရာသို့ ပြေးသွားသည်။ နောက်ဆုံးကျတော့လည်း မနေ့ကတည်းက တာစူနေသော မုန်တိုင်းသည် ကျလာခဲ့

လေပြီ။ နောက်တစ်ကြိမ် မိုးချုန်းသံ ကြားရပြန်သည်။ သူ့စိတ်သည် အဆမတန် ရွှင်မြူးလျက်ရှိသည်။ ဘာကြောင့်နည်း။ သူ့တွင် လုံလောက် သောအကြောင်းရှိ၏။ သူအိပ်ပျော်နေရာမှ နိုးလျှင်နိုးချင်း မေရီ နေကောင်းသွားပြီဟူသော အချက်ကို တွေးမိခဲ့သည် မဟုတ်ပါလား။

သူသည် ချက်ချင်းပင် အိမ်ဘက်သို့ ပြေးလာခဲ့သည်။ တံခါးဝရောက်သည့်အခါ သူ့ကုတ်အင်္ကျီပေါ်မှ မိုးစက်များကို ခါချသည်။ ခန်းမထဲရောက်သည့်အခါတွင်မူ ခဏမျှ နားသည်။ ခန်းမထဲတွင် လူမရှိ၊ တိတ်ဆိတ်လျက်ရှိ၏။ စားသောက်ခန်းတံခါးသည် ပွင့်လျက်ရှိသည်။ သူသည် တံခါးဝမှရပ်ကာ အတွင်းသို့ ချောင်းကြည့်သည်။ အလွန်တိတ်ဆိတ်နေသော အခန်းထဲရှိ စားပွဲတွင် မြို့စားကတော် အဘွားအိုတစ်ယောက်တည်း ထိုင်၍ ညစာ စားနေသည်ကို မြင်ရသည်။ အဘွားအိုသည် သူရောက်လာသည်ကို သိဟန်တူ၏။ ခေါင်းထောင်၍ ကြည့်သည်။

'သြော်...ဆီညော်ပြန်လာပြီကိုး'

ဟု တည်ငြိမ်အေးဆေးသော လေသံဖြင့် ပြောသည်။

'ပြန်ရောက်လာတော့မယ်လို့ မျှော်လင့်နေတုန်း ရောက်လာတာပဲ။ ညစာကတော့ အားလုံးအဆင်သင့်ပဲ။ အခုမှ စစားကာစရှိသေးတယ်။ တစ်ခါတည်း ဝင်စားလိုက်ပေါ့'

ဟာဗေးက အပြုံးဖြင့် တုံ့ပြန်သည်။

'ကျွန်တော် အိပ်ပျော်သွားတာ အကြာကြီးပဲ'

ဟု ပြောသည်။

'အိပ်ပျော်သွားတဲ့ နေရာကလည်း တော်တော်ထူးဆန်းတဲ့နေရာပါ။ ကျွန်တော် ညစာမစားသေးဘူး။ အပေါ်ထပ် ခဏတက်လိုက်ဦးမယ်'

'မဟုတ်သေးဘူး ဆီညော်၊ ပထမဆုံး အစားကို စားရမယ်'

'မစားသေးဘူးခင်ဗျ၊ ကျွန်တော် အပေါ်ထပ်ကို အရင်သွားလိုက်ဦးမယ်။ ဒါပေမဲ့ မသွားခင် နွားနို့တစ်ခွက်တော့ သောက်သွားပါ့မယ်'

ဟာဗေးသည် အခန်းထဲသို့ ဝင်လာပြီး ဖန်ခွက်ထဲသို့ နို့ထည့်ကာ သောက်နေသည်။ ထို့နောက်...

'တခြားလူတွေကော ဘယ်သွားနေကြလဲ'

ဟု မေးသည်။

'အမေရိကန် နာ့စ်မကတော့ အပေါ်ထပ်မှာ၊ ကော်ကိုရန်ကတော့ အင်း… သူက ပြန်လာမှာပါ။ အခုတော့ ဆန်တာကရုဇ်ကိုသွားတယ်'

ဟာဖေးသည် အံ့အားနေသည်။

'ဘာဖြစ်လို့လဲ'

ဟု မေးသည်။

'ကော်ကိုရန်က ဘာကိစ္စနဲ့ ဆန်တာကရုဇ်ကို သွားရတာလဲ'

အဘွားအိုက အဖြေမပေးဘဲ နှုတ်ဆိတ်နေသည်။ ပြီးတော့ အခြား စကားများကိုပြောရန် အားထုတ်သည်။ ဟာဖေးသည် လက်ထဲမှ ဖန်ခွက်ကို စားပွဲပေါ် ပြန်ချလိုက်ပြီး အခန်းထဲမှ ကသောကမျောပြန်ထွက်ကာ အပေါ် ထပ်သို့ တက်ခဲ့သည်။ သူစကြိန်လမ်းအတိုင်း လျှောက်လာနေခိုက်တွင် မိုးခြိမ်းသံတစ်ချက် ထွက်ပေါ်လာသည်။ သူသည် အိပ်ခန်းတွင်းသို့ ပြေး ဝင်လာခဲ့သည်။ သူ့မျက်လုံးများကိုပင် မယုံနိုင်အောင်ဖြစ်ရ၏။

အိပ်ခန်းထဲတွင် ဆူဆန်ထရန်းတားတစ်ယောက်မှတစ်ပါး အခြား ဘယ်သူမှ မရှိ။ အိပ်ရာပေါ်တွင် မေရီ မရှိတော့။ ပြတင်းပေါက်တံခါးသည် ပွင့်လျက်ရှိသည်။ ထိုတံခါးဘေး၌ ထိုင်နေသူမှာ ဆူဆန်။ ဆူဆန်သည် ခရီးထွက်တော့မည့်နှယ် အဝတ်များလဲထားသည်ကို တွေ့ရ၏။ တကယ် တော့ ဆူဆန်သည် ဒူးထောက်ကာ ဘုရားသခင်အား အာရုံပြု၍ဆုတောင်း နေခြင်းပေတည်း။

'ဘာတွေဖြစ်နေတာလဲ'

ဟု ဟာဖေးက မေးသည်။

'မေရီကော ဘယ်မှာလဲ'

ဆူဆန်သည် လှည့်ကြည့်သည်။ ဟာဖေးကို မြင်သည်နှင့် တစ်ပြိုင်နက် ကပျာကယာထရပ်သည်။

'ရှင် ပြန်ရောက်လာပြီလား'

ဟု ပြောသည်။

'ကျွန်မ သိပ်ဝမ်းသာတာပဲ၊ ဘာတွေဖြစ်ကုန်တယ်ဆိုတာ ကျွန်မတို့လည်း မသိဘူး။ ရှင် ဘယ်ပျောက်သွားနေတာလဲ။ ကျွန်မဖြင့် စိတ်ပူလိုက်ရတာ'

'မေရီဘယ်မှာလဲ'

ဟု ဟာဗေးက အော်မေးသည်။

'မြန်မြန်ပြောစမ်းပါ၊ မေရီ ဘယ်ရောက်သွားလဲ'

အပြင်မှ ကြောက်မက်ဖွယ်ကောင်းလောက်အောင် ပြင်းထန်သော မိုးကြိုးပစ်သံတစ်ချက် ကြားရသည်။ ထို့နောက် အရှိန်ပြင်းစွာ တိုက်ခတ်လာသည့်လေ ပြတင်းပေါက်တံခါးများဆီမှ ဂျိုးဂျိုးဂွတ်ဂွတ်မြည်သံများ ထွက်ပေါ်လာသည်။

'သူသွားပြီ'

'ဘာ... သူသွားပြီ ဟုတ်လား'

'ဟုတ်တယ်၊ သူ့ကိုလာပြီးခေါ်သွားတယ်'

'ခေါ်သွားကြတယ်'

ဟု ဟာဗေးက ရေရွတ်သည်။

'ဘယ်သူက ခေါ်သွားယာလဲ'

'သူ့ယောကျ်ား'

ဆူဆန်က ကြင်နာသော မျက်လုံးအစုံဖြင့် ဟာဗေးအား ကြည့်နေသည်။ ထို့နောက် လေသံသဲ့သဲ့ဖြင့် ဆက်ပြောသည်။

'ဒီနေ့မနက် သူအစောကြီးရောက်လာတယ်၊ ရှင်မရှိဘူး။ အင်္ဂလန်ကနေပြီး လေယာဉ်ပျံနဲ့ လိုက်လာတယ်။ ဒီရောက်တော့ လေယာဉ်ပျံနဲ့ ဒီကိုဆက်လာတယ်။ သူအကြာကြီးပဲစောင့်နေသေးတယ်။ ရှင်က ပြန်ရောက်မလာဘူး။ ဒါနဲ့ပဲ မေရီ့ကို ပြန်ခေါ်သွားဖို့ ဆုံးဖြတ်ပြီး ခေါ်သွားတာပဲ။ သူတို့သွားတာ နာရီဝက်ကျော်ကျော်လောက်ရှိသွားပြီ။ အခုလောက်ဆိုရင် မေရီဟာ ဆန်တာကရုဇ်မှာ ရောက်နေရောပေါ့'

ဟာဗေးသည် မတုန်မလှုပ်ကျောက်ရုပ်သဖွယ် တောင့်တောင့်မတ်မတ်ကြီးရပ်ကာ ဆူဆန်အား ကြည့်နေသည်။

မေရီမရှိတော့။ မေရီ့အား သူ့ယောက်ျားက လာ၍ ခေါ်သွားသည့် ဖြစ်စဉ်မှာ ရိုးရိုးရှင်းရှင်းကလေး ဖြစ်သည်။

'အမှန်တော့ သူ့ကို အခုလိုနေရာရွှေ့ဖို့ မသင့်သေးဘူး'

ဟု ပြောသည်။

'မင်းက ဘာပြုလို့မတားတာလဲ။ မင်း သူတို့ကို တားဖို့ကောင်းပါတယ်'

ဆူဆန်သည် မျက်လွှာများကို ချထားသည်။

'ကျွန်မလည်း တတ်နိုင်သမျှတော့ တားပြီး ပြောပြတာပဲ။ သိပ်လည်း စိတ်မပူနေပါနဲ့တော့။ သူ့မှာ အသက်အန္တရာယ်ကတော့ မရှိတော့ပါဘူး။ အခုလောက်ဆိုရင် ဆန်တာကရဇ်က သူ့ယောက်ျား စီစဉ်ပေးထားတဲ့အိမ်မှာ အဆင်ပြေနေမှာပါ။ ဒီနေရာထက်ပိုပြီး ကောင်းတဲ့နေရာမို့ အမြန်ဆုံး နေကောင်းသွားမှာပါ'

ဟု ဆူဆန်က ရှင်းပြသည်။

ဟာဗေး၏မျက်နှာသည် ဖြူဖပ်ဖြူရော်ဖြစ်လျက်ရှိ၏။ သူ့ရင်ထဲတွင် နာကျင်စူးရှသော ဝေဒနာကို ခံစားရသည်။ သူ့အနေဖြင့် ဒေါသဖြစ်နေစရာ အကြောင်းကတော့ မရှိ။ ယောက်ျားဖြစ်သူက သူ့မိန်းမအား ခေါ်ပိုင်ခွင့်ရှိ၍ ခေါ်သွားခြင်း မဟုတ်ပါလား။

ဆူဆန်က ဟာဗေးအား မော့်ကြည့်သည်။

'သိပ်ပြီး စိတ်ထိခိုက်မနေပါနဲ့'

ဟု ပြောသည်။

'ရှင်စိတ်ထိခိုက်နေတာကို ကျွန်မ မကြည့်ရက်လို့ပါ။ ရှင် စဉ်းစားကြည့်ပါ။ အခုလိုဖြစ်သွားတာဟာ မကောင်းပေဘူးလား။ ရှင့်အနေနဲ့လည်း လုပ်သင့်လုပ်ထိုက်တာတွေကို အကောင်းဆုံးဖြစ်အောင် လုပ်ပေးခဲ့ပြီးပြီ မဟုတ်လား။ ရှင့်အနေနဲ့ ဒီထက်ပိုပြီး လုပ်ပေးစရာ ဘာရှိသေးလို့လည်း အို…ဟာဗေးရယ်၊ ရှင်စိတ်ထိခိုက်နေတာကို မြင်ရရင် ကျွန်မရင်ထဲမှာ သိပ်ပြီး ခံစားရလွန်းလို့ပါ။ ကျွန်မလေ ရှင်ပျော်နေတာကို မြင်ချင်ပါတယ်'

ဆူဆန့်မျက်လုံးတွင် မျက်ရည်များဖြင့် ပြည့်လာသည်။ ဟာဗေးသည်

ကုလားထိုင်တစ်လုံးတွင် ခြေပစ်လက်ပစ်ထိုင်လိုက်ကာ ခေါင်းကို ငိုက်စိုက်ချထားသည်။

ဆူဆန်၏ ပါးနှစ်ဖက်တွင် မျက်ရည်များ စီးကျလာသည်။ ရုတ်တရက် သူ့ရင်ထဲဖြစ်ပေါ်ခံစားနေရသည့် ချစ်ခြင်းမေတ္တာနှင့် ကရုဏာတို့သည် ဖိတ်လျှံကျလာသည်။ သို့တစေလည်း သူ့ခံစားမှုများကို မဖော်ပြမိရန် အားထုတ်သည်။ သူသည် ဟာဗေး၏ ကုလားထိုင်ဘေးနားတွင် ဒူးထောက်ထိုင်ချလိုက်သည်။

'ဆူဆန်ပြောတာကို သေသေချာချာနားထောင်စေချင်တယ်'

ဟု ဖျောင်းဖျစကားပြောသည်။

'ရှင် သူ့အသက်ကို ကယ်ခဲ့ပြီးပြီမဟုတ်လား။ ဒါဆိုရင် ရှင့်ဘက်က လုံလောက်နေပါပြီ။ သူဟာ အိမ်ထောင်သည်တစ်ယောက်ပါ။ သူ့ယောကျ်ား ကလည်း သူ့ကိုချစ်တယ်ဆိုတော့ ဒီကိစ္စဟာ ရှင်းနေပါတယ်။ ဒီအခြေအနေတွေကို ရှင်က ပြောင်းပစ်ချင်လို့ ရနိုင်မတဲ့လား။ တကယ်လို့ ရှင် သူ့ကို ချစ်တယ်ဆိုရင် ဒီအခြေအနေတွေကို ပြောင်းပစ်ဖို့ မစဉ်းစားသင့်တော့ပါဘူး။ လုပ်သင့်လုပ်ထိုက်တဲ့အလုပ်မျိုးလည်း မဟုတ်ပါဘူး။ ရှင့်လိုလူက အဲဒါမျိုး သွားလုပ်လို့ တော်မတဲ့လား။ ရှင့်ရဲ့ပညာ၊ ရှင့်ရဲ့ကျွမ်းကျင်မှု၊ ရှင့်ရဲ့သတ္တိ၊ ရှင့်ရဲ့စိတ်ထားမြင့်မြတ်မှုတွေဟာ အလဟဿဖြစ်ကုန်ရတော့မှာပေါ့။ သင်္ဘောပေါ်မှာ ရှင့်ကို စတွေ့ကတည်းက ရှင့်ရဲ့ ထိခိုက်ကြေကွဲမှုတွေနဲ့ နာကျည်းမှုတွေကို ဆူဆန် သတိထားမိခဲ့ပါတယ်။

ရှင် ဘယ်လောက်အထိ ခံစားခဲ့ရတယ်ဆိုတာ ဆူဆန် နားလည်ခဲ့ပါတယ်။ ဒါကြောင့်လည်း ဆူဆန်ဟာ ရှင့်အပေါ်မှာ အရူးအမူးဖြစ်ခဲ့ရပါတယ်။ ဆူဆန့်ကို အခွင့်အရေးသာပေးပါ။ ဆူဆန် သက်သေပြခွင့်ရအောင် အခွင့်အရေးသာပေးပါ။ အခုတော့ ရှင် ဆူဆန့်ကို ချစ်မှာမဟုတ်ပါဘူး။ ဒါပေမဲ့ နောက်ပိုင်းကျတော့ ချစ်ချင်ချစ်လာမှာပါ။ ဆူဆန့်ကို ရှင့်အနားမှာ အတူနေခွင့်သာပြုပါ၊ ကူညီခွင့်ပြုပါ၊ စောင့်ရှောက်ခွင့်ပြုပါ။

ရှင့်အတွက် ဆူဆန် ဘာမဆိုလုပ်ပေးဖို့ အသင့်ပါ။ ရှင့်အတွက် သတ်သေရမယ်ဆိုရင်လည်း ဆူဆန် ကိုယ့်ကိုယ်ကို သတ်သေဖို့အသင့်ပါ။

အို…ဟာဇေးရယ်၊ ဆူဆန် ရှင့်ကို ချစ်ကြောင်း သက်သေပြနိုင်တဲ့ အခွင့်အရေးကိုသာ နည်းနည်းလောက်ဖြစ်ဖြစ် ပေးပါလားကွယ်'

ဟာဇေးသည် ခေါင်းထောင်၍ကြည့်သည်။ သူ့မျက်နှာသည် အေးစက်စက်။ သို့သော်လည်း သူ့မျက်လုံးများထဲတွင် ဝမ်းနည်းကြေကွဲသောအရိပ်အငွေ့တစ်ခု ထင်ဟပ်နေသည်။

'မဖြစ်နိုင်ဘူး ဆူဆန်'

ဟု ပြောသည်။

'ကိုယ် ဝမ်းနည်းပါတယ်။ ဒါပေမဲ့ အဲသလိုတော့ မဖြစ်နိုင်ပါဘူး'

'ဒီစကားဟာ အခိုင်အမာပဲလား ဟာဇေးရယ်'

ဟာဇေးသည် အဖြေမပေး။ မျက်နှာကို တစ်ဖက်သို့ လွှဲကာ အဝေးတစ်နေရာသို့ ငေးနေသည်။

ဆူဆန်ကိုယ်တိုင်ကလည်း ဘာမှမပြောနိုင်။ ငြိမ်ဆိတ်နေသည်။ သူ့မျက်လုံးများတွင် မျက်ရည်များပြည့်နေသဖြင့် ဘာကိုမှမမြင်။ သူသည် ခေါင်းကိုငုံ့ထားသည်။

'ဆူဆန် သဘောပေါက်ပါတယ်'

ဟု ပြောသည်။

'ဆူဆန့်အပေါ်မှာ ဒီလိုပဲသဘောထားတယ်ဆိုရင် ဆူဆန် ဘယ်လိုတတ်နိုင်မှာလဲလေ'

ဆူဆန်သည် ထိုင်ရာမှ ကတုန်ကယင်ဖြင့် ထရပ်သည်။ ပြတင်းပေါက်မှ အရှိန်ပြင်းစွာဝင်လာသော လေသည် သူ့တစ်ကိုယ်လုံးအား အေးစိမ့်သွားစေသည်။

'အို…အဖဘုရားသခင်၊ တပည့်တော်မကို အခုလို အရုပ်ဆိုးအောင်၊ မုန်းတီးအောင် ဘာကြောင့် ဖန်ဆင်းတော်မူပါသလဲ။ သူက ချစ်လာတဲ့ အလှပိုင်ရှင်မျိုးဖြစ်အောင် ဘာပြုလို့ဖန်ဆင်းပေးတော်မမူတာလဲ'ဟု စိတ်ထဲက ကြိတ်၍ တွေးနေမိ၏။ သူသည် ဟာဇေးအား တစ်ချက်လှမ်းကြည့်သည်။

'ရှင် ပြန်ရောက်လာချိန်မှာ ဆူဆန်လည်း ပြန်တော့မလို့လုပ်ပြီးပါပြီ။

ဆူဆန် အခုပဲသွားတော့မယ်။ အကောင်းဆုံးဖြစ်သွားအောင်လို့ပါ’

ဟာဖေးသည် ကုလားထိုင်မှ နေးကွေးလေးလံစွာ ထရပ်သည်။ သူ့မျက်လုံးများသည် ဆူဆန်အားမကြည့်။

‘ကိုယ်လိုက်ပို့ရဦးမလား’

ဆူဆန်က ခေါင်းခါသည်။

‘မပို့ပါနဲ့’

သူသည် ဟာဖေးရှေ့၌ရပ်ကာ ဟာဖေး၏မျက်နှာကိုကြည့်၍နေသည်။ ထို့နောက် ရုတ်တရက် ရှေ့တိုးသွားပြီး ဟာဖေး၏ ပါးတစ်ဖက်ကိုနမ်းသည်။ သူ၏ ပူနွေးသော နှုတ်ခမ်းများနှင့် ဟာဖေး၏ အေးစက်စက်ပါးပြင်တို့၏ ထိတွေ့မှုသည် သူ့အား စိတ်ဆင်းရဲခြင်းကို ဖြစ်စေသည်။ သူသည် ဝမ်းနည်းပက်လက် ငိုကျွေးမိပြန်သည်။

ဆူဆန်သည် မျက်ရည်စက်လက်နှင့်ပင် အခန်းထဲမှ ထွက်သွားသည်။ ဟာဖေးအား နောက်ထပ် ဘယ်တော့မှ တွေ့ရတော့မည်မဟုတ် ဟူသော ယုံကြည်ချက်သည် သူ့ရင်ထဲတွင် အခိုင်အမာစွဲသွားခဲ့လေပြီ။

*

## [နှစ်ဆယ့်ခြောက်]

အနည်းဆုံး သူ့တွင် တွယ်တာစရာလူဟူ၍ ရောဘတ်တစ်ယောက် ရှိနေပါသေး၏။ ဤအတွက် ဆူဆန်သည် ဘုရားသခင်အား စိတ်ထဲမှ ကြိတ်၍ ကျေးဇူးတင်စကားဆိုမိသည်။ တောင်ကုန်းပေါ်ရှိ ရိုဂျာ၏ခြံဝင်း ဆီသို့ ဦးတည်၍တက်လာခဲ့သော ဆူဆန်သည် မျက်နှာချင်းဆိုင်မှ တိုက် ခတ်နေသော လေနှင့် မိုးပေါက်များကို ရင်ဆိုင်နေရ၏။

အခုဆိုလျှင် မှန်တိုင်းကျလျက်ရှိလေပြီ။ မိုးသည် သည်းထန်စွာ ရွာသွန်းလျက်ရှိနေပြီဖြစ်၏။ မြစ်ပြင်တွင် ရေများသည် ဒလဟော စီးဆင်း လျက်ရှိသည်။ ည၏ အထီးကျန်နိုင်မှုသည် ဆူဆန့်နှလုံးသား၏ အထီးကျန် နိုင်မှုကို ချောက်လှန့်နေသလို ရှိသည်။ မည်သို့ပင်ဖြစ်စေ သူ့စိတ်ထဲမှာတော့ တစ်ခုတည်းသော အတွေးသာလျှင် ရှိနေ၏။ တခြားမဟုတ်၊ သူ့မောင် ရောဘတ်နှင့် တွေ့ရမည့်အရေး။ ရောဘတ်သည် သူ့စိတ်ကို ချမ်းမြေ့သက် သာအောင်တော့ လုပ်ပေးနိုင်လိမ့်မည်ဟု ယုံကြည်ထားသည် မဟုတ်ပါလား။

**စိတ်ကူးချိုချို**

ဆူဆန်၏ဆံပင်များသည် မျက်နှာပေါ်သို့ ဝဲပျံကျလျက်ရှိကြသည်။ အပေါစား လက်ဆွဲသေတ္တာကလေးကို ဆွဲ၍ ခပ်သုတ်သုတ်လျှောက်သွား နေသော ဆူဆန်၏ပုံပန်းသည် အလွန်ပင်ပန်းမောဟိုက်နေသည့် လူတစ် ယောက်နှင့် တူနေသည်။

သူသည် ထင်းရှူးတောအုပ်တွင်းမှ ထွက်လာသည်နှင့်တစ်ပြိုင်နက် ရိဂျာ၏ အိမ်ဘက်သို့ နီးကပ်လာပြီ ဖြစ်၏။ ခြံဝရောက်သည့်အခါ ဝင်း တံခါးကို တွန်းဖွင့်ပြီး ဝင်လာခဲ့သည်။ အောက်ထပ်ပြတင်းပေါက် တစ် ပေါက်ဆီမှနေ၍ မီးရောင်ကို မြင်နေရသည်။ သူသည် အိမ်ထဲရှိ ခန်းမ ကြီးတွင်းသို့ ရောက်သည့်အခါ သေတ္တာကို ချထားခဲ့ပြီး ဧည့်ခန်းထဲသို့ ဝင်ခဲ့သည်။ ရိဂျာသည် စားပွဲတစ်လုံးတွင် ထိုင်နေသည်။ စားပွဲပေါ်မှ မှန်အိမ်မီးရောင်ဖြင့် သမ္မာကျမ်းစာ စာအုပ်တစ်အုပ် ဖတ်နေသည်။

ရိဂျာသည် ဆူဆန်အား မော့်ကြည့်သည်။ ခြေဆုံးခေါင်းဆုံး စူးစူးရဲရဲ ကြည့်နေခြင်း ဖြစ်သည်။

'သြော်...မင်းပြန်လာပြီကိုး'

ဟု အေးစက်စက်လေသံဖြင့် ပြောသည်။ သူ၏ ကြည့်ရှုပုံနှင့် ပြော ဟန်ဆိုဟန်များသည် ရန်လိုသည့်သဘောကို ဆောင်နေသည်။

ဆူဆန်သည် ကြောက်ရွံ့အားငယ်စိတ် ဝင်လာသည်။ သူ့အကြည့်ကို ရင်ဆိုင်ချင်သည့်စိတ်သည် ပျောက်သွားသည်။ သို့သော်လည်း မမေးမဖြစ် သည့် မေးခွန်းကိုတော့ မေးသည်။

'ကျွန်မ ရောဘတ်နဲ့တွေ့ချင်တယ်။ သူ ဘယ်သွားလဲ'

ရိဂျာသည် မျက်မှန်ကိုချွတ်၍ အိတ်ထဲထည့်ကာ အေးစက်စက်မျက်နှာ ထားဖြင့် ဆူဆန်အား ကြည့်နေသည်။

'မင်းမောင်နဲ့ တွေ့ချင်တယ်ပေါ့ ဟုတ်လား'

ဟု မေးကာ သရော်သံဖြင့် ရယ်သည်။ သူ့ရယ်သံနှင့် သူ့အပြုအမူ များသည် ဆူဆန့်စိတ်ကို ချောက်လှန့်လျက်ရှိသည်။

'ရှင်ဒီလိုလုပ်မနေပါနဲ့၊ သူ အခုဘယ်မှာလဲ။ အပေါ်ထပ်မှာလား၊ အပြင်ထွက်သွားသလား၊ ဒါပဲပြောပါ'

ချက်ချင်းပင် ရိဂျာ၏မျက်နှာထားသည် ပြောင်းသွားသည်။ အသံက လည်း တင်းမာလာသည်။

'မင်း သိပ်သိချင်ရင် ငါပြောမယ်'

ဟု အော်သည်။

'သူမရှိတော့ဘူး၊ သွားပြီ။ မင်း ဒီမှာရှိနေတဲ့နေ့ကစပြီး ထွက်သွားတာ လုံးဝပြန်မလာဘူး။ သူ ဆန်တာကရုဇ်ကိုသွားတယ်၊ ဟိုမှာပဲနေတယ်'

'သူက ဆန်တာကရုဇ်ကို ဘာလုပ်ဖို့သွားတာလဲ'

ရိဂျာက လှောင်ရယ် ရယ်သည်။

'ဘာလုပ်ဖို့သွားတယ်ဆိုတာလည်း မင်းက သိချင်နေသပေါ့၊ ဟုတ် လား။ အေး... ငါပြောမယ်။ သူ့မှာ အလိုဆန္ဒတွေ သိပ်များနေတယ်။ မင်းစဉ်းစားပေါ့။ မင်းတို့လာတာ ဒုစရိုက်မှုတွေနဲ့ ပြည့်နေတဲ့နေရာမှာ ဘုရားသခင်ရဲ့ တရားမြတ်တွေကို ဟောပြောဖို့မဟုတ်လား။ ဒါပေမဲ့ အခု ဘာတွေဖြစ်ကုန်ကြပြီလဲဆိုတာ မင်း စဉ်းစားစမ်း'

ဆူဆန်က ပြန်၍စကားပြောရန် ဟန်ပြင်သည်။ သို့သော်လည်း သူ မပြောခင် ရိဂျာက အော်ကြီးဟစ်ကျယ် ဆက်ပြောသည်။

'မင်း ဘာမှပြောမနေနဲ့၊ အပိုပဲ။ ငါ့ကိုလည်း ဘာမှလာမေးမနေနဲ့။ သူဘယ်သွားတယ်ဆိုတာ ငါပြောလိုက်မယ်။ သူ ငရဲပြည်ကိုသွားတယ်။ အဲဒီနေရာဟာ သူသွားတဲ့ နေရာပဲ။ ဒီကောင်က အစကတည်းက ပျက်စီး လာခဲ့တဲ့ကောင်ပါ။ အခု သူ ဆန်တာကရုဇ်က နာမည်ကြီး မိန်းမပျက် ဟဲမင်းဝေးရဲ့အိမ်မှာ ရောက်နေတယ်။ ငါ့မျက်စိနဲ့ ငါကိုယ်တိုင် မြင်ခဲ့တာ။ ဒီကောင် ဘယ်သွားသလဲဆိုတာ သိချင်လို့ ငါကိုယ်တိုင် လိုက်ကြည့်လို့ မြင်ခဲ့တာ သိလား။ သူ အခု ပြည့်တန်ဆာမတစ်ယောက်ရဲ့ ရင်ခွင်ထဲ ရောက်နေပြီ။ နားလည်လား'

'မဖြစ်နိုင်ဘူး၊ ကျွန်မ လုံးဝမယုံကြည်ဘူး'

ဟု ဆူဆန်က ပြန်ပြောသည်။

ရိဂျာသည် ထိုင်ရာမှထလာပြီး ဆူဆန့်အနီးသို့ လျှောက်လာသည်။

'မင်းက ငါ့အိမ်ထဲလာပြီး ငါ့ကို လူလိမ်လို့စွပ်စွဲတယ်ပေါ့ဟုတ်လား'

ဟု ဒေါ်သတကြီးပြောကာ ဆူဆန်အား တစ်စုံတစ်ခု လုပ်တော့မည့် နယ်လက်သီးကို ဆုပ်ထားသည်။

'နင် ငါ့ကို လူလိမ်လို့ စွပ်စွဲတဲ့အတွက် အခုချက်ချင်း ငါ့ကို တောင်းပန်ပါ'

ဟု ထပ်ပြောသည်။

ဆူဆန်သည် ရိဂျာ၏ စကားကို မကြား။ ရောဘတ်အကြောင်းကိုသာ တွေးနေသည်။ ရောဘတ်အနီးတွင် သူမရှိ၍မဖြစ်။ သူသည် ခေါင်းကို မော့ကာ ရိဂျာအား စူးစူးရဲရဲ ပြန်ကြည့်သည်။ သူသည် ချာခနဲလှည့်ကာ တံခါးဆီသို့ ပြန်လျှောက်ခဲ့သည်။

'ကျွန်မ ရှင့်ကို တောင်းပန်စရာမလိုဘူး'

ဟု ပြန်အော်သည်။

'ကျွန်မကိုယ်တိုင် အခု ဆန်တာကရုဇ်ကိုသွားမယ်။ ရှင်ပြောတာဟုတ်မဟုတ် စုံစမ်းမယ်၊ ဒါပဲ'

သူသည် တံခါးကိုဖွင့်၍ ခန်းမထဲသို့ ထွက်ခဲ့သည်။ ရိဂျာသည် သူ့နောက်မှလိုက်လာပြီး ဆူဆန်၏ လှုပ်ရှားမှုကိုကြည့်နေသည်။ သူ့မျက်နှာထားသည် တစ်မျိုးဖြစ်သွားသည်။

'အပြင်မှာ မုန်တိုင်းကျနေတာ မင်းသိလိမ့်မယ်တင်တယ်'

ဟု သတိပေးသဖြင့် ပြောသည်။

ဆူဆန်သည် သူ့စကားများကို ဂရုမထား။ နံရံ၌ချိတ်ထားသည့် မုန်အိမ်တစ်လုံးကို ဆွဲယူကာ အပြင်သို့ ထွက်သည်။

'အခုလိုအချိန်မှာ သွားလို့လာလို့မကောင်းဘူးဆိုတာ မင်းနားလည်ရဲ့လား'

ဟု ရိဂျာက ထပ်ပြောသည်။

'အခုလိုညမျိုးမှာ အပြင်ထွက်ရင် အန္တရာယ်များတယ်။ သစ်တောကြီးထဲမှာ မျက်စိလည်ပြီး ဒုက္ခရောက်မယ်။ ဒါမှမဟုတ် မိုးကြိုးပစ်ခံရမယ်။ အိမ်ထဲကမထွက်ခင် ဒါတွေကို မင်းစဉ်းစားပါ'

ဆူဆန်သည် မုန်အိမ်ကိုင်၍ ခန်းမထဲမှ ထွက်ခဲ့သည်။ ရိဂျာက…

'မင်း ငါပြောနေတာ မကြားဘူးလား။ အပြင်မှာ မုန်တိုင်းကျနေတယ်။ မနက်ဖြန်မနက်ကျမှ သွားပါ'

ဆူဆန်က လှည့်ကြည့်သည်။

'ရှင်တားနေလည်း အပိုပဲ'

ဟု ပြောသည်။

'ကျွန်မအခုပဲသွားမှာ ရှင့်အိမ်ကို ကျွန်မ ပြန်မလာတော့ဘူး'

ဆူဆန်သည် ပြောပြောဆိုဆို အိမ်ရှေ့တံခါးကို တွန်းဖွင့်လိုက်သည်။ ရိဂျာ မတားနိုင်မီ အပြင်သို့ ပြေးထွက်လာခဲ့သည်။ သူအမှောင်ထုတွင်းသို့ တိုးဝင်လာချိန်တွင် ရိဂျာ၏ အော်ခေါ်နေသံများ ကြားနေရ၏။ ဆူဆန်ကတော့ လှည့်၍ပင်မကြည့်တော့ဘဲ ပြင်းထန်စွာတိုက်ခတ်နေသည့်လေကို ဆန်၍ ဆက်သွားသည်။ သူ့လက်ထဲမှမုန်အိမ်သည် လေအရှိန်ဖြင့်တလှုပ်လှုပ် ခါရမ်းလျက်ရှိသည်။

မုန်အိမ်မရှိလျှင် သူလမ်းပျောက်တော့မည်ကို သိ၏။ ပတ်ဝန်းကျင် ပတ်ပတ်လည်တွင် အမှောင်ထုသည် တံတိုင်းကြီးသဖွယ် ကာဆီးလျက်ရှိသည်။ အဆမတန် လွှမ်းမိုး စီးဆင်းနေသော ရေများကြောင့် လမ်းသည် ပျောက်ကွယ်လျက်ရှိလေပြီ။ ရေများသည် နေရာတိုင်းတွင် ရှိနေ၏။ ဆူဆန်ကတော့ ဘာကိုမှဂရုမထား။ သူ့လမ်းသူဆက်သွားသည်။ သူ့ခြေထောက်များသည် ရေအိုင်၊ ရွှံ့ဗွက် စသည်များကို နင်းသွားနေရသဖြင့် အဝတ်အားလုံး ရစရာမရှိအောင် ပေရေစွန်းထင်းကုန်သည်။

သူသည် လူသူကင်းမဲ့ တိတ်ဆိတ်နေသော လမ်းအတိုင်း မရပ်မနား ဆက်လျှောက်သည်။ လမ်းသည် ယခင်ကနှင့်မတူ၊ မုန်တိုင်းကျနေသဖြင့် ပတ်ဝန်းကျင်တွင် လေသည် ထန်လျက်ရှိ၏။ သစ်ပင်ကြီးများသည် ယိမ်းထိုး လှုပ်ရှားနေကြသည်။ သစ်ရွက်များသည် ကြွေကျကာ လေထဲတွင် လွင့်မျောနေကြသည်။ သစ်ကိုင်းများသည် ကျိုးပဲ့ကျနေကြသည်။ လေ၏ ညည်းတွားအော်မြည်သံများသည် ကြောက်မက်ဖွယ်ကောင်းလှချေသည်။ ဆူဆန်သည် ဤမျှလောက်ကြီးမားသော မိုးပေါက်များနှင့် ယခင်က မကြုံဘူးခဲ့။ သူ့တစ်ကိုယ်လုံး မိုးရေများဖြင့် ရွှဲနစ်နေ၏။ ရေနစ်ပြီး ကမ်းပေါ်

တက်လာသည့် မိန်းမတစ်ယောက်နှင့် တူနေသည်။ လမ်းပေါ်တွင်လည်း ဘယ်နေရာမှာမှ ရေအိုင် ဗွက်အိုင်တွေနှင့် လွတ်သည်မရှိ။

သူသည် ကြောက်ရွံ့ထိတ်လန့်ခြင်း ကင်းစွာဖြင့် ဆက်လျှောက်ခဲ့ရာ လာကျယက်စတားရွာကို ဖြတ်လာခဲ့သည်။ သူ့ခြေထောက်များသည် ယခင်ကလောက် သွက်လက်ခြင်းမရှိ။ သူသည် တောင်ကုန်း ဆင်ခြေလျှော လမ်းအတိုင်း ဆင်းလာလျက်ရှိ၏။ အမှန်တော့ သူသည် ကိုယ်ရောစိတ်ပါ ပင်ပန်းနွမ်းနယ်လျက်ရှိလေပြီ။

ထိုအခိုက်မှာပင် သူ့နောက်မှ လှည်းဘီးသံနှင့် မြင်းခွာသံများ ကြား လိုက်ရသဖြင့် လှည့်ကြည့်မိသည်။ ဘုရားသခင်သည် သူ့အား သတိရနေ သေးကြောင်း ပြသသည့်ဖြစ်ရပ်ပေတည်း။ သူမြင်လိုက်သည်မှာ မြင်းလှည်း ကြီးတစ်စီး။

သူသည် လက်ထဲမှ မှန်အိမ်ကိုမြှောက်ကာ ဇော့ရမ်းပြသည်။ မြင်း လှည်းသည် သူ့အနီးသို့ ရောက်သည့်အခါ ရပ်သွားသည်။ အတွင်းမှ မြင်း လှည်းသမား၏ ကိုယ်တစ်ပိုင်းသည် အပြင်သို့ ထွက်လာပြီး ဆူဆန်အား လှမ်းကြည့်သည်။

'ကျွန်မ လိုက်ပါရစေ'

ဟု ဆူဆန်က အော်ပြောသည်။ လှည်းသမားသည် သူ့အဖြစ်ကို မြင်ရုံမျှဖြင့် သူ့လိုအပ်ချက်ကို နားလည်နေပြီဖြစ်ရာ လှည်းပေါ်သို့တက်ရန် လက်ထဲမှ ကြာပွတ်ဖြင့် ဖိတ်ခေါ်သည်။ ဆူဆန်သည် ကသောကမျော လှည်းပေါ်တက်ကာ လှည်းသမား၏ဘေးတွင် ဝင်ထိုင်သည်။ လှည်းသည် ချက်ချင်းပင် အမှောင်ထုကို ဖြတ်သန်းကာ ခရီးဆက်သည်။

မြင်းလှည်းသည် ဆန်တာကရုဇ်ဈေးမှလည်း ဖြစ်၏။ လာဂူးနား တစ်ဖက်အရောက်တွင် မုန်တိုင်းနှင့် ရင်ဆိုင်လာခဲ့ရခြင်းဖြစ်၏။ လှည်း သမားသည် တောင်ကုန်းများကြား၌ ရပ်နားနေရမည်ကို စိုးရိမ်သဖြင့် သူ့မြင်းလှည်းကိုသာ အရှိန်တင်၍ မောင်းလျက်ရှိသည်။ သူသည် ဆူဆန်အား မကြာခဏ လှမ်းကြည့်သော်လည်း စကားတော့မပြော။ ဆူဆန်ကလည်း ထိုင်ခုံဘေးမှ နံရံကို မှီထိုင်ကာ အမောဖြေလျက်ရှိသဖြင့် စကားတစ်ခွန်းမှ

မပြောနိုင်။

နောက်ဆုံး လမ်းချိုးတစ်ခုကို ချိုးကွေ့အပြီးတွင် မြင်းလှည်းသည် ဆန်တာကရုဇ်မြို့တွင်းသို့ ဝင်လာခဲ့သည်။ လမ်းများသည် တိတ်ဆိတ်ခြောက်သွေ့လျက်ရှိနေကြသည်။ စားသောက်ဆိုင်များတွင်လည်း လုံးဝလူသူ ကင်းမဲ့နေကြသည်။ သို့သော်လည်း ဆူဆန်၏နားများသည် အလွန်ကျယ်လောင်သော အသံကြီးတစ်ခုကိုတော့ ကြားနေရ၏။ ထိုအသံသည် မိုးသံမဟုတ်။ လေသံလည်းမဟုတ်။ စကားသံလည်းမဟုတ်။ ဘာသံပါလိမ့်။ ရုတ်တရက် ဆူဆန် တွေး၍မရ။ အသံကတော့ ကျယ်လောင်လွန်းလှ၏။ အချိန်ယူ၍ တွေးလိုက်ခါမှပင် ထိုအသံသည် ဘာသံဖြစ်သည်ကို သူသိလာသည်။ ဘာရန်ကာအယ်လ်မေဒါမြစ်၏ ရေစီးသံပေတည်း။ ဤမြစ်သည် မြို့တွင်းမှဖြတ်ကာ ပင်လယ်ဆီသို့ ဦးတည်ပြီး စီးဆင်းနေသည့်မြစ်ဖြစ်သည်။

မြင်းလှည်းသည် ဈေး၏နောက်ဘက်ရှိ လမ်းကြားတစ်ခုအတွင်း၌ရပ်သည်။ ဆူဆန်သည် လှည်းရပ်လျှင်ရပ်ချင်း လှည်းပေါ်မှ လျင်မြန်သွက်လက်စွာ ခုန်ဆင်းလိုက်သည်။ သူ့အိတ်ကပ်ထဲမှ ငွေစအနည်းငယ်ကိုထုတ်ကာ လှည်းသမားလက်ထဲသို့ထည့်ပေးသည်။ ထို့နောက် ပတ်ဝန်းကျင်ကို တစ်ချက်မျှ ဝေ့ကြည့်လိုက်သည်။ သူသည် သူသွားရမည့်နေရာကို သိထားပြီးပြီ မဟုတ်ပါလား။ နောက် ငါးမိနစ်အကြာတွင် ဆူဆန်သည် ကယ်လ်ဒီလာတူနာတည်းခိုရိပ်သာရှေ့ တံခါးဝ၌ ရပ်နေပြီဖြစ်သည်။ သူသည် သူတွေ့လိုသည့်နံပါတ်ကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက် တံခါးလက်ကိုင်ကို ဆွဲလှည့်သည်။ တံခါးသည် ချက်ချင်းပင်ပွင့်သွားသည်။ သူသည် အတွင်းသို့ ခပ်သုတ်သုတ်ဝင်လာခဲ့သည်။

ခန်းမ၏ အခြားတစ်ဖက်ရှိ အခန်းထဲမှ စကားပြောသံများနှင့် ရယ်သံများ ကြားရသည်။ စီးကရက်မီးခိုးငွေ့များသည် အပြင်သို့ လွင့်ထွက်လာနေကြ၏။ အတွင်းမီးရောင်သည် အပြင်သို့ ခပ်မှိန်မှိန်ထွက်လာနေသည်။ မယ်ဒလင်တီသံသည်လည်း အပြင်သို့ လွင့်မျောကာ ထွက်လာလျက်ရှိလေသည်။

ဆူဆန်သည် သူရောက်နေသည့်နေရာမှာပင် ငြိမ်ဆိတ်စွာ ရပ်နေမိသည်။ အမှန်တော့ ဤနေရာတွင် ထိတ်လန့်ကြောက်ရွံ့စရာဟူ၍ ဘာမှမရှိ။ သူသည် လက်သီးများကို ကျစ်ကျစ်ပါအောင်ဆုပ်ကာ စကြံန်လမ်းအတိုင်း ဆက်လျှောက်လာသည်။ ထိုခဏမှာပင် ဘေးတစ်ဖက်ရှိ အခန်းလေး တစ်ခန်းထဲမှ မိန်းမတစ်ယောက် ထွက်လာသည်ကို မြင်လိုက်ရ၏။ တခြား လူမဟုတ်။ မာသာဟဲမင်းဝေးပေတည်း။

ဟဲမင်းဝေးသည် ဆူဆန်အားမြင်လိုက်သည့်အခါ အလွန်အံ့အားသင့်သွား ပုံရသည်။ သူသည် ဆူဆန်အား အထူးအဆန်းတစ်ခုကို မြင်ရသည့်နှယ် ခြေဆုံးခေါင်းဆုံး ကြည့်နေသည်။

'ဘယ်လိုဖြစ်တာလဲ၊ အခုလိုညမျိုးမှာ ဘာကြောင့် ရောက်လာရတာလဲ။ သူရဲလာခြောက်တယ်လို့တောင် ထင်မိတယ်။ မင်းတစ်ကိုယ်လုံးလည်း စိုရွှဲနေတာပဲ'

ဟု ဟဲမင်းဝေးက ပြောသည်။

ဆူဆန်၏ကိုယ်မှ ရေများသည် ကြမ်းပြင်ပေါ်သို့ စီးကျလျက်ရှိ၏။ သို့သော်လည်း ဆူဆန်သည် သူ့အခြေအနေကို သတိပြုမိဟန်မရှိ။

'ကျွန်မမောင် ရောဘတ် ဒီမှာရှိသလား'

ဟု မေးသည်။

ဟဲမင်းဝေးကတော့ ဆူဆန့်အမေးကိုမဖြေ။ ဆူဆန်အားကြည့်ပြီး စိတ်မကောင်းဖြစ်နေဟန်ရှိ၏။ သူသည် ဆူဆန်၏ လက်မောင်းကို လှမ်း၍ ဆုပ်ကိုင်လိုက်ပြီး...

'ဒီလောက်တောင် အပြင်းအထန်ရွာနေတဲ့ မိုးရေတွေကြားထဲက ဖြတ်လာတာ တော်တော်ဆိုးတာပဲ။ မင်း အအေးမိပြီး သေသွားနိုင်တယ်'

ဟု ပြောသည်။

'တော်တော်ကြာ အဆုတ်အအေးမိသွားရင် ပိုဆိုးမယ်။ လာ...အဝတ်တွေ လဲပစ်ဦး'

ဟဲမင်းဝေးသည် ဆူဆန် မရုန်းနိုင်ခင်မှာပင် လက်မောင်းကိုဆွဲ၍ အခန်းငယ်ကလေးတစ်ခန်းထဲသို့ ဆွဲသွင်းသွားသည်။ မျက်နှာသုတ်ပဝါများ

ထုတ်ပေးသည်။ ဘီရိုတစ်လုံးထဲမှ အဝတ်များကိုပြပြီး အမြန်ဆုံးလဲရန် တိုက်တွန်းသည်။ ဆူဆန်ကတော့ ဟဲမင်းဝေးကိုသာ စူးစူးရဲရဲကြည့်နေသည်။

'ကျွန်မမောင် ရောဘတ် ဘယ်မှာလဲ'

'မင်းမောင်လား'

ဟု ဟဲမင်းဝေးက ရေရွတ်သည်။

'သူဘယ်မှာရှိတယ်ဆိုတာ ငါက ဘယ်လိုလုပ်ပြီး သိမှာလဲ။ ငါက သူ့ရဲ့အုပ်ထိန်းသူမှမဟုတ်တာ။ ကဲပါ၊ အဲဒါကိုအသာထားလိုက်ပါ။မင်းရဲ့ အဝတ်တွေ လဲလိုက်ဦး။ ပြီးတော့ သူ့အကြောင်း ဆက်ပြောကြတာပေါ့'

ဆူဆန်ကတော့ မတုန်မလှုပ်။

'ကျွန်မ စောင့်မနေနိုင်ဘူး၊ သူဘယ်မှာရှိတယ်ဆိုတာ သိမှဖြစ်မယ်။ သူ ဒီမှာရှိသလား'

ဟု ထပ်မေးသည်။

ဟဲမင်းဝေးသည် ငြိမ်နေသည်။ ဆူဆန်အား အသေအချာကြည့်၍ အကဲခတ်သည်။ ထို့နောက် ပခုံးများကို တွန့်လိုက်ပြီး...

'ဟင့်အင်း'

ဟု ဖြေသည်။

'သူ ဒီမှာမရှိဘူး။ သူက ဘာပြုလို့ ဒီကိုလာရမှာလဲ။ ငါတကယ် ပြောတာ၊ သူ ဒီကိုမလာဘူး'

'ကျွန်မ မယုံဘူး'

ဟု ဆူဆန်က ပြောသည်။ သူ့တစ်ကိုယ်လုံးသည် ချမ်းလွန်းသဖြင့် ခိုက်ခိုက်တုန်နေပြီ။ သူ့နှုတ်ခမ်းများသည် ပြာနှမ်းနေကြပြီဖြစ်၏။ သူသည် ရှေ့သို့တိုးလာသည်။

'အမှန်အတိုင်းပြောပါ၊ သူ ဒီမှာရှိတယ်မဟုတ်လား'

'မရှိဘူး'

ဟု ဟဲမင်းဝေးက အော်ပြောသည်။

'သူ ဒီကိုမလာဘူး၊ မင်းက ငါ့ကို လူလိမ်လို့ စွပ်စွဲချင်နေသလား။ သူ ဒီမှာမရှိလို့ မရှိဘူးပြောတာပဲ'

ထိုအခိုက်တွင် အခန်းတံခါးပွင့်သွားပြီး အတွင်းသို့ ရောဘတ်ဝင်လာသည်။ အားလုံးငြိမ်ဆိတ်သွားသည်။ မိုးသံနှင့် မြစ်ရေစီးသံများမှတစ်ပါး အခြား ဘာသံမှမကြားရ။ ရောဘတ်သည် ဒယီးဒယိုင်နှင့် သူ့ကိုယ်သူ မတတ်နိုင်ဖြစ်လျက်ရှိ၏။ သူသည် အခန်းထဲရောက်သည်နှင့် တစ်ပြိုင်နက် ခေါင်းထောင်ကြည့်သည်။ ဆူဆန်ကိုမြင်လိုက်သည့်အခါ ကြက်သေသေလျက်ရှိ၏။

'ရောဘတ်'

ဟု ဆူဆန်က ခပ်တိုးတိုးခေါ်သည်။ ရောဘတ်သည် အနီးရှိ ကုလားထိုင်တစ်လုံးတွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

'ဘာလဲ၊ ဘာလုပ်ဖို့ ဒီကိုလိုက်လာတာလဲ။ ဘာလုပ်ချင်သေးလို့လဲ'

'မင်းကိုလာရှာတာ၊ မင်းကိုခေါ်မလို့လိုက်လာတာ'

ရောဘတ်သည် ဆူဆန်ဘက်မလှည့်ဘဲ သူ့ရှေ့တည့်တည့်မှ နံရံကိုသာ စိုက်ကြည့်နေသည်။

'ဟား…ကျုပ်ကိုခေါ်မလို့တဲ့။ ခင်ဗျားက ကျုပ်ကို ဘယ်ခေါ်သွားဖို့ စိတ်ကူးထားသလဲ'

'တစ်နေရာကိုပေါ့'

ဟု ဆူဆန်က ပြောသည်။

'ဒီနေရာကနေပြီး တခြားသင့်တော်တဲ့နေရာကိုပေါ့။ တို့မောင်နှမ အတူတူနေနိုင်မယ့်နေရာပေါ့'

ထိုစကား ကြားသည့်အခါ ဟဲမင်းဝေးက…

'ဟုတ်တယ်၊ သူ့ကိုမြန်မြန်ခေါ်သွားမှ ဖြစ်မယ်။ သူ့ကို လက်ခံထားရတာ စိတ်ပျက်လွန်းလို့ပါဟယ်၊ တကယ်ပါ။ အမြန်ဆုံး ခေါ်သွားစမ်းပါ'

ဟု ဝင်ပြောသည်။

ဆူဆန်က ရောဘတ်ထံ လျှောက်လာပြီး…

'လာပါ၊ ရောဘတ်ရယ်၊ တို့သွားကြပါစို့'

ဟု ခေါ်သည်။ သူသည် ရောဘတ်၏လက်ကို ဆွဲရန် ဟန်ပြင်သည်။ ရောဘတ်က ဆူဆန်၏လက်ကို တွန်းဖယ်ပစ်သည်။

'သွားစမ်းပါ၊ ခင်ဗျား ကျုပ်ကို မထိနဲ့။ ကျုပ်ဟာ ခင်ဗျားလက်နဲ့ ထိသင့်တဲ့ကောင် မဟုတ်တော့ဘူးဗျ၊ သိလား'

ပြောပြောဆိုဆို ရောဘတ်သည် ထိုင်နေရာမှ ခုန်ထသည်။ သူသည် သူ့ကိုယ်သူ မထိန်းနိုင်ဘဲ ယိမ်းထိုးနေသည်။

'ကျုပ်သွားမယ်၊ ခင်ဗျားတို့ကို နောက်ထပ် ဒုက္ခမပေးတော့ဘူး၊ သိလား။ ကျုပ်က ဘုရားသခင်ကို ပစ်ပယ်ထားလိုက်ပြီ။ ကျုပ်ဘဝဟာ ဝက်တစ်ကောင်ရဲ့ဘဝနဲ့ ဘာမှမထူးတော့ဘူးဆိုတာလောက်ပဲ ခင်ဗျားတို့ သိနေကြတယ်။ နောင်တဆိုတဲ့စကားရဲ့ အဓိပ္ပာယ်ကို ခင်ဗျားတို့ သိကြရဲ့လား။ စွန့်လွှတ်ခြင်းဆိုတာကော ဘာလဲ။ ခင်ဗျားတို့ နားလည်လား။ ကျုပ်ဘာအတွက် အသက်ရှင်နေတော့မှာလဲ'

ဆူဆန်က ရှေ့သို့တိုးလာပြီး အော်ကြီးဟစ်ကျယ် ပြောနေသော ရောဘတ်အား တားမြစ်ရန် ကြိုးစားသည်။

'ရောဘတ်ရယ်၊ တို့မောင်နှမ အတူတူတွဲပြီး ဘဝကို ပြန်စကြတာပေါ့ ကွယ်'

ဟု ဖျောင်းဖျသည်။

ရောဘတ် တအားအော်ရယ်သည်။

'ကျုပ်ဘဝကို အသစ်ပြန်မစတော့ဘူး'

ဟု ပြောသည်။

'ကျုပ်ဘဝကို အဆုံးသတ်လိုက်တော့မှာ၊ ကျုပ်ဘဝကို ဇာတ်သိမ်းလိုက်တော့မှာ'

ရောဘတ်၏နားထဲတွင် အသံမျိုးစုံ ကြားနေရသည်။ ထိုအထဲတွင် မြစ်ရေစီးသံသည် အကျယ်လောင်ဆုံးဖြစ်သည်။ သူသည် ကိုင်းညွတ်နေသော ခန္ဓာကိုယ်အား တည့်တည့်မတ်မတ်ဖြစ်အောင် ပြင်၍ ရပ်လိုက်သည်။

'ကျုပ်ကိုကျုပ် ဒုစရိုက်မှုတွေထဲမှာ နှစ်ပစ်လိုက်တော့မယ်'

ဟု အော်သည်။

'ဒါပေမဲ့ ကျုပ်ရဲ့ ယုတ်မာမှုတွေကိုတော့ သန့်စင်သွားအောင် ဆေးကြောပစ်နိုင်မှာပါဗျာ'

'အဲသလိုမပြောပါနဲ့ ရောဘတ်ရယ်'

ဟု ဆူဆန်က တားပြီး ရောဘတ်ဆီသို့ တိုးသွားသည်။ ရောဘတ်က ဆီး၍ တွန်းပစ်သည်။ သူ့အနားသို့ အကပ်မခံ။ သူ့နားထဲတွင် မြစ်ရေစီးသံကိုသာ ကြားနေသည်။

'ကျုပ်ကိုယ်နဲ့စိတ်မှာ စိတ်ဆိုးစိတ်ယုတ်တွေဝင်နေတယ်'

ဟု ငိုသံပါကြီးနှင့် ညည်းသည်။

''အဲဒါတွေကို ရေနဲ့ဆေးကြောပစ်မှဖြစ်မှာ'

ဆူဆန်သည် ရောဘတ်၏မျက်နှာထားကိုကြည့်ကာ ထိတ်လန့်ခြင်းဖြစ်သည်။ သူ့နှာများသည် မြစ်ရေစီးသံကို သတိထားမိလာသည်။ ထိုအခါ ဆောက်တည်မရနိုင်လောက်အောင် ကြောက်ရွံ့လာသည်။ သူသည် ရောဘတ်အား ဝင်ဖက်ရန် အားထုတ်သည်။ သို့သော်လည်း နောက်ကျသွားခဲ့လေပြီ။

ရောဘတ်သည် အခန်းတံခါးကိုဖွင့်၍ အပြင်သို့ထွက်ကာ စင်္ကြံလမ်းအတိုင်း ပြေးသည်။ ပါးစပ်မှလည်း အသံကုန်ဟစ်၍ အော်ကာ အောက်သို့ ပြေးဆင်းသည်။ ချက်ချင်း အမှောင်ထုအတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်။ ဖြစ်ပျက်ပုံသည် တစ်စက္ကန့်မျှသာ ကြာမည်ဟု ခန့်မှန်းရ၏။

'ဘုရား...ဘုရား သူရူးသွားပြီ'

ဟု ဟဲမင်းဝေးက ရေရွတ်သည်။

ဆူဆန်သည် ကြောင်တက်တက်ဖြစ်ကာ သူ့နေရာ၌ ရပ်နေသည်။ ထို့နောက် ရုတ်တရက် သတိပြန်ဝင်လာပြီး ရောဘတ်၏နောက်သို့ ပြေးလိုက်သွားသည်။

အလင်းရောင်အောက်မှ အမှောင်အတွင်းသို့ ဝင်ရောက်စဖြစ်၍ ဆူဆန် ရုတ်တရက် ဘာကိုမျှမမြင်ရ။ သူသည် လမ်းဘေးတစ်နေရာ၌ရပ်ကာ အမှောင်ထုအတွင်းသို့ မျှော်ကြည့်နေသည်။ ခဏမျှကြာသောအခါ လူသူကင်းမဲ့နေသော လမ်းပေါ်၌ ပြေးလွှားနေသည့် ရောဘတ်ကို မြင်သည်။ သူသည် အသံကုန်ဟစ်၍ အော်ခေါ်ပြီး နောက်မှ ပြေးလိုက်သည်။ မိုးပေါက်များသည် သူ့မျက်နှာကို ပြင်းစွာရိုက်ခတ်သည်။ လေသည် တဝှီးဝှီး အော်မြည်ကာ သူ့ထံသို့ အဆက်မပြတ် ပြေးဝင်လာသည်

ဆူဆန်သည် အားကုန်ထုတ်၍ ပြေးလိုက်နေခြင်း ဖြစ်၏။ သို့သော်လည်း ရောဘတ်ကိုမမီ။ ရောဘတ်သည် မြစ်ဘက်သို့ ပြေးနေခြင်း ဖြစ်ရာ ဆူဆန်အဖို့ ဆောက်တည်မရနိုင်လောက်အောင် စိုးရိမ်ပူပန်လာသည်။

ပြေးနေရင်းမှာပင် ရောဘတ် ရေမကူးတတ်သည့်အဖြစ်ကို ဆူဆန် သတိရလာသည်။ ထိုအခါ ပူပန်သောကသည် ပို၍ ကြီးမားလာသည်ဖြစ်ရာ သူသည် ယခင်ကထက် နှစ်ဆခန့်တိုး၍ ပြေးသည်။

မြစ်ရေစီးသံသည် နီးကပ်လာနေပြီ။ ပို၍နီးကပ်လာနေပြီ။ ဆူဆန် သည် သူ့ရှေ့မှ မြင်ကွင်းကြောင့် နှလုံးသွေးရပ်လုနီးပါးမျှ ထိတ်လန့်ခြင်း ဖြစ်ရသည်။

'ရောဘတ်'

ဆူဆန်၏ အလန့်တကြား အော်လိုက်သော အသံသည် ပတ်ဝန်းကျင်တစ်ခုလုံးတွင် ပဲ့တင်ထပ်သွားသည်။

ရောဘတ်ကတော့ ဆူဆန်၏ အော်ခေါ်သံကို မကြား။ သူသည် မြစ်ကမ်းပါးစွန်း၌ ရပ်နေသည်။ ထို့နောက် ရောဘတ်၏ ရုပ်လွှာသည် ဆူဆန်၏ မျက်စိအောက်မှ ပျောက်ကွယ်သွားလေ၏။

ဆူဆန်သည် မြစ်ကမ်းပါးဆီသို့ ရောက်သွားသည်။ ရေစီးကြောင်းထဲ၌ ယက်ကန်ယက်ကန်ဖြစ်နေသော ရောဘတ်အား ဝိုးတဝါး မြင်နေရ၏။ သူ့အား ကယ်ပါဦးဟု အော်လိုက်လေသလားမသိ။ ဆူဆန့်နှုတ်ခမ်းများမှ အသံပြန်ထွက်လာသည်။ သူ့ဆီသို့ ရောက်သွားနိုင်စရာတော့ ရှိပါသေး၏။ ရောက်သွားလျှင် သူ့အသက်ကို ကယ်ဆယ်နိုင်ပါသေး၏။

ဆူဆန်သည် ထပ်၍ အော်ပြီး အသံပြန်ပေးသည်။ သူသည် အံကို ကြိတ်၍ အားတင်းကာ မြစ်တွင်းသို့ ခုန်ဆင်းသည်။ အမှောင်ထုနှင့် မြစ်ရေ၏ တဝေါဝေါမြည်သံများသည် ဆူဆန်အား ဆီး၍ ဝါးမျိုလိုက်သည်။ သူသည် မနားမနေကူးခတ်ကာ ရောဘတ်ထံရောက်ဖို့ ကြိုးစားသည်။

သူ့နှလုံးသားသည် ပေါက်ကွဲသွားလေမလား။ တဖြည်းဖြည်းနှင့် အားကုန်တော့မည့်နယ် ခံစားလာရသည်။ သို့သော်လည်း သူသည် သူ့ အဖြစ်ကို မတွေးနိုင်၊ မတွေးမိ။ သူရောက်တော့မည်။ နီးကပ်လာပြီ။

သူသည် ရောဘတ်ဆီသို့ လက်တစ်ဖက်ဆန့်တန်းပေးသည်။

ထိုအခိုက်တွင် လှိုင်းလုံးကြီးတစ်လုံးသည် ဆူဆန့်ထံ ပြေးဝင်လာပြီး ရိုက်ပုတ်သည်။ သူ့ကိုယ်ခန္ဓာသည် ချာခနဲလှည့်ထွက်သွားသည်။ ထို့နောက် ကျောက်ဆောင်တစ်ခုတွင် ဝင်တိုက်သည်။ ပြင်းထန်သည်တော့မဟုတ်။ သို့သော်လည်း ဤရိုက်ပုတ်မှုကြောင့် သူ့ဦးခေါင်းသည် မူးနောက်နောက် ရီဝေဝေ ဖြစ်သွားသည်။

သူ့လက်နှစ်ဖက်သည် အပေါ်သို့ မြောက်သွားပြီး ပြန်ကျလာသည်။ လှိုင်းလုံးသည် တစ်ကြိမ်ရိုက်ပုတ်ရုံမျှဖြင့် အားရဟန်မတူ။ နောက်တစ်ကြိမ် ရိုက်ပုတ်ပြန်သည်။ ထိုအခါ ရေစီးထဲ မျောပါသွားသော ဆူဆန်၏ခေါင်း သည် ရေထဲ၌ ပုန်းအောင်နေသော ကျောက်ဆောင်များနှင့် ရိုက်မိပြန်သည်။ ထို့နောက်တော့ တစ်ကြိမ်ပြီးတစ်ကြိမ် ရိုက်မိသည်။ ဆူဆန်သည် ဤမျှ လောက်သာ သိတော့၏။

ထိုအချိန်တွင် ရောဘတ်သည် ဝဲဂယက်တစ်ခုကြားတွင် ချာချာလည် ကာ မြစ်ဝတစ်ဖက်ရှိ သောင်ပြင်ထက်သို့ ရောက်သွားသည်။ သူသည် ဒယီးဒယိုင်ဖြင့် ထရပ်ကာ ရေစပ်နှင့် ဝေးရာသို့ တက်လာခဲ့သည်။ သူ သည် အကြီးအကျယ် ထိတ်လန့်ကြောက်ရွံ့လျက် ရှိပြီဖြစ်၍ ရှိုက်ကြီးတငင် ငိုကြွေးသည်။ အရူးအမူးပြေးတက်သွားနေခြင်းပေတည်း။ ဤအခိုက်မှာပင် ဆူဆန်၏ ခန္ဓာကိုယ်သည် သူ့မျက်စိရှေ့မှ ဖြတ်ကာ မြစ်ရေစီးကြောင်း အတိုင်း မျောပါသွားသည်ကို တွေ့လိုက်ရသည်။

'ဘုရား...ဘုရား၊ ငါ ဘာတွေးမိလို့ အခုလို လုပ်မိတာပါလိမ့်။ ငါ ရူးသွားတာထင်ပါရဲ့။ ကံကောင်းလို့ပါလား။ ငါ ရေနစ်သေတော့မလို့။ အဝတ်စိုတွေ အမြန်ဆုံးလဲမှဖြစ်မယ်။ အို...အဖဘုရားသခင်၊ တပည့်တော် ဝမ်းသာလှပါ၏။ ဘုရားသခင်၏ ကျေးဇူးတော်သည် ကြီးမားလှပါ၏'

ဟု ရေရွတ်မြည်တမ်းလျက် ရှိလေသည်။

သို့တစေလည်း ဆူဆန်ကတော့ မြစ်ရေစီးကြောင်းအတိုင်း မျော ပါသွားပြီ။ ပင်လယ်ရေပြင် အမှောင်ထုအတွင်းသို့ ဝင်ရောက်သွားခဲ့လေပြီ။

*

## [နှစ်ဆယ့်ခုနစ်]

နောက်သီတင်းနှစ်ပတ်မျှအကြာတွင် ဖြစ်သည်။ ဒေါက်တာဟာဖေး လိသ်သည် တောင်ကုန်းလမ်းအတိုင်း ဆန်တာကရုဇ်ဘက်သို့ ဦးတည်ပြီး လျှောက်လာလျက်ရှိ၏။ အချိန်မှာ မွန်းလွဲပိုင်းဖြစ်သည်။ လေသည် ငြိမ် လျက်ရှိကာ နေသည် ပြင်းလျက်ရှိသည်။ မုန်တိုင်းကျခဲ့ပြီးသည်မှာ ကြာ ခဲ့ပြီဖြစ်၍ အားလုံးက မေ့ပျောက်သွားခဲ့ကြလေပြီ။

သူသည် မြို့တွင်းရောက်သည့်အခါ ဈေးအနီးမှ ဖြတ်၍ လျင်မြန် သွက် လက်စွာ လျှောက်လာခဲ့သည်။ သူ့မျက်လုံးများသည် ဘယ်ညာ ဝဲယာကို မကြည့်။ ဆိပ်ကမ်းတစ်နေရာရှိ သင်္ဘောကုမ္ပဏီရုံးတစ်ရုံးရှေ့ ရောက်သည့်အခါ အထဲသို့ ဝင်လာခဲ့ပြီး စာရေးနှင့် တွေ့သည်။

စာရေးသည် လူငယ်တစ်ဦးဖြစ်၍ ဆံပင်ကို ကြော့နေအောင် ဖြီး ထားသည်။ သူ့ရှေ့ရောက်လာသော ဟာဖေးအား စိတ်ဝင်တစား ကြည့်နေ ခဲ့သည်။ ဟာဖေး စုံစမ်းသည့်အခါ စိတ်မကောင်းသည့် မျက်နှာထားဖြင့် ကြည့်သည်။

'ဆီညော် ကံဆိုးတယ်ခင်ဗျ၊ ဒုတိယသင်္ဘောက မနေ့ကပဲ ထွက်သွားတယ်'

'ဒါဆိုရင် နောက်ထွက်မယ့်သင်္ဘောက...'

ဟု ဟာဗေးက မေးသည်။

'နောက်ထပ် ဆယ်ရက်ကြာမှ ထွက်မယ်၊ ဆီညော်'

ဟာဗေး၏မျက်နှာသည် တည်ငြိမ်လျက်ရှိသည်။

'ကျေးဇူးတင်ပါတယ်ကွာ'

ဟု ပြောသည်။ သူသည် သူ့အား လူထူးလူဆန်းတစ်ယောက်သဖွယ် စိုက်ကြည့်နေသော စာရေးအား နှုတ်ဆက်ပြီး ရုံးခန်းထဲမှ ပြန်ထွက်လာခဲ့သည်။ သူသည် လာလမ်းအတိုင်း ပြန်လျှောက်ကာ ပန်းခြံထဲမှ ဖြတ်လာခဲ့သည်။ စားသောက်ဆိုင်တစ်ဆိုင်၏ ရှေ့၌ ခဏမျှရပ်ကာ မှန်ထဲ၌ထင်နေသည့် သူ့ရုပ်ကိုကြည့်သည်။ မုတ်ဆိတ်မွေး နှုတ်ခမ်းမွေးများ မရိတ်ဘဲ ပစ်ထားခဲ့သည့် မျက်နှာသည် အဆန်းတစ်ခုလိုဖြစ်နေသည်။ သူ့ရှူးဖိနပ်တစ်ဖက်သည် ထိပ်မှပေါက်နေသဖြင့် ခြေချောင်းကလေးများ တိုးထွက်နေကြသည်။ ကိုယ်ပေါ်မှ ဝတ်စုံမှာလည်း ဟောင်းနွမ်းပေရေလျက်ရှိ၏။ ဘောင်းဘီမှာ ဒူးခေါင်းနေရာ နှစ်နေရာစလုံး၌ ပေါက်နေကြသဖြင့် ကြည့်၍မကောင်း။ ရွှံ့စက်များ စွန်းထင်းပေရေနေသော ဘောင်းဘီသည် မြင်သူ တိုင်းအတွက် အထင်အမြင်သေးစရာ ဖြစ်လျက်ရှိလေသည်။

သူသည် ပန်းခြံတွင်းမှ ခုံတန်းတစ်လုံးဆီသို့ သွားပြီး ထိုင်သည်။ လေသည် အေးအေးသာသာ တိုက်ခတ်လျက်ရှိသည်။ စက္ကူစုတ်များသည် လေနှင့်အတူ လွင့်ပါလာပြီး သူ့ခြေထောက်များကြားသို့ တိုးဝင်လာကြသည်။ သူသည် လွန်ခဲ့သောရက်များက မှန်တိုင်းကို သတိရမိသည်။ ဆူဆန်ပြန်သွားပြီးကတည်းက သူ့စိတ်သည် တည်ငြိမ်ခြင်း ကင်းမဲ့နေသည်။ ထိုစဉ်က မိုးခြိမ်းသံကို နားထောင်ရင်း အခန်းထဲ၌ ခေါက်တုံ့ခေါက်ပြန် လမ်းသလားနေရသည့် အဖြစ်ကို မေ့မရသေး။

ထို့နောက်တော့ အိမ်ထဲတွင်နေချင်စိတ် ကင်းမဲ့လာသည်။ ကော်ကိုရန်ပြန်အလာကိုလည်း သူမစောင့်နိုင်။ အိမ်ရှင်အဘွားကြီးနှင့်လည်း စကား မပြောချင်။

ဤသို့ဖြင့် သူသည် အပြင်သို့ ထွက်လာခဲ့သည်။ တောင်တန်းကြီး များဆီသို့ ရှေ့ရှု၍ လျှောက်လာခဲ့သည်။

တောင်တန်းကြီးများဆီသို့ ရှေ့ရှု၍ လျှောက်နေသည်။ ရွာနေသော မိုးကိုလည်း သူ ဂရုမထား။ ပတ်ဝန်းကျင်ကိုလည်း သူမမြင်။ တောင်ထိပ် ဆီသို့သာ ဦးတည်၍ လျှောက်သည်။ မိုးကလည်းရွာ လျှပ်စီးများကလည်း လက်။ ဒိုးဒိမ့်လို့ညံနေသော မိုးခြိမ်းသံများကလည်း ကြောက်စရာ။

သူသည် ထိုအရာအားလုံးကို မမြင် မသိ မကြား။ နောက်ဆုံးတွင် ကျောက်တုံးကျောက်ခဲများကြားမှဖြတ်၍ ကျောက်ဂူဆီသို့ ဆိုက်ရောက်ခဲ့ သည်။ ထို့နောက်တော့ ခွေးဟောင်သံများကြားရ၏။ သူ့အား ဝိုင်းကြည့် နေကြသည့် မျက်နှာများ။ ဂူနေလူများဖြစ်၏။ သူလုံးဝနားမလည်သော ဘာသာစကားကို ပြောကြသည်။

သူတို့က သူ့အား အတင်းဝိုင်းထားကြသည်။ မိုးကောင်းကင်ဆီသို့ လက်ညှိုးထိုးပြသည်။ ဘေးအန္တရာယ်ရှိကြောင်း လက်ဟန်ခြေဟန်ဖြင့် ပြောကြသည်။ သူ့အား ဂူထဲသို့ အတင်းဆွဲခေါ်သွားကြသည်။

သူရောက်သွားသည့် ဂူများကို အယ်လ်တယ်လ်ဒီဂူများဟု ခေါ်သည်။ ထိုဂူထဲတွင် သူသည် တစ်ညလုံး လဲလျောင်းနေခဲ့၏။ အပြင်ဘက်တွင်မူ မုန်တိုင်းသည် ပြင်းထန်စွာကျနေဆဲ။

နောက်နေ့မနက်တွင် သူခရီးဆက်မည်ဟု စိတ်ကူးသည်။ သို့သော် လည်း မဆက်ဖြစ်။ စိတ်ကတည်ငြိမ်အေးဆေးနေပြီ ဖြစ်သော်လည်း ခန္ဓာ ကိုယ်က မလှုပ်ရှားနိုင်လောက်အောင် ပင်ပန်းလျက်ရှိ၏။ ဂူနေ လူပုကလေး များသည် သဘောကောင်းကြရှာ၏။ သူ့အား အစားအစာကျွေးကြသည်။ တတ်အားသရွေ့ပြုစုကြ၏။

မနက်မိုးလင်း၍ နေထွက်လာသည့်အခါ အဝတ်မပါ ဗလာဖြစ်နေကြ သော ကလေးသူငယ်များသည် အပြင်သို့ထွက်ကာ ကျောက်တုံးကျောက် စွန်များကြား၌ ဆော့ကစားနေကြသည်။ ဟာဗေးသည် ဂူအပြင်သို့ထွက် ကာ ကျောက်စွန်းတစ်ခုပေါ်၌ ထိုင်၍ ကလေးများသည် သူ့အား ခင်မင် ရင်းနှီးနေကြပြီ ဖြစ်ရာ သူ့ဘေးနားတွင် ကပ်၍ ဆော့ကစားနေကြသည်။

သူ့အဖို့တော့ ထူးဆန်းသည့် အတွေ့အကြုံတစ်ခုပေတည်း။

ညတိုင်း သူသည် မနက်ဖြန်ကျလျှင် ပြန်မည်ဟု စိတ်ကူးသည်။ သို့တစေလည်း မပြန်ဖြစ်။ သူဘာကြောင့် ပြန်ရမှာလဲ။ ပြန်တော့ကော ဘယ်လိုပြန်မှာလဲ။ ဒီတောင်တွေကြားမှာ နေရတာ ပိုမကောင်းဘူးလား။ သူ့မှာ ဘာလုပ်စရာရှိလို့လဲ။ သူ့ကို ဘယ်သူတွေက လိုလားကြမှာလဲ။ အခုလောက်ဆိုရင် မေရီကို ဆန်တာကရုဇ်မှ ပြန်ခေါ်သွားလောက်ရောပေါ့။

ထိုအတွေးများသည် သူ့အား ရစ်ပတ်လွှမ်းခြုံလျက်ရှိ၏။ နောက်ဆုံးတွင်မူ ဆန်တာကရုဇ်မှ မေရီ ထွက်သွားလောက်သည့် အချိန်ကျမှ သူ သွားမည်ဟု ဆုံးဖြတ်ခဲ့၏။

'ဒီနေ့တော့ သူဆန်တာကရုဇ်ကို ရောက်ခဲ့ပြီ။ သူသည် သက်ပြင်းတစ်ချက် ချလိုက်သည်။ သဘော်က မရှိသေး။ နောက်ထပ် ဆယ်ရက်တိတိ စောင့်ရပေဦးတော့မည်။

သူ့ခေါင်းအထက်ဘက်မှ အုန်းလက်များသည် လေထဲတွင် ခါရမ်းလျက်ရှိကြသည်။ သူ့ခြေထောက်အနီးမှ ကျောက်ခရုကန်ထဲတွင် ဆော့ကစားနေကြသည့် ရွှေငါးများ၊ ဖြတ်သွားဖြတ်လာလုပ်နေကြသည့် လူများသည် သူ့အား စိတ်ဝင်တစား ကြည့်ကြည့်သွားနေသည်ဟု ထင်၏

အဘိုးအိုတစ်ယောက်သည် သူ့ရှေ့မှ ဖြတ်သွားသည်။ ထီရောင်းနေသော အဘိုးအိုဖြစ်၏။ အဘိုးအိုသည် သူ့ကျတော့ ထီလက်မှတ်ဝယ်ပါဦးဟု မပြော။ မိမိ၏ အဝတ်အစား အပြုအမူနှင့် အနေအထိုင်တို့သည် အထင်အမြင်ကြီးစရာဟူ၍မရှိ။ သူ 'ဘာ'ဆိုသည်ကို မည်သူကမှ မသိကြခြင်းသည် သူ့အတွက် ကျေနပ်စရာကောင်းလှ၏။

ထိုခဏမှာပင် သူ့အပေါ်သို့ လူရိပ်တစ်ခု ကျလာသည်။ ဝမ်းသာအားရ အော်သံကိုလည်း ကြားလိုက်ရ၏။ ထို့နောက်တော့ ပခုံးပေါ်သို့ ကျလာသည့်လက်။ သူက မော့်ကြည့်သည်။ ကော်ကိုရန်ပေတည်း။ ကော်ကိုရန်သည် ဝမ်းသာအားရ ရယ်နေသည်။ သူ့ရယ်သံတွင် ဝိုရှိုက်သံ ပါနေသယောင်ယောင်ရှိ၏။

'မင်းပါလားကွာ'

ဟု ကော်ကိုရန်က ဝမ်းသာအားရ ရေရွတ်သည်။

'မင်းပဲကိုး၊ ငါလိုက်ရှာနေတာ နှံ့နေပြီ။ ရက်တွေလည်း ကြာလှပြီ။ ငါဖြင့် တွေ့မှတွေ့ပါတော့မလားလို့ စိတ်ပူလိုက်ရတာကွာ။ တော်ပါသေးရဲ့၊ ပြန်တွေ့လို့။ ငါဖြင့် အရမ်းကို ဝမ်းသာတာပဲဟေ့'

ကော်ကိုရန်သည် အလွန်ဝမ်းသာနေဟန်ရှိသည်။ သူသည် ဟာဗေး အားကြည့်ကာ ပြုံးပြုံးကြီးလုပ်နေသည်။ သူသည် ဟာဗေးအား ဖက်လိုက်ချင်သည့်ဟန် ပေါက်နေသည်။

'မင်း ဘယ်တွေ လျှောက်သွားနေတာလဲကွာ၊ ဘာတွေ လျှောက်လုပ်နေတာလဲ၊ ပြောစမ်းပါဦး။ ငါ မြို့ထဲမှာ ထောင့်ကြိုထောင့်ကြားမကျန် ရောက်ခဲ့ပြီးပြီ။ တောင်ပိုင်းဘက်ကို အရင်ဆုံးသွားရှာတာကွ။ ငါဖြင့် တွေ့တော့မှာမဟုတ်ဘူးဆိုပြီး စိတ်ပူလိုက်ရတာကွာ၊ မပြောပါနဲ့တော့'

ဟာဗေးက မော့်ကြည့်နေသော်လည်း စကားတော့ပြန်မပြော။ စကား ပြောချင်သည့်ဆန္ဒလည်း ရှိပုံမရ။

'အေး...မင်းကတော့ သိဦးမှာမဟုတ်ဘူးထင်တယ်'

ဟု ကော်ကိုရန်က ပြောသည်။

'ဆူဆန် ဘာဖြစ်သွားတယ်ဆိုတာ မင်းသိဦးမယ်မထင်ဘူး'

'ဆူဆန်...ဟုတ်လား...ဘာဖြစ်လို့လဲ'

ဟု ဟာဗေးက ပြန်မေးသည်။

ကော်ကိုရန်သည် တစ်ခဏမျှ တုံ့ဆိုင်းဆိုင်းဖြစ်နေသေးသည်။ ထို့နောက် စိတ်မကောင်းသည့်မျက်နှာ၊ စိတ်မကောင်းသည့်အသံဖြင့် ဆူဆန် သေဆုံးသွားရသည့်အဖြစ်ကို ပြောပြသည်။

'သူ့အလောင်းကို လုံးဝရှာလို့မတွေ့ဘူး။ အလောင်းက ပင်လယ်ထဲ ရောက်သွားတာကိုးကွ။ အဖြစ်က သနားစရာပါကွာ။ ငါတော့ သိပ်ကို စိတ်ထိခိုက်ခဲ့ရတယ်။ သူ့မျက်လုံးတွေထဲမှာ ဝမ်းနည်းတဲ့ အရိပ်အငွေ့တွေ အမြဲတွေ့ခဲ့ရတယ်။ သူ့ခမျာ ဘာပဲလုပ်လုပ် သိပ်ကို အလေးအနက်ထားပြီး လုပ်တတ်တဲ့ မိန်းမတစ်ယောက်ပါ'

ဟာဗေးသည် ပါးစပ်အဟောင်းသားဖြင့် တအံ့တသြငေးမောနေ

သည်။ ဖြစ်မှဖြစ်ရလေခြင်းဟုတွေးကာ ဆူဆန်အတွက် စိတ်မကောင်း ဖြစ်ရ၏။

'ဆူဆန့်ကို ဒီအခွင့်အရေးလေးသာပေးပါ ဟာဖေးရယ်။ ဒီတစ်ခုကို သာ ပေးပါ'

ဟု လှိုက်လှိုက်လှဲလှဲ အသနားခံခဲ့သော ဆူဆန်၏ ရုပ်ပုံလွှာကို ပြန်လည်မြင်ယောင်လာသည်။ ထိုအခါ သူ့တစ်ကိုယ်လုံး တုန်ယင်လှုပ်ရှား လာသည်။

'စိတ်မကောင်းစရာပါလား၊ ဖြစ်မှဖြစ်ရလေတယ်'

ဟု တီးတိုးပြောသည်။

'သူ့မောင်ကော ဘယ်ရောက်နေလဲ'

'သူ့မောင်လား'

ဟု ကော်ကိုရန်က ရေရွတ်သည်။

'သူကတော့ သာသနာပြုလုပ်ငန်းကို ပြန်လုပ်နေတယ်။ နောင်တတွေ ရပြီး ဘုရားသခင်ရဲ့အလုပ်ကို ဖိလုပ်နေတယ်။ သူ့အစ်မဟာ သူ့ရဲ့ ဂုဏ် သိက္ခာကို ဆယ်ပေးဖို့ အသေခံသွားတာလို့လည်း အမြဲပြောတယ်။ သူ အခု ဆန်တာကရုဇ်မှာ အိမ်တစ်လုံးငှားပြီး လုပ်ငန်းလုပ်နေတာ'

ဟာဖေးသည် အချိန်အတော်ကြာမျှနှုတ်ဆိတ်နေသည်။ ထို့နောက်...

'ခင်ဗျားကကော ဘယ်လိုဖြစ်လာတာလဲ'

ဟု မေးသည်။

'အေးကွာ၊ ငါလည်း မင်းပြောသလိုပဲ ဖြစ်ချိန်တန်တော့ ဖြစ်လာရ တာပေါ့။ အခု ငါက မြို့စားကတော်ကြီးရဲ့ဂေဟာမှာ ဘဏ္ဍာစိုးအလုပ် ရတယ်ကွ'

ဟာဖေးက ပြုံးသည်။ ကော်ကိုရန်အတွက် သူ များစွာဝမ်းသာမိ သည်မှာ အမှန်။

'သိပ်ကောင်းတာပေါ့ဗျာ၊ ကျွန်တော် ခင်ဗျားအတွက် သိပ်ကိုပျော် သွားပြီ'

ဟု လှိုက်လှဲစွာ ပြောသည်။

ကော်ကိုရန်သည် ရင်ကိုကော့လိုက်သည်။

'ကဲ...လာ၊ ငါတို့သွားကြစို့။ ဟိုတယ်ကိုသွားမယ်'

'ဟိုတယ်ကို'

'အေးပေါ့ကွ၊ မင်းက ဒီထိုင်ခုံမှာ သင်္ဘောမလာမချင်း ထိုင်စောင့်နေမလို့လား။ မဖြစ်နိုင်တဲ့ကိစ္စကြီးပဲကွာ'

ကော်ကိုရန်သည် ပြောပြောဆိုဆို ဟာဗေး၏ လက်မောင်းကိုဆွဲ၍ ခေါ်သွားသည်။ ဟိုတယ်သို့ရောက်သည့်အခါ ဧည့်ခန်းမကြီးထဲသို့ ဝင်ထိုင်ကြသည်။ ကော်ကိုရန်သည် အလုပ်သမားအား အော်ကြီးဟစ်ကျယ် အော်ခေါ်သည်။

အပြေးအလွှားရောက်လာသည့် လူမည်းအလုပ်သမားအား ကော်ကိုရန်အား ဆီး၍ အမိန့်ပေးသည်။

'ဆာမိုက်ကယ်ဖီးလ်ဒင်းကို သွားပြောစမ်း၊ သူ့မှာ အဆင်ပြေတယ်ဆိုရင် ငါနဲ့ခဏတွေ့ပါရစေလို့၊ အလွန်အရေးကြီးတဲ့ကိစ္စတစ်ခုရှိနေလို့ပါလို့ပြော၊ ကြားလား'

'ဟုတ်ကဲ့ ခင်ဗျ'

ဟု အလုပ်သမားက ရိုသေကျိုးနွံစွာ ပြန်ပြောသည်။

ဟာဗေးသည် ထိုင်နေရာမှ အလန့်တကြား ခုန်ထလိုက်သည်။ စောစောက တည်ငြိမ်နေသောစိတ်သည် ပြန်လည်လှုပ်ရှားလာသည်။ ကော်ကိုရန်အား စူးစူးရဲရဲကြည့်နေသည်။

'သူတို့ ဒီမှာပဲရှိနေကြသေးတယ်ကွ။ မပြန်ကြသေးဘူး'

ဟာဗေး၏မျက်နှာသည် ဖြူရော်ရော်ဖြစ်သွားသည်။

'ကျွန်တော် သူနဲ့မတွေ့ချင်ဘူး၊ သူကလည်း ကျွန်တော်နဲ့ တွေ့ချင်မယ် မထင်ပါဘူး'

ဟု ဟာဗေးက ပြောသည်။

'အဲဒါ မင်းမှားတာပေါ့ ငါ့လူရာ'

ဟု ကော်ကိုရန်က ပြောသည်။

'သူက မင်းကို တွေ့ချင်မှာပေါ့။ မင်းက သူ့မိန်းမရဲ့ အသက်ကို

ကယ်တင်ထားတာပဲ။ သူကိုယ်တိုင်ကလည်း မင်းကို လိုက်ရှာခိုင်းနေတာ ငါသိထားတယ်။ သူကလည်း သဘောကောင်းတဲ့ လူတစ်ယောက်ပါကွာ။ သူက မင်းကို ကျေးဇူးဆပ်ချင်နေတာ'

'မလိုပါဘူးဗျာ'

'အဲသလိုပြောလို့ ဘယ်ဖြစ်မလဲကွာ၊ သူက မင်းကို ကျေးဇူးတင်နေတာပဲဟာ၊ ပြီးတော့လဲ'

သူသည် စကားကို ဆုံးအောင်မပြောနိုင်။ ဧည့်ခန်းထဲသို့ ဝင်လာသော လူတစ်ယောက်ကို မြင်လိုက်သဖြင့် ခေါင်းထောင်ကြည့်သည်။ ဝင်လာသူမှာ ဆာမိုက်ကယ်ဖီးလ်ဒင်းပေတည်း။

ဖီးလ်ဒင်းသည် အရပ်ထောင်ထောင်မောင်းမောင်း၊ ကိုယ်လုံးကိုယ်ထည် တောင့်တောင့် လူချောတစ်ဦး ဖြစ်သည်။ နှာတံပေါ်ပေါ်တွင် သပ်ရပ်စွာ ဖြီးထားသည့် ဆံပင်ကြောင့် မျက်နှာသည် ပိုပြင်ပေါ်လွင်လှပေသည်။ တကယ်တော့ သူ့မျက်နှာသည် တည်ကြည်ခံ့ညားပြီး ကျက်သရေရှိသော မျက်နှာ ဖြစ်သည်။

သူသည် ကျေနပ်အားရခြင်းနှင့် စိတ်လှုပ်ရှားခြင်းများကို ဖော်ပြနေသည့် မျက်နှာထားဖြင့် လက်တစ်ဖက်ကို ဆန့်တန်းကာ ဟာဗေးထံ လျှောက်လာသည်။ ဖီးလ်ဒင်းက အားရပါးရဆွဲခါသည်။ အတူတူတွဲ၍ထိုင်သည်။

'ကဲ...ခင်ဗျား နေ့လယ်စာ စားခဲ့ပြီးပြီလား'

ဟု တရင်းတနှီးမေးသည်။

'ဟုတ်ကဲ့၊ ကျွန်တော် စားခဲ့ပြီးပါပြီ'

ဟု ဟာဗေးက လိမ်ပြောသည်။

'ဒါဆိုရင်တော့ ကျွန်တော်တို့နဲ့အတူ ညစာစားပါ၊ မေရီလည်း ခင်ဗျားကိုတွေ့ရင် သိပ်ဝမ်းသာမှာပါ။ သူ့ကိုကြည့်ရတာ ခင်ဗျားအတွက် စိတ်ပူနေပုံပေါ်တယ်'

ဟာဗေး၏စိတ်သည် လှုပ်ရှားလျက်ရှိသည်။ ဖီးလ်ဒင်း၏အပြုအမူနှင့် ဆက်ဆံပုံများကို ကြည့်ကာ သူနားမလည်နိုင်အောင် ဖြစ်နေသည်။ သူ မျှော်လင့်ထားခဲ့သည်မှာ ဤပုံစံမျိုးမဟုတ်။ ဖီးလ်ဒင်း ဘာမှမသိလို့ဘဲ

လား၊ ဒါမှမဟုတ် သူ့လူတွေက ဘာမှပြောမထားလို့လား စသည်ဖြင့် တွေးသည်။ ဟာဗေးသည် သူ့စိတ်ကို မထိန်းနိုင်။

'ခင်ဗျားရဲ့မိတ်ဆွေ ကားက ကျွန်တော့်အကြောင်း ဘာမှ ပြောမထား ဘူးလား'

ဟု မေးသည်။

'ကားလား'

'ကားလား'

ဟု ဖီးလ်ဒင်းက ရေရွတ်ပြီး ရယ်သည်။

'ကျွန်တော်က သူ ဘာပြောပြော လွယ်လွယ်နဲ့ လက်ခံလေ့မရှိဘူး။ လူကတော့ လူကောင်းပါ။ မြင်းတစ်ကောင်ရဲ့ ကျောပေါ်ရောက်ရင် သိပ် တော်တဲ့ လူပေါ့။ ဒါပေမဲ့ စိတ်က သိပ်မတည်ငြိမ်ဘူး။ သူကျွန်တော့်ဆီ ရိုက်ခဲ့တဲ့ ကြေးနန်းတွေကြောင့် ကျွန်တော့်မှာ ခေါင်းတော်တော်ရှုပ်သွားခဲ့ ရသေးတယ်။

ကျွန်တော်က ကြေးနန်းတွေအကြောင်း မပြောပါဘူး။ ကျွန်တော် ပြောနေတာက တခြားကိစ္စတစ်ခုပါ'

တစ်ခဏမျှ တိတ်ဆိတ်သွားသည်။ ဟာဗေးသည် ဖီးလ်ဒင်းထံမှ အဖြေကို စောင့်နေသည်။ သို့သော်လည်း ဖီးလ်ဒင်းသည် သူ့မေးခွန်းကို အဖြေမပေးဘဲ ဟာဗေး၏မျက်နှာကို စူးစမ်းသည့် မျက်နှာထားဖြင့် စိုက် ကြည့်နေသည်။

'အင်း...ကော်လာကျတော့ ခက်တယ်'

ဟု ဖီးလ်ဒင်းက ရေရွတ်သည်။

'ဟုတ်တယ်၊ အဲဒါကျတော့ခက်တယ်။ ခင်ဗျား ဘယ်အရွယ်ဝတ် သလဲ။ ကျွန်တော့်အထင်တော့ ကျွန်တော့်ထက် တစ်လက်မလောက်ပဲ ငယ်မယ်လို့ ထင်တာပဲ'

'ကဲ...ထားပါတော့၊ ခင်ဗျားအတွက်က ဝတ်စုံလိုမယ်၊ ပြီးတော့ မုတ်ဆိတ်ရိတ်ဓား၊ အတွင်းခံ၊ သွားတိုက်ဆေး၊ အားလုံးလိုမှာပဲ။ အင်း... ကော်လာအရွယ်အစားတစ်ခုပဲ မသေချာတာ'

ထို့နောက်...

'ကျွန်တော် ခင်ဗျားအတွက် အခုအချိန်အထိ ကျေးဇူးတင်စကား မပြောရသေးဘူး'

ဟု ရေရွတ်သည်။

'မေရီ့အခြေအနေဟာ သိပ်ကိုကောင်းလာပါပြီ။ ခင်ဗျားကို သိပ်ကျေးဇူးတင်ပါတယ်။ ပါးစပ်နဲ့ ပြောမပြနိုင်လောက်အောင်ကို ကျေးဇူး တင်တာပါ။ မကြာခင် ပြန်နိုင်ကြတော့မှာပါ။ ကျွန်တော်တို့က လေယာဉ်နဲ့ ပြန်ကြမှာပါ။ အင်္ဂလန်ပြန်ရောက်ရင်တော့ ခင်ဗျား ကျွန်တော့်ရဲ့ဘတ်ဂ်ဒင်းဂေဟာကို မြင်ရဦးမှာပါ'

ဟာဖေးသည် မလှုပ်မယှက်ထိုင်ကာ နားထောင်နေသည်။ ဖြစ်ပွားခဲ့သည့် အခြေအနေကို ဖီးလ်ဒင်း မသိဘဲနေမည်မဟုတ်။ သိကို သိရမည်ဟု တွေးနေမိသည်။ ဖီးလ်ဒင်း၏မျက်နှာသည် ပြုံးလျက်ရှိ၏။ ထိုအပြုံးသည် ဟန်ဆောင်မှုကင်းသည့်အပြုံးဟု သူမထင်။ သူ့စိတ်ထဲက ဖီးလ်ဒင်းအား မုန်းချင်မိပါ၏။ သို့သော်လည်း မုန်း၍မရ။ နောက်ဆုံးတွင် ဟာဖေး၏ နှုတ်မှ စကားတစ်ခွန်း ထွက်လာသည်။

'ညစာစားဖို့ ဖိတ်တာကို လက်မခံနိုင်တဲ့အတွက် ကျွန်တော် ဝမ်းနည်းပါတယ်။ ပြီးတော့ ခင်ဗျားတို့က လေယာဉ်နဲ့ပျံကြမှာပါ။ ကျွန်တော်က သင်္ဘောနဲ့ ပြန်မှာ။ အင်္ဂလန်ရောက်တဲ့အခါမှာလည်း ကျွန်တော်တို့ ပြန်ဆုံမိဖို့ဆိုတာ မလွယ်ပါဘူး'

'ဟာဗျာ၊ အဲဒီလိုမပြောပါနဲ့'

ဟု ဖီးလ်ဒင်းက ပြောသည်။

'ခင်ဗျားက ဘာကြောင့် သင်္ဘောနဲ့ ပြန်ရမှာလဲ။ ခင်ဗျားပြန်ဖို့ သင်္ဘောက ဆောက်တောင် မဆောက်ရသေးဘူးဆိုတာ သိရဲ့လား'

ဖီးလ်ဒင်းက သူ့ပြက်လုံး သူသဘောကျပြီး ရယ်သည်။

'ခင်ဗျားတို့နဲ့အတူ လေယာဉ်နဲ့ ပြန်ရမှာပဲ'

ဟု ပြောကာ ဟာဖေး၏ ဒူးတစ်ဖက်ကို တရင်းတနှီးလှမ်းပုတ်သည်။

'ကဲဗျာ...ကျွန်တော်နဲ့လိုက်ခဲ့ပါတော့၊ ခင်ဗျားအတွက် အခန်းတစ်ခန်း

ရှိပါနေတယ်။ ခင်ဗျား ရေမိုးချိုးပြီး အဝတ်လဲဖို့ လိုပါလိမ့်မယ်။ ပြီးတော့မှ မေရီနဲ့ တွေ့ကြတာပေါ့'

သူစကားပြောနေခိုက်မှာပင် အီလစ်ဆာသည် အခန်းတွင်းသို့ ဝင်လာသည်။ သူ့နောက်မှပါလာသူများမှာ ကားနှင့်ဒစ်ဘင်း။ သူတို့သည် ဟာဖေးကို မြင်လိုက်သည့်အခါ တန့်ခနဲရပ်သွားကြသည်။ သူတို့အားလုံး အံ့အားသင့်နေကြသည်၊

အီလစ်ဆာက ဟာဖေး၏ မုတ်ဆိတ်မွေးများကိုကြည့်၍...

''မြင်ရတွေ့ရတာ ခမ်းနားလည်းခမ်းနားပါရဲ့၊ စိတ်လည်း လှုပ်ရှားလောက်ပါပေရဲ့'

ဟု သရော်သံဖြင့် ရေရွတ်သည်။

'ပြီးတော့ အာဇာနည်သူရဲကောင်းပုံလည်း ပေါက်နေတယ်'

ဟု ကားက နှာခေါင်းကိုရှုတ်၍ သရော်သည်။

'မင့်ပါးစပ်ပိတ်ထားစမ်း ကား'

ဟု ဖီးလ်ဒင်းက လှည့်ပြောသည်။

'မင်းအခုချက်ချင်း အလုပ်ပြုတ်သွားချင်သလား။ စတန့်ဖို့ဒ်ဆီကို သွားပြီး လေယာဉ်ပျံကိစ္စ စုံစမ်းပြီးပြီလား၊ မပြီးသေးဘူးလား။ ငါမေးတာကိုဖြေ၊ သောက်ရူး'

'ကျွန်တော် ရောက်ခဲ့ပြီးပါပြီ'

ဟု ကားက ဖြေသည်။

'အပြီးသတ်စရာတစ်ခုပဲ ကျန်ပါတော့တယ်။ အဲ...လာမယ့်အပတ်ထဲ တစ်ရက်ရက်မှာ ထွက်နိုင်ပါလိမ့်မယ်တဲ့'

'အင်း...တော်ပါသေးရဲ့'

ဟု ဒစ်ဘင်းက ပြောသည်။

'ကျုပ်တို့ မကြာခင် သားရဲတွင်းတစ်တွင်းနဲ့တူတဲ့ ဒီနေရာက လွတ်မြောက်တော့မယ်'

ဖီးလ်ဒင်းက လှည့်ကြည့်သည်။

'ခင်ဗျားက သဘော်နဲ့ပြန်ရမှာ ဒစ်ဘင်း'

'သဘော်ာနဲ့ဟုတ်လား'

'လေယာဉ်ပျံက လေယာဉ်မှူးစတန်းဖို့ဒ်အပြင် လေးယောက်ပဲ လိုက်လို့ရတာ'

'ဒါပေမဲ့ အခုရှိတာ ကျုပ်တို့အားလုံး လေးယောက်ပဲမဟုတ်လား။ ဟို...ဟို'

ဒစ်ဘင်းသည် ဟာဖေးအား တစ်ချက်လှမ်းကြည့်သည်။

ပြီးတော့ သူ့အကြည့်သည် ဖီးလ်ဒင်းထံ ရောက်သွားသည်။ အခြေအနေကို ဖြည်းဖြည်းချင်း သဘောပေါက်သွားဟန်ရှိ၏။ သူ့မျက်မှန် တစ်ဖက်သည် ကျွတ်ကျသွားသည်။ သူသည် အနီးရှိကုလားထိုင်တစ်လုံးပေါ်သို့ အရုပ်ကြိုးပြတ် ထိုင်ချလိုက်သည်။

အီလစ်ဆာက ဒစ်ဘင်း၏အဖြစ်ကိုကြည့်ပြီး ဟက်ဟက်ပက်ပက် ရယ်သည်။ သူသည် ကုလားထိုင်တစ်လုံး၏ လက်တင်ပေါ်၌ ထိုင်၍ စီးကရက်တစ်လိပ်ကို ဖွာနေသည်။ ဖီးလ်ဒင်းက ဟာဖေး၏ လက်မောင်းကို ဆွဲ၍ ထွက်သွားသည့်အခါ မော့်ကြည့်သည်။

'ရှင်က ဘယ်သွားဦးမလို့လဲ'

ဟု လှမ်းမေးသည်။

'နာလန်ထ လူမမာဆီ သွားမလို့လား'

'မဟုတ်ဘူး'

ဟု ဖီးလ်ဒင်းက ဖြေသည်။

'ကျွန်တော်တို့ အင်္ဂျင်နီယာကော်လာတွေ သွားကြည့်မလို့'

*

## [နှစ်ဆယ့်ရှစ်]

အင်ဂျင်နှစ်လုံးတပ် လေယာဉ်စက်သံသည် သီးခြားဖြစ်နေသော ခရီးသည်များအခန်းသို့ အနှောင့်အယှက်ဖြစ်လောက်အောင် ရောက်လာခြင်းမရှိ။

သူတို့လေယာဉ် တက်လာခဲ့သည်မှာ ကြာသပတေးနေ့ မွန်းတည့်ချိန်က ဖြစ်သည်။ ရာသီဥတု ကြည်လင်သာယာသောနေ့ဖြစ်၏။ နေလည်းသိပ်မပူပြင်းလှ။ ပင်လယ်ရေပြင်သည် စိမ်းရောင်သန်းလျက်ရှိသည်။ ထိုနေ့က ကောင်းကင်သို့ ထိုးတက်လာသော လေယာဉ်ပျံအား မာသာဟဲမင်းဝေးက သူ့တည်းခိုရိပ်သာပြတင်းပေါက်မှ ရပ်၍ ကြည့်နေခဲ့သည်။ လေယာဉ်ပျံကို မြင်သည့်အခါ သူ့အကျင့်ဝသီအတိုင်း…

‘အင်း…သွားကြပြီ၊ တို့ကိုတောင် တာ့တာလေး ဘိုင့်ဘိုင်လေး လုပ်မသွားကြဘူး။ တော်တော့ကို မိတ်ဆွေမပီသတဲ့လူတွေပဲ’

ဟု မှတ်ချက်ချသည်။

ထိုအချိန်က လေယာဉ်ပျံသံကို ကြားလိုက်ရသော ရောဘတ်ထရန်းတားသည်လည်း သူငှားထားသည့် သာသနာပြုခန်းမ ပြတင်းပေါက်မှ

ခေါင်းထွက်၍ ကောင်းကင်သို့ မော့ကြည့်သည်။

'သြော်…သူတို့သွားကြပါပေါ့လား'

ဟု ရေရွတ်သည်။

'ဒါပဲကောင်းပါတယ်လေ။ အို…အဖဘုရားသခင်၊ သူတို့ ပြန်သွားခြင်းဟာ တပည့်တော်ကို ဆင်းရဲဒုက္ခနဲ့ ရမက်ဆန္ဒတွေက လွတ်ကင်းအောင် လုပ်လိုက်ခြင်း ဖြစ်ပါတယ်။ တပည့်တော်ရဲ့ သာသနာပြုလုပ်ငန်းကို အောင်မြင်အောင် လွတ်လပ်စွာ လုပ်နိုင်ပါတော့မယ်'

လေယာဉ်ပျံထွက်ခွာသွားမည်ကို ကြိုတင်၍မသိသော လော့စ်ဆစ္စနက် ဂေဟာမှ လူများကတော့ လေယာဉ်ထွက်၍ ကြည့်ကြခြင်းမရှိ။ ထိုနေ့က လေယာဉ်ထွက်မည်ကို သိပါလျက်နှင့် လုံးဝ ထွက်မကြည့်သူမှာ ဟိုတယ်၌ သဘော်အလာကို စောင့်မျှော်ရင်း ကျန်ရစ်ခဲ့သည့် ဒစ်ဘင်း ဖြစ်သည်။

ပင်လယ်ပြင်ထက်သို့ ထိုးထွက်လာခဲ့သော လေယာဉ်သည် ကန့်ရေပြင်ပေါ်၌ ပေါက်နေကြသည့် ကြာပွင့်နှင့်တူနေသည့် ကျွန်းအလုနှင့် လျင်မြန်စွာ ဝေးကွာခဲ့ရ၏။

ထိုညက သူတို့လူစုသည် လစ္စဘွန်းမြို့၌ တစ်ညတာမျှ နားခဲ့ကြသည်။ နောက်တစ်နေ့တွင် လေယာဉ်သည် ကင်တာဗရီယန်အဲလိပ် တောင်တန်းများထောင့်မှကပ်ကာ ဘော်ဒီရော့စ်ပင်လယ်ကွေ့ပေါ်မှ ဖြတ်သန်းလာခဲ့သည်။ ထိုနေ့သည် နှစ်ရက်ခရီး၏ နောက်ဆုံးနေ့ ဖြစ်လေသည်။

ဖီးလ်ဒင်းသည် သူ့ပေါင်ပေါ် မြေပုံတစ်ချပ်ခင်းကာ ခရီးစဉ်ကို တွင်တွင်ပြောလာလျက်ရှိ၏။ ဘယ်အချိန် ဘယ်နေရာရောက်မည်၊ ဘယ်ဒေသကို ဖြတ်မည် စသည်များကိုလည်း ရှင်းပြလျက်ရှိသည်။ နောက်တန်းခုံ၌ ထိုင်နေသည့် ဟာဗေးကတော့ လေယာဉ်ပြတင်းမှနေ၍ အပြင်သို့ ကြည့်နေသည်။ အခုကျတော့လည်း တိမ်ထုသည် ခပ်ပါးပါး။ အောက်ဘက် ပင်လယ်ပြင်အထက်မှနေ၍ လွင့်မျောနေကြသည့် နေသည် ကြည်လင်တောက်ပလျက်ရှိ၏။

သူသည် မေရီအား တိတ်တခိုးလှမ်းကြည့်သည်။ မေရီသည် သူ့ရှေ့တည့်တည့်သို့ စူးစိုက်ကြည့်နေသည်။ ဒူးပေါ်တွင် တင်ထားသည့်

စာအုပ်ကို လက်ချောင်းများဖြင့် ပွတ်သပ်လျက်ရှိ၏။ အခုအချိန်ထိ မေရီ၏ အသားအရောင်သည် ဖြူရော်ဖျော့နေဆဲ။ အလွန်အမင်းပိန်လှီနေသေးသော်လည်း အခုလိုခရီးမျိုး သွားနိုင်လောက်အောင်တော့ ကျန်းမာနေပြီဖြစ်၏။

အခုကျတော့လည်း မေရီသည် ဟိုတုန်းကနှင့်မတူ၊ တည်ငြိမ်ရင့်ကျက်နေပြီဖြစ်သော အမျိုးသမီးတစ်ယောက်နှင့် တူနေသည်။

သူတိတ်တခိုးကြည့်နေသည်ကို မေရီ သိလေသလား၊ သူမပြောနိုင်။ လွန်ခဲ့သော နှစ်ရက်အတွင်းကရော ဆန်တာကရုဇ်၌ နေခဲ့ကြသည့် ငါးရက်အတွင်းကရော သူနှင့်မေရီသည် တစ်ယောက်မျက်နှာတစ်ယောက် မကြည့်ခဲ့ကြ။ အကြည့်ချင်းဆုံကြမည်ကို စိုးရိမ်ထိတ်လန့်သောစိတ်ဖြင့် အမြဲတစေသတိထား၍ ရှောင်ခဲ့ကြသည်။ နှစ်ယောက်တည်း ဆုံမိမည်ကိုလည်း ကြိုးစား၍ ရှောင်ခဲ့ကြသည်။

ဟာဗေးသည် မေရီအား ပါးစပ်အဟောင်းသားဖြင့် စိုက်ကြည့်လျက်ရှိသည်။ သူ့ရင်ထဲတွင် သူ့အား ပြန်ကြည့်စေချင်သောဆန္ဒ ပြင်းပြလျက်ရှိ၏။ သူ့အား တစ်ချက်ကလေး ပြန်ကြည့်လိုက်လျှင် လုံလောက်ပြီဟု သူယူဆပါ၏။ သို့သော်လည်း မေရီကတော့ သူ့အားမကြည့်။ နောက် ခဏမျှအကြာတွင် ဖီးလ်ဒင်းသည် လေယာဉ်မှူးအခန်းထဲမှ ပြန်ထွက်လာပြီး ဟာဗေး၏ဘေးတွင် ဝင်ထိုင်သည်။

'အောက်ဘက်မှာတော့ မြူတွေ ရှင်းသွားပြီ'

'ကျွန်တော်တို့ မကြာခင် ရေလက်ကြားကို မြင်ရတော့မယ်'

ဟာဗေးက ခေါင်းတစ်ချက်ညိတ်သည်။

'လေယာဉ်မှူး စတန်းဖို့ဒ်က ပြောတယ်၊ နောက်တစ်နာရီမကြာခင် ရောက်တော့မှာတဲ့။ ကျွန်တော်တို့ ဘက်ခ်ဒင်းကို ရောက်မှ လက်ဖက်ရည်သောက်ကြတာပေါ့'

ဟု ထပ်ပြောသည်။

အီလစ်ဆာသည် တစ်ချက်မျှ အားရပါးရသန်းလိုက်ပြီး...

'ဟို...ဒစ်ဘင်းဆိုတဲ့လူကြီးပါမလာတာ ပျင်းစရာပါ'

ဟု ပြောသည်။

ထိုအခါ ဖီးလ်ဒင်းက ရယ်သည်။

'အင်္ဂလန်ရောက်ရင် ခင်ဗျား ပျော်သွားမှာပါ။ အင်္ဂလန်ရဲ့ နွေဦးပေါက် ရာသီဟာ အလွန်သာယာတယ်ဆိုတာ ခင်ဗျားသိတာပဲ'

ဟု ပြောသည်။

'တော်စမ်းပါ၊ ထီးတွေဆောင်းပြီး သွားနေတဲ့လူတွေ၊ လေတိုက်လွန်းလို့ ကျိန်ဆဲနေရတဲ့ အသံတွေ၊ ပြီးတော့ လမ်းပေါ်မှာ တဝီဝီပြေးနေတဲ့ ဘတ်စ်ကားတွေ စဉ်းစားကြည့်လိုက်ရင် ဘယ်လောက်ထိ စိတ်ပျက်ဖို့ ကောင်းလဲ။

အဲ...စက်ခန်းလည်း ရှင်းသွားပြီ။ လေယာဉ်ကိုမောင်းပါ။ စတန်းဖို့ဒ်ကို ကျွန်မဆီလွှတ်လိုက်၊ သူကျွန်မကို ကြိုက်နေသလား ဘာလားဆိုတာ သိအောင် စုံစမ်းကြည့်ချင်လို့'

ဟုပြောကာ အီလစ်ဆာက ဟာဗေးအား မျက်စောင်းတစ်ချက်ထိုး ကြည့်သည်။

ဖီးလ်ဒင်းက စောစောကထက်ပို၍ ကျယ်လောင်သောအသံဖြင့် အော်ရယ်သည်။ ဟာဗေးအား လှည့်ကြည့်ပြီး...

'ခင်ဗျား ကြားလား၊ သူက ခင်ဗျားကို ဆွယ်နေတာ'

ဟု ပြောသည်။

မေရီကတော့ သူတို့ပြောဆိုနေကြသည့် စကားများကို မကြားသည့်နှယ် ငြိမ်ဆိတ်လျက်ရှိသည်။ သူ့မျက်နှာထားကလည်း လုံးဝပြောင်းလဲခြင်း မရှိ။ အီလစ်ဆာကတော့ မျက်လုံးများကိုပြူး၍ ဖီးလ်ဒင်းအား ကြည့်နေသည်။

ဖီးလ်ဒင်းက စီးကရက်ဘူးကိုထုတ်၍ ဟာဗေးအား လှမ်းပေးသည်။ ဟာဗေးက ခေါင်းခါသည်။

'ကျွန်တော်က အိမ်ကို မြန်မြန်ရောက်ချင်ပြီ'

ဟု ဟာဗေးက ပြောသည်။

'ကျွန်တော့်ရဲ့ ဘတ်ခ်ဒင်းဂေဟာကို ပြချင်လွန်းလို့ပါ။ အိမ်ကတော့

တခမ်းတနားပဲ။ ကျွန်တော်ဆောက်ထားတဲ့ သူဆင်းရဲရိပ်သာ အဆောက် အအုံသစ်ကိုလည်း ပြချင်တယ်။ ဒါက ကျွန်တော့်ဝါသနာပဲ။ ဒီလိုရိပ်သာ မျိုး လုပ်ပေးရတာ ဝါသနာကိုပါတယ်'

ဟာဖေးသည် သူ့နားများကို ပိတ်ထားချင်လှပါ၏။ အခုဆိုလျှင် ဖီးလ်ဒင်းအကြောင်း သူကောင်းကောင်းသိနေပြီ။

'ဖီးလ်ဒင်းသည် လူကြီးလူကောင်းတစ်ယောက် ဖြစ်ပါ၏။ လူကြီး လူကောင်းဆိုသော စကားလုံးသည် မည်သည့်အဓိပ္ပာယ်ကို ဆောင်ပါ သနည်း။

သူနားလည်သဘောပေါက်သလောက် ပြောရလျှင် လူကြီးလူကောင်း တစ်ယောက်ဖြစ်သော မိုက်ကယ်ဖီးလ်ဒင်းသည် မည်သည့်အရာကိုမှ အလေး အနက်ထားပုံမရ။ အလေးအနက်ထားဖို့ဆိုသည်မှာလည်း သူ့အတွက် ဖြစ် နိုင်ပုံမပေါ်။ သူသည် ပဋိပက္ခဝင်လာလျှင် ချက်ချင်း လက်မြှောက် အရှုံး ပေးကာ ရယ်စရာလုပ်ပစ်လိုက်သည်။ ပြီးတော့ ချက်ချင်းမေ့ပစ်သည်။

သူ့တွင် မနာလိုဝန်တိုစိတ်လည်းမရှိ။ မနာလိုဝန်တိုတတ်သည့်သဘော ကိုလည်း သူ လုံးဝနားလည်ပုံမရ။ ဤအတွက် ဟာဖေးသည် ရက်ပေါင်း များစွာ စဉ်းစားရခက်နေခဲ့၏။ အခုကျတော့လည်း သူသည် ဖီးလ်ဒင်း ၏ အခြေခံစိတ်သဘာဝကို ကောင်းစွာနားလည်ခဲ့ရလေပြီ။ တကယ်တော့ ဖီးလ်ဒင်းအဖို့ အချစ်ဟူသောအရာသည် အဓိပ္ပာယ်မရှိ။ မေရီအား သူ ရယူထားခြင်းသည် တကယ်တန်း ချစ်၍မဟုတ်။ ခင်မင်နှစ်သက်မှုကို အဓိကပြု၍ ရယူထားခြင်းသာဖြစ်သည် မဟုတ်ပါလား။

'ဒီမယ်...ဖီးလ်ဒင်း၊ ကျွန်တော်နဲ့ ခင်ဗျားမိန်းမမေရီတို့ ချစ်နေကြ တယ်'

ဟု မျက်နှာကို စေ့စေ့ကြည့်၍ ပြောလိုက်ချင်စိတ်သည် ဟာဖေး၏ စိတ်ထဲတွင် မကြာခဏပေါ်လာခဲ့ဖူးသည်။ သို့သော်လည်း ပြော၍အကြောင်း ထူးလာစရာမရှိဟုပင် သူထင်၏။ အကယ်၍ ပြောလိုက်ပြီဆိုပါကလည်း သိပ်ပြီးအရေးထားမည့်ပုံမပေါ်။ သူ့စကားကြားလျှင် အော်၍ရယ်မည်။ ကိုယ့်လူကလည်း ဒါအဆန်းလား။ သူက ဆွဲဆောင်မှုရှိနေတော့ ကြိုက်မှာ

ပေါ့။ ကြိုးစားကြည့်လေ'ဟု ပြောမည်။ ဟာဖေးကတော့ ထိုကဲ့သို့ပင် တွေးမိ၏။

ဖီးလ်ဒင်းသည် သူ့လက်ထဲမှ စီးကရက်ကို ထိုးချေလိုက်ပြီး မေရီဘက် လှည့်၍...

'ဘယ်လိုလဲ၊ ပင်ပန်းနေပြီလား'

ဟု မေးသည်။

'မေရီက ခေါင်းခါသည်။

'မကြာတော့ပါဘူးကွာ၊ ရောက်တော့မှာပါ'

ဟု ဖီးလ်ဒင်းက ပြန်ပြောကာ ပြတင်းပေါက်မှ အပြင်သို့ ခြောင်း ကြည့်သည်။

'ဟော...ရောက်တောင်ရောက်နေပြီ။ စတန်းဖို့ဒ်က လေယာဉ်ကို ဆင်းဖို့ လုပ်နေပြီ'

နောက်ငါးမိနစ်ခန့်မျှအကြာတွင် လေယာဉ်သည် ရေပြင်သို့ ဆင်း သည်။ တစ်ချက်နှစ်ချက်မျှ ငြိမ့်ခနဲဖြစ်သွားပြီးနောက် လေယာဉ်ပျံသည် ရပ်သွားသည်။ တစ်ခဏမျှအကြာတွင် လေယာဉ်မှူး စတန်းဖို့ဒ်သည် စက် ခန်းထဲမှ ထွက်လာသည်။ ထိုခဏမှာပင် ကမ်းခြေဘက်မှ မော်တော်တစ်စီး သည် လေယာဉ်ပျံဘက်သို့ ဦးတည်ပြီး လာနေသည်ကို မြင်ရသည်။

'ဟိုမှာကြည့်စမ်း၊ မာတင်လာနေပြီ'

ဟု ဖီးလ်ဒင်းက သင်္ဘောဆီသို့ လက်ညှိုးထိုးပြပြီး ပြောသည်။ မေရီက ခေါင်းညိတ်သည်။ မကြာခင်မှာပင် လေယာဉ်ပျံခရီးသည်များအား သယ်ဆောင်လာသည့် မော်တော်သည် ဆိပ်ခံဖောတံတားဟောင်းတစ်ခု အနီးတွင် ဘေးချင်းကပ်၍ ရပ်သည်။

ထို့နောက် ဆိပ်ကမ်းတွင် အသင့်ရပ်ထားသည့်ကားပေါ်သို့ ရောက် ကြသည်။ ကားမှာ နက်ပြာရောင် ရိုးလ်ရွိုက် ဖိမ်ခံကား ဖြစ်သည်။ ကား သည် ချက်ချင်းပင် မြို့တွင်းမှဖြတ်၍ ထွက်လာခဲ့သည်။ တောပိုင်းဒေသ မြင်ကွင်းများသည် ရင်သပ်ရှုမောအံ့သြဖွယ်ကောင်းလောက်အောင် လှပကြ သည်ကို ဟာဖေး သတိထားမိသည်။ သူထိုင်နေသည်မှာ မေရီ၏ဘေးတွင်

ဖြစ်သည်။ လူချင်းနီးကပ်လွန်းသဖြင့် မေရီ၏လှုပ်ရှားမှုများကို သူကောင်းစွာ သိနေသည်။ မေရီ၏ ပါးနှစ်ဖက်သည် နီးမြန်းလျက်ရှိသည်။ မေရီသည် သူ့အား လှည့်မကြည့်။ ဟာဖေးအား မသိဟန်ပြုကာ ရှေ့တည့်တည့်သို့ စိုက်ကြည့်လာသည်။

မေရီသည် တစ်စုံတစ်ခုအတွက် စိုးရိမ်ကြောင့်ကျနေဟန်ရှိ၏။ သူသည် တီးတိုးလေသံဖြင့် ဖီးလ်ဒင်းအား လှမ်းမေးသည်။

'အိမ်ရောက်ရင် လူတွေအများကြီးနဲ့ တွေ့ရဦးမှာလား'

'မတွေ့ရပါဘူးကွာ'

ဟု ဖီးလ်ဒင်းက ဖြေသည်။

'မင်း နားရဦးမှာပေါ့၊ မင်းနေကောင်းလာမှ ပါတီပွဲလုပ်ရမယ်'

မော်တော်ကားသည် ရွာကလေးတစ်ရွာအတွင်းမှ ဖြတ်လာခဲ့သည်။ ရွာထဲမှ ကလေးအချို့သည် ဆူညံစွာ အော်ဟစ်ပြီး မော်တော်ကားနောက်မှ ပြေးလိုက်လာကြသည်။ ပြီးတော့ မော်တော်ကားရှေ့မှ ဖြတ်ပြေးသည့် ဘဲ တစ်အုပ်။ ထို့နောက် မော်တော်ကားသည် တောင်ကုန်းအမြင့်ပေါ်ရှိ ဘတ်စ်ဒင်းဂေဟာသို့ ဆိုက်ရောက်သွားသည်။ ဘတ်စ်ဒင်းဂေဟာသည် အိမ်နှင့် မတူ။ အဆောက်အအုံကြီးမားလှ၏။ ခမ်းနားကြီးကျယ်လှပါဘိခြင်း။

အိမ်ရှေ့ ဆင်ဝင်အောက်တွင် မော်တော်ကား ရပ်သည်။ အိမ်ထဲမှ အိမ်စေတစ်ယောက် ပြေးထွက်လာသည်။ ထို့နောက် အိမ်စေများနောက်မှ ခုန်ပေါက်ပြေးလွှားနေကြသည့် ခွေးဆယ့်နှစ်ကောင်။

*

[နှစ်ဆယ့်ကိုး]

နောက်တစ်နေ့ညတွင် ညစာစားပွဲပြုလုပ်သည်။ အစားအစာများမှာ အဆမတန်စုံလင်လှ၏။ ဟာဖေးသည် စားပွဲပေါ်၌ တင်ထားသမျှကို မစားနိုင်။ တစ်မျိုးနှစ်မျိုးလောက်သာ စားနိုင်သည်။ စားသမျှမှာလည်း အရသာမရှိလှ။ သူသည် မေရီအား သတိထား၍ကြည့်သည်။ မေရီသည် သူ့ရှေ့မှ အစားအစာတစ်မျိုးတည်းကိုသာ စားသည်။ ညစာစားအပြီးတွင် သူတို့အားလုံး ဧည့်ခန်းထဲ၌ ထိုင်နေကြသည်။

ဟာဖေးသည် အခန်းထောင့်တစ်ထောင့်ရှိ ကုလားထိုင်တွင်ထိုင်လျက်ရှိသည်။ မေရီသည် သူနှင့်မလှမ်းမကမ်း၌ ထိုင်နေသည်။ ဖီးလ်ဒင်းနှင့် အီလစ်ဆာတို့သည် ဆိုဖာတစ်လုံးပေါ်၌ အတူတွဲ၍ ထိုင်ကာ စကားပြောလျက်ရှိကြသည်။

'ဒီနေ့မနက် အိပ်ရာကနိုးလာတော့ ပျင်းလိုက်တာအလွန်ပဲ'

ဟု အီလစ်ဆာက ပြောသည်။

'ဟိုမှာတွေ့ခဲ့ရတဲ့ သာသနာပြုဆရာကို သတိရလိုက်တာ၊ ဒီလူတော့ အတွေ့အကြုံကောင်းတစ်ခုကို ရသွားတာပဲ'

ဆောင်းမီးဖိုဆီမှ ထင်းတုံးကို ငေးကြည့်နေသော မေရီက ...

'သူ့အစ်မတစ်ယောက်ကိုကော ရှင်သတိမရဘူးလား'

ဟု မေးသည်။

စီးကရက်တစ်လိပ်ကို လှမ်းယူနေသော အီလစ်ဆာက...

'ခွတီးခွကျမေးခွန်းမျိုး မမေးပါနဲ့ မေရီရယ်၊ မင်းက ကိုယ့်ကိုယ်ကို စိတ်ဓာတ်ကျအောင် လုပ်ချင်နေသလား'

ဟု ပြောသည်။

'ဒီကိစ္စက ပြီးသွားပြီပဲ'

မေရီ ဘာမှ ပြန်မပြော။ သူသည် စိတ်မဝင်စားသည့် မျက်နှာထားနှင့် မီးဖိုဆီသို့ ငေးကြည့်နေသည်။ ဟာဖေး၏ ရင်ထဲတွင် စကားတစ်ခွန်း ပြောချင်စိတ် ပြင်းထန်လာသည်။

'ခင်ဗျားဟာ အမြဲပျင်းနေတာပဲ။ အပြောင်းအလဲဖြစ်အောင် ဘာကြောင့် အလုပ်ကလေးတစ်ခု မလုပ်တာလဲ'

အီလစ်ဆာ၏ မျက်လမဉ်းများ ပြူးကျယ်လာသည်။ ဟာဖေး၏ မျက်နှာကို လှမ်းကြည့်ပြီး...

'အလုပ် ဟုတ်လား၊ ဘာလုပ်ရမှာလဲ'

ဟု ပြန်မေးသည်။

ဖီးလ်ဒင်းက ပါးစပ်တွင်ကိုက်ထားသည့် ဆေးပြင်းလိပ်ကို ယူလိုက်ပြီး...

'ကျွန်တော်တို့ လုပ်နိုင်သလောက်တော့ လုပ်နေကြတာပဲ'

ဟု ဝင်ပြောသည်။

'ခင်ဗျားတို့ လုပ်နေကြတာ ဘာတွေလဲ၊ အိမ်ထဲမှာ ထိုင်တယ်၊ စားတယ်၊ အိပ်တယ်၊ စိတ်အပြောင်းအလဲဖြစ်ဖို့အတွက် ပါတီတွေလုပ်တယ်။ ပျော်ပွဲရှင်ပွဲတွေသွားမယ်။ ဒါတွေပဲမဟုတ်လား။ အီလစ်ဆာကတော့ ချစ်သူတွေရှာတယ်၊ တစ်ယောက်ပြီးတစ်ယောက် လဲတွဲတယ်၊ ဒါပဲမဟုတ်လား'

အီလစ်ဆာသည် မေရီအား တစ်ချက်ခိုးကြည့်သည်။ ထို့နောက် ခြောက်ကပ်ကပ်လေသံဖြင့် ရယ်သည်။ ပြီးတော့ မလိုတမာလေသံဖြင့်...

'ဒီမိုကရေစီလေတော့ လိုက်နေပြီ'

ဟု ပြောသည်။

အခန်းထဲတွင် ငြိမ်ဆိတ်သွားသည်။ ဖီးလ်ဒင်းက ထိုင်ရာမှ ထ၍...

'ကဲပါလေ ကျွန်တော်တို့ တစ်ခုခုလုပ်ကြတာပေ့ါ။ ဘိလိယက်ထိုးကြမယ်။ ကျွန်တော် ဘိလိယက်ခုံကို သွားကြည့်လိုက်ဦးမယ်။ ခင်ဗျားတို့ ခဏနေရင် လိုက်ခဲ့ကြပေ့ါ'

ဟု ပြောကာ အခန်းထဲမှ ထွက်သွားသည်။

အီလစ်ဆာသည် ဟာဗေးနှင့် မေရီတို့အား တစ်ချက်လှမ်းကြည့်ပြီး ပြုံးသည်။ ထို့နောက် တစ်ချက်မျှ အားရပါးရ သန်းကာ အခန်းထဲမှ ထွက်သွားသည်။

အခန်းထဲတွင် သူတို့နှစ်ယောက်တည်းသာ ကျန်ခဲ့သည်။ လော့စ်ဆစ္စနက်ဂေဟာမှ ထွက်လာပြီးကတည်းက အခုတစ်ကြိမ်သည် ပထမဆုံးအကြိမ် နှစ်ယောက်တည်း ဆုံမိကြခြင်းဖြစ်သည်။ လုံးဝ မမျှော်လင့်ဘဲ ဆုံမိကြခြင်းဖြစ်၍ မေရီသည် တစ်ကိုယ်လုံး တုန်ယင်လျက်ရှိသည်။ သူသည် အနည်းငယ်လှုပ်ရှားရမည်ကိုပင် ကြောက်ရွံ့နေသည့်နှယ် ငြိမ်ဆိတ်နေသည်။

အချိန်အတော်ကြာသည့်အခါကျမှပင် သူသည် ဟာဗေးအား မော့ကြည့်သည်။ သူ့မျက်လုံးများသည် စိတ်ထိခိုက် ကြေကွဲခြင်းကို အထင်အရှား ဖော်ပြနေကြသည်။ မီးဖိုဆီမှ မီးရောင်သည် သူ့ဆံပင် သူ့လည်ပင်းနှင့် လက်မောင်းများပေါ် ကျရောက်လျက်ရှိသည်။ သူ့မျက်နှာကတော့ အခုအချိန်ထိ ဖြူရော်ဖျော့တော့နေဆဲ။ သူ့နှုတ်ခမ်းများသည် တုန်ယင်လှုပ်ရှားနေကြသည်။ ဟာဗေးသည် စကားတစ်ခွန်းမှမပြော။ မေရီ့မျက်လုံးအစုံကိုသာ စူးစူးစိုက်စိုက်ကြည့်နေသည်။

'အားလုံးကို ရေရှည်ဖုံးကွယ်ထားရတာ မကောင်းပါဘူး'

ဟု မေရီက တိုးတိုးညင်းညင်းပြောသည်။

'မေရီတို့အနေနဲ့ အားလုံးကို အရှိအတိုင်း ရင်ဆိုင်ကြရတော့မှာပဲ။ အခုဆိုရင် မေရီ့အကြောင်းကို ရှင်ပိုပြီးသိလာပြီမဟုတ်လား။ မေရီ ဒီမှာနေရတာ စိတ်ရောကိုယ်ပါ မလွတ်လပ်ဘူး။ မွန်းကျပ်နေတာပဲ။ ဒါကြောင့်မို့လည်း မေရီ ဒီနေရာနဲ့ဝေးရာကို ပြေးချင်နေတာပါ။ အီလစ်ဆာပြောနေတဲ့ သရော်သလို ပြောင်သလို စကားတွေကို ရှင်ကြားနေတာပဲ။ မေရီ့အနေနဲ့ ဒီမှာရှိနေသမျှ အရာအားလုံးကို မမက်မောတာအမှန်ပါ'

'ရှင် စောစောက ပြောခဲ့တဲ့စကားဟာ သိပ်မှန်ပါတယ်။ အလုပ်တစ်ခုခု လုပ်နေပါလားဆိုတဲ့ စကားလေ။ မေရီ့စိတ်ကို လှုပ်နှိုးလိုက်သလို ခံစားရတဲ့စကားပါ။ သူများက တယုတယပြုစုယုယတာတွေ အလုပ်အကျွေး ပြုနေတာတွေကို ခံယူနေတဲ့ မိန်းကလေးအဖြစ်ကို မရပ်ပစ်ရင် မဖြစ်တော့ဘူး။ အခုဆိုရင် မေရီဟာ ရင့်ကျက်တဲ့ မိန်းမတစ်ယောက် ဖြစ်လာပါပြီ။ မေရီ တစ်ခုခုလုပ်ချင်တယ်။ သူတစ်ပါးကို တစ်ခုခုပေးချင်တယ်။ ဒါမှလည်း မေရီ့အနေနဲ့ တစ်ခုခုကို ပြန်ရမှာပေါ့'

မေရီ ဖီးလ်ဒင်းနဲ့ လက်ထပ်တော့ အသက်ဆယ့်ရှစ်နှစ်ပဲ ရှိသေးတယ်။ လောကကြီးအကြောင်းကို ဘာမှမသိဘူး။ မေရီ သူ့ကို သဘောကျတာနဲ့ လက်ထပ်လိုက်တာပဲ။ သူကလည်း အတွေအထူး ဘာမှမမေးဘူး။ ဒါပေမဲ့ ဟာဗေးရယ်၊ ရှင်မြင်တဲ့အတိုင်းပဲ သူဟာ မေရီ့အပေါ် ကောင်းရှာတယ် မဟုတ်လား။

အို…မေရီဘာလုပ်ရမလဲ၊ မေရီလေ၊ ရှင့်ကိုသိပ်ချစ်တယ်။ ဒါပေမဲ့ ဘယ်လိုလုပ်ရမလဲဆိုတာ မသိဘူး'

'ကိုယ် လော့စ်ဆစ္စနက်ဂေဟာကို ရောက်တုန်းက မင်းလိုက်လာခဲ့တယ်နော်'

ဟု ဟာဗေးက ပြောသည်။

'မေရီ သိပါတယ်၊ ဟုတ်ပါတယ်။ လိုက်လာခဲ့ပါတယ်'

ဟု ပြောသည်။

'ဒါပေမဲ့ နောက်ပိုင်းမှာ မေရီ ဒါကို မစဉ်းစားတော့ဘူး။ အို… မေရီဖျားနေလို့ လာမိတာလား၊ အတွင်းစိတ်ရဲ့ တွန်းအားကြောင့် လာမိ

တာလားဆိုတာ မစဉ်းစားတတ်တော့ပါဘူး'

ဟာဇေးသည် ငြိမ်နေသည်။

'မင်းသိပါတယ် မေရီ'

ဟု ပြောသည်။

'အိုကွယ်၊ ကိုယ်တို့နှစ်ယောက်စလုံး သိနေကြပါတယ်။ ကိုယ်တို့နှစ်ယောက်ကို ပေါင်းစည်းမိအောင် တစ်စုံတစ်ခုသောအရာက လုပ်နေသလိုပါ'

'မေရီသိပါတယ်၊ သိတာလည်း ကြာလှပါပြီ။ ဟိုး လွန်လေပြီးသော အခါကတည်းက သိတာပါ။ မေရီ့ကို ရှင်ကလွဲပြီး ဘယ်သူမှ မပိုင်ပါဘူး။ ဒါပေမဲ့ အဲဒီနေရာမှာ ဘာလုပ်ရမလဲ၊ မေရီ့မှာ မေရီ လုပ်ချင်သလို လုပ်နိုင်တဲ့ လွတ်လပ်မှုက မရှိပါဘူး။ အို...မေရီ မိုက်ကယ်ဖီးလ်ဒင်းကိုလည်း စိတ်ထိခိုက်အောင် မလုပ်ရက်ဘူး'

'မင်းလုပ်လိုက်ရင် သူ့မှာ အလွန်အမင်း စိတ်ထိခိုက်သွားလိမ့်မယ်လို့ ထင်ထားသလား မေရီ'

'မေရီ မပြောတတ်ဘူး၊ တွေးလည်း မတွေးနိုင်တော့ဘူး။ သူကတော့ နားလည်မှာမဟုတ်ဘူး၊ ရယ်မှာပဲ။ မေရီ သူ့ကို ဘာမှမပြောဘဲ ဝေးရာကို ထွက်သွားမှ ကောင်းမှာပါ။ အခုလို အရှုံးပေးတာဟာ သတ္တိနည်းတာလား'

'အို...မေရီ တွေးခဲ့ပါတယ်။ ချစ်သူတွေရှာပြီး ထည်လဲတွဲနေကြတဲ့ မိန်းမတွေကို မေရီ တွေ့ခဲ့ဖူးပါတယ်။ သိပ်ကို အရုပ်ဆိုး အကျည်းတန်တဲ့ လုပ်ရပ်တွေပါ။ မေရီ သိပ်ကို စက်ဆုတ်ပါတယ်။ မေရီ့အနေနဲ့ စံပြ အိမ်ထောင်ရှင်မျိုးပဲ ဖြစ်ချင်ပါတယ်။

ဒါပေမဲ့ အခုတော့ အို...အားလုံးမှားနေသလိုပါပဲ။ ရှင်မရှိတဲ့ဘဝမှာ မေရီ နေရမှာလား။ ဒါဆိုရင် ဘယ်လိုနေရမှာလဲ'

ဟာဇေးသည် မေရီ့လက်ကို တယုတယ ဆွဲယူလိုက်သည်။

'မင်းမှာ မကောင်းတဲ့စိတ်မရှိပါဘူး။ ကိုယ် မင်းကိုချစ်တယ် မေရီ'

ဟု တိုးတိုးပြောသည်။

မေရီက မော့ကြည့်သည်။

‘မေရီကလည်း မောင့်ကို ချစ်တာပါပဲ’

ဟု ပြန်ပြောသည်။

ထိုအခိုက်တွင် အခန်းတံခါးသည် ပွင့်သွားသည်။ ဝင်လာသူမှာ ဖီးလ်ဒင်း ဖြစ်သည်။ ဘီလိယက်ကျူတံတစ်ချောင်း ကိုင်ထားသည်။ သူသည် ဟာဗေးတို့အား ကြည့်နေရာမှ ချောင်းတစ်ချက် ဟန့်လိုက်ပြီး ပြုံးသည်။

‘ကဲ...လာကြ ကစားကြမယ်။ အီလစ်ဆာကတော့ အသင့်ပဲ’

ဟာဗေးနှင့် မေရီတို့က ဘာမှမပြောဘဲငြိမ်နေကြသည်။ ဖီးလ်ဒင်းကတော့ အပြုံးမပျက် ဆက်၍ကြည့်နေသည်။

‘မေရီ သိပ်ပင်ပန်းနေတယ် အိပ်ရာစောစောဝင်ချင်တယ်’

‘အို...ဟုတ်သားပဲ’

ဟု ဖီးလ်ဒင်းက ရေရွတ်သည်။

‘ကိုယ်မေ့သွားတယ်၊ မင်း နေကောင်းပြီးစပဲ’

ဖီးလ်ဒင်းက ပြောပြောဆိုဆို မေရီ့လက်ကိုဆွဲ၍ ခေါ်သွားသည်။

ဟာဗေးသည် မလှုပ်မယှက်ရပ်ကာ ပိတ်သွားသည့် တံခါးဆီသို့ တွေဝေငေးမောလျက်ရှိသည်။ သူတစ်နေရာရာသို့ သွားပါမှ ဖြစ်တော့မည်။ သူသည် ပြတင်းပေါက်တစ်ပေါက်ကို ဖွင့်ကာ ကျော်ဆင်းသည်။ နှင်းများကျထားသည့် မြက်ခင်းပြင်ပေါ်မှ ဖြတ်လျှောက်သည်။

အပြင်မှ အေးမြသော လေသည် သူ့ခန္ဓာကိုယ်အား အေးမြခြင်းကို မပေးနိုင်။ သူ့နောက်၌ ကျန်ရစ်ခဲ့သော အိမ်ကြီးသည် သူ့အား ခုန်အုပ်ရန် တာစူနေသည့် ထူးဆန်းသော သတ္တဝါကြီးတစ်ကောင်နှင့် တူလျက်ရှိလေသည်။

သူသည် လမ်းမကြီးပေါ်သို့ ရောက်လာသည်။ ဦးခေါင်းကို ငုံ့၍ လမ်းဆက်လျှောက်သည်။ ရုတ်တရက် မီးရထားဥသြသံကြောင့် ဖြတ်ခနဲ ခေါင်းထောင်ကြည့်သည်။ ဘူတာတွင်းသို့ ဝင်လာနေသည့် ရထားတစ်စီး၊ သူသည် ရထားဆီသို့ ပြေးသည်။ သူရောက်သွားချိန်တွင် မီးရထားသည် ဘူတာအတွင်းမှ ထွက်စပြုပြီ။

သူသည် ရထားပေါ်သို့ ခုန်တက်လိုက်သည်။ သူ့ခန္ဓာကိုယ်သည် ရထားတွဲ၏ ထောင့်တစ်ထောင့်ထဲသို့ အရှိန်ဖြင့် ဝင်ရောက်သွားသည်။ မီးရထားသည် အမှောင်ထုကို ဖြတ်သန်းကာ အရှိန်ပြင်းစွာ ခုတ်မောင်းသွား လျက်ရှိသည်။ ဟာဗေးကတော့ သူရောက်သည့်နေရာတွင် ငြိမ်ဆိတ်စွာ ထိုင်လျက်။

*

## [သုံးဆယ်]

ငြိမ်ဆိတ်နေသောအခန်းထဲတွင် မီးဖိုထဲမှ ကျော့က်မီးသွေး ပေါက်သံသည် ရံဖန်ရံခါ ပေါ်လာတတ်သည်။ ဟာဇေးငှားထားသည့် အိမ်ဧည့်ခန်းထဲတွင် ဖြစ်သည်။ အစ္စမေးသည် ကုလားထိုင်တစ်လုံးပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ကာ ဟာဇေးအား လှမ်းကြည့်သည်။

ဘတ်စ်ဒင်းဂေဟာမှ ဟာဇေး ထွက်ခွာလာပြီးသည့်နောက် ကြာသပတေးနေ့ ညပိုင်း ဖြစ်သည်။ အပြင်ဘက် ဗင်းဆင့်လမ်းပေါ်တွင် မြစ်ဘက်မှ တက်လာသော မြူများ ဖုံးလွှမ်းလျက်ရှိသည်။ တစ်ခါတစ်ရံတွင် အဝေးမှ သွားလာလှုပ်ရှားနေကြသည့် မော်တော်ကားသံများကို ခပ်သဲ့သဲ့ ကြားနေရသည်။ တိုင်ကပ်နာရီဆီမှ နာရီထိုးသံ ဆယ်ချက်တိတိ ထွက်ပေါ်လာသည်။

'ခင်ဗျား အလျင်ကနဲ့စာရင် စကားတော်တော်ပြောလာတယ်လို့ ကျွန်တော်ထင်တယ်'

ဟု အစ္စမေးက ပြောသည်။

'ဒါပေမဲ့ တစ်ဝက်လောက်ကိုတော့ ချန်ထားသေးတယ်လို့ ကျွန်တော် ထင်တာပဲ'

'မချန်ပါဘူး'

ဟု ဟာဖေးက ပြန်ပြောသည်။

'ခင်ဗျားအနေနဲ့ ထူးဆန်းတဲ့အတွေ့အကြုံလည်း ရခဲ့ပုံပေါ်တယ်'

ဟာဖေးက အဖြေမပေး။ အခန်းထဲတွင် တိတ်ဆိတ်လျက်ရှိပြန်သည်။ အစ္စမေးသည် စကားပြောလိုစိတ် ရှိနေသေးသဖြင့် ဟာဖေး၏မျက်နှာကို အကဲခတ်သည်။ ဟာဖေးကတော့ မတုန်မလှုပ်။ အစ္စမေးကို မကြည့်ဘဲ အဝေးတစ်နေရာသို့ လှမ်းမျှော်ကြည့်နေသည်။

အစ္စမေးသည် ဟာဖေး၏ အခြေအနေကိုကြည့်၍ နောက်ထပ် ဘာမှ မမေးတော့ဟု ဆုံးဖြတ်လိုက်သည်။ အရေးကြီးသည်မှာ ဟာဖေးပြန်ရောက်လာဖို့ပင် ဖြစ်သည်။ အခုဆိုလျှင် ဟာဖေးပြန်ရောက်လာပြီ။ ကျန်းကျန်းမာမာနှင့် ပြန်ရောက်လာခြင်းဖြစ်၍ လုပ်သင့်လုပ်ထိုက်သည့် အလုပ်များကို ပြန်၍စနိုင်ပေတော့မည်။

'ခင်ဗျား ဘာတွေတွေးနေတာလဲ ဟာဖေး'

ဟု အစ္စမေးက မေးသည်။

ဟာဖေးက ပြုံးသည်။

'ကျွန်တော့်မိတ်ဆွေ ကော်ကိုရန်ကပြောတယ်၊ ပလေတိုဟာ အလွန့်ကိုတော်တဲ့ ပုဂ္ဂိုလ်ကြီးတဲ့။ မင်းအားတဲ့အချိန်မှာ သူ့စာအုပ်တွေကို ဖတ်သင့်တယ်တဲ့။ ကျွန်တော် သူ့စကားကို သတိရလို့ပါ'

'ခင်ဗျားရဲ့အခြေအနေဟာ ပြောင်းသွားပြီ။ အရင်ကနဲ့ လုံးဝမတူတော့ဘူး'

ဟု ပြောကာ အစ္စမေးသည် ကုလားထိုင်ပေါ်၌ တင်ထားသည့် သူ့ကုတ်အင်္ကျီကိုယူ၍ ဝတ်သည်။ ပြီးတော့ ဟာဖေးအား နှုတ်ဆက်သည်။

'ဗဟိုဆေးရုံကြီးမှာ အလုပ်တစ်နေရာ လစ်လပ်နေတယ်။ ခင်ဗျားနဲ့ သင့်တော်တဲ့အလုပ်လို့ ကျွန်တော်ထင်တယ်။ ခင်ဗျား လျှောက်ချင်တယ်ဆိုရင် လျှောက်ပါလား'

ဟာဖေးက ဖျတ်ခနဲမော့ကြည့်သည်။

'သူတို့က ကျွန်တော့်ကို လက်ခံပါ့မလား'

ဟု ပြန်မေးသည်။

'ခင်ဗျားနေရာမှာသာ ကျွန်တော်ဆိုရင် ဒါတွေကို စဉ်းစားမနေတော့ဘူး။ လျှောက်လွှာတင်လိုက်မှာပဲ။ ခင်ဗျားအတွက် အခွင့်ကောင်းလို့ ကျွန်တော်ထင်တယ်။ နေရာဌာနကအသစ်၊ ကိုယ်နဲ့အတူတူအလုပ်လုပ်ရမယ့် လူတွေကလည်း နားလည်မှုရှိတဲ့ ပညာတတ်တွေ၊ ပြီးတော့ လန်ဒန်မြို့ပေါ်မှာ ခေတ်အမီဆုံး ဓာတ်ခွဲခန်းတွေလည်းရှိတယ်။ ခင်ဗျားလုပ်ချင်တာ လုပ်နိုင်တဲ့နေရာပဲ။ ကျွန်တော်ကတော့ လျှောက်လွှာတင်စေချင်တယ်'

ဟာဗေးသည် အစ္စမေး၏ စကားကို အတန်ကြာမျှ စဉ်းစားနေသည်။ သူ့အနေဖြင့် အလုပ်တစ်ခုကို မလုပ်၍မဖြစ်။ လုပ်မှဖြစ်ပေတော့မည်။ ထိုအတွေး ဝင်လာသောအခါ မျှော်လင့်ချက်အသစ်များသည် သူ့ရင်တွင်း၌ ကိန်းအောင်းလာသည်။ အတိတ်ဖြစ်ပြီးခဲ့သမျှ အားလုံးကို သူမေ့ပစ်ရမည်။ အနာဂတ်အတွက်သာ သူစဉ်းစားမှ ဖြစ်တော့မည်။

'ကောင်းပြီလေ'

ဟု ဟာဗေးက ပြောသည်။

'ကျွန်တော် လျှောက်လွှာတင်လိုက်မယ်'

အစ္စမေးသည် အလွန်ဝမ်းသာသွားသည့် မျက်နှာထားဖြင့် ဟာဗေးအား ကြည့်သည်။

'ဒီလိုမှပေါ့ဗျာ၊ ခင်ဗျားရဲ့ လုပ်ရည်ကိုင်ရည်ကို ပြလိုက်စမ်းပါ။ ဒါမှလည်း အားလုံးသိသွားကြမှာပါ'

'ကျွန်တော့်အနေနဲ့ ကျွန်တော်တော်ကြောင်း၊ တတ်ကြောင်း အစွမ်းမပြချင်ပါဘူး။ အလုပ်တစ်ခုကို ရိုးရိုးသားသားနဲ့ ကြိုးစားပြီး လုပ်ချင်တဲ့စိတ်ပဲ ရှိပါတယ်'

အစ္စမေးသည် ဟာဗေး၏စကားကို သိပ်ပြီး အလေးအနက်ထားပုံမရ။ သူ၏ ဆွဲဆောင်မှု အောင်မြင်သွားသည့်အတွက် ဝမ်းသာအားရဖြစ်လျက်ရှိသည်။ ဟာဗေးအား နောက်တစ်ကြိမ် ထပ်၍ နှုတ်ဆက်ကာ အခန်းထဲမှ ထွက်သွားသည်။

ဟာဗေးသည် ဧည့်ခန်းအလယ်တွင်ရပ်ကာ တွေဝေငေးမောလျက်

ရှိသည်။ မီးဖိုဆီမှ ပြာလဲ့လဲ့မီးတောက်များသည် ညင်သာစွာ လှုပ်ရှားလျက် ရှိကြ၏။ အစ္စမေးပြောသွားသောအချက်သည် သူ့အတွက် ဘဝသစ်စနိုင်သည့် အခွင့်ကောင်းတစ်ရပ်ဟု သူထင်သည်။ သူ့ရင်ထဲတွင် ယုံကြည်ချက်အသစ်နှင့် မျှော်လင့်ချက်အသစ်များ ပြန်လည်တည်ရှိလာခဲ့လေပြီ။

သူသည် အခန်းထဲမှ အလုပ်စားပွဲဟောင်းဆီသို့ လျှောက်သွားသည်။ စားပွဲပေါ်ရှိ မိုက်ကရိုစကုပ်၊ အပူချိန်တိုင်းကိရိယာ၊ မှန်ချပ်များနှင့် ဖန်ပြွန်များသည် အသုံးမပြုတော့ဘဲ ပစ်ထားသည်မှာ ကြာပြီဖြစ်၍ ဖုန်အလိမ်းလိမ်းထလျက်ရှိသည်။

အိမ်ထဲတွင် တိတ်ဆိတ်လျက်ရှိသည်။ အပြင်ဘက် လမ်းပေါ်တွင်လည်း မော်တော်ကား အသွားအလာမရှိတော့။ သူသည် မေရီအား သတိရသည်။ မေရီ့မျက်နှာကို မြင်ယောင်မိ၏။ သူ့ရင်ထဲတွင် နာကျင်နေသော ဝေဒနာ ခံစားရ၏။ သို့သော်လည်း ဤဖြစ်ရပ်မှာ အတိတ်က မမျှော်လင့်ဘဲ ကြုံတွေ့ခဲ့ရသည့် ဖြစ်ရပ်တစ်ခုမျှသာ ဖြစ်သည်။ သူ၏ အနာဂတ်ဘဝထဲတွင် မေရီသည် တည်ရှိသင့်ပါသလော။

ထိုအခိုက်တွင် တိတ်ဆိတ်နေသော လမ်းပေါ်မှ ခြေသံသဲ့သဲ့ကို ကြားရ၏။ သူသည် စိတ်ဝင်တစား နားစွင့်လိုက်မိ၏။ ခြေသံသည် ပျောက်သွားလိုက်၊ ပေါ်လာလိုက်။ ရုတ်တရက် အိမ်ရှေ့တံခါးကို တွန်းလိုက်သံကြားရသည်။ လေတိုးသံထင်ပါရဲ့ဟု သူတွေးသည်။ သို့သော်လည်း လေမဟုတ်။ ပစ္စည်းတစ်ခုခု ကျန်ခဲ့လို့ အစ္စမေး ပြန်လာပြီးယူတာထင်ပါရဲ့ဟု သူ တွေးမိပြန်သည်။ သို့သော်လည်း အစ္စမေးမဟုတ်။

ထို့နောက် တိတ်ဆိတ်ငြိမ်သက်နေသည့်အိမ်ထဲ ဝင်လာသည့် ခြေသံ၊ ခန်းမထဲသို့ လူတစ်ယောက်ဝင်လာသည့် ခြေသံ။ သူ့တစ်ကိုယ်လုံး အေးစက်သွားသည်။ မျက်နှာသည် ဖြူဖပ်ဖြူရော်ဖြစ်သွားသည်။ ဤတစ်ကြိမ်တွင် ခြေသံကို မကြားရတော့။ သင်းပျံ့သော ရေမွှေးနံ့သည် လေတွင် လွင့်မျောကာ သူထံသို့ ရောက်လာသည်။ မေရီ အလွန်နှစ်သက်သော ရေမွှေးနံ့။ ။



# ချစ်သွေးသစ္စာ

မောင်ထွန်းသူ

[illegible]

GRAND CANARY

A.J.CRONIN